၁၉၆၂ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ်ဆုရ

# လမ်းပေါ်မှာ

## မင်းရှင်



ဒုတိယအကြိမ် ဖြည့်စွက် ထုတ်ဝေခြင်း

"ဒီလူတစ်ယောက်နှယ်… မြင်တတ် ရေးတတ်ပေလေတယ် ဟူ၍ ချစ်စဖွယ် အံ့ဩမိပေသည်။"

– ဇန်းမော်တင်အောင်

"စာဖတ်သူ၏ အသည်းကို ရူးသွားစေရုံသာမက… မျက်စိနှစ်လုံးထဲသို့ပါ တစ်ပါတည်း ထွင်းဖောက်တိုးဝင် ကူးစက်သွားစေနိုင်သည်။"

– ဂျာနယ်ကျော်မမလေး

"… လမ်းပေါ်မှာသည် အဆင့်ဆင့် ကျင်လည်ထားသော ရွှေစင် ရွှေမှုန်တို့ကို စုပေါင်းထားသည့် ရွှေတုံးရွှေခဲ ဖြစ်လေသည်။"

– သန်းဆွေ

"လမ်းပေါ်မှာ ဝတ္ထုများသည် ကျွန်တော် ရင်အနှင့်ရဆုံး၊ ခံစားချက်အပြင်းပြဆုံး ဖြစ်ကြောင်းကို ရိုးရိုးသားသား ဝန်ခံပါရစေ။"

– လေးမြင့်

---

မိုးသောက်ပန်းချီ၊ ဘတ်(စ်)ကား ဒရိုင်ဘာ၊ ဈို့ဆိုက်ကားဆရာ၊ ကလေးကို ကားတိုက်ခြင်း၊ ခေတ်သစ် မိဘမေတ္တာ… ဝတ္ထုတို (၅) ပုဒ် ဖြည့်စွက်ထုတ်ဝေခြင်း။

---

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မင်းရှင် (၁၉၂၇ – ၁၉၈၆)

ရန်ကုန်မြို့၌ အဖ မီးရထား ဧရိုင်ဝန် ဦးတင့်၊ အမိ ဒေါ်ချောတို့က ၆ ဧပြီ ၁၉၂၇ တွင် မွေးဖွားသည်။ မွေးချင်း လေးယောက်တွင် အကြီးဆုံး၊ ငယ်မည် ကိုကို၊ အမည်ရင်း ဦးဝင်းမောင်။ သို့ရာတွင် ကလောင်အမည် 'မင်းရှင်' ကိုပင် တရားဝင် အမည်ရင်းအဖြစ် ပြောင်းလဲခံယူခဲ့သည်။ ဒိုင်အိုစီဆင် မိန်းကလေးကျောင်း (၁၉၃၃ – ၃၆) တွင် ပထမတန်းအထိ၊ ဆရာဖြစ်သင် ကောလိပ်ကျောင်း (၁၉၃၈ – ၄၂) တွင် တတိယတန်းမှ ရှစ်တန်းအထိ ပညာသင်ခဲ့သည်။ ၁၉၄၆ တွင် ဒေါ်သာထက် အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။ ၁၉၄၆ – ၄၈ တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာ အထက်တန်းအထိ သင်ယူခဲ့သည်။

ဘီဒီအေခေတ် (၁၉၄၄) ၌ အလုံ လေယာဉ်ပစ် အမြောက်ကြီးတပ်တွင် တပ်သားအဖြစ် အမှုထမ်းသည်။ ဂျပန်တော်လှန်ရေးတွင် ဗမာမျိုးချစ်တပ်မတော် မင်းရှင်နောင်တပ်ခွဲသို့ ဝင်ရောက်ပြီး တော်လှန်ရေး ဆင်နွှဲခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် သစ်ဆန်းမဂ္ဂဇင်း အယ်ဒီတာနှင့် တာရာမဂ္ဂဇင်း တွဲဖက်အယ်ဒီတာ (၁၉၄၆ – ၄၇)၊ ရှုမဝမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် (၁၉၄၇ – ၄၈)၊ တိုးတက်ရေးသတင်းစာ တွဲဖက်အယ်ဒီတာ (၁၉၄၉ – ၅၀)၊ မြန်မာနိုင်ငံ စာရေးဆရာအဖွဲ့ အမှုဆောင်နှင့် စာပေမဂ္ဂဇင်းအယ်ဒီတာ (၁၉၅၁ – ၅၂)၊ မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ် လက်ထောက် (ဇွန် ၁၉၅၁ – ဖေဖော်ဝါရီ ၁၉၅၃)၊ မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် (၁၉၅၂)၊ ဖေဖော်ဝါရီ ၁၉၅၃ မှ ၁၉၅၈ အထိ ဗမာ့တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ဖြင့် ပြန်လည် အမှုထမ်းစဉ် မြဝတီမဂ္ဂဇင်း အမှုဆောင်အရာရှိ (၁၉၅၄ – ၅၆) တာဝန်ယူခဲ့သည်။

၁၉၅၈ တွင် တပ်မတော်မှထွက်၍ မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ် စာပြုမှူး နှင့် သောတရှင် မဂ္ဂဇင်း အမှုဆောင်အရာရှိ (၁၉၅၈ – ၆၄)၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင် (၁၉၆၃ – ၆၉)၊ ၁ ဇွန် ၁၉၆၄ တွင် နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးအကျိုးစီး၌ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၃ ဇွန် ၁၉၈၄ တွင် အငြိမ်းစားယူခဲ့သည်။

တော်လှန်ရေးကာလ 'မင်းရှင်နောင်တပ်ခွဲ' ကို ဂုဏ်ပြုသောအားဖြင့် "မင်းရှင်" ကလောင်အမည်ယူ၍ ၁၉၄၆ ခုနှစ် အလင်းရောင်မဂ္ဂဇင်းတွင် "ရွက်ဝါ" အခန်းဆက်ဝတ္ထုရှည် ရေးကာ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ **ရွက်ဝါ** (၁၉၄၆)၊ **ချစ်ဝဲလယ်** (၁၉၄၆)၊ **မွှန်ချုပ်သုံးလွှာ** (၁၉၄၇)၊ **နေဘူးကွယ် သက်လှယ်ရယ်** (၁၉၄၈)၊ **မေတ္တာရေလွှမ်း ၊ မြင်ဦး လွှတ်မှ လွှမ်းနိုင်သော၊ ကမ္ဘာ့စာသင်** (၁၉၆၁)၊ **ချစ်ခိုင်ညို၊ မိုးနဲ့မြေ၊ မိုးလုံးပတ်လည်** (၁၉၆၃)၊ **ရေးမိသည့် အချစ်ဝတ္ထု** ဝတ္ထုရှည်များနှင့် **လက်ဆောင်မွန်** (၁၉၅၅)၊ **လမ်းပေါ်မှာ** (၁၉၆၂)၊ **တစ်ခါတုန်းက တို့ရဲဘော်** (၁၉၆၃) ဝတ္ထုတိုပေါင်းချုပ်များ ဖြစ်ကြသည်။ 'လမ်းပေါ်မှာ' ဖြင့် ၁၉၆၂ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ်ဆု၊ 'တစ်ခါတုန်းက တို့ရဲဘော်' ဖြင့် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုတို့ကို ရရှိခဲ့သည်။ ထို့ပြင် မော်ကွန်းဝင် ဒုတိယ အဆင့်ကိုလည်း ရရှိခဲ့သည်။

၁၉၈၆ ခု ဩဂုတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

## ၂၀၁၀–၂၀၁၂ ထုတ်
## ရာပြည့်စာအုပ်များ

၃၂၀။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲပေါင်းချုပ်]
၃၂၁။ ဇစ်ကိုင်း ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ
၃၂၂။ ရွှေတောင်သီဟသူ၏ ရတနာ့မှာကြေးမုံ
၃၂၃။ မဟာဆွေ၏ တို့ဓမ္မ
၃၂၄။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်း
၃၂၅။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာထောက်ချက်တိ လမ်းညွှန်ဖတ်စာ [၃ တွဲ ပေါင်းချုပ်]
၃၂၆။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၇။ ဇစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းချွေး
၃၂၈။ တင်မောင်မြင့်၏ မှော်ကမ္ဘာ [DEEP SUMMER by Gwen Bristow]
၃၂၉။ ဂုဏဝင်း (မြန်မာပြန်)၏ တွမ်ဆောယားအ၏ စွန့်စားခန်းများ
၃၃၀။ တင့်တယ် ၏ ကာမဇလ
၃၃၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်း မြန်မာရာဇဝင်သစ် [ပထမတွဲ]
၃၃၂။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ
၃၃၃။ မင်းကြီး မဟာသီရိဇေယသူ၏ ပိဋကတ်တော်သမိုင်း
၃၃၄။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၅။ ဇန်းဇော်တင်အောင်၏ မိုးမတိုက်ပွဲ
၃၃၆။ ဗျာပုံ လှမိုးနွယ်၏ ကောသာရစ်ရွှေ ပန်ပါလေ
၃၃၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဉ္ဇရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ ရှေးဦးကာလ မြူတဝေသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင် (မြန်မာပြန်)၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ 'နေရီရီ
၃၄၂။ မောင်သိမ်း၏ သီ ကြား ဓေ
၃၄၃။ မောင်ဘသင်၏ မောင်တာနေ [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (– နှင့် အခြား)၏ ကဲ့ကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (ညောင်ရမ်းခေတ်)၊ တတိယတွဲ
၃၄၆။ မောင်ခင်မင် (ဓနုဖြူ)၏ မောင်ရပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ
၃၄၇။ တင်မောင်မြင့်၏ ပြစ်မှုနှင့် ပြစ်ဒဏ် [Crime and Punishment by Fyodor Dostoevsky]
၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း
၃၄၉။ ပုလိပ်အရာရှိတစ်ဦး၏ ကိုယ်တွေ့စုံထောက်မှု
[လက်ပံတောင်းရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု]
၃၅၀။ ဦးတင်ဦး (ကျူရှင်) ၏ ကမ္ဘာ့ကျေးဇူးရှင် ဈေး ဝါရှင်တန် ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ၏ ဖရန့် (စ) ကာ (ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ

## ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၅၃။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၅၄။ လင်းယုန်သစ်လွင် ၏ ဘုံကျွန်
၃၅၅။ ပြည့်စုံ ၏ ပန်းရုံ
၃၅၆။ မောင်စည်သူ ၏ ယုံတော့မရယ်
၃၅၇။ ကျော်အောင် ၏ အရေးကြီးပြီ သွေးစည်းကြစို့

ရာပြည့်စာအုပ် ၃၅၂

# လမ်းပေါ်မှာ

မင်းရှင်

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၃၇၅၉၅၂ (ဆိုင်)

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – (၁၉၆၂) မြစာပေ

ဒုတိယအကြိမ် – (၂၀၁၂) ရာပြည့်စာအုပ်တိုက်

( အောက်တိုဘာ ၂၀၁၂ )

အုပ်ရေ [၅၀၀]

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]

၂၈၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]

၆၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**မျက်နှာဖုံး ပန်းချီ**

ဦးစန်းလွင်၏ မူရင်းပန်းချီပုံ နှင့်

လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်

❑

**တန်ဖိုး**

**၂၅၀၀ ကျပ်**

၈၉၅.၈၃

မင်းရှင်

လမ်းပေါ်မှာ/ မင်းရှင်။

– ရန်ကုန်၊ ရာပြည့်စာပေ၊ (၂) ကြိမ်၊ အောက်တိုဘာ ၂၀၁၂။

၂၄၆ – စာ၊ ၁၃ x ၂၁ စင်တီ။

(၁) လမ်းပေါ်မှာ

## မာတိကာ


– ဆရာဇဝန၏ အမှာ ၉

– ဒဂုန်တာရာ၏ အမှာ ၁၃

– စာရေးဆရာများ၏ ထင်မြင်ချက်များ

[တင့်တယ်၊ ရန်ကုန်ဘဆွေ၊ ဂျာနယ်ကျော်မမလေး၊

သော်တာဆွေ၊ ဗန်းမော်တင်အောင်၊ သန်းဆွေ၊

အောင်လင်း၊ မိုးဝေ၊ မင်းအောင်၊ လေးမြင့်] ၁၆

၁။ ပီတိ ၂၁

၂။ မရှိ မိုးနိုး ၂၅

၃။ ပွန်တီယက်နှင့် ရပ်စဂူလာ ၄၀

၄။ ငှိုပွဲ ၄၅

၅။ ရောင်းခါစ ၅၅

၆။ ကံမဖန် ၆၂

၇။ မုန့်ဖိုး ၇၂

၈။ ခေတ်တိုင်အောက်ဝယ် ၇၆

၉။ မြေနီကုန်း ကားဆိပ် ၈၉

၁၀။ မတည်လေသည့် ကတိ ၉၅

၁၁။ သိမ်ကြီးဈေးအောက်မှ သစ်သီးဆိုင် ၁၁၂

၁၂။ ထို အကြည့် ၁၁၇

၁၃။ ထိန်းချုပ်ရခက်သည့် စိတ် ၁၂၆

၁၄။ အသက်တစ်ချောင်း ၁၃၈
၁၅။ ရှာရပတ်ရည် တစ်ပုံးနှင့် မြူရဲ ၁၄၉
၁၆။ ဈေးတန်းကလေး ၁၅၇
၁၇။ အလုပ်ဂုဏ် ၁၆၇
၁၈။ ကျေးဇူးတင်ပါသည် ၁၈၂

**နောက်ဆက်တွဲ**

၁၉။ မိုးသောက်ပန်းချီ ၁၈၉
၂၀။ ဘတ်(စ်)ကား ဒရိုင်ဘာ ၁၉၅
၂၁။ ဗျို့ ဆိုက်ကားဆရာ ၂၂၁
၂၂။ ကလေးကို ကားတိုက်ခြင်း ၂၃၀
၂၃။ ခေတ်သစ် မိဘမေတ္တာ ၂၃၇

## ဆရာဝေနှ၏ အမှာ

"မင်းရှင်" သည် သူ၏ စာပေရေးရာ ကြိုးပမ်း အားထုတ်မှုများကို အခွင့်အခါ သင့်တိုင်း ကျွန်တော့်အား ပြောပြတတ်သည်။ တိုင်ပင် နှီးနှောလေ့ရှိသည်။ ယခု သူ၏ "လမ်းပေါ်မှာ" စာအုပ်ကို ထုတ်ဝေမည်ပြုသည့်အခါ နိဒါန်း ရေးပေးရန် ကျွန်တော့်အား ပြောလာလေသည်။

နိဒါန်း ဆိုသည်မှာ စာဖတ်ပရိသတ်တို့ အသိနည်းသေးသော စာရေး ဆရာတစ်ဦးကို စာဖတ်ပရိသတ်တို့ အသိများသော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် က စာရှုသူတို့နှင့် မိတ်ဆက်ပေးသည့် သဘောတစ်ရပ်လည်း ပါလေသည်။ ဤနေရာတွင်မူ မင်းရှင်ကို စာရှုသူတို့နှင့် ကျွန်တော်က မိတ်ဆက်ပေးရမည့် အစား မင်းရှင်ကပင် ကျွန်တော့်ကို စာရှုသူတို့နှင့် မိတ်ဆက်ပေးဖို့ရန် လို ကောင်း လိုနေလိမ့်မည်ဟု ထင်မိသည်။ အကြောင်းကို ဆိုရသော် မင်းရှင်သည် ဝတ္ထုများကို အဆက်မပြတ် ရေးသားနေ၍ စာဖတ်ပရိသတ်တို့က အသိများသူ တစ်ဦး ဖြစ်နေပြီး၊ ကျွန်တော့်မှာမူ ဝတ္ထု မရေးဘဲ နေခဲ့သည်မှာ နှစ်ကာလ အတန်ကြာခဲ့ပြီ ဖြစ်၍ ဝတ္ထု ပရိသတ်နှင့် အဆက်ပြတ်နေသူတစ်ယောက် ဖြစ်နေပေသည်။ သို့ဖြစ်၍ စာရှုသူတို့အား မင်းရှင်နှင့် မိတ်ဆက်ပေးဖို့ရန် မလိုတော့ပါ။

မင်းရှင်၏ အာသာ ဆန္ဒမှာလည်း သူ၏ လက်ရာသစ် ဖြစ်သော စာပေ ကြိုးပမ်းမှုပေါ်တွင် ကျွန်တော်၏ ဝေဖန် သုံးသပ်ချက်ကိုသာ ပို၍ လိုလား တောင့်တခြင်း ရှိပေလိမ့်မည်။

ယခင် ရေးသား ထုတ်ဝေခဲ့ပြီးသော စာအုပ်များတွင် နိဒါန်းထည့်ရန် မင်းရှင်သည် ဆန္ဒပြင်းပြစွာ မရှိခဲ့ဘဲ ယခု စာအုပ်တွင်မှ ကျွန်တော် တစ်ဦးတည်းသာမက သူနှင့် ရေးဖော်ရေးဖက် စာရေးဆရာများ၏ မှာတမ်းများကိုပါ တောင်းခံ ဖော်ပြခြင်းကို ထောက်သော် မင်းရှင်သည် သူ ရေးခဲ့ပြီးသမျှ စာများအနက် ဤစာအုပ်အပေါ်တွင် အကြိုက်အတွေ့ဆုံး ဖြစ်ကြောင်း ထင်ရှားပေသည်။

ပန်းချီဆရာသည် လည်းကောင်း၊ ပန်းပုဆရာသည် လည်းကောင်း သူတို့၏ လက်ရာများအနက် ဘယ်ဟာ ကောင်းသည်၊ ဘယ်ဟာ ညံ့သည်၊ ဘယ်ဟာ အကောင်းဆုံးဖြစ်သည်ကို သိကြသည်။ သို့ရာတွင် သူတို့စိတ်ထဲ၌ ကောင်းတိုင်း ဘေးလူ၏ အကြိုက်နှင့် တွေ့ချင်မှ တွေ့တတ်သည်။ မင်းရှင်၏ "လမ်းပေါ်မှာ" သည် သူ၏ စိတ်တိုင်းကျ လက်ရာများ ဖြစ်သကဲ့သို့ စာရှုသူတို့၏ ကြိုက်နှစ်သက်သည့် လက်ရာကောင်းများ ဖြစ်မည်မှာ မလွဲဟု ကျွန်တော် ဆိုရဲပေသည်။

မင်းရှင်သည် "လမ်းပေါ်မှာ" လျှောက်နေသူတစ်ဦး ဖြစ်သည်။ ထို့အတူ များစွာသော စာရေးဆရာတို့သည်လည်း "လမ်းပေါ်မှာ" လျှောက်နေကြသူများ ဖြစ်ကြသည်။ သို့ရာတွင် မင်းရှင် လျှောက်သွားနေသော လမ်းသည် အခြား စာရေးဆရာ အများအပြား လျှောက်လေ့ သွားလေ့ရှိသောလမ်းမျိုး မဟုတ်ပေ။ တစ်ခါတစ်ရံ မင်းရှင် လျှောက်သွားနေသော လမ်းသည် အခြား စာရေးဆရာများ လျှောက်သွားနေသော လမ်းနှင့် တစ်လမ်းတည်းပင် ဖြစ်နေတတ်သော်လည်း လမ်းဘေးဝဲယာကို ကြည့်ရှု သုံးသပ်ရာတွင် အမြင်ချင်း မတူပေ။ မင်းရှင်သည် ကားပေါ်က လူထက် ခြေကျင်လျှောက်နေသူကို ပို၍ ဂရုစိုက်သည်။ တိုက်ကြီးတာကြီးများထက် တဲပုတ်ကလေးများကို ပို၍ အာရုံပြုသည်။ တစ်နည်းဆိုရသော် မင်းရှင်သည် အဆောင်အယောင်၊ ပကာသနတွေကို ဖယ်၍ လူကို လူသားပကတိအတိုင်း မြင်အောင် ကြည့်သည်။ လူသားတို့၏ စိတ်နှလုံးကို ထိုးဖောက်၍ မြင်အောင် စူးစိုက် ကြိုးပမ်းသည်။ ယင်းသို့ ကြည့်ရှုပြီး မိမိ စိတ်ထဲ၌ ခံစားရသော ရသကို ဖော်ကျူးလေသည်။

"လမ်းပေါ်မှာ" ၌ ပါသော ဝတ္ထုများသည် သန့်စင် ကြည်လင်သော မေတ္တာစေတနာတို့ဖြင့် မွမ်းထုံအပ်၍ သိင်္ဂါရ ရသ၊ ကရုဏာ ရသတို့ဖြင့် အတိပြီးသည့် "မေတ္တာသုတ်" များဟု ဆိုလျှင် မှားအံ့မထင်ပေ။

သရုပ်ဖော်စာပေ ဟူသော စကားကို အမျိုးမျိုး ပြောဆို ငြင်းခုံနေကြသည့် ယခုခေတ်တွင် သရုပ်ဖော် စာပေ၏ လက္ခဏာတစ်ရပ်ကို "လမ်းပေါ်မှာ" တွင် မင်းရှင်က တင်ပြထားပေသည်။ ထို့အတူပင် "ဝတ္ထုတို" ဟူသည်မှာ အဘယ်နည်း ဟူသော ပုစ္ဆာကို "လမ်းပေါ်မှာ" ဝတ္ထုများဖြင့် အဖြေပေးလိုက်လေသည်။

ဝတ္ထုတို ဟူသည်မှာ စ–လယ်–ဆုံး အင်္ဂါသုံးရပ်နှင့် ပြည့်စုံရမည်။ ချစ်–ကြိုက်–ကွဲ–ညားခြင်းတို့ဖြင့် ခြယ်လှယ် ဖန်တီးအပ်သော ဝတ္ထုခေတ်လမ်းမျိုးကို ချုံ့သောအားဖြင့် လည်းကောင်း၊ တစ်ခန်း တစ်ကဏ္ဍကို ကွက်၍ မီးမောင်းထိုးကာ ဖော်ပြသကဲ့သို့ လည်းကောင်း ရေးသားအပ်သည် ဟူသော အယူအဆမျိုးကို ယခုခေတ်တွင် စွန့်ပယ်လိုက်ကြပြီ ဖြစ်သော်လည်း ချစ်မှု ကြိုက်မှုတည်း ဟူသော သမုဒယ နယ်ထဲမှာပင် တဝဲလဲလယ်လယ် ရှိနေကြသေးသည်။

မင်းရှင်သည် "လမ်းပေါ်မှာ" ဝတ္ထုများဖြင့် ဝတ္ထုတိုခေတ်ကို လုံးဝ တော်လှန်လိုက်သည်။ တစ်ခေတ်ဆန်းပြန်ခဲ့ပြီ ဖြစ်သော စာပေလောကသစ်တွင် အဖွဲ့အနွဲ့ထက် အတွေးအခေါ် ဆန်းသစ်ခြင်းကို အလေးအနက်ပြုလာကြရာ မိုးရွာထဲ လမ်းလျှောက်သွားခြင်းသည်ပင် ကဗျာကောင်း တစ်ပုဒ်၊ ဝတ္ထုကောင်းတစ်ပုဒ်ဟု ဆိုရအောင် အရေးအသား ပြောင်းလဲလာသည်နှင့်အညီ၊ မင်းရှင်ကလည်း မုန့်ဟင်းခါးသည် တစ်ဦး မုန့်ပြင်ရာတွင် တစ်နေ့ လက်ရာတစ်မျိုး ဖြစ်လာခြင်းကို ဝတ္ထုဖြစ်အောင် တင်ပြထားလေသည်။ ဤနေရာတွင် မုန့်ဟင်းခါးသည်က အကယ်ပင် လက်ရာ တစ်နေ့တစ်မျိုး ပြင်သလော၊ စားသော မိန်းမပျို၏ စိတ်ထဲက ထင်နေခြင်းပေလောဟု စာဖတ်သူ၏ စိတ်၌ ဖြစ်ပွားလာကာ အလုပ်လုပ်သူသည် သူ့လုပ်ငန်းသူ လုပ်မြဲ လုပ်နေသည်ကို လက်အား ပါးစပ်အားနေသူတို့က ကိုယ်ထင်ရာ မြင်ရာ ဝေဖန်တတ်ကြပါကလား ဟူသော သုံးသပ်ချက်ကို ဖြစ်ပွားစေလေသည်။

"ပီတိ" ဟူသော ဝတ္ထုထဲတွင် မိုးစို၍နေသော အဘွားအိုကြီးကို ထီးမိုးပေးလိုက်ရခြင်းကြောင့် ကြည်နူးမှု ရရှိသကဲ့သို့ "ကျေးဇူးတင်ပါသည်" တွင် ထင်းလှည်း တွန်းနေသော လင်မယားကို ကူညီပေးခဲ့ရာ၌ ကျေးဇူးတင်သော စကားကိုမျှ မဆိုဘဲ ထွက်သွားရကောင်းလေဟု ဒေါမနဿဖြစ်မိပုံကို နှိုင်းယှဉ်ထားလေသည်။

အချုပ်ကို ဆိုရသော် မင်းရှင်သည် စိန်ကွက်များကဲ့သို့ လူ့ဘဝ၏ အကွက်ကလေးများကို ဖော်ပြနေခြင်း ဖြစ်၍၊ ထိုသို့ ဖော်ရာတွင် အကွက်ဆန်းခြင်းထက် စိန်သား၏ "မီး" ကို ပို၍ ပွင့်အောင် သွေးပေးလေသည်။ "လမ်းပေါ်မှာ" ထဲမှ ဝတ္ထုတိုအားလုံးသည် လူတန်းစားအသီးသီး၏ စိတ်သဘာဝကို ထင်ဟပ်ထားသည်ဖြစ်ရာ ပို၍ ပေါ်လွင်အောင် "ကျွန်တော်" ဟူသော အမှုယောဂအားဖြင့် ရေးထားလေသည်။

မင်းရှင်၏ သရုပ်ဖော်မှုသည် တရားဟောချက်များနှင့် ကင်းကာ စာဖတ်သူတို့ အလိုအလျောက် တွေးခေါ်မှုကို လှုံ့ဆော်ပေးထားခြင်းမှာ နှစ်မြို့က်ဖွယ်ရာ ရှိလှပေသည်။

မင်းရှင်၏ "လမ်းပေါ်မှာ" နှင့် ပတ်သက်၍ ကျွန်တော့်အဖို့ ဤမျှလောက်ပဲ ရေးရန်သင့်သည်ဟု ယူဆမိပါသည်။ သည့်ထက်ပိုလျှင် စာရှုသူတို့၏ အတွေးအခေါ်ကို လမ်းကြောင်းပေးရာ ရောက်နေမည်ကို စိုးရိမ်မိသည်။ သို့ဖြစ်၍ စာရှုသူတို့ကို "လမ်းပေါ်" သို့ ပို့ရုံမျှသာ ကျွန်တော် ပို့ပေးလိုက်ပါရစေ။ "လမ်းပေါ်မှာ" ဆက်၍ လျှောက်သွားဖို့ရန်ကိုမူ မင်းရှင်က လက်မလွှတ်စေဘဲ ဆွဲခေါ်သွားပါလိမ့်မည်။

ဓဝန

၁၉-၉-၆၂

## ဒဂုန်တာရာ၏ အမှာ

### (၁)

စစ်ပြီးခေတ်၌ လှုပ်ရှားလာသော အမျိုးသား လွတ်လပ်ရေး တိုက်ပွဲသည် နိုင်ငံရေးကဏ္ဍ၌သာ မဟုတ်၊ စာပေရေးရာဘက်၌လည်း နိုးကြားမှု၊ တီထွင်ဆန်းသစ်မှု၊ စိတ်အား တက်ကြွမှု၊ တိုင်းပြည်ချစ်စိတ်နှင့် ဆိုရှယ်လစ် သရုပ်ဖော် စာပေဘက် ဦးတည်မှု စသော အခြင်းအရာတို့ကို ဖော်ပြပေသည်။

နိုင်ငံရေးအားဖြင့် ကြည့်လျှင် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကို ကိုလိုနီ ဘဝမှ ရုန်းကန် တွန်းလှန်သော အမျိုးသား လှုပ်ရှားမှုအဖြစ် မြင်ကြရပေမည်။

ဒုတိယကမ္ဘာစစ် ဖြစ်စကာလက ကျွန်တော်တို့သည် အင်္ဂလိပ် ကိုလိုနီစနစ်ကို ပြင်းထန်စွာ ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည်။ ထိုနောက် ဂျပန်ဖက်ဆစ်များ ဝင်လာကာ ယင်းဂျပန်ဖက်ဆစ် ဆန့်ကျင်ရေး ခုခံ လှုပ်ရှားမှု ပေါ်လာသည်။ စစ်ပြီးသော် ကျွန်တော်တို့၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးအတွက် ဆက်လက်၍ လူထု လှုပ်ရှားမှုအားဖြင့် တိုက်ပွဲဝင်ကြရသည်။

ယင်းကာလ ၁၉၄၆ က ကျွန်တော်တို့သည် အမျိုးသား ပြန်လည်ဆန်းသစ်ရေး၊ စာပေသစ် စသော အနုပညာ ရည်ရွယ်ချက်ဖြင့် "တာရာ" မဂ္ဂဇင်းကို ထုတ်ဝေခဲ့ကြသည်။ ထိုအခါ နိုးကြားတက်ကြွသော စာပေမျှော်သူ လူငယ်များသည် တာရာမဂ္ဂဇင်း၌ လာရောက် စုဝေးကြသည်။ သူတို့သည် အင်အားသစ်များ ဖြစ်ကြသည်။ သူတို့၌ နိုးကြားသော၊ တီထွင်ဆန်းသစ်လို

သော၊ စိတ်အား တက်ကြွသော၊ တိုင်းပြည်ချစ်သော၊ ဆိုရှယ်လစ် သရုပ်ဖော် စာပေဘက်သို့ ဦးတည်သော စိတ်ဓာတ်များ ကိန်းအောင်းနေကြသည်။

ယင်း လူငယ်များသည် စမ်းသပ်၍ သူတို့၏ အတွေးအခေါ် စိတ်ကူး စိတ်သန်းများကို ရေးသား ဖွဲ့နွဲ့ကြသည်။ ကျွန်တော်တို့သည် ယင်း အင်အား သစ်များကို တတ်နိုင်သရွေ့ အားပေးခဲ့ပေသည်။

ယင်း စာပေလှုပ်ရှားမှုသည်ကား အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲ၏ ယဉ်ကျေးမှု မျက်နှာတစ်ဖက်ဟု ကျွန်တော်တို့က ခံစားမိပေသည်။

(၂)

ယင်းသို့ တာရာမဂ္ဂဇင်း၌ လာရောက် စုဝေးကြသော လူငယ်များအနက် မင်းရှင်လည်း ပါသည်။

မင်းရှင်မှာ ဖက်ဆစ်တော်လှန်ရေး၌ သေနတ် စွဲကိုင်ကာ တိုက်ခဲ့ပြီး နောက် စစ်ပွဲပြီးသော် တက္ကသိုလ် စာသင်ခန်း၌ ပညာရှာမှီးသည်။ ရှာမှီးရင်း တက္ကသိုလ်ရိပ်သာ စိန်ပန်းပင်ရိပ်အောက်မှ ထွက်ကာ စာပေလောကသို့ ဝင်လာသည်။ သူသည် တာရာမဂ္ဂဇင်း၏ တွဲဖက် အယ်ဒီတာအဖြစ် ကျွန်တော့် အား ကူညီခဲ့သည်။

ထိုအခါက "လမ်းပေါ်မှာ" အတွေးအခေါ်ပါသော ရသ စာပေများကို ရေးသားခဲ့ပေသည်။ "လမ်းပေါ်မှာ" သည် ၁၉၄၇–၄၈ လောက်က စတင်သည် ဟု ဆိုနိုင်ပေသည်။

ယခု "လမ်းပေါ်မှာ" ဝတ္ထု၌ ပါသော မြေနီကုန်း ကားဆိပ်၊ မုန့်ဖိုး စသော ဝတ္ထုများသည် တာရာမဂ္ဂဇင်း ၁၉၄၇–၄၈ ထုတ်များ၌ စတင်ပါခဲ့ ကြပေသည်။ ထို မြေနီကုန်း ကားဆိပ်ကို ထိုအခါက ကျွန်တော်တို့သည် "ဘဝကားတစ်ချပ်" ဟု အမည်ပေးခဲ့သည်။ ယခု မင်းရှင်က "လမ်းပေါ်မှာ" ဟု ခေါ်ထားပေသည်။

"မြေနီကုန်း ကားဆိပ်" မှာ မြေနီကုန်းကားဆိပ်၌ တွေ့ရသော မြေပဲ လှော် ရောင်းသူ ကလေးငယ် (ဝါ) ဆင်းရဲသား အညတရကလေး၏ ဘဝကို တစ်ကြောင်းဆွဲ ပန်းချီဟန်ဖြင့် ခြစ်ပြထားသော ဘဝကားချပ် စာတစ်ပုဒ် ဖြစ်ပေသည်။ ကျောင်းမနေနိုင်ရှာသော ဆင်းရဲသား သားသမီးတို့၏ အဖြစ် ဆို တင်ပြထားခြင်း ဖြစ်သည်။

၁၉၄၆ လောက်ကစ၍ ယင်း "လမ်းပေါ်မှာ" အတွေးအခေါ်ဖြင့် သူသည် ကာတွန်းရုပ်စုံ၊ ပဒေသာမဂ္ဂဇင်း၊ ခေတ်ဆန်းမဂ္ဂဇင်း၊ သစ်ဆန်း မဂ္ဂဇင်းများ၌ ရေးသားလျက် ရှိသည်။

ယင်းသို့လျှင် မင်းရှင်သည် လမ်းပေါ်၌ တွေ့ရ မြင်ရသော လက်လုပ် လက်စား ဆင်းရဲသား အညတရကလေးတို့၏ ဘဝ အကွက်အကွင်းကလေး များကို သရုပ်ဖော်သော စာပေများ ရေးသားလေသည်။

မင်းရှင်သည် လမ်းပေါ်မှ အညတရ ဆင်းရဲသားများ၏ ဘဝတိုက်ပွဲ ကို စိတ်ဝင်စားသည်။ တွေ့တတ် မြင်တတ်သည်။ ယင်း သူတွေ့မြင်ချက်ကို နှစ်သက်ဖွယ်ကောင်းအောင် ဖွဲ့နွဲ့တတ်သည်။ ဤကား သူ၏ ထူးခြားချက် ဖြစ်သည်။

မင်းရှင်သည် လူလတ်တန်းစားမှ ပေါက်ဖွားသူ ဖြစ်သည်။ သို့သော် သူသည် သူ၏ ပိုးခန်းဆီးကို ကျော်၍ လမ်းပေါ်မှ မုန့်ဟင်းခါးသည်၊ ဈေးတန်း၊ ကားဆိပ်၊ ထင်းသမား၊ ဗျပ်ထိုးခေါင်းရွက်သည် စသည်တို့ကို ရှုမြင်သည်။ ယင်း ရှုမြင်ကွင်းတို့၌ ခံစားသည်။ ခံစားချက်ကို ဖွဲ့နွဲ့သီကုံးသည်။

မင်းရှင်၏ နှလုံးသားသည် ကရုဏာဖြင့် မွှမ်းသည်ဟု ထင်သည်။ မင်းရှင်၏ "လမ်းပေါ်မှာ" ကလေးများသည် လူသားတို့၏ မေတ္တာစောင်းကြိုး ကို တီးခတ်၍ ထွက်လာသော တေးသံ ဖြစ်သည်။

(၃)

ကျွန်တော်ကား အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ ခေတ်ဦးက စိုက်ပျိုးခဲ့ သော စာပေပန်းပင်များ ယနေ့ခေတ်၌ လန်းရွှင် မွေးထုံ၊ ဖူးငုံပွင့်ကိုက်နေသည် ကို တွေ့ရသဖြင့် ကြည်နူး ဆွတ်မောမိပေသည်။

ဒဂုန်တာရာ

၁၇-၉-၆၂

## စာရေးဆရာများ၏ ထင်မြင်ချက်များ

ကျွန်တော်၏ ရောင်းရင်း သွေးသောက်တစ်ဦး ဖြစ်သော စာရေးဆရာ မင်းရှင်သည် လူ့လောကဘုံမမွှတာနှင့် ပတ်သက်၍ လောကတစ်ခွင်လုံး၌ သူ မြင်နိုင်သမျှသော သူ၏ အတွေ့အကြုံများနှင့် ပတ်သက်သော ပန်းချီကားများကို စာပေအနေနှင့် ရေးမှုန် ခြယ်သတတ်ပေသည်။ သူ၏ အရေးအသားများသည် မြန်မာလူမျိုးတို့ တွေ့ကြုံ ခံစားနေရသော ပဿနာများအပေါ်၌သာ မူတည်၍ ထားခြင်း မဟုတ်ဘဲ ကမ္ဘာတစ်ခွင် ပြုပြီစင် ပုထုဇဉ် ဟူသမျှတို့ တွေ့ကြုံ၍ နေကြရသော လောကဓံတရားကို မျက်နှာဖုံး လှစ်ပြလိုက်သော အဖြစ်အပျက်ကလေးများသာ ဖြစ်ပေသည်။

အခြား အခြားသော သူများအဖို့၌ ဤ "လမ်းပေါ်မှာ" ဝတ္ထုများသည် အပျင်းပြေ ဖတ်ရှုရန် ဝတ္ထုများ ဖြစ်သည်ဟု ထင်မြင်ကောင်း ထင်မြင်ကြမည် ဖြစ်သော်လည်း ကျွန်တော်၏ အမြင်တွင်မူ မင်းရှင်သည် အချိန်နှင့်အမျှ ရင့်ကျက်၍ "လောကအကြောင်း သိကောင်းသိရာ" ဆိုသော ရတနာ ကျောက်မျက်ရွဲ တစ်လုံးကို ဖော်ထုတ်၍ ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုချင်ပေသည်။

မင်းရှင်၏ "လမ်းပေါ်မှာ" ဝတ္ထုများသည် မြန်မာနိုင်ငံတွင်သာ ဖတ်ရှုရမည့် "ဘဝကြေးမုံ" များ မဟုတ်ဘဲ ကမ္ဘာ့အရပ်ရပ်တွင်ပင် လက်ခံ ဖတ်ရှု

နိုင်သော "ရုပ်ပြ သရုပ်ဖော်စာစု" များနှင့် တူလှပေသည်။ မင်းရှင်သည် "ဘဝ အစစ်အမှန်" ကို ရှုမြင်တတ်သော လူသားထဲမှ စာရေး တင်ပြတတ်သော လူသားတစ်ဦးပင် ဖြစ်သည်ဟု ဆိုချင်ပါ၏။

ကျွန်တော် မင်းရှင်ကို ကောင်းကောင်းကြီး "သိ" ပါသည်။

တင့်တယ်

---

လူနှင့် သို့မဟုတ် လူ့အဖြစ်နှင့် အတူဆုံးသော စာပေတစ်ခု ဖြစ်သောကြောင့် ဘဝကို မျက်ဝါးထင်ထင် ရှုမြင်ရနေဘိသို့ ဖြစ်သော စာများ ဖြစ်၏။

ရန်ကုန်ဘဆွေ

---

မင်းရှင်၏ "လမ်းပေါ်မှာ" ဝတ္ထုများသည် လူ့သဘာဝ၊ လူတန်းစားအမျိုးမျိုး၊ လူအသီးသီး စိတ်ဓာတ်တို့ကို ဖော်ထုတ် ရေးခြယ်ပြရာတွင် စာဖတ်သူ၏ အသည်းကို စူးသွားစေရုံသာမက မင်းရှင်၏ မေတ္တာမျက်စိ၊ မင်းရှင်၏ မေတ္တာ အသည်းနှလုံး၊ မင်းရှင်၏ မေတ္တာစိတ်ဓာတ်တို့သည် စာဖတ်သူ၏ မျက်လုံး နှစ်လုံးထဲသို့ပါ တစ်ပါတည်း ထွင်းဖောက် တိုးဝင် ကူးစက်သွားစေနိုင်သည်။

ဂျာနယ်ကျော်မမလေး

---

"ဘဝလေ့လာရေးတွင် စာအုပ်စင်သည် သင်နှင့် လောကအကြားမှာ တံတိုင်းကြီး မဖြစ်ပါစေနှင့်။"

လောကခရီးတွင် ရေစီးစုန်ဆန် ကူးကလန် မခတ်ရဘဲ ရှိအပ်သော ဘဝ ရိပ်မြုံတွင် အေးချမ်းစွာ မိုလှုံလျက် စာအုပ်ဗီရိုကို လက်ကိုင်ပြု၍ စာတွေ့ ဘဝတွေ တင်ပြလေ့ရှိသော စာရေးဆရာများအကြောင်း စဉ်းစားမိသည်၌ ကျွန်တော်သည် အထက်ပါ ဆောင်ပုဒ်ကို ရေးသားမိလေသည်။

မင်းရှင်သည် အဆိုပါ စာရေးဆရာမျိုးအဖြစ်မှ ဖဲကြဉ်ကာ ကိုယ်တွေ့ ဘဝကို လေ့လာ ရေးသားသော စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာသည်။

သူ၏ ယခု "လမ်းပေါ်မှာ" သည် လက်ရှိ လောကလမ်းပေါ်မှ လူ

, များ၏ ဘဝမှန်ကို တင်ပြသည်ဖြစ်၍ စာပေလောကတွင် ရပ်တည်နေလိမ့်မည်ဟု မျှော်လင့်သည်။

သော်တာဆွေ

---

ကျယ်ဝန်းသော ဝင်းခြံ၊ ကြီးမားသော တိုက်တာ၊ ငြိမ့်ပြောင်းလှသော မှန်ကားကြီးများဖြင့် စံမြန်း လှုပ်ရှားနေကြသော လူတန်းစား တစ်ရပ်ကသာ လွှမ်းမိုးကြီးစိုးနေသော လူ့သမဂ္ဂနှင့် ခေတ်သမယတွင် စာရေးဆရာမင်းရှင်သည် မေ့လျော့ခြင်းခံနေကြရသော လမ်းဘေး လူတန်းစားများ၏ ဘဝနှင့် အကြောင်းအရာများကို ၎င်း၏ ရေးစရာ အကြောင်းအရာအနေနှင့် ရွေးချယ် ရေးသားခြင်း ပြုနိုင်စွမ်းသဖြင့် "ဒီလူတစ်ယောက်နှယ် မြင်တတ် ရေးတတ်ပလေတယ်" ဟူ၍ ချစ်ခင် အံ့ဩမိပေသည်။

ချစ်ခင်မိခြင်းမှာ လူများစုကြီး၏ မေ့လျော့ခြင်းကို ခံနေကြရသော လူသတ္တဝါများ၏ အကြောင်းကို လေးလေးစားစား ရွေးချယ် ရေးသားနိုင်သောကြောင့်ပင် ဖြစ်လေသည်။ အံ့ဩမိခြင်းမှာတော့ အခြားကြောင့် မဟုတ်။ အထက်တန်း အရာရှိကြီး တစ်ဦး၏သား၊ တက္ကသိုလ်ကျောင်းကြီးထွက်နှင့် ဗိုလ်ကြီးဟောင်းတစ်ဦးဖြစ်သော စာရေးဆရာ မင်းရှင်သည် ထိုလမ်းဘေး သတ္တဝါများ၏ အကြောင်းကို စာနာသော စိတ်ထား၊ ဖြူစင်သော စေတနာများဖြင့် ရေးသား ဖော်ပြနိုင်စွမ်းသောကြောင့်ပင် ဖြစ်ပါသတည်း။

ဗန်းမော်တင်အောင်

---

ရွှေကောင်း ရွှေသန့်သည် မြေထဲ၌ ရှိသည်ဟုန်၏။ သို့သော် မြေသား အမှိုက်သရိုက်များကို အကြိမ်ကြိမ်အဖန်ဖန် ကျင်ထုတ်၍ ကြေညော်ကင်းစင်အောင် အထပ်ထပ်အခါခါ လှော်ယူတတ်မှ ရွှေကောင်းရွှေသန့်ကို ရနိုင်ပေသည်။

မင်းရှင်သည် အများသူတကာ နေ့စဉ် တွေ့ကြုံ ခံစားနေရသော အခြင်းအရာများထဲမှ လူသားတို့၏ အတွင်းသဏ္ဍာန်၌ ကိန်းအောင်းလျက်ရှိသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာနနှင့် မေတ္တာ စသည်တို့ကို မြင်တတ်သော အမြင်၊ ခံယူတတ်သော ခံစားမှု၊ ရေးတတ်သော အတတ်တို့ဖြင့် စာတစ်ပုဒ်ဖြစ်အောင် ဖော်ထုတ် ရေးသားတတ်လေသည်။

"လမ်းပေါ်မှာ" သည် မြေမှ ထုတ်၍ အဆင့်ဆင့် ကျင်ယူထားသော ရွှေစင် ရွှေမှုန့်တို့ကို စုပေါင်းထားသည့် ရွှေတုံး ရွှေခဲပင် ဖြစ်လေသည်။

**သန်းဆွေ**

---

လောကဓံ မြေကြီးပေါ်သို့ ခြေမချဘဲ ဘဝင်သွေးကြွနေသော လူများ ရှိကြသည်။ သူတို့သည် အဆောင်အယောင်၊ ဂုဏ်ပကာသန ဖွက်ညွှန်ထဲတွင် နစ်မွန်းနေသူများ ဖြစ်သည်။ သို့သော် သူတို့သည် မေတ္တာတရား၊ သစ္စာတရား၊ ကရုဏာတရား ခေါင်းပါးသူများ ဖြစ်သည်။ သူတို့သည် ဟန်ဆောင်လောကမှ စေတနာဖြူစင်မှု ကင်းမဲ့စွာ မွေးဖွားလာသူများ ဖြစ်ကြသည်။

လမ်းပေါ်မှ လူများကား မြေပေါ် ခြေချ၍ ဘဝလမ်းမကြီးပေါ်က ရိုးသားစွာ လျှောက်နေကြသူများ ဖြစ်ကြသည်။ သူတို့၌ မေတ္တာ၊ စေတနာ၊ ကရုဏာ အပြည့်အဝ ရှိကြသည်။ မဟုတ်လျှင် မခံတတ်သော သတ္တိလည်း ရှိကြသည်။ ထို့ကြောင့် သူတို့သည် ချစ်စရာကောင်းသူများ၊ လေးစားစရာကောင်းသူများ ဖြစ်ကြသည်။

သူတို့အကြောင်းသည် သိကောင်းစရာများနှင့် ပြည့်ဝနေသည်။ သင်သည် သူတို့အကြောင်းကို တကယ် သိလိုလျှင် မင်းရှင်၏ "လမ်းပေါ်မှာ" ကို ဖတ်ကြည့်သင့်ပေသည်။

**အောင်လင်း**

---

လူတကာ လျှောက်သွားနေကြသော လမ်းများပေါ်တွင် ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်သူတွေအတွက် စိတ်ဝင်စားဖွယ်ရာ၊ ရင်နာဖွယ်ရာ၊ အားကျဖွယ်ရာ၊ ခံပြင်းဖွယ်ရာ စိတ်လှုပ်ရှားမှု အမျိုးမျိုးကို ပေးစွမ်းနိုင်သော ဇာတ်လမ်းအဖြစ်အပျက်များ ရှိနေသည်။

ထိုသို့ မြင်တတ်၊ ခံစားတတ်သူတစ်ယောက်မှာ မင်းရှင်ပင် ဖြစ်သည်။ သူသည် လမ်းများပေါ်တွင် မြင်တွေ့ သတိပြုမိပြီး ရင်ထဲက အသိဖြင့် ခံစားရချက်များကို ဝတ္ထုအဖြစ် တင်ပြရာ၌ အထူးကျွမ်းကျင်သူတစ်ဦး ဖြစ်ပေ၏။

**မိုးဝေ**

---

အနုပညာဆိုသည်မှာ ခံစားချက်နှင့် အသိနှစ်ခု ပေါင်းစပ်ချက် ဖြစ်သည်ဟု ဆိုချင်သည်။

မင်းရှင်သည် သာမန်လူများ အမှုမဲ့ အမှတ်မဲ့ သဘောထားတတ်သော လမ်းပေါ်မှ အဖြစ်အပျက် အတွေ့အကြုံများကို ပထမ ခံစား၏။ နောက် သူ့အသိက ဆုံးဖြတ်၏။ ထို ခံစားချက်နှင့်အညီ ဆုံးဖြတ်ချက်တို့သည်ပင် မင်းရှင်၏ "လမ်းပေါ်မှာ" ဝတ္ထုများ ဖြစ်လာရပေသည်။

မင်းအောင်

---

ဝမ်းနည်းစရာရှိသောအခါ အများတကာထက် ပို၍ ဝမ်းနည်းတတ်၏။ ဒေါသ အမျက်ထွက်ရန်နှင့် ကြုံသော အခါများတွင်လည်း ချုပ်တည်းသည်းခံနိုင်စွမ်း မရှိဘဲ 'ဝုန်း–ဒိုင်း' နှင့် ပေါက်ကွဲတတ်၏။ ဤကား ကျွန်တော်၏ အားနည်း ချက် ဖြစ်ချင်လည်း ဖြစ်မည်။ ရုပ်ရှင်၊ ပြဇာတ်၊ ဇာတ်သဘင် ကြည့်သောအခါ မှာပင် "တကယ် မဟုတ်၊ သရုပ်ဆောင်ခြင်းပါကလား" ဟူ၍ သိပါလျက် ဝမ်းနည်း ကြေကွဲခန်းမျိုးတွင် ဟန်မဆောင်နိုင်ဘဲ မျက်ရည်ကျတတ်သော အကျင့်မှာ ကျွန်တော့် တစ်သက်တွင် ဖျောက်ဖျက်၍ မရနိုင်ခဲ့ပေ။ သို့သော် ဤသည်ကား ခံစားချက်ပင် ဖြစ်သည်။

ကျွန်တော် စာဖတ်သော အခါတွင်လည်း ထိုခံစားချက်တို့ဖြင့် ရင်နှင့် ခဲ့ရပေါင်း များလှပြီ။ ထို ရင်နှင့်ရသော ခံစားချက်များအနက် စာရေးဆရာ ဦးမင်းရှင်၏ "လမ်းပေါ်မှာ" ဝတ္ထုများသည် ကျွန်တော် ရင်အနင့်ရဆုံး၊ ခံစား ချက် အပြင်းပြဆုံး ဖြစ်ကြောင်းကို ရိုးရိုးသားသား ဝန်ခံပါရစေ။

လေးမြင့်

# ဝိတိ

ကျွန်တော် နေထိုင်သော အိမ်မှာ ရန်ကုန်–အင်းစိန် လမ်းမကြီး၏ အတွင်းဘက် ချောင်ခပ်ကျကျ ရပ်ကွက်ကလေး တစ်ခုတွင် ဖြစ်၍၊ ရန်ကုန် သွားလိုသော အခါများတွင် ပေတစ်ရာ လမ်းမကြီးသို့ မော်တော်ကား ထွက်စီးရန်အတွက် မြေနီလမ်းကလေးအတိုင်း ဆယ့်ငါးမိနစ်၊ မိနစ် နှစ်ဆယ်မျှ လမ်းလျှောက်ရ ပါသေးသည်။

ထို့ကြောင့် ရုပ်ရှင် အချိန်မီ သွားကြည့်လိုသောအခါများတွင် အိမ်မှ ပေတစ်ရာ လမ်းမကြီးအထိ လမ်းလျှောက်ရာတွင် ကုန်မည့် မိနစ် နှစ်ဆယ်ခန့် အပြင် စည်းကမ်းမရှိ ရပ်ချင်တိုင်း ရပ်၊ လူစောင့်ချင်တိုင်း စောင့်တတ်သည့် မော်တော်ကားများပေါ်၌ ကုန်မည့် အချိန်ကိုပါ ထည့်သွင်း ခန့်မှန်းခြင်းဖြင့် အနည်းဆုံး တစ်နာရီနီးပါးမျှ ကြိုတင် ထွက်ရလေ့ရှိပါသည်။

တစ်နေ့ကမူကား ဝတ္ထုတစ်ပုဒ်ကို စိတ်ပါလက်ပါ ရေးနေမိရာက "အိပ်ဆယ်စီယာ" ရုပ်ရှင်ရုံ၌ ၁၂ နာရီခွဲပွဲ ကြည့်ရန် မိတ်ဆွေတစ်ယောက်နှင့် ချိန်းဆိုထားသည်ကို အချိန်ကပ်မှ သတိရမိသည်။ ၎င်းမိတ်ဆွေကပင် ရုပ်ရှင် လက်မှတ်များ ဝယ်ပြီး ရုံမှ စောင့်နေမည် ဖြစ်သောကြောင့် မိမိ၏ ဝတ္ထုရေး ပေါ့လျော့မှုအတွက် အားနာ၍ မဆုံးနိုင်အောင် ရှိပါတော့သည်။

ချက်ချင်းပင် အဝတ်အစား ကမန်းကတန်း လဲ၍ အိမ်မှ ထွက်ခဲ့ရာ တွင် အချိန်မှာ ၁၂ နာရီတိတိ ရှိနေလေပြီ။ ၁၂ နာရီခွဲမီ ရုပ်ရှင်ရုံ အရောက်

သွားရပေမည်။ အခါတိုင်း တစ်နာရီနီးပါး ကြိုတင် ထွက်ရလေ့ရှိသော လမ်းခရီးကို နာရီဝက်အတွင်း အလုအယက် ခရီးနှင်ရမည် ဖြစ်၍ ကျွန်တော် လည်း မြေနီလမ်းကလေးအတိုင်း ခြေကုန်သုတ်ခဲ့မိပါတော့သည်။

သို့ အလျင်အမြန် လျှောက်လာခဲ့စဉ် လမ်းပေါ်တွင် တုတ်ကလေး တစ်ချောင်း ထောက်ကာ ထောက်ကာ ဖြည်းဖြည်းကလေး လျှောက်လျက် ရှိသော အဘွားအိုကြီး တစ်ယောက်ကို အမှတ်မထင် ဖြတ်ကျော်လာခဲ့မိပါ သည်။

ကျွန်တော်က အရေးကြီးသုတ်ပျာ လျှောက်နေသလောက် အဘွားအို မှာကား ခြေနှစ်ချောင်းကို အနိုင်နိုင်လှမ်း၍ လုပ်လီလုပ်လဲ့၊ ခနော်နီခနော်နဲ့ လျှောက်နေရှာသည်။ ကျွန်တော်လည်း ထို အဘွားအိုအား တစ်ချက်မျှ လည်ပြန် ငဲ့ကြည့်ကာ ကိုယ့်လမ်းခရီးကိုယ် ဆက်လက် သုတ်ခြေတင်ခဲ့ပါ တော့သည်။

ထိုအခိုက် ရန်ကုန် မိုးသည် ဖြုန်းခနဲ ဖွဲဖွဲကလေး ရွာချလိုက်တော့ရာ လက်ထဲတွင် ပါလာသော ဖဲထီးကို ဖွင့်ဆောင်းလိုက်မိပါသည်။ မိုးရေတော့ လုံသွားပြီ။ မော်တော်ကားဆိပ် အရောက် ဆက်လျှောက်ရဦးမပေါ့။

မိုးကလေးတဖွဲဖွဲတွင် ခပ်သုတ်သုတ်လျှောက်ရန် အားခဲလိုက်မိသော် လည်း ကျွန်တော်သည် ရှေ့သို့ ဆက်၍ ခြေလှမ်းရမည့်အစား နောက်သို့ လှည့်ကြည့်လိုက်မိပါသည်။

အဘွားအိုကြီးတွင် ဆောင်းစရာ၊ မိုးစရာ ထီးမပါသဖြင့် မိုးရေမှ ခိုလှုံစရာ သစ်ပင်အရိပ်အာဝါသ အကာအကွယ် တစ်စုံတစ်ရာကို ရှာဖွေနေပုံ ရသည်။ သို့ရာတွင် လမ်းကလေး တစ်လျှောက်လုံးတွင် အဘွားအို မိုးခိုရန် နေရာတစ်ခုတလေမျှ မတွေ့ရပါ။ အဘွားအိုခမျာ မိုးရေထဲ၌ ခိုကိုးရာမဲ့ ဖြစ်နေရှာတော့သည်။

မိုးသည်လည်း တဖွဲဖွဲရွာနေရာက တစ်စတစ်စ သည်းလာလေပြီ။ ကြာလျှင် အဘွားအိုတစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်၊ စုတ်ပြတ်ညစ်ထည်းသော အဝတ်အစားများ အောက်မှ အရိုးပြိုင်းပြိုင်း ကိုယ်ခန္ဓာကလေး ရေစိုတွင် ပေါ်လာရချေတော့မည်။ မိုးကစိုစို၊ ချမ်းချမ်းစီးစီးနှင့် အအေးမိပြီး ဖျားနာ လို့ရှိရင်–

ကျွန်တော့်စိတ်ထဲတွင် ရုတ်တရက် သနားကြင်နာစိတ်ကလေးများ ယိုဖိတ်လာရာက အဘွားအိုအား ပေး၍ ထီးမိုးပေးလိုက်ချင်ပါသည်။ သို့ရာတွင်

ရုပ်ရှင်ရုံအောက်၌ လက်မှတ် နစ်စောင်ကို ကိုင်ရင်း ယောင်လည်လည်နှင့် စိတ်ပျက် ဒေါသထွက်နေရှာမည့် မိတ်ဆွေ၏ မျက်နှာကို မြင်ယောင်လာမိသောအခါ အဘွားအို အပေါ်ဝယ် ထားရှိမိသည့် စေတနာမှာ တွန့်ဆုတ်သွားပြန်တော့သည်။

အဘွားကြီး နံဘေးနားက ထိုးမိုး၍ လိုက်ရမည်ဆိုလျှင် သူက လုပ်လီလုပ်လဲ့၊ ခနော်နီခနော်နဲ့ တစ်လှမ်းချင်း လျှောက်နေပုံမျိုးနှင့် အနည်းဆုံး မိနစ်နှစ်ဆယ်ခန့်ကြာမှ လမ်းထိပ်သို့ ရောက်တော့မည်။ နာရီ ကြည့်လိုက်မိတော့လည်း ၁၂ နာရီထိုးပြီး၍ ဆယ်မိနစ်ကျော်နေပြီ…။

"အို ရှုပ်ပါတယ်လေ၊ ငါ ရင့်ထဲက စေတနာပျက်သွားတာမှ မဟုတ်ဘဲ။ ငါ့မိတ်ဆွေနဲ့ အသေအချာ ချိန်းထားတဲ့ ကိစ္စက ရှိနေတော့ ဘယ့်နှယ့်တတ်နိုင်ပါ့မလဲ။ ရုပ်ရှင်ရုံကို ၁၂ နာရီခွဲ မရောက်နိုင်လို့ရှိရင် ငါ့မိတ်ဆွေကို ဒုက္ခပေးရာလည်း ရောက်မယ်၊ ကတိဖျက်ရာလည်း ရောက်မယ်။ အခုပဲ အချိန်တော်တော် နောက်ကျနေပြီ။ ကိုယ့်ကိစ္စနဲ့ကိုယ် အချိန်မီဖို့က အရေးကြီးပါတယ်လေ"

ကျွန်တော်သည် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ပါတော့သည်။ သို့သော်လည်း ခြေလှမ်း သုံးလေးလှမ်းမျှတွင် နောက်ဘက်သို့ လှည့်ကြည့်မိပြန်ပါသည်။

အဘွားအိုကြီးကား တုတ်ကလေး ထောက်ကာ ထောက်ကာ၊ ခါးကလေး ကုန်းကုန်း–ကုန်းကုန်းနှင့် ဖြည်းဖြည်းချင်း လျှောက်နေမြဲပင် ဖြစ်သည်။ တစ်ခါတစ်ခါတွင် တုတ်ကလေးထောက်၍ ခဏနားကာ သူ့နဖူးရှုံ့ရှုံ့တွတွကြီးပေါ်မှ မိုးရေ မိုးစက်များကို အရိုးပြိုင်းပြိုင်းထသော လက်ချောင်းကလေးများဖြင့် သပ်၍ သပ်၍ ချတတ်သည်။ မကြာမကြာလည်း မိုးကောင်းကင်သို့ မော်ကြည့်တတ်ကာ "မိုးမင်းကြီးရယ် တိတ်တော်မူပါတော့" ဟု တောင်းပန် တိုးလျှိုးနေဘိသကဲ့သို့ တတွတ်တွတ် ရေရွတ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော် လျစ်လျူမရှုနိုင်တော့ပါ။ မကြာသေးမီက ဆုံးဖြတ်ချက်အားလုံးသည် မိုးရေထဲ မျောပါ လွင့်စဉ်သွားလေပြီ။ ရုပ်ရှင်ရုံအောက်တွင် ယောင်လည်လည်နှင့် စောင့်နေမည့် မိတ်ဆွေနှင့်တကွ သူနှင့် ချိန်းဆိုထားသည့် ကတိကိုလည်း ဂရုမစိုက်အားတော့ပြီ။

ကျွန်တော်လည်း အဘွားအိုကြီး ရှိရာသို့ ချက်ချင်း ပြန်ပြေးမိပြီးလျှင် သူ၏ ပိန်ရှုံ့သေးသွယ်လှသော ကိုယ်ခန္ဓာကလေးကို ထီးဖြင့် မိုးကာပေးလိုက်ပြီးနောက်–

'ဘွားဘွား ဘွားဘွား မိုးတွေ သည်းလာပြီ။ ကျွန်တော့်နားတိုး၊ ကျွန်တော် ထီးမိုးပေးပါမယ်' ဟု လှိုက်လှဲသော အသံဖြင့် ပြောလိုက်မိ၏။

အဘွားအိုကြီးလည်း စောစောက ကျွန်တော် သူ့နံဘေးနားမှ ဖြတ်ကျော်လျှောက်ခဲ့သည်ကိုပင် သတိပြုလိုက်မိဟန် မတူ။ ရုတ်တရက် ကျွန်တော် သူ့နံဘေးနား ရောက်လာပြီး ထီးမိုးပေးလိုက်သော အခါတွင်မှ ဝမ်းမြောက်ဝမ်းသာ မော်ကြည့်ရင်း–

'အမယ်လေး ငါ့မြေးရယ်၊ ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်၊ ဘုန်းကြီးလို့ သက်ရှည်ပါစေ' ဟု တုန်ယင် လှိုက်လှဲသော အသံကြီးဖြင့် ဆုတောင်း ပတ္ထနာ ပြုနေရှာတော့သည်။

ထိုအခိုက်အတန့်ကလေးဝယ် ကျွန်တော်သည် ဘာကိုမျှ သတိမရတော့ဘဲ အဘွားအိုကြီး၏ ဆုတောင်းသံတွင်သာ နစ်မွန်း ကြည်နူးလျက်ရှိတော့သည်။ ကျွန်တော်သည် မိမိ ဆုံးဖြတ် ပြုမူလိုက်သော ဆောင်ရွက်ချက်အတွက် ကျေနပ်နှစ်သိမ့် ပီတိတစိမ့်စိမ့် ဖြာဝေနေမိပါတော့သတည်း။ ။

[ စာနယ်ဇင်း အမည်၊ လ နှင့် ခုနှစ်တို့ကို ရှာမတွေ့။ ]

## မရှိနိုးနိုး

ကျွန်တော်တို့ မိသားတစ်စု စခန်းချရာ အနီးသို့ အဘွားအိုကြီးတစ်ဦး ရစ်သီ ရစ်သီ လုပ်နေခဲ့သည်မှာ ကျွန်တော်တို့ နံနက်စာ ထမင်းစားစကတည်းက ဖြစ်လေသည်။

'အဘွားကြီးမှာ စားချင် သောက်ချင်လို့ များလားကွယ်'ဟု မမကြီး (ကျွန်တော့်အစ်မ) က ကရုဏာသံဖြင့် ပြောလိုက်သဖြင့် ညီညီကို သွားအမေး ခိုင်းရာ အဘွားကြီးသည် ခေါင်းခါ ငြင်းပယ်လိုက်ရာက ပြုံးရုံသာ ပြုံးပြခဲ့ပါ သည်။

သို့သော် အဘွားအိုသည် ကျွန်တော်တို့ လူသိုက်ကိုသာ ကြောင်တောင် တောင် မျက်လုံးများဖြင့် ငေးမျှော်ကြည့်ရင်း ကျွန်တော်တို့ အနီးအနားတစ်ဝိုက် မှာပင် ရစ်ဝဲ ရစ်ဝဲနှင့် လျှောက်နေခဲ့၏။

ထိုအခါက ကျွန်တော်သည် ဂျပန်တော်လှန်ရေးမှ ပြန်လည် ရောက် လာခါစ အသက် (၁၈) နှစ်မျှသာ ရှိခဲ့သော်လည်း စာရေးသူ တစ်ယောက် ဖြစ်ချင်လှသော စိတ်စွဲဖြင့်၊ လက်ရေးစာစောင်ကလေးများတွင် စာအတိုအထွာ လေးများ စတင် ရေးခါစ ဖြစ်သည်နှင့်အညီ အဆိုပါ အဘွားကြီးနှင့် စပ်လျဉ်း၍ စိတ်ကူးအမျိုးမျိုး ယဉ်ကြည့်မိခဲ့သေး၏။

အဘွားကြီးမှာ အသက်အားဖြင့် (၆၀) ရွယ်ခန့်မျှဟု ခန့်မှန်းနိုင် သော်လည်း ဆင်းရဲနွမ်းပါးလှသည့် အခြေအကြောင့် အသက်မှန်ထက် ပိုပြီး အိုမင်းရင့်ရော်ပုံ ရလေသည်။ နဖူးရေများ၊ ပါးရေ နားရေများ လိမ်တွန့်နေရုံ

သာမက ပါးစပ်ထောင့် တစ်ဖက်တစ်ချက်ရှိ နှုတ်ခမ်းသားများသည်လည်း တွန့်၍ တွဲ၍ကျကာ အရိုးပေါ်တွင် အရေခွံ လျော့ရဲရဲကိုသာ မြင်နိုင်၏။ မျက်နှာသာလျှင် မဟုတ်၊ သူ့တစ်ကိုယ်လုံးမှာလည်း ထိုနည်းနှင်နှင် အရိုးပေါ် အရေတင်ရုံမျှသာ ဖြစ်၏။ သူ့ကိုယ်ပေါ် လွှမ်းခြုံ ဆင်ယင်ထားသည့် ရင်ဖုံး အင်္ကျီနှင့် ထဘီတည်း ဟူသော အဝတ်နှစ်ထည်မှာလည်း ဖွာရရာ စုတ်ပြတ် ကြေး (ကျီး) အထပ်ထပ် လူးကျံကာ ရေနှင့်မတွေ့ရသည်မှာ ကြာလှပြီ ဖြစ်ကြောင်း ထင်ရှားလှတော့သည်။

ထို ဆင်းရဲတွင်းနက်လှသည့် အဘွားအိုနှင့် ကျွန်တော့် မေမေကြီးတို့ အား နှိုင်းယှဉ်ကြည့်မိသောအခါတွင် အသက်အရွယ်ချင်း အတူတူ၊ နေထိုင် စားသောက်ပုံ အဆင့်အတန်း ကွာခြားချက်ကြောင့် မေမေကြီးက သူ့ထက် ဆယ်နှစ်ခန့် ငယ်ရွယ်နုပျိုပုံ ရနေသည်ကိုလည်း သတိပြုလိုက်မိပါသည်။ အဘွားအိုသည်ကား မေမေကြီးထက် အဆများစွာ ခါးကိုင်းလျက် ရှိချေပြီ။

ထိုမျှ နွမ်းပါးလှသည့် အဘွားအိုသည် စားဖို့ သောက်ဖို့ ဖိတ်ခေါ်ပါ လျက် အကြိမ်ကြိမ် ခေါင်းခါ၍ ငြင်းပယ်လိုက်သောကြောင့်လည်း ကျွန်တော့် စိတ်ကူးတွင် ဒီအဘွားကြီးဟာ စားချင်သောက်ချင်လို့ တို့အနား လာမျှော်နေ တာလည်း မဟုတ်။ သူ့ခမျာ စစ်ကြီးအတွင်းက သားတွေ သမီးတွေ ဆုံးရှုံး ခဲ့ပြီး တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေရှာတာလား။ တို့ မိသားတစ်စု သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး စားသောက်နေကြတာ တွေ့ပြီး သူ့သား တွေ၊ သမီးတွေ၊ ဆွေမျိုးသားချင်းတွေကို လွမ်းဆွတ် အောက်မေ့နေရှာတယ် ထင်ပါရဲ့။ သူ့မှာ စစ်အပြီး ငါ့လို အိမ်ပြန်ရောက်မလာတဲ့ သားများ ရှိနေရှာ သလား စသည်ဖြင့် စိတ်ကူးတွေ ယဉ်နေမိတော့၏။

အဘွားကြီးကတော့ ကျွန်တော်တို့တစ်တွေကို လှမ်း၍ ပြုံးလိုက်၊ သူ့ဘာသာသူ တတွတ်တွတ် ရေရွတ် ပြောဆိုလိုက်နှင့်ပင် သစ်ပင်ရိပ်အောက် ၌ သွားထိုင်တော့သည်။ အဘွားကြီးကို ကြည့်ရသည်မှာ အဖော်အပေါင်း တစ်စုံတစ်ရာနှင့် လာဟန်မတူ။ တစ်ယောက်ထီးတည်း ဝေ့လည်လည် ယောင်ချာချာနှင့် ဟိုလျှောက် သည်လျှောက် လှုပျောက်ရှာသူ တစ်ယောက်နှင့် ပင် တူနေတော့၏။ သူ့အပြုအမူများကို မြင်ရခြင်းအားဖြင့် ဖုန်းတောင်းယာ စကာထဲက မဟုတ်ကြောင်းလည်း ထင်ရှားနေသည်။ အဘွားကြီးသည် သစ်ပင် ရိပ် အောက်ဝယ် အပန်းဖြေနေဟန် တူ၏။

ကျွန်တော်တို့ မိသားစုမှာ ထိုနေ့က အင်းလျားကန် "ရပ်ရှောကျွန်း" (ယခု ကြက်ကျွန်းဟု ခေါ်နေသည့် နေရာ) သို့ ပျော်ပွဲစား ထွက်ခဲ့ကြခြင်း ဖြစ်လေသည်။ ကျွန်တော်တို့ မေမေနှင့် ဒေါ်ဒေါ်ကြီး (မေမေ့ အမေ) တို့သည် နံနက်စောစောကတည်းကပင် ထမင်းဟင်းလျာများ ချက်ပြုတ် စီစဉ်ခဲ့ကြ၏။ ထို့နောက် မေမေကြီးနှင့်တကွ မေမေ၊ ဒေါ်ဒေါ်ကြီးနှင့် ကျွန်တော်တို့ မောင်နှမ လေးယောက်တို့သည် ထမင်းဟင်းလျာ စားဖွယ် သောက်ဖွယ်များကို ယူဆောင်ကာ အင်းလျားကန်သို့ တပျော်တပါး ထွက်ခဲ့ကြလေသည်။ ဖေဖေကတော့ လိုက်မလာခဲ့ချေ။

ဂျပန်တော်လှန်ရေးအတွင်း ရန်ကုန်မြို့မှ ဂျပန်များ ဆုတ်မပြေးမီ လေး၌ ကျွန်တော့်အိမ်သား အားလုံးတို့သည် ဂျပန်စစ်တပ်တစ်ခု ရုံးစိုက်ရာ မိမိတို့ ရပ်ကွက်မှ ဗုံးဒဏ် အန္တရာယ်ကို ရှောင်ရှားသည့်အနေနှင့် အင်းလျား "ရပ်ရှောကျွန်း" တွင် တဲကလေးတစ်လုံး ထိုး၍ နေခဲ့ကြသည်ဆို၏။ စစ်အပြီး တွင် ထို တဲကလေးကို လူတစ်ယောက်ထံ ရောင်းချခဲ့ပြီးနောက် ကမာရွတ် နေရင်း အိမ်သို့ ပြန်ပြောင်းခဲ့ကြလေသည်။

'ကိုကို မရှိတုန်း အတူးတို့ အင်းလျား ပြောင်းနေခဲ့တုန်းကများဆို ဘယ်လိုပျော်မှန်း မသိဘူး ကိုကိုရာ၊ ရေကူးလို့လည်း ကောင်း၊ ကစားလို့လည်း သိပ်ကောင်းတာပဲ။ အတူးရော ညီညီရော ရေလည်း ကောင်းကောင်းကူးတတ် ပြီ။ ဒိုင်ဘင်လည်း ကောင်းကောင်းထိုးတတ်ပြီ။ အင်္ဂလိပ် လေယာဉ်ပျံတွေ ရန်ကုန်ထဲ ဗုံးလာလာကြဲရင် အတူးတို့တော့ ရေလယ်ကျွန်းကို ရေကူးသွား ကြပြီး ဘိုင်စကုတ် ကြည့်သလို ခိမ်နဲ့ ကြည့်ကြတာပဲ' စသည်ဖြင့် အင်းလျား တွင် နေထိုင်ခဲ့စဉ် ပျော်ရွှင်မြူးထူးခဲ့ကြပုံများကို အတူးက အားရပါးရ စားမြုံ့ ပြန်တတ်ပါသည်။

'ကိုကို မင်း အခုထက်ထိ ရေမကူးတတ်သေးဘူး မဟုတ်လား။ ငါတို့ တော့ မှတ်နေပြီ' ဟုလည်း ကျွန်တော့် ညီအလတ် ညီညီက ခပ်ကြွားကြွား ပြောတတ်၏။

'စမ်းစမ်းတို့တော့ ဖေဖေတို့ ညီညီတို့ မျှားတဲ့ ငါးတွေ၊ ပုစွန်တွေ ခဏခဏ စားရတာပဲ' ဟုလည်း ညီမလေး စမ်းစမ်းက ဖောက်သည်ချတတ် လေ၏။

ကျွန်တော်လည်း စစ်အတွင်းက လက်လွတ်ခဲ့ရသော အနီနေရာသို့ ပျော်ပွဲစား သွားကြရန် တိုက်တွန်း ပူဆာမိပါတော့သည်။

အင်းလျားကန်သို့ ရောက်ခဲ့ကြ၍ အိမ်သားများ နေခဲ့သည် ဆိုသော တဲကလေးကို မြင်မိသည့်အခါ၌ကား ငါကော ဒီတဲကလေးမှာ ငါ့မိဘတွေ၊ ညီ ညီမတွေနဲ့ အတူတူနေခဲ့ရရင် ဘယ်လောက် ပျော်လိုက်မလဲဟု လွန်လေပြီးသော အချိန်များကိုပင် နှမြော တမ်းတလိုက်မိတော့၏။ အမှန်ပင် ထိုနေရာကလေးမှာ ပကတိ သာယာစိမ်းစို၊ တကယ်ပင် နှစ်လိုဖွယ်ရာ ကောင်းတော့သည်။ အင်းလျားရေပြင်ဝယ် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်မှာ စိန်ပွင့်ကလေးများ ကြဲဖြန့်ထားသည်နှင့် တူပြီး၊ ရေစပ်များတွင် ညွတ်ကျ အုပ်ဆိုင်းလျက် ရှိသော သစ်ပင်များမှာလည်း တင့်တယ်ရှုမောဖွယ် ကောင်းလှသည်။

ညီညီ၊ အတူး၊ စမ်းစမ်းတို့သည် သူတို့တစ်တွေ ဆော့ကစားခဲ့ကြသည့် နေရာများ၊ ငါး ပုစွန် မျှားခဲ့ကြသည့် ရေစပ်ကလေးများ၊ ရေကူးခဲ့သော နေရာများကို ကျွန်တော့်အား ကျွန်းအနှံ့အပြား လိုက်ပြကြလေ၏။

'ဂျပန်တွေ ပြေးတော့ ဟို တိုက်ကြီးထဲပေါ့။ ညီညီတို့ လှေနဲ့ သွားပြီး ကုလားထိုင်ကြီး နှစ်လုံး သယ်လာခဲ့တာ။ ညီညီတို့သာ နောက်ထပ် သယ်နိုင်ရင် စန္ဒရားကြီးတွေတောင် ယူလာနိုင်သေးတယ်။ ဖေဖေက မယူရဘူးဆိုလို့ပေါ့' ဟု တစ်ဖက်ကမ်းမှ တိုက်ဖြူဖြူကြီး တစ်လုံးကို လက်ညှိုးထိုးပြရင်း ညီညီက စားမြုံ့ပြန်လိုက်သေးသည်။

ညီညီနှင့် အတူးတို့သည် အတော်ပင် ဝေးသည့် ရေလယ်ကျွန်းကလေး တစ်ကျွန်းသို့လည်း လက်ပစ်ကူးပြလိုက်ကြသေး၏။

ကျွန်တော့်မှာ ညီ ညီမများက ပြသမျှတို့ကို တအံ့တသြပင် ကြည့်နေမိတော့သည်။

နံနက်စာ စားသောက်ချိန်၌လည်း အဘယ်မျှ စားမြိန်သည်ကို မဖော်ပြနိုင်စွမ်းတော့ပေ။ ထမင်းစားရင်း သောက်ရင်း၌လည်း အတူး ရေကူးတတ်ခါစ ရေလယ်ကျွန်းအထိ တိတ်တဆိတ် ကူးသွားသည်ကို သိတုန်းက ဖေဖေတို့၊ မေမေတို့ ရင်တမမနှင့် ပူပင်သောက ရောက်ခဲ့ကြရပုံ၊ အတူးကို ပြန်ကူးမလာရန် လှမ်းအော်ပြီးနောက် ဖေဖေကိုယ်တိုင် လှေတစ်စီးဖြင့် သွားခေါ်မည် အလုပ် အတူးက ရေထဲ ခုန်ဆင်း ပြန်ကူးလာသဖြင့် အသည်းတထိတ်ထိတ်နှင့် ရင်ဘတ်စည်တီး ဖြစ်ခဲ့ကြရပုံ၊ ဖေဖေက ရေလယ်တွင် လှေပေါ် ဆွဲတင်ခဲ့ပြီးလျှင် သစ်ပင်တွင် ကြိုးတုပ်၍ ဒေါသတကြီး ရိုက်နက် ဆုံးမခဲ့ပုံများကို မေမေကြီးက ပြောပြနေပါသည်။ သူတို့ ပြောသမျှ အဖြစ်အပျက်ကလေးများကား စိတ်ဝင်စားဖွယ် တစ်မျိုးကောင်းတော့သည်။

ကျွန်တော် စစ်ထဲမှ ပြန်ရောက်လာခါစက ကျွန်တော်၏ အတွေ့အကြုံများကို ဖောက်သည်ချခဲ့စဉ် သူတို့တစ်တွေက စိတ်ပါဝင်စားခဲ့ကြသလိုပင်၊ ယခုတစ်ဖန် သူတို့ ပြောသမျှကို ကျွန်တော်က တစ်လှည့် ငေးမော နားထောင်ရပြန်ပြီ။

ကျွန်တော့်ကို ဂျပန် ကင်ပေတိုင်များ ဖမ်းဆီးသွားပြီဟု သိကြရသောနေ့က မေမေတို့ တစ်အိမ်သားလုံး အော်ဟစ် ငိုယိုခဲ့ကြစဉ် ကျွန်တော့်အစ်ကို မိန်းမ မမအုံးနှင့် မေမေတို့၏ မိတ်ဆွေ ဒေါ်ဒေါ် အိုင်မေတို့ကပါ ဝမ်းနည်းပမ်းနည်း ဝင်ငိုခဲ့သည်ကိုလည်း မေမေက မျက်ရည်ကလေး တဝဲဝဲနှင့် ပြောပြရှာလေ၏။ ထို အခိုက်အတန့်ဝယ် သုံးနှစ်နီးပါးမျှ မိဘသားချင်းများဖြင့် ခွဲခွာနေခဲ့ရပြီးနောက် ယခုလို သိုက်သိုက်ဝန်းဝန်း ပြန်လည် တွေ့ဆုံကြရသည့် ထူးကဲလှသော အရသာကို ကျွန်တော် နားလည် ခံစားမိတော့သည်။

ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခော–ချစ်နှစ်သက်သူများနှင့် ကွေကွင်းရခြင်းသည် ဒုက္ခ ဖြစ်သည်နှင့်အမျှ၊ ထိုသူများနှင့် ဥမကွဲ သိုက်မပျက် ပေါင်းပေါင်းစည်းစည်း နေကြရခြင်းသည်လည်း အရသာ တကယ်ရှိပါကလားဟု တွေးမိပါ၏။

သို့မို့ကြောင့်လည်း ကျွန်တော်တို့ စခန်းချရာ အနီးတွင် ရစ်သီ ရစ်သီ လုပ်နေသည့် အဘွားကြီးအား မြင်လိုက်ရသော တစ်ခဏ၌ မိမိ ခံစားချက်နှင့် ကိုယ်ချင်းစာနေမိတော့ကာ ကရုဏာအမျိုးမျိုး ပွားမိခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေ သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်စားသောက်နေကြသည်ကို အနားမှ တရစ်ဝဲဝဲနှင့် အာရုံစိုက်နေသဖြင့်လည်း ဤအဘွားကြီးသည် ကျွန်တော်တို့ကဲ့သို့ ဆွေစုံ မျိုးစုံ မရှိရှာတော့သည့် တစ်ကောင်ကြွက် ဒုက္ခသည်ကြီး ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု တွေးကြည့်မိခဲ့ခြင်း ဖြစ်ပါသည်။

အဘွားကြီး သစ်ပင်ရိပ်အောက် သွားထိုင်တော့မှပင် ကျွန်တော့် စိတ်ကူးများသည်လည်း တည်ငြိမ်စ ပြုတော့၏။

ထိုအခိုက် အတူးနှင့် စမ်းစမ်းတို့က 'ကိုကိုရေ ရေဆင်းကူးကြရအောင်လေ' ဟု အဖော်ညှိလိုက်ကြသောကြောင့်–

'အေး... အေး... ငါတော့ မင်းတို့လို ကောင်းကောင်း မကူးတတ်သေးဘူးကွနော်။ ရေတိမ်ထဲပဲ စိမ်ရမှာပဲ' ဟု ပြောရင်း သူတို့သွားရာ ကမ်းစပ်ဆီသို့ ပြေးလိုက်သွားမိ၏။

ကျွန်တော်သည် ရုပ်အင်္ကျီကို ချွတ်၍ သစ်ငုတ်တို တစ်ခုပေါ်တွင် သပ်သပ်ရပ်ရပ် တင်မိစဉ်မှာပင် အနီးရှိ သစ်ပင်အောက်မှ ကျွန်တော်တို့ မောင်နှမအား စူးစိုက် ငေးမျှော်နေသော အဘွားကြီးထံ လှမ်းကြည့်လိုက်မိသေး၏။ အဘွားကြီးက ပြုံးပြုံးကြီး ပြန်ကြည့်လိုက်ပါသည်။

ထို့နောက် ကျွန်တော်တို့သည် ရေထဲဆင်းကာ အပျော်ကြီး ပျော်မိကြတော့သည်။ တစ်ယောက်နှင့် တစ်ယောက် ရေပက်ကြ၊ တစ်ယောက်ကို တစ်ယောက် ရေအောက်မှ ငုပ်၍ ဆွဲကြနှင့် မောရပန်းရမှန်းပင် သတိမရတော့ချေ။ အတော်ကြာအောင် ဆော့လို့ ဝကြတော့မှ ကျွန်တော်တို့တစ်တွေ ရေထဲက တက်ခဲ့ကြ၏။

သစ်ငုတ်တိုပေါ်မှ ရုပ်အင်္ကျီကို ကောက်ယူလိုက်မိခိုက် ကျွန်တော့် ရင်ထဲ ဒိန်းခနဲ ခုန်သွားပါသည်။ ရုပ်အင်္ကျီအိတ်ထဲတွင် ပတ်ကား ဖောင်တိန်ကလေးမှာ မရှိတော့ပေ။ ကျွန်တော့်မှာ ရင်ခုန်မိရုံသာမက စိတ်လည်း မောသွားမိပါသည်။

မည်သည့်နည်းနှင့်မှ ကျပျောက်ခြင်း မဟုတ်ကြောင်း အတပ်သိပါသည်။ ရေထဲ မဆင်းမီ ရုပ်အင်္ကျီကို သစ်ငုတ်တိုပေါ် တင်ခဲ့စဉ်ကပင် အိတ်ထဲ၌ ဖောင်တိန်ကလေး ရှိခဲ့သေးကြောင်း ကျွန်တော် သေသေချာချာ မြင်ခဲ့ရ၍ ဖြစ်၏။ ရုပ်အင်္ကျီကိုလည်း ရိုးရိုး အမှုမဲ့ အမှတ်မဲ့ ပစ်တင်ထားခဲ့ခြင်း မဟုတ်။ သပ်သပ်ရပ်ရပ် ဂရုတစိုက် ခေါက်တင်ထားခဲ့ခြင်း ဖြစ်၍လည်း အင်္ကျီအိတ်တွင် ဖောင်တိန်လေး သေချာတပ်အပ် ရှိခဲ့ကြောင်းကို ကျွန်တော် သိနေပါတော့သည်။

ကျွန်တော်တို့ ရေထဲတွင် တပျော်တပါး ဆော့ကစားနေစဉ်ကတော့ အင်္ကျီကို တစ်ကြိမ်တလေမျှပင် ပြန်မကြည့်မိခဲ့။ လုံးဝပင် သတိမရခဲ့ချေ။ ထိုအတောအတွင်း၌ တစ်စုံတစ်ယောက်သောသူက ဖောင်တိန်ကို ချွတ်ယူသွားနိုင်စရာ အကြောင်းကတော့ ရှိသည်။ ရေဆင်းချိုးသည့် နေရာမှာ တဲနောက်ဖေးဘက် ဖြစ်၍လည်း တဲပေါ်က မေမေတို့တစ်တွေ သိလိုက်၊ မြင်လိုက်၊ ဂရုစိုက်လိုက်နိုင်မည် မဟုတ်ပေ။

အဘွားကြီးလည်း သစ်ပင်ရိပ်အောက်တွင် မရှိတော့ဘဲ တဲရှေ့နားတွင် ရစ်ဝဲ ရစ်ဝဲနှင့် လျှောက်နေပြန်လေပြီ။

ခပ်လှမ်းလှမ်းတွင်မှု စားပြီး သောက်ပြီး ခွန့်ပစ်ထားသော အကြွင်း

အကျန်များကို နှုတ်သီးဖြင့် အငမ်းမရ ယက်ကာ ယက်ကာ စားသောက်နေသည့် ခွေးနံပိန်ကလေး တစ်ကောင်ကို မြင်ရ၏။

"အို... ဒီအဘွားကြီးတော့ မယူတန်ကောင်းပါဘူးလေ" ဟု ကျွန်တော့်စိတ်များက အဘွားကြီးကိုပင် အရင်ဆုံး သတိရမိတော့သည်။ အဘွားကြီးအနေနှင့် ယူတန်စရာအကြောင်း မရှိဟု ကိုယ့်စိတ်ကိုယ် ငြင်းနေရသော်လည်း ဤအဘွားကြီးကို သတိရမိခြင်းသည်ပင်လျှင် အဘွားကြီးအပြင် အခြားသူတစ်ဦးဦးအား တွေးမရနိုင်သောကြောင့်ဟု ဆိုရပါမည်။ သို့ကလို အဘွားကြီးအား စိတ်ထဲက အမှတ်မထင် စွပ်စွဲလိုက်မိသည်ကိုလည်း မိမိကိုယ်မိမိ စိတ်ဆိုးဒေါသထွက်မိတော့၏။ ဒီလို အသက်အရွယ်ကြီးကို ငါ မထင်စကောင်းဘူးဟု ကိုယ့်စိတ်ကိုယ် ပြန်လည် ဆုံးမနေမိပြန်၏။ ထိုကြားထဲက ဒီအဘွားကြီးအပြင် ဘယ်သူကကော ယူပါ့မလဲဟုလည်း ထပ်မံ စွပ်စွဲနေချင်ပြန်တော့သည်။ နောက်ဆုံးမတော့ ထိန်းချုပ်ရခက်လှသည့် မိမိစိတ်ကို မနှိမ်နင်းနိုင်တော့သည့် အဆုံး၊ အို... သူယူတာပဲ ဖြစ်ချင် ဖြစ်ပေစေတော့၊ ဖောင်တိန်ပျောက်တဲ့ အကြောင်းကိုတော့ ဘယ်သူ့မှ အသိမပေးတော့ပါဘူးလေ ဟု စိတ်ဆုံးဖြတ်လိုက်မိတော့၏။

သို့သော် ဤဖောင်တိန်ကလေးကိုတော့ အမှန်တကယ်ပင် နှမြောမိပါသည်။ ကျွန်တော် ပထမဆုံး ပြိုင်ပွဲဝင် ဆုရခဲ့သည့် "ချစ်ဝဲလည်" ဝတ္ထုအတွက် ချီးမြှင့်ခံရသော ငွေဖြင့် ဝယ်ခဲ့သည့် ဖောင်တိန်ကလေးမို့ ဒီဖောင်တိန်နဲ့ ဝတ္ထုတွေ ဆက်ပြီး ရေးလိုက်မယ်။ ဒီဖောင်တိန်ကလေးဟာ ငါ့ကို စာပေလောကထဲ ရောက်စေတဲ့ အထိမ်းအမှတ်ပဲ စသည်ဖြင့် သံယောဇဉ် ကြီးမားခဲ့သည်နှင့် အမှု ယခုလို ပျောက်ဆုံးသွားပြီကို သိလိုက်ရသောအခါ မေ့လွယ် ပျောက်လွယ် မနေနိုင်တော့ပါ။ နှမြောတသ ယူကျုံးမရ ဖြစ်မိတော့သည်။

ထို့ကြောင့်လည်း ဖောင်တိန် ပျောက်ကြောင်း ဘယ်သူ့မှ မပြောတော့ဟု စိတ်ဆုံးဖြတ်ထားမိသည့်ကြားက–

'မေမေ၊ ကျွန်တော့်ဖောင်တိန်ကလေးများ ယူမိကြသလား' ဟု မေမေ့အား မေးဖြစ်အောင် မေးလိုက်မိတော့၏။

'နေပါဦး၊ မင်းဖောင်တိန်က ဘယ်ထားခဲ့လို့ ငါက ယူရမှာလဲ'

'အင်္ကျီအိတ်ထဲမှာပဲ၊ ကျွန်တော်တို့ ရေဆင်းကူးတုန်းက အင်္ကျီကို ချွတ်ထားပစ်ခဲ့ပြီး ပြန်တက်လာတော့ ဖောင်တိန် မရှိတော့ဘူး မေမေရ၊ ဒါကြောင့် မေးတာ'

သည်တော့မှပင် မေမေနှင့်တကွ မေမေကြီးရော၊ ဒေါ်ဒေါ်ကြီးတို့ပါ ပြုံးတုံးပျာယာ ဖြစ်ကုန်ကြရာက ဒေါ်ဒေါ်ကြီးက–

'ဘယ့်နှယ့်တော် ဒီနေရာမှာ တို့ချည်းပဲရှိတာ၊ ဘယ်သူက မင့်းဟာ ယူပါ့မလဲ' ဟု ပြောကာမျှပင် ရှိသေးသည်။ မေမေကြီးက ဝင်၍–

'ဟုတ်တယ်ဟဲ့၊ သူစိမ်းတစ်ရံဆံဆိုလို့ ဟိုအဘွားကြီးပဲ ဒီအနား လာတာ။ ရှူးသလိုလို နမ်းသလိုလိုနဲ့။ သူ့ကို လိုက်မေး၊ သူ့ကို လိုက်မေး' ဟု စတင် စွပ်စွဲလိုက်ပါတော့သည်။

ကျွန်တော်က စိတ်ကူးမိရုံမျှ ရှိသေးစဉ် မေမေကြီးတို့ကတော့ သည် အဘွားကြီးကိုပင် တပ်အပ် စွပ်စွဲကြလေပြီ။

'ကဲ... ကဲ... အားနာနေလို့တော့ မဖြစ်ဘူး၊ မေးရင်လည်း မြန်မြန်မေး ကြမှ၊ အဘွားကြီး ကြည့်ရတာ မယောင်မလည်နဲ့၊ တို့ သိသွားပြီ ဆိုပြီး ထွက်သွားဦးမယ်' ဟု မေမေကြီးက သတိပေးလိုက်ရာ၊ မေမေနှင့် ဒေါ်ဒေါ်ကြီး တို့ ရှေ့ဆင့် နောက်ဆင့် အဘွားကြီးဆီသို့ ပြေးသွားကြတော့သည်။ ကျွန်တော် လည်း ဘာဝင်ပြောရမှန်းပင် မသိတော့ဘဲ သူတို့တစ်တွေနောက်မှ ရောၡ လိုက်သွားမိ၏။ မေမေကြီးပင်လျှင် နောက်ဆုံးက တုန်ချည် တုန်ချည်နှင့် လိုက်လာတော့သည်။

'ဒီမယ် အမေကြီး၊ ဟိုနားက အင်္ကျီထဲက ကလောင်တံကလေးများ ယူမိသလား' ဟု မေမေက အားတုံ့အားနာ အသံဖြင့် မေးလိုက်၏။

အဘွားကြီးမှာ အကျိုးအကြောင်း ဘာမျှ နားမလည်ဟန်ဖြင့် ကြည့်တိ ကြောင်တောင် ယောင်ချာချာ မျက်နှာထားနှင့် ပြန်ကြည့်လိုက်သည်။

'အမယ်ကြီး၊ ကလောင်တံ... ကလောင်တံ၊ စာရေးတဲ့ ကလောင်တံ အမယ်ကြီး ယူထားလို့ရှိရင် ပြန်ပေးပါ' ဟု ဒေါ်ဒေါ်ကြီးက လက်ဟန် ခြေဟန် နှင့် ပြရင်း အတွင်သား ပြန်တောင်းနေပြန်၏။

အဘွားကြီးကား ပါးစပ်အဟောင်းသားနှင့် ငေးကြောင်နေသေးသည်။

'အဘွားကြီး ယူထားရင် ပြန်ပေး၊ ဘာမှ မလုပ်ဘူး။ ပြန်သာ ပေး' ဟု မေမေကြီးက ခြိမ်းခြောက်သံပါပါဖြင့် တောင်းပန်လိုက်ပြန်သောအခါ၊ အဘွားကြီးမှာ နားမလည်ဟန်ဆောင်၍ မရတော့ပုံဖြင့် ပဲကြီးရေစိမ်တမျှ ရှုံ့တွသည့် လက်ဝါးနှစ်ဖက်ကို မျက်နှာရှေ့တွင် ယမ်းကာ ယမ်းကာနှင့်–

'မယူဘူး မယူဘူး' ဟု တုန်ယင်သော အသံကြီးဖြင့် ငြင်းလေတော့၏။ မေမေကြီးနှင့် ဒေါ်ဒေါ်ကြီးတို့လည်း ခေါင်းချင်းရိုက် တိုင်ပင်ကြရတော့၏။

'အဘွားကြီးကတော့ ငြင်းမှာပဲ'

'ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ၊ အတင်းနှိုက်ရှာလို့ မကောင်းဘူး'

ဒေါ်ဒေါ်ကြီးက အကြံတောင်းလိုက်သည့် အချိန်တွင်မူကား နံဘေးနားက ဘာဝင်ပြောရမှန်း မသိ၊ အတော်ကြာအောင် ငြိမ်သက်နေခဲ့မိသော ကျွန်တော့်မှာ မနေသာတော့ဘဲ–

'ဒီဖောင်တိန် ကျွန်တော့် စာရေးခနဲ့ ဝယ်ခဲ့တာပါ မေမေ၊ ကျွန်တော် အဆုံးခံပါတော့မယ်။ ဒီအဘွားကြီးတော့ ဆက်ပြီး မေးမနေကြပါနဲ့တော့။ သူ ယူယူ မယူယူ ဆက်မမေးကြပါနဲ့တော့ ဒေါ်ဒေါ်ကြီးတို့ရာ။ သွား... သွား၊ အဘွားကြီး သွားတော့... သွားတော့' ဟု မေမေတို့ကိုလည်း တောင်းပန်ရင်း၊ အဘွားကြီးကိုလည်း အတင်း နှင်ထုတ်နေမိပါတော့သည်။

ထိုအခါတွင်မှ အဘွားကြီးလည်း တစ်စုံတစ်ရာကို တွေးတော ကြောက်ရွံ့လာဟန်ဖြင့် နောက်ဆုတ် နောက်ဆုတ် ရွေ့သွားရာက ခပ်လှမ်းလှမ်းတွင် ချာခနဲ လှည့်ကာ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားလေတော့၏။

'အေး မင်းကတော့ နေရာတကာ သနားရ အားနာရ။ ကြည့်ပါလား၊ သူ ယူတာ တို့ သိပြီဆိုတာလည်းသိရော ဘယ်လောက် ကြောက်သွားသလဲ။ အင်းလေ မင်းပစ္စည်းပဲ။ မင်းက အဆုံးခံနိုင်မှတော့ ဘာတတ်နိုင်ပါ့မလဲ' ဟု မေမေက ကရုဏာဒေါသော ပြောလိုက်ရာ၊ ဒေါ်ဒေါ်ကြီးနှင့် မေမေကြီးတို့ကလည်း ဖောင်တိန်ယူသူကို လက်ပူးလက်ကြပ်မိထားပါလျက်နှင့် ကျွန်တော့်ကြောင့် လွှတ်လိုက်ရပါသည်ဟု မကျေမနပ် ပြစ်တင်ပြောဆိုနေကြတော့၏။

'ဒီအရွယ်ကြီးကျမှ သူမို့လို့ လုပ်ရဲတယ်တော်၊ ငရဲမကြောက်ဘူး ထင်ပါရဲ့' ဟု မေမေကြီးက ပြောလိုက်ရာ မေမေက–

'မဟုတ်ဘူးလေ အစ်မ၊ ဆင်းရဲလွန်းအားကြီးတော့လည်း ငရဲ ဘယ် ကြောက်ပါတော့မလဲ။ အရွယ်နဲ့ မဆိုင်ပါဘူး၊ ဆင်းရဲတော့လည်း မက်မော တတ်တာပဲ'

'ကြည့်ရတာ သိပ်လည်း စိတ်နှံ့ပုံ မရဘူး။ ဘာရယ်လို့ မဟုတ်ဘူး၊ ပြောင်ပြောင် လက်လက်ကလေး မြင်တာနဲ့ ကောက်ထားလိုက်တာ ထင်ပါရဲ့' ဟုလည်း ဒေါ်ဒေါ်ကြီးက ထင်ကြေးပေးလိုက်ပြန်ပါသည်။

'ကဲ လာကြပါ မေမေတို့ရှာ၊ ပြီးတာ ပြီးပါစေတော့။ အဘွားကြီး ယူတာ မဟုတ်ရင်လည်း ဆက်ပြောနေကြလို့ ငရဲကြီးရုံပဲ ရှိပါလိမ့်မယ်။ ယူသွားတယ် ဆိုဦးတော့ ကျွန်တော် မနမြောတော့ပါဘူး' ဟု ကျွန်တော်က မေမေတို့အား ဖွတ်ဆွဲခေါ်ခဲ့၏။

ထိုအခိုက် တဲနားသို့ ညီညီ ရောက်လာသဖြင့် ဒေါ်ဒေါ်ကြီးက ဆီး၍–

'မင်းကိုကို့ ဖောင်တိန်အသစ်ကလေးတော့ ပါသွားပြီ။ ရေချိုးကြတုန်း သစ်ငုတ်တိုပေါ် တင်ထားခဲ့သတဲ့။ မပါ ခံနိုင်ရိုးလား' ဟု ကျွန်တော့်ကိုလည်း အပြစ်တင်ရင်း ညီညီ့ကိုလည်း ပြောပြလိုက်လေ၏။ ညီညီကလည်း–

'ကိုကိုက ဒီလိုပဲ အရမ်း အရမ်း ထားနေကျပဲ' ဟု အပြစ်တင်လေသည်။

ညီညီမှာ ကျွန်တော့် ထက်အောက် ဒုတိယ ညီငယ်ပင် ဖြစ်သော်လည်း အစစအရာရာတွင် ကျွန်တော့်ထက် စည်းစနစ်ရှိသူ၊ လုပ်တတ်ကိုင်တတ်ရှိသူ၊ ဖျတ်လတ် သွက်လက်သူအဖြစ် တစ်အိမ်သားလုံးက အသိအမှတ်ပြုထားသူ ဖြစ်သောကြောင့် နေ့ရာတကာတွင် ကျွန်တော့်အပေါ်၌ ဆရာ လုပ်လေ့လုပ်ထ ရှိခဲ့သည်။ ယခုလည်း သူသည် ကျွန်တော့်အား ပြစ်တင်စကား ပြောပြန်လေပြီ။ ရုတ်တရက်တော့ ကျွန်တော့်မှာ ဒေါသ ထောင်းခနဲ ထွက်သွားမိရာက–

'အရမ်းထားတာ မဟုတ်ဘူးကွ၊ သစ်ငုတ်ပေါ် သေသေချာချာကြီး တင်ခဲ့တာ။ ယူတဲ့ လူက ယူတာတော့ ဘယ့်နှယ့်မှ မတတ်နိုင်ဘူး။ အို... ပျောက်တာလည်း ပျောက်ပြီးပြီ၊ ဒီအကြောင်း ထပ်မပြောကြပါနဲ့တော့ဗျာ' ဟု အားလုံးကို ခြိမ်း၍ အော်ဟစ် တောင်းပန်သည်အထိ ဖြစ်မိ၏။

'ကြည့် မေမေ၊ ကိုကိုက ပျောက်တာ ပျောက်ပြီးပြီတဲ့၊ ဟော့ မင်း တကယ်ပြောတာနော်၊ ပျောက်တာ ပျောက်ပြီးပြီနော်။ ဒီမယ် မေမေ၊ သူက ပျောက်သွားပြီးပြီဆိုပြီး မထူးတော့လို့ ဒီလိုပြောနေတာ။ သူ့ဖောင်တိန် သူ နမြောတာပေါ့၊ ပြန်လိုချင်တာပေါ့။ ကြည့်ပါလား၊ သူ့မျက်နှာကြီးကို ပျက် နေတာပဲ'

'ဟော့... တော်ဆို တော်ကွာ၊ ငါ စိတ်ဆိုးမိလိမ့်မယ်'

'အလကား မေမေရ၊ သူ့အပြစ်နဲ့သူ ပျောက်လို့ အလကား ဒေါပွနေတာ။ တကယ်လို့ ထားခြင်းထားရင် ဖောင်တိန်ရော အင်္ကျီရော တဲပေါ် တက်

ထားမှပေါ့။ ဒီလိုထားရင် အပျောက်တောင် နည်းသေးတယ်။ အကျီပါ ယူမသွားတာ ကံကောင်း'

ညီညီသည် သွေခါးကြားထဲမှ ပတ်ကားဖောင်တိန်ကလေးကို ထုတ်ယူလိုက်ပြီးနောက်–

'ရော့ပါကွာ မင်းဖောင်တိန်၊ နောက် သေသေချာချာမှတ်။ ဘယ်တော့မှ ပစ်စလက်ခတ် မထားနဲ့၊ ဒါ သင်ခန်းစာပဲ။ ညီညီသာ သိမ်းမထားရင်လည်း တစ်ယောက်ယောက်...'

ဆက်၍ နားမထောင်မိတော့ပါ။ ညီညီ ဘာတွေ ဆက်ပြောနေသည်ကိုလည်း မကြားလိုတော့ပါ။ ညီညီ လှမ်းပေးသော ဖောင်တိန်ကိုပင် မယူမိတော့ဘဲ ကျွန်တော်သည် ခုနကလေးက အဘွားကြီး ထွက်သွားရာဘက်သို့ အတင်းပြေးလိုက်မိပါတော့သည်။ မျက်စိများတွင်လည်း မေမေတို့တစ်တွေ၏ စွပ်စွဲချက်များအလယ်၌ မလှုပ်သာ မယှက်သာအောင် တစ်ဖက်သတ် ခံသွားရရှာသည့် အဘွားအို၏ သနားစဖွယ် မျက်နှာကြီးကိုသာ မြင်နေပါတော့သည်။ အဘွားကြီးကို တွေ့လိုက်သည်နှင့် သူ့ခြေဖမိုးကို ဦးတိုက်ကာ ရှိုး တောင်းပန်မည် ဟူသော စိတ်ဖြင့် ကျွန်းတစ်ခုလုံး အနှံ့အပြား ပြေးလွှားရင်း အဘွားကြီးအား ဒေါင်းတောက်အောင် ရှာနေမိပါတော့၏။ အသက်ရှူ မောလာသည်အထိ ကျွန်းအနှံ့ ချောင်ကြိုချောင်ကြားပါမကျန် ရှာဖွေပါသော်လည်း အဘွားကြီးကို ရှာမတွေ့နိုင်သေးပါ။

ဤသို့ အပြေးအလွှား ရှာနိုက် ငါ့ဖောင်တိန်ကြောင့် စ ဖြစ်ရတာပဲ၊ ငါ့ အပြစ်ပဲ၊ အဘွားကြီး ခံလိုက်ရသမျှ ငါ့ကြောင့်ပဲ စသည်ဖြင့် မိမိကိုယ်မိမိ အပြစ်တင်ရင်း ငိုချင်စိတ်များပင် ပေါက်မိတော့၏။ ရင်ထဲ၌လည်း အမည်မဖော်တတ်သော ဝေဒနာတစ်ရပ်ကို တစ်ဆို့ဆို့ကြီး ခံစားနေမိပါ၏။ စောစောပိုင်းက ထိုအဘွားကြီးနှင့် စပ်လျဉ်း၍ တွေးတော စဉ်းစားမိပုံများကိုလည်း ပြန်လည် သတိရလာမိသောအခါ ကျွန်တော် တွေးမိသလို အဘွားကြီးသည် တကယ်ပင် ဆွေမျိုးသားချင်းများနှင့် ကွေကွင်းနေရှာသူ တစ်ကောင်ကြွက်ဒုက္ခသည်ကြီးတစ်ဦး ဖြစ်နေမည် ဆိုပါလျှင်၊ သူက ဆွေမျိုးအပေါင်းအား တွေ့ဆုံရသည့်ပမာ အားကိုးအားထားပြုရသလောက် သူ့အပေါ် မဟုတ်မတရား စွပ်စွဲ ရက်စက်ကြသူများအား မည်မျှ အံ့ဩဝမ်းနည်း ယူကျုံးမရ ဖြစ်ရှာလိမ့်မည်နည်း။ အကြောင်းမဲ့သက်သက် မိမိ စိတ်ဒုက္ခကို ဖန်တီးလိုက်သူများအား

မည်မျှလောက် စက်ဆုပ်ရွံရှာလိုက်မည်နည်း စသည်ဖြင့် စဉ်းစားမိရင်း မျက်ရည်များပင် ကျမိရာက အဘွားကြီးကို မရမက တွေ့အောင် ရှာပြီး သူ့ခြေဖမိုးများကို မျက်ရည်နှင့်ပွတ်၍ ကန်တော့လိုစိတ်၊ တောင်းပန်လိုစိတ် များသာ တဖွားဖွား ပေါ်ပေါက်မိပါတော့သည်။

တဲငယ်တစ်ခု အနီးတွင် ယောကျ်ားကြီး တစ်ယောက်အား တွေ့လိုက်ရသဖြင့် ကျွန်တော်က 'ဆရာကြီး၊ အဘွားကြီး တစ်ယောက်များ ဒီဘက် လာတာ မြင်မိသလား' ဟု မေးလိုက်မိ၏။

'ဘယ်က အဘွားကြီးလဲ၊ ဆရာတို့နဲ့ လာတဲ့အထဲကလား' ဟု သူက ပြန်မေးလိုက်သည်။

'မဟုတ်ဘူး၊ အဝတ်အစား ဆင်းဆင်းရဲရဲနဲ့ သူတောင်းစားလို အဘွားကြီးဗျာ၊ ခုနတုန်းက ကျွန်တော်တို့ တဲနား လာနေသေးတယ်'

'ဪ... ဟို ရူးနေတဲ့ အဘွားကြီးကို မေးနေတာကိုး၊ ကျွန်တော်က ဆရာတို့အထဲက အဘွားကြီး တစ်ယောက်ယောက်ကိုများ မေးနေသလားလို့'

ယောကျ်ားကြီး၏ စကားကို ကြားလိုက်မိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့် ပါးစပ်မှ 'ဟင်... ရူးနေတယ်' ဟု ထွက်သွားမိသလိုပင် ကျွန်တော့် ဦးနှောက်များသည်လည်း ချာချာလည်သွားပါတော့သည်။ ရုတ်တရက် မူးမိုက်သွားမတတ် ခံစားလိုက်မိပါ၏။

'ဟုတ်တယ် ရူးနေတယ်၊ ခုနကတင်ပဲ လမ်းမကြီးဘက် ထွက်သွားပြီ ဆရာ' ဟူသော ယောကျ်ားကြီး၏ အသံကို ကြားရတော့မှ ကျွန်တော်လည်း လမ်းမကြီးဘက်သို့ ပြေးလိုက်၍ ရှာပါသေးသည်။

အဘွားကြီးကား အရိပ်အယောင်ပင် မမြင်ရတော့ပါ။ နောက်ဆုံး၌ စိတ်လျှော့၍ ပျော်ပွဲစားရာဆီသို့ ဖင့်နွဲ့လေးကန်သော ခြေလှမ်းများဖြင့် လျှောက်ခဲ့မိပါသည်။ တစ်လမ်းလုံးတွင် အဘွားကြီး အကြောင်းကိုသာ စဉ်းစားမိရင်း စိတ်ဝေဒနာကို ဆက်၍ ခံစားရတော့၏။ ကျွန်တော်တို့တစ်တွေ၏ မိုက်မဲမှုသည် စိတ်နောက်နေရှာသူ တစ်ဦးကိုပင် ထိခိုက်သွားစေပြီဟု ထင်မိပါသည်။ အဘွားအိုသည် စိတ်မနှံ့သူ ဖြစ်သော်လည်း ကျွန်တော်တို့ ရွပ်စွဲ ပြောဆိုသမျှကို နားလည် သဘောပေါက်သွားခဲ့ပုံ ရလေသည်။ ဖောင်တိန်ကို ယူသလားဟု မေးကြစဉ်အခါက သူသည် "မယူဘူး မယူဘူး" ဟု ငြင်းသွားရှာသေးသည်။

ကျွန်တော်တို့ ပြောသမျှ အားလုံးကို နားမလည်ဘူး ထားဦးတော့၊ တစ်စုံတစ်ခုကို ယူထားသည်ဟု သူ့အပေါ်၌ စွပ်စွဲကြကြောင်းကိုမူကား နားလည်သွားပုံရလေသည်။

ကျွန်တော်တို့တစ်တွေကား အပြစ် အကင်းစင်ဆုံးသော စိတ္တဇ ဒုက္ခသည် တစ်ဦးကိုပင် မိုက်မိုက်မဲမဲ ရက်စက် ပြစ်မှားမိလိုက်ကြပါပြီ။ ဤပြစ်မှုကိုကား တစ်သက်နှင့်တစ်ကိုယ် မေ့နိုင်စရာ အကြောင်းမရှိတော့ပြီ။

ကျွန်တော် တဲဆီသို့ ပြန်ရောက်ခဲ့သော အချိန်၌ မေမေတို့တစ်တွေ နေ့လယ်စာ ကော်ဖီနှင့် ပေါင်မုန့်များ စားရန် ပြင်ဆင်နေကြ၏။ ကျွန်တော့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်စိတ်ကို သိတတ်သော မေမေက–

'စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ သားရယ်၊ မင်းလည်း စာတွေ ရေးနေတဲ့လူပဲ။ အကြောင်းဆိုတာ ဆုံဆုံစည်းစည်း ဖြစ်တတ်တာပဲပေါ့။ ငါတို့လည်း နည်းနည်းမှ စိတ်မကောင်းပါဘူးကွယ်' ဟု စိတ်ဖြေစကား ပြောလိုက်လေ၏။

'ကျွန်တော်တော့ တစ်သက်လုံး စိတ်မကောင်း ဖြစ်နေတော့မှာပဲ။ အဘွားကြီးက အရူးကြီးတဲ့ မေမေ၊ အရူးကြီးတဲ့' ဟူသော ကျွန်တော့်အသံမှာ ငိုသံပါသွားပါသည်။

'ဟင်...၊ အရူး' ဟု အားလုံးက အံ့အားသင့်သွားကြလေ၏။

'ဟုတ်တယ် ရူးနေတယ်၊ ရူးနေတဲ့လူတောင် ကျွန်တော်တို့ အရမ်းကာရော စွပ်စွဲလို့ ရူးရတဲ့အထဲ စိတ်မကောင်းဖြစ်သွားရရှာပြီ မေမေ၊ ဘယ်မှာ စိတ်ကောင်းနိုင်စရာ ရှိသလဲ။ ကျွန်တော်တော့ တောင်းပန်မလို့ လိုက်တာ'

'မတွေ့တော့ဘူးလားကွယ်' ဟု ဒေါ်ဒေါ်ကြီးက ကရုဏာသံဖြင့် မေးလိုက်သည်။ ကျွန်တော်က ခေါင်းခါပြရုံနှင့်သာ အဖြေပေးနိုင်တော့၏။

'ဒီလိုပေါ့ ငါ့မြေးရယ်၊ သူ့မှာလည်း ရှေးဘဝက ဝိဘာဂဝဋ် မကင်းရှာလို့ ဖြစ်မှာပေါ့။ မေမေကြီးလည်း နည်းနည်းမှ စိတ်မကောင်းပါဘူးကွယ်။ ဒါကြောင့် ရှေးစကားရှိတာပေါ့၊ ဥစ္စာပျောက် ငရဲရောက်တဲ့၊ မေမေကြီးတို့လည်း ငရဲတော့ ကြီးသွားပြီ ငါ့မြေးရယ်' ဟု မေမေကြီးက နောင်တရသော အသံတုန်ကြီးဖြင့် ပြောလိုက်သည့် အခါတွင်မူ ကျွန်တော့်နားထဲ၌ကား မေမေကြီး ပြောပြသည့် ရှေးစကားနှင့် မဆိုင်သော အခြား ရှေးစကားတစ်ခုကို ကြားယောင်လိုက်မိပါတော့သည်။

"မရှိ ခိုးနိုး၊ မလှ စုန်းရိုး' ဟူသော ရှေးစကားတစ်ခုသည် မရှိနွမ်းပါး သူ ဆိုလျှင် ခိုးလိမ်နိုးနှင့် အလွယ်တကူ စွပ်စွဲရန် မခဲယဉ်းသည့် ကျွန်တော် တို့လို လူတွေအဖို့ သင်ခန်းစာ ပေးခဲ့သော သတိပေးစကားများ ဖြစ်ပေလိမ့် မည်။

ထိုနောက် မေမေက ကော်ဖီနှင့် မုန့်များ ကျွေးသည်ကိုလည်း စားလို စိတ် လုံးဝ မရှိတော့ပါ။ မျက်စိထဲ၌ အဘွားအိုကြီး၏ မျက်နှာကိုသာ တစ်ရစ်ဝဲဝဲ မြင်ယောင်နေမိပါတော့သည်။ ထို ညနေပိုင်း အင်းလျားမှ အိမ်သို့အပြန် လမ်း တစ်လျှောက်လုံးတွင်လည်း ကျွန်တော်သည် လမ်းဘေး တစ်ဖက်တစ်ချက် တွင် အဘွားကြီးကိုများ တွေ့လေဦးမည်လားဟု မျက်စိဒေါင်းတောက် ရှာ သွားမိတော့၏။

ထိုအခါမှစ၍ လမ်းပေါ်တွင် တွေ့ဆုံ ကြုံကြိုက်ရလေသမျှ အသက် (၆၀) ရွယ် အဘွားအိုကြီးများကို မြင်မိသည့်အခါတိုင်း၊ ကျွန်တော်တို့နှင့် အင်းလျားတွင် တွေ့ခဲ့ဖူးသော အဘွားကြီးများလားဟု ကြည့်ရှုရသည်မှာ ကျွန်တော့်အဖို့ စိတ္တဇရောဂါ တစ်ရပ်ပမာ စွဲကပ်နေခဲ့တော့သည်။ ။

*

ယခုမူ ဆယ်နှစ်ကျော် ဆယ့်နှစ်နှစ်တွင်းသို့ပင် ရောက်ခဲ့ပေပြီ။

မေမေကြီးပင်လျှင် လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့လေပြီ။ ညီညီ၊ အတူးနှင့် စမ်းစမ်းတို့မှာလည်း အိမ်ထောင် ရက်သားများ ကျကာ သားသမီးတွေပင် ရလျက် ရှိကြပြီ။ တစ်ခါတုန်းက အင်းလျားကန်တွင် ဆုံတွေ့ခဲ့ရသည့် အဘွားအိုအား မဆိုထားဘိ။ နှစ်နှစ်ကျော် ကမှ ကွယ်လွန် အနိစ္စရောက်ခဲ့သော ကျွန်တော့် ဘွားအေအရင်း မေမေကြီး၏ မျက်နှာပုံပန်းသဏ္ဌာန်ကိုပင် စိတ်ကူးရုံမျှဖြင့် ဆက်စပ် အစဖော်လို့ မရချင်ချင် ဖြစ်နေပြီ။

သို့နှင့်ပင် တစ်နေ့က ကမာရွတ် ဂါတ်တဲအပိုင်း ခတ်ဆီဆိုင်ရှေ့ လူသွားစင်္ကြံပေါ်တွင် ပုဆစ်ဒူးတုပ် ထိုင်ကာ ပိုက်ဆံတောင်းခံနေသော အဘွား အို တစ်ယောက်အား မတ်စေ့ တစ်စေ့ လှူဒါန်းမိရင်းက ရင်ထဲ၌ လှုပ်ရှား သွားမိကာ အမည်မဖော်နိုင်သည့် ဝေဒနာတစ်ရပ်ကို ခံစားလိုက်မိပါ၏။ တကျွသိုလ် အဓိပတိလမ်းဘက် တဖြည်းဖြည်း လျှောက်ခဲ့မိစဉ် မိမိ ရင်ထဲက

လှုပ်ရှားမှုကို စိတ်အေးအေးနှင့် တွေးတောစစ်ကြောမိသော အခါတွင်မှ ယခင်ဆယ်နှစ်ကျော်ကာလကို ပြန်လည် စဉ်းစားမိတော့ကာ၊ မေ့လုမတတ် ရှိခဲ့သည့် ဤအဖြစ်ဟောင်းကလေးကို အမှတ်ထင်ထင် မြင်ယောင် သတိရလာမိခြင်း ဖြစ်ပါသည်။ ။

[ ရှုမဝ၊ ဇူလိုင် ၁၉၅၈ ]

## ပွန်တီယက်နှင့် ရုပ်စုလာ

ကွန်တီနင်တယ် ကိတ်မုန့်တိုက် ဆင်ဝင်အောက်ရှိ စာအုပ်ဆိုင်ကလေးများတွင် စာအုပ်များ လှန်လှော ရှာဖွေလျက် ရှိသူများပင် မိမိတို့ ရှေ့မှောက်လမ်းပေါ်၌ ဖြစ်ပျက်သွားခဲ့သည့် ဤဝတ္ထုလေးကိုတော့ ဂရုပြုလိုက်မိကြမည်မဟုတ်ပေ။

ထိုနေ့က ကာလတန် ရုပ်ရှင်ရုံတွင် ပြသလျက်ရှိသော နာမည်ကြီးဇာတ်ကားတစ်ခုကို (၄) ကျပ်တန်းမှ မရမက ဝယ်ယူ ကြည့်ရှုပြီး ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ သူငယ်ချင်းပေါင်း (၆) ယောက်တို့ ကြည့်ရှုရာ၌ ကုန်ကျသော ရုပ်ရှင်ဖိုး (၂၄) ကျပ်ကို ကျွန်တော်ကပင် ထုတ်ပေးခဲ့ပြီး၊ တရုတ်တန်းဟိုတယ်တစ်ခုတွင် အားလုံး၏ စိတ်ကြိုက် ကျွေးမွေးပြုစုရန်ကိုတော့ တခြားတစ်ယောက်က တာဝန်ယူပါသည်။

တစ်ယောက်သော သူကလည်း (၅၅) စီးကရက် သံဘူး တစ်ဘူးကို ဝယ်ယူပြီးနောက် အားလုံးကို တည်ပါသေးသည်။ ထို့နောက် ကျွန်တော်တို့သည် "ဘိုင်စကုတ်ဖြင့် ကြည့်လို့ ဝကြပြီ၊ တရုတ်တန်းကျမှ အားရပါးရစားလိုက်ဦးမည်၊ သောက်လိုက်ကြဦးမည်" ဟု စိတ်ထဲက ကြုံးဝါးရင်း ထွက်ခဲ့ကြစဉ်မှာပင် ဤအဖြစ်အပျက်နှင့် ကြုံတွေ့ရခြင်း ဖြစ်၏။

ကားတစ်စီး ကျွိခနဲ ဘရိတ်ဖမ်းအုပ်သံကို ကြားလိုက်ရ၏။ အသံလာရာဆီသို့ ကြည့်လိုက်ရာတွင် ကုလားကြီး တစ်ယောက်အား ပွန်တီယက်

ကားနက်ကြီး တစ်စီးက မသိမသာ ပွတ်ကပ်၍ တိုးသွားကြောင်း မြင်လိုက်ရသည်။

ဤအဖြစ်အပျက်သည် အစက အဆုံး တစ်မိနစ်ခန့်မျှသာ ကြာပါလိမ့်မည်။ ကုလားကြီး တစ်ယောက်အား ကားနက်ကြီး တစ်စီးက ဝင်တိုးလိုက်သည်။ နောက် တစ်မိနစ်မျှ ကြာသောအချိန်၌ ကားနက်ကြီးက သူ့လမ်းသူ ဆက်မောင်းသွားသည်။ ကုလားကြီးကလည်း သူ့လမ်းသူ ဆက်လျှောက်သွားသည်။

ဒါပဲ ဖြစ်၏။ အင်မတန်မှ မဆန်းသည့် တွေ့နေကျ၊ မြင်နေကျ အဖြစ်အပျက် ရိုးရိုးကလေးမျှသာ ဖြစ်လေသည်။

ကားတိုးခံရသူ ကုလားကြီးမှာ ချစ်ဆွေ စာဖတ်သူတို့ မြင်တွေ့နေကျ၊ တစ်ခါတစ်ရံ ကိုယ်တိုင်ပင် ခေါ်ယူ ဝယ်စားဖူးမည့် "မလိုင်၊ ရပ်စဝူလာ၊ ဂျလေဘီ" စသော ကုလား သရေစာမုန့် အမျိုးမျိုးတို့ကို လင်ပန်းတစ်ခုနှင့် ရွက်၍ လည်းကောင်း၊ ဝယ်ယူ စားသောက်လိုသူများ တွေ့လျှင် မုန့်လင်ပန်းကို ချက်ချင်း လွယ်လင့်တကူ ထောက်လျက် ရောင်းချနိုင်ရန် အောက်ခံဝါးထောက်ကလေးကို ပခုံးတွင် ချိတ်သိုင်း၍ လည်းကောင်း တစ်နေကုန် တစ်နေခန်း၊ တစ်လမ်းဝင် တစ်လမ်းထွက် မောကြီးပန်းကြီး ချွေးဒီးဒီးဖြင့် ဟကြော်ကြော် အော်ဟစ် ရောင်းချတတ်သည့် ကုလားကြီးမျိုး ဖြစ်ပါသည်။

မရှိ ဆင်းရဲသည်မှာ အမှန်ပင် ဖြစ်သော်လည်း ဖြူစင် သန့်ရှင်းသော ဒိုတီကို သပ်ရပ်စွာ ခါးတောင်းကျိုက်ကာ ပိတ်အင်္ကျီဖြူဖြူကို ဝတ်ဆင်ထားသဖြင့် မြင်တွေ့သူ ဝယ်ယူ စားချင့်စဖွယ် ရှိ၏။

ယခု သူ့အား ကားနက်ကြီးက ဝင်တိုးလိုက်ရာတွင်မူ ခေါင်းပေါ်မှ မုန့်လင်ပန်းမှာ ချားရဟတ် လည်လျက် လွင့်စဉ်သွားသည့်နည်းတူ ပခုံးမှ အောက်ခံ ဝါးထောက်ကလေးမှာလည်း ခပ်လှမ်းလှမ်းသို့ ပြုတ်ကျသွားလေသည်။

လင်ပန်းထဲမှ ရပ်စဝူလာမုန့် ထည့်သည့် ဒန်အိုးကလေးနှင့်တကွ မုန့်အမျိုးမျိုးတို့မှာ လက်ဖြင့် ကြဲဖြန့် လွှင့်ပစ်လိုက်သကဲ့သို့ မိမိ ဘေးပတ်လည်တွင် လွင့်စဉ် ပြန့်ကျဲကုန်တော့၏။

ရုတ်တရက်တွင်မူ ကုလားကြီးမှာ ကား၏ အရှိန်ကြောင့် ဒူးများ ကွေး၍ သွားသော်လည်း၊ ချက်ချင်းပင် အားယူလျက် ပြန်ထလိုက်ကာ ခြေထောက်နင်း ထောက်နင်းနှင့် လျှောက်ရင်း ကတ္တရာစေး လမ်းပေါ်၌ ဟိုတခြား၊

သည်တခြား လွှင့်စဉ် ပြန့်ကျဲလျက်ရှိသော မုန့်များကို ကပျာကသီ မောကြီးပန်းကြီး လိုက်လံ ကောက်ယူရန် ကြိုးစားလေတော့သည်။

သူ့မျက်နှာကြီးမှာကား သူ့ မုန့်များအတွက် ယူကျုံးမရ နှမြောတသနေဟန် ထင်ရှားလှပေသည်။

မော်တော်ကားများမှာလည်း လမ်းအလယ်၌ ဟိုပြေး သည်ပြေးနှင့် မုန့်တွေ လိုက်လံ ကောက်ယူနေသော ဤကုလားကြီးကြောင့် ရှေ့ဆက် မမောင်းနိုင်ကြသဖြင့် ဘတ်ထရီ ဟွန်းများကို တရုတ် မင်္ဂလာဆောင်ကဲ့သို့ တပွီပွီ တီးနေကြတော့၏။ ကားသမားအချို့ကတော့ ကားပြတင်းများမှ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးတွေကို ပြူထုတ်ကာ ဒေါသတကြီး ဆဲဆို အော်ငေါက်ကြပါသည်။

ကုလားကြီးမှာလည်း ဆဲသံ ဆိုသံ၊ အော်ငေါက်သံများနှင့် ကားဟွန်းသံများကြောင့် ရုတ်တရက်တော့ လန့်ဖျပ်သွားဟန်နှင့် တစ်ခဏ မော်ကြည့်လိုက်သေးသော်လည်း၊ လမ်းပေါ်မှ ရှောင်ဖယ်ပေးရန်ကိုမူကား သတိမရနိုင်သေးဘဲ မုန့်များကိုသာ တုန်ယင်သော လက်များဖြင့် ကြောက်အား လန့်အား ကောက်မြဲ ကောက်နေလေတော့၏။

ကားတို့မှာ ဘက်ထရီဟွန်းများကို နားငြီးလာစေသည်အထိ စိတ်ဆိုးမာန်ဆိုး အသံကုန် တီးကြပြန်သည်။ ကားအချို့ကတော့ သည်းမခံနိုင်တော့ဟန်ဖြင့် ဒေါသတကြီး ဝီခနဲ၊ ကျွီခနဲ နေအောင် ကုလားကြီးအား ကွေ့ပတ်ရှောင်ပြီး မောင်းနှင်သွားကြတော့သည်။ ကုလားကြီးနား ပွတ်သီးပွတ်သပ် တမင်သက်သက် ကပ်မောင်းကြရင်းကပင် ဒေါကြီးမောကြီးနှင့် အမျိုးမျိုး မိုးမွှန်အောင် ဆဲရေး တိုင်းထွာသွားလိုက်ကြသေးသည်။

သို့သော် ကုလားကြီးမှာကား မိမိ ရှေ့မှောက် ပတ်ဝန်းကျင် လောကကြီး တစ်ခုလုံးဝယ် ဘာတွေ ဘယ်သို့ ဖြစ်ပျက်နေသည်ကိုပင် မြင်နိုင်ရှာဟန်မတူ။ ထို တခဏ်ပဟာန် အချိန်ကလေး၌မူ သူသည် သူ့မုန့်များမှ လွဲ၍ အခြားဘာကိုမှလည်း သတိရတော့ပုံ မရချေ။ ကားအချို့က တက်ကြိတ်သွားသဖြင့် ပြားချပ် ကြေမွပျက်စီးနေပြီ ဖြစ်သော မုန့်များကိုပင် သူသည် တုန်ယင်သော လက်များဖြင့် တယုတယ လိုက်လံ ပြေးကောက်နေသေးတော့၏။

သူ့ကို ကြည့်ရသည်မှာ မီးဟုန်းဟုန်း တောက်လောင်နေသည့် အိမ်အတွင်း၌ ကျန်နေရစ်သော မိမိရင်သွေး ကလေးငယ်များအား ကယ်ဆယ်ရန် ဝင်လိုသည်က တစ်မျိုး၊ ဝင်ရန် ကြိုးစားသည့်အခါ၌ မီးတောက် မီးလျှံ

ဟပ်သဖြင့် ပုလောင်စွာ ခံစားရသည့် ဝေဒနာက တစ်ဖက်နှင့် ဘာကို လုပ်ရမှန်း မသိ၊ အရူးမီးဝိုင်း ဖြစ်နေရှာသူနှင့်လည်း တူလှပေ၏။

ဟိုပြေး သည်ပြေးနှင့် မုန့်များကို ကောက်ယူနေစဉ် သူ့ခေါ်မှာ နံဘေးပတ်လည်တွင် စုပြုံရပ်နေကြသော ကားပေါင်း မြောက်မြားစွာတို့ကို ကြည့်ရင်းကလည်း ကြောက်ရွံ့ ထိတ်လန့်နေရှာတော့သည်။ တစ်ချက် တစ်ချက် လမ်းဘေးမှ သူ့အား ဝိုင်းကြည့်နေကြသော လမ်းသွား လမ်းလာ ပရိသတ်များထံ အကူအညီတောင်းသော မျက်နှာငယ်ကလေးဖြင့်လည်း သနားစဖွယ် လှမ်း၍ ကြည့်တတ်ပါသေးသည်။ မည်သို့ပင်ဖြစ်စေ သူ့စိတ်ထဲ၌ လမ်းပေါ်တွင် ပြားချပ် ကြေမွနေပြီ ဖြစ်သော မုန့်စ မုန့်နကလေးများကိုပင် ချန်မထားခဲ့လိုသည့် ဆန္ဒရှိပုံ ရတော့၏။

သူသည် ကားကြီးတစ်စီး၏ ဘီးအောက်ထဲမှ ရုပ်စဝ့လာ ဒန်အိုးကလေးကို ကောက်ယူလိုက်ပြီးနောက်၊ ဒန်အိုးထဲ၌ မုန့်နှင့် သကြားရည်များ မရှိတော့သည်ကို ကြည့်ရင်း မျက်ရည်များ လည်လာလေသည်။

အတန်ငယ်ကြာတွင် လမ်းပြ ပုလိပ်တစ်ဦး သုတ်သီးသုတ်ပျာ ရောက်ရှိလာပြီးနောက် ကုလားကြီးအား လက်မောင်းက မ ၍ ဆွဲခေါ်သွားတော့ရာ၊ လမ်းပေါ်တွင် ခေတ္တမျှ ပိတ်ဆို့သွားခဲ့သည့် ကားကြီး၊ ကားငယ်၊ ကားရှယ်၊ ကားလတ်တို့လည်း သူတို့လမ်း သူတို့ အသီးသီး ဆက်မောင်းသွားနိုင်ကြတော့သည်။

အဖြစ်အပျက်ကို ခဏတစ်ဖြုတ် ရပ်ကြည့်နေမိကြသော လမ်းသွား ပရိသတ်အချို့တို့လည်း မိမိတို့လမ်း မိမိတို့ အသီးသီး ဆက်လျှောက်သွားကြတော့၏။

ကုလားကြီးသာလျှင် သူ့ မုန့်လင်ပန်းထဲရှိ ပြားကြေ ပျက်စီးလျက်ရှိသော မလိုင်မုန့်နှင့် ဂျလေဘီမုန့်ကလေးများကို မျက်ရည် ပြည့်လျှံသော မျက်လုံးကြီးများနှင့် ငုံ့ကြည့်လိုက်၊ နံဘေး ပတ်ဝန်းကျင်ဝယ်ရှိ လူအများထံ တိုင်တည် အသနားခံသည့် မျက်နှာကြီးဖြင့် မော်ကြည့်လိုက်နှင့်ပင် (၃၂) လမ်းကြားထဲသို့ ခေါင်းကြီး ငိုက်စိုက်နှင့် လျှောက်ဝင်သွားသည်ကို တွေ့လိုက်ရပါသည်။

ကျွန်တော့်အဖို့ အလွမ်းဝတ္ထုကောင်း တစ်ပုဒ်ကို ဖတ်ရှုပြီးခါစ ကြုံတွေ့ခဲ့ရဖူးသော ခံစားမှုမျိုးထက်ပင် ရင်ထဲ၌ ပို၍ အောင့်သက်သက်ကြီးနှင့် နာနေမိတော့၏။

မျက်စိသငယ် အားငယ်လှစွာဖြင့် ကယောင်ချောက်ချား ဖြစ်နေရှာခဲ့သော ကုလားကြီး၏ ဖြစ်အင်ကို လည်းကောင်း၊ ပေတစ်ရာ လမ်းမကြီးပေါ်တွင် ပြန့်ကျဲ ကြေမွလျက်ရှိသော မုန့်စ မုန့်နများကို လည်းကောင်း မျက်စိထဲမှ ပျောက်ဖျက်၍ မရနိုင်အောင်သာ ရှိပါတော့သည်။

ဤကုလားကြီး၏ မုန့်လင်ပန်းတစ်ခုလုံးကို ရေတွက်ခါမှ အလွန်ဆုံး ၄-၅ ကျပ်ဖိုးမျှသာ ရှိလိမ့်မည်။ ထို ၄-၅ ကျပ်ကား ကျွန်တော်တို့တစ်တွေ တစ်ထိုင်တည်းတွင် လေထဲ၌ ရှူးရှူးမှုတ်ထုတ်လိုက်သော စီးကရက် တစ်ဘူး၏ တန်ဖိုးမျှပင် မရှိပေ။ သို့သော် ကုလားကြီးကား ထို ၄-၅ ကျပ်ကို ပြန်ရနိုင်ပါမည့်အကြောင်း ကမ္ဘာလောက တစ်ခုလုံးကိုပင် တဒင်္ဂပဟာန် မေ့လျော့သွားသည့်အထိ ဇောချွေး အတန်တန် ပြန်မတတ် ကြိုးစားရှာခဲ့သေး၏။

ကျွန်တော်တို့အဖို့ဆိုလျှင် ရုပ်ရှင်ကို ၂၄ ကျပ်ဖိုး ကြည့်ရှုခဲ့ပြီးသည့်နောက်တွင်ပင် တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ကြသေးသည့်အလျောက် အစိတ်၊ သုံးဆယ်ထက် နည်းလိမ့်မည် မဟုတ်သော စားဖွယ်သောက်ဖွယ်များကို အဝအလင် စားသောက်ရန် တရုတ်တန်းဆီသို့ ဆက်၍ သွားကြပေဦးမည်။

သောက်တတ်သူများကလည်း အနည်းဆုံး အရက်၊ ဘီယာ နှစ်ဆယ်ဖိုးလောက်တော့ သောက်စား မူးယစ်ရပေလိမ့်မည်။

ဤကဲ့သို့ တစ်ညနေခင်းကလေးအတွင်း ငွေ လေးငါးခြောက်ဆယ်ထက် မနည်း ကျွန်တော်တို့အနေနှင့် ရက်ရက်ရောရော သုံးစွဲ ဖြုန်းတီး၍ကောင်းနေသော အချိန်မျိုးမှာပင် တစ်ဦးသောသူ တစ်ယောက်အဖို့မှာကား တစ်နေ့တာ ဝမ်းစာကလေးအတွက် အားကိုးအားထား ပြုနေရသော သူ၏ မုန့်လင်ပန်းကလေး ကားတိုးခံလိုက်ရရှာရုံနှင့်ပင် မျက်ရည် မြေကျ စိတ်ဆင်းရဲဒုက္ခကြီးစွာ ရောက်ရရှာပေသည် တကား။

'ဟော့လူ အောင်မာလေး၊ ကုလား ကားတိုက်တာကိုပဲ အထူးအဆန်းလုပ်ပြီး ကြည့်နေလိုက်ရတာ။ တကတဲ မယ်ဇမာ အလှပြတာ ကြည့်နေသလားလို့ အောက်မေ့ရတယ်။ လာပါဗျ ထမင်းဆာလှပြီ၊ သွားကြရအောင်' ဟူသော အသံကို ကြားလိုက်ရတော့မှပင် ကျွန်တော်သည် အပေါင်းအဖော်များနှင့်အတူ တရုတ်တန်းဘက် ဆက်၍သွားရန်ကို သတိရမိပါတော့သည်။ ။

[ ရှုမဝ၊ ဇန်နဝါရီ ၁၉၅၅ ]

# ငိုခွဲ

## (၁)

၁၉၄၆ ခုနှစ်လောက်က သူတို့အား စတင် တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

လူသွားလူလာ ရှုပ်လှသော "ဖရေဇာ" လမ်းနံဘေး စင်္ကြံပေါ်ရှိ လူတစ်အုပ်၏ အလယ်တွင် စတင် တွေ့ခဲ့ရပါသည်။ သူတို့အား ဝိုင်းအုံကာ ကြည့်နေကြသည့် ထိုလူအုပ်၏ မျက်နှာများ၌ ကရုဏာသက်ခြင်း၊ ကျေနပ် နှစ်သိမ့်ခြင်း အရိပ်အယောင်ကလေးများ ယှက်သန်းလျက် ရှိကြ၏။ လူအုပ်သည် တစ်ယောက် ပခုံး တစ်ယောက် ကျော်၍ သူတို့အား စိတ်ပါဝင်စားစွာ ကြည့်ကြ၏။

တစ်ခါတစ်ရံ တွေတွေငေးမော၍ ကြည့်ကြသည်။

တစ်ရံတစ်ခါ အံ့သြဘနန်း အထူးအဆန်းသဖွယ် ကြည့်ကြသည်။

ရံဖန်ရံခါတွင်မူ ကျေနပ် နှစ်သိမ့် ပီတိစိမ့်သော အပြုံးတို့ဖြင့် ကြည့်တတ်ကြ၏။

ကျွန်တော်သည်လည်း ထိုလူအုပ်ကြားသို့ တိုးဝင်ကာ ထိုသူများနည်းတူ အာရုံစံစားနေမိပါတော့သည်။ ကျွန်တော့် နံဘေးမှ အချို့သူများကမူ သူတို့ကို ကြည့်ရင်း တစ်ဦးနှင့် တစ်ဦး တီးတိုး ရေရွတ်ပြောဆိုလျက် ရှိကြ၏။ အချို့မှာ အင်္ကျီအိတ်တို့တွင် လက်နှိုက်ကာ ပိုက်ဆံများ ပစ်ပေး၍ ထွက်သွားတတ်လေသည်။ အချို့မှာတော့ သူတို့အနား၌ နတ် က ရာ ကြည့်မောဖြစ်ကာ မိမိတို့ သွားလိုရာလမ်းကိုပင် ဆက်မသွားမိကြဘဲ အချိန်ကုန်သွားတတ်ကြ၏။

လမ်းသွားလမ်းလာ ဟူသမျှ သူတို့ကို ရပ်ကြည့်မသွားမိသူ ရှားလှချေ၏။ ရပ် မကြည့်မိဦးတော့၊ မသိမသာ ခေါင်းငဲ့၍ကား ကြည့်သွားတတ်ကြစမြဲသာ ဖြစ်သည်။

ထိုနေရာ တစ်ဝိုက်ဝယ် ပေတစ်ရာ လမ်းမကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်လျက် ရှိကြကုန်သော မော်တော်ကား၊ မြင်းရထား၊ ဆိုက်ကားစသော ယာဉ်ရထားတို့၏ အသံဗလံများဖြင့် ဆူညံနေပါသည်။ သို့သော် သူတို့တစ်တွေ၏ ဘေးပတ်လည်ရှိ လူအုပ်၏ နားတို့၌ကား ထို ဆူဆူညံညံ အသံဗလံများကို မကြားမိသယောင် ရှိတော့သည်။

သူတို့ထံမှ ပေါ်ထွက်လာသည့် သာယာ ငြိမ့်ညောင်းသော တေးဂီတသံကိုသာ အာရုံ ခံစားလျက် ရှိကြ၏။ ဝါး ပတ္တလားသံနှင့်အတူ ရောကပ်၍ ပါလာသော သီချင်းသံတို့သည် လူတကာ၏ စိတ်ကို ဆွဲဆောင်နေခြင်း ဖြစ်၏။ ထို ပတ္တလားသံနှင့် သီချင်းသံတို့မှာ–

တစ်ခါတစ်ရံ လူတကာအား လွမ်းဖွယ် ဖန်တီးပေးလေသည်။

တစ်ရံတစ်ခါ စိတ်ကြည်နူးစေသည်။

ရံဖန်ရံခါတွင် ပျော်ရွှင် မြူးထူးသွားစေတတ်၏။

ကျွန်တော်သည်လည်း လူအုပ်နှင့် အတူပင် သူတို့၏ တေးဂီတလှိုင်းဝယ် အာရုံမြောလျက် ရှိတော့သည်။ ကျွန်တော်တို့ အားလုံးမှာ သူတို့ သီဆိုဖျော်ဖြေလေသမျှ တေးဂီတများကို နားထောင်ရင်းက သူတို့တစ်တွေအား နှစ်သက် သဘောကျလာမိတော့၏။ သူတို့အပေါ်၌ သနားကရုဏာမိုး ရွာလာမိကြတော့၏။

သူတို့ ဟူသည်ကား သုံးဦးသောသူတို့ ပေါင်းစပ်ထားသော ဝိုင်းတစ်ခုပင်တည်း။

အသက် (၅၀) ခန့်ရှိ ယောကျာ်းကြီး တစ်ယောက်၊ အသက် (၄၀) ကျော်ခန့်ရှိမည့် မိန်းမကြီး တစ်ဦးနှင့် (၁၂) နှစ်သာသာအရွယ် ယောကျာ်းကလေးတို့ ဖြစ်ကြသည်။ ကျွန်တော့်အနေနှင့် အနီးမှ လူတစ်ယောက်ထံ မေးမြန်း စုံစမ်းကြည့်မိတော့မှ ဤသုံးဦးသော လူစုသည် ပရိယေသန ဝမ်းစာအတွက် နေ့စဉ်နှင့်အမျှ လမ်းဘေး လူစုလူဝေးများ အကြားဝယ် တေးဂီတအရသာကို အကဖြင့် ရပ်လုံးဖော်ကာ ဖျော်ဖြေကြရရှာသည့် မိသားစု ဖြစ်ကြောင်း၊ (၁၂) နှစ်အရွယ် ကောင်ကလေးမှာလည်း ယောကျာ်းကလေး မဟုတ်

မူဘဲ ထိုမိသားစု၏ သမီးကလေးမျှသာ ဖြစ်ကြောင်း စသည်ဖြင့် သိရပါတော့သည်။

သမီး ဆိုသူကလေးသည် မင်းသားကလေးလို ဝတ်စား ဆင်ယင်ကာ ဖခင်ကြီး၏ ဝါးပတ္တလားသံ၊ မိခင်ကြီး၏ သီချင်းသံတို့နှင့် စည်းဝါး ကိုက်ညီစွာ ဝိုင်ဝိုင်နိုင်နိုင် ကပြနေရှာ၏။ ပဒုမ္မာ တိုင်မသိမ်းအင်္ကျီ၊ အချိတ်ပုဆိုးကလေးနှင့် သပ်ရပ်စွာ ဝတ်ဆင်ကာ၊ ပဝါ ရင်စည်းထားသည့် သူကလေးမှာ မြင်ရသူတိုင်းက သူ့အား မချစ်ဘဲ၊ မသနားဘဲ မနေနိုင်အောင် ဖန်တီးနေတော့သည်။ သူကလေး၏ ခေါင်းမှ ပန်းနုရောင် ရွှေချည် ခေါင်းပေါင်းစကလေးမှာ ကလိုက် ခုန်လိုက်သည့် အခါတိုင်း၌ လေတွင် လွင့်ကာလွင့်ကာ နေတတ်၏။

သူ့ကိုယ်မှ အင်္ကျီ၊ ပုဆိုး စသည်တို့မှာ အဖိုးမတန်လှသည့် တန်ဆာပလာများ ဖြစ်စေကာမူ ချစ်ဖွယ်ကောင်းလှသော သူ့မျက်နှာ ဟန်အမူအရာကလေးတို့ကြောင့် တစ်မျိုး ကြည့်၍ ကောင်းနေတော့၏။ သူကလေးသည် ခေါင်းကလေး ငုံ့ကာငုံ့ကာ၊ ပုဆိုးစကလေး မ ကာ မ ကာနှင့် အသက်ကလေးနှင့် မလိုက်အောင် ကကြိုးမျိုးစုံကို စနစ်တကျဖြင့် ရှုမငြီးဖွယ်ရာ ကပြ အသုံးတော် ခံနိုင်ရှာပေသည်။

ဆိုင်း တစ်ချီကျသွား၍ သမီးကလေး အမောအပန်း ဖြေစေရန် အနားပေး၍ ထားရသော အချိန်ကလေးများ၌လည်း ဖခင်ကြီးနှင့် မိခင်ကြီးတို့သည် ပရိသတ် ကွဲ၍ လူစဲသွားမည်ကို စိုးရိမ်ဟန်ဖြင့် ပတ္တလားကို လေးပေါက်သံဆန်းဖြင့် စမ်းကာ ပြက်လုံးထုတ်၍ ဆွဲဆောင်တတ်ကြသေးသည်။

ဖခင်ကြီး။ ။ 'မညွန့်ရေ၊ ဒီကနေ့တော့ မြို့တော်သူ မြို့တော်သားတွေက ချီးမြှင့်မြှောက်စားကြလို့ တောက်ပွားကြရပြန်ပြီပေါ့နော်'

မိခင်ကြီး။ ။ 'ဟုတ်တာပေါ့ရှင်၊ ကျေးဇူးရှင်များရဲ့ သဒ္ဓါစေတနာကို အမှီသဟဲ ပြုပြီးတော့ အားကိုးအားထားစရာ ရှာဖွေနေကြရပေသကိုးရှင့်'

ဖခင်ကြီး။ ။ 'အင်း... ခုနေများ သိန်းထီများ ပေါက်လိုက်ရရင်တော့ မြို့တော်သူ မြို့တော်သားတွေရဲ့ ကျေးဇူးကို ပြန်ပြီး ဆပ်တဲ့အနေနဲ့ အလှူကြီး ပေးလိုက်ချင်ပါဘိကွယ်'

မိခင်ကြီး။ ။ 'အမယ် သိန်းဆုများ ပေါက်ရင် ရှင်က ကျွန်မကို ပစ်ပြီး အသစ်ကလေးတွေများ မြင်သွားမှာလားရှင်'

ဖခင်ကြီး။ ။ 'အမယ်လေး အစိုးရိမ်ကြီးရန်ကော မညွှန့်ရယ်၊ ကျုပ်မှာ အသစ်ကိုလည်း မမြင်၊ မင့်းကိုလည်း မမြင်နိုင်ပါဘူးကွယ်'

ရုတ်တရက်အားဖြင့် ပရိသတ်မှာ ဝါးခနဲ ပွဲကျသွား၏။ သို့သော် ကြာရှည်ကြာမျော မရယ်နိုင်ကြဘဲ ရုတ်တရက် ပြန်ငြိမ်သွားကြရာက ပရိသတ်၏ မျက်နှာများတွင် ကရုဏာ အရိပ်အယောင်ကလေးများ လွှမ်းမိုးသွားလေသည်။

'အဘိုးကြီးက မျက်စိ မမြင်ရှာဘူးဗျ' ဟု ကျွန်တော့် ဘေးနားမှ လူတစ်ယောက်က ပြောပြလိုက်တော့မှ ကျွန်တော်ကိုယ်တိုင်လည်း စိတ်မကောင်း ဖြစ်သွားမိပါသည်။

အဘိုးကြီး၏ ဒုက္ခိတ ဘဝသည်ပင် မျက်ရည်ကြားမှ ပြက်လုံးတစ်လုံး ဖြစ်သွားရရှာ၏။

ထို့နောက် သမီးကလေး အမောပြေလောက်ပြီ ဖြစ်သော အချိန်၌ ကကြိုး ဆိုင်းတစ်ကျော့ ပေါ်လာပြန်တော့သည်။

**"မှော်ရုံဟောဝန် တောမြိုင်စွန်၊ ဘုန်းဝှန်ရာ၊ မင်းငယ် တောင်ညာ၊**

**မြင်သော် လွှန်ပူဆာ၊ ယခုပင် မွေးချင်ခါခါ တောင်း. . ."**

မိခင်ကြီး၏ သီချင်းသံမှာ သာယာ ကြည်နူးဖွယ်ရာပင်။ မိန်းမကြီးသည် ဝါးပတ္တလားသံအကြားမှ မှော်ရုံဟောဝန် ယိုးဒယားကို သာယာညင်းပျောင်းစွာ သီဆိုနေခြင်း ဖြစ်၏။ သူ့နှုတ်ဖျားမှ သီချင်းသံကို သူ့လက်မှ စည်းနှင့် ဂျပ်တို့က အချက်ကျကျ စည်းဝါးလိုက်ပေးနေ၏။ သူ၏ အသံမှာ ငယ်ရွယ်နုပျိုသူ တစ်ဦး၏ အသံ မဟုတ်ငြားသည့်တိုင်အောင် လေယူလေသိမ်း နိုင်နင်း၍ အဆိုကလည်း ပိုင်သဖြင့် နားထောင်၍ ကောင်းနေတော့၏။

ဖခင် ယောကျာ်းကြီးကား သူ့နံဘေး ပတ်ဝန်းကျင်ကို လုံးဝ ဂရုမမူဘဲ ဝါးပတ္တလားကိုသာ ခေါင်းကြီး အငုံ့သားနှင့် စိတ်ပါလက်ပါ တီးနေလေရာ၊ ပတ္တလားရွက်များမှာ တီးလိုက်တိုင်း လှုပ်ခါလျက် ရှိတော့သည်။

မကြာမီအတွင်းမှာပင် သူတို့မိသားစု၏ ဖျော်ဖြေ အသုံးတော်ခံမှု ပြီးဆုံးသွားတော့၏။ သီချင်းသံ ရပ်သွားသောအခါ လူအုပ်သည် တစ်စစ ရှဲ၍ ကွဲစ ပြုတော့၏။ ပိုက်ဆံသံ တချွင်ချွင်ကိုလည်း ကြားလိုက်ရ၏။

မင်းသားလေးသည် လူအုပ်ထဲမှ စွန့်ကြဲပစ်ပေးသွားသော ပိုက်ဆံအကြွေကလေးများကို သမံတလင်းပေါ်မှ လိုက်၍ ကောက်နေရှာသည်။ မိခင်ကြီးမှာလည်း လက်ထဲမှ ခွက်ဖြင့် ပိုက်ဆံသံပေးပြီး ပွဲကြည့် ပရိသတ်ထံမှ ချီးမြှင့်မှုကို တောင်းခံနေလေသည်။

ဤအချိန်တွင် လူစုလူဝေးအတွင်းမှ ပြန်သူများက ပြန်သွားကြပြီး၊ နောက်တစ်ပွဲကို နားထောင်ကြည့်ရှုရန် စောင့်သူတွေကလည်း စောင့်လျက်ရှိကြပြီ။ လူအုပ် အဟောင်းတစ်စု ကွဲသွားသည့်နေရာတွင် လူအုပ်အသစ်တစ်စု ရောက်ရှိ စုဝေးလာကြခြင်းပင် ဖြစ်သည်။

သူတို့မိသားစုမှာကား တစ်ပွဲ သိမ်း၍ နောက်တစ်ပွဲ မစရသေးမီ အချိန်ကလေးအတွင်း အမောအပန်းဖြေလျက် ရှိကြ၏။ ပိုက်ဆံများကို လိုက်လံသိမ်းဆည်းပြီးသောအခါ သမီးကလေးလည်း စကြိုအုတ်သမံတလင်းပေါ်မှာပင် ထိုင်၍ အမောဖြေနေရှာ၏။ သူ့နဖူးကလေးတွင် ချွေးသီး ချွေးပေါက်များ စို့ပြန်နေ၏။ မျက်နှာတွင်လည်း ချွေးနှင့် မျက်နှာချေမှုန့်များ ရောထွေးကာ ပါးပြင်မှ တစ်ဆင့် မေးစေ့အောက်၊ မေးစေ့အောက်မှ တစ်ဖန် လည်ပင်း၊ ကုပ် စသည်တို့ပေါ်သို့ ထုံးရည်များပမာ စီးကျလျက် ရှိတော့သည်။ သူ့အင်္ကျီကလေးပင်လျှင် ချွေးတို့ဖြင့် ရွဲရွဲစိုနေလေပြီ။

သို့ရာတွင် သူကလေးသည် အခိုက်အတန့်အားဖြင့် မောပန်း နွမ်းဟိုက်မှုကိုပင် သတိမရနိုင်ဘဲ လူစုလူဝေးကြား၌ ကြံတစ်ချောင်းကို မြိန်ရေရှက်ရေ စုပ်လျက်ရှိသော ရွယ်တူ ကလေးတစ်ယောက်အား ငေးမော၍ ကြည့်နေရှာလေသည်။ ထိုအခိုက် မိန်းမကြီးသည် ခင်ပွန်းသည်၏ ပါးစပ်ထဲသို့ မီးညှိပြီး ဆေးပေါ့လိပ်ကို အလိုက်သင့် ထည့်ပေးနေစဉ်၊ သမီးငယ်ကို လှမ်းကြည့်လိုက်မိရင်း မသိမသာ မျက်နှာပျက်သွားလေ၏။ သူ့မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်ဟု ထင်လိုက်ရသည်။

ယောကျ်ားကြီးသည်ကား ဆေးပေါ့လိပ်ကို အားရပါးရ ရှူဖွာလိုက်ပြီးနောက် 'ထပ်တီးစမ်းပါဦးဗျာ' ဟူသော လူအုပ်ထဲမှ ပွဲတောင်းချက်အရ နောက်တစ်ချီ ဖျော်ဖြေရန်အတွက် ပတ္တလား လက်စုတ်နှစ်ချောင်းကို သူ၏ သေးသွယ်ရှည်လျားသော လက်ချောင်းများဖြင့် စမ်းတဝါးဝါး ရှာဖွေနေတော့၏။

ထိုအခါမှစ၍ပင် ကျွန်တော်သည် ဤမျက်မမြင် ဒုက္ခိတ ပတ္တလားဆရာကြီးနှင့်တကွ သူတို့ မိသားစု အားလုံးအပေါ်၌ သံယောဇဉ် တစ်မျိုး

ငြိတွယ်လာမိရာက ဖရေဇာလမ်းကြီးအတိုင်း လျှောက်မိသည့် အခါတိုင်းပင် သူတို့ကို တွေ့နေကျ လမ်းနံဘေးစင်္ကြံပေါ်သို့ အာရုံမစိုက်ဘဲ မနေနိုင်တော့သည့် အခြေသို့ ရောက်မှန်းမသိ ရောက်ခဲ့မိပါတော့သည်။

သူတို့ကို တွေ့လိုက်ရသည့် အခါတိုင်း၌လည်း မည်မျှမည်မျှ ပင်ပန်းနွမ်းနယ်လာစေကာမူ စိတ်တစ်မျိုးတစ်ဖုံ ရွှင်လန်းသွားတတ်စမြဲသာ ဖြစ်ခဲ့၏။ အထူးသဖြင့် ကလေးမကလေး ကပြ အသုံးတော်ခံသည်ကို မြင်လိုက်ရလျှင် တစ်ခါတစ်ရံ စိတ်ညစ်ညူးနေမိသည့် အချိန်အခါမျိုးမှာပင် ထို စိတ်ညစ်ညူးမှုများ ရေနှင့် ဆေးကြောပစ်လိုက်ဘိသကဲ့သို့ ပျောက်ပျက်သွားတတ်စမြဲ ဖြစ်လေသည်။

## (၂)

တစ်ခါကတော့ သူတို့တစ်တွေ တစ်လနီးပါးတာမျှ ပျောက်ချက်သား ကောင်းခဲ့လေ၏။

ထို တစ်လနီးပါးမျှအတွင်း ဖရေဇာ လမ်းဘေး တွေ့မြင်နေကျ စင်္ကြံပေါ်တွင် သူတို့ မိသားစုကို မတွေ့ရသောအခါ၊ ကျွန်တော် တစ်ယောက်တည်းသာလျှင်မက လူအတော်များများပင် သူတို့နှင့် ပတ်သက်၍ မေးမြန်းပြောဆိုသွားသံကလေးများ ပေါ်ထွက်လာခဲ့တော့၏။ အနီးအနား ဆိုင်အချို့သို့ အကျိုးအကြောင်း မေးမြန်းကြည့်ကြရာ၌လည်း သူတို့အကြောင်းကို တပ်အပ်သေချာ မသိကြဘဲ ရှိသည်ကို တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ထိုနေရာ ပတ်ဝန်းကျင် တစ်ဝိုက်ကား ထုံးစံအတိုင်းပင် မော်တော်ကားသံ၊ မြင်းရထားသံ၊ လူသံသူသံများဖြင့် ဆူညံမြဲ ဆူညံလျက်ရှိခဲ့၏။ ယခင်ကဆိုလျှင် ထိုအသံဗလံတွေကြားမှ သာယာ ငြိမ့်ညောင်းသည့် ဂီတသံသည် ပေါ်ထွက်လာခဲ့စမြဲ ဖြစ်လေရာ၊ ယခုလို မကြားရတော့သည့်အခါ၌ကား ကျွန်တော်တို့၏ စိတ်များ၌ ခြောက်သွေ့သလိုကြီး ဖြစ်ခဲ့ရပြီး ရင်ထဲက ဟာသလိုလို၊ စိတ်ထဲက မကျေနပ်သလိုလိုလည်း ဖြစ်လာမိပါတော့သည်။

ကျွန်တော်တို့အနေနှင့် သူတို့၏ ပတ္တလားသံ၊ သီချင်းသံများကိုသာ ပြန်ကြားချင်နေကြ၏။ ချစ်စဖွယ် ကပြ ဖြေဖျော်တတ်သော သူတို့ သမီးကလေးကိုသာ အမြန်ဆုံး ပြန်မြင်လိုကြ၏။

သူတို့ အသုံးတော်ခံနေကျ လမ်းနံဘေး စင်္ကြံပေါ်တွင် သူတို့အား

မမြင်နိုင်ပြားသော်လည်း ထိုနေရာကို တွေ့မိတိုင်း သူတို့ကိုသာ မြင်ယောင်နေမိတော့၏။ သူတို့၏ ဂီတသံများကိုသာ အလိုလို ကြားယောင်နေမိတော့၏။ သူတို့တစ်တွေ၏ ဓာတ်စင်တစ်ခု ဖြစ်ခဲ့သော စကြံ အုတ်သမံတလင်းကလေးသည်ကား ဓာတ်ဆရာ မိသားစုတို့အား စောင့်လင့်နေသယောင်ယောင် ရှိခဲ့ပေသည်။

သူတို့ ဘယ်များ ရောက်သွားကြပါလိမ့်…။

သူတို့ရွာ သူတို့ပဲ ပြန်သွားကြလေပြီလား…။

နေထိုင်မကောင်း ဖြစ်နေကြလို့ပဲလား…။

ကျွန်တော်တို့သည် အမျိုးမျိုး တွေးတောကာ အလျဉ်းသင့်သည့်အခါတိုင်း၌လည်း အမျိုးမျိုး မေးမြန်း စုံစမ်းကြည့်မိကြသေး၏။ အကြောင်းမှန်ကိုမူ မည်သူကမှ အဖြေမပေးနိုင်ခဲ့ကြပါ။ သူတို့လည်း တော်တော်နှင့် ပေါ်၍ မလာ။

တစ်လကျော်ကျော် ရှိသွားခဲ့သော်လည်း တွေ့နေကျ နေရာများ၌ သူတို့အား မတွေ့ကြရတော့ပါ။

(၃)

သူတို့ကို ပြန်တွေ့ရပြန်ပါပြီ။

တစ်နေ့သ၌ ကျွန်တော်သည် ဖရေဇာလမ်းအတိုင်း လျှောက်ခဲ့မိစဉ် လမ်းဘေး စင်္ကြံပေါ်ရှိ ယခင်က နေရာဟောင်း၌ လူအုပ် တစ်အုပ်သည် ယခင်ကအတိုင်းပင် ဝိုင်းအုံ၍ ကြည့်နေကြသည်ကို မြင်မိသဖြင့် ရုတ်တရက် ဝမ်းသာသွားမိပါသည်။

သေချာအောင် လူအုပ်ကြားသို့ တိုးဝင်ကြည့်လိုက်မိသောအခါ၌ ဝမ်းမြောက်ရကျိုး နပ်သွားပါတော့သည်။ သို့သော် ကျွန်တော့် ဘေးပတ်လည်မှ လူအုပ်၏ မျက်နှာများတွင်ကား တစ်စုံတစ်ရာ နားမလည် မဝေခွဲနိုင်သော အရိပ်အယောင်ကလေးများ ယှက်သန်းလျက် ရှိလေသည်။

ထို လူအုပ်သည် တိတ်ဆိတ် ငြိမ်သက်စွာပင် နားစိုက်ထောင်နေကြ၏။ ဂီတတေးသီချင်းသံကို နားစွင့်ရင်း တွေဝေ ငေးမောလျက် ရှိကြ၏။ လူအုပ်၏ အမူအရာကို အကဲခတ်ရင်း ကျွန်တော်ကိုယ်တိုင်လည်း ရင်ထဲက ဟာသလိုလိုကြီး ဖြစ်နေမိတော့သည်။

ဂီတသံသည် ထုံးစံအတိုင်းပင် လူသံသူသံ၊ ယာဉ်ရထားသံတွေကြား ကပင် ပေါ်ထွက်လျက် ရှိ၏။ ပတ္တလားသံနှင့် သီချင်းသံ၊ ယခင်က ဂီတသံ ပင် ဖြစ်လင့်ကစား လူတကာ၏ စိတ်တို့၌ ထို ဂီတသံသည် ယခင်ကလို ငြိမ့်ငြိမ့်ညောင်းညောင်း မရှိလှ။

**"ရှစ်ခွင်မင်းလွင်၊ တောင်စဉ် တိမ်စွယ်ကာ၊ မာလာသိင်္ဂါ ထိန်ပြာ**

**မိလ္လာ၊ လွမ်းဖွယ်သာ ညင်းညင်းညာ..."**

မိန်းမကြီး သီဆိုနေသည့် တေးသည် ယခင်တုန်းကလို သာယာ ကြည်နူးဖွယ်ရာ မဖန်တီး။ သူ့အသံမှာ တစ်ချက်တစ်ချက် ပျောက်လုခမန်း ဖြစ်သွားတတ်ပြီး ငြီးငွေ့စရာ ကောင်းနေတော့သည်။

ယောကျ်ားကြီးမှာလည်း ယခင်ကလိုပင် ခေါင်းကြီးငုံ့၍ ပတ္တလားကို တီးခေါက်နေလေသည်။ လူအုပ်၏ စိတ်တွင်ကား သူ့လက်သံသည် ယခင် ကလောက် နားထောင်၍ မကောင်းတော့။ ဖြည်း၍ နေးကွေးလှတော့၏။ သူတို့ တေးဂီတသံကို မျှော်လင့်ချက်နှင့် အာရုံတစူးတစိုက် နားထောင်လျက် ရှိကြသော ပရိသတ်များအနက်မှ အချို့သူများမှ ငြီးငွေ့လာဟန်ဖြင့် ထွက်သွား ကြလေပြီ။

သီချင်းသံမှာကား လေတွင် ပျံ့ဝဲမြဲ ပျံ့ဝဲလျက် ရှိသေး၏။

ကျန်ရှိသော လူစုမှာလည်း ထိုနေ့အဖို့ တစ်စုံတစ်ရာ ချို့ယွင်းလျက် ရှိနေပြီဟု စဉ်းစားလာမိကြ၏။ မကြာမီပင် လူအုပ်သည် အကြောင်းတစ်ခုခုကို သိလိုစိတ်များ ယိုဖိတ်လာကြရာက တစ်ဦးနှင့်တစ်ဦး မေးကြမြန်းကြ၊ ပြောဆို လာကြတော့သည်။

ထိုအခိုက် သီချင်းသံ ရုတ်တရက် ရပ်သွား၏။

လူအုပ်သည်လည်း ငြိမ်သက်တွေဝိုင်နေရာမှ တရုတ်ရုတ်နှင့် လှုပ်ရှား စ ပြုလေပြီ။ အချို့မှာ လူစုခွဲ၍ ကိုယ့်လမ်းခရီးကိုယ် ဆက်ကြရန် ဟန်ပြင် လေပြီ။ တချို့က ပိုက်ဆံ စွန့်ကြဲသွားကြသေး၏။ အချို့ကတော့ 'ဒီတစ်ခါ နားထောင်လို့ မကောင်းဘူး' 'ဒီကနေ့ သိပ်ညံ့တာပဲ' စသည်ဖြင့် ဝေဖန်ကာ ထွက်သွားကြလေ၏။

သို့ရာတွင် လူအတော် ခပ်များများ၏ စိတ်တို့၌မူ တစ်စုံတစ်ရာ အတွက် မတင်မကျကြီး ဖြစ်နေမိတော့ကား၊ ထိုနေရာတစ်ဝိုက်မှ မခွာနိုင်ကြ သေးဘဲ ရှိကြတော့သည်။ ထိုအခိုက် လူစု လူဝေးကြားထဲမှ-

'ဗျို့… အဒေါ်ကြီး၊ ဟိုကလေးမလေးကောဗျ။ ဒီနေ့ ဘာလို့ ပါမလာတာလဲ' ဟု တစ်စုံတစ်ယောက်သော သူက လူအုပ်၏ သိလိုသော ဆန္ဒကို ဦးဆောင်၍ မေးဖော်ရလိုက်တော့မှ လူအများမှာ တွေဝေ ငေးငိုင်နေကြရာမှ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ကျွန်တော့် နံဘေးနားမှ လူတစ်ယောက်ကမူ–

'ဟာ… ဟုတ်သားပဲ၊ ဒါကြောင့် ဒီကနေ့ တစ်ခုခု လိုနေတာ အမှန်ပဲလို့ ထင်ခဲ့မိသား။ လက်စသတ်တော့ မင်းသား လိုနေတာကိုး' ဟု သူ့စိတ်တွင် လစ်ဟာနေခဲ့သော အချက်ကို အဖြေရရှိသဖြင့် နှုတ်မှပင် ထုတ်ဖော်ပြောလိုက်တော့၏။

ကျွန်တော်ကား မိန်းမကြီးထံမှ အဖြေကိုသာ နားစွင့်နေမိပါသည်။

မိန်းမကြီးကား အမေးစကားကို မော်ကြည့်လိုက်ရင်း သူ့မျက်နှာမှာ ရှာတော့အံ့ဆဲဆဲ မိုးမင်းလို ညှိုးမှောင်သွားတော့သည်။ ယောကျ်ားကြီးမှာလည်း မမြင်နိုင်သော သူ့မျက်လုံးတို့ဖြင့် လူအုပ်ထဲသို့ မျှော်မဆုံးသည့် ကြည့်ခြင်းမျိုးဖြင့် လှမ်းကြည့်လိုက်လေသည်။

'ကလေးမလေး နေမကောင်းလို့လားဗျ' ဟု ယခင် မေးသူကပင် ထပ်၍ မေးလိုက်ပြန်၏။

ထိုအခါ၌ ယောကျ်ားကြီးမှာ လူအုပ်ထဲမှ မေးမြန်းသူအား စိတ်မှန်းနှင့် အနံ့ ရှာဖွေလိုက်ရင်းက–

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျုပ်တို့ သမီးကလေး တရှောင်ရှောင် မမာနေရာက ခုတော့ ကျုပ်တို့ကို ပစ်သွားပါပြီဗျာ' ဟု ငိုသံပါကြီးနှင့် တုန်ယင်စွာ တစ်လုံးချင်း ဖြေကြားလိုက်တော့သည်။

သို့ ဖြေကြားစဉ်မှာပင် သူနှင့်တကွ သူ့ဇနီးသည် မိန်းမကြီး၏ မျက်လုံးအိမ်များတွင် မျက်ရည်များ လျှံတက်ကာ ပါးပြင်များပေါ်သို့ တလိမ့်လိမ့် စီးကျလာသည်ကို မြင်လိုက်ရပါသည်။

မိန်းမကြီးထံမှမူ ငိုရှိုက်သံများပင် ပေါ်ထွက်လာလေပြီ။ သူသည် ဖြေမဆည်နိုင်တော့ဟန်ဖြင့် ဒူးနှစ်လုံးကြား ခေါင်းသွင်းကာ ရှိုက်ကြီးတငင် အားရပါးရ ငိုချလိုက်တော့၏။

ယောကျ်ားကြီးကား ငေးမြဲ၊ ငိုင်မြဲ။ ပါးပြင် တစ်ခုလုံးသာ မျက်ရည်တို့ဖြင့် စိုရွှဲလျက် ရှိတော့သည်။

ထိုအချိန်၌ ယခင် မေးမြန်းသူ၏ အသံကို ထပ်မံ၍ မကြားရတော့ပေ။

လူအုပ်သည်လည်း ထိုအခါကျမှပင် သိလိုချက်ကို နားရှင်းသွားကြတော့ကာ အပူသည် မိဘနှစ်ပါးတို့အတွက် ဝမ်းနည်း ယူကျုံးမရစွာနှင့် ထွက်ခွာသွားကြတော့၏။ လူအများကပင် မိန်းမကြီး အနီးတွင် ချထားသော ခွက်ကလေးထဲသို့ ပိုက်ဆံများကို အသံမမြည်အောင် ဖြည်းဖြည်းသက်သာ ထည့်၍ သွားကြသည်။

လူစု လူဝေး ရှင်းသွားသည့်တိုင်အောင်ပင် ယောကျ်ားကြီးနှင့် မိန်းမကြီးတို့မှာ သူတို့၏ ဓာတ်စင် သမ်တလင်းကလေးပေါ်၌ ငုတ်တုတ်ကလေးတွေ ငိုရင်း ကျန်ရစ်ခဲ့ရှာတော့၏။

ထုံးစံအတိုင်းပင် လူစုကွဲသွားသည့် လူအုပ်ဟောင်း၏ နေရာတွင် လူအုပ်အသစ် တစ်ခုသည် နောက်တစ်ပွဲကို ရှုစားရန် စုဝေး ရောက်ရှိနေကြပြန်လေပြီ။ သို့ရာတွင် ထိုလူအုပ်မှာ ယခင်ကလိုပင် သာယာ ငြိမ့်ညောင်းသော တေးဂီတသံနှင့် ချစ်စဖွယ် အက အခုန်ကလေးများကို မြင်ရဦးမည်ဟု မျှော်လင့်ထားကြရာက၊ ဤ ပြိုင်တူ ငိုကြွေးလျက် ရှိကြသူ ဇနီးမောင်နှံတို့၏ ငိုပွဲကလေးနှင့် ကြုံလိုက်ရသော အခါတွင်မူ တွေဝေငေးမော ကရုဏာဒွေသော မျက်လုံးတို့ဖြင့်သာ ရပ်ကြည့်နေမိကြ၏။ အကြောင်းမှန်ကို မသိလေရကား နောက်ရောက်သူက ရှေ့လူကို အဆင့်ဆင့် မေးမြန်းစုံစမ်းကြရင်းပင် အမျိုးမျိုး ဝေဖန် ပြောဆိုနေကြတော့လေ၏။

သို့နှင့်ပင် ထိုနေရာတစ်ဝိုက်တွင် ထုံးစံအတိုင်း လူအုပ်ကြီးမှာ စည်ကားသည်ထက် စည်ကားလာလေသည်နှင့်အမျှ တီးတိုး တီးတိုးနှင့် ပေါ်ထွက်လာသော မေးခွန်းများကို ကြားနေရပါတော့သည်။

'ဘယ့်နှယ် ဆိုင်းလည်းမတီး၊ သီချင်းလည်း မဆို၊ ငိုနေကြတာကလား'

[ ရှုမဝ၊ နိုဝင်ဘာ ၁၉၅၈ ]

## ရောင်းခါစ

(၁)

ကျွန်တော်တို့အိမ်ရှေ့ လမ်းနံဘေး၌ မုန့်ဟင်းခါးသည် လက်သစ်တစ်ဦး အထမ်းခင်း၍ ရောင်းချနေသည်မှာ ရက်သတ္တတစ်ပတ် နီးပါးမျှ ရှိခဲ့လေပြီ။

ကျွန်တော်၏ စာရေးစားပွဲရှေ့ ပြတင်းသံတိုင်ကလေးများ အကြားမှ လမ်းမဘက်သို့ ငုံ၍ ကြည့်လိုက်လျှင် ထို မုန့်ဟင်းခါးသည်နှင့်တကွ သူ၏ မုန့်ထမ်းတို့ကိုပါ အိမ်ပေါ်မှ စီး၍ မြင်နိုင်၏။ အိမ်ရှေ့သို့ ထို မုန့်ဟင်းခါးသည် စတင် ရောက်ရှိလာသည့် နေ့မှ စ၍ နံနက်တိုင်းလိုလိုပင် သူ့ကိုသာ စာရေးစားပွဲမှ နေ၍ အာရုံစူးစိုက် ကြည့်ရှုမိခဲ့ပါသည်။

နံနက် (၆) နာရီခွဲကျော်လျှင် ကျွန်တော်တို့ အိမ်ရှေ့လမ်းမှာ ဈေးသွား ဈေးပြန်၊ အလုပ်သွားသူ၊ ကျောင်းတက်သူ စသည်တို့ဖြင့် စည်ကားစပြုတော့၏။ ထိုအချိန်မှ စ၍ ၉ နာရီအတွင်းဆိုလျှင် မုန့်ဟင်းခါးသည်မှာ လက်မလည်အောင် ရောင်းချခွင့် ရပေတော့သည်။ သူ၏ မုန့်ထမ်းကလေးတစ်ခုလုံးမှာ ဇွန်း၊ ပန်းကန်ခွက်ယောက်၊ မုန့်ထည့်သည့် ဇလုံ၊ မုန့်ဖိုးသောအဝတ်တို့က အစ ဒန်ဟင်းအိုးကြီးအထိ သန့်ရှင်းဖြူစင်၊ မြင်ရုံနှင့် စားချင့်စဖွယ် ရှိသောကြောင့် တစ်ခါတစ်ရံ မုန့်စားနေသူများအား လှမ်းကြည့်မိရင်းက ကျွန်တော်ကိုယ်တိုင် သွားရည်ယို အားကျလာမိတော့ကာ အိမ်အောက်ဆင်း၍ ဝယ်စားရသော အခြေသို့ ဆိုက်ရောက်တတ်ပါ၏။

တစ်နေ့ကလည်း ကျွန်တော်သည် ထုံးစံအတိုင်း မုန့်ထမ်း ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့၏။ ထိုအချိန်က မုန့်ဟင်းခါးသည် လူရွယ်သည် ကျွန်တော့်အပြင် အခြား လူပေါင်း ခြောက်ယောက်တို့အား လက်မလည်အောင် မုန့်ပြင်ပေးနေရ၏။ မိန်းမ ဝဝကြီးတစ်ဦးမှာ နှစ်ပန်းကန် စားပြီးသည်နှင့်ပင် တင်းတိမ် ရောင့်ရဲသေးဟန် မတူ။

'ထည့်စမ်းပါဦးကွယ့် နောက်တစ်ပန်းကန်၊ အကြော်တစ်ခုကော ထည့်လိုက်ပါဦး'

လူရွယ်မှာ မိန်းမကြီးအတွက် ပြင်၍မှ မပြီးသေးမီ–

'တယ်ကောင်းကိုးကွယ့်၊ ထည့်ပါဦး၊ ဘယ်ကများ လာရောင်းတာလဲကွယ့်' ဟု စားပြီး ပန်းကန်ကို ထိုး၍ ပေးနေသော မွန်မွန်ရည်ရည် လူကြီးတစ်ယောက်အား 'ကြည့်မြင်တိုင်ထဲကပါ ဦးကြီး၊ အရင် တစ်လနီးပါးလောက်ကမှ အစမ်း ရောင်းကြည့်တာပါ' ဟု ဖြေလိုက်ရင်း မုန့်ထပ်ထည့်ပေးနေရပြန်၏။ တစ်ဖန် ကလေးသုံးယောက်တို့အား ကျွေးနေသော မိန်းမကြီးတစ်ယောက်က–

'ကလေးတွေကို ထပ်လိုက်ပေးပါဦးကွယ်၊ အဒေါ်လည်း နောက် တစ်ပန်းကန်။ ရောင်းခါစမို့ ထင်ပါ့၊ တယ် ကောင်းကိုးကွယ့်'

'မဟုတ်ပါဘူး ခင်ဗျာ၊ နောင်ကိုလည်း အမြဲတမ်း ကောင်းအောင် ကြိုးစားမှာပါပဲ'

ပြောပြောဆိုဆို လူရွယ်သည် ကလေးတို့၏ ပန်းကန်များကို ထပ်မံဖြည့်ပေးနေလေသည်။ ထိုအခိုက် 'ဟင်းရည်ကလေး နည်းနည်း' ဟု မိန်းမဝဝကြီးက စားပြီး ပန်းကန်ကို လက်ထိုးပေးနေပြန်သဖြင့် ဟင်းရည်လိုက်ရပြန်လေ၏။

လူရွယ်သည် ဤသို့ လက်မလည်အောင် မုန့်ဟင်းခါး ပြင်ပေးနေစဉ်၌ မယ်စီကုန်းလမ်းဘက်ဆီသို့ မကြာခဏ မျှော်၍ မျှော်၍ ကြည့်တတ်သည်ကို မသိမသာ အကဲခတ်လိုက်မိသော ကျွန်တော့်မှာ တစ်စုံတစ်ခုကို သိလို၊ စုံစမ်းလိုသော ဝါသနာ ဘာဂီကလေးအတိုင်း မုန့်ပန်းကန်ထဲမှ မုန့်ကျန်အနည်းငယ်မျှကို အစမသတ်သေးဘဲ လူရွယ့်နည်းတူ မယ်စီကုန်းလမ်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ မကြာမီအတွင်းမှာပင် လူရွယ်၏ မျက်လုံးများ ပြောင်လက် တောက်ပသွားသည်ကို မြင်လိုက်ရသဖြင့် သူ မျှော်ကြည့်ရာ

ဆီသို့ ကြည့်လိုက်မိပြန်ရာ၊ မယ်စီကုန်းလမ်းထဲမှ ကန့်ကလျ လျှောက်လာနေသော မိန်းမပျိုကလေး တစ်ဦးကို လှမ်းမြင်ရပါတော့၏။

'ဟော မောင်ရင်၊ ရော့ ပိုက်ဆံကွယ့်' ဟု မိန်းမဝဝကြီးက ပိုက်ဆံထုတ်ပေးတော့မှပင် လူရွယ်လည်း လမ်းဘက်ဆီမှ မျက်နှာလွှဲလိုက်နိုင်၏။

နောက် နှစ်မိနစ်ခန့်အကြာတွင် မိန်းမပျိုသည် ကျွန်တော်တို့ ဘေးနားသို့ ဝင်ထိုင်လိုက်ပါသည်။

'တစ်ခွက်ရှင့်၊ အကြော်လည်း ထည့်ပါ'

လူရွယ်သည် မုန့်ရော ဟင်းပါ သူတကာထက် ပိုမို ထည့်ပေးလိုက်သည်ဟု ထင်မိပါသည်။ ကလေး သုံးယောက်နှင့် မိန်းမကြီးက မိန်းမပျိုစားတော့မည့်ဟန်ပြင်သော မုန့်ပန်းကန်ကို လှမ်းကြည့်ရင်း–

'မောင်ရင်က ရှောင်းခါစမို့ လက်မမှန်းတတ်သေးဘူး ထင်တယ်။ ရော့... ရော့ ပိုက်ဆံ' ဟု မုန့်ဟင်းခါးဖိုး ထုတ်ပေးနေသဖြင့် ရိုးသားပုံရသော လူရွယ်၏ မျက်နှာမှာ ရှက်ကိုးရက်ကန်းအသွင် ဆောင်သွားရင်း–

'ဟုတ်ကဲ့ ခင်ဗျာ၊ တစ်ခါတလေ လက်ဆ မမှန်သေးဘူး ခင်ဗျ' ဟု စကားရော ဖောရောနှင့် ငွေများကို လှမ်းယူလိုက်လေ၏။

'ထည့်ပါဦးရှင့်'

လူရွယ်သည် ထပ်မံ၍ သွက်လက်စွာ ပြင်ပေးလိုက်ပြန်၏။ ဤတစ်ကြိမ်၌လည်း သူ့လက် မမှန်းတတ်သေး၍လား မသိ။ မုန့်များမှာ ယခင်အတိုင်းပင် များနေပြန်တော့သည်။ မိန်းမပျို ဘေးနားမှ လူကြီးကတော့ မသိမသာ ပြုံးလိုက်ပါသည်။

'ကဲ... ကဲ ဦးကိုလည်း နောက်တစ်ခွက်'

လူရွယ်သည် ထိုလူကြီး၏ ပန်းကန်ကိုလည်း မိန်းမပျိုအား ပြင်ပေးလိုက်သည့်နည်းတူ ခပ်များများကလေး ပြင်ပေးလိုက်၏။ ကျွန်တော်လည်း ထိုအချိန်ကျမှပင် မိမိ ပန်းကန်ထဲ၌ မုန့် လုံးဝ ကုန်နေကြောင်း သတိပြုမိသဖြင့် တကယ်တမ်း ထပ်စားလိုစိတ် မရှိသော်လည်း တမင်သက်သက်ပင် မှာစားလိုက်ရပြန်သည်။ လူရွယ်သည် ကျွန်တော့်ကိုလည်း ပြင်နေကျ မုန့်ဆထက် ပိုမို၍ ထည့်ပေးလိုက်ကြောင်း တွေ့ရပါသည်။ ဒါကို အာရုံစိုက်နေပုံရသည့် လူကြီးက–

'ဟဲ... ဟဲ ဟုတ်သားပဲ၊ မောင်ရင်က လက်မမှန်သေးတာ အမှန်ပဲ။

ဒီလိုဆို မောင်ရင် ဘယ်အမြတ်ပေါ်ပါ့မလဲ' ဟု ပြုံးပြုံးကြီး ပြောလိုက်တော့မှ လူရွယ်သည် မပြုံးချင် ပြုံးချင် ပြုံးရင်း လူကြီးအား မော့ကြည့်လိုက်ကာ–

'ဟဲ... ဟဲ... ဟုတ်ကဲ့' ဟု ချော်လဲရောထိုင် ရောနှော ရယ်မောလိုက်လေ၏။ ထိုအခိုက်တွင်–

'ဟင်... ပိုက်ဆံအိတ် အိမ်မှာ မေ့ကျန်ခဲ့ပြီ။ ကြည့်စမ်းပါဦး၊ မေ့ပဲ မေ့တတ်လွန်းပါရောရှင်။ အိမ်ပြန်ပြေးယူဦးမှပါပဲ။ ရှင့်ပိုက်ဆံ နောက်မှပဲ ယူပေါ့နော်။ ရုံးကားတောင် လာခါနီးပြီ' ဟု ပြောပြောဆိုဆို မိန်းမပျိုသည် ပျာပျာသလဲ ထ ပြေးလေတော့၏။

'အို... ကိစ္စမရှိပါဘူး။ ဘယ်တော့မှ ပေးပေးပေါ့ဗျာ' ဟု လှမ်းပြောလိုက်သော မုန့်ဟင်းခါးသည် လူရွယ်၏ အသံကြီးမှာ ကရုဏာသံတွေ ယှက်သန်းနေသည်ဟု သဘောပေါက်သွားမိရင်းက ကျွန်တော့်အဖို့ ထို တစ်မနက်ခင်းအတွက် မုန့်ဟင်းခါး စား၍ ဝမ်းဗိုက်ပြည့်သည်ထက် စိတ်ထဲ၌ မဖော်ပြတတ်သော ကြည်နူး နှစ်သိမ့်မှုကလေးများ ပြည့်သိပ်သွားမိပါတော့သည်။

(၂)

နောက်နေ့များတွင် ကျွန်တော်သည် မုန့်ဟင်းခါးသည်ကလေးအား အထူးပိုမို ဂရုစိုက်မိပါတော့သည်။ သူ့ကို ဂရုစိုက်မိသည်အမျှ နံနက် (၈) နာရီခွဲတိုင်း၌ မယ်စီကုန်း လမ်းထဲမှ ကိုယ်ဟန်နွဲ့နွဲ့ လျှောက်လာတတ်စမြဲ ဖြစ်သော အမည်မသိ ရုံးစာရေးမလေးကိုလည်း အာရုံစိုက်မိတော့သည်။

တစ်ကြိမ်သော တနင်္ဂနွေနေ့ တစ်နေ့၌ ကြုံတွေ့လိုက်ရသော အဖြစ်အပျက်ကား အင်မတန်မှပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ထိုနေ့ မယ်စီကုန်း လမ်းထဲမှ လျှောက်ထွက်လာသော စာရေးမကလေးမှာ အခြားအခြားသော နေ့များကကဲ့သို့ တစ်ကိုယ်တည်း မဟုတ်ဘဲ ၎င်း၏ နံဘေး၌ မွန်မွန်ရည်ရည် ယောကျ်ားပျို တစ်ဦးနှင့် ယှဉ်တွဲ လျှောက်လာခြင်းကြောင့် မျက်စိပသာဒတွင် ထူးခြားနေသယောင်ယောင် ရှိမိပါသည်။ ကျွန်တော်သည် အိမ်ပေါ်မှ အကဲခတ် ကြည့်ရှုရသည်ကို အားမရနိုင်တော့သည်နှင့် ကော်ဖီနှင့် ပေါင်မုန့် ဗိုက်အပြည့် စားထားပြီး ဖြစ်လျက်နှင့် တမင်သက်သက် မုန့်ဟင်းခါးဆိုင်သို့ ဆင်းခဲ့မိပေ၏။

'လာ ကိုကို၊ ဒီဆိုင်ပေါ့ ကျွန်မ ပြောတာ၊ တခြားဆိုင်နဲ့ မတူဘူး။ သိပ်ကောင်းတာပဲ' ဟု မိန်းမပျိုသည် သူနှင့်အတူ ပါလာသော ယောကျ်ားပျို အား လှည့်ပြောရင်း မုန့်ဟင်းခါးသည် ရှေ့တွင် ဝင်ထိုင်လိုက်ကြသည်။

'နှစ်ခွက် ထည့်ပေးပါရှင်၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက် တစ်ခါမှ လာမစား ဖူးသေးဘူး။ ကိုကို့ကို ကျွေးချင်လွန်းလို့ လာခဲ့တာ၊ ကောင်းကောင်းကလေး ပြင်ပေးရမယ်နော်'

'ဟုတ်ကဲ့ ခင်ဗျာ' ဟု ဆိုကာ မုန့်ပြင်ပေးနေသော မုန့်ဟင်းခါးသည် ကလေး၏ လက်တို့မှာ အခြားသော နေ့များကလောက် မသွက်လက်ချေ။

'ဒီတစ်ခါ နည်းသွားတယ်နော်၊ ဟိုနေ့တွေက လက်ဆ မမှန်လို့ ရှုံးပြီ ထင်တယ်။ ဟင်း... ဟင်း' ဟု မိန်းမပျိုက ငွေဆည်းလည်းသံလေးဖြင့် ရယ်လိုက်၏။

'ဟုတ်ကဲ့' ဟုသာ လူရွယ်က တုံးတိတိ ပြန်ဖြေလိုက်၏။ သူ့မျက်လုံး ကြီးများကား မိန်းမပျို၏ ဘေး၌ မုန့်ဟင်းခါး ကုန်း၍ လွေးလျက်ရှိသော ယောကျ်ားပျိုအပေါ်သို့ မသိမသာ ရောက်ရှိနေကြောင်း ကျွန်တော် အကဲခတ် လိုက်မိပါသည်။

'ပေးပါဦး နောက်တစ်ခွက်စီ' ဟု မိန်းမပျိုက မှာလိုက်ပြန်သည်။ လူရွယ်ကား မုန့်များကို နေးကန်စွာပင် ထပ်မံ၍ ပြင်ပေးနေပြန်၏။

'မုန့်ဟင်းခါး ရောင်းရတာ သိပ်ဟန်မကျဘူး ထင်တယ်။ ရှင့် ကြည့် ရတာ ရောင်းခါစတုန်းကလို မဟုတ်ဘူး။ ဒီလိုပေါ့ရှင်၊ ရောင်းခါစဆိုတာ ဘယ်တွက်ချေကိုက်ဦးမလဲ။ နောင် ရောင်းရင်း ရောင်းရင်းနဲ့ပဲ ဟန်ကျလာ မှာပေါ့' ဟု မိန်းမပျိုက ပြုံးပြုံးကလေး အားပေးလိုက်သဖြင့် လူရွယ်မှာ စိတ်ထဲ၌ ကျိတ်၍ ဒေါပွသွားဟန်တူသည်။

မိန်းမပျို နံဘေးမှ ယောကျ်ားပျိုမှာကား စကားတစ်ခွန်းမှ မပြော။ တစ်ယောက်တည်း ခေါင်းကြီးငုံ့၍သာ မြိန်ရှက်စွာ စားနေ၏။

'ရော့ ရှင့်ပိုက်ဆံ၊ ဒီကနေ့တော့ မုန့်ပြင်တာ သိသိသာသာ နည်းသွား တာပဲ။ ရှင်က လျှော့မယ့်လျှော့တော့လည်း ဖောက်သည်တွေကိုတောင် လျှော့ တော့တာကိုးရှင့်' ဟု စကားတပြောပြောနှင့်ပင် ပိုက်ဆံများကို ရှင်း၍ မိန်းမပျို ရော သူ့အဖော် ယောကျ်ားပျိုပါ မယ်စီကုန်းလမ်းထဲသို့ ပြန်လည် ဝင်ရောက်

သွားကြလေတော့သည်။ သူတို့နှစ်ဦး ထွက်သွားရာဆီသို့ လှမ်းမျှော်ကြည့်လိုက်စဉ် မုန့်ဟင်းခါးသည် လူရွယ်၏ မျက်နှာမှာ ညိုးပုပ်လျက် ရှိခဲ့၏။

(၃)

ကျွန်တော့်အဖို့ ရုံးများ ပြန်လည်ဖွင့်မည် ဖြစ်သော တနင်္လာနေ့ (၈) နာရီခွဲ အချိန်ကိုသာ စိတ်စောနေမိခဲ့၏။ ထိုနေ့ နံနက်၌ ပို၍ စောစောထကာ မျက်နှာသစ်၊ အဝတ်အစား လဲလှယ် ဝတ်ဆင်ပြီး သကာလ မယ်စိကုန်း လမ်းထဲမှ အမည်မသိ ရုံးစာရေးမကလေး ထွက်လာမည့် အချိန်ကိုသာ စောင့်စားနေမိပါတော့သည်။

မုန့်ဟင်းခါးသည်ကလေး၏ ရှေ့၌ကား ထုံးစံအတိုင်းပင် လူစည်ကားလျက် ရှိ၏။ သို့သော် သည်တစ်ခါ သူသည် ယခင်နေ့တွေတုန်းကလို မမျှော်။ ခေါင်းကြီးငုံ့၍သာ မုန့်ဟင်းခါး ပြင်ပေးလျက် ရှိတော့သည်။

'ရှင့်ဆရာကြီး၊ မုန့်တစ်ခွက် ပြင်ပေးစမ်းပါ'

သူကလေး၏ အသံကား အခါတိုင်း နေ့များကလိုပင် သာယာမြ သာယာလျက် ရှိ၏။ သို့သော် မုန့်ဟင်းခါးသည်လေးကတော့ မှာသော မုန့်ကိုသာ လေးကန် ဖင့်နွဲ့လှစွာဖြင့် ပြင်ပေးလိုက်လေသည်။ မိန်းမပျို မုန့်ဟင်းခါးကို ငုံ၍ စားနေတော့မှပင် မသိမသာ သူ ခိုးကြည့်လိုက်၏။

'ရှင် မုန့်ပြင်ပေးတာ အတော်ကြီးကို လက်မှန်သွားပြီနော်၊ ဒါမှလည်း အမြတ်ပေါ်မှာပေါ့ရှင့်'

မိန်းမပျို၏ မှတ်ချက်ကို 'ဟုတ်ကဲ့' ဟုသာ လူရွယ်က စကားပြန်လိုက်လေသည်။

'မနေ့က ရှင်၊ ကျွန်မ အစ်ကိုကြီးကဖြင့် ရှင့် မုန့်ဟင်းခါးကို ချီးမွမ်းလို့ မဆုံးဘူး။ သူက တစ်နေ့ကမှ တရုတ်ဖြူ စစ်မြေပြင်က စစ်တိုက်ပြီး ပြန်ရောက်လာတာရှင့်။ ငှက်ဖျားမိခဲ့လို့ စစ်ဆေးရုံ တက်ပြီး ခုမှ ပြန်ဆင်းလာတာ။ လူမမာ နာလန်ထ ဆိုတော့ သရေစာဆိုရင် သိပ်စားချင်နေတာ။ ဒီကနေ့တောင် ကျွန်မကို လိုက်ပို့ရင်း ရှင့် မုန့်ဟင်းခါး စားဦးမလို့တဲ့။ အပြင် ခဏခဏ ထွက်ရင် ပြန်ဖျားနေမှာစိုးလို့ မနည်း တောင်းပန်ထားခဲ့ရတယ်။ လုပ်စမ်းပါဦး နောက်တစ်ခွက်၊ ဒီကနေ့တော့ မနက်စာအလွတ် စားသွားမှပဲ။ အိမ်က ထမင်း စားမလာခဲ့ရဘူး'

မုန့်ဟင်းခါးသည် လူရှုယ်သည် မိန်းမပျို၏ စကားများကို တအံ့တသြ နားထောင်နေရာက တစ်စ တစ်စ မျက်နှာအသွင် ပြောင်းလဲလာပြီးနောက် မိန်းမပျိုက "နောက်တစ်ခွက်" ဟု ဆိုလိုက်သည်နှင့် တစ်ပြိုက်နက် ဘေးလူ မည်သူ့ကိုမှ ဂရုမစိုက်၊ ပြောင်ပြောင်ကြီးပင် မုန့်ရော ဟင်းပါ စေတနာ ဗရပွ မောက်မောက်ကြီး ပြင်ပေးလိုက်တော့၏။

'ဟင်... ရှင့်ကို မုန့်ပြင်တာ လက်မှန်သွားပြီ ထင်နေတာ၊ ဟော... အစု များလာပြန်ပြီ' ဟု မိန်းမပျိုက ပါးချိုင့်ကလေးများ ခွက်ဝင်သွားအောင် ပြုံး၍ ပြောလိုက်သည့် အခါတွင်မူ–

'ဟဲ... ဟဲ တစ်ခါတလေတော့လည်း များသွားတတ်တာပဲပေါ့ဗျာ။ ရောင်းခါစ ကိုး' ဟု ပြုံးပြုံးကြီး ပြန်ဖြေသည်ကို ကြားလိုက်ရပါတော့သည်။ ။

[ ရှုမဝ၊ ဇက်တင်ဘာ ၁၉၅၅ ]

# တံမသန်

## (၁)

၁၉၄၈ ခုနှစ်။

နေခြည်ဖြာ၍ သာယာလှသော တစ်မနက်ခင်း။

ကျွန်တော်သည် မျက်နှာသစ်၊ ကော်ဖီ သောက်၍ အပြီးတွင် အိမ်ရှေ့ခြံဝင်းထဲ၌ အညောင်းပြေ အညာပြေ လမ်းလျှောက်ရင်း လေကောင်း လေသန့်ကလေးများကို ရှူရှိုက်နေမိပါသည်။ အိမ်နီးချင်း တစ်ဖက်ခြံထဲ၌လည်း အသက် လေးဆယ်ကျော်ရွယ်ခန့်ရှိ မွန်မွန်ရည်ရည် မိန်းမကြီး တစ်ယောက်နှင့် ဆယ့်လေးငါးနှစ်ရွယ် သူငယ်ကလေး တစ်ဦးတို့သည် အလှစိုက် ပန်းအိုးများကို သူ့နေရာနှင့်သူ ကြည့်၍ကောင်းအောင် နေရာချထားလျက် ရှိကြလေ၏။

၎င်းတို့ကား လွန်ခဲ့သည့် တစ်ပတ်ကျော်ကျော်လောက်ကမှ ကျွန်တော်တို့ နေထိုင်ရာ ရပ်ကွက်ထဲသို့ ရွှေ့ပြောင်း ရောက်ရှိလာကြသော အိမ်နီးချင်းသစ် မိသားစုပင် ဖြစ်ပေသည်။ ၎င်းတို့၏ ဖခင်ဖြစ်သူမှာ ခြေထောက်တစ်ဖက်သေသွားသည့်အထိ သွက်ချာပါဒရောဂါ စွဲကပ်နေသဖြင့်၊ အလုပ်မှ "ပင်စင်" ယူကာ အင်္ဂလန်သို့ ပြန်ခါနီးဆဲဆဲ အင်္ဂလိပ်တစ်ယောက်ထံမှ ယခု အိမ်ကလေးကို ဝယ်ယူလိုက်ပြီးလျှင် ရောဂါကို ကုသရင်း အေးအေးချမ်းချမ်း လာရောက်နေထိုင်လျက် ရှိကြခြင်းပင် ဖြစ်၏။

ကျွန်တော်တို့ အိမ်ဆောသို့ သူတို့တစ်တွေ ရောက်ရှိလာကြသည်မှာ မကြာသေးသော်လည်း၊ အိမ်သားအချင်းချင်းတို့မှာကား တစ်ဦးနှင့်တစ်ဦး အတော်အတန် ခင်မင် ရင်းနှီးလျက် ရှိကြပြီ ဖြစ်သောကြောင့် သူတို့မိသားစု၏ စိတ်ရင်းသဘောထားကို အကဲခတ် နားလည်ခဲ့ရပါသည်။

သူတို့ကား စိတ်ရင်း သဘောထား ဖြူစင်ရိုးသားသူများ ဖြစ်ကြလျက် ဘုရား၊ တရားကို အင်မတန် ကြည်ညို ကိုင်းရှိုင်းပုံ ရလေသည်။ အေးအေး ချမ်းချမ်း နေတတ်သူများ ဖြစ်သည့်အလျောက် သူတို့အိမ်ကလေးမှာလည်း အမြဲတမ်းလိုလိုပင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေ၏။

သူတို့၏ ရောဂါသည် ဖခင်ကြီးမှာကား အိမ်ပြင်ဘက်သို့ ထွက်သည်ကိုပင် မတွေ့ရဘဲ ရှိလေသည်။ ၎င်းမှာ ကောင်းစွာ လမ်းမလျှောက်နိုင်သောကြောင့် အိမ်ထဲ၌ပင် (ဘီးတပ်) ကုလားထိုင်ကလေးနှင့် သွားလာ ရွေ့လျားနေရရှာပေသည်။ မိခင်ဖြစ်သူမှာလည်း လင်ယောကျ်ားအပေါ်၌ စိတ်ရှည်လက်ရှည် ယုယ ပြုစုရုံမျှမက ဖျတ်လတ် သန်စွမ်းသော မိန်းမတစ်ဦးပီပီ တစ်အိမ်ထောင်လုံးကို နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်ပေ၏။

ကျွန်တော်သည် သူတို့ သားအမိ သားအဖ တစ်စုအကြောင်းကို တွေးမိရင်း အလိုလိုပင် စိတ်ထဲ၌ ကြည်နူးသလိုလို၊ ပျော်မြူးသလိုလို ဖြစ်လာမိစဉ်မှာပင်–

'အို... သားရေ ဟိုမှာ ကြည့်စမ်းပါဦးကွယ်။ သူ့ခမျာ ခြေထောက်တစ်ဖက် မသန်ရှာဘူး။ ရော့... ရော့... သားရယ်၊ ဟောဒီ ငွေကလေး လိုက်ပြီး ကန်တော့လိုက်စမ်းပါကွယ်'

တစ်ဖက်ခြံမှ မိခင်ကြီးသည် သားဖြစ်သူ၏ လက်ထဲသို့ တစ်ကျပ်တန် ငွေစက္ကူ တစ်ချပ်ကို ကပျာကသီ ထိုးပေးရင်းက စေတနာ လှိုက်လှဲစွာ ပြောလိုက်ခြင်းပင် ဖြစ်၏။ သားဖြစ်သူလည်း မဆိုင်းမတွ ချက်ချင်းပင် မိခင်ညွှန်ပြရာ လမ်းပေါ်သို့ အပြေးကလေး ထွက်လိုက်သွားတော့သည်။

လမ်းပေါ်မှာကား အသက် ငါးဆယ်ကျော်ရှိ ယောကျ်ားကြီး တစ်ယောက်သည် ချိုင်းထောက်ကြီးကို ထောက်ကာ ထောက်ကာ၊ ခြေတစ်ဖက်ထော့ကျိုး ထော့ကျိုးနှင့် မစွမ်းမသန် ဖြည်းညင်း လေးကန်စွာ လျှောက်၍လာနေသည်။ ဆင်းရဲ နွမ်းပါးဟန် လက္ခဏာရှိသော်လည်း စိုပြည်လန်းဆတ်

သော အသားအရေနှင့် အတော်အတန် သန့်ရှင်းစင်ကြယ်သော အဝတ်အစားတို့ကြောင့် သူတောင်းစားတစ်ယောက် မဟုတ်ကြောင်း သိသာနိုင်ပေ၏။

ထိုကြောင့်ပင်လား မသိ၊ တစ်ဖက်ခြမ်းမှ မိခင်ကြီးသည် မိမိ လှူဒါန်းလိုက်သော ငွေကို လက်ခံမှ လက်ခံပါ့မလား ဟူသော စိုးရိမ်ကြောင့်ကြဟန် အမူအရာမျိုးဖြင့် လမ်းပေါ်သို့ ငေးမျှော်ကြည့်နေပေသည်။ သား ဖြစ်သူမှာလည်း တဖြည်းဖြည်းနှင့် လျှောက်လာနေသော ဒုက္ခိတ ယောကျ်ားကြီးအား ခြံထိပ်ဝမှ နေ၍ စောင့်ဆိုင်းလျက် ရှိပေ၏။

ကျွန်တော်ကိုယ်တိုင်လည်း ရင်ထဲတွင် တလိတ်လိတ်နှင့်ပင် စောင့်ကြည့်နေမိပါတော့သည်။ အဆိုပါ ဒုက္ခိတ ယောကျ်ားကြီးသည် မည်မျှပင် ဆင်းရဲ နွမ်းပါးစေကာမူ မိမိအား မစွမ်းမသန် ဒုက္ခိတတစ်ဦး အနေနှင့် လမ်းပေါ်၌ ပေးကမ်းစွန့်ကြဲခြင်းကို နှစ်မြို့က်လိုမှ နှစ်မြို့က်ပေမည်။ သူငယ်ကလေး စကားအပြော လိမ္မာသဖြင့် ရှောရှောရှူရှူ လက်ခံလျှင်ကား တော်ပါသေး၏။

အကယ်၍ စကားအပြောမတတ်ခဲ့လျှင်ကား ကာယကံရှင် ဒုက္ခိတခမျာမှာ မိမိအား သူတောင်းစား ထင်ရလေခြင်းဟု ဝမ်းနည်းကောင်း ဝမ်းနည်းသွားရှာပေလိမ့်မည်။ စိတ်ဆိုးချင် စိတ်ဆိုးသွားပေလိမ့်မည်။

(၂)

ကျွန်တော်တို့ ရပ်ကွက်နှင့် မနီးမဝေးတွင် စစ်အတွင်း ဂျပန်ခေတ်က "လှိုင်" မြစ်တစ်ဖက်ကမ်းရှိ ရွာကလေးများမှ ပြောင်းရွှေ့ ရောက်ရှိလာကြသော ဆင်းရဲသား ရွာသူရွာသားအချို့ နေထိုင်လျက် ရှိကြလေရာ၊ ကျွန်တော် ရန်ကုန်သို့ သွားသည့်အခါတိုင်းပင် သူတို့တစ်တွေ နေထိုင်ရာ အုပ်စုကလေး အရှေ့မှ ဖြတ်သန်းသွားရစမြဲ ဖြစ်ပါသည်။

ကျွန်တော့်အဖို့ ထို ဆင်းရဲသား အုပ်စုကလေး အရှေ့မှ ဖြတ်လျှောက်မိတိုင်း သူတို့တစ်တွေ နေပုံ ထိုင်ပုံ၊ စားပုံ သောက်ပုံ စသည်များကို အမြဲတစေ ဂရုစိုက် အကဲခတ် ကြည့်ရှုသွားမိတတ်ပါသည်။

သူတို့ကား တောရွာများ၌ ဆင်းရဲတွင်း နက်လှသောကြောင့် မြို့ဘက်သို့ သက်သာလို သက်သာငြား တက်ရောက် ခိုကိုးလာသူများ ဖြစ်ကြ၏။ စစ်အတွင်း ဂျပန်ခေတ်က လယ်ယာလုပ်ကိုင်ခြင်းထက် ဈေးရောင်း ဈေးဝယ်

ပြုလုပ်ခြင်းက ပိုမို ငွေဝင်လမ်းဖြောင့်သောကြောင့် စီးပွားရေး အချက်အချာ ဖြစ်သည့် ရန်ကုန်မြို့တော်ကြီးသို့ ရောက်ရှိလာကြခြင်း ဖြစ်ဟန်တူလေသည်။ သို့သော်–

သို့သော် သူတို့အဖို့ တောမှာပဲနေနေ၊ မြို့ကိုပဲရောက်ရောက် ဘဝ အခြေအနေကား ဘယ်လိုမှ ပိုပြီး အကျိုးထူးလာဟန် မတူချေ။ ကျွန်တော့် အမြင်တွင်ကား သူတို့တစ်တွေမှာ ဆင်းရဲတွင်းနက်မြဲ နက်လျက်ပင် ရှိနေကြရှာသည်။ သူတို့သည် တစ်နေ့တာ ဝမ်းစာအတွက် နေထွက်မှသည် နေဝင်တိုင်အောင် မမောမပန်း တကုန်းကုန်းနှင့် လုပ်ကိုင်ကြရ၏။ အချို့ကား ရန်ကုန်ရောက်၍လည်း ဘာမျှ ပိုပြီး မထူးခြားသဖြင့် သူတို့ရွာ သူတို့ ပြန် ပြေးကုန်ကြလေပြီ။ တချို့မှာတော့ နေလက်စနှင့် မထူးတော့ပြီမို့ သည်မှာပင် ဖြစ်သလို နေထိုင်စားသောက်နေကြခြင်း ဖြစ်ဟန်တူသည်။

ယခု ကျွန်တော်တို့ ဂရုစိုက် အကဲခတ် ကြည့်နေမိသည့် လမ်းပေါ်မှ ဒုက္ခိတ ယောက်ျားကြီးမှာလည်း အဆိုပါ လူသိုက်တွေအထဲ၌ တစ်ဦး အပါ အဝင် ဖြစ်သော ဆင်းရဲသားကြီး တစ်ယောက်ပင် ဖြစ်လေသည်။ သူ့တွင် အခြားသူတွေထက် ပို၍ ဆိုးဝါးသည့် အချက်မှာကား ခြေထောက်တစ်ဖက် လုံးဝ သေနေခြင်းပင် ဖြစ်သတည်း။

ကျွန်တော် တွေ့ရှုသလောက်ဆိုလျှင် ထိုလူကြီးမှာ အိမ်ရှေ့ဝါးကြမ်း ကွပ်ပျစ်ကလေးပေါ်တွင် တစ်နေကုန် တစ်နေခန်း ထိုင်ရင်း နီးဝါးများကို အစိတ်စိတ်အမြွာမြွာ ဖြာလျက် တောင်းကလေးများ၊ ဆွဲခြင်းကလေးများကို စိတ်ရှည်လက်ရှည် ရက်လုပ်နေတတ်၏။ ဒါတွေကို သူ့မိန်းမကြီးက ကမာ ရွတ် ဈေးသို့ မုန့်စိမ်းပေါင်း ထွက်ရောင်းရင်း ယူ၍ ရောင်းချတတ်လေသည်။

ဤသို့လျှင် မိန်းမ ဖြစ်သူက မုန့်စိမ်းပေါင်း ရောင်း၍ ယောက်ျားကြီး က တောင်းကလေးတွေ၊ ဆွဲခြင်းကလေးတွေ ရက်လုပ်ရင်းနှင့်ပင် သား ထောက် သမီးခံ မရှိသော သူတို့ လင်ကိုယ်မယားအတွက် အခြား အခြား သော ဆင်းရဲသားတွေလောက်တော့ စားနိုင် သောက်နိုင်စွမ်း ရှိကြဟန် တူပေသည်။

(၃)

'သာခု သာခုဗျာ၊ ယခုပြုရ ကုသလကြောင့် ကျန်းမာကြပါစေ၊ ချမ်းသာကြ ပါစေ၊ အသက်ရာကျော် ရှည်ပါစေဗျာ'

ဤကဲ့သို့ ဆုတောင်းလိုက်သည့် အသံကြီးကို ကြားလိုက်တော့မှ ကျွန်တော်လည်း လမ်းပေါ်သို့ လှမ်းမျှော်ကြည့်လိုက်မိလေ၏။ ယခင် အခိုက် အတန့်ကလေးအတွင်း ရင်ထဲတွင် တထိတ်ထိတ်နှင့် စောင့်ဆိုင်းနေခဲ့မိသမျှ ယခုမှပင် အလုံးကြီး ကျသွားတော့ကာ ဝမ်းသာရမလို ဖြစ်သွားမိပါသည်။

တစ်ဖက်ခြံထဲမှ မိခင်ဖြစ်သူ အဒေါ်ကြီးမှာလည်း သူ လှူဒါန်းလိုက် သော ငွေတစ်ကျပ်ကို နှစ်သိမ့် ကျေနပ်စွာ ဆုပ်ကိုင်ရင်း တတွတ်တွတ် ဆုတောင်းလျက်ရှိသည့် ဒုက္ခိတ ယောက်ျားကြီးအား ပီတိလျှမ်းသော မျက်လုံး များဖြင့် စူးစူးစိုက်စိုက် ကြည့်နေလေတော့၏။ သားဖြစ်သူကလေးမှာလည်း ယောက်ျားကြီး၏ ဆုတောင်းသံကို နားစွင့်ရင်း မလှုပ်မယှက် ရပ်နေလေသည်။

သားအမိ နှစ်ယောက်စလုံးပင် သူတို့ မိုရိုအားထားရာ ဖြစ်ခဲ့ဖူးသည့် ကျေးစူးရှင် ဖခင်ကြီး၏ ရောဂါ ဝေဒနာမျိုးနှင့် ထပ်တူထပ်မျှ ခံစားလျက် ရှိရှာသော ဒုက္ခိတ ယောက်ျားကြီးအပေါ်ဝယ် စေတနာ သဒ္ဓါတရား အထူးပင် ပွားများလျက် ရှိကြောင်းကို ကျွန်တော် နားလည်လိုက်မိပါတော့သည်။

ထို့နောက် မကြာမီပင် ဒုက္ခိတ ယောက်ျားကြီးသည် ခြေတစ်ဖက် ထော့ကျိုး ထော့ကျိုးနှင့် ထွက်ခွာသွားတော့ကာ၊ တစ်ဖက်ခြံမှ သားအမိ နှစ်ယောက်တို့လည်း သူတို့အလုပ် သူတို့ ဆက်လက် လုပ်ကိုင်လျက် ရှိကြ သောကြောင့် ကျွန်တော်လည်း အိမ်ထဲသို့ ပြန်ဝင်ခဲ့မိပါသည်။

နောက် သုံးရက်ခန့် ကြာသော နေ့တစ်နေ့တွင် တစ်ဖန် အိမ်ရှေ့ လမ်းပေါ်သို့ ထို ယောက်ျားကြီး လျှောက်လာပြန်လေ၏။ ကျွန်တော့် စိတ်ထဲ တွင် တစ်ဖက်ခြံမှ ဘယ်နည်းနှင့်မဆို ငွေထွက်လှူလိမ့်မည် ဟူသော မျှော်လင့် ချက်ဖြင့် ပြတင်းပေါက်မှ မျှော်ကြည့်လိုက်မိပါသည်။

ကျွန်တော် မျှော်လင့်သကဲ့သို့ပင် တစ်ဖက်ခြံမှ သူငယ်ကလေးသည် လမ်းပေါ်သို့ ကပျာကယာ ပြေးထွက်ရင်း ဒုက္ခိတ ယောက်ျားကြီး၏ လက်ထဲ သို့ ငွေတစ်ကျပ် လှူဒါန်းလိုက်ပြန်လေ၏။ ယောက်ျားကြီးကလည်း ရှောရှော ရှူရှူပင် လက်ခံရင်း တစ်နေ့ကအတိုင်းပင် ဆုတောင်းပတ္ထနာ ပြုလိုက်လေ တော့သည်။

ထိုအခါမှစ၍ ကျွန်တော့် စိတ်ထဲတွင် ဤဒုက္ခိတ ယောက်ျားကြီး လာတိုင်း လာတိုင်း တစ်ဖက်ခြံမှ မပျက်မကွက် ထွက်၍ လှူဒါန်းလိမ့်မည် ဟု တထစ်ချ ယုံကြည် နားလည်ထားလိုက်မိပါတော့သည်။ ကျွန်တော်

ယုံကြည်ထားသည့်အတိုင်းလည်း နောက်ရက်များ မကြာမီ ထိုယောက်ျားကြီး အိမ်ရှေ့လမ်းပေါ်သို့ ဖြတ်လျှောက်သွားပြန်သောအခါ၌ တစ်ဖက်ခြံမှ ငွေတစ်ကျပ် ထွက်၍ စွန့်ကြဲပြန်လေ၏။ သူတို့မိသားစု၏ စိတ်ထဲတွင် ထိုဒုက္ခိတ ယောက်ျားကြီး အိမ်ရှေ့လမ်းပေါ်သို့ လျှောက်လာသည့်အခါတိုင်း ငွေတစ်ကျပ် လှူဒါန်းမည်ဟု စေတနာသုံးတန် ပြဋ္ဌာန်းထားပြီ ဖြစ်ကြောင်း ထင်ရှားလာလေသည်။

နောက် သုံးလေးရက်ခန့် ကြာသွား၍ အဆိုပါ ယောက်ျားကြီး ပေါက်လာပြန်သော အခါ၌လည်း သူတို့ ငွေတစ်ကျပ် ထွက်၍ လှူဒါန်းပြန်လေသတည်း။

(၄)

တစ်နေ့သည၌တွင်မူကား ထူးခြားသော ဖြစ်ရပ်တစ်ခုကို ကျွန်တော် ကောင်းစွာ သတိမူလိုက်မိပါသည်။

ထိုဖြစ်ရပ်သည်ကား အခြားမဟုတ်။ ထိုနေ့က အဆိုပါ ဒုက္ခိတ ယောက်ျားကြီး အိမ်ရှေ့လမ်းပေါ်သို့ ဖြတ်လျှောက်သွားသည်ကို တစ်ဖက်ခြံမှ မမြင်လိုက်ကြခြင်းပင် ဖြစ်၍၊ ထို့ထက် စိတ်ဝင်စားဖွယ် ကောင်းသည့် အချက်မှာကား ယောက်ျားကြီးသည် တစ်ဖက်ခြံမှ မည်သူ တစ်ဦးတစ်ယောက်မျှ ထွက်မလာသောအခါ၌ သူ့လမ်းသူ ဆက်လျှောက်မသွားသေးဘဲ လမ်းပေါ်၌ အချိန်ကြာမြင့်စွာ ရပ်ရင်း အိမ်ရှင်များ၏ အရိပ်အခြည်ကို အကဲခတ် စောင့်ကြည့်နေခြင်းပင် ဖြစ်သတည်း။

အိမ်ရှင်များမှာလည်း လမ်းပေါ်တွင် ရပ်စောင့်လျက်ရှိသော ဒုက္ခိတ ယောက်ျားကြီးအား မြင်လိုက်ကြသည်နှင့် တစ်ပြိုက်နက် ထုံးစံအတိုင်း ငွေတစ်ကျပ် ထွက်၍ ပေးကမ်းလိုက်ကြပြန်လေ၏။

ထိုအခါမှစ၍ ကျွန်တော့် စိတ်ထဲ၌ တစ်ဖန် ဤဒုက္ခိတ ယောက်ျားကြီး လာတိုင်း လာတိုင်း တစ်ဖက်ခြံမှ ငွေတစ်ကျပ် အမြဲတမ်း ထွက်၍ လှူဒါန်းသည့်နည်းတူပင် ယောက်ျားကြီး၏ အသိဉာဏ်တွင်လည်း–

"ငါ ဒီအိမ်ရှေ့ကို ဖြတ်လျှောက်တိုင်း ဖြတ်လျှောက်တိုင်း ငွေတစ်ကျပ် ရမှာပဲ" ဟူသော အစွဲကလေးတစ်ခု ခိုကပ် ငြိတွယ်နေပြီ ဖြစ်ကြောင်း သတိထားလိုက်မိပါသည်။

ထိုအတိုင်းလည်း မှန်နေချေတော့၏။

နောင်တွင် အဆိုပါ ယောက်ျားကြီးသည် အိမ်ရှေ့လမ်းပေါ်သို့ ဖြတ်၍ လျှောက်တိုင်းလျှောက်တိုင်း တစ်ဖက်ခြံမှ ထွက်မလာတတ်သည့် အခါများ၌ အိမ်ရှင်များ ကြားလောက်အောင် ချောင်းဟန့် အသံပေးခြင်းဖြင့်သော် လည်းကောင်း၊ တစ်စုံတစ်ယောက် သူ့အား မမြင်မချင်း လမ်းပေါ်၌ ရပ်စောင့်၍သော် လည်းကောင်း သူ အိမ်ရှေ့တွင် ရောက်နေပြီ ဖြစ်ကြောင်းကို အသိပေးတတ်လေတော့သည်။

ကျွန်တော် မှတ်မိထားသလောက်ဆိုလျှင်မူကား သူသည် ယခင်ကလို တစ်ခါတစ်ရံမှသာ မဟုတ်တော့ဘဲ သုံးရက်ခြား၊ လေးရက်ခြား တစ်ခါလောက် ပေါက်၍ ပေါက်၍ လာတတ်ပြီးလျှင် သူ ရောက်လာသည့်အခါတိုင်းလည်း ဆိုခဲ့ပြီးသည့်အတိုင်းပင် အိမ်ရှင်များက သူ့ကို စ တွေ့သော အခါများတွင် ငွေတစ်ကျပ်ကို လွယ်လင့်တကူ မဆိုင်းမငံ့ ရရှိ၍၊ အိမ်ရှင်များက သူ့ကို သတိမပြုမိကြသည့် အခါများ၌မူကား သူကပင် ချောင်းဟန့်၍ အသံပေးတတ်စမြဲ ဖြစ်လေ၏။

သို့နှင့်ပင် အချိန်၊ နာရီ၊ နေ့ရက်တို့သည်လည်း တစ်စတစ်စနှင့် ကုန်ကျူး လွန်မြောက်ခဲ့ရာမှ လ တွင်းသို့ပင် ချင်းနင်း ဝင်ရောက်ခဲ့တော့သတည်း။

ထို အတောအတွင်း၌ပင် အဆိုပါ ဒုက္ခိတ ယောက်ျားကြီးသည် ကျွန်တော်တို့ အိမ်ရှေ့ လမ်းပေါ်သို့ ခုနစ်ကြိမ်၊ ရှစ်ကြိမ်ထက်မနည်း ရောက်ရှိခဲ့ကြောင်းကို ကျွန်တော် မှတ်သားထားမိပါသည်။ ဤကဲ့သို့ သူ ရောက်ရှိခဲ့သည့် အခါတိုင်းမှာပင် တစ်ဖက်ခြံမှလည်း ပေးကမ်း စွန့်ကြဲနေကျ ငွေတစ်ကျပ်ကို မပျက်မကွက် ထွက်၍ ပေးတတ်စမြဲ ဖြစ်ကြောင်းကိုလည်း ကျွန်တော် ကောင်းစွာ သတိပြုခဲ့မိလေ၏။

သို့ရာတွင် များမကြာမီအတွင်း ထို ယောက်ျားကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။ သူ့ကို စိတ်ဝင်စားစ အချိန်တွင် သူ ပျောက်သွားခြင်းကြောင့်လည်း ကျွန်တော့်မှာ ဟိုတွေး သည်တွေးနှင့် သူ့အတွက် ပူပန်စိတ်ကလေးများပင် ကိန်းအောင်းလာမိတော့သည်။

ယောက်ျားကြီးကား ကျွန်တော်တို့ အိမ်ရှေ့လမ်းပေါ် မရောက်လာရုံမျှသာမက သူ့ကို တွေ့နေကျ၊ မြင်နေကျ သူ့အိမ်ရှေ့ ဝါးကြမ်း ကွပ်ပျစ်ကလေး ပေါ်တွင်လည်း မတွေ့ရတော့ခြင်း ပင်တည်း။

ယခင်ကဆိုလျှင် ကျွန်တော် ရန်ကုန်သို့ သွားတိုင်း သွားတိုင်းပင် နီးဝါးများကို အစိတ်စိတ်အမြွှာမြွှာ ခွဲဖြာလျက် တောင်းကလေးတွေ၊ ဆွဲခြင်း ကလေးတွေ ရက်လုပ်နေတတ်သော သူ့ကို အမြဲတစေ တွေ့မြင်ခဲ့ရစမြဲ ဖြစ်သည်။ ကျွန်တော် မနက်ခင်း ထွက်သွား၍ ညနေစောင်း အိမ်ပြန်လာသည့် အချိန်တိုင်အောင် သူ့အား အိမ်ရှေ့ ဝါးကြမ်း ကွပ်ပျစ်ကလေးပေါ်၌ အလုပ် လုပ်လျက် ရှိသေးသည်ကို တွေ့ခဲ့ရဖူး၏။

ယခုသော်ကား သူ့ကို မတွေ့ရ။ သူ့လက်ရာကလေးများ ဖြစ်သော ဝါးတောင်းကလေးတွေ၊ ဝါး ဆွဲခြင်းကလေးတွေကိုလည်း မတွေ့ရတော့ဘဲ ကျွန်တော် ရန်ကုန်သို့ သွားသည့်အခါတိုင်းပင် လူသူကင်းမဲ့ကာ ခြောက်ကပ် ကပ်ကြီး ဖြစ်နေသော သူတို့အိမ် တဲကုပ်ကလေးကိုသာ တွေ့ရပါတော့သည်။

(၅)

တစ်နေ့တွင်မူ သူငယ်ချင်း မိုးဝေတို့၊ ရဲခေါင်တို့နှင့်အတူ ကမာရွတ်ဈေးသို့ မရောက်စဖူး ရောက်သွားမိလေသည်။

ကျွန်တော်တို့သည် ကမာရွတ် ဘုတာရုံလမ်းအတိုင်း စကားတပြော ပြောနှင့် လျှောက်ခဲ့ကြရင်းက ဈေးရှေ့လမ်းနံဘေးတွင် ဗန်းကလေး ချ၍–

'မုန့်စိမ်းပေါင်း... မုန့်စိမ်းပေါင်း' ဟု တကြော်ကြော် ဟစ်အော်ရောင်းချ လျက် ရှိသော မုန့်စိမ်းပေါင်းသည် မိန်းမကြီး တစ်ယောက်အား အမှတ်တမဲ့ ကြည့်လိုက်မိရာ၊ ယခင် ခုက္ခိတ ယောက်ျားကြီး၏ ဇနီးဖြစ်နေကြောင်းကို သတိပြုလိုက်မိပါတော့သည်။

ကျွန်တော်လည်း အခါအခွင့် ကြုံကြိုက်တုန်း သူ့ယောက်ျားကြီး အကြောင်းကို မေးမြန်း စုံစမ်းမည်ဟု စိတ်ကူးမိရင်း၊ သူငယ်ချင်းများအား မုန့်စိမ်းပေါင်းစားရန် ခေါ်လိုက်ပြီးလျှင် မုန့်သည်မကြီး အနီးသို့ ဝိုင်းသွားမိ ကြလေ၏။

မုန့်သည် မိန်းမကြီးက မုန့်စိမ်းပေါင်းကို ဓားပါးကလေးနှင့် အယုက် အယုက် အလွှာအလွှာ လှီးနေစဉ်တွင် ကျွန်တော်က ရုတ်တရက် မေးလိုက် မိပါသည်။

'ဒီမှာ အဒေါ်ကြီး၊ စကားမစပ် မေးစမ်းပါရစေ၊ ခုတလော အဒေါ်ကြီး ရဲ့ ယောက်ျားကို အိမ်မှာ မတွေ့ရပါလား။ ကျွန်တော်လည်း မေးမယ် မေး မယ်နဲ့ ကျွန်တော် အလုပ်သွားတဲ့အချိန် အဒေါ်ကြီးကို မတွေ့ရလို့'

မိုးဝေနှင့် ရဲခေါင်တို့ပင်လျှင် ကျွန်တော်၏ မေးခွန်းကို နားမလည်နိုင်သလို ဖြစ်သွားကြဟန် တူ၏။ မုန့်သည် အဒေါ်ကြီးကား ကျွန်တော် မေးလိုက်သည်ကို ရုတ်တရက် ပြန်မဖြေတတ်သကဲ့သို့ ငိုင်တွေတွေကြီး ဖြစ်သွားရှာသည်။ ကျွန်တော်လည်း သူ့အနားတစ်ပိုက်သို့ ဂရုတစိုက် ကြည့်လိုက်မိရာက–

'တောင်းကလေးတွေ၊ ဆွဲခြင်းကလေးတွေကော လုပ်မရောင်းတော့ဘူးလား' ဟု ထပ်၍ မေးလိုက်မိပြန်သည်။

ထိုအခါကျမှ အဒေါ်ကြီးမှာ မျက်ရည်ကလေးတွေ ဝိုင်းလာရာက–

'အေးကွယ် မရောင်းတော့ပါဘူး။ သူကမှ လုပ်မပေးနိုင်တော့တာ ဘယ်ရောင်းနိုင်ပါတော့မလဲ ငါ့တူရယ်' ဟု ငိုသံပါ အသံလေးလေးကြီးနှင့် ဖြေလိုက်၏။

ကျွန်တော့်မှာ အဒေါ်ကြီး လှမ်းပေးနေသည့် မုန့်များကို သူငယ်ချင်းတို့ လက်သို့ လက်ဆင့်ကမ်း ထိုးပေးရင်းက သူ့စကားတွေကို နားမလည်နိုင်အောင် ဖြစ်နေမိပါသည်။ အဒေါ်ကြီးက ရီဝေသော မျက်လုံးကြီးများဖြင့် မော်ကြည့်ရင်း ဆက်၍–

'မောင်တို့ ဈေးဟိုဘက်နား လျှောက်သွားရင် တွေ့ရပါလိမ့်မယ်ကွယ်' ဟု ပြောလိုက်တော့မှပင် ကျွန်တော်လည်း အဒေါ်ကြီး ညွှန်ပြရာဆီသို့ ရောက်ချင် မြင်ချင်စောနှင့် မုန့်ကို ကမန်းကတန်း စားကာ သူငယ်ချင်းများကို ဆွဲခေါ်ရင်း ဈေးတစ်ဖက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့မိတော့၏။

ဈေးတစ်ဖက်၌ ရုတ်တရက် မြင်တွေ့လိုက်ရသော အရာကား တခြားမဟုတ်။

ဈေးပေါက်ဝ လူသွားလူလာ လမ်းနံဘေးတွင် ငုတ်တုတ်ကလေး ထိုင်လျက်ရှိသော ဒုက္ခိတ ယောက်ျားကြီးပင် ဖြစ်သတည်း။ သူ့ရှိုင်းထောက်ကြီးမှာ သူ့နံဘေးတွင် ဖုတ်တွေ၊ မြေကြီးတွေ ဖုံးလွှမ်းပေကျံကာ သူ့ကိုယ်မှ အဝတ်အစားများမှာလည်း ယခင်ကလို သန့်ရှင်းစင်ကြယ်ခြင်း မရှိတော့သည့်အပြင် သူ၏အသားအရေသည်ပင် စိုစိုပြည်ပြည် မရှိတော့ဟု ထင်ရလေသည်။

သူသည် တကယ့် သူတောင်းစား ရင့်မကြီးတစ်ယောက်ကဲ့သို့ သူ့ရှေ့မှ ဖြတ်လျှောက်သွားကြသော ဈေးသွား ဈေးပြန်များထံ အသနားခံသည့် မျက်နှာကြီးနှင့် မော်ကြည့်ရင်း–

'ပေးမှ ကမ်းမှ စားရမယ့် ဒုက္ခိတပါ ခင်ဗျာ။ ပိုက်ဆံကလေး တစ်ပြား

တစ်ချပ်လောက် စွန့်ကြဲတော်မူကြပါ ခင်ဗျာ' စသည်ဖြင့် ပိုက်ဆံ လက်ဖြန့်ခံ တောင်းနေခြင်းပင် ဖြစ်၍ တစ်စုံတစ်ယောက်က သူ့ရှေ့မှ ဒန်ခွက်ကလေးထဲသို့ ဖြစ်စေ၊ သူ့လက်ဝါးထဲသို့ ဖြစ်စေ ပိုက်ဆံကလေးများ ပစ်ထည့်သွားသည့် အခါတိုင်း၌ သူသည် ပါးစပ်မှ တတွတ်တွတ်နှင့် ဆုတောင်းနေလေတော့၏။

ကျွန်တော်လည်း သူ့ကို ဆက်မကြည့်ရက်တော့သည့်အဆုံး သူ့အနား သို့ ချဉ်းကပ်သွားကာ အဆင်သင့် ဖြန့်ခံထားသည့် လက်ဝါးကြမ်းကြီးထဲသို့ ငွေတစ်ကျပ် ထည့်ပေးခဲ့ပြီးနောက် ဆက်လျှောက်ခဲ့မိလေ၏။

ထိုအချိန်၌ကား ကျွန်တော့်တွင် ယခင်တုန်းကလို "ဒီလူကြီး လမ်း လယ်ကောင်မှာ ငွေပေးတာ ကြိုက်မှ ကြိုက်ပါ့မလား" အစရှိသော ကြောင့်ကြ စိတ်မျိုး စိုးစဉ်းမျှ မရှိတော့ကြောင်းကို သတိပြုလိုက်မိပါသည်။

'သာဓုဗျာ သာဓု' စသည်ဖြင့် လေရှည်ကြီးနှင့် မဆုံးတမ်း ဆုတောင်း ပတ္ထနာပြုလိုက်သည့် သူ့အသံကြီးကပင် ကျွန်တော်၏ ပေးကမ်းစွန့်ကြဲမှုကို သာမက သူ့အပေါ်ဝယ် သနားကရုဏာသက်သူ မည်သူ့ထံမှမဆို နှစ်ထောင်း အားရ လက်ခံရန် အသင့်ရှိကြောင်း ထင်ရှားစေပြီ မဟုတ်ပါလား။ ။

[ ရှုမဝ၊ နိုဝင်ဘာ ၁၉၆၀ ]

## မုန့်ဖိုး

"အရုပ်ဆိုးသော ကလေးမလေး တစ်ယောက်၊ မီးခိုးရောင် ရှင်မီးအင်္ကျီကလေးနှင့် ယောဂီရောင် ထဘီကလေးကို တိုတိုပါအောင် ဝတ်ဆင်ကာ လမ်းပေါ်မှ လက်တွန်းလှည်းမုန့်သည် တရုတ်ကြီး၏ ရှေ့တည့်တည့်၌ ရပ်နေသည်" ဟု ရေးမည်ဆိုက ရေးနိုင်ပါသည်။

သို့သော် ဤကဲ့သို့ ရေးလိုက်မည်ဆိုလျှင် ကျွန်တော့်အနေနှင့် မဟုတ်မမှန် လုပ်ကြံရေးမိခြင်းသာ ဖြစ်ပေမည်။

အကြောင်းသော်ကား အဆိုပါ ခြောက်နှစ်သာသာအရွယ် ကလေးမကလေးသည် အကာယ်စင်စစ် အရုပ်မဆိုးလှ၊ သူ့မျက်နှာကလေးတွင် ကြေးညှော်ဖုန်များ လက်လေးသစ် တက်ကာ ချွေးစီးများဖြင့် ပေကျံနေရုံသာမက ဆီလူး ဖြီးလိမ်းခြင်း မရှိသည့် ဆံပင်များမှာလည်း မျက်နှာကလေးပေါ် ဖွားရရား ကျနေသောကြောင့်သာ ရုတ်တရက် အမြင်အားဖြင့် အရုပ်ဆိုးသည်ဟု ထင်ရခြင်း ဖြစ်ပေသည်။

ထိုနည်းတူစွာပင် သူကလေး၏ ကိုယ်ပေါ်မှ မီးခိုးရောင် လွှမ်းနေသည့် ရှင်မီးအင်္ကျီကလေးမှာလည်း သေချာစွာ ဖွပ်လျှော်လိုက်မည် ဆိုပါက ကြေးညှော် ကင်းစင်လျက် နဂို ပိတ်သားအဖြူရောင် ပေါ်လွင်လာမည်သာ ဖြစ်၏။

ထို့အပြင် ဆေးကျွတ်ကာ အရောင်များ အရောအနှော ကူးစက်ပျံ့နှံ့နေသည့် ထဘီတိုကလေးမှာလည်း အမှန်မတော့ ယောဂီရောင် မဟုတ်၊ အနီဝိုင်းခံပေါ်တွင် အနက်ပန်း ရိုက်ထားသော ထဘီကလေး ဖြစ်ခဲ့ဖူးကြောင်း စေ့စေ့ကြည့်က ရေးရေးပေါ်လွင်လာနိုင်မည် ဖြစ်တော့၏။

နောက်ဆုံးအားဖြင့်လည်း ကလေးမကလေးမှာ လမ်းပေါ်မှ လက်တွန်းလှည်း မုန့်သည် တရုတ်ကြီး၏ ရှေ့တည့်တည့်၌ ရပ်နေရုံမျှသာ မဟုတ်ဘဲ၊ မုန့်မျိုးစုံ ခင်းကျင်းထားသော ဗန်းကြီးပေါ်တွင် လက်ကလေး ဝဲကာ ဝဲကာနှင့် မုန့်များကို တစ်ခုစီ တစ်ခုစီ ကိုင်တွယ် ကြည့်ရှုနေခြင်းပင် ဖြစ်သည်။

'ဒီဟာ ဘယ်လောက်လဲ ပေါက်ဖော်ကြီး'

ကလေးမကလေးသည် တရုတ်မုန့် တစ်ခုကို ကျေနပ် နှစ်သိမ့်စွာ ကိုင်တွယ် ကြည့်ရှုရင်းက မေးလိုက်၏။

"ဒီမုန့်ကလေး စားလိုက်ရရင် ဘယ်လောက် အရသာရှိမလဲ" ဟူသော အတွေးကလေးတွေ သူ့မျက်နှာကလေးပေါ်ဝယ် ယှက်သန်းလျက် ရှိပေသည်။

'တစ်မတ်' ဟု မုန့်သည် တရုတ်ကြီးက ဖြေလိုက်တော့မှ ကလေးမလေး၏ မျက်လုံးကလေးတွေ ချာလည် ချာလည် ဖြစ်သွားရှာသည်။

သူ့လက်ကလေးသည်လည်း မုန့်ဗန်းကြီးပေါ်တွင် ဝဲကာ ဝဲကာနှင့် စမ်းတဝါးဝါး လိုက်ရှာနေပြန်၏။ သူ့စိတ်ကြိုက် မုန့်တစ်ခုပေါ်သို့ အရောက်တွင် အလောတကြီး ဆုပ်ကိုင်မိလျက်သား ဖြစ်သွားတော့သည်။

'ဒီဟာလေးကော ငါးပြား မဟုတ်လား ပေါက်ဖော်ကြီး' ဟု လက်ထဲက မုန့်ကလေးကို တရုတ်ကြီးအား ထိုးပြရင်းက မေးလိုက်ပြန်၏။

'တစ်မတ်ပဲကွ'

မုန့်သည် တရုတ်ကြီးသည် ပေတစ်ရာလမ်းပေါ်မှ လမ်းသွားလမ်းလာတို့အား ငေးမျှော်ကြည့်ရှုရင်း စိတ်မရှည်နိုင်သလို တုံးတိတိ ဖြေလိုက်သည်။ ပြီးနောက် တရုတ်ကြီး၏ မျက်လုံးများသည် လမ်းတစ်ဖက်တွင် ဟိုပြေးသည်လွှား ဆော့ကစားလျက်ရှိကြသော ကလေးတစ်စုထံသို့ ရောက်သွားရာက ခေါင်းလောင်းကလေးကို တခေါင်ခေါင်မြည်အောင် ထိုးလိုက်ပြီးလျှင် လက်တွန်း လှည်းကလေးကို ဆက်၍ တွန်းသွားလေတော့၏။

လမ်းတစ်ဖက်မှ ကလေးတို့သည်ကား ဝေါ်လီ လိုမ့်သူက လိမ့်၍၊ စီးကရက်ဘူး ပစ်သူက ပစ်နှင့် ရှိကြလေရာ မုန့်သည် တရုတ်ကြီးအား ဂရုမစိုက်အား နိုင်ကြပေ။ သူ့ရှေ့မှ ကလေးမကလေးသာလျှင် လက်တွန်းလှည်း ရွေ့လျားရာ နောက်သို့ တကောက်ကောက်လိုက်ကာ မုန့်ဗန်းကြီးအပေါ်ဝယ် မျက်လုံးကလေးတွေ ကလယ် ကလယ်နှင့် သူ အငမ်းမရ လိုချင်နေသော ငါးပြားတန် မုန့်တစ်ခုကိုသာ ရှာဖွေနေဟန်..တူလေသည်။

သူကလေးသည် တရွေ့ရွေ့ သွားလျက်ရှိသော လက်တွန်းလှည်းကလေး နံဘေးက ဇွဲရှိရှိနှင့် ပြေးလိုက်ရင်း–

'ဟို စက္ကူနီနီလေးနဲ့ မုန့်ကော ဘယ်လောက်လဲဟင်' ဟု မရဲတရဲ မေးလိုက်ပြန်၏။

မုန့်သည် တရုတ်ကြီးကား ကလေးမကလေးအား ပြန်ဖြေဖော်ပင် မရတော့ဘဲ မျက်နှာကြီး တစ်ချက်ရှုံ့ကာ လက်တွန်းလှည်းကိုသာ လည်မော့မော့ဖြင့် ဆက်တွန်းလျက် ရှိလေသည်။

ထိုအခိုက် လမ်းနံဘေး ဓာတ်တိုင်တစ်တိုင် အောက်ဆီမှ ဆွဲဆွဲငင်ငင် သီဆိုလိုက်သည့် သီချင်းသံ တစ်ခုကို လေအယဉ်တွင် ခပ်သဲ့သဲ့ ကြားလိုက်ရသည်။ လက်တွန်းလှည်းနံဘေးမှ တစ်လျှောက်လုံး ပြေးလိုက်လာခဲ့သော ကလေးမကလေးသည်ပင် ရုတ်တရက် ဆက်မလိုက်တော့ဘဲ ထို သီချင်းသံ လာရာဆီသို့ အာရုံပြောင်းသွားကာ နားစွင့်နေတော့၏။

လမ်းနံဘေး ဓာတ်တိုင်အောက်၌ကား လမ်းသွားလမ်းလာ အချို့နှင့် ကလေးတစ်သိုက်တို့က တစ်စုံတစ်ရာကို စိတ်ဝင်စားစွာ ဝိုင်းအုံ ကြည့်ရှုလျက် ရှိကြသည်။ သီချင်းသံမှာ ထိုလူအုပ်အကြားမှ ပေါ်ထွက်လာခြင်းပင် ဖြစ်ပေသည်။

ကလေးမလေးသည် မုန့်သည် တရုတ်ကြီး၏ လက်တွန်းလှည်းဆီမှ ခွာထွက်သွားပြီးလျှင် ထိုလူအုပ်စု ရှိရာဆီသို့ အပြေးကလေး သွားတော့သည်။ သူကလေးသည် ဝိုင်းအုံ စုရုံးလျက်ရှိသော ကလေးလူကြီးများအကြား တိုးခွေ့ဝင်ရောက်ကာ သီချင်းဆိုသူ အသံရှင်အား ရှာဖွေလေတော့သည်။

လူအုပ်၏ အလယ်တွင်မူ အသက် ခြောက်ဆယ်ရွယ်ခန့်ရှိ အဘိုးအိုကြီး တစ်ဦးသည် လက်တွင် ရုပ်သေး မင်းသမီးရုပ် တစ်ရုပ်ကို သွပ်ပါးစပ်မှ သီချင်းသံနှင့် စီးချက် ဝါးချက်ညီညီ ညက်နေအောင် ဆွဲကလျက် ရှိလေသည်။

တစ်ခါတစ်ရံ ပါးစပ် ဆိုင်းကလေးတီးကာ ရုပ်သေးရုပ်ကို ရင်ကလေးကော့၊ လည်ကလေးမော့နှင့် တကယ့် မင်းသမီးကလေး တစ်ယောက်ပမာ ဟန်မူပါပါ ကြော့ကြော့မော့မော့ ကပြလိုက်သော အခါများတွင် ပရိသတ်မှာ လက်ခုပ်လက်ဝါး တီးသည်အထိ ပွဲကျသွားတတ်၏။

ဤကဲ့သို့ ပရိသတ်က နှစ်သက် သြဘာပေးသည်ကို တွေ့ရှိရသော အခါဝယ် အဘိုးကြီး၏ မျက်လုံးများ ကြည်လင် တောက်ပလာပြီးလျှင် ပြုံးယောင်ယောင် မျက်နှာထားဖြင့် ပီတိဖြာသွားဟန် တူလေသည်။

ထို့နောက် မကြာမီပင် အဘိုးအိုသည် သီချင်းကို အဆုံးသတ်လိုက်၍ ရုပ်သေးရုပ်ကိုလည်း အနားပေးလိုက်လေတော့၏။ ပရိသတ်ကလည်း လက်ခုပ်တီးသူက တီး၊ ပိုက်ဆံ ချီးမြှင့်သူက ချီးမြှင့်နှင့် အဘိုးအို၏ အနုပညာကို ကောင်းချီးသြဘာ ပေးကြလေ၏။

ထိုအချိန်၌ ယခင် ကလေးမကလေးသည်လည်း ပရိသတ်များကို ဖယ်ရှားကာ အဘိုးအိုထံ ချဉ်းကပ်သွားလေသည်။ အနီးသို့ ရောက်သွားသည်တွင် သူကလေးသည် အဘိုးကြီး၏ အိုမင်း ရင့်ရော်သော မျက်နှာကြီးကို ကြည်ညိုလေးစား ကြင်နာသနားသည့် မျက်လုံးကလေးများဖြင့် ငေးစိုက်ကြည့်ရင်း အတန်ကြာအောင် ရပ်နေသည်။

ထို့နောက်မှ သူကလေးသည် မျက်နှာကို ချစ်စဖွယ်ကောင်းအောင် ပြုံးလိုက်ရာက သူ့လက်ဝါးကလေးထဲမှ ချွေးစီးများပြန်လျက်ရှိသည့် ပိုက်ဆံငါးပြားစေ့ကလေးကို အဘိုးကြီး၏ အကြောပြိုင်းပြိုင်း ထ လျက် ရှိသော လက်ကြီးထဲသို့ စေတနာ ရက်ရောစွာ ထည့်လိုက်လေတော့သတည်း။ ။

[ တာရာမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၇)၊
အောက်တိုဘာ ၁၉၄၇ (?)]

# ဓာတ်တိုင်အောက်ဝယ်

## (၁)

အမှောင်လွှမ်းမိုးနေပြီ ဖြစ်သော ည (၈) နာရီသာသာအချိန် ဖြစ်သည်။

ထိုအခါက ကျွန်တော်သည် "တိုးတက်ရေး" သတင်းစာတိုက်တွင် နေ့အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ်ဖြစ်၍၊ ထိုနေ့က အလုပ်များ အဆဓတန် များပြားလှသည့်အလျောက် ကျွန်တော့်ထံမှ တာဝန်ကို ဆက်ခံ လွှဲယူသည့် ည အယ်ဒီတာ ဦးစံလှအား ကူညီ လုပ်ကိုင်ပေးရင်း အိမ်ပြန်နောက်ကျခဲ့ခြင်း ဖြစ်၏။ ကမာရွတ် သုခလမ်းတွင် ဘတ်(စ်)ကားပေါ်မှ ဆင်းခဲ့မိပြီးနောက် မယ်စီကုန်းလမ်းအတိုင်း အိမ်ဆီသို့ ခြေလှမ်း ခပ်သုတ်သုတ်ဖြင့် လျှောက်လာမိပါသည်။

လမ်းတစ်လျှောက် ဓာတ်ကြိုးတန်းပေါ်၌ အခွင့်မဲ့ ချိတ်ဆွဲ မိုးထွန်းထားကြသည့် ဓာတ်မီးလုံးကလေးများမှ အလင်းရောင်တို့သည် လေအလာ ဓာတ်ကြိုးများ အလှုပ်တွင် လမ်းပေါ်သို့ ကျရောက်နေသော အရိပ်မည်းမည်းတို့ကို ယိမ်းက လှုပ်ရှားသွားစေသည်။ ကဆုန်၊ နယုန် မိုးကျပြီးစ အခါသမယဖြစ်၍ လည်း မြေကြီးထဲမှ သဘာဝအလျောက် ပေါက်ဖွား ထွက်ပြူလာကြကုန်သော ပိုးဖလံကောင်တို့မှာ " ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ" ဆိုသည့် အတိုင်းပင် ဓာတ်မီးလုံးကလေးများတွင် တရုန်းရုန်း တိုးရင်းပင် အတောင် တခြား၊ ကိုယ်တခြား အိုးစားကွဲကာ လမ်းပေါ်တွင် တဖွေးဖွေး ပြန့်ကျဲလျက် ရှိကြတော့သည်။

ဤကဲ့သို့ လျှောက်ခဲ့ရင်းပင် ကျွန်တော်တို့ အိမ်နားဆီသို့ အရောက်တွင် လမ်းနံဘေး ခတ်မီးတိုင် တစ်ခုအောက်မှ အဖြစ်အပျက်ကလေးကြောင့် ကျွန်တော့်မှာ ရှေ့သို့ ဆက်မလျှောက်နိုင်တော့အောင်ပင် ဖြစ်သွားမိ၏။

လေတိုးတိုင်း လှုပ်ယမ်းလျက်ရှိသော ခတ်မီးလုံး တစ်ခု၏ ငြိမ်သက်ခြင်း မရှိသည့် အလင်းရောင်အောက် တည့်တည့်တွင် အသက် (၁၃) နှစ်အရွယ်ခန့် ကလေးငယ်တစ်ယောက် အားရပါးရ တင်ပျဉ်ခွေ ထိုင်ကာ ခေါင်းငုံ့ စာဖတ်နေခြင်းပင် ဖြစ်ပါသည်။ သူ့ခေါင်းပေါ်တွင် ပိုးဖလံကောင်များ အတောင်ချင်း ရိုက်ခတ်သံပင် ကြားရလောက်အောင် တရုန်းရုန်းနှင့် မီးလုံးကို ပတ်လည်ဝိုင်း၍ တိုးနေသည်ကို ကလေးငယ်သည် လုံးဝ ဂရုစိုက်မိဟန်ပင် မတူ။ သူ့လက်ထဲမှ စာအုပ်ကလေးကိုသာ မျက်နှာတွင် ကပ်လျက် စိတ်ပါဝင်စားလှစွာ ဖတ်နေရှာသည်။ တစ်ခါတစ်ခါတွင် ပိုးကောင်တို့မှ ကျွတ်၍ ကျသော အတောင်ကလေးများ သူ့ခေါင်းပေါ်သို့ ကျလာသည်ကို ပုတ်ခါထုတ်ပစ်ရန်ကိုလည်း သူ သတိမရ။ စာအုပ်တစ်ခုတည်း၌သာ အာရုံစူးစိုက်နေပုံ ရလေသည်။

ဤကလေးငယ်မှာ ကျွန်တော်တို့ အိမ်နားတွင် ချောင်းဆိုးသွေးပါ ရောဂါနှင့် အိပ်ရာထဲ၌ တရှောင်ရှောင် လဲနေသူ ကိုမြင့်ဆိုသူ၏ သားအလတ် အတူးကလေး ဖြစ်နေသဖြင့် ကျွန်တော့်အဖို့ ပို၍ပင် စိတ်ဝင်စားမိခြင်း ဖြစ်၏။ ကိုမြင့်မှာ ကျွန်တော်တို့ ငယ်ရွယ်စဉ် အင်္ဂလိပ်ခေတ်ကတည်းက အိမ်ဘေးရှိ အင်္ဂလိပ်ကပြားအိမ် တစ်အိမ်တွင် ကားဒရိုင်ဘာအဖြစ် လုပ်ကိုင်စားသောက်ရင်း ကျွန်တော်တို့နှင့် သိကျွမ်းခဲ့ခြင်း ဖြစ်ပါသည်။

၎င်းမှာ စိတ်သဘောထား ကောင်းပြီး ရိုးသားဖြောင့်မတ်၊ အလုပ်အကိုင် ကြိုးစားသူ တစ်ဦးအဖြစ် လူသိများခဲ့လေသည်။ ထိုစဉ်က သူနှင့် သူ့ဇနီး မညွန့်တင်တို့တွင် (၆) နှစ်သားအရွယ် သားဦးကလေး သံချောင်းနှင့် (၄) နှစ်သားခန့်ရှိ သားအလတ်ကလေး အတူးတို့ ရှိခဲ့ပြီး၊ ရရှိသော ကားမောင်းခ လစာကြေးငွေဖြင့် လုံလုံလောက်လောက် ပျော်ပျော်ရွှင်ရွှင်ပင် နေထိုင် စားသောက်နိုင်ခဲ့ကြပါသည်။

ကိုမြင့်မှာ ငါးများ ဝါသနာကြီးလှသူ ဖြစ်၍ အင်းလျားကန်ပေါင်ရိုးသို့ ငါးများသွားလေ့ရှိပြီး မကြာခဏဆိုသလိုပင် ငါးကြင်းကြီးတွေ ဖမ်းမိလာတတ်ကာ၊ သူ့ဇနီး မညွန့်တင်က ခေါင်းရွက်ဗန်းတစ်ခုဖြင့် တစ်ရွာလုံး

လည်ရောင်းလေ့ ရှိသည်ကို မှတ်မိပါသေး၏။ ထိုကဲ့သို့ နေ့များတွင် သူတို့ မိသားစု စားကောင်း သောက်ဖွယ်များ ဝယ်ခြမ်း ချက်ပြုတ်ကြပြီး တပျော်တပါး စားသောက်တတ်ကြသည်ကို လည်းကောင်း၊ ခရစ်ယာန် ဘာသာဝင်များ ဖြစ်သည့်အလျောက် တနင်္ဂနွေနေ့ အလုပ်အားလပ်ရက်များတွင် သားအမိ သားအဖတစ်တွေ ဝတ်ကောင်းစားလှကလေးများ ဆင်ယင် ဝတ်စားကာ ဘုရားရှိခိုးကျောင်း သွားတက်ကြသည်ကို လည်းကောင်း မြင်ယောင်နေမိပါသည်။

ဂျပန်ခေတ်၌ကား ကိုမြင့်မှာ အလုပ်မဲ့၊ အကိုင်မဲ့ ဆင်းရဲနွမ်းပါးသွားရာက မကြာမီအတွင်းမှာပင် အရက်သမားကြီး ဖြစ်မှန်းမသိ ဖြစ်သွားကြောင်းကိုသာ သိလိုက်ရသော်လည်း ကျွန်တော့်မှာ ဗမာ့ကာကွယ်ရေး တပ်မတော်တွင် ဝင်ရောက် အမှုထမ်းရွက်နေရင်း ကမာရွတ်တွင် မရှိတော့သဖြင့် အဖြစ်အပျက် အကြောင်းစုံကိုမူ မသိလိုက်ရဘဲ ရှိခဲ့၏။ စစ်ကြီးအပြီး အိမ်သို့ ပြန်ရောက်ခဲ့သော အချိန်တွင်ကား ကိုမြင့်မှာ အရက်သမားကြီး လုံးဝဖြစ်ကာ အလုပ်အကိုင် ဘာတစ်ခုမျှ မလုပ်နိုင်တော့ဘဲ၊ သူ့မိန်းမ ဟင်းသီးဟင်းရွက်က အစ လျှော်လည် ရောင်းချ ကျွေးသည်ကို ထိုင်စားနေရသည့် အခြေသို့ ယုံနိုင်စရာ မရှိလောက်အောင် အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်ကို တွေ့ရပါတော့သည်။

ထိုအချိန်၌ သူတို့တွင် သားဦး သံချောင်း၊ သားလတ် အတူးကလေးတို့ အပြင် နောက်ထပ် ကလေးတစ်ယောက်ပင် ထွန်းကားလျက် ရှိလေပြီ။ ထို သားထွေးကလေး ဘိုနီ ထွန်းကားသည့် အချိန်အတွင်းမှာပင် ကိုမြင့် အရက်သမား ဘဝ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ အရက်သမား ဘဝ၌ သူ့အား အလုပ်အကိုင် ပေးချင်သူ မရှိ။ ငွေဝင်လမ်း နတ္ထိဖြစ်ကာ အကြီးအကျယ် ဆင်းရဲ နွမ်းပါးခဲ့ရှာသည့်အလျောက် သူတို့၏ ကလေး သုံးယောက်တို့မှာလည်း ကျောင်းမနေနိုင်၊ စာမသင်နိုင်ကြဘဲ ရွာဦးမှ ရွာဖျားတိုင် ပေါက်လွှတ်ပဲစား ပြေးလွှားကစားရင်း တစ်နေကုန် လေလွင့် အချိန်ဖြုန်းလေတော့သည်။ သူတို့တစ်တွေမှာ တစ်ဦးကို တစ်ဦး ဆဲရေးတိုင်းထွာ အော်ကြဟစ်ကြ၊ တစ်ယောက်နှင့်တစ်ယောက် သတ်ကြ ဖြတ်ကြနှင့် အုပ်ထိန်းခြင်း ကင်းမဲ့သည့် လူဆော လူပေလေးများပမာ စည်းမဲ့ကမ်းမဲ့ ဖြစ်နေရှာကြသည်။ မကြာမကြာ သူတကာ ဝင်းခြံများအထဲမှ အသီးအနှံများကို ခိုက်ပုတ် ခိုးစား

တတ်ကြသဖြင့် ခြံရှင်တို့၏ အငြူအစု ကြိမ်းမောင်း မာန်မဲခြင်းကို ခံကြရရှာသည်။ အထက်တန်းစား လူကုံထံများကလည်း ဤကလေးတွေကို မိမဆုံးမ၊ ဖမဆုံးမ တေပေလေလွင့်နေကြသည့် အရိုင်းအစိုင်းကလေးများပမာ ရွံရှာစက်ဆုပ်ကြသည်။ သူတို့၏ သားသမီးများကလည်း ဤကလေးတွေကို ဘီလူး သဘက်ကလေးများသဖွယ် အဝေးကြီးက ရှောင်ရှားကြလေသည်။

ဤကဲ့သို့ လူတကာ အော့နှလုံးနာခြင်း ခံကြရသည့် ညီအစ်ကိုစုထဲတွင် တစ်ဦးအပါအဝင် ဖြစ်သော ကိုမြင့်၏ သားအလတ် အတူးတစ်ယောက် ယခုကဲ့သို့ လမ်းနံဘေး ခတ်တိုင်အောက်ဝယ် ကြိုးကြိုးစားစား စာဖတ်နေသည်ကို မြင်လိုက်ရသော ကျွန်တော့်အဖို့ အဘယ်မှာလျှင် မအံ့သြဘဲ၊ စိတ်မဝင်စားဘဲ နေနိုင်ပါတော့မည်နည်း။ ဤတစ်သက်တွင် ကျောင်းမှ နေခွင့်ရပါတော့မလားဟု စိတ်သံသယဖြစ်စရာ ဘဝမျိုးသို့ ဆိုက်ရောက်နေရှာသော ဤကလေးငယ်သည် သူ့အဖို့ အထူးအဆန်း အံ့ဖွယ်မေမန်း ဖြစ်နေသည့် စာအုပ်ကလေးကို အငမ်းမရ ဖတ်လိုဇောဖြင့် လမ်းခတ်မီး၏ အလင်းရောင် မှုန်မွှားမွှားအောက် ပိုးဖလံကောင်တွေ အကြားတွင် ကြိုးစားပမ်းစား ဖတ်ရှုနေရှာတော့သည်။

ဤအဖြစ်အပျက်ကလေးကိုပင် ကျွန်တော့်မှာ ကြည်နူး ဝမ်းသာ၍ မဆုံးတော့အောင် စိတ်ပါဝင်စားမိခြင်း ဖြစ်ပါသည်။ စိတ်ထဲ၌လည်း ဤအတူးကလေးကဲ့သို့ အကြောင်းကြောင်းကြောင့် စာသင်နိုင်ခွင့် မရရှာသူကလေးတွေ မြန်မာပြည်၌ မည်ရွေ့မည်မျှ ပေါများလိမ့်မည်ကို တွေးတောမိရင်း မချိတင်ကဲ ဖြစ်မိပါသေးသည်။

'ဟေ့... အတူး၊ ကြိုးစားလှချည်လားကွ။ ဘာတွေများ ဖတ်နေတာတုံး' ဟု ကျွန်တော်က လှမ်းမေးလိုက်ရာ အတူးမှာ စာအုပ်တွင် စိတ်ဝင်စားနေရာမှ ရုတ်တရက် လန့်သွားဟန်နှင့် မော်ကြည့်လိုက်ပါသည်။

'ဟာ... ကိုကို ကျွန်တော် ကျောင်းစာအုပ် ဖတ်နေတာ၊ ကိုကို အခုပြန်လာသလား' ဟု ကျွန်တော့်အား ဝမ်းသာအားရ ပြန်၍ နှုတ်ဆက်၏။

ကျွန်တော့်စိတ်တွင် အတူး၏ အပြောအဆို၊ အမူအရာများသည်ပင် ယခင်ကနှင့် လုံးဝ မတူ။ အသွင်အမူ ပြောင်းလဲနေသည်ဟု ထင်လိုက်မိ၏။ မျက်စိထဲ၌ကား ယခင်က လမ်းဖြတ်လျှောက်သွားတိုင်း သူတောင်းစားကလေးများ သဖွယ် လူကို ပြေးကပ် တွယ်ဖက်လျက် ပိုက်ဆံတောင်းတတ်သော

သူတို့ ညီအစ်ကိုအား မြင်ယောင်လာမိပါသည်။ မအေး၊ နှမချင်း မိုးမွန်အောင် ကလော်တုတ်တတ်သော သူတို့ ညီအစ်ကို၏ အသံကို ကြားယောင်လာမိပါ သည်။

ယခု အတူးကလေး၏ အပြုအမူနှင့် ပြောပုံဆိုပုံတို့မှာကား ထိုစဉ်အခါ က မြင်ခဲ့ ကြားခဲ့ဖူးသော ပြုမူပြောဆိုသံတို့နှင့် လုံးဝ မတူ၊ ကွဲပြား ပြောင်းလဲ လျက် ရှိလေပြီ။

'ဟေ့... မင်း အခု ကျောင်းနေနေပြီလားကွ' ဟု မေးလိုက်မိပါသည်။

'ဟုတ်ကဲ့ ကိုကို၊ ကျွန်တော် အခု ဆရာမကြီး ဒေါ်သာထက် ကျောင်း မှာ တက်နေတယ်'

အတူးကလေး၏ အသံမှာ နားဝင်ပီယံ ရှိလှပါဘိသည်။ ပညာတည်း ဟူသော လက်နက်၏ တန်ခိုးသတ္တိသည်ကား ထူးဆန်း အံ့ခမန်းဖွယ် ကြီးမား လှဘိသည်။

'နေပါဦးကွ၊ အိမ်ထဲမှာ မီးထွန်းပြီး စာဖတ်လို့ မရဘူးလားကွာ၊ မင်းဟာက ဒီမီးရောင်အောက် ကြာကြာဖတ်ရင် မျက်စိကန်းမှာ စိုးရပါတယ် ကွာ။ ကြည့်စမ်းပါဦး၊ မင်းမို့လို့ ဒီအောက်မှာ ဖတ်လို့ရတယ်။ ပိုးဖလံကောင် တွေ မကိုက်ဘူးလား ဟင်'

'ကိုကိုကလည်း အိမ်ထဲမှာ မီးထွန်းရအောင် ထွန်းစရာ မီးခွက်မှ မရှိ ဘဲ' ဟု အတူးက ဟုတ်မှန်ရာကို ဖွင့်ပြောရှာသည့် အခါတွင်ကား ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားမိပါသည်။

"ဝပ်" (၅၀) အား မီးရောင်များအောက် ဖိတ်ဖိတ်တောက်သော ကျွန်းစားပွဲ၊ ကုလားထိုင်တို့ဖြင့် မိဘများက စာကျက်စေသော်လည်း စားပွဲ ပေါ်မှ စာအုပ်တွင် စိတ်ပါဝင်စားမှု လုံးဝ မရှိဘဲ ရည်းစားစာ တိတ်တိတ်ခိုး ရေးတတ်သည့် ကလေးများ၊ ကော်မစ်ရုပ်ပြောင်များနှင့် ညစ်ညမ်းသော ဝတ္ထုစာပေများကို စားပွဲ အံဆွဲထဲ ဝှက်၍ ဖတ်တတ်သည့် ကလေးများ၊ တစ်ပတ်အတွင်း မိမိ ကြည့်ခဲ့ဖူးသည့် ဘိုင်စကုတ်များနှင့် နောက်တစ်ပတ် အတွင်း ကြည့်စရာ ဘိုင်စကုတ်များကို လက်ချိုးရေတွက်နေတတ်သည့် ကလေးများ၏ ဘဝနှင့် နှိုင်းယှဉ် စဉ်းစားကြည့်မိပါသည်။

အတူးကလေး အဖို့ကား လက်ရှိအခြေအနေအရ အမှန်ပင်လျှင် ထွန်း စရာ မီးအိမ် မရှိနိုင်တော့ပြီ။ ထိုအချိန်၌ သူ့ဖခင် ကိုမြင့်မှာ အရက်သောက်

လွန်း၍ ချောင်းဆိုးသွေးပါရောဂါ စွဲကပ်ခဲ့ရာက တစ်စတစ်စ ရောဂါ အခြေ အနေ ဆိုးဝါးလာပြီး အိပ်ရာထဲ၌သာ တရှောင်ရှောင် လဲနေတော့ရာ၊ ဇနီးဖြစ်သူ မညွန့်တင်၏ ဈေးရောင်းကလေးမှ တစ်ပါး အခြားဝင်ငွေ တစ်စုံတစ်ရာ မရှိတော့သည့် အခြေသို့ ဆိုက်ရောက်ကြရရှာလေပြီ။ ဤကဲ့သို့ အခြေဖြင့် အတူးကလေးကို မည်ကဲ့သို့ ကျောင်းထားသည်ကိုပင် နားမလည်နိုင်အောင် ဖြစ်သွားမိပါသည်။

'နေပါဦး အတူးရ၊ မင်းကို ဘယ်သူက ကျောင်းထားပေးတာလဲ'

'ဆရာမကြီး ဒေါ်သာထက်က ကျွန်တော်တို့နှစ်ယောက်ကို ပိုက်ဆံ မယူဘဲ သူ့ကျောင်းမှာ အလကားထားလို့ နေရတာ ကိုကိုရ'

'မင်းတို့နှစ်ယောက်ဆိုတာ ဘယ်သူလဲ၊ မင်းနဲ့ သံချောင်းလား'

'ဟင့်အင်း၊ သံချောင်းက ကျောင်းနေဖို့ ဝေးလို့ အိမ်တောင် ပြန်မလာ တော့ဘူး ကိုကိုရ၊ ဖေဖေ နေမကောင်းတာတောင် လာကြည့်ဖော် မရဘူး။ အဘွားတို့အိမ် သွားနေမယ်ဆိုပြီး အဘွားက ပြောတော့လည်း သူ့ဆီ မနေပါ ဘူး တဲ့'

သံချောင်းအကြောင်းကိုတော့ အစကတည်းကပင် ကျွန်တော် ကြား သိပြီး ဖြစ်သဖြင့် အထူး မအံ့ဩမိတော့ပါ။ သံချောင်းမှာ အသက် (၁၅)နှစ် မျှသာ ရှိသေးသော်လည်း ဆေးလိပ်သောက်တတ်၊ ဖဲရိုက်တတ်နှင့် ကြမ်းပိုး တောလေကလေးပမာ ပျက်စီးခြင်းမလှ ပျက်စီးစပြုနေပြီဟု ကြားသိရဖူးသည်။

'ဒါဖြင့် မင်းနဲ့ ဘိုနီနဲ့ ကျောင်းတက်နေကြတယ်ပေါ့'

'ဟုတ်ကဲ့၊ ဆရာမကြီးက ကျွန်တော်နဲ့ ဘိုနီကို နေခိုင်းတယ်၊ စာအုပ် လည်း သူက နည်းနည်းပါးပါး ဝယ်ပေးတယ် ကိုကိုရ'

'အေးအေး ကောင်းတယ်၊ ကြိုးစား ကြိုးစား၊ စာကို ကောင်းကောင်း ကြိုးစားရင် မင်း လိုချင်တာတွေ အကုန်လုံး ရနိုင်တယ်။ မင်းကို လူလိမ္မာ ကလေး၊ လူကောင်းကလေးဆိုပြီး လူတိုင်းက ဝိုင်းချစ်ကြမယ်။ ဒါပေမဲ့ မင်း အစ်ကို သံချောင်းလိုတော့ မမိုက်ရဘူးနော်။ ငါ နောက်တစ်ခါ လာရင် မင်း စာဖတ်ဖို့ ဇယောင်းတိုင် ဝယ်လာပေးမယ်' ဟု ကျွန်တော်က ဆုံးမ ပြောပြရာ၌ အတူးကလေးမှာ အတိုင်းမသိ ဝမ်းမြောက် ကျေနပ်သွားပုံ ရ ပါသည်။

သူ့မျက်လုံးများတွင် မျက်ရည်ကြည်ကလေးများပင် လျှမ်းတက်လာ သည်ကို တွေ့ရ၏။

ကျွန်တော့်အဖို့မူ စိတ်ထဲက ကြည်နူးမိသလိုလို၊ ဝမ်းနည်း ယူကျုံးမရ ဖြစ်မိသယောင်ယောင်နှင့် ခွဲခြား မဖော်ပြတတ်သော ခံစားမှု တစ်ရပ်ဖြင့် ကြုံတွေ့လိုက်ရပါတော့သည်။

(၂)

ယခင် ခေတ်တိုင်အောက်မှာပင် ဖြစ်ပါသည်။

လျှင်မြန် ကုန်ဆုံးလွယ်၍ အပြောင်းအလဲ မြန်လှသော အချိန်ကာလ အတွင်း ကျွန်တော့်မှာလည်း "တိုးတက်ရေး" သတင်းစာတိုက်မှ မြန်မာနိုင်ငံ အသံလွှင့်ဌာနသို့ ကူးပြောင်း ရောက်ရှိခဲ့သည့်အတိုင်း၊ တစ်ညသ၌ ညပိုင်း မြန်မာအစီအစဉ်များတွင် "အသံထွက် မဂ္ဂဇင်း" အခန်းကို ဝင်ရောက် အသံ လွှင့်ပြီးနောက် အိမ်သို့ ပြန်ခဲ့စဉ်၊ မယ်စီကုန်းလမ်း ကိုမြိုင်၊ မညွန့်တင်တို့ တဲကလေးနားသို့ အရောက်တွင် စိတ်ဝင်စားဖွယ် ကောင်းသော အဖြစ်တစ်ရပ် နှင့် ထပ်မံ ကြုံတွေ့ရခြင်းပင် ဖြစ်၏။

သည်တစ်ကြိမ် မီးရောင်အောက်တွင် စာထိုင်ဖတ်နေသော အတူးကို ကား မတွေ့ရတော့ဘဲ ကိုမြိုင်တို့ တဲကလေးအရှေ့ မိုးကာပတ္တူနှင့် ကနားဖျင်း ထိုးထားသည့် အောက်၌ လူတစ်စု ဝိုင်းဖွဲ့၍ ထိုင်နေကြသည်ကို မြင်လိုက် ရခြင်း ဖြစ်ပါသည်။ ကနားဖျင်းခေါင်မိုး ဝါးတန်းတစ်ခုတွင် လေထိုးမီးအိမ် တစ်လုံး ချိတ်ဆွဲထားရာ တဲရှေ့တစ်ဝိုက်မှာ မီးရောင်ဖြင့် ထိန်ထိန်လင်းနေ လေသည်။

ဤကဲ့သို့ တဲရှေ့၌ ကနားဖျင်းထိုးထားသည်ကို လည်းကောင်း၊ မီးရောင် အောက်တွင် လူများစု အုံထိုင်နေကြသည်ကို လည်းကောင်း အဝေးမှ လှမ်း မြင်လိုက်ကတည်းကပင် စိတ်ထဲ၌ မသိုးမသန့် သံသယ ဖြစ်သွားမိသည်နှင့် လမ်းအတိုင်း ရှေ့ဆက်မသွားနိုင်တော့ဘဲ ထိုလူစုထဲသို့ ဝင်သွားမိပါသည်။

ကျွန်တော် ဝင်ခဲ့သည့် အချိန်၌ လူတွေ အားလုံးပင် ခေါင်းများ ငုံ့ ထားကြကာ ခရစ်ယာန် ထုံးစံအရ ရင်ဘတ်နားတွင် လက်ဝါးချင်းယှက်၊ လက်အုပ်ချီ၍ ဆုတောင်းမေတ္တာ ပို့သလျက် ရှိကြလေသည်။ သူတို့အားလုံး ထိပ်၌ ခရစ်ယာန် တရားဟောဆရာက–

'လောကတွင် သေခြင်းနှင့် ကင်းလွတ်သူ တစ်ယောက်မျှ မရှိ။ သို့ရာတွင် ကျွန်ုပ်တို့ အယူတွင် သေခြင်းထက် မြင့်မြတ်သော အရာသည်

မရှိ။ အဘယ်ကြောင့်ဆိုသော် သေသည်ရှိသော် ကျွန်ုပ်တို့၏ ဝိညာဉ်သည် အဖဘုရားသခင်ထံသို့ ပြန်သွားသည်။ ကိုယ်ခန္ဓာမှာမူကား မြေမှ ဖန်ဆင်းသော အရာ ဖြစ်သောကြောင့် မြေသို့ပင် ပြန်သွားရလိမ့်မည်’ စသည်ဖြင့် တရား ရေအေး တိုက်ကျွေးလျက် ရှိသည်ကို အားလုံးက တိတ်ဆိတ် ငြိမ်သက်စွာ ရှုးစိုက် နားထောင်လျက် ရှိကြ၏။

ထို့နောက် တရားဟော ဆရာက ‘ကဲ… သေဆုံးသူ ကိုမြင့်အတွက်နဲ့ ကျန်ရစ်သူတွေအတွက် ဆုတောင်းကြပါစို့’ ဟု ပြောပြောဆိုဆို ခရစ်ယာန် ကျမ်းစာအုပ်မှ ဓမ္မသီချင်းများကို ဝိုင်း၍ သီဆိုစေပါသည်။ ကိုမြင့်၏ ဇနီး မညွန့်တင်မှာ မျက်ရည်စကလေးများ ပါးပြင်ပေါ်ဝယ် ယိုစီးကျရင်း အများနှင့် အတူ ဓမ္မသီချင်းကို လိုက်ဆိုလျက် ရှိလေ၏။ မညွန့်တင်၏ မျက်နှာတွင် မျှော်လင့်ချက် ကင်းမဲ့သည့် အရိပ်အယောင်ကလေး ရွှမ်းလျှစွာ ယှက်သန်း လျက် ရှိသော်လည်း၊ တရားနှင့်ဖြေကာ စိတ်ကို တင်းထားရပုံ ရလေသည်။ သူ့နံဘေး၌ကား ခင်ပွန်းသည် ကိုမြင့်၏ အလောင်းစင် ရှိ၏။ အတူးနှင့် ဘိုနီတို့မှာလည်း သူတို့၏ မိခင်အနီးတွင် မျက်နှာငယ်ကလေးတွေနှင့် ကျုံ့ ကျုံ့ယုံ့ယုံ့ ထိုင်လျက် ရှိကြ၏။

ကျွန်တော်ကိုယ်တိုင်မှာလည်း ခရစ်ယာန် ထုံးစံအရ ဆုတောင်းလျက် ရှိကြသော ထိုလူတစ်စုအကြားဝယ် သူတို့နည်းတူ ရော၍ ဆုတောင်းပေးရုံမှ တစ်ပါး အခြား ပြုလုပ်စရာ မတွေးမိသဖြင့် သူတို့ကဲ့သို့ပင် လက်ချင်းယှက်၊ လက်အုပ်ချီ၍ အားလုံး သီဆိုလျက် ရှိကြသည့် ဓမ္မသီချင်းသံများကို ငြိမ်သက် စွာ နားထောင်နေမိပါသည်။ ထိုအခိုက် ကိုမြင့်၏ အလောင်းစင် ရှေ့နားသို့ တစ်စုံတစ်ယောက် လာရောက် ဝင်ထိုင်လိုက်သည်ကို ရိပ်ခနဲ မြင်ရသဖြင့် မော်ကြည့်လိုက်မိရာ၊ ကိုမြင့်၏ သားအကြီးဆုံး သံချောင်းအား တွေ့ရပါသည်။

သံချောင်းမှာ အသားအရေ ဖိုပြည်လန်းဆန်းမှု မရှိ။ ခန်းခြောက်ပြာမည်း လျက် အစားအသောက် ဝဝလင်လင် မမှီဝဲရသူပမာ အားအင်ချည့်နဲ့သည့် အသွင်ကို ဆောင်နေ၏။ ဆံပင်များမှာလည်း ကုပ်နားအထိ ရှည်လျား ဝဲကျ နေသဖြင့် ရုပ်မဖမ်းမိနိုင်လောက်အောင်ပင် ပြောင်းလဲလျက် ရှိလေသည်။ သူ့အသွင်အပြင်မှာ တကယ့် တေလေကြမ်းပိုးရုပ် ပေါက်နေ၏။ ဟိုယခင် ခြောက်နှစ်သားအရွယ်က တွေ့ခဲ့ရဖူးသည့် သံချောင်းကလေးနှင့် ယခု ၁၆ နှစ်သားခန့် ရှိပြီဖြစ်သော သံချောင်းတို့၏ အသွင်အပြင်မှာ လုံးဝ ဆက်စပ် နိုင်စရာ မရှိတော့ပြီ။

သံချောင်းလည်း သူတကာနည်းတူ ခေါင်းငုံ့၍ ဆုတောင်းနေလေသည်။ သူ့ကို ကြည့်ရသည်မှာ သူကိုယ်သူ စိတ်လုံဟန် မတူ။ သံချောင်းသည် ဖခင်ဖြစ်သူ မကျန်းမမာ ဖြစ်စဉ်အတွင်း၌ တစ်ခေါက်တလေပင် လာရောက်ကြည့်ရှုခဲ့ဟန် မတူဘဲ သေခါမှပင် ရောက်ရှိလာပုံ ရတော့၏။ မညွန့်တင်မှာကား သူ့သားကို မြင်လိုက်ရသော်လည်း အမူအရာ ထူးခြား ပြောင်းလဲသွားပုံမပြ။ သူ့ဟာသူပင် ခေါင်းကလေးငုံ့၍ မေ့သီချင်းကိုသာ သီဆိုလျက် ရှိလေသည်။

ထိုနေ့ညက တွေ့မြင်လိုက်ရသည့် အဖြစ်အပျက်ကလေးကား ဤမျှ ဤမျှသာ ဖြစ်၏။ သို့ရာတွင် ဤသာမန် ခရစ်ယာန် မသာကလေးကိုပင် ကျွန်တော့်စိတ်ထဲမှ ဖျောက်ဖျက်မေ့ပစ်၍ မရနိုင်တော့အောင် စွဲလမ်းနေမိပါတော့သည်။

(၃)

မှောင်မိုက်သော ညတစ်ညတွင် ရွာထဲဘက်မှ ညာသံပေး၍ အော်ဟစ်လာသော လူသံများကြောင့် အိပ်ရာမှ ရုတ်တရက် လန့်နိုးပါသည်။ လူသံများမှာ ရွာထဲမှ တစ်စတစ်စ ကျွန်တော်တို့ အိမ်ရှေ့ဘက်သို့ နီးကပ်လာခြင်း ဖြစ်၏။ တဖြည်းဖြည်း နီးသည်ထက် နီးကပ်လာတော့မှ 'သူခိုး... သူခိုး၊ လိုက်ဟ ... လိုက်ဟ' စသော အသံစူး၊ အသံနက်ကြီးများကို သဲသဲကွဲကွဲ ကြားနိုင်တော့သည်။

ကျွန်တော်လည်း သူများနည်းတူ သူခိုးကို ဝိုင်း၍ ဖမ်းရန် တာဝန်ရှိသည့်အလျောက် နီးရာတုတ်တစ်ချောင်းကို ဆွဲကိုင်ပြီး အိမ်ရာထဲမှ ပြေးထွက်မိပါသည်။ ကျွန်တော် ခြံတံခါးဝနားသို့ ရောက်လုနီးတွင် လမ်းပေါ်မှ မောကြီးပန်းကြီး ကြောက်အားလန့်အားနှင့် ဖြတ်ပြေးသွားသော သူခိုးအား ရိပ်ခနဲ လှမ်း၍ မြင်လိုက်ရသော်လည်း၊ ကျွန်တော်မှာ ဘာမျှ မလုပ်လိုက်နိုင်ဘဲ ရှိပါသည်။ သူခိုးနှင့် မရေးမနှောင်းမှာပင် ထက်ကြပ်မကွာ ညာသံပေး၍ ပြေးလိုက်လာကြသော လူအုပ်ကြီးကို တွေ့ရသဖြင့်၊ ကျွန်တော်လည်း ထိုလူအုပ်ကြီးနှင့် အတူ ရောနှော၍ သူခိုးဖမ်းရန် လိုက်ပါသွားတော့၏။

သူခိုးသည် ကျွန်တော်တို့ အိမ်ကို ကျော်၍ သွားသောအချိန်၌ ဣန္ဒြေ မဆောင်နိုင်အောင် အမောဆို့နေလေပြီ။ သူ့တစ်ကိုယ်လုံး ဒယီးဒယိုင်နှင့်

သူ့ကိုယ်သူပင် မသယ်နိုင်တော့ပြီဖြစ်ကြောင်း တွေ့ရလေသည်။ တစ်ခါတစ်ခါ တွင် ရှေ့သို့ ဟပ်ထိုးစိုက်ကျမတတ် ယိုင်လဲသွားပါသည်။ ထိုအချိန်၌ လေပြင်းကလေး တိုက်နေသဖြင့် လမ်းနံဘေး ဓာတ်ကြိုးပေါ်မှ ဓာတ်မီးလုံးများမှာ ဟိုယိမ်းသည်ယိမ်း လှုပ်ယမ်းနေတော့ရာ၊ လမ်းပေါ်မှ အရိပ်မည်းမည်းကြီး တို့မှာလည်း သူခိုးကဲ့သို့ပင် တယိမ်းယိမ်း တယိုင်ယိုင် လှုပ်ရှားလျက် ရှိတော့၏။ လမ်းဘေး ဝါးရုံတောကြီးများကို လေတိုးသဖြင့် တရှဲရှဲ မြည်သံမှာလည်း သူခိုး၏ မောပန်း နွမ်းဟိုက်လှစွာ ရှူထုတ်နေသော အသက်ရှူသံကို ဖုံးအုပ်ပစ်လိုက်၏။

သူခိုးသည် ကိုမြိုင်၊ မညွန့်တင်တို့ တဲကလေးနား ရောက်သွားသည်နှင့် တစ်ပြိုင်နက်–

'အမေရေ အမေ ကယ်ပါဦးဗျ၊ ကယ်ပါဦး အမေရေ' ဟု ငယ်သံပါအောင် အော်ဟစ်လိုက်သောကြောင့် ကျွန်တော့်မှာ ကြက်သီးမွေးညင်း ထအောင် ခေါင်းနားပန်း ကြီးသွားမိတော့သည်။

မရှေးမနှောင်းမှာပင် ဖြောင်းခနဲ ရိုက်လိုက်သည့် အသံကို ကြားလိုက်ရပြီး၊ သူခိုးလိုက်သူတွေထဲမှ တစ်ယောက်သောသူက သူခိုးအား တအားလွှဲ၍ ရိုက်လိုက်သဖြင့် သူခိုးမှာ ရှေ့သို့ စိုက်လဲကျသွားကြောင်း မြင်လိုက်ရပါသည်။ သူခိုးမှာ တစ်ချက်မျှပင် မအော်လိုက်နိုင်ဘဲ လမ်းပေါ်တွင် ခွေခွေကလေး ပုံလဲနေသည်။ သူခိုးလိုက်သူ လူအုပ်ကြီးလည်း ခွေလဲနေသည့် သူခိုးအား ဒေါသတကြီး ဝိုင်းရိုက်ကြတော့မည် အပြုတွင်–

'အောင်မယ်လေး မသတ်ကြပါနဲ့ရှင်၊ ကျွန်မ သားလေးပါ၊ ကျွန်မ သားကလေး သံချောင်းပါရှင်၊ မသတ်ကြပါနဲ့၊ အောင်မယ်လေး ချမ်းသာပေးကြပါရှင်' ဟူသော မညွန့်တင်၏ အသံကို ကြားလိုက်ရသောကြောင့် ဒုတ်နှင့် လှမ်းရိုက်သူနှင့်တကွ သူခိုးလိုက်သူ အားလုံးပင် တဲကလေးဆီမှ အူယားဖားယား ပြေးထွက်လာသည့် မညွန့်တင်ထံသို့ အာရုံလွှဲပြောင်းသွားကြတော့၏။

မညွန့်တင်မှာ မြေကြီးပေါ်တွင် အသေလို ပုံကျလျက်ရှိသော သူ့သားသံချောင်းအား ကြက်မကြီးက ကြက်ကလေးကို တောင်ပံနှင့် အုပ်သကဲ့သို့ သူ့တစ်ကိုယ်လုံးဖြင့် အုပ်ကာ၍ ထားလိုက်ရာသည်။ သူ့စိတ်ထဲတွင် သူ့သားမလုံမခြုံဖြစ်မှာကိုပင် စိုးရိမ်တကြီး သိမ်းကျုံး၍ ပွေ့ဖက်နေပြန်သည်။ ပါးစပ်ကလည်း ငိုကြီးမှိုက်ကြီးနှင့် တတွတ်တွတ် တောင်းပန်နေရှာ၏။

'ခင်ဗျားသား အိမ်တစ်အိမ် တက်ခိုးမလို့ ဒီလိုသာ လျှောက်ခိုးနေရင် ခင်ဗျားသားမကလို့ ဘယ်သူ့ပဲဖြစ်ဖြစ် မိရင်တော့ အသတ်ခံရမှာပဲ။ အခုလည်း နည်းနည်းကလေး အပြေးစောလို့သာ။ နို့မို့ရင် ရွာထဲမှာတင် ကိစ္စချောတယ်' ဟု လူတစ်ယောက်က ဒေါ်ကြီးမောကြီးနှင့် အော်ပြောလိုက်ရာ၊ နောက်တစ်ယောက်ကလည်း–

'ခင်ဗျားတို့ ကိုယ့်သားသမီးကိုလည်း နိုင်အောင် မထိန်းနိုင်၊ မဆုံးမနိုင်ပဲ အရေးကြုံတော့မှ စိုးရိမ်လိုက်ရတာ။ ဒီလို မဖြစ်စေချင်ရင် စောစောက လိမ္မာအောင် ဆုံးမပါတော့လား' ဟု ကြိမ်းမောင်းနေပြန်သဖြင့်–

'ဆုံးမပါ့မယ် ကိုထွန်းရယ်၊ နောက်ကို ဆုံးမပါ့မယ်။ ဒီကောင်လေးက အိမ်ကို မကပ်လို့ပါ။ နောင်ကို ဒီလို မဖြစ်စေရပါဘူး ကိုထွန်းရယ်၊ ဒီတစ်ခါတော့ ကျွန်မသားကလေးကို ချမ်းသာပေးကြပါနော်။ ရှင်ကြီးခိုးပါရဲ့၊ ချမ်းသာပေးကြပါ' ဟု ငိုကြီးချက်မ တောင်းပန်နေရှာပြန်တော့သည်။

သူခိုးလိုက်သူများလည်း အတန်ကြာအောင် တိတ်ဆိတ်သွားကြပြီးမှ တစ်ယောက်တစ်ပေါက် ဝေဖန် ပြောဆိုကြရင်း အခင်းဖြစ်ပွားရာ နေရာမှ တဖြည်းဖြည်း ထွက်ခွာကြလေသည်။ အချို့ကမူ–

'မညွန့်တင် တစ်ယောက်လည်း ဒီကလေးတွေနဲ့ သနားစရာပါပဲကွာ၊ ကလေးတွေ လိမ္မာရေးခြား ရှိလာအောင် ကျောင်းထားဖို့ ဆိုတာကလည်း ဆင်းရဲလို့ မတတ်နိုင်။ ဒီကလေးတွေ အခုလို ပေါက်လွှတ်ပဲစား လွှတ်ထားပြန်တော့လည်း တေပေလေလွင့်ပြီး သူ့အတွက် တစ်ဒုက္ခပဲ' ဟူ၍ မညွန့်တင်အား ကရုဏာသက်စွာ ဝေဖန်သွားကြလေသည်။

မကြာမီပင် လူတွေအားလုံး ပြန်သွားကြပြီး ထိုနေရာတွင် သံချောင်းတို့ သားအမိနှင့် ကျွန်တော်သာလျှင် ကျန်ရစ်ပါတော့သည်။ သံချောင်းကား သူတို့အိမ်ရှေ့ လမ်းနံဘေး ဓာတ်တိုင်အောက်၊ မလင်းတလင်း မီးရောင်အောက်မှာပင် ခေါင်းတွင် နီရဲသော သွေးများ ဖြာစီးလျက် ခွေခွေကလေး လဲနေခြင်း ဖြစ်၏။

ထို ဓာတ်တိုင်အောက်တွင်ပင် သံချောင်း၏ ညီ အတူးကလေး စာဖတ်နေသည်ကို တွေ့ခဲ့ဖူးသည့် အဖြစ်ကို လည်းကောင်း၊ ထို ဓာတ်တိုင်အောက်မှာပင် သူဖခင် အရက်သမားကြီး၏ ဓာတ်သိမ်းပွဲကို မြင်ခဲ့ဖူးသည့် အဖြစ်ကို လည်းကောင်း ပြန်လည်မြင်ယောင် သတိရလာမိသော အခါ၌ကား ထိုမိသားစုတို့၏ တိုက်ဆိုင်တတ်လှသည့် အဖြစ်ကို အံ့သြခြင်းမကာ အံ့သြမိပါသည်။

သူတို့ကို အခမဲ့ ပညာသင်ကြားပေးနေသူ ဆရာမကြီးက နောင်တွင်လည်း အရှည်သဖြင့် သည်အတိုင်းဆက်၍ စေတနာ ထားသွားနိုင်ပါမည်လား။ ဤကလေးတွေကလည်း ပညာကို ယခုအတိုင်းပင် ခုံခုံမင်မင် လိုလိုချင်ချင်နှင့် ဆက်လက် ကြိုးစားသွားပါမည်လား စသည်ဖြင့် အကြောင်းကြောင်းတို့ကို အတောမသတ် စဉ်းစားမိပါတော့သည်။

သို့ရာတွင် ကျွန်တော့်အနေနှင့် သူတို့၏ ဘဝပြဿနာကို မဖြေရှင်းတတ်တော့ပြီ။ တစ်ခုတော့ တတ်နိုင်ပေမည်။ သူတို့၏ တကယ့် ဖြစ်စဉ်အမှန်ကို ကျွန်တော်ကိုယ်တိုင် မျက်မြင် ကြုံတွေ့ခဲ့ဖူးသည့်အတိုင်း စာတစ်ပုဒ်ဖွဲ့၍ တစ်နေ့နေ့တွင် တိုင်းပြည်သို့ တင်ပြမည် ဟူ၍ကား စိတ်ပိုင်းဖြတ်ထားလိုက်မိပါ၏။

ထို စိတ်ပိုင်းဖြတ်ချက်ကို ယခု အကောင်အထည် ဖော်လိုက်ရခြင်းပင် ဖြစ်ပါသတည်း။ ။

[ ရှုမဝ၊ မတ် ၁၉၅၅ ]

# မြေနီကုန်း ကားဆိပ်

'ဟေ့... မြန်မြန်ဆင်းစမ်းကွာ၊ ကားပေါ်မှာ လာရှုပ်မနေစမ်းနဲ့။ ငါ ကန်ချ လိုက်ရ လိမ့်ဆင်းသွားဦးမယ်'

ကြောက်မက်ဖွယ် ကောင်းအောင် အော်ဟစ် ကြိမ်းမောင်းလိုက်သော ဘတ်စ်ကား စပယ်ယာ၏ အသံကျယ်ကြီးကြောင့် သူ့ခမျာ ကိုယ်ကလေး တွန့်ကာ ပခုံးမှ လွယ်အိတ်ကလေးကို စိုးရွံ့စွာ ဆုပ်ကိုင်ရင်း ကားပေါ်မှ ကမျာကသီ ပြန်ဆင်းပြေးခဲ့ရသည်။ သူကလေး၏ အမူအရာကို မြင်လိုက်ရသော ကားစီးသူအချို့က တဟားဟား ရယ်လိုက်ကြ၏။

သို့သော် သူကလေးကား ကားပေါ်မှ အနှင်ချခံရသည့်တိုင်အောင် သူ့လွယ်အိတ်ထဲမှ မြေပဲလှော်၊ ကွာစေ့လှော်ထုပ်ကလေးများကို နှိုက်ကာ နှိုက်ကာ ကားအောက်မှ မြှောက်၍ မြှောက်၍ ပြရင်း–

'မြေပဲလှော် ကြွပ်ကြွပ်ကလေးတွေ၊ ကွာစိလှော် ကြွပ်ကြွပ်လေးတွေ။ တစ်ထုပ်မှ တစ်ပဲတည်းရယ်။ သမင်တံဆိပ် ရမယ်၊ ပန်းတံဆိပ် ရမယ်၊ ကင်းတံဆိပ် ရမယ်' စသည်ဖြင့် တကြော်ကြော် အော်ဟစ်ရောင်းနေရှာသည်။

ဘတ်စ်ကားတစ်စီး ထွက်၍ နောက်တစ်စီး ထိုးဆိုက်လိုက်တိုင်းလည်း ကားနံဘေးသို့ အပြေးအလွှား ကပ်သွားပြီး ကားဦးပိုင်းမှသည် ဖင်ပိုင်း၊ ဖင်ပိုင်းမှသည် ဦးပိုင်း၊ ခေါက်တုံ့ခေါက်ပြန် လှည့်ပတ် ရောင်းကာ အသံကလေး များ ဝင်လာသည်အထိ သူ့ခမျာ အော်နေရှာလေသည်။

ကားတစ်စီးတွင် ဝယ်သူ တစ်ဦးတလေ ပေါ်ပေါက်လာတတ်သည် ကိုပင် သူ့အဖို့ ရတနာပုံ အောင်ကိန်း ဆိုက်ဘိသကဲ့သို့ ဝမ်းသာမဆုံး ရှိ

တတ်သည်။ ဝယ်သူ လက်ထဲမှ ပဲစေ့ကလေးသော် လည်းကောင်း၊ မုန့်စေ့ကလေးသော် လည်းကောင်း သူ့လက်ဝါးထဲသို့ ကူးပြောင်း ရောက်ရှိလာသော အခါများတွင် ချွေးစီးပြန်နေသည့် လက်ကလေးဖြင့် မက်မက်မောမော ဆုပ်ကိုင်ရင်းက တစာစာ အော်လျက်ရှိသော အသံကလေးမှာလည်း ယခင်ထက် ပိုမို ကျယ်လောင်လာသယောင် ထင်ရပေသည်။

တစ်ခါတစ်ရံ သူကလေးသည် ကားအောက် ဘေးပတ်လည်မှ တမော့မော့နှင့် ရောင်းရသည်ကို အားမရနိုင်သောကြောင့် ကားပေါ်သို့ အတင်းတိုးရွေ့တက်ရောင်းမိရာတွင်၊ ဖော်ပြခဲ့သည့်အတိုင်း ကားစပယ်ယာများ၏ ဆဲဆိုကြိမ်းမောင်းခြင်းကို ခံရတတ်ခြင်း ဖြစ်လေသည်။

၁၉၄၇ ခုနှစ်အတွင်းက မြေနီကုန်း ကားဆိပ်၌ ကျွန်တော် သူကလေးကို တွေ့ခဲ့ရပါသည်။

နံနက် (၉) နာရီခန့်တွင် ကားတိုင်း ကားတိုင်းမှာ ရုံးသမား၊ ကျောင်းသူ ကျောင်းသားများဖြင့် ပြည့်ကျပ် သိပ်ခဲလျက် ရှိတတ်ပေသည်။ ကားတစ်စီး ထိုးရပ်လိုက်တိုင်း၊ ထိုးရပ်လိုက်တိုင်း သတင်းစာသည်၊ မုန့်ပဲသရေစာသည် ကောင်ကလေး သုံးလေးယောက်တို့သည် ကားဆီသို့ သူ့ထက်ငါဦး အလုအယက် ပြေးကပ်သွားကြရာက အသံကြောင်၊ အသံစာကလေးများဖြင့် တကြော်ကြော် အော်ဟစ်ရောင်းတတ်ကြသည်။

ထိုလူသိုက်ထဲ၌ အသက် ဆယ်နှစ်ကျော်ခန့်ရှိ ပိန်ပိန်လှီလှီ ဤကောင်ကလေးမှာ အဖျတ်လတ်ဆုံး၊ အသွက်လက်ဆုံး၊ အကြိုးစားဆုံးဟု ဆိုရပေမည်။ ကားတစ်စီး ထိုးဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် သူက အရင်ဆုံး ရောက်နှင့် နေတတ်စမြဲ ဖြစ်၏။

သူကလေး အရွယ်နှင့်မလိုက်အောင် ကြိုးစား ဆောင်ရွက်နေရခြင်းမှာလည်း သူ့အမေသည် ကားဆိပ်နံဘေးရှိ ကွမ်းယာဆိုင်ကလေး တစ်ခုပေါ်မှ နေ၍ သူ့ကို အမြဲတမ်း အကဲခတ် စောင့်ကြည့်လျက် ရှိသောကြောင့်တည်း။ သူ့အဖို့ မည်မျှ အပင်ပန်းခံ ကြိုးစားစေကာမူ သူ့အမေ လုပ်သူထံမှ မျက်နှာကောင်း ရခဲလှ၏။ တစ်ခါတစ်ရံ ဝယ်သူမရှိ၍ လက်ထဲ၌ ရောင်းခင်းများ ပြန်ပါလာတတ်သောအခါများတွင် သူ့အမေသည် ကွမ်းယာဆိုင်ပေါ်မှ ဆီး၍–

'ကြည့်စမ်း ခွေးကောင်ကလေး၊ တစ်ပြားဖိုးမှတောင် မရောင်းရဘူး။ နင် ဘာတွေ လျှောက်ငေးနေသလဲဟင်' ဟု ကြိမ်းမောင်း ပြစ်တင်ရင်းက

နားရွက်ကလေးကို လိမ်ဆွဲလို လိမ်ဆွဲ၊ နားသယ်ကို အုပ်လိုအုပ်နှင့် ဆုံးမတတ်လေ၏။

သူကလေးကို ကျွန်တော် သတိပြုခဲ့မိသည်မှာ သုံးလေးလမျှ ရှိပါပြီ။ ကျွန်တော် ဘတ်(စ်)ကားစီး၍ မြေနီကုန်းကားဆိပ်ကို ဖြတ်သွားမိသည့် အခါတိုင်းပင် သူကလေးကို အမြဲတမ်း တွေ့ရခြင်း ဖြစ်၏။

ထိုကြောင့်လည်း ကျွန်တော်သည် အသက်အရွယ်နှင့် မမျှအောင် စီးပွားရှာစားရရှာသည့် ဤကလေးငယ်၏ ဘဝကို လေ့လာမည်ဟု တစ်နေ့တွင် မြေနီကုန်း ကားဆိပ်ရှိ သူ့မိခင်ကြီး၏ ကွမ်းယာဆိုင်နားမှ လှမ်း၍ အကဲခတ်နေမိခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဤကလေးငယ်နှင့်တကွ အခြား အလားတူ စီးပွားရှာစားကြရရှာသော ကလေးများ၏ ဘဝကို ကိုယ်ချင်းစာနာ သနားသွားမိပါသည်။ မိဘများ၏ ဆင်းရဲ ချို့တဲ့မှုကြောင့် ဤကလေးငယ်များသည် စာသင်ချိန်တွင် စာမသင်ရ၊ ကစားချိန်မှာပင် မကစားရဘဲ စားဝတ်နေရေး၊ လူမှုရေး မှန်သမျှတွင် ခံစားခွင့် ကင်းမဲ့ပြီး လူကြီးများနှင့် ရင်ပေါင်တန်း ဘဝကို ရုန်းကန်နေကြရရှာပေသည်။

ဤကလေးဆိုလျှင် ကျွန်တော် သူ့ကို စတင် တွေ့မိစဉ်က တုတ်ချောင်းကလေးများနှင့် သီထားသော ထန်းလျက်ရည်စိမ် မရမ်းပြားကလေးများကို ရောင်းခဲ့ရလေသည်။ ထို့နောက် ငွေးသီးပေါ်ချိန် ရောက်ပြန်သောအခါ သူ့အမေက ငွေးသီးများကို အခွံနွှာ၊ အစိတ်စိတ်ခွဲခြမ်းကာ မဆလာ၊ ငရုတ်လူးပြီး တုတ်တံကလေးများတွင် သီ၍ ရောင်းစေပြန်သည်။ သရက်သီးပေါ်ပြန်တော့လည်း သည်အတိုင်းပင် ရောင်းရပြန်၏။

ဤကလေးငယ်အဖို့ နေပူသည်၊ မိုးရွာသည်ကိုလည်း ဂရုထားနိုင်ရှာဟန် မတူ။ ထီးဆောင်းရန်၊ ဦးထုပ်ဆောင်းရန်ကိုလည်း ဘယ်တုန်းကမှ အိပ်မက် မက်ခဲ့ဖူးပုံ မရ။ သူတကာတွေ ကားကြီးများပေါ်တွင် မှန်တံခါး အလုံပိတ်၍ စီးနင်းလိုက်ပါသွားကြသော အချိန်များ၌ သူကလေးအဖို့ မျက်နှာပေါ်မှ မိုးရေစက်များကို လက်ဝါးကလေးဖြင့် သပ်၍ သပ်၍ ချရင်းတကြော်ကြော် အော်ဟစ် ရောင်းရရှာပေသည်။ နေကျက်ကျက် ပူ၍ ကတ္တရာစေးများပင် ပျော်မတတ် ဖြစ်နေချိန်များ၌လည်း သူ ဈေးရောင်းမပျက်ခဲ့ချေ။

သူကလေး၏ ဘဝကို စဉ်းစားနေမိဆဲမှာပင် ကျောင်းသူ ကျောင်းသား

ကလေး တစ်သိုက် စီးနင်းလိုက်ပါလာသော ဘတ်(စ်)ကားကြီးတစ်စီး ကား ဆိပ်တွင် ထိုးဆိုက်လိုက်၏။ ထုံးစံအတိုင်းပင် သူကလေးသည် ထို ဘတ်(စ်) ကား အနီးသို့ ပြေးကပ်သွားရာက–

'မြေပဲလှော် ကြွပ်ကြွပ်ကလေးတွေ၊ ကွာစိလှော် ကြွပ်ကြွပ်ကလေး တွေ၊ တစ်ထုပ်မှ တစ်ပဲတည်းရယ်' စသည်ဖြင့် တစာစာ အော်နေရှာသည်။

ကျွန်တော့်စိတ်ထဲ၌ကား ဤကလေးငယ်သည် ဘတ်(စ်)ကားကြီးပေါ် မှ သူနှင့် သက်တူရွယ်တူ ကလေးတွေကို မြင်မိသောအခါ ထိုကလေးများ နည်းတူ ကျောင်းသွား၍ စာသင်လိုစိတ်ကလေးများ တဖွားဖွား ပေါ်ပေါက်မိ ရှာလိမ့်မည်။ ဝတ်ကောင်း စားလှကလေးများကို သပ်သပ်ရပ်ရပ် ဝတ်စား ဆင်ယင်ထားသည့် ထို ကလေးများနည်းတူ သူလည်း ဝတ်ချင်စားချင် ရှာ လိမ့်မည် စသည်ဖြင့် တွေးနေမိပါသည်။

သို့ရာတွင် ကျွန်တော်ကသာ ကိုယ့်အတွေးနှင့်ကိုယ် ကောက်ချက်ချ စဉ်းစားနေမိခြင်း ဖြစ်သော်လည်း သူကလေးအဖို့ကား ထိုကလေးများကို အားကျ ငေးမောရန် အချိန်မျှပင် မရဘဲ၊ သူ့အမေထံမှ မျက်နှာကောင်းရရန် အတွက် သူ့လက်ထဲမှ မုန့်ပဲ သရေစာများ တွင်ကျယ်စွာ ရောင်းနိုင်ဖို့ကိုသာ စိတ်စောလျက် ရှိကောင်း ရှိပေမည်။

ဤသို့ တွေးမိတွေးရာ စိတ်လွင့်မျောနေမိခိုက် 'ဟေး... ကွာစိ၊ လာ စမ်း... လာစမ်း' ဟု အော်ခေါ်လိုက်သော ကျောင်းသားကလေးများ၏ အသံ ကြောင့် ကားဆီသို့ လှမ်းကြည့်လိုက်မိရာ၊ ကားပြတင်းပေါက်အောက်နားတွင် မော့မော့ကလေး အဝယ်စောင့်နေရှာသော ကလေးငယ်ကို မြင်ရပါသည်။

'ဟေ့... တစ်မတ်ဖိုး ဝယ်ရင် ကွာစိ ဘယ်နှထုပ် ရမလဲကွ' ဟု ကျောင်းသားကလေး တစ်ယောက်က မေးလိုက်၏။

'ငါးထုပ် ရမယ်ဗျ၊ တစ်မတ်ဖိုး ယူမလို့လား' ဟု သူကလေးက ဝမ်းသာအားရ ပြန်မေးလေသည်။

'အေး... ငါးထုပ်ပေးကွ'

သူကလေးသည် အနည်းငယ် နောက်ကျလျှင် မရောင်းရတော့မည့် အလား ကွာစိထုပ် ငါးထုပ်ကို ကမန်းကတန်း လှမ်း၍ ပေးလိုက်ရှာ၏။ ထိုအခိုက်မှာပင် ကားစပယ်ယာက 'ခိုးလိုး ဆရာ' ဟု အော်လိုက်ရာ ဘတ်(စ်) ကားကြီးလည်း တရွေ့ရွေ့ ထွက်စ ပြုလေသည်။

'ဗျို့... ဒီမယ် ကျွန်တော့် ပိုက်ဆံတစ်မတ် ပေးဦးလေ' ဟု သူကလေးက ကားပေါ်မှ ကျောင်းသားကလေးများထံ လှမ်း၍ တောင်းလိုက်သည်။

'ပေးမှာပေါ့ကွ' ဟု ကားပေါ်မှ ကျောင်းသားကလေးများက ဝိုင်း၍ အော်လိုက်ကြ၏။

သို့ရာတွင် ပိုက်ဆံ တစ်မတ် သူ့လက်ထဲ မရောက်သေးမီ အချိန်မှာပင် ဘတ်(စ်)ကားကြီးသည် အရှိန်မြန်လာတော့သည်။ သူမှာလည်း ကားနံဘေးမှ အပြေးကလေး လိုက်ရင်း 'ပိုက်ဆံဗျို့... ပိုက်ဆံ၊ ကျွန်တော့် ပိုက်ဆံ ပေးလေ' ဟု မောဟိုက်လှစွာ အော်နေရှာလေပြီ။

ကားသည် မြန်သည်ထက် မြန်လာ၏။ သူကလေးမှာလည်း ကားနံဘေးမှ တစာစာ အော်ဟစ်ရင်း ပြေးလိုက်နေရှာ၏။ ထိုအခိုက် ကားပေါ်မှ ကျောင်းသားလေး တစ်ယောက်က 'ရော့ဟေ့... ပိုက်ဆံ... ပိုက်ဆံ၊ အခုမှ အိတ်ထဲက နှိုက်လို့ရတယ်ကွ' ဟု ပြောပြောဆိုဆို ပိုက်ဆံကို ပစ်ချလိုက်တော့မှ သူ့ခမျာ ဝမ်းသာအားရ လက်ဖြန့်ခံလိုက်တော့သည်။

သူသည် ပိုက်ဆံကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်းက မောဟိုက်လှစွာ အပြေးရပ်လိုက်၏။ နဖူးမှ စီးကျလျက်ရှိသည့် ချွေးသီးချွေးပေါက်များကိုပင် မသုတ်နိုင်အားသေးဘဲ သူ့လက်ဝါးထဲမှ ပိုက်ဆံကို ဖြန့်ကြည့်လိုက်၏။ ချက်ချင်းပင် သူသည် လက်ဝါးကလေးကို ကျစ်ကျစ်ပါအောင် ပြန်ဆုပ်ထားလိုက်ရင်း တစ်စတစ်စ ဝေးသွားပြီဖြစ်သော ဘတ်(စ်)ကားကြီးဆီသို့ မျက်နှာသေကလေးဖြင့် လှမ်းကြည့်လိုက်ပြီးနောက် ခေါင်းကလေး ငိုက်စိုက်ကျသွားရှာသည်။

ခေါင်းကလေး ပြန်မော့လိုက်သော အခါတွင်ကား သူ့ပါးပြင် တစ်ခုလုံး မျက်ရည်များဖြင့် စိုရွှဲလျက်ရှိပြီး၊ သူ့မျက်နှာ တစ်ခုလုံးမှာလည်း နီမြန်းထုအန်းလျက် ရှိတော့၏။

'ဟေ့ ဘာဖြစ်လို့လဲကွ' ဟု ကျွန်တော်က အကျိုးအကြောင်း သိချင်စောနှင့် မေးလိုက်မိပါသည်။

ကလေးငယ်သည် ချက်ချင်း အဖြေ ပြန်မပေးသေးဘဲ တစ်ယောက်တည်း ကျိတ်၍ ငိုရှိုက်နေရင်းက သူ့နားရွက်ကလေးသူ အသာအယာ ပွတ်လိုက်ပြီးလျှင် ကွမ်းယာဆိုင်မှ သူ့အမေထံသို့ စိုးကြောက်သော မျက်လုံးကလေးများဖြင့် လှမ်းကြည့်လိုက်၏။ ပြီးတော့မှ သူ့လက်ဝါးကလေးထဲတွင် ကျစ်ကျစ်

ပါအောင် ဆုပ်ထားခဲ့သည့် စက္ကူလုံးကလေး တစ်လုံးကို ကျွန်တော့်အား ဖြန့်ပြလိုက်ရင်းက ရုက်ဒေါသဖြင့် ဝမ်းနည်းပန်းနည်း ရှိုက်ကြီးငင်ကြီး ငို နေလေတော့သည်။

ကာယကံရှင် ကလေးငယ်အနေနှင့် မည်မျှ ခံပြင်း ဒေါသဖြစ်ရှာလိမ့်မည် မသိ။

ကျွန်တော့်မှာကား တက်တခေါက်ခေါက်နှင့် မချင့်မရဲ ဖြစ်နေမိရင်းက လူလူချင်း ညာတာစိတ် ကင်းမဲ့ကြသည့် ကျောင်းသားကလေးများနှင့်တကွ သူတို့ မိဘများကိုပါ သားသမီးမကောင်း မိဘခေါင်း ပုံချလိုက်မိပါတော့သည်။ ။

[ 'ရန်ကုန်ကားဆိပ်'၊ တာရာမဂ္ဂဇင်း၊ အတွဲ (၂)၊
အမှတ် (၄)၊ ဇူလိုင် ၁၉၄၈ (?) ]

# မတည်လေသည့်ကတိ

## (၁)

သူက ကျွန်တော်တို့ မမြင်မိအောင် မည်မျှပင် ကြိုးစား၍ ပုန်းစေကာမူ ကျွန်တော်ကတော့ သူ့ကို မြင်လျှင် မြင်ချင်း အဝေးမှပင် လှမ်း၍ "မပန်းပါကလား" ဟု သိလိုက်ပြီး ဖြစ်ပါသည်။

ထိုညက ကျွန်တော်တို့ လင်မယားနှစ်ယောက် ကမာရွတ် ရုပ်ရှင်ရုံဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြစဉ်၊ တရုတ် ဆန်ပြုတ်ဆိုင် တစ်ဆိုင်၌ မပန်းတို့အား တွေ့လိုက်ရခြင်း ဖြစ်၏။

မပန်းတို့ ဟု ဆိုရခြင်းမှာ မပန်းသည် တစ်ယောက်တည်း ဆန်ပြုတ်သောက်နေခြင်း မဟုတ်တဲ ပန်းကန် တစ်ခုထဲမှ သူက တစ်လှည့်သောက်လိုက်၊ သူ့နံဘေးမှ ၂ နှစ်သားအရွယ် ကလေးငယ်ကလေးအား တဖူးဖူး မှုတ်၍ တိုက်လိုက်နှင့် နှစ်ယောက်သား တစ်လှည့်စီ သောက်နေကြသောကြောင့် ဖြစ်ပေသည်။

'သူ့ကလေးတောင် အတော် ကြီးနေပါပကောလား' ဟု ကျွန်တော့်မှာ မပန်းနှင့် သူ့သားငယ်ကလေးတို့အား စိတ်ဝင်စားမိရာက–

'ဆန်ပြုတ် စားကြရအောင်ကွာ' ဟု ဇနီးဖြစ်သူအား အဖော်ညှိလိုက်မိပါသည်။

ကျွန်တော်တို့ နှစ်ယောက် ဆန်ပြုတ်ဆိုင် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်မိ ကတည်းကပင် မပန်းခမျာ သူ့ကို ကျွန်တော်တို့ မမြင်မိအောင် ကြိုးစားပမ်းစား ပုန်းကွယ်နေခဲ့ခြင်း ဖြစ်လေ၏။

ပထမတွင် သူသည် ခေါင်းကြီး အောက်ငုံ့၍ ပုန်းရန် ကြိုးစားပြီးမှ စိတ်မလုံမလဲ ရှိနေသေးဟန်နှင့် ထိုင်ခုံကို ရွှေ့၍ ကျွန်တော်တို့ထံမှ ကျောပေး၍ ထိုင်လိုက်ပြန်၏။ ထို့နောက် သူသည် ကလေးငယ်အား ဆန်ပြုတ်ကို အတွင်းသား တိုက်နေပါတော့သည်။

မပန်း၏ အပြုအမူများမှာ ကျွန်တော်နှင့် ရင်ဆိုင်ရမှာကိုပင် လွန်စွာ စိုးရွံ့ ထိတ်လန့်နေဟန် တူပါသည်။ နဂိုက အေးဆေးစွာ စားသောက်လျက် ရှိရာမှ ကျွန်တော်တို့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အမြန်ဆုံး ထပြေးလိုဟန်နှင့် ကသုတ်ကရက် အူယားဖားယား ဖြစ်မှုလေတော့၏။

မိခင်ဖြစ်သူ မပန်းက ဆန်ပြုတ်ကို ကသောကမျော ဖွတ်အတင်း တိုက်လေသည့်အခါ၊ သားငယ်ကလေးမှာ မိခင်၏ အမူ စေခိုင်းချက်ကို မကျေမနပ်ဖြစ်ကာ မိခင်ထံမှ ဇွန်းကို အတင်းလုကိုင်၍ သူ့ဘာသာသူ စားမည်ဟု ပူဆာလေတော့၏။ မပန်းမျှာလည်း မတတ်သာတော့သဖြင့် ကလေးငယ်၏ အလိုကို လိုက်လျောနေရပုံ ရ၏။

'ကဲပါ သားရယ်... သောက်ကွယ်၊ မြန်မြန် သောက်စမ်းကွယ်' ဟု တိုးတိုးကလေး တိုက်တွန်းညည်းညူနေသံကို ကြားလိုက်ရပါသည်။

ကလေးငယ်ကား ပန်းကန်ထဲမှ ဆန်ပြုတ်များကို ဖိတ်တစ်ဝက်၊ စဉ်တစ်ဝက်ပင် ဇွန်းနှင့် ကလော်ကာ၊ ခပ်ကာ စိတ်ကြိုက်သောက်နေတော့၏။ (၂) နှစ်သားအရွယ်မျှသာ ရှိသေး၍လည်း ဆန်ပြုတ်များမှာ ပါးစပ်ကလေးထဲ ဝင်သွားသည်က နည်းပြီး၊ ပါးစောင်နှင့် မေးစေ့များမှ ယိုစီးထွက်ကျကာ ရင်ဘတ်ကလေးပေါ်သို့ ပေကျံကုန်တော့သည်။ ဇွန်းနှင့် ကောင်းစွာ ခပ်၍ မစားတတ်ငြားသော်လည်း သူကလေးသည် အားရပါးရ ပလုတ်ပလောင်း စားလျက် ရှိပေ၏။

မပန်းမျှာ စိတ်မရှည်နိုင်တော့ဟန်ဖြင့် ကလေးထံမှ ဇွန်းနှင့် ပန်းကန်ကို ဆွဲယူရန် ကြိုးစားလိုက်၊ ကလေးက အော်ငိုတော့မည် ပြုသောကြောင့် အလျှော့ပေးလိုက်ရနှင့်၊ နောက်ဆုံး၌ကား သူသည် ဆက်၍ သည်းညည်းမခံနိုင်တော့ဘဲ ကလေးထံမှ ဇွန်းကို အတင်းမရမက လုလိုက်ပြီးလျှင် သူကိုယ်တိုင် ခပ်တိုက်ရန် ကြိုးစားပြန်တော့၏။

ထိုအခါကျမှပင် ကလေးငယ်မှာ တဝါးဝါးနှင့် အားရပါးရကြီး ငိုချလိုက်တော့သည်။ မကျေမနပ် အာပြဲကြီးနှင့် ငိုပစ်ရင်းကလည်း မပန်းထံမှ

ခွန်းကို အတင်း ဆွဲလုနေပြန်၏။ ကလေးက ဆူပူငိုယိုပြန်တော့လည်း မပန်းခမျာမှာ မနေတတ် မထိုင်တတ် ဖြစ်နေရှာပုံ ရလေသည်။

ထိုအချိန်၌ သူသည် ကျွန်တော်တို့အား ကျောပေးထိုင်နေခြင်းကြောင့် သူ့မျက်နှာကို မမြင်နိုင်သော်လည်း၊ သူ့ခမျာ မည်မျှ စိတ်ညစ်ညူး အနေရကျပ်နေရှာမည်ကို ကိုယ်ချင်းစာနာမိပါသည်။

စောစောပိုင်းက မြင်လိုက်ရသည့် မပန်း၏ မျက်နှာကလေးမှာ နာမည်နှင့် လိုက်အောင်ပင် ပန်းလျ နွမ်းနယ်နေလေ၏။ သူ့မျက်နှာကလေးကိုက အရာရာကို ကြောက်ရွံ့ ထိတ်လန့်ကာ လောကကြီး အလယ်ဝယ် အားကိုးရာမဲ့ အသွင်မျိုးကို ဆောင်နေပေသည်။

သူ ဝတ်စား ဆင်ယင်ထားပုံမှာလည်း ယခင် အကြိမ်ကြိမ် မြင်တွေ့ခဲ့ရဖူးသည့် အတိုင်းပင် ဆင်းရဲနွမ်းပါးလှသော အခြေအနေကို သရုပ်ဖော်လျက်ရှိ၏။ အသက်အားဖြင့် နှစ်ဆယ်၊ အစိတ်တွင်းမျှသာ ရှိဦးမည် ဖြစ်သော်လည်း ယခုလက်ရှိ သူ၏ ပြုမူလှုပ်ရှားပုံများအရ မိန်းမကြီးတစ်ယောက်နှင့် မခြားတော့ချေ။ သို့သော် ဟောင်းနွမ်းညစ်ထည်းသော အဝတ်အစားများအောက်က သူမ၏ ခန္ဓာကိုယ် အချိုးအဆက်တို့မှာကား နုပျိုမှုကို ဖော်ပြလျက်ပင် ရှိသေးသည်။

ကျွန်တော့် မျက်စိများတွင်မူ ယခင် နှစ်နှစ်ခန့်က မပန်း၏ လှပကြော့ရှင်း ချစ်စဖွယ်ကောင်းသည့် အသွင်သဏ္ဌာန်ကလေးကို မြင်ယောင်လာမိပါတော့သည်။

ယခု သူ့နံဘေးနားမှ ကလေးငယ်ကလေးမှာလည်း ဆေးစိမ်းဆိုးထားသည့် တိုင်းရင်းဖြစ် စွပ်ကျယ် လက်ပြတ်ကလေးကို ဝတ်ထားကာ ခါးအောက်ပိုင်းမှာ မိမွေးတိုင်း ဖမွေးတိုင်း ဗလာကျင်းလျက် ရှိတော့၏။ မိခင်ဖြစ်သူနည်းတူပင် ပြောင်ပြောင်ရောင်ရောင် မရှိ။ ဆင်းရဲသည့် အသွင်ကို ဆောင်နေငြားသော်လည်း ကလေးကလေးမှာ ဝဝကစ်ကစ်နှင့် ချစ်စရာကောင်းလှပါတော့သည်။ အိအိစက်စက် ဂလွန်းသဖြင့် မျက်လုံးကလေးများပင် ကျဉ်းမြောင်းနေတော့၏။ စွပ်ကျယ်စိမ်းကလေး အောက်မှ သူ့ဗိုက်ပူပူကလေးမှာလည်း ရှေ့သို့ စူထွက်လျက် ရှိလေ၏။

ကလေးငယ်သည် အော်ကြီးဟစ်ကျယ် ငိုနေသည်ကပင် ချစ်စရာကောင်းနေတော့သည်။ စားပွဲကို မကျေမချမ်း ထု၍ ထု၍နေသည့် ကလေး၏ လက်ကလေးများမှာ ဖောင်းဖောင်းမို့မို့ ပြည့်ဖြိုးလှပေသည်။

'ကလေးလေးက ဝလိုက်တာနော်' ဟုပင် ကျွန်တော့်ဇနီးက ပြောလိုက်သေး၏။ ကျွန်တော့်ဇနီးမှာ ကျွန်တော် မပန်းတို့ သားအမိ နှစ်ယောက်အား ကိုယ့်အကြောင်းနှင့်ကိုယ် စိတ်ဝင်စားနေမိခြင်းကိုမူ သိရှိဟန် မတူပေ။

ကျွန်တော်ကတော့ သူတို့သားအမိ နှစ်ယောက်၏ အခြေအနေကြောင့်ပင် ပို၍ အာရုံစူးစိုက်မိခြင်း ဖြစ်ပါသည်။

သည်တစ်ခါတော့ သူက ဘယ်လောက်ပဲ ပုန်းပုန်း၊ ဘယ်လောက်ပဲ ရှောင်ရှောင်၊ သူ့ကို မရမက သွား၍ နှုတ်ဆက်စကား ပြောဦးမည်ဟုလည်း စိတ်ထဲက သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

မပန်း တစ်ယောက် ကျွန်တော့်အား ဤကဲ့သို့ ပုန်းလျှိုးကွယ်လျှိုးနှင့် ရှောင်တိမ်းခဲ့သည်မှာ ကြိမ်ဖန် မရေမတွက်နိုင်တော့ချေ။ သူ့ကို ပထမဆုံးအကြိမ် ကမာရွတ် အင်းစိန်လမ်းမကြီး နံဘေး၌ တွေ့ခဲ့စဉ် ကတည်းကပင် ကျွန်တော်က ဝမ်းသာအားရ လှမ်း၍ နှုတ်ဆက်သည်ကို သူသည် မြင်ပါလျက်နှင့် တစ်ခါမျှ လူချင်း မမြင်မတွေ့ဖူးသူများပမာ မသိဟန်ဆောင်၍ ခပ်စိန်းစိန်းပင် ဆက်လျှောက်သွားခဲ့ဖူးသည်။

ထိုစဉ်က ကျွန်တော့်မှာလည်း မော်တော်ကားပေါ်မှ ဖြစ်နေ၍ တကူးတက ဆင်း၍ မလိုက်ခဲ့မိချေ။

ထိုအခါမှ စ၍ပင် မပန်းတစ်ယောက် ကမာရွတ်ထဲတွင် ရောက်နေပါကလားဟုတော့ သိရှိခွင့် ရခဲ့ပါသည်။ သည်နောက်များတွင်လည်း မကြာခဏဆိုသလို မပန်းအား ကမာရွတ် ဟိုနေရာ၊ ဒီနေရာတို့၌ မြင်ခဲ့ရဖူးပါသည်။ သို့သော် တစ်ကြိမ်တလေမျှ တော့တော့ဆိုင်ဆိုင် နှုတ်ဆက်ပြောဆိုခွင့် မရခဲ့ပါ။ ကျွန်တော့်ကို မြင်လေသည့် အခါတိုင်းမှာပင် သူက အမြဲတစေ ရှောင်သွားခဲ့စမြဲသာ ဖြစ်၏။

ယခုတော့ ကျွန်တော်သည် ဆန်ပြုတ်ဆိုင်မှ ထပြေးရန် ကြံရွယ်လျက်ရှိသည့် မပန်းအား သည်တစ်ကြိမ် အလွတ်မပေးတော့ရန် စိတ်ပိုင်းဖြတ်လိုက်မိပါသည်။

'ခဏနော်၊ ကိုယ် စကားသွားပြောချင်လို့' ဟု ကျွန်တော့် ဇနီးသည်အား မှာကာ၊ မပန်းတို့ သားအမိရှိရာ ခုံတန်းဆီသို့ လျှောက်သွားမိတော့၏။

ကျွန်တော့် ဇနီးပင်လျှင် နားမလည်နိုင်သော သံသယ ဒွိဟမျိုးစုံတို့ဖြင့် ကျန်ရစ်ခဲ့ပုံ ရလေသည်။

'ဒီမယ် မပန်း၊ ကျွန်တော် ကိုချစ်လှိုင်ရဲ့ သူငယ်ချင်းလေ'

မျက်နှာချင်း ဆိုင်မိပါလျက်နှင့် မသိချင်ယောင် ဆောင်နေဦးမည် စိုးသောကြောင့် ကျွန်တော်ကပင် မိမိကိုယ်မိမိ စတင်မိတ်ဖွဲ့လိုက်ရပါသည်။ မပန်းမျောမှာ ဤသို့ ပက်ပင်းပါး ရင်ဆိုင်ကြရသော အခါ၌ကား မျှော်လင့်ထားသလောက် မရိုင်းလှပေ။ မည်သို့မျှ ရှောင်၍ မလွတ်နိုင်တော့မှန်း သိသဖြင့် မတတ်သာ ဟန်ဆောင်လိုက်ရခြင်း ပေလားတော့ မပြောတတ်ပါ။

'သြော်... ဟုတ်ကဲ့ ကိုမင်းရှင်၊ ကျွန်မ မှတ်မိပါတယ်။ ဒီကလေး ပူဆာလွန်းလို့ ဆန်ပြုတ်လာကျွေးတာပါ။ အခုလည်း သူ့ဘာသာသူ မစားရလို့တဲ့၊ စိတ်ဆိုးပြီး ငိုနေတယ်ရှင်' ဟု မပန်းက ဖော်ရွေစွာပင် ပြန်ပြောရှာလေသည်။

'ဒါ မပန်းရဲ့ သား...'

'ဟုတ်ကဲ့၊ ကျွန်မ သားလေးပါ'

မပန်း၏ အဖြေမှာ မသိမသာ တုန်နေလေသည်။ ပြီးနောက် သူသည် သားကလေး၏ ဦးစွန်းဖုတ်ကလေးကို ယုယစွာ ပွတ်သပ်လိုက်ရင်းက–

'ရှင်တို့ သူငယ်ချင်းရဲ့ သားကြီးပေါ့ရှင်။ မတူဘူးလားဟင် သူနဲ့...' ဟု မချို ဝမ်းနည်းသံကလေးဖြင့် မေးလိုက်ပြန်လေ၏။

'တူတယ် သိပ်တူတာပဲဗျာ၊ ဝ လည်း ဝ လိုက်တာ'

အမှန်လည်း ကလေးငယ်မှာ ကျွန်တော်တို့ သူငယ်ချင်းကြီး ကိုချစ်လှိုင်နှင့် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နဖူးကျယ်ပုံက အစ အရာရာ တူလှတော့သည်။ ဖအေတူ သားကလေးပင်တည်း။

ကလေးသည် ထိုအချိန်၌ ဆန်ပြုတ် ပန်းကန်ကို အပိုင်စီးထားကာ ဆန်ပြုတ် အကြွင်းအကျန်ကလေးများကို လက်နှင့်ပင် နှိုက်စားနေချေပြီ။ မပန်းမှာကား ကျွန်တော်နှင့် စကားပြောနေရသဖြင့် သားဖြစ်သူအား ဂရုမစိုက်နိုင်ရှာတော့ပေ။

သူ့ကို အကဲခတ်ရသည်မှာ ကျွန်တော့်အား ရှောင်လို့ မရတော့သည့် အတူတူ သူ့ရင်ထဲ အောင့်အည်း ထိန်းချုပ်ထားခဲ့ရသမျှတွေကို အန်ထုတ်ပြောပြလိုပုံ ရလေသည်။ ဒီအကြောင်းတွေကို ပြောမည်စိုးသောကြောင့် ကျွန်တော့်ထံမှ အမျိုးမျိုး ပုန်းရှောင်ခဲ့သည်နှင့်အမျှ၊ ယခု မျက်နှာချင်းဆိုင် တွေ့ရပြန်သောအခါ ဒီအကြောင်းတွေကိုပင် အားရပါးရကြီး ပြောပြလိုက်ချင်

ဟန် တူပါသည်။ ကျွန်တော် အကဲခတ်မိသည့် အတိုင်းလည်း မပန်းသည် ဆက်လက် ကြာရှည်ကြာမျှော မျိုသိပ်မထားတော့ပါ။

'ကိုချစ်လှိုင် တစ်ယောက် ဒီသားကလေးကိုတောင် တစ်ခေါက်တလေ လာကြည့်ဖော် မရပါဘူးရှင်။ လာဖို့ မပြောပါနဲ့လေ၊ အကျိုးအကြောင်း စာကလေး တစ်စောင်လောက်တောင် ရေးမပေးပါဘူး။ ရှင်တို့ သူငယ်ချင်း ကြီးကတော့ ရက်စက်ပါပေ့ရှင်... ရက်စက်ပါပေ့'

ငိုသံကလေး ပါနေသည့် မပန်း၏ စကားများကို နားထောင်ရင်း၊ ကျွန်တော်ကိုယ်တိုင်ပင် စိတ်ထိခိုက်သွားနိုင်တော့၏။

'နေပါဦး၊ ကိုချစ်လှိုင် ဒီကလေးကို မတွေ့ဖူးသေးလား'

'ကျွန်မ ဒီကလေး ဘယ်တုန်းက မွေးလိုက်တယ် ဆိုတာကိုတောင် သူ သိချင်မှ သိမှာပါရှင်။ ကျွန်မ ဒီသားလေးကို မမွေးခင် လေးငါးလလောက် ကတည်းက ကိုချစ်လှိုင်နဲ့ မတွေ့ရတော့တာပဲ'

မပန်းသည် သားကလေး၏ ဦးစွန်းဖုတ်ကလေးကို ပွတ်သပ်နေပြန်၏။

သားငယ်ကား ကျွန်တော်နှင့် သူ့မိခင်တို့ စကားပြောနေကြသည်ကို ငေးမော၍ ကြည့်နေလေသည်။ ဆန်ပြုတ်မှာလည်း ကုန်သွားပြီ ဖြစ်၍ ဗိုက် လည်း ပြည့်သွားဟန် တူသည်။

ကျွန်တော့်မှာ ဖအေနှင့် တထေရာတည်း တူလှသည့် ကလေးငယ် အား ကြည့်လိုက်မိရင်း၊ ကိုချစ်လှိုင် တစ်ယောက် ဤမျှအထိ ရက်စက်နိုင်ပါ့ မည်လားဟု မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိတော့၏။

'နို့ သူ မလာပေမဲ့ ငွေကလေး ဘာကလေးကော မပို့ဘူးလားဗျာ'

'ဒီကလေး မမွေးခင် နှစ်လ သုံးလလောက်ကတော့ သူ ငွေတစ်ခါ နှစ်ခါ ပို့ပါသေးတယ်။ အဲဒီတုန်းက စာလည်း မကြာမကြာ ရေးပါတယ်။ သူ နောက်ဆုံး ရေးလိုက်တဲ့ စာမှာတော့ သူ ဖြောင်ဖြင့်ရေးလိုက်သလိုပါပဲရှင်။ အဲဒီကတည်းက သူ ကျွန်မဆီ လာတော့မှာ မဟုတ်ဘူးလို့တော့ တွေးမိပါ တယ်။ သူ့မှာ လေမှောက်ပြီး ကုန်ကူးတာ အရှုံးကြီး ရှုံးသွားထဲက ရန်ကုန် လာဖို့လည်း အကြောင်းရှာမရ။ ဟိုမှာလည်း ဓားပြအတိုက်ခံလိုက်ရလို့ သူတို့ အခြေအနေလည်း တော်တော်ဆိုးသွားသတဲ့။ သူ့မယားကြီးနဲ့ ဆွေမျိုးသားချင်း အားလုံးကလည်း သူ့အကြောင်းတွေ သိပြီးကတည်းက သူ့ကို မပျောက်မခံ

ကြတော့ဘူးတဲ့။ သူ့မယားကြီးကလည်း သူ့ကြောင့် အဆိပ်သောက် သေဖို့ ကြံစည်သေးသတဲ့။ သူ့မှာ ကလေးတွေ ခြောက်ယောက်ရဲ့ သံယောဇဉ်ကလည်း ရှိ၊ မယားကြီးလည်း မပြတ်နိုင်ဘူးတဲ့။ နောက်ဆုံးမတော့ သူ့အပြစ်ပါပဲတဲ့။ သူ ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်မိတာပါပဲတဲ့။ အို... သူ့စာတစ်ခုလုံး သူ့ဒုက္ခတွေချည်းပါပဲရှင်။ ကျွန်မကတော့ နားလည်ပါတယ်။ သူ ကျွန်မကို မယားငယ်အဖြစ်တောင် မထားနိုင်တော့ဘူးလို့ ဖွင့်ပြောတာနဲ့ အတူတူပါပဲ။ ပထမတော့ ကျွန်မ သေတောင် သေပစ်လိုက်ချင်တယ်။ သူက သူ့ဒုက္ခတွေချည်း ပြောပေမဲ့ ကျွန်မ ဒုက္ခတွေတော့ သူက ဘာမှ မေးဖော်ရတာ မဟုတ်ဘူးရှင်။ ကျွန်မမှာလည်း ကိုယ်လေးလက်ဝန်ကြီးနဲ့။ အဲဒါ ကျွန်မ အရင်နေနေခဲ့တဲ့ အိမ်က အစ်မတွေက လင်ကောင်မပေါ်ဘဲ မွေးမယ့် ကလေးကို သူတို့ အိမ်ပေါ်မှာ မမွေးရဘူး ဆိုပြီး နှင်ချကြတယ်။ ကျွန်မအတွက် ရှက်တယ်ဆိုပြီး ကျွန်မကို ဝိုင်းပယ်ကြတယ်။ ကျွန်မ ဒီကလေးကို ကမာရွတ်က အစ်မတစ်ယောက်ရဲ့ အိမ်မှာ တိတ်တိတ်ပုန်း လာမွေးရတယ်လေ။ ဒီ ကျွန်မ ဒုက္ခတွေကိုတော့ ရှင်တို့ သူငယ်ချင်းကြီးက ဂရုစိုက်ဖော်တောင် မရပါဘူးရှင်။ ကျွန်မကို မယားငယ်လို့ အသိအမှတ်မပြုနိုင်ဘူးဘဲ ထားပါဦး။ ဒီ သူ့ရင်သွေး ကလေးဖို့တော့ စားစရိတ်ကလေး ထောက်သင့်ပါသေးတယ်။ ဒါပေမဲ့ ကျွန်မ ကလည်း သူ့ကို ဒုက္ခမရှာခဲ့ပါဘူးရှင်။ ဒါတွေ အားလုံး ကျွန်မ အပြစ်ချည်း ပါပဲ။ ပထမဆုံး သူ့ကို လူပျိုလို့ ယုံကြည်ပြီး ကြိုက်ခဲ့မိတယ်။ အဲဒါ လူပျို မဟုတ်မှန်း၊ ကလေးခြောက်ယောက် အဖေမှန်း သိပြန်တော့လည်း ကျွန်မက နောက်မဆုတ်မိပဲကိုး။ ခံတော့ပေါ့၊ ကျူးသမျှ အပြစ်ဒဏ် ကျွန်မပဲ ခံတော့ ပေါ့။ နောက် သူက ကျွန်မကို အသက်မက ချစ်ပါတယ်၊ ကျွန်မကို အတည် တကျ ယူပါ့မယ်၊ အတွေ့ နောက်ကျလို့ အကြီးနေရာ မထားနိုင်ပေမဲ့ အငယ် အနှောင်းရယ်လို့ သဘောမထားပါဘူး။ ကျွန်မကို ပိုပြီး ချစ်တာပါပဲပေါ့လေ။ အမျိုးမျိုး ကတိတွေ ပေးပြီး ချိုးပြေးပြန်တော့လည်း ကျွန်မက သူ့ကတိတွေ ကို အယုံကြီး ယုံပြီး ပုံအပ်ခဲ့မိတာကိုး။ ဒီတော့ ကျွန်မ အပြစ်တွေ ကျွန်မပဲ ခံရမှာပေါ့လေ။ ကိစ္စတော့ မရှိပါဘူး။ အခု ဒီကလေးကို ကျွန်မ တတ်နိုင် သလောက် ရှာကျွေးမှာပါပဲ'

မပန်းမှာ ပြောမယ့်ပြောပြန်တော့လည်း ကရားရေလွှတ် အတော့မသတ် နိုင်အောင် ပြောပစ်လိုက်တော့၏။ ကြိတ်မှိတ် မျိုသိပ်ထားခဲ့ရသမျှ ခံစားချက်

တွေကို ဖွင့်အန်ထုတ်လိုက်ခြင်း ဖြစ်၍လည်း ငိုသံများပင် ပါနေလေတော့သည်။

ဝိုင်းစက်သော သူ့မျက်လုံးကလေးများတွင်ကား မျက်ရည် ပုလဲဥကလေးတွေ သီတန်းလျက် ရှိချေပြီ။ ပုလဲဥ တစ်စက်မှ နှစ်စက်သို့ ပေါင်းစုသွားမိရာတွင် မျက်ခမ်းပေါ်၌ ရပ်တည်မနေတော့ပဲ ပါးပြင်ပေါ်သို့ လိမ့်၍ လိမ့်၍ စီးဆင်းကြတော့၏။

'မပန်း အခု ကမာရွတ်က အစ်မရဲ့ အိမ်မှာပဲ နေနေသလား။ ဘယ်မှာ အလုပ်လုပ်နေသလဲ' ဟု ကျွန်တော်က စိတ်မကောင်းစွာနှင့်ပင် မေးလိုက်မိသည်။

'ဟုတ်ကဲ့၊ ဒီက အစ်မ အိမ်မှာပဲ နေနေပါတယ်။ အလုပ်ကလည်း ကမာရွတ်ထဲက တရုတ် စွပ်ကျယ်စက် တစ်ခုမှာ နေ့စားလုပ်ပါတယ်'

'ဒါကြောင့်ကိုး၊ ခင်ဗျားကို ခဏခဏ တွေ့နေတာ။ ကျွန်တော် တွေ့တိုင်းပဲ လှမ်းလှမ်းပြီး နှုတ်ဆက်ပါတယ်ဗျာ။ ခင်ဗျားကသာ အမြဲတမ်း မမြင်ချင်ယောင်ဆောင်ပြီး ရှောင်ရှောင်သွားတာပါ'

လွန်ခဲ့သော သူ့အပြုအမူများကို ကျွန်တော်က ဝေဖန်လိုက်ရာတွင်၊ သူမှာ အားတုံ့အားနာကြီး ဖြစ်လျက် ခေါင်းကလေး အောက်ငုံ့သွားလေသည်။

'ကျွန်မကို စိတ်မဆိုးပါနဲ့ ကိုမင်းရှင်ရယ်။ ကျွန်မ ရှင့်ကို မြင်တာ အမှန်ပါပဲ။ ဒါပေမဲ့ ရှင်တို့နဲ့ စကားကို မပြောချင်ဘူး။ ရှင်တို့နဲ့ တွေ့ရမှာကို ကြောက်နေတယ်။ အခု ကြည့်လေ၊ ရှင်နဲ့ တွေ့တော့လည်း ရှင်တို့သူငယ်ချင်း အကြောင်းကိုပဲ ပြောမိတာပဲ မဟုတ်လား။ အားတော့ နာပါရဲ့ရှင်၊ ကျွန်မ ခုလို လျှောက်ပြောမိတာ'

'အို... ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ သူငယ်ချင်းအကြောင်း ကျွန်တော်တို့နဲ့ ဆိုင်လို့ ပြောတာပဲဟာ။ ကျွန်တော် ခင်ဗျားကို တွေ့ချင်နေတာလည်း ဒီအကြောင်းတွေကို သိချင်လို့။ သိရရင် ကိုယ် တတ်နိုင်တဲ့ဘက်က ကူညီချင်လို့ပါပဲ။ အခုလို ကြားရတာလည်း စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော်ကိုချစ်လို့ရှင်ဆို ဒီအကြောင်းတွေ အကုန်လုံး စာရေးပြီး အကြောင်းကြားလိုက်ပါ့မယ်၊ စိတ်ချ။ သူ့ကိုလည်း ကျွန်တော် ရင်းနှီးတဲ့ သူငယ်ချင်းအနေနဲ့ သတိပေးလိုက်ပါမယ်။ ဒီလူ ဒီလောက်တော့ ရက်စက်မယ့်လူမျိုး မဟုတ်ပါ

ဘူး။ အကြောင်းစုံကို သိရရင် သူ ဒီလို စိမ်းစိမ်းကားကားနေမှာ မဟုတ်ပါဘူး။ အကြောင်းတစ်ခုခု ရှိလို့သာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် စာရေးလိုက်ရင် သူ နေမှာ မဟုတ်ပါဘူးဗျာ'

'နေပါစေ... မရေးပါနဲ့ ကိုမင်းရှင်ရယ်၊ အလကားနေရင်း သူ့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေပါဦးမယ်။ ရှင့်ကိုပါ စာရေးရမလားဆိုပြီး စိတ်ဆိုးနေပါဦးမယ်ရှင်၊ မရေးပါနဲ့'

ဤသို့ တားမြစ်နေသည့်ကြားကပင် မပန်း၏ မျက်နှာကလေးမှာ မသိမသာ ကြည်လင်သွားသကဲ့သို့ ထင်လိုက်ရ၏။ ကျွန်တော်က ကိုချစ်လှိုင်ထံ စာရေးမည်ဟု ပြောလိုက်စဉ်ကပင် သူ့မျက်လုံးကလေးများ ပြောင်လက်တောက်ပသွားသည်ကို သတိပြုလိုက်မိပါသည်။

ကျွန်တော်က စာရေးမည်ဟု ကတိပြုလိုက်ခြင်းမှာလည်း ကျွန်တော့်တွင် အဓိပ္ပာယ်ရှိပါသည်။ ကိုချစ်လှိုင်သည် မပန်းတို့ သားအမိအား ယခုကဲ့သို့သော အခြေအနေမျိုးတွင် ဆက်လက်၍ ပစ်မထားသင့်တော့ဟု ကျွန်တော့် အနေနှင့် တထစ်ချ ယူဆမိ၏။

တစ်ရံတစ်ခါကမှ ဤမျှ မဆင်းရဲခဲ့ဖူးသည့် မပန်းအဖို့ သူနှင့် သူ့သားငယ်လေးတို့၏ နေထိုင် စားသောက်မှုအတွက် စွပ်ကျယ်စက်မှ ရရှိသော နေ့စားခကလေးဖြင့် ရပ်တည်ခြင်းမှာ မတတ်သာတော့သည့်အဆုံး၊ သူ့ရုပ်ရည်ကလေးဖြင့် မည်သို့သော ဘဝမျိုးသို့ ရောက်သွားနိုင်သည် ဆိုခြင်းကို ကိုချစ်လှိုင် မြော်မြင် တွေးဆ ထိုက်လှပေသည်။

ဤ အသက်အရွယ်၊ ဤလို ရုပ်ရည်မျိုးနှင့် ဆင်းရဲ နွမ်းပါးနေသူ တစ်ဦးအား ကယ်တင်ရှင် လုပ်ကာ ဖျက်ဆီးလိုသူတွေ ဒုနှင့်ဒေး ရှိကြောင်းကို လည်းကောင်း၊ အတွေ့အကြုံ နနယ်နယ်ဖြင့် ဒုက္ခဆင်းရဲကို ရင်ဆိုင်ရာ၌ တစ်ခါတစ်ရံ လမ်းမှားသို့ ရေလိုက် လွဲသွားနိုင်ကြောင်းကို လည်းကောင်း ကိုချစ်လှိုင် သတိပြုသင့်လှပေသည်။

အချစ်နှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါ နာကြည်းဖွယ်ရာ ခံလိုက်ရဖူးသူကလေး တစ်ယောက်အဖို့ ထပ်ကာ ထပ်ကာ မှားခြင်းကြီးမကာ မှားဖို့ရန် မခဲယဉ်းလှဟု ကျွန်တော်ကတော့ ကြားထဲက စိုးရိမ်မိပါသည်။

နောက်ဆုံး ကိုချစ်လှိုင်အနေနှင့်လည်း မပန်း အပေါ်တွင် သံယောဇဉ် ပြတ်နိုင်ပြီ ထားဦးတော့။ သူ၏ ရင်နှစ်သည်းချာ ကလေးကိုမူကား ဤသို့သော ခိုကိုးရာမဲ့ ဘဝမျိုး၌ တာဝန်မဲ့ ပစ်မထားသင့်ပါချေ။

ထို့ကြောင့်လည်း ကျွန်တော်က မပန်းအား ထပ်မံ၍ ကတိပေးနေမိသေးသည်။

'ကျွန်တော်က သူ့မိန်းမနဲ့ သူ့သားကလေးအကြောင်း စာရေးမှာကို သူက ဘာကြောင့် စိတ်ဆိုးရမှာတုံးဗျာ၊ ဒီအကြောင်းတွေ သိရရင် ကျွန်တော့် ကိုတောင် ကျေးဇူးတင်လိမ့်ဦးမယ်။ ကျွန်တော် သူ့ဆီ စာရေးဖြစ်အောင် ရေးလိုက်မယ်ဗျာ၊ စိတ်ချ'

မပန်းကလည်း ထပ်၍ မတားမြစ်တော့ပါ။

သူမသည် သားငယ်ကလေးအား ခါးထစ်ခွင်ဝယ် မြှောက်ချီလိုက်ပြီး နောက် ကျွန်တော့်အား ပြန်ပါဦးမည်ဟု နှုတ်ဆက်ကာ၊ အင်းစိန်လမ်းမကြီး အတိုင်း သုတ်သုတ် သုတ်သုတ်နှင့် လျှောက်ရင်း အမှောင်ထုထဲတွင် တစ်စ တစ်စ ဝင်ရောက် ကွယ်ပျောက်သွားလေတော့၏။

သူမျက်နှာဝယ် မှော်လင့်ချက်ကလေးများ ယှက်သန်း၍ သွားသည်ကို ကား ကျွန်တော် ကောင်းကောင်းကြီး တွေ့လိုက်ရပါသည်။

(၂)

'အောင်မယ်လေး ဘယ်က မိတ်ဟောင်း ဆွေဟောင်းများလဲ ရှင်၊ တကတဲ ကြာလိုက်တာ။ ဘာတွေများ ဒီလောက်ကြာကြာ ပြောနေကြတာလဲ။ ဒီမှာဖြင့် စောင့်ရင်းနဲ့ အိပ်ငိုက်နေပြီ'

ကျွန်တော်၏ ဇနီးသည် ရှိရာသို့ ပြန်ရောက်သည့်အခါ ဇနီး ဖြစ်သူက ဆီး၍ မေးလိုက်သည်။

သူ့ လေသံကို ကြားရခြင်းအားဖြင့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ဒွိဟ သံသယစိတ်များ သူ့ကို လွှမ်းမိုးလျက်ပင် ရှိသေးကြောင်း သိရပါသည်။

'နေပါဦး၊ သူက ဘယ်သူလဲဟင်' ဟု ထပ်၍မေးနေပြန်သောကြောင့်–

'အိမ်ပြန်ရင်း လမ်းကျမှ ပြောပြမယ်၊ လာ... သွားရအောင်' ဟု ပြောပြောဆိုဆို ကျွန်တော်တို့ နှစ်ယောက်သား အိမ်ဘက်ဆီသို့ ဖြည်းဖြည်း ချင်း လျှောက်ခဲ့မိကြ၏။

လမ်းတစ်လျှောက်လုံးတွင် မပန်းတို့ သားအမိ အကြောင်းကို ကျွန်တော့် ဇနီးသည်အား ဖောက်သည်ချ ပြောပြရတော့သည်။

'ဒီလိုကွ၊ မင်း မှတ်မိမလား မသိဘူး၊ တစ်ခါ ကိုယ်တို့ဆီ လာလည် တဲ့ ကိုချစ်လှိုင် ဆိုတာလေ'

'မှတ်မိသားပဲ၊ မောင့်သူငယ်ချင်း ကုန်သည်ဟာ မဟုတ်လား'

'အေး၊ ခုနက မပန်း ဆိုတဲ့ ကောင်မလေးကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က အဲဒီ ကိုချစ်လှိုင်က ရန်ကုန် လာရင်း ခိုးပြေးသွားတယ်။ ဒါပေမဲ့ ကိုချစ်လှိုင်က မယားကြီးလည်း ရှိတယ်၊ ကလေး ခြောက်ယောက်နဲ့။ နောက်ပြီး ဒီလူက သူ့မယားကြီးနဲ့ ကလေးတွေကိုလည်း သိပ်သံယောဇဉ်ကြီးတဲ့ လူ။ သူ မပန်းကို ခိုးပြေးသွားပြီဆိုတာ ကြားကြားချင်း ဒီလိုလူမျိုးက နောက်ထပ် မိန်းမတစ်ယောက် ထပ်ယူဖို့ စိတ်ကူးတယ်ဆိုတာ ကိုယ်တို့တောင် ရုတ်တရက် မယုံနိုင်ဘူး။ ဒီကိစ္စကို ကိုယ်က အကုန်သိထားတော့ ပိုပြီး အံ့ဩတာပေါ့ကွာ။ ကိုယ်တို့ လူပျိုတုန်းက မင်း သိတဲ့အတိုင်း ကိုညွန့်တင်၊ မလှလှတို့ အိမ်မှာ အနေများတယ် မဟုတ်လား။ အဲဒီတုန်းက ကိုချစ်လှိုင်ကလည်း ကုန်ရောင်း ကုန်ဝယ် သိပ်ဟန်ကျနေတုန်း အခါပေါ့။ ရန်ကုန်ကို လာတိုင်း လာတိုင်း ကိုညွန့်တင်ကြီးတို့ အိမ်မှာပဲ တည်းလေ့ရှိတယ်။ မပန်းကလည်း ကိုညွန့်တင်တို့ အိမ်နဲ့ မျက်နှာချင်းဆိုင် အိမ်မှာ သူ့အစ်မတွေနဲ့ အတူနေတယ်။ အစ်မတွေနဲ့ နေတယ်ဆိုပေမယ့် သူ့ဧမျာ အစေခံ တစ်ပိုင်းပါပဲကွာ။ အဝတ်တွေ လျှော်ရ၊ ကလေးထိန်းရ၊ ထမင်းချက်ရနဲ့ တော်တော်ကို အလုပ်လုပ်ရရှာတယ်။ ဒီတော့ ငယ်ငယ်ရွယ်ရွယ် အားလပ်တဲ့ အချိန်ကလေးတွေမှာ ဝတ်ကောင်း စားလှ ဝတ်ပြီး လမ်းသလားပြ၊ တစ်ဖက်အိမ်ကနေပြီး ကလေးမြှောက်ပြလိုပြ၊ အသံပေးလိုပေးနဲ့ စိတ်ကူးယဉ်တာပေါ့ကွာ။ ဒီက ကိုညွန့်တင်ကြီးရဲ့ အိမ်ကလည်း လူပျိုလူရွယ်တွေ စုဝေးတဲ့အိမ် မဟုတ်လား'

' ဒီအထဲ မောင်လည်း ပါတာပေါ့လေ' ဟု ကျွန်တော့် ဇနီးက ဝင် ဖောက်လိုက်သေး၏။

'ကိုယ်တို့ ကောင်တွေကတော့ မပန်းကို စိတ်မဝင်စားကြပါဘူးကွာ၊ ကိုချစ်လှိုင်ကသာ မျက်စိကျပါလေရော။ နောက်ပြီး ဒီလူကလည်း ကလေး ခြောက်ယောက် အဖေသာ ဆိုတယ်၊ နေပုံ ထိုင်ပုံ ဝတ်တာစားတာ ကိုယ်တို့ လူပျိုတွေက အရှုံးပေးရတာ။ ဆံပင်များ ဖြီးထားလိုက်တာ ဆံစ တစ်စ ထောင်မနေဘူး။ ဖိတ်ဖိတ် ဖိတ်ဖိတ်နဲ့ ပြောင်နေတာပဲ။ ကုန်သည်ဆိုတော့ သူက ကိုယ်တို့လိုလည်း ဘတ်စ်ကား၊ ဆိုက်ကား စီးတာ မဟုတ်ဘူး။ ဖြုတ်ဆို တက်စီ၊ ဖြုတ်ဆို တက်စီနဲ့။ သူ ရှိတုန်းများဆိုရင် တက်စီတစ်စီးဟာ ကိုညွန့်တင်တို့ အိမ်ရှေ့မှာ အမြဲတမ်း ရပ်ရပ်ထားတာပေါ့။ ဒီအထဲကွာ သူက

ကောင်မလေးကို မျက်စိကျနေပြီလို့ ပြောတော့ ကိုယ်တို့ ကောင်တွေကလည်း နောက်သလို ပြောင်သလိုနဲ့ ဝိုင်းပြီး အားတီးပေးကြတာပေါ့။ အစကတော့ ပျော်စေပြက်စေ မြှောက်ပေးကြရုံပါပဲ။ အဲဒါ ဟိုလူက လက်မြန် ခြေမြန် တကယ် အတည်ပေါက် ကောင်မလေးကို ရှိသ့ဲသ့ဲ စ ပါလေရော။ ကောင်မလေး ကလည်း ကိုယ် ပြောတဲ့အတိုင်း နဂိုကမှ သူ့အစ်မတွေ လက်ထဲက ရုန်းထွက် ချင်ချင်။ နောက်ပြီး ကိုချစ်လှိုင်ကလည်း မိန်းကလေး အထင်ကြီးလောက် စရာပဲ မဟုတ်လား။ သူ့ကို လူပျိုလို့ပဲ အောက်မေ့ပြီး စာပေးစာယူ ဖြစ်ကြ တော့တာပေါ့။ အစတုန်းကတော့ ကိုယ်တို့လည်း ကောင်မလေးဆီက စာတွေ တိတ်တိတ် ခိုးဖတ်ရတာတို့၊ စာလာရင် ဖွက်ထားရတာတို့၊ ကိုချစ်လှိုင်ကြီး ကို နောက်ရ ပြောင်ရတာ ပျော်စရာကောင်းတာလောက်ပဲ နားလည်ခဲ့တာပဲ။ တစ်နေ့ တစ်နေ့ နောက်ကြ ပြောင်ကြ၊ မြှောက်ပေးကြ၊ ရယ်ကြမောကြနဲ့ ပေါ့ကွာ။ ဒီလူ ဒီထက် ပိုပြီး မဟုတ်တာရတ် လုပ်လိမ့်မယ်လို့လည်း မတွေးမိ ကြပါဘူး။ အဲ နောက်တော့ ကိုယ်လည်း ရွှေ့ဆက်ပြီး ဘယ်လိုဖြစ်ကြတယ် ဆိုတာ မသိတော့ဘူး။ နောက်တစ်ခေါက် ကိုချစ်လှိုင် ရန်ကုန် အလာမှာ မပန်းကို ခိုးပြေးသွားပြီလို့ ကိုညွန့်တင်ကြီးတို့၊ မလှလှတို့က ပြောပြတော့မှ သိရတော့တာပဲ'

'ဩော်... လက်စသတ်တော့ မောင်တို့ ပြေး မွှေးလိုက်တဲ့ မီးကိုး' ဟု ကျွန်တော့်စနီးက တရားခံ ဖော်ထုတ်နေပြန်လေသည်။

အမှန်လည်း ဤကိစ္စ၌ ကျွန်တော်တို့ သူငယ်ချင်း တစ်စု၏ တာဝန် မကင်းလှကြောင်းကို ဝန်ခံရပါမည်။ ကိုချစ်လှိုင်က စိတ်ဖောက်ပြားသည် ထားဦးတော့။ သူလို အိမ်ထောင်ကြီးနှင့် လူတစ်ယောက်က တာဝန်မဲ့ မကြံ စည် သင့်ကြောင်း ကျွန်တော်တို့က တားမြစ်သတိပေးသင့်ပေသည်။ သို့ရာတွင် ကျွန်တော်တို့သာလျှင်မက ကိုချစ်လှိုင် ကိုယ်တိုင်မှာလည်း အပြစ်မကင်းပါပေ။ သူသည် လက်ရှိ မယားကြီးနှင့် သားသမီး (၆) ယောက်တို့အား သံယောဇဉ် မပြတ်နိုင်ပါပဲလျက် တဒင်္ဂပဟာန် သာယာကြည်နူးမှုကလေးအတွက် ဤသို့ ကျူးလွန်မှောက်မှားရန်ကား မသင့်ချေ။

ကျွန်တော့် စိတ်ထဲ၌ကား ကိုချစ်လှိုင်၏ ကုန်ရောင်းကုန်ဝယ် အောင်မြင် မှု၊ သားမယားများထံမှ လွတ်လပ်စွာ ခွဲခွာနေရမှု စသည်တို့က သူ့အား ဤသို့ ဖန်တီးလှုံ့ဆော်ပေးခြင်း ဖြစ်မည်ဟု ယူဆမိတော့သည်။

'အဲ... နောက်တော့ ဘာဖြစ်ကြရောလဲ' ဟု ဇနီးဖြစ်သူက စိတ်ဝင်စားစွာ မေးနေပြန်သောကြောင့်–

'နောက်တော့ ကိုယ်လည်း သူတို့နဲ့ အဆက်အသွယ်ပြတ်နေပြီး သတင်းစကားလောက်ပဲ ကြားခဲ့ရတယ်။ ကိုချစ်လှိုင်က ကောင်မလေးကို ရန်ကုန်မှာ မယားငယ်အဖြစ် ထားသတဲ့။ သူကတော့ သူ့အရပ်မှာ သူ့မယားကြီး၊ သူ့ကလေးတွေနဲ့ နေပြီး ရန်ကုန်ကို ကုန်ရောင်းလာတဲ့ အခါတွေမှာ မပန်းနဲ့ အတူ နေသပေါ့လေ။ အခန်းတွေဘာတွေ ငှားပေးထားဆိုပဲ။ အဲသလို အငယ်အနှောင်း ဘဝနဲ့ပဲ အဆင်ပြေတန်သရွေ့ ပြေနေတယ် ဆိုတာပဲ သိခဲ့ရတယ်။ နောက်တော့ ဘာမှလည်း မကြားရတော့ဘူး။ အခု မပန်းနဲ့ တွေ့တော့မှပဲ အကျိုးအကြောင်းစုံ သိရတော့တာပဲ'

'အခု ဘယ်လို ဖြစ်နေကြသလဲဟင်၊ ဟိုကလေးက သူ့ကလေးတဲ့လား'

ကျွန်တော့် ဇနီးသည်က မိန်းမသားချင်း ကိုယ်ချင်းစာနာ သနားသွားမိဟန်ဖြင့် မေးနေပါသည်။

'ဟုတ်တယ်၊ သူ့ကလေးတဲ့။ အခု သူတို့သားအမိ ဒီကမာရွတ်ထဲက သူ့အစ်မ တစ်ယောက် အိမ်မှာနေပြီး စွပ်ကျယ်စက် တစ်ခုမှာ နေ့စားလုပ်နေရသတဲ့။ အခုတော့ ကိုချစ်လှိုင်က သူတို့ သားအမိကို စာလည်း မရေး၊ ငွေလည်း မပို့၊ လုံးဝ အဆက်ဖြတ်ထားသတဲ့ကွာ။ သနားစရာပါပဲ'

'အို... ယောကျ်ားတွေဟာ သိပ်ရက်စက်တာပဲနော်။ မောင်တို့ စပြီး မြှောက်ပေးကြတဲ့ လူတွေကိုကလည်း မကောင်းပါဘူးလေ။ ဟိုမိန်းကလေးခမျာ သက်သက် ဒုက္ခရောက်ရရှာတာပဲ။ ဒီလူကလည်း ကိုယ့်သွေးရင်းသားရင်းလေးကိုတောင် ဒီလောက် ပစ်ပစ်ခါခါ ရက်စက်ရသတဲ့လား မောင်ရယ်'

ကျွန်တော့်ဇနီးမှာ မပန်းတို့ သားအမိအတွက် ယူကျုံးမရ ဖြစ်မိရုံမျှမက ယောကျ်ားတွေ ရက်စက်ပုံကိုလည်း ရွတ်ချ ပြောဆိုနေလေတော့သည်။

အကယ်၍သာ သူသည် မပန်း မီးမဖွားမီကတည်းက ကိုချစ်လှိုင်က အဆက်ဖြတ်သွားသည်ကို လည်းကောင်း၊ မပန်း၏ အခြားအခြားသော ဒုက္ခအခက်အခဲများကို လည်းကောင်း၊ ယခု သားဦးကလေး နှစ်ခါလည်သားအရွယ် ရောက်သည့်အထိ အဖေဖြစ်သူ ကိုချစ်လှိုင်ထံမှ အကူအညီ အဆက်အသွယ် တစ်စုံတစ်ရာ မရရှိခဲ့သဖြင့် မပန်းမျာ မိန်းကလေးတန်မဲ့နှင့် ပင်ပင်

ပန်းပန်း လုပ်ကိုင် စားသောက်နေရပုံများကို လည်းကောင်း သိခဲ့ပါလျှင် ယောကျ်ားတွေအား မည်မျှ စက်ဆုပ် မုန်းတီးသွားမည် မပြောနိုင်ပေ။

ကျွန်တော်လည်း မပန်းတို့ သားအမိအကြောင်းကို ထို့ထက် ပိုပြီး ပြောမပြမိတော့ချေ။

ပဏ္ဍိတ လမ်းကြားထဲ ဝင်ခဲ့ကြစဉ် ကျွန်တော်သည် ကိုယ့်အတွေးနှင့် ကိုယ် ဆိတ်ဆိတ်ပင် လျှောက်ခဲ့မိ၏။ ကျွန်တော့် မျက်စိများထဲ၌ကား မပန်းတို့ သားအမိ နှစ်ယောက်၏ မျက်နှာကလေးတွေကိုသာ မြင်ယောင်နေမိသေးသည်။ အထူးသဖြင့် ကိုချစ်လှိုင်ကြီးနှင့် အစစ တူလှသည့် ကလေးငယ်အား မေ့ဖျောက်မရအောင် သတိရနေမိတော့သည်။

ဤသားအမိ နှစ်ယောက်တို့၏ ရှေ့ရေးကို တွေးတောမိရင်းလည်း စိတ်လေးမိပါသည်။ ဤမျှ သန့်မာ ဖွံ့ဖြိုးပြီး စားချင်သောက်ချင် ရှိလှသည့် သားငယ်ကလေးကို မပန်းသည် ဝဝလင်လင် ကျွေးမွေးပြုစုချင်ရှာမည်ကား မလွဲပေ။ မိမိကိုယ်တိုင်လည်း အဆင့်အတန်း မနိမ့်လှသော အခြေအနေမှ လာသူ ဖြစ်သည့်အတိုင်း မိမိ သားငယ်ကလေးအား အဆင့်အတန်းမိမိ ထားချင် ရှာလိမ့်မည်။

အကယ်၍ ကိုချစ်လှိုင်သာ သူ့ရင်သွေး သားငယ်ကလေးအား ဤကဲ့သို့ ဆင်းရဲရှို့တဲ့လှစွာ မြင်တွေ့ရလျှင် မည်သို့ ရှိလိမ့်မည်နည်း။

ကျွန်တော် မြင်ခဲ့ရသလို စွပ်ကျယ်လက်ပြတ် အညှိစားကလေး ဗိုက်ပေါ်အောင် ဝတ်လျက်၊ ဆန်ပြုတ်ကို အငမ်းမရ စားသောက်နေရှာသည့် ပသာဒ မျိုးကို သူ ရှုဆိတ်ပါမည်လား။

ကျွန်တော်သည် အိမ်သို့ ရောက်၍ အိပ်ရာထဲ ဝင်ခဲ့သည့်တိုင်အောင်ပင် ကိုချစ်လှိုင် နေရာမှ အမျိုးမျိုး ဝင်ရောက်ကြည့်မိရင်းက မပန်းတို့ သားအမိ၏ အဖြစ်သနစ်ကို သူ သိသွားရအောင် စာရေးမည်ဟု ဆုံးဖြတ်လိုက်မိတော့သည်။

(၃)

ရက်သတ္တနှစ်ပတ်မျှ ကုန်လွန်ခဲ့ပြီးသည့် နောက်ပိုင်း နေ့တစ်နေ့တွင် ကျွန်တော်သည် ကိုညွန့်တင်၊ မလှလှတို့ အိမ်သို့ အလည်အပတ် ရောက်ရှိခဲ့၏။ မရောက်သည်မှာ ကာလအတန်ကြာပြီ ဖြစ်သောကြောင့် သူတို့ လင်မယားက အားရဝမ်းသာ ဆီးကြို ပြုစုကြလေသည်။

ထုံးစံအတိုင်းပင် ကျွန်တော်တို့တစ်တွေ ဆုံမိကြသောအခါ မိတ်ဆွေသူငယ်ချင်းများ အကြောင်းကို စကားလက်ဆုံ ကျမိကြ၏။

မည်သူက မည်သည့် အရပ်၊ မည်သည့် ဌာနတွင် ရောက်နေပြီ။ မည်သူမည်ဝါက ဘာစာတွေ ရေးနေသည်။ အဘယ်မျှ တိုးတက်နေသည်၊ ဆုတ်ယုတ်နေသည်။ မည်သူက အိမ်ထောင်ရေး အဆင်မပြေမှုများနှင့် မည်သို့ ကြုံတွေ့နေသည် စသည်ဖြင့် ခင်မင်သော မိတ်ဆွေတစ်စုတို့၏ အခြေအနေ အစုံစုံကို တစ်ယောက်တစ်ပေါက် ဖောက်သည်ချမိကြလေသည်။

သို့ကလို ပြောကြ ဆိုကြရင်းက–

'ကိုချစ်လှိုင်ကြီး တစ်ယောက်လည်း ကုန်ရောင်း ကုန်ဝယ် ဟန်မကျတော့ ကတည်းက ရန်ကုန် တစ်ခေါက်မှ ရောက်မလာတော့ဘူးဗျို့' ဟု ကိုညွန့်တင်က စလိုက်သောအခါ ကျွန်တော့်မှာ ရုတ်တရက် တစ်စုံတစ်ရာကို သတိရလိုက်မိပြီး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိတော့၏။

"ငါ ကိုချစ်လှိုင်ဆီ စာရေးမယ် ရေးမယ်နဲ့ ခုထက်ထိ မရေးရသေးပါကလား" ဟူသော အသိက ကျွန်တော့်အား ပြစ်မှုတစ်ရပ် ကျူးလွန်ထားမိသူပမာ စိတ်မလုံမလဲ ဖြစ်သွားစေပါသည်။

ကျွန်တော်ကား မပန်းတို့ သားအမိအား ကတိအမျိုးမျိုး ပေးခဲ့သည့်ကြားကပင် ယနေ့အထိ ကိုချစ်လှိုင်ထံ စာရေးဖို့ ပျက်ကွက်ခဲ့လေသည်။ တစ်ခါတစ်ရံ သတိရမိ၍ ရေးဦးမည်ဟု စိတ်က ကြံစည်မိပြန်တော့လည်း၊ မိမိ ကိုယ်ရေးကိုယ်တာ ကိစ္စများကသာ သူတစ်ပါး ကိစ္စထက် အရေးပါ အရာရောက်လာတတ်သောကြောင့် ထို အကြံအစည်မှာ အမှတ်တမဲ့နှင့်ပင် လွင့်ပါးသွားခဲ့ရစမြဲ ဖြစ်သည်။

ဤကဲ့သို့သော ပျက်ကွက်မှုများကို စိတ်၏ ထောင့်တစ်နေရာကနားလည် သိရှိနေရုံမျှမက ငါ ဒီလောက် တစ်ကိုယ်ကောင်းစိတ် ထားရပါမည်လား၊ သူတစ်ပါးကိစ္စကို လျစ်လျူရှုနိုင်ရမည်လားဟု အကြိမ်ကြိမ်အခါခါလည်း မိမိကိုယ်မိမိ ပြစ်တင် ရှုတ်ချခဲ့မိ၏။ သို့စေကာမူ မိမိကိုယ် မိမိ ပြစ်တင် ဆုံးမသည့် အခါမျိုးတွင် တစ်ဖက်က အကြောင်းပြ ချေပချက် ဆင်ခြေဆင်လက်တွေ အရန်သင့် ရှိနှင့်နေပြီးသား ဖြစ်လေရာ–

"ဟိုတစ်ခါ မရေးဖြစ်ပေမဲ့ ဒီတစ်ခါ ရေးမှာပေါ့လေ" ဟူသာ မိမိကိုယ် မိမိ နှစ်သိမ့် ဖျောင်းဖျ ခွင့်လွှတ်ပြီးသား ဖြစ်ခဲ့တော့၏။

သို့နှင့်ပင် ဟိုတစ်ခါက မရေးဖြစ်ခဲ့၍ ဒီတစ်ခါ၊ ဒီတစ်ခါကျပြန်တော့လည်း မိမိတို့ သားရေးမယားရေး၊ အိမ်ရေး၊ အလုပ်ရေး အစရှိသည့် များပြောင်လှစွာသော အမှုကိစ္စ အဝဝတို့ ပေါ်ပေါက်လာသည်ချည်းပင် ဖြစ်သဖြင့်၊ နောက်တစ်ခါမှပဲ ရေးပါတော့မလေဟု အချိန်တွေကို ရွှေ့ဆိုင်းလာခဲ့မိစမြဲသာ ဖြစ်သည်။

ယခု ကိုညွန့်တင်က ကိုချစ်လှိုင် အကြောင်းကို စ လိုက်သည့် အခါ၌ကား ကျွန်တော်သည် စိတ်ထဲက ကျိတ်၍ ရှက်သလိုလိုပင် ဖြစ်သွားမိတော့၏။

'အေးဗျာ၊ ကျွန်တော် တလောကတင်ပဲ မပန်းနဲ့ သူ့သားကလေးကို ကမာရွတ်ထဲ တွေ့ခဲ့မိသေးတယ်ဗျာ' ဟု အစချီကာ မပန်းတို့ သားအမိနှင့် ဆန်ပြုတ်ဆိုင်တွင် တွေ့ခဲ့ရသော အဖြစ်အပျက်ကို မပြောဘဲလည်း မနေနိုင်တော့သည်နှင့် စီကာပတ်ကုံး အစအဆုံး ပြောပြနေမိပါတော့သည်။

ကျွန်တော်ကပင် သရုပ်ဖော်ပြောပြပုံ ကောင်း၍လားမသိ။ ကိုညွန့်တင်နှင့် မလှလှတို့ နှစ်ယောက်စလုံးမှာ ကျွန်တော် ပြောပြသမျှတို့ကို နားစိုက်ထောင်ရင်း မျက်နှာများပင် မကောင်းကြတော့ချေ။ ကျွန်တော်ကလည်း ဆန်ပြုတ်ဆိုင်တုန်းက ကိုယ်တိုင် မြင်တွေ့ ခံစားခဲ့ရသည့်အတိုင်း တစ်ခုမကျန် ပြန်လည် ပြောပြမိတော့သည်။

'ကလေးကတော့ ကိုချစ်လှိုင်ကြီးနဲ့ ချွတ်စွပ်ပါပဲဗျာ၊ မျက်လုံးကလေး စွေစွေကြည့်လိုက်တာများ တထေရာတည်းပဲ။ ဝလိုက်တာလည်း မပြောပါနဲ့တော့၊ တစ်တုန်းတစ်ခဲ ချစ်စရာကြီးပဲ။ ကျွန်တော်လည်း မပန်း ပြောသမျှ နားထောင်ပြီး အတော့်ကို စိတ်မကောင်းမိဘူး။ သူတို့ သားအမိ နှစ်ယောက်ကို ကြည့်ပြီး သနားလည်း သနားမိတယ်။ ဒါနဲ့ သူတို့ အဖြစ်သနစ်တွေကို ကိုချစ်လှိုင်ဆီ စာရေးလိုက်မယ်လို့တောင် ပြောခဲ့...'

'ဟုတ်တယ် ဟုတ်တယ်၊ မပန်းက ပြောပြသွားတယ်။ သူက ခင်ဗျားကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ခင်ဗျားက သူတို့ကို သနားဖော်ရပြီး စာရေးပေးဖော် ရသေးသတဲ့။ အဲဒါ ခင်ဗျားက စာရေးလျက်သားနဲ့တောင် ဟိုလူက အကျိုးအကြောင်း မေးဖော် မရဘူးဆိုပြီး ဟိုလူ့ကို စိတ်နာစကား ပြောသွားလိုက်တာဗျာ'

ကိုညွန့်တင်က ကျွန်တော့် စကားကို ဖြတ်၍ ပြောလိုက်ရာ မလှလှ

ကလည်း 'ဘယ်သူ စိတ်မနာပဲ နေပါ့မလဲရှင်။ ဒီလောက် ရက်စက်တဲ့ လူမျိုးကို' ဟု စိတ်ဆိုး မာန်ဆိုးနှင့် ပြောလိုက်လေ၏။

သူတို့ နှစ်ယောက်စလုံးပင် မျက်နှာတွေ သိသိသာသာ ပျက်နေကြရုံသာမက မလှလှမှာမူ မျက်လုံးတို့တွင် ဒေါသ အရိပ်အယောင်များပင် လွှမ်းလျက် ရှိတော့သည်။

ကျွန်တော့်မှာလည်း ကိုချစ်လှိုင်ထံ စာရေးမည်ဟု ပြောခဲ့မိပြီးနောက် ယခုထက်တိုင် မရေးဖြစ်သေးကြောင်း ကိုညွန့်တင်တို့ လင်မယားအား ဖွင့်ဟဝန်ခံမည်ဟု စကားကို နိဂုံးချုပ်တော့မည်အပြုတွင်မှ ကိုညွန့်တင်နှင့် မလှလှတို့၏ ထူးခြားသော အပြုအမူများကြောင့် ရုတ်တရက် ကြောင်အမ်းအမ်းပင် ဖြစ်သွားမိတော့၏။ ထိုအခိုက် ကိုညွန့်တင်က ဆက်၍–

'ခင်ဗျားတော့ ဘာမှ သိပုံမရသေးဘူး။ အေးလေ ဘယ့်နှယ့် သိပါ့မလဲ။ ခင်ဗျား သူတို့နဲ့ တွေ့တာက စောစောပိုင်းကကိုး။ ကျွန်တော်တို့တော့ဗျာ သိနေပြီးသား လူအနေနဲ့ ခင်ဗျား ပြောပြတာတွေ နားထောင်ရင်း အတော့်ကို စိတ်ထိခိုက်သွားတယ်ဗျာ။ ခင်ဗျားကလည်း စာရေးဆရာပီပီ မျက်စိထဲက မြင်လာအောင် ပြောပြတတ်သကိုး။ ဒီမှာ ကိုမင်းရှင်၊ ခင်ဗျား တွေ့ခဲ့တဲ့ မပန်းရဲ့ သားကလေး တစ်နေ့ကတင်ပဲ ဆုံးသွားရှာပြီတဲ့'

ကျွန်တော့်မှာ မျက်လုံးများပင် ပြာမိုက်သွားတော့၏။ တစ်ပြိုင်နက်ထဲ ခံစားလိုက်ရသော စိတ်ဝေဒနာမှာလည်း ဖော်ပြနိုင်စွမ်း မရှိအောင် ကြီးမားဘိတော့သည်။

'အို… ဘယ့်နှယ့် ဖြစ်ရတာလဲဗျာ၊ ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာကြီးပဲ'

'အေးဗျာ၊ ဘယ်လို ဖြစ်သလဲတော့ မသိဘူး။ ရုတ်တရက် ဖျားပြီး ဆုံးသွားတယ်လို့ ပြောတာပဲ။ တစ်နေ့ကမှ မပန်း သူ့အစ်မတွေအိမ် လာရင်း ဒီအိမ်ဝင်လာပြီး ငိုကြီးချက်မ ပြောပြလို့ သိရတယ်။ သနားစရာပါပဲဗျာ'

ကိုညွန့်တင် ပြောသမျှ နားထောင်နေမိရင်းက မယုံကြည်နိုင်အောင်ပင် ရှိပါတော့သည်။ ကျွန်တော့် ရင်ထဲ၌ကား မိမိကိုယ် မိမိလည်း အရှက်ကြီး ရှက်သွားမိသည့်အပြင်၊ မပန်းတို့ သားအမိအတွက်လည်း မချိတင်ကဲဝမ်းနည်းခြင်းမက ဝမ်းနည်းမိတော့သည်။

သည့်နောက်မှာတော့ ကျွန်တော်သည် ကိုချစ်လှိုင်ထံ စာမရေးမိသေးကြောင်းကို ဖွင့်ဟ ဝန်ခံရန် မဝံ့ပါတော့ချေ။ ။

[ ရှုမဝ၊ ဇူလိုင် ၁၉၅၉ ]

## သိမ်ကြီးဈေးအောက်မှ သစ်သီးဆိုင်

(၁)

'ငါးပြား လုပ်ပါနော် အစ်မကြီး၊ ငါးပြားတော့ လျှော့လိုက်ပါ'

'အို... မရဘူး၊ မရဘူး။ ဆယ့်ငါးပြား တစ်ခွန်းတည်းပဲ။ မင်းကို ဘယ်သူက ပြောသလဲ၊ လိမ္မော်သီးတစ်လုံး ငါးပြားနဲ့ ရတယ်လို့။ တရုတ်တန်းက သစ်သီးဆိုင်တွေ သွားမေးကြည့်စမ်း။ တစ်ကျပ်မှ သုံးလုံးလောက် ရမယ်။ အခုလို လိမ္မော်သီး ပေါ်ခါစ၊ ဘယ်လောက် ဈေးကြီးတယ် မှတ်သလဲ'

ဈေးသည်နှင့် ဈေးဝယ်၊ ဆစ်သူက ဆစ်၍ တင်းသူက တင်းကြသည်မှာ မဆန်းကြယ်လှသော အဖြစ်အပျက် တစ်ခုသာ ဖြစ်ပေသည်။ သို့ရာတွင် ဤ မဆန်းကြယ်လှသော အဖြစ်အပျက်ကိုပင် ရေးလိုခဲ့သည်မှာ ကြာပေပြီ။ မဆန်းကြယ်သည်နှင့်အမျှ ရေးမည် ဆိုလျှင်လည်း စာနှစ်မျက်နှာမျှ တစ်ထိုင်တည်း ရေးချလိုက်ရုံဖြင့် ပြီးစီးနိုင်သည့် အကြောင်းအရာကလေးမို့လည်း ပို၍ပင် ရေးချင်စိတ် ပေါက်ခဲ့ပါ၏။

(၂)

ဤနှစ် မိုးဦးကျ အချိန်လောက်က ဖြစ်ပါသည်။

ကျွန်တော်သည် ရုပ်ရှင်မှ အပြန် မိုး ခပ်သည်းသည်း ရွာချလိုက်သောကြောင့် "ထီးကလည်း ပါမလာ၊ ကမာရွတ် အိမ်သို့ အဆင်းတွင် မိုးမိတော့မည်မှာ သေချာသည်" ဟု တွေးမိပြီး မိုးအတိတ်ကို စောင့်ရင်း သိမ်ကြီးဈေး

ဆင်ဝင်အောက်သို့ ဝင်ရောက် ခိုလှုံမိရာက အုတ်စကြံပေါ်ရှိ ဈေးသည်မျိုးစုံတို့အား ကြည့်နေမိပါသည်။

များသောအားဖြင့် ထို ဆင်ဝင်အောက်ရှိ ဈေးသည်များမှာ ဟင်းသီးဟင်းရွက်သည်များသာ ဖြစ်လေသည်။ ကြာဆံကြီး၊ မုန့်ဟင်းခါးနှင့် ထမင်းလက်သုပ် ခေါင်းရွက်သည်၊ အထမ်းသည်များလည်း ရှိကြ၏။ မိုးခိုရင်း၊ ဈေးဝယ်ရင်းနှင့် ကြုံကြိုက်သဖြင့် ထို အသည်များထံ ဝင်ရောက် စားသောက်သူများလည်း မနည်းလှပေ။

မင်းကတော်ဟန် ရှိသော မိန်းမ ဝဝဖိုင့်ဖိုင့်ကြီး တစ်ယောက်သည် ဈေးသည် တစ်ဦး၏ရှေ့ မြေကြီးထဲမှ တူးဆွယူခဲ့သည့်အတိုင်း ဆေးကြောခြင်းမရှိသော ပဲမြစ်ပုံကြီးထဲမှ ပဲမြစ်များကို လက်ညှိုးတည္ထန်ထွန်နှင့် ဈေးသည်အားရွေးထုတ်စေခိုင်းလျက် ရှိ၏။ ပဲမြစ်များမှာ အကောင်းတွေချည်း သတ်သတ်ရွေးထုတ်ထားခြင်း မဟုတ်ဘဲ အကောင်း၊ အဆိုး သောင်းပြောင်း ရောထွေးစုပုံထားခြင်း ဖြစ်လေရာ၊ ပဲမြစ်သည်ခမျာမှာ သူ့ပဲမြစ်ပုံကြီးထဲမှ ပဲမြစ်ကလေးအနည်းငယ်ကို ရောင်းရဖို့အရေး ဈေးဝယ်သူ မိန်းမ ဝဝကြီး၏ အကြိုက်မောရ ပန်းရမှန်း မသိ၊ ရွေးချယ် ထုတ်ပေးနေရတော့၏။

ဤကဲ့သို့ ပဲမြစ်သည်နှင့် ဈေးဝယ်သူ မိန်းမဝဝကြီးတို့အား စိတ်ဝင်စားနေမိစဉ် အစတွင် ဖော်ပြခဲ့သည့်အတိုင်း ထူးခြားသည့် ဈေးဆစ်သံ တစ်ခုကို ကြားလိုက်မိရာက ထို အဖြစ်အပျက်ကလေးအား တွေ့မြင် ကြုံကြိုက်ခွင့်ရလိုက်ခြင်းပင် ဖြစ်ပါသည်။

အခြားတော့ မဟုတ်ပါ။ လူသွား စင်္ကြံ အုတ်သမံတလင်းပေါ်၌ လိမ္မော်သီးကလေး ဆယ်လုံးခန့်ကို သတင်းစာ စက္ကူရွက် တစ်ရွက်ပေါ်တွင် ဖြန့်ခင်း ရောင်းချနေသူ အသက် (၅၀) နီးပါးခန့်ရှိ မိန်းမကြီး တစ်ယောက်နှင့်၊ သူ့ရှေ့တွင် ဆောင့်ကြောင့်ထိုင်ရင်း လိမ္မော်သီးများကို တစ်လုံးချင်းကိုင်ကြည့်နေသည့် အသက် (၄၀) ကျော်ခန့် ယောကျာ်းကြီး တစ်ယောက်တို့အား မြင်လိုက်ရခြင်းပင် ဖြစ်၏။

အမှန်အားဖြင့် ဤကဲ့သို့သော မြင်ကွင်းကလေးမျိုးသည် သာမန်ဈေးတစ်ဈေးအတွင်း၌ နေ့စဉ်နှင့်အမျှ မြင်တွေ့နေကျ သူလိုငါလို ဈေးသည်နှင့် ဈေးဝယ်တို့၏ မဆန်းလှသော မြင်ကွင်းမျိုးသာလျှင် ဖြစ်သည့်အလျောက် မည်သူကမှလည်း ငုံ့ကြည့်သွားစရာအကြောင်း မရှိပါ။ သို့ရာတွင် ဤလိမ္မော်

သီးသည် မိန်းမကြီးနှင့် လိမ္မော်သီး ဈေးဆစ်နေသူ ယောကျ်ားကြီးတို့၏ အပြန်အလှန် ပြောဆိုနေကြသော စကားသံကို ကြားလိုက်မိသော ကျွန်တော့် အဖို့မှ သူတို့နှစ်ဦးအား အာရုံမစိုက်မိဘဲ မနေနိုင်တော့အောင် ဖြစ်သွားခဲ့ရ၏။ လိမ္မော်သီး ဝယ်သူက တစ်လုံး ငါးပြား လျှော့ဖို့အရေး တောင်းတောင်းပန်ပန် ဆစ်နေရှာသည်ကို ရောင်းသူ မိန်းမကြီးက တစ်လုံး ဆယ့်ငါးပြား မလျှော့ နိုင်ကြောင်း ခါးခါးသီးသီး တင်းခံနေခြင်းပင် ဖြစ်တော့သည်။

တစ်လုံး ဆယ့်ငါးပြား ဟူသော လိမ္မော်သီးများကို ကြည့်လိုက်ပါဦး။ များသောအားဖြင့် အသီးတိုင်းလိုလိုပင် လက်သီးထိုးခံထားရသူ၏ မျက်နှာကဲ့သို့ အနီကွက် အညိုကွက် ဒဏ်ရာဒဏ်ချက် အနာအဆာများဖြင့် ပြည့်နှက် လျက် ရှိကာ၊ အချို့အလုံးများမှာမူ လက်ဖြင့် ကိုင်လိုက်လျှင်ပင် မြုပ်ဝင်သွား မတတ် တစ်ပိုင်းစ၊ တစ်ခြမ်းစ ပုပ်ရိစ ပြုနေကြောင်း တွေ့ရှိနိုင်ပေသည်။ သစ်သီးဆိုင်ကြီး တစ်ခုမှ ရောင်းပန်းမလှသောကြောင့် ဈေးခပ်ပေါပေါနှင့် တစ်ဆင့် ပြန်ရောင်းထုတ်လိုက်သည့် လိမ္မော်သီး အနာအဆာများ ဖြစ်ဟန် တူပါသည်။ သို့တည်းမဟုတ် လွှင့်ပစ်ထားသော သစ်သီးပုံ တစ်ခုခုထဲမှ ရွေးချယ် ကောက်ယူလာခြင်းပင်လား မပြောတတ်ပါ။

မည်သို့ပင်ဖြစ်စေ ထို လိမ္မော်သီး အနာအဆာများကိုပင် အသနားခံ ဈေးဆစ်သူက ဆစ်၍၊ ဈေးတင်းသူကလည်း တင်းခံနေသေးတော့သည်။ လိမ္မော်သီး အနာကလေး ဆယ်လုံးခန့်ကို သတင်းစာ စက္ကူပေါ်တွင် ဖြန့်ခင်း ရောင်းချနေသူ မိန်းမကြီးသည် သိမ်ကြီးဈေး ဟိုတစ်ဖက်တွင်ရှိ စက္ကူပုတ် နီနီထွေးထွေး လိမ္မော်သီး လက်သီးဆုပ်ခန့်ကြီးတွေကို သေတ္တာကြီး သေတ္တာ ငယ် အသွယ်သွယ်၊ မှန်ဗီရို အကန့်ကန့်ဖြင့် တည်ခင်း ရောင်းချနေသည့် သစ်သီးဆိုင်ကြီးမှ တရုတ်ကဲ့သို့ပင် သူ့ပစ္စည်း အခြေအနေအလိုက် ဈေးဆို လိုက်သည့် နည်းတူ၊ ဈေးဝယ်သူ လူကြီးကလည်း သစ်သီးဆိုင်ကြီး တစ်ခုသို့ ဆလွန်းကားကြီး တစ်စီးဖြင့် ရောက်ရှိလာပြီးနောက် ဆိုင်ရှင်က တစ်ကျပ် လေးလုံး ဈေး ဆိုသည်ကို တစ်ကျပ် ခြောက်လုံးအရ ဆစ်၍ ဝယ်ယူသွားသူ ပိုက်ဆံရှိ သူဌေး တစ်ဦးကဲ့သို့ပင် သူ့အခြေ၊ သူ့တွက်ကိန်းကလေးနှင့်သူ မရမက ဈေးဆစ်မြဲ ဆစ်နေသေးသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါ၏။

'ကျွန်တော် နေမကောင်းပြီးခါစ လူမမာ နာလန်ထမို့ လိမ္မော်သီး တစ်လုံးလောက် စားချင်လွန်းလို့ပါဗျာ။ နော် အစ်မကြီး၊ ငါးပြားနဲ့ ပေးလိုက် ပါနော်'

လူမမာ နာလန်ထခါစ ဟူသော သူ့စကားအတိုင်းပင် လိမ္မော်သီးသည် အသေါကြီး ရှေ့တွင် ဆောင့်ကြောင့်ကလေး ထိုင်နေသူ ထို လူကြီး၏ ကိုယ်ခန္ဓာ မှာ အပေါ်မှ ဝတ်ထားသည့် ဘလေဇာ ကုတ်အင်္ကျီ အဟောင်းကြီး၏ အတွင်း မှပင် မည်မျှ ကြုံလှီ ပိန်ခြောက်နေကြောင်းကို ဖော်ပြနိုင်စွမ်း ရှိနေပေတော့ သည်။ သူ့မျက်နှာကို ကြည့်လိုက်ခြင်းအားဖြင့်လည်း သူ့ရှေ့ သတင်းစာ စက္ကူပေါ်မှ လိမ္မော်သီးကလေးတွေကို အာသာငမ်းငမ်း သွားရည်တမျှားမျှား နှင့် စားလိုစိတ် ပြင်းထန်နေပုံကို ကွင်းကွင်းကွက်ကွက် မြင်တွေ့နိုင်၏။

ဈေးသည် မိန်းမကြီး၏ မျက်နှာတွင်ပင် ဈေးသည်ပီပီ ဈေးတင်းနေ ရသည့် ကြားက ကရုဏာ အရိပ်အယောင်ကလေးများ မသိမသာ ယှက်သန်း ၍ လာသလိုလို ထင်လိုက်ရပါသည်။

'ကဲ... ကဲ ဆယ်ပြားနဲ့ ပေးလိုက်မယ်။ ဒါတောင် မင်းကို လူမမာ နာလန်ထ ဆိုပြီး သနားလို့ လျှော့တာ၊ ဆယ်ပြားနဲ့ ယူချင် ယူ၊ ငါးပြားနဲ့တော့ ဘယ်နည်းနဲ့မှ မရနိုင်ဘူး' ဟု အချိန်အတော်ကြာအောင် တင်း၍ ခံနေခဲ့သော သူ့ဈေးနှုန်းကို အရေးကုန် လျှော့ချလိုက်ပါတော့သည်။

ဤကဲ့သို့ ရောင်းသူက အတတ်နိုင်ဆုံးနှင့် အလျှော့နိုင်ဆုံး ဈေးနှုန်း ကို ပြောလိုက်ခါမှပင် ဈေးဝယ်သူ လူကြီးသည် လိမ္မော်သီးသည် မိန်းမကြီးနှင့် တကွ လိမ္မော်သီးကလေးတွေကို တစ်ချက်မျှ ငဲ့ကြည့်လိုက်ပြီးနောက် ဘာ တစ်ခွန်းမှ ပြန်မပြောတော့ဘဲ သူ့ဒူးများ သူ ဖြည်းညင်းလှစွာ ဆုပ်ကိုင်ရင်း မနည်းကြီး အားယူ၍ ထ ရပ်လိုက်၏။ ထို့နောက် ချည့်နဲ့ အားပျော့သော ခြေလှမ်းများဖြင့် လေးကန် ဖင့်နွဲ့စွာ ထွက်ခွာသွားပါတော့သည်။

(၃)

ဈေးသည်နှင့်ဈေးဝယ် ဈေးမတည့်ကြသည့် ဘာမျှမဆန်းလှသော အဖြစ်အပျက် ကလေး တစ်ခုသာလျှင် ဖြစ်ပါ၏။

သို့ရာတွင် ဤမဆန်းလှသော အဖြစ်အပျက်ကလေးသည်ပင် ကျွန်တော် ၏ စိတ်များကို ဟာ၍ ကျန်ရစ်စေပါသည်။ ထို ဟာသော စိတ်ထဲ၌ အတွေး အတော ဝေဖန် စဉ်းစားချက် အမျိုးမျိုးတို့သည် တစ်ခုကို တစ်ခု ကျော်လွှား ခုန်ပျံ ဝင်ရောက်လာရာက အမေဘုတ်နှင့် သူ့ချည်ခင်ကဲ့သို့ ရှုပ်ထွေးကုန်ပါ တော့သည်။

ထိုလူကြီး ထွက်ခွာသွားပြီးခါမှပင် ကျွန်တော့် စိတ်ထဲ၌ သစ်သီးဆိုင်တစ်ဆိုင်သို့ ပြေး၍ သူ့အတွက် လိမ္မော်သီးတွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ပေးလိုက်ချင်စိတ်များ ပေါ်ပေါက်လာမိပါ၏။ အမှန်အားဖြင့် သူ ကျွန်တော့်ရှေ့မှောက်တွင် ရှိနေစဉ်ကတည်းကပင် သူ အာသာငမ်းငမ်း စားချင်ပါလျက်နှင့် ခက်ခက်ခဲခဲ မရမက ဈေးဆစ်နေသော လိမ္မော်သီး တစ်လုံး၏ တန်ဖိုးငွေဆယ်ပြားကို ကျွန်တော့်အနေနှင့် ထုတ်ပေးလိုစိတ် တဖွားဖွား ဖြစ်ပေါ်မိခဲ့၏။ သို့ရာတွင် ဤကဲ့သို့ စေတနာ၊ ကရုဏာဖြင့် ထုတ်ပေးလိုက်ခြင်း မှန်သော်လည်း သူ့အပေါ် စော်ကားရာ ရောက်သဖြင့် စိတ်ဆိုးခြင်း ခံရလေမည်လား၊ စသော မဝေခွဲနိုင်သည့် ဒွိဟစိတ်တို့ဖြင့် နောက်ဆုံး ထိုလူကြီး ထွက်ခွာသွားသည့် အချိန်အထိ ဘာတစ်ခုမှ စိတ်မပိုင်းဖြတ်နိုင်ဘဲ ကျန်ရစ်ခဲ့ရခြင်းပင် ဖြစ်ပါတော့သည်။

ယခုမူ သူလည်း မရှိတော့ပြီ။ ကျွန်တော်သာလျှင် သူ့အတွက် တစ်ယောက်တည်း မော၍ ကျန်ခဲ့၏။ အပြင်၌ကား မိုးလည်း စဲစ ပြုလေပြီ။

ကျွန်တော်လည်း သိမ်ကြီးဈေး အောက်မှ သစ်သီးဆိုင်ကလေးကို ထားခဲ့ပြီးနောက် အသင့် ဘီးလိမ့်၍ ထွက်စ ပြုနေပြီဖြစ်သော ကမာရွတ်ဘတ်စ်ကားတစ်စီးပေါ်သို့ ကပျာကသီ ခုန်တက်လိုက်မိရာက လမ်းခရီးတစ်လျှောက်လုံး နီနီထွေးထွေး လိမ္မော်သီးကြီးတွေကို မြင်ယောင်လာမိသည်မှာ ကမာရွတ် ရောက်လို့ ရောက်မှန်းပင် မသိခဲ့ပါ။ ။

[ ရှုမဝ၊ အောက်တိုဘာ ၁၉၅၅ ]

# ထိုအကြည့်

"မသာ တစ်ခေါက်၊ ကျောင်း ဆယ်ခေါက်" ဟူသော စကားသည် မှန်လှ၏။

မသာတစ်ခု လိုက်ပို့မိသည့် အခါများမှပင် ကာလ အတန်ကြာက မေ့လျော့နေခဲ့သော သေခြင်းတရားကို ပြန်လည် ဆင်ခြင် သတိရမိစမြဲ ဖြစ်သည်။ လူ့လောက အသိုင်းအဝိုင်း တစ်ခုလုံးကို စွန့်ခွာသွားရှာသူ၏ အသုဘ ရုပ်ခလောင်းကိုသော် လည်းကောင်း၊ ပရိဒေဝမီး တောက်လောင်လျက် ရှိကြသော ဆွေမျိုးသားချင်း ကျန်ရစ်သူ အပေါင်းကိုသော် လည်းကောင်း မြင်ရတော့မှပင် လူသတ္တဝါ မှန်သမျှတို့၏ မတည်မြဲသော သင်္ခါရတရား ဟူသရွေ့ကို ခေတ္တ နှလုံးပိုက်မိကာ—

"ငါလည်း တစ်နေ့တော့ ဒီလမ်းစဉ်ကိုပဲ လိုက်ရမှာပါကလား" ဟု မိမိ အရေး မိမိ တွေးမိစမြဲသာ ဖြစ်တော့၏။

ကျွန်တော်သည် လွန်ခဲ့သော (၁၀) နှစ်အတွင်းမှာပင် မသာပေါင်း မြောက်မြားစွာကို လိုက်ပို့ခဲ့ဖူးပါသည်။

ဆွေမျိုးသားချင်းထဲက ဆိုလျှင် ၁၉၅၄ ခုနှစ်က ဒေါ်ဒေါ်လေးအား လိုက်ပို့ခဲ့ရသည်။ ၁၉၅၆ ခုနှစ်ထဲတွင် မေမေကြီးအား လိုက်ပို့ခဲ့ရပြီး၊ မေမေကြီး ကွယ်လွန်၍ နောက် သုံးလခန့် အကြာတွင် ဦးလေး ဦးကောင်းအား လိုက်ပို့ခဲ့ရပြန်သည်။ ထိုနှစ်နှစ်မျှသော အချိန်ကာလအတွင်း မေမေကြီးတို့ မိသားတစ်စု ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်အနိစ္စ ရောက်သွားကြရပုံမှာ တရားသံဝေဂ ရဖွယ်ပင် ဖြစ်တော့၏။ ဦးလေး ဦးကောင်းကား သူ့အစ်မ

ဖြစ်သူ ဒေါ်ဒေါ်လေးနှင့် မိခင်ဖြစ်သူ မေမေကြီးတို့၏ မသာ နှစ်ခုစလုံးကို စီစဉ်ပေးခဲ့သူ ဖြစ်ပြီး၊ သူကိုယ်တိုင်မှာ အိန္ဒိယပြည်သို့ (၇) တန်း စာမေးပွဲ မေးခွန်းများ သွားရောက် ရိုက်နှိပ်ရင်း ကားတိုက်၍ ဆုံးခဲ့ရရှာသည်။

ထို့အပြင် ကျွန်တော်သည် မိတ်ဆွေရင်းချာများထဲမှ ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်များထဲမှ ဖြစ်စေ၊ နာမည်ကျော် ပုဂ္ဂိုလ်ကြီးများထဲမှ ဖြစ်စေ ကွယ်လွန်သည့် အခါများ၌လည်း တတ်နိုင်သည့် အခါတိုင်းပင် အသုဘ လိုက်ပို့ခဲ့ဖူးသည်။ ဤသို့ လိုက်ပို့ခဲ့သည့် အခါတိုင်းမှာပင် အနိစ္စဝတ သင်္ခါရတည်းဟူသော တရားကလေးကိုဖြင့် ပိုက်ထွေးမိသည်ချည်း ဖြစ်ပါ၏။

ယခု ကျွန်တော်တို့ မိဘများနှင့် ခင်မင်လှသော ဒေါ်ဒေါ်မြ၏ အသုဘသို့ လိုက်ပို့ရပြန်သော အခါတွင်လည်း တရားသံဝေဂယူစရာ အကြောင်းတစ်ခုကို အောက်မေ့လာမိပါတော့သည်။ လွန်ခဲ့သော (၅) နှစ်ခန့်ကပင် ဒေါ်ဒေါ်မြ၏ ခင်ပွန်း အရေးပိုင်ဦးလေးထွန်း၏ အသုဘကို ဒေါ်ဒေါ်မြတို့နှင့် အတူတကွ လိုက်ပို့ခဲ့ရဖူးသည့် အဖြစ်ကို ပြန်လည် သတိရမိလာခြင်း ဖြစ်၏။ ယခုတစ်ဖန် ဦးလေးထွန်း၏ဇနီး ဒေါ်ဒေါ်မြကို လိုက်ပို့ရပြန်ချေပြီ။

ဦးလေးထွန်း ကွယ်လွန်ခဲ့ပြီးနောက် ယခုအထိ အချိန်ကာလအတွင်း ကျွန်တော်သည် ဒေါ်ဒေါ်မြနှင့် တစ်ကြိမ်၊ နှစ်ကြိမ်မျှသာ သွားရင်း လာရင်း တွေ့ခဲ့မိပါသည်။ ဒေါ်ဒေါ်မြကား ခင်ပွန်းသည် ကွယ်လွန်ခဲ့သော်လည်း ကသီလင်တ ဘာမျှ မဖြစ်ခဲ့ဘဲ အထည်ဆိုင်တစ်ဆိုင် ဖွင့်လျက်ရှိကြောင်း သိရ၏။

ယခု သူ့အသုဘကို လိုက်ပို့နေရပြန်သော အချိန်၌ကား သင်္ခါရတရားကို ဆင်ခြင်မိရင်းက ဒေါ်ဒေါ်မြ၏ ဝဝဖိုင့်ဖိုင့် ခင်မင်စရာကောင်းသော ရုပ်သဏ္ဌာန်ကို မြင်ယောင်နေမိပါသေးသည်။

ကျွန်တော်တို့တစ်တွေ ငယ်စဉ်က ဦးလေးထွန်း၊ ဒေါ်ဒေါ်မြတို့ အိမ်သို့ အလည်အပတ် ရောက်သည့် အခါတိုင်း၌ပင် သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့သည့် သူတို့ လင်မယား နှစ်ယောက်က ကျွန်တော်တို့တစ်တွေအား သားရင်း သမီးရင်းပမာ ပြုစုခဲ့ပုံများကိုလည်း သတိရ အောက်မေ့လာမိတော့၏။ ဦးလေးထွန်းကြီး အရက်သောက် မြင်းလောင်းခြင်း၊ အပြင်၌ ရှုပ်ရှုပ်ယှက်ယှက် ပွေတတ်ခြင်းများကြောင့် ဇနီးသည် ဒေါ်ဒေါ်မြက ကျွန်တော့် မိဘများကို တိုင်တတ်ပုံများကိုလည်း ကြားယောင်လာမိတော့၏။

ဒေါ်ဒေါ်မြ၏ ရုပ်ကလာပ်ကို မြေမြှုပ် သင်္ဂြိုဟ်မည့် နေရာအထိ မသာ ပို့ဆောင်သူများအကြား လူသွား လမ်းကျဉ်းကလေးအတိုင်း လျှောက်ခဲ့မိစဉ်တွင် ဤသို့ ရှေးဟောင်းနှောင်းဖြစ်များကို တွေးတောလာမိပါသည်။ ဒေါ်ဒေါ်မြ ခေါင်းချမည့် မြေနေရာကား (၅) နှစ်ကျော် တစ်ခါက ဦးလေးထွန်းအား မြှုပ်နှံခဲ့ဖူးသည့် အုတ်ဂူကလေး နံဘေးမှာပင် ဖြစ်၏။

ကျွန်တော်သည် ဦးလေးထွန်း၏ အုတ်ဂူအနီး လျှောက်သွားမိသော အခါတွင်မူ (၅) နှစ်မျှ ကာလအတွင်း လုံးဝ မေ့လျော့ထားမိသူ တစ်ဦးအား ဂူနံဘေးနားတွင် ရုတ်တရက် မြင်လိုက်ရသောကြောင့် ရင်ထဲကပင် ဒိတ်ခနဲ ဖိုသွားမိတော့၏။ ထိုသူကလည်း ကျွန်တော့်ကို လှမ်းမြင်လိုက်၏။ သို့ရာတွင် သူကတော့ ကျွန်တော့်ကို မှတ်မိပုံ အလျှင်းမရချေ။

ထိုသူမှာ အသက် (၄၀) ရွယ်ခန့်ရှိ အသားညိုညို၊ ပိန်ပိန်ပါးပါး မိန်းမတစ်ယောက် ဖြစ်လေသည်။ အထက်တန်းလွှာထဲက မဟုတ်ငြားသော်လည်း မွန်မွန်ရည်ရည် သပ်သပ်ရပ်ရပ် ဝတ်စားထားသဖြင့် ကြည့်ပျော်ရှုပျော် ရှိပေသည်။ သူ့မျက်နှာသည် ညှိုးရော်နွမ်းလျရှိပြီး သူ့မျက်လုံးများမှာလည်း မြေချခါနီးဖြစ်သော ဒေါ်ဒေါ်မြ၏ ခေါင်းဆီသို့ တစ်မျှော်တစ်ခေါ် စူးစိုက်ရောက်ရှိနေ၏။ ထိုမျက်လုံးများ၏ ကြည့်ပုံမှာ ထူးခြား နက်နဲလှသည်ဟု ထင်မိပါသည်။

ကျွန်တော်ကား ထို မျက်လုံးများကို မသိမသာ ကြည့်လိုက်ရင်းက လွန်ခဲ့သော (၅) နှစ်ကျော် တစ်ရံရောအခါက အဖြစ်အပျက် တစ်ရပ်ကို မြင်ယောင် သတိရလာမိပါတော့သည်။

(၂)

ဦးလေးထွန်း၏ ရောဂါ အခြေအနေ ဆိုးဝါးလာသောကြောင့် အရေးကြုံက လက်တိုလက်တောင်း အဖော်ရအောင်ဆိုပြီး ကျွန်တော့်အား ဒေါ်ဒေါ်မြက သူ့အိမ်တွင် ခေါ်ထားခဲ့ပါသည်။ ထိုစဉ်က ဒေါ်ဒေါ်မြမှာ ခင်ပွန်းသည်အတွက် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိလောက်အောင်ပင် စိုးရိမ်ပူပန်လျက် ရှိခဲ့၏။

ဆရာဝန်ဆီ သွားရသည်ဖြစ်စေ၊ ဆေးဝယ်သွားရသည်ဖြစ်စေ ဘယ်ကိုပဲ သွားရ သွားရ ဒရိုင်ဘာ တစ်ဦးတည်းနှင့် စိတ်မချဘဲ ကျွန်တော့်ကိုပါ

အမြဲတစေ လိုက်ပါစေခဲ့၏။ သူကတော့ ဦးလေးထွန်း အနားက တစ်ဖဝါး မခွာဘဲ မအိပ်မနေ ပြုစုရှာပေသည်။ ရက်သတ္တတစ်ပတ်မျှအတွင်း သူ့ခမျာ အအိပ်ပျက် အစားပျက်မို့ သိသိသာသာကြီး ချောင်ကျသွားရှာသည်။ မျက်ကွင်းကြီးတွေ ဟောက်ပက်နှင့် ပါးချောင် နှာချောင်များ ကျကာ သူကိုယ်တိုင်ပင် လူမမာရုပ် ပေါက်နေတော့၏။

သို့သော် မည်မျှပင် ပြုစု ကုစားစေကာမူ ဦးလေးထွန်း၏ ရောဂါ အခြေအနေမှာ သက်သာ၍မလာ။ နောက်ဆုံး၌ကား ဆရာဝန်ကပင် လက်လျှော့ရသည့် အခြေသို့ ဆိုက်ခဲ့ရတော့၏။

ဦးလေးထွန်း ဘဝတစ်ပါးသို့ ကူးပြောင်းမည့်နေ့က ဖြစ်ပါသည်။

ဆရာဝန်ကိုယ်တိုင်က အချိန်မရွေး သေတော့မည်ဖြစ်ကြောင်း ဖွင့်ပြောလိုက်ပြီဖြစ်၍လည်း ဒေါ်ဒေါ်မြမှာ ခင်ပွန်းသည်၏ နံဘေးနားက နောက်ဆုံးပြုစုခြင်းအဖြစ် အစွမ်းကုန် ပြုစု ယုယလျက် ရှိလေ၏။ သူ့ခမျာ မျက်ရည်များကို လူမမာ မမြင်ရအောင် တိတ်တိတ် ခိုးသုတ်ရာက ဝမ်းထဲ၌ ပရိဒေဝမီး တောက်လောင်လျက် ရှိလေပြီ။ ကျွန်တော့်ကိုလည်း သူတို့ အနားတွင်ပင် နေစေသဖြင့် သေခါနီး လူတစ်ယောက်၏ ဝေဒနာ ခံစားပုံနှင့် သူ့အား ချစ်လှစွာသော ဇနီးသည်၏ သံယောဇဉ်မီး လောင်ကျွမ်းမှုတို့ကို မျက်မြင် ကိုယ်တွေ့ ကြုံခဲ့ရပါသည်။

ဦးလေးထွန်းမှာလည်း သေတော့မည်သာ ဆိုသော်လည်း သတိရတစ်ချက်၊ မရတစ်ချက်နှင့် တစ်ခါ တစ်ခါတွင် စကားပြောရန်ကိုပင် ကြိုးစားနေဟန် တူသည်။

ထိုအခိုက်မှာပင် ဒရိုင်ဘာ ကိုအေး အခန်းထဲ ဝင်ရောက်လာပြီး ဒေါ်ဒေါ်မြအား ခေါ်စေ၍ အခန်းတံခါးဝနားတွင် တိုးတိုး တိုးတိုးနှင့် ပြောလိုက်ခြင်း ဖြစ်လေ၏။ ကိုအေးက ဘာပြောလိုက်သည်ကိုတော့ မကြားလိုက်မိ။ ဒေါ်ဒေါ်မြမှာ မျက်နှာကြီး နီမြန်းသွားရာက—

'ဘာ... ဘာ ငါတွေ့ချင်လို့ ဟုတ်လား၊ သွား... သွား ငါ့အိမ်ထဲ နောက်ထပ် ဝင်မလာပါနဲ့လို့ ပြောပစ်လိုက်စမ်း။ သွား... သွား' ဟု ဒေါသသံကြီးနှင့် ပြောလိုက်သည်။

ကိုအေး ထွက်သွားပြီး မကြာမီပင် နောက်တစ်ခေါက် ပြန်ရောက်လာပြန်၏။

'မမ... မမနဲ့ ခဏလေးဖြစ်ဖြစ် တွေ့ပါရစေတဲ့ ခင်ဗျာ၊ အတင်း တောင်းပန်နေပါတယ်'

ကိုအေး၏ စကားများကို ဒေါ်ဒေါ်မြက ကြားချင်ဟန်ပင် မတူပါ။ ချက်ချင်းပင်–

'သွားစမ်းပါ မောင်အေးရယ်၊ ငါ မတွေ့နိုင်ဘူး၊ တွေ့လည်း မတွေ့ချင်ဘူးလို့ ပြောလွှတ်လိုက်စမ်းပါ။ သွားပါဟယ်၊ မလာပါနဲ့တော့လို့ နှင်ထုတ်လိုက်စမ်းပါ' ဟု ခါးခါးသီးသီး ငြင်းလွှတ်လိုက်ပြန်ရာက–

'ကဲကွယ်၊ မင်းပါ လိုက်သွားပြီး ပြောလိုက်စမ်းပါ။ ဒီအချိန် ဒီအခါမျိုး အနှောင့်အယှက် လာမပေးပါနဲ့လို့ တောင်းပန်လိုက်စမ်းပါကွယ်။ အရေးထဲ ခုကွ... ခုကွ' ဟု ပြောရင်း ကျွန်တော့်အား တာဝန်ပေးလိုက်ပြန်လေ၏။

ကျွန်တော်လည်း အကျိုးအကြောင်း ဘာတစ်ခုမှ မသိဘဲနှင့်ပင် ကိုအေး နောက်မှ လိုက်သွားမိပါသည်။ အိမ်အောက်ထပ်တွင်ကား အသက် (၃၀) ကျော်ခန့်ရှိ အသားညိုညို၊ ပိန်ပိန်ပါးပါး၊ အထက်တန်းလွှာထဲက ဟုတ်ဟန်မတူသော မိန်းမတစ်ယောက်အား တွေ့လိုက်ရ၏။ သူ့မျက်နှာမှာ စိုးရိမ်ပူပန်လျက်ရှိပုံ ရသည်။ ကျွန်တော့်ကို မြင်လျှင်မြင်ချင်းပင်–

'သူ ဘယ့်နှယ့်နေသေးသလဲ ငါ့မောင်ရယ်၊ အခြေ သိပ်ဆိုးသလားဟင်' ဟု ပျာပျာသလဲ မေးလိုက်၏။ ဦးလေးထွန်းကို ရင်းရင်းနှီးနှီး မေးလိုက်ခြင်း ဖြစ်ကြောင်း ရိပ်မိပါသည်။

'မျှော်လင့်ချက် လုံးလုံး မရှိတော့ဘူးတဲ့ အစ်မကြီး'

ကျွန်တော်ကလည်း ဒေါ်ဒေါ်မြ ပြောခိုင်းလိုက်သော စကားများကို မပြောနိုင်သေးဘဲ၊ ထိုမိန်းမကြီး၏ မေးခွန်းကို ဖြေလိုက်မိတော့၏။

'အို... ဒါဖြင့် သူ့ကို ငါ တက်ကြည့်ပါရစေလား ငါ့မောင်ရယ်။ ရှိကြီးခိုးပါရဲ့ကွယ်၊ ငါ တက်ကြည့်ပါရစေ'

သူကလည်း ကျွန်တော့်အား ထိုင်၍ ရှိခိုးတော့မတတ် တောင်းပန်နေတော့၏။

'ဒေါ်ဒေါ်မြက ဒီအချိန်မျိုးမှာ ဘယ်သြေသည်နဲ့မှ မတွေ့ပါရစေနဲ့တဲ့ ခင်ဗျာ' ဟု ကျွန်တော်က ကြည့်ကောင်းအောင် ပြောပြပါသေးသည်။

'မဟုတ်ပါဘူး ငါ့မောင်ရယ်၊ ငါ ပြောရမှာလည်း မရှက်နိုင်တော့ပါဘူး။ ငါက သူ့မယားငယ်ပါကွယ်။ သူ အိပ်ရာထဲ လဲကတည်းက ငါနဲ့

တွေ့ချင်ပါတယ်ဆိုပြီး ခေါ်ထားတာပါ။ မယုံရင် သူ့ကို မေးကြည့်ကြပါ။ သူ့ကိုပဲ အခေါ်လွှတ်တာပါပဲ' ဟု ဒရိုင်ဘာ ကိုအေးကို လက်ညှိုးထိုးပြရင်း ပြောလိုက်ရာက သူကပင် ဆက်၍–

'ဒါပေမဲ့ သူ့မယားကြီးက သိပ်ရက်စက်တာပါပဲ ငါ့မောင်ရယ်၊ လင်လုပ်တဲ့လူက တွေ့ချင်လွန်းလို့ပါ ဆိုတာတောင် သူက တစ်ခါမှ တွေ့ခွင့် မပေးပါဘူးကွယ်။ အမြဲတမ်း နှင်နှင်လွှတ်တယ်။ မင်းလည်း ကိုယ်ချင်းစာကြည့်စမ်းပါကွယ်။ သူ ခေါ်တာ မလာရကောင်းလားလို့ ငါ့ကို သေတဲ့အထိ အထင်လွဲသွားရင် အကျိုးမနည်းဘူးလား ငါ့မောင်ရယ်။ အခု သူ သေတော့မယ်၊ ငါ့ကို သူ စိတ်နာသွားတော့မယ်။ အမယ်လေး ငါ့ကို သနားကြပါကွယ်'

ထို မိန်းမကြီး အသံမှာ ကြေကွဲဖွယ်ကောင်းအောင် ငိုသံများပင် ပါလာတော့၏။ နားထောင်ရသူ ကျွန်တော်ကိုယ်တိုင်ပင် ရင်ထဲက နာလာမိ၏။ ကျွန်တော်လည်း ထိုတဒင်္ဂအတွင်းမှာပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိပါသည်။ ဦးလေးထွန်းကား နာရီပိုင်းအတွင်း သေရရှာတော့မည်။ သူ မသေမီ သူ့အလိုကျကလေးတော့ ဖြစ်သွားစေချင်ပါသေး၏။

'ကဲ... အစ်မကြီး၊ လိုက်ခဲ့' ဟု ကျွန်တော်လည်း ညှိုးသည့် မိန်းမကြီးကို ခေါ်ခဲ့ပါသည်။ ဒရိုင်ဘာ ကိုအေးမှာ ဒေါ်ဒေါ်မြ ဆူပွက် ဒေါသထွက်မည့် အရေးကို တွေးတော မိုးရိမ်နေပုံ ရလေ၏။

အခန်းထဲသို့ ကျွန်တော်က ဦးစွာ ဝင်ခဲ့သည်။

'ဘယ့်နှယ်လဲဟေ့၊ နှင်ထုတ်လိုက်ပြီလား' ဟု ဒေါ်ဒေါ်မြက ဆီးမေးလိုက်၏။

သူ့စကား မဆုံးသေးမီပင် ကျွန်တော့်နောက်မှ မိန်းမကြီး ကပ်၍ ပါလာသည်ကို မြင်လိုက်ရသဖြင့်–

'ဟဲ့... လင်နိုးမ၊ ထွက်သွား... ထွက်သွား၊ တယ်... ငါ့အိမ်ပေါ် တက်လာရအောင် ရာရာစစ' ဟု ဒေါ်ဒေါ်မြသည် ဣန္ဒြေပင် မဆောင်နိုင်တော့ဘဲ အော်ကြီးဟစ်ကျယ် ဆူပွက်လိုက်တော့၏။ ထို့နောက် မိန်းမကြီးကိုလည်း အခန်းပြင်ဘက်သို့ အတင်း ဆွဲထုတ်သွားလေသည်။ ဆရာဝန်မှာလည်း မသိချင်ယောင် ဆောင်နေလိုက်ရဟန်ဖြင့် လူမမာကိုသာ အကဲခတ်လျက် ရှိလေသည်။

ဦးလေးထွန်းကား မျက်လုံးကြီး အပြူးသား၊ ပါးစပ်ကြီး အဟောင်းသားနှင့် အသက်ကို တအားရှူရှိုက်ရင်း ခြင်ထောင် အမိုးကိုသာ မော့မော့ကြီး

စိုက်ကြည့်လျက် ရှိ၏။ ဒေါ်ဒေါ်မြနှင့် ထို မိန်းမကြီးတို့၏ အသံများကို ကြားသလား၊ မကြားသလားတော့ မပြောတတ်ပေ။ အခန်းပြင်ဘက်၌ကား သူတို့နှစ်ယောက်၏ အသံများကို ကြားနေရ၏။ သူတို့ ဘာတွေ ဆက်၍ ပြောနေကြမှန်းလည်း မသိ။ ဒေါ်ဒေါ်မြ၏ အသံက ခပ်ကျယ်ကျယ်၊ အခြား မိန်းမကြီး အသံကတော့ တိုးတိုးမျှသာ ဖြစ်သည်။

အတန်ကြာသောအခါ ဦးလေးထွန်း ပါးစပ်မှ တတွတ်တွတ် ပြောဆိုသံနှင့်အတူ သူ့လက်ကို ကြိုးကြိုးစားစား မြှောက်၍ တံခါးဆီသို့ ညွှန်ပြလိုက်သည်ကို မြင်လိုက်ရ၏။ သူ့နံဘေးနားက ဆရာဝန်ကလည်း သူ့မျက်နှာပေါ် ကုန်း၍ နားထောင်လိုက်ပြီးနောက် ချက်ချင်းပင် အခန်းထဲမှ ထွက်လိုက်သွားကာ–

'ဦးထွန်းက နှစ်ယောက်စလုံးကို တွေ့ပါရစေတဲ့ ခင်ဗျာ၊ လူမမာ စိတ်ချမ်းသာစေချင်ရင် သူ့စကားကို နားထောင်ဖို့ ကောင်းပါတယ်။ သေခါနီး လူမမာကို စိတ်အချမ်းသာဆုံးဖြစ်အောင် ပြုစုကြဖို့ တောင်းပန်ပါတယ်။ သူ အသေဖြောင့်ရအောင် သူ့စကားကို နားထောင်လိုက်ကြပါ ခင်ဗျာ' ရှင်းပြ တောင်းပန်နေတော့၏။

ဒေါ်ဒေါ်မြလည်း အနည်းငယ် နောင်တ ရသွားဟန် တူပါသည်။ သူတို့ နှစ်ယောက်စလုံးပင် ဆရာဝန်၏ နောက်မှ ဖြည်းညင်းစွာ လျှောက်လိုက်လာကြ၏။ သူတို့ အခန်းထဲသို့ ရောက်ချိန်တွင် ဦးလေးထွန်းမှာ သတိလွတ်သွားပြန်ပြီး အသက်ရှူ ပြင်းသည်ထက် ပြင်းထန်လာပြန်သည်။

ဒေါ်ဒေါ်မြရော၊ မိန်းမကြီးတို့ပါ မျက်နှာသေကလေးတွေဖြင့် ခေါင်းကြီးတွေ အောက်စိုက်ပြီး ငေးငိုင်လျက် ရှိကြလေ၏။ နှစ်ယောက်စလုံးမှာ ဦးလေးထွန်း၏ ခုတင် ဘေးတစ်ဖက်တစ်ချက်တွင် ရောက်နေကြလေပြီ။ နှစ်ယောက်စလုံးပင် သေအံ့ဆဲဆဲ ဦးလေးထွန်းအား အလုအယက် ပိုင်ဆိုင်လိုစိတ်များ အပြိုင်အဆိုင် ရှိကြပြီး၊ တစ်ဦးကို တစ်ဦးလည်း သတ်ပစ်ချင်လောက်အောင် ရင်ထဲမှ ကျိတ်၍ မုန်းတီးစက်ဆုပ်နေကြပုံ ရလေသည်။ နှစ်ဦးစလုံးပင် တဏှာ သံယောဇဉ် မီးဖြင့် လည်းကောင်း၊ ဒေါသ၊ မောဟ၊ လောဘ မီးတို့ဖြင့် လည်းကောင်း လောင်မြိုက်ခံစားလျက် ရှိကြသည်။

ထိုအခိုက်တွင် ဦးလေးထွန်း သတိပြန်လည်လာရာက သူ့ဘေး တစ်ဖက် တစ်ချက်မှ မိန်းမကြီး နှစ်ယောက်စလုံးတို့အား ပြုံးယောင်ယောင်

မျက်နှာထားဖြင့် တစ်လှည့်စီ ကြည့်လိုက်လေ၏။ သူ ကြည့်ပုံ ကြည့်နည်းမှာ ထူးခြားလှပေ၏။ သူ ပြုံးပုံ ပြုံးနည်းမှာလည်း လူတစ်ဖက်သား ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားစေလောက်၏။

ဒေါ်ဒေါ်မြရော မိန်းမကြီးကပါ ဦးလေးထွန်းအား တစ်ပြိုက်နက်တည်း ပြန်ကြည့်လိုက်ကြသည်။ မယားကြီး ဖြစ်သူ ဒေါ်ဒေါ်မြ၏ မျက်နှာမှာ မာကျော ခက်ထန်လှပြီး မလှုပ်မယှက် ငြိမ်သက်စွာ စူးစူးစိုက်စိုက် ကြည့်နေခြင်း ဖြစ်၏။ အခြား တစ်ယောက်မှာလည်း ခေါင်းကို မသိမသာ ငုံ့ထားရင်းက စိန်းစိန်းဝါးဝါး ကြည့်နေခြင်း ဖြစ်သည်။

ဦးလေးထွန်းက တတွတ်တွတ်နှင့် ဘာတွေပြောလိုက်သည် မသိ။ နောက်များ မကြာမီပင် သူသည် မေးတစ်ချက် ရိုက်ကာ ခေါင်းလည်ကျသွားပြီး လုံးဝ ငြိမ်သက်သွားတော့၏။

ဆရာဝန်က ဦးလေးထွန်း သေပြီဖြစ်ကြောင်း အတည်ပြုလိုက်သည်။

ဒေါ်ဒေါ်မြရော မိန်းမကြီးတို့ပါ တစ်ယောက်မှ မငိုလိုက်ကြပါ။ နှစ်ယောက်သား အတော်ကြာအောင် တစ်ယောက်ကို တစ်ယောက် ခက်ထန်လှစွာ စိုက်ကြည့်လျက်သာ ရှိခဲ့ကြ၏။ ထိုစဉ်က သူတို့နှစ်ယောက် တစ်ဦးကို တစ်ဦး စိန်းစိန်းဝါးဝါး လှမ်းကြည့်လိုက်ကြပုံမှာ သူတို့ မျက်စိအောက်၌ ဦးလေးထွန်း အသက်ပျောက်သွားသည်ကိုပင် အောင်နိုင်ခြင်း တစ်ရပ်အဖြစ် သဘောထားသော အကြည့်မျိုး ဖြစ်ချေမည်လား မပြောတတ်ပေ။

အတန်ငယ် ကြာလတ်သော် မိန်းမကြီးသည် ဦးလေးထွန်းအား တစ်ချက်မျှ ငုံ့ကြည့်လိုက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားလေ၏။ ဒေါ်ဒေါ်မြကတော့ ဦးလေးထွန်း၏ ခုတင်နံဘေးမှာပင် မလှုပ်မယှက် ကျန်ရစ်ခဲ့သည်။

ကျွန်တော့်မှာကား သူတို့နှစ်ယောက် တစ်ဦးကို တစ်ဦး ခက်ခက်ထန်ထန် စိုက်ကြည့်လိုက်ကြသော ထို အကြည့်ကိုပင် မျက်လုံးထဲက ဖျောက်မရနိုင်အောင်သာ ရှိခဲ့ပါတော့သည်။

(၃)

လူ့ဘဝသည်ကား ဆန်းကြယ်လှဘိသည်။

ယခုပင် မြေကြီးပေါ် ခြေချထားလျက် ရှိသော်လည်း နောက်တစ်မုဟုတ်ချင်းမှာပင် မိမိ ခြေထောက်အောက်တွင် ဘာတစ်ခုမျှ မရှိတော့ဘဲ၊ အသူရာ

နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲသို့ လိမ့်ကျသွားဘိသကဲ့သို့လည်း ဘဝသည် ရုပ်ဆိုင်းသွားတတ်သည်။

ဖယောင်းတိုင်မီးကို လေဖြင့် မှုတ်ငြိမ်းလိုက်ဘိသကဲ့သို့လည်း "ဟုတ်" ခနဲ ရုပ်စဲသွားတတ်၏။

(၅) နှစ်ကျော် တစ်ခါက ဦးလေးထွန်း၏ ခုတင်နံဘေးတွင် တစ်ဦးနှင့်တစ်ဦး ရန်သူများပမာ စိန်းစိန်းဝါးဝါး ခက်ထန်လှစွာ စိုက်ကြည့်ရင်းက ဦးလေးထွန်း အသက်ပျောက်သွားသည်ကို စောင့်ကြည့်ခဲ့ကြဖူးသည့် နှစ်ယောက်သော သူတို့အနက်မှ၊ ဒေါ်ဒေါ်မြ တစ်ယောက်သည်ကား သည်ကနေ့ပင်လျှင် ဤလောကကြီးထဲမှ ရုတ်ခြည်း ပျောက်ကွယ်သွားရပြန်ချေပြီ။

ကျန် တစ်ဦးကတော့ တစ်ခါက သူနှင့် ရန်ဘက်ဖြစ်ခဲ့ဖူးသူ ဒေါ်ဒေါ်မြ၏ အသုဘကို လိုက်ပို့ရင်း အလောင်း မြေချသည့်တိုင်အောင် တစ်မှော်တစ်ခေါ စူးစိုက်ကြည့်ရှုလျက် ရှိပေပြီ။

တစ်ရံရောအခါက မည်မျှပင် မောဟ ပိတ်ဆီးလျက် မာန်မာနထောင်လွှားခဲ့စေကာမူ ယခုအခါ၌ ဒေါ်ဒေါ်မြခမျာမှာ သူ့ကိုယ်သူပင် ပိုင်ဆိုင်နိုင်ခွင့် မရှိတော့ပါတကားဟု သခ်ါရ သဘောတရားကို ဆင်ခြင်စဉ်းစားနေမိဆဲမှာပင်၊ ဦးလေးထွန်း၏ ဝှန်ဘေးနားမှ မိန်းမကြီး၏ မျက်လုံးများကို အကဲခတ် ကြည့်လိုက်မိပါသည်။

ယခု ထို မိန်းမကြီး၏ ကြည့်ပုံကြည့်နည်းနှင့် ယခင် ၅ နှစ်ကျော် တစ်ခါက ကြည့်ပုံ ကြည့်နည်းတို့ လုံးဝ ခြားနားလျက် ရှိပုံကိုလည်း သတိပြုလိုက်မိပါသည်။

ယခု ကျွန်တော် မြင်တွေ့နေရသည့် အကြည့်သည်ကား ခွင့်လွှတ်ခြင်းနှင့် တရားသံဝေ အရိပ်အယောင်များ လွှမ်းမိုးလျက်ရှိသော နူးညံ့သိမ်မွေ့လှသည့် အကြည့်မျိုး ဖြစ်ချေသည့်တကား။ ။

[ ရှုမဝ၊ မတ် ၁၉၆၀ ]

## ထိန်းချုပ်ရခက်သည့် စိတ်

စိတ်မြွေဆိုး ပဋိယာတ်ကို၊ ဆယ်ကိုးပတ်ကျော၍ မြွေပမာ ရှုမှတ်ကို၊
ဆေးပက်၍ ခွာပါမှ၊ ပညာစိဆုကြီးကို လက်နှီးတွင် လှမ်းနိုင်မည်။

(ဦးဖုည)

ကျွန်တော်တို့ လင်မယားသည် ကမာရွတ် ပဏ္ဍိတ လမ်းထိပ်ရှိ ဘတ်စ်ကား ရပ်ရန်နေရာတွင် ရန်ကုန်ဘက် သွားမည့် ကားကို မျှော်လျက် ရှိကြ၏။

ကျွန်တော်တို့သည် ဘတ်စ်ကားစီးရန် စောင့်ဆိုင်းလျက်နှင့်ပင် ယခု အချိန်ထိ ကား (၂) စီး ဖြတ်မောင်းသွားပြီ ဖြစ်သော်လည်း၊ တစ်စီးကိုမျှ တက်မစီးမိကြဘဲ နောက်လာမည့် ကားကိုသာ ဆက်မျှော်မြဲ မျှော်နေမိကြ သည်။

ယခင် ဖြတ်ကျော်သွားသော ကားများမှာ လူပြည့်ကျပ်နေ၍လည်း မဟုတ်ပါ။ 'ငြိမ်ငြိမ်သက်သက် မောင်းနှင်မည့် ပြည်တော်သာ ဘတ်စ်ကား မှပဲ စီးပါရစေ' ဟူ၍ ကိုယ်ဝန် (၆) လကျော်မျှ ရှိသော ဇနီးသည်က ကြိုတင် ကတိတောင်းခဲ့ခြင်းကြောင့်သာ၊ ဖြတ်ကျော်သွားပြီး ဖြစ်သည့် ရိုးရိုး ကား (၂) စီးကို လွှတ်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဘတ်စ်ကားများမှာ တစ်ခါတစ်ရံ တစ်စီးနှင့် တစ်စီး တမေ့တမော မျှပင် စောင့်ရတတ်၏။ ကျွန်တော့်မှာ လက်မှ လက်ပတ်နာရီကိုသာ မကြာခဏ ဆိုသလိုပင် မြှောက်ကာ မြှောက်ကာ ကြည့်နေမိတော့၏။

ထိုနေ့က စနေနေ့ ဖြစ်၍ ကျွန်တော်တို့ လင်မယားနှစ်ယောက် စိတ်တူ သဘောတူ အင်္ဂလိပ်ရုပ်ရှင် (၃) နာရီခွဲပွဲကို သွားရောက် ကြည့်ရှုရန် ဆုံးဖြတ်၍ ထွက်ခဲ့ကြခြင်း ဖြစ်သဖြင့်၊ ယခု "ပြည်တော်သာ" ဘတ်စ်ကားကို စောင့်ရင်း လက်ပတ်နာရီမှ အချိန်က (၂) နာရီ မိနစ် လေးဆယ်ကျော်ကျော်၌ ပြသနေသည့် အခါတွင်ကား ကျွန်တော့်မှာ ရုပ်ရှင် မမီတော့မည်ကိုသာ စိုးရိမ်နေမိတော့သည်။

နာရီကို နောက်တစ်ကြိမ် မြော်ကြည့်မိတွင် လက်ထဲ၌ ဆုပ်ကိုင်ထားမိသော ဖဲထီးကို သတိရလိုက်မိပြီး ကားမျှော်ရင်း စိတ်မောရသည့်ကြားထဲက၊ လေးလေးလံလံ ဘာတစ်ခုကိုမျှ ကိုင်မထားချင်သော စိတ်၏ စေ့ဆော်မှုကြောင့် ဖဲထီးကို အနီးရှိ လမ်းဘေး ရေအိုးစင်ကလေး၏ သွပ်ခေါင်မိုးနောက်ဘက် ဆင်းလျှောတွင် ချိတ်ထားလိုက်မိ၏။ ထိုအခိုက်မှာပင်–

'ပြောင်းဖူးကလေးတွေက တစ်ဖူး ဘယ်လောက်လဲ'ဟူသော ကျွန်တော့်ဇနီး၏ မေးမြန်းသံကို ကြားလိုက်ရ၏။ သူသည် ရေအိုးစင်ရှေ့နားတွင် ပြောင်းဖူးများ ဖုတ်ရောင်းနေသည့် ဈေးသည် မိန်းမအား ငုံ့၍ မေးနေခြင်း ဖြစ်သည်။ ဈေးသည်မ ကလည်း မဆိုင်းမတွပင် တစ်ဖူးလျှင် ဆယ်ပြား ဖြစ်ကြောင်း အဖြေပေးလိုက်၏။

သည်တော့မှပင် ကျွန်တော်လည်း ကျွန်တော်တို့ ရှေ့မှ ပြောင်းဖူးသည် မိန်းမအား ဂရုတစိုက် ကြည့်လိုက်မိပါသည်။ ဈေးသည် မိန်းမသည် ပြောင်းဖူးလေးငါးခြောက်ဖူးကို မီးကျီးရဲရဲပေါ်တွင် တင်၍ လက်အန် သေလုမတတ် ယပ်ခတ်နေရှာ၏။ ပြောင်းဖူးကလေးများကို မီးပေါ်တွင် မကြာခဏ လှိမ့်၍ လှိမ့်၍ ပေးနေ၏။ တစ်ချက် တစ်ချက် ပြောင်းဖူးဆံကလေးများ ဖောက်ခနဲ ဖောက်ခနဲ ပေါက်ကွဲထွက်သည့် အခါများ၌ သူသည် မျက်နှာကို လက်မောင်းဖြင့် ကွယ်ထားလိုက်တတ်ပေသည်။ သူ၏ ဘေးနားတွင် ပြောင်းဖူးများ ထည့်ထားသည့် ခြင်းတောင်း တစ်လုံးသာမက အသက် ခြောက်နှစ်သမီးအရွယ် ကလေးမလေး တစ်ဦးကိုလည်း တွေ့ရသေး၏။ ကလေးမလေးသည် ပြောင်းဖူးဖုတ် တစ်ခုကို ကိုက်စားရင်း အင်းစိန် လမ်းမကြီးပေါ်တွင် ဥဒဟို ဖြတ်သန်းသွားလာလျက် ရှိကြသော ယာဉ်မျိုးစုံတို့အား တအံ့တသြ ငေးမောနေ၏။

'ပြောင်းဖူးလေးတွေက သေးလိုက်တာ၊ တစ်ဖူး ငါးပြား မရဘူးလား'ဟု ကျွန်တော့်ဇနီးက ဈေးဆစ်လိုက်သည့် အခါ၌ ပြောင်းဖူးသည်မမှာ မီးကျီး

ကို ယပ်ခတ်ပေးနေရင်းက မော်ကြည့်လေသည်။ သူ့ပါးစပ်မှ အဖြေ မပေးမီ ကပင် သူ၏ အသနားခံသော မျက်လုံးများက "ဈေးမလျှော့ပါရစေနဲ့ရှင်" ဟု တောင်းပန်သယောင် ရှိလေသည်။

'ကျွန်မတို့ ဝယ်ရတဲ့ ဈေးကိုက ကြီးလွန်းလို့ ဒီလောက် ရောင်းရတာပါ မမရယ်။ ကျွန်မတို့ မြတ်လည်း သိပ်မမြတ်ပါဘူး။ ပြောင်းဖူးကလေးတွေက သေးလည်း သေးတော့ မီးကျီးပေါ် လှည့်ရင်း လက်တောင် မီးလောင်ပါတယ်။ ပိုက်ဆံရမှာနဲ့ အနာရတာနဲ့တောင် မကာမိပါဘူး မမရယ်' ဟု တောင်းပန်တိုးလျှိုး အကျိုးအကြောင်း ရှင်းပြနေရှာတော့ရာ၊ ကျွန်တော့်မှာ ကတ်သီးကတ်သတ် ဈေးဆစ်ချင်လှသော ဇနီးဖြစ်သူကိုပင် ဒေါပွသလို ဖြစ်မိပြီး–

'စားချင်လည်း ဝယ်စားလိုက်ပါကွာ၊ ဒီလောက်တောင် ဆစ်မနေစမ်းပါနဲ့' ဟု ခပ်ငေါက်ငေါက်ပင် ပြောလိုက်မိတော့၏။ ဇနီး ဖြစ်သူလည်း ပြောင်းဖူး တစ်ဖူးကို ဆယ်ပြားနှင့်ပင် ဝယ်ယူလိုက်ပြီး အဝေးဆီမှ လာနေသော ပြည်တော်သာ ဘတ်စ်ကားကြီး တစ်စီးဆီသို့ လှမ်းမျှော်ရင်းက ပြောင်းဖူးစေ့ကလေးများကို ခြွေ၍ စားနေတော့သည်။ ကျွန်တော့်ကိုလည်း 'စားပါဦးလား' ဟု လက်ကမ်းသေး၏။ ကျွန်တော်ကတော့ မစားပါ။ ညစ်ထည်းစုတ်ဖွာသော အဝတ်အစား ကိုယ်စီဖြင့် ပြောင်းဖူးများကို တစ်ဖူးချင်း လက်အန်သေလုမတတ် ယပ်ခတ် မီးဖုတ်ကာ ရောင်းစားရရှာသော ဈေးသည် သားအမိကိုသာ စိတ်ဝင်စားလျက် ရှိမိသည်။

ထိုအခိုက်မှာပင် ဘတ်စ်ကားကြီး ဆိုက်ရောက်လာသဖြင့် ကျွန်တော်တို့ လင်မယားလည်း ကားပေါ်သို့ အပြေးကလေး တက်လိုက်ကြကာ၊ ကုလားမကြီး တစ်ဦး၏ ဘေးမှ လူနှစ်ယောက်စာ နေရာလွတ်နေသေးသော ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ကြ၏။ ကျွန်တော်တို့ ထိုင်ခုံပေါ်သို့ ဖင်မချမီပင် ကားကြီးသည်လည်း "ဂူး" ခနဲ စ ထွက်လေသည်။ ကျွန်တော့်ဇနီးမှာ ကားစီးရင်းပင် ပြောင်းဖူးကို တမြုံ့မြုံ့ ဝါး၍ လိုက်လာသည်။ ကျွန်တော့်မှာမူ မကြာသေးမီက အဖြစ်ကို မေ့မပျောက်၍ မရနိုင်သေးသည်နှင့်–

'မင်းနယ်ကွာ၊ ဒီလောက် ဆင်းရဲတဲ့ ဈေးသည်ကိုတောင် ပိုက်ဆံကလေး ငါးပြားအတွက် ဆစ်နေရသေးတယ်' ဟု အပြစ်တင်လိုက်မိသေး၏။ ဇနီးဖြစ်သူက 'ဒါတော့ မိန်းမသားကိုး ရှင့်' ဟု ပြုံးရယ်ကာ ပြောလိုက်သည်။

ထို့နောက် ကျွန်တော်တို့လည်း (၃) နာရီ ငါးမိနစ် အချိန်ကို ပြသ

နေပြီ ဖြစ်သော လက်ပတ်နာရီကလေးအား ငုံ့ကြည့်မိရာက ရုပ်ရှင် အချိန်မီ မရောက်နိုင်သဖြင့် သတင်းကားများနှင့် နမူနာပိုင်းတွေ ဒိုတော့ လွတ်ကုန်ဖို့ သေချာတာပဲဟု ပြောမိကြရင်း၊ တရွေ့ရွေ့နှင့် ဣန္ဒြေရရ မောင်းနှင်နေ သော ဘတ်စ်ကားကြီးကိုပင် ထို့ထက် ပိုမို လျင်မြန်စွာ မောင်းစေလိုသော ဆန္ဒများ သာ တဖွားဖွား ဖြစ်ပေါ်နေမိကြတော့၏။ ဘတ်စ်ကားကြီးမှာကား ထုံးစံအတိုင်းပင် လေးလေးနှင့် မှန်မှန် ရှန်းကန်လျက် ရှိသည်။ ကျွန်တော်တို့လည်း အချိန်တန်တော့ ရောက်လိမ့်မည်ဟုသာ စိတ်အားလျှော့လိုက်ကြပြီးလျှင် အခြားရောက်တတ်ရာရာ စကားများကို လမ်းတစ်လျှောက်လုံး ပြောခဲ့ကြသည်။ ထိုသို့ လာခဲ့ကြရင်း နံဘေးမှ ကုလားမကြီး မတ်တတ်ရပ်လိုက်၍ ကျွန်တော်တို့ ရှေ့မှ ပွတ်တိုက်ဖြတ်သွားတော့မှပင် ကားသည် ဆေးကောလိပ်ကျောင်း ထောင့်နားသို့ ရောက်နေပြီ ဖြစ်ကြောင်း သတိပြုလိုက်မိပါသည်။

'ရှေ့နားမယ် ဆိုက်ကားတွေ ရှိတယ် မောင်ရေ့၊ ဒီနေရာက ဆင်းပြီး ဆိုက်ကား ဆက်စီးတာက ပိုမြန်လိမ့်မယ် ထင်တယ်' ဟု ဇနီးသည်က ဆေးကျောင်းဆောင် ရှေ့နားတွင် ရှိသော ဆိုက်ကားများကို ညွှန်ပြရင်း အကြံပေးလိုက်သဖြင့်၊ ကျွန်တော်လည်း ကားရပ်ရန် အချက်ပေး ခေါင်းလောင်းကို ထ ၍ နှိပ်လိုက်ပါသည်။ ကားကြီးလည်း ဆေးကျောင်းနံဘေးရှိ ကားရပ်ရန် နေရာတွင် ထိုး၍ ရပ်လိုက်၏။

ကားရပ်ပြီး မိုးကလေးဖွဲဖွဲတွင် ဆင်းရတော့မည် လုပ်ခါမှပင် ကျွန်တော်သည် ထီးဖွင့်ဆောင်းရန်ကို သတိရမိလိုက်ပြီး၊ ထို တစ်ချိန်တည်းမှာပင် မိမိ လက်ထဲ၌ ဖဲထီးကလေး ပါမလာတော့သည်ကို နားလည်လိုက်မိပါသည်။ ပါးစပ်မှလည်း 'ဟာ ထီး မပါခဲ့တော့ဘူး' ဟု ရေရွတ်လိုက်မိ၏။ ကျွန်တော့် ဇနီးက ထိုင်ခဲ့သော နေရာဆီသို့ ထီးသွားရှာဦးမည် ပြုနေသဖြင့်လည်း 'ဒီကားပေါ် ကျန်တာ မဟုတ်ဘူး။ ကမာရွတ်မှာ ကျန်ခဲ့တာ' ဟု ပြောပြောဆိုဆိုနှင့် ထွက်လုဆဲ ကားကြီးပေါ်မှ ကပျာကသီ ဆင်းလိုက်ကြရပါသည်။ ဇနီးသည်၏ မိန်းမဆောင်း ထီးကလေးကိုပင် ကျွန်တော်က နှစ်ဦးစလုံးအတွက် မိုးကာပေးရင်း ဆိုက်ကားများ ရှိရာသို့ လျှောက်ခဲ့ကြပြီး ဆိုက်ကား တစ်စီးပေါ် တက်ထိုင်၍ လိုက်ခဲ့ကြပါသည်။ ဆိုက်ကားလည်း ဗိုလ်ချုပ်လမ်းအတိုင်း ရုပ်ရှင်ရုံများဘက်သို့ ဦးတည် နှင်းနေ၏။

'ကမာရွတ် ဘယ်မှာများ ကျန်ခဲ့ရတာလဲ။ အိမ်က ထွက်လာတုန်းက

မောင့် လက်ထဲမှာ ပါခဲ့တယ် မဟုတ်လား' ဟု ဇနီးသည်က မကျေမချမ်း မေးလိုက်ပြန်သည်။

'ဟုတ်တယ်၊ ပါပါတယ်။ မင်း ပြည်တော်သာကား စောင့်နေကြတုန်း ရေအိုးစင်ကလေးရဲ့ ခေါင်မိုးမှာ ချိတ်ထားခဲ့မိတာပဲ'

'အောင်မယ်လေး မောင်ရယ်၊ ရေအိုးစင်မယ်များ ထီးကို ချိတ်ရတယ်လို့။ နို့… ချိတ်မိရင်လည်း ဘာကြောင့် ပြန်ပြီး မယူခဲ့တာတုံး။ ထီး အသစ်စက်စက်ကလေး မောင်ရယ်၊ မနေ့ကမှ ဝယ်ခဲ့တာ၊ တစ်ခါမှတောင် မဆောင်းလိုက်ရသေးပါဘူး' ဟု ဇနီးဖြစ်သူမှာ နှမြော တ သစွာနှင့် ပြောနေတော့၏။

'ကိုယ်လည်း ဘယ်လိုများ မေ့သွားမိသလဲ မသိတော့ပါဘူးကွာ၊ အခု ဒီရောက်တဲ့ အချိန်ထိ လုံးလုံးကို သတိမရမိဘူး။ အေးလေ ထီးမဆောင်းတာကလည်း အတော်ကြာနေပြီကိုး၊ မေ့မိရောပေါ့။ နောက်ပြီး လူ့ ဆိုင်ကော်လော်ဂျီလည်း ပါမှာပဲ။ မနေ့က မင်း ဝယ်လာကတည်းက ဒီထီးကို ကိုယ် မကြိုက်ဘူး။ မကြိုက်ဘူးလို့ ပြောခဲ့မိတယ် မဟုတ်လား။ အဲဒါ စိတ်ထဲကိုက မကြိုက်တာနဲ့ နှစ်နှစ်ကာကာ ဂရုမစိုက်မိလို့ အခုလို မေ့မိတာ ဖြစ်မှာပဲ' ဟု ကျွန်တော်က မိမိ အပြစ်ပါဟု ဝန်မခံလိုသော စိတ်ဖြင့် အခြား ဆင်ခြေများကို ပေးနေမိသေး၏။ ကျွန်တော့် ဇနီးကမူ–

'မေ့ မေ့တတ်လွန်းတယ် မောင်ရယ်၊ ကိုယ့်ပစ္စည်း ကိုယ် နည်းနည်းကလေးမှ ဂရုမစိုက်ပဲကိုး။ မောင် ဒီအတိုင်းသာ မေ့တတ်ပါ၊ တစ်နေ့နေ့တော့ အဖိုးတန် ပစ္စည်းတွေ ဆုံးလိမ့်မယ်' ဟု သတိပေးသလိုနှင့် အပြစ်တင်နေပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်တော့်၏ အတွင်းစိတ်၌လည်း "ငါ့ကိုယ်က ပေါ့တာ အမှန်ပါပဲ" ဟူ၍ မိမိကိုယ်မိမိ နောင်တရ အပြစ်တင်နေမိသည်ကို ဝန်ခံရပါမည်။

'လမ်းဘေး ရေအိုးစင် ဆိုတော့ ပြန်ရဖို့အကြောင်း တယ်မရှိပါဘူး။ ဟို ပြောင်းဖူးသည်ပဲ ရမလား၊ ရေအိုးစင် နောက်က ဒိုဘီကုလားတို့၊ ကုန်စုံဆိုင်က တရုတ်တို့ပဲ ရမလား မသိဘူး။ အင်းလေ… ဘယ်သူပဲရရ အဲဒီ ရတဲ့ လူကိုသာ လှူလိုက်ပြီးပြီလို့ အောက်မေ့လိုက်တော့ပေါ့' ဟု ဇနီးသည်က အမှတ်မထင် ပြောလိုက်သည့် အခါ၌မူကား ထိုစကားများမှာ တစ်စုံတစ်ရာ ပြစ်မှု ကျူးလွန်ထားဘိသကဲ့သို့ ဖြစ်နေသော ကျွန်တော်၏ စိတ်များကို

ပေါ့ပါးသွားစေသလို ရှိတော့၏။ စိတ်ထဲက ကျိတ်၍ နှမြောမိသည်ကိုလည်း အနည်းငယ် လျော့ပါးသွားစေ၏။

အမှန်စင်စစ် ယခု မေ့ကျန်ရစ်သော ထီးကလေးမှာ မိုးတွင်းကြီးတွင် အမြဲတစေ ထီးမပါဘဲ ခရီးထွက်တတ်ပြီး၊ မိုးမိ၍ ပြန်လာတတ်သော လင်သည် အတွက် ဇနီးဖြစ်သူကိုယ်တိုင် မနေ့ကမှ ငွေဆယ့်တစ်ကျပ် ပေး၍ ဝယ်ယူ လက်ဆောင်ပေးခဲ့သော ဖဲထီး အသစ်စက်စက်ကလေး ဖြစ်လေသည်။ မနေ့က ထီးကို လက်ခံ ရရှိစဉ်မှာပင် 'ထီးကလည်းကွာ ခနော်နီ ခနော်နဲ့၊ မြန်မြန် ပျက်လွယ်မှာပါပဲ။ ဒီထက် ကောင်းတာလေးများ ရှာဝယ်ခဲ့ရောပေါ့ကွာ'ဟု ဆိုး၍ အပြစ်တင်ခဲ့မိသည် မှန်သော်လည်း ယခုလို တစ်ကြိမ်တစ်ခါမှ မဆောင်း လိုက်ရသေးဘဲနှင့် လမ်းဘေးတစ်နေရာတွင် မေ့လျော့ထားခဲ့မိပြန်သော အခါ၌ ကား တကယ်ပင် နှမြောမိပါသည်။ မမေ့သင့်ဘဲနှင့် မေ့မိသော မိမိ ပေါ့လျော့မှု အတွက်လည်း ယူကျုံးမရ ဖြစ်မိပါသည်။

ထိုဖြစ်ပေါ်ခဲ့သမျှ နှမြောတသ ယူကျုံးမရ စိတ်တို့သည် ယခု ကျွန်တော့် ဇနီးသည်၏ အမှတ်မထင် ပြောလိုက်သည့် စကားများကို ကြားလိုက်ရသည် နှင့် တစ်ပြိုင်နက် ပျောက်ပြယ် လွင့်စဉ်မတတ် ရှိသွားတော့၏။ ဤထီးပျောက် ကိစ္စနှင့် စပ်လျဉ်း၍ အကျိုးမဲ့ အလဟဿ မဖြစ်စေဘဲ ကောင်းရာ ကောင်း ကြောင်း ဘက်သို့သာ အမျိုးမျိုးဆွဲ၍ တွေးတောမိရင်း မိမိကို လွှမ်းမိုးစ ပြု နေပြီ ဖြစ်သော စိတ်မချမ်းသာမှုကလေးများကို ဖြေဖျောက်နိုင်တော့၏။

အကယ်လို့များ ထီးတစ်လက် ဆောင်းနိုင်လောက်အောင် မပြည့်စုံ ရှာသည့် အမယ်အိုကြီး တစ်ဦးဦး ဖြစ်စေ၊ အဘိုးအိုကြီး တစ်ဦးဦး ဖြစ်စေ ကျွန်တော့် ထီးကလေးကို တွေ့ရှိသွားမည်ဆိုလျှင် ကျွန်တော်တို့အဖို့ မည်မျှ ကုသိုလ် ကြီးမားလိမ့်မည်နည်း။ သို့တည်းမဟုတ် ရေအိုးစင်ကလေး ရှေ့မှ ပြောင်းဖူးသည် သားအမိတို့ တွေ့ရှိသွားလျှင်လည်း၊ သူတို့ တစ်နေ့ကုန် တစ်နေ့ခန်း ပြောင်းဖူး တစ်ခြင်းလုံး မီးဖုတ်ရောင်းပါမှ ရနိုင်မည့် အမြတ်အစွန်း ငွေ၏ လေးငါးဆထက် မနည်း တန်ဖိုးရှိသော ပစ္စည်းတစ်ခုကို ရရှိခြင်းဖြစ်၍ မည်မျှ ဝမ်းမြောက်ရှာကြလိမ့်မည်နည်း။

ဤကဲ့သို့ မိမိပိုင် ထီးတစ်လက်ကို စေတနာသုံးတန် ပြဋ္ဌာန်း၍ လှူဒါန်းခြင်း မမည်သော်လည်း မိမိ၏ တပ်မက်မောစိတ်၊ နှမြောတသစိတ်၊ သံယောဇဉ် တွယ်တာစိတ်တို့ကို ဖျောက်ဖျက်နိုင်ပြီး လမ်းပေါ်မှ တစ်စုံ တစ်

ယောက်သော သူအား " နိဗ္ဗာန ပစ္စယော ဟောတု" ဟု လှူဒါန်းဘိသကဲ့သို့ပင် ယတိပြတ် အောက်မေ့လိုက်နိုင်ခြင်းသည်ကား မှန်မြတ်သော အာလယဖြတ်မှု တစ်မျိုးပင် ဖြစ်ပေလိမ့်မည်။

မည်သည့်နည်းနှင့်မဆို ကျွန်တော့် ထီးကလေးသည် ပြောင်းဖူးသည် သားအမိတို့ လက်သို့ ဖြစ်စေ၊ အခြား မည်သည့် မရှိ ဆင်းရဲသူ တစ်ဦးဦး လက်သို့ ဖြစ်စေ ရောက်ပါစေသတည်း။

ဤသို့ ကောင်းမြတ်သော စေတသိက်ဖြင့် ကောင်းရာကောင်းကြောင်း တွေကိုသာ တွေးတောနေမိခိုက်မှာပင်–

'ကိုယ့် ထီးကလေးကို ကုန်စုံဆိုင်က တရုတ်တွေနဲ့ ဒိုဘီဆိုင်က ကုလားတွေ လက်တော့ မရောက်စေချင်ဘူးကွာ။ သူတို့က ပိုက်ဆံရှိတဲ့ လူတွေ။ တခြား ဆင်းရဲတဲ့လူ ဆိုရင်တော့ ဘယ်သူပဲရရ လှူပြီးသားလို့ အောက်မေ့ထားလိုက်မှာပဲ' ဟု ကျွန်တော့် ပါးစပ်မှ မမျှော်လင့်ဘဲ ထွက်သွားမိသေး၏။ စိတ်ထဲကတော့ " ဒီလို ဆင်းရဲမှ ချမ်းသာမှုရယ်လို့ ခွဲခြားနေလို့ ဘယ်မှာ စေတနာစစ်ပါ့မလဲ" ဟု မိမိကိုယ်မိမိ ကမန်းကတန်း သတိပေးလိုက်ရသေးသည်။

ထို့နောက်ပိုင်းတွင်ကား ရုပ်ရှင်ကြည့်နေစဉ် အတောအတွင်း၌ လည်းကောင်း၊ ရုပ်ရှင်အပြီး ကမာရွတ်သို့ ဆိုက်ကား တစ်တန်၊ ပြည်တော်သာ ကားတစ်တန်နှင့် ပြန်လာခဲ့ကြစဉ်၌ လည်းကောင်း ဤ ထီးပျောက်ကိစ္စကို မေ့သလောက်ပင် ရှိခဲ့၏။ သို့ရာတွင် ကျွန်တော်တို့ လင်မယား ဘတ်စ်ကား ပေါ်မှ ဆင်းခဲ့ကြ၍ "ပဏ္ဍိတ" လမ်းထဲသို့ မဝင်မီ အချိန်ကလေး၌မူကား ကျွန်တော့်စိတ်တွင် "ငါ့ထီးကလေး" ဟူသော အသိနှင့်အတူ အင်းစိန်လမ်းမ ကြီး တစ်ဖက် အမှောင်ထု အောက်တွင်ရှိ တရုတ်ကုန်စုံဆိုင်၊ ဒိုဘီ ကုလား ဆိုင်နှင့်တကွ ထို ဆိုင်နှစ်ဆိုင်တို့၏ ရှေ့မှ ရေအိုးစင်ကလေးဆီသို့ မျက်စိ များ ရောက်ရှိသွားပါတော့သည်။ ကျွန်တော့် ဦးနှောက်များ၌လည်း တစ်စုံ တစ်ရာ သိလိုမှု ဆန္ဒများသည် ဖြစ်ပေါ် လှုပ်ရှားလာတော့၏။

ကျွန်တော့် ထီးကလေးကို မည်သူမည်ဝါကမှ မတွေ့မိသေးသဖြင့် ချိတ်ထားခဲ့သည့် ရေအိုးစင် အမိုးတွင်ပင် ရှိနေဦးမည်လား...။

ထို သိလိုမှု ဆန္ဒကို ကျွန်တော့် ခန္ဓာကိုယ် အစိတ်အပိုင်းက အဖြေ ရှာပေးရန် ကြိုးစားချင်နေပါသည်။ ကျွန်တော့် ခြေထောက်များသည် ရေအိုးစင် ကလေး ရှိရာ လမ်းတစ်ဖက်ဆီသို့ လှမ်းရန်ပင် ပြင်နေလေပြီ။ ထိုအခိုက်–

'မောင်ရေ ခဏနော်၊ ထီးကလေးများ ရှိလိုရှိငြား သွားကြည့်လိုက်ဦးမယ်' ဟု ပြောရင်းဆိုရင်း ကျွန်တော့်ဇနီးသည် ပေတစ်ရာ လမ်းဘစ်ဖက်သို့ ဖြတ်ကူးသွားတော့၏။

စိတ်၏ အလိုကို လိုက်လျောရတော့မလို ဖြစ်နေသော ကျွန်တော့်ထက် ဇနီးဖြစ်သူက ဦးသွားနှင့်လေပြီ။ သူသည် မကြာမီအတွင်း ပြန်ရောက်လာကာ–

'မရှိတော့ဘူး မောင်ရေ့' ဟု မောသံကလေးဖြင့် ပြောလိုက်၏။

ကျွန်တော်လည်း မကြာသေးမီ စက္ကန့်ပိုင်း အတွင်းက တစ်စုံတစ်ရာကိုမျှ မကြံစည်၊ မတွေးတောသည့်အလား အတွင်းစိတ်၌ ပေါ်ပေါက်ခဲ့မိသော အဖြစ်မှန်တို့ကို ကွယ်ဝှက်ကာ–

'မင်းကလည်းကွာ၊ ဒီထီးကို ဘယ်သူပဲရရ လှူလိုက်ပြီးပြီလို့ အောက်မေ့ထားပါပြီဆိုနေ။ ထားပြီးတဲ့ စေတနာကို အလကားသက်သက် ပြန်မရုတ်ချင်စမ်းပါနဲ့ကွာ' ဟု ခပ်တည်တည် ပြောလိုက်မိသေး၏။

'ဒါကတော့ မောင်ရယ်၊ တစ်ယောက်ယောက် ယူသွားပြီးရင်သာ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဆိုတဲ့ သဘောနဲ့ ပြောရတာပါ။ ဘယ်သူမဆို ကိုယ့်ပစ္စည်း ကိုယ်ပြန်ရနိုင်သေးမယ် ဆိုရင်တော့ လိုချင်သေးတာပေါ့' ဟု ဇနီးဖြစ်သူက အမှန်သဘောကို ဖွင့်ပြောလိုက်ပေသည်။

ထိုည တစ်ညလုံးပင် ထီးပျောက်ကိစ္စကို အနည်းငယ်မျှပင် သတိမရတော့ဟု ကျွန်တော့်ကိုယ်ကျွန်တော် ယူဆမိပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ တွေးမိသည့် အခါများမှာလည်း ထီးကို သံယောဇဉ် တွယ်တာနေ၍ မဟုတ်ဘဲ မည်သူမည်ဝါ လက်သို့ ရောက်ပါစေတော့ ဟူသော စေတနာဖြင့်သာ တွေးမိခြင်း ဖြစ်သည်ဟု ထင်မိပါသည်။ ကျွန်တော့်ဇနီးက 'ဟို ပြောင်းဖူးသည်တွေပဲ ရသွားလိမ့်မယ် ထင်ပါရဲ့' ဟု ပြောသည့်အခါ၌ ကျွန်တော့် စိတ်ကလည်း 'ဟုတ်တယ်၊ ပြောင်းဖူးသည်တွေပဲ ရသွားပါစေတော့' ဟု ကျိတ်၍ ဆုတောင်းလိုက်မိသေး၏။

နောက်တစ်နေ့ နံနက် (၁၀) နာရီ အချိန်ခန့်တွင် ကျွန်တော် တစ်ယောက်တည်း ရန်ကုန် သွားစရာ ကိစ္စဖြင့် ထွက်ခဲ့မိ၏။ "ပဏ္ဍိတ" လမ်းထိပ်ဝသို့ ရောက်ခဲ့သောအခါ မြင်နေကျ မြင်ကွင်းအတိုင်းပင် တရုတ် ကုန်စုံဆိုင်ကို လည်းကောင်း၊ ကုလား ဒိဘီဆိုင်ကို လည်းကောင်း၊ လမ်းဘေး ရေအိုးစင်ကလေးကို လည်းကောင်း မြင်လိုက်ရပါသည်။ ထို နေရာတစ်ဝိုက်

မှာ ဘတ်စ်ကားများ ရပ်ရန် နေရာဖြစ်၍လည်း ခရီးသည်အချို့ ကားရပ်စောင့်နေကြသည်ကို မြင်ရ၏။ ရေအိုးစင်ကလေး၏ ရှေ့၌ကား လူနှစ်ယောက်၊ သုံးယောက် ဝိုင်းအုံနေသော ပြောင်းဖူးသည် သားအမိတို့အား မြင်ရလေသည်။

ပေတစ်ရာ လမ်းမကြီးကို ဖြတ်မကူးရသေးမီ အခိုက်အတန့်ဝယ် ကျွန်တော့်စိတ်တွင် မျှော်လင့်မထားမိသော အတွေးတစ်ရပ်သည် ကြီးမားလှသော အဟုန်ဖြင့် တားမနိုင်၊ ဆီးမရ အရှိန်ပြင်းထန်စွာ ဝင်ရောက်လာတော့၏။

ပြောင်းဖူးသည် မိန်းမထံ သွားပြီး သူ့နောက်မှ ရေအိုးစင်ပေါ်တွင် မနေ့က ထီးကလေး တစ်လက်ကို တွေ့များ တွေ့မိသလားဟု မေးရလျှင်–

ထို အတွေးနှင့် အတူပင် "ဟယ်… ငါ ဒီလို ဘာကြောင့် တွေးလိုက်မိရတာလဲ။ နောက်ထပ် ငါ ဒီလို မတွေးရဘူး၊ မတွေးရဘူး" ဟု ကျွန်တော့်ဦးနှောက်က သတိရှိစွာ တွန်းလှန်ပစ်နိုင်သည် မှန်သော်လည်း၊ ထိုသို့ တွန်းလှန်နိုင်သည်နှင့်အမျှ တိုက်ခိုက် ဝင်ရောက်သွားပြီး ဖြစ်သည့် အတွေးစိတ်ရိုင်းတို့၏ ဒဏ်ရာ ဒဏ်ချက်များကိုမူ ရင်၌ ခံစား နာကျင်၍ ကျန်ရစ်ခဲ့တော့သည်။ ကျွန်တော့် နားထဲတွင်လည်း မနေ့က တွေးတော ခံစားချက် အားလုံးတို့သည် တစ်စုံတစ်ယောက်သောသူက အနားကပ်၍ ရွတ်ဆိုပြနေသည့်အလား ကျယ်လောင်စွာ မြည်ဟည်းလာဘိတော့သည်။

မနေ့ကမင် မိမိစိတ်ကို မိမိ ဟုတ်လှချေပြီ၊ ဟန်လှချေပြီ၊ ထိန်းချုပ်နိုင်စွမ်း ရှိလှချေပြီ ဟူ၍ အထင်ကြီး ထင်ခဲ့မိသော ကျွန်တော်သည် ယခုအခါတွင် ကျွန်တော့်ကိုယ် ကျွန်တော် အအံ့သြကြီး အံ့သြမိရာက ရင်ထဲ၌လည်း ရှက်စိတ်နှင့် ရွံရှာစက်ဆုပ်စိတ်များ ပြည့်သိပ် လွှမ်းမိုးသွားပါတော့သည်။

မနေ့ကပင် ကျွန်တော်သည် မိမိပိုင် ထီးတစ်လက်ကို ယတိပြတ်လှူဒါန်းလိုက်ဘိသကဲ့သို့ စိတ်ပိုင်းဖြတ်ပြီး မဟုတ်ပါလော။ ကျွန်တော့်ထီးကလေးသည် ပြောင်းဖူးသည် သားအမိတို့ လက်သို့ ဖြစ်စေ၊ အခြားမည်သည့် မရှိဆင်းရဲသူ တစ်ဦးဦး၏ လက်သို့ ဖြစ်စေ ရောက်ရှိပါစေ ဟူ၍လည်း ဆုတောင်းခဲ့ပြီ မဟုတ်လော။

သို့လျက်နှင့်ပင် ယခု ကျွန်တော်သည် ကျွန်တော့် ထီးကို ယူသည်၊ မယူသည်ကိုပင် အတပ်စွပ်စွဲနိုင်ရန်ဝေးစွာ၊ မြင်ဖူးချင်မှ မြင်ဖူးမည် ဖြစ်သော ပြောင်းဖူးသည်မအား မဆီမဆိုင် မေးမြန်းရန် ကြံစည်နေမိသေးတော့၏ တကား။

အကယ်၍ ပြောင်းဖူးသည် မိန်းမသည် ကျွန်တော့် ထီးပျောက်ကို တွေ့ရှိထားသည် မှန်ဦးတော့၊ လှူဒါန်းလိုက်ပြီးအနေနှင့် သံယောဇဉ် အမျှင် ဖြတ်ခဲ့သည့် မိမိ စိတ်စေတနာကို အလွဲသုံးစား မပြုသင့်တော့ပြီ။ အမှန်စင်စစ် ဤသို့ မေးမြန်းရန် ကြံရွယ်လိုက်မိခြင်းသည်ပင် မိမိ ထီးနှင့် ဆက်စပ်၍ သက်ာမကင်း ဖြစ်မိသည့်သဘော သက်ရောက်နေလေရာ၊ ထားရှိခဲ့ပြီးသော ကျွန်တော်၏ စေတနာတို့မှာ ဝေဒနာ ဖြစ်ရချေတော့မည်။

သို့ရာတွင် ကျွန်တော်သည် စိတ်ဆင်ရိုင်းအား သတိချွန်းဖြင့် အုပ်ကာ ထိန်းချုပ်နိုင်သဖြင့် တော်ပေသေး၏ဟု မိမိကိုယ်မိမိ အားပေးမိပြီးနောက် စိတ်ထဲကလည်း "ကဲ... တော်ပြီ၊ ဒီ ထီးကိစ္စကို ဦးနှောက်ထဲက လုံးဝ ပျောက် ပစ်လိုက်တော့မယ်" ဟု တွေးမိရင်း ရှေ့တည့်တည့် လမ်းတစ်ဖက်သို့ ဖြတ်၍ လျှောက်ခဲ့မိပါသည်။ သည်ကြားထဲကပင် "ကျွန်တော့် ထီးကလေးသည် ပြောင်းဖူးသည်မ လက်သို့ လည်းကောင်း၊ အခြား ဆင်းရဲနွမ်းပါးသူတို့ လက်သို့ လည်းကောင်း မရောက်ရှိဘဲနှင့် ကုန်စုံဆိုင်မှ တရုတ်များထံတွင် ဖြစ်စေ၊ ဒိုဘီကုလားများ လက်၌ ဖြစ်စေ ရှိကောင်း ရှိနေမည်လား" ဟု တွေးဖြစ်အောင် တွေးလိုက်မိသေးရုံသာမက ထိုသူများ လက်သို့ မရောက်စေချင် သော ခိုးလိုးခုလု စိတ်ကလေးများသည်လည်း ပေါ်ဖြစ်အောင် ပေါ်လာသေး တော့၏။

ထိန်းချုပ်ရန် ခက်လှသည့် စိတ်ပေတကား။

ပေတစ်ရာလမ်း တစ်ဖက်သို့ ရောက်သွားမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့် ရင်ထဲ၌ ဒိန်းခနဲ ခုန်သွားမိတော့၏။ ပြောင်းဖူးသည် မိန်းမသည် ကျွန်တော့်အား မြင်ဖူးသူ တစ်ယောက်အနေဖြင့် စူးစူးဝါးဝါး လှမ်း၍ ကြည့် နေ၏။

"သူ့ခမျာ ငါ့ကို မြင်သွားလို့ မနေတတ် မထိုင်တတ် ဖြစ်နေရှာပြီ။ ငါ့ထီးကလေးကို သူ ယူထားမိပြီး စိတ်မလုံမလဲ ဖြစ်နေရှာပြီ။ အို... သူ့စိတ်ထဲ က ဘယ်လိုဖြစ်နေနေ ငါက မသိချင်ဟန် ဆောင်နေလိုက်ရင် သူ နေသာ ထိုင်သာ ရှိသွားမှာပါပဲ။ တတ်နိုင်သမျှ မျက်နှာလွှဲပြီး ဣန္ဒြေမပျက် သွားမှ ဖြစ်မယ်" ဟူ၍လည်း တွေးလိုက်မိရင်း ခေါင်းကို အောက်သို့ ငုံ့နိုင်သမျှ ငုံ့ပြီး ခပ်ဝေးဝေးသို့ ထွက်ပြေးရန် ခြေလှမ်းပြောင်းလိုက်မိပါသည်။ သို့ရာတွင်–

'ဒီမယ် ဆရာလေး... ဆရာလေး' ဟူသော အသံက ကျွန်တော့်

ခြေလှမ်းများကို တုံ့၍ ဆွဲထားလိုက်၏။ ပြောင်းဖူးသည့် မိန်းမသည် ကျွန်တော့် ထံ ပြေးလာ၍–

'မနေ့က တစ်နေ့လုံး ဆရာလေးတို့ကို မျှော်နေမိတာ။ ဆရာလေးတို့လည်း မိုးချုပ်တဲ့အထိ ပေါ်မလာကြဘူး။ ရေအိုးစင်မှာ ထီးကလေး ချိတ်လျက်သား တွေ့လိုက်ကတည်းက ဒီထီးဟာ ဆရာလေး လက်ထဲမှာ ကိုင်ထားတဲ့ ထီးကလေးပဲ ဆိုတာ ကျွန်မ သိလိုက်တာပေါ့။ ဆရာကတော် ထင်ပါရဲ့၊ ဟို... ကိုယ်ဝန်နဲ့၊ အဲ... သူ့ကိုလည်း ကျွန်မ မျှော်မိတာပဲ။ တစ်ယောက် မလာ တစ်ယောက်တော့ လာမှာပဲ ဆိုပြီး ကျွန်မ ထီးကလေးကို တရုတ်ကုန်စုံဆိုင်မှာ သေသေချာချာ အပ်ထားတယ်' ဟု အလောတကြီး ဝမ်းသာအားရ ပြောလိုက်တော့သည်။ ထိုနောက် 'ကဲ... ကဲ ခဏနေဦး၊ ကျွန်မ သွားယူလိုက်ဦးမယ်' ဟု ပြောပြောဆိုဆို တရုတ်ကုန်စုံဆိုင်ထဲသို့ ဝင်သွားပြန်သဖြင့် ကျွန်တော့်မှာ ကြောင်အမ်း၍သာ ကျန်ခဲ့ပါသည်။

ထို တဒင်္ဂအတွင်း၌ ကျွန်တော့် အတွေးတို့သည် ရပ်တန့်သွားလျက် အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ခြင်း စသော ခံစားမှုတို့သည်သာ ရင်ထဲ၌ ပြည့်ကျပ် တစ်ဆို့လျက် ရှိတော့၏။

ပြောင်းဖူးသည့် မိန်းမက ထီးကလေးကို ကျွန်တော့် လက်ထဲသို့ ထည့်ပေး၍ 'ကဲ... ဆရာလေး၊ မိုးတွေ အုံ့လာတာနဲ့ ထီးပြန်ရတာနဲ့ အတော်ပဲ' ဟု ပြောလိုက်သည့် အချိန်၌လည်း ကျွန်တော့်မှာ ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်ပါ။ ကျွန်တော့်ရင် တစ်ခုလုံး လှပ်လှပ် လှပ်လှပ် ဖြစ်နေပါသည်။ နောက်ဆုံး ဤနေရာမှ ထွက်ပြေးချင်သော စိတ်များသာ ပြင်းပြနေမိရာက အဆင်သင့် ဝင်ဆိုက်လာသော ဘတ်စ်ကား တစ်စီးပေါ်သို့ ပြေးတက်လိုက်မိတော့၏။

ကားပေါ်တွင် ထိုင်လိုက်မိသည့် အချိန်ထိ ရှက်စိတ်၊ ကြောက်စိတ်တို့ဖြင့် ရင်တွေ ခုန်၍ မောနေမိသေးသည်။

ဘတ်စ်ကား ထွက်ခဲ့ပြီး "ပဏ္ဍိတလမ်း" မှ တရွေ့ရွေ့ ဝေးလာတော့မှပင် လက်ထဲတွင် တအားဖျစ်ညှစ်၍ ဆုပ်ကိုင်ထားမိသော ထီးကလေးကို စက်ဆုပ်စွာ ငုံ့ကြည့်လိုက်မိရင်းက အချိန်အတန်ကြာ ရပ်ဆိုင်းနေခဲ့သည့် ကျွန်တော်၏ အတွေးတို့သည် ပြန်လည် လှုပ်ရှားစ ပြုလာတော့၏။

သူတစ်ပါးပစ္စည်းကို တပ်မက်မောစိတ် အလျှင်းမရှိ။ သစ္စာရှိရှိနှင့် ပြန်ပေးဖော်ရသော ပြောင်းဖူးသည့် မိန်းမနှင့် နှိုင်းယှဉ်လိုက်သည့်အခါ

ကျွန်တော်၏ အတွေးအခေါ်၊ အပြုအမူ အားလုံးတို့မှာ ရုက်ဖွယ် ကောင်းလောက်အောင်ပင် သေးနုပ် သိမ်ငယ်လျက်ရှိကြောင်း စဉ်းစားမိရင်း မိမိကိုယ် မိမိ အရှက်ကြီး ရှက်လာမိပါတော့သည်။

သို့သော် ကျွန်တော်သည် ဤထီးကလေးကို နဂိုက စေတနာသုံးတန် ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတိုင်း ပြောင်းဖူးသည် မိန်းမကိုပင် လှူဒါန်းပေးအပ်ခဲ့ချင်ပါလျက်နှင့် ကိုယ့်အပြစ်နှင့်ကိုယ် သူ့ကို ရင်မဆိုင်ဝံ့သောကြောင့်သာ ဘာလုပ်လို့ လုပ်မှန်းမသိ၊ ထီးကလေးကို ယူ၍ သူ့ထံမှ ထွက်ပြေးလာခဲ့မိခြင်း ဖြစ်လိမ့်မည် ဟုလည်း မိမိကိုယ်မိမိ နှစ်သိမ့်နေမိသေး၏။

သို့ကလို အမျိုးမျိုးအဖုံဖုံ ဝေဖန် တွေးတောရင်း စိတ်သက်သာရာရမှုကို ရှာကြံနေမိသော်လည်း၊ အမှန်ကို ဝန်ခံရမည်ဆိုလျှင်ကား ပြောင်းဖူးသည် မိန်းမထံမှ ထီးကလေးကို ပြန်ရလိုက်သည်နှင့် တစ်ပြိုက်နက် "ငါ့ ထီးကလေးတော့ ပြန်ရပဟေ့" ဟု လိုချင်တပ်မက်မောစွာဖြင့် ကမန်းကတန်း ပြန်ယူလာခဲ့မိခြင်းကော မဖြစ်နိုင်ဘူးလား ဟူသော အတွေးတစ်ရပ်က ကျွန်တော့်အား အလွန်အမင်း ခြိမ်းခြောက်နှောင့်ယှက်နေပါတော့သတည်း။ ။

[ မြဝတီ၊ စက်တင်ဘာ ၁၉၅၇ ]

## အသက် တစ်ချောင်း

ယခု ရေးမည့် အတွေ့အကြုံကလေးမှာ လွန်ခဲ့သော ရှစ်နှစ်ကျော် ကိုးနှစ်နီးပါး ခန့်က ကြုံတွေ့ခဲ့ရဖူးသည့် အဖြစ်အပျက်တစ်ရပ် ဖြစ်သော်လည်း ထို ရှစ်နှစ်ကျော်မျှသော အချိန်ကာလအတွင်း စာတစ်ပုဒ် ရေးဖွဲ့ရန် မဆိုထားဘိ၊ တစ်ကြိမ်တလေမျှပင် သတိရမိခြင်း မရှိခဲ့ပေ။

မနှစ်က ကျွန်တော် စစ်ထဲ၌ ရှိစဉ်အတွင်း ရန်ကုန်မြို့ အမှတ်(၇) တပ်နယ်စစ်ဆေးရုံတွင် တက်ရောက် အနားယူရသော အခါတွင်မှ ကာလကြာမြင့်စွာ မေ့လျော့ထားခဲ့သည့် ဤအတွေ့အကြုံကလေးကို ပြန်လည် အစ ဖော်ခဲ့မိခြင်း ဖြစ်သည်။

တနင်္ဂနွေနေ့ တစ်နေ့၌ ကျွန်တော်နှင့် သံချပ်ကာ ယန္တရားတပ်မှ ဗိုလ်ကြီး ဓာလွင်တို့၏ လူနာခန်းသို့ အမှတ် (၇) စစ်ဆေးရုံ၏ တပ်မှူး ဗိုလ်မှူးကျော် အလည်အပတ် ရောက်ရှိလာပြီး အာလာပသလ္လာပ စကားများ ပြောဆိုနေကြရာက တစ်စုံတစ်ခုသော အကြောင်းနှင့် ဆက်စပ်ပြီး သကာလ ဗိုလ်မှူးကျော်က မိမိ ဘာကြောင့် ဆရာဝန်တစ်ဦး ဖြစ်လာရပုံကို–

'ကျွန်တော် ဆယ့်တစ်နှစ်သား အရွယ်လောက်က နွေကျောင်းပိတ် ရက်တွေအတွင်း ကျွန်တော်တို့ မြို့ကလေးကို ပြန်ခဲ့တုန်းကပေါ့' ဟု အစ ချီကာ အောက်ပါအတိုင်း ပြောပြလေတော့၏။

မြို့၌ ရှိနေစဉ်အတွင်း သူသည် တစ်နေ့ တစ်နေ့ ပျင်းပျင်းရှိလျှင် မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်းဟောင်း (ထို မြို့ကလေးမှ ဆရာဝန်ကြီး

အမည်ခံ ဆေးလက်မှတ်ရ ကုလားကွန်ပေါင်ဒါ တစ်ဦး၏ သား) ကုလားကလေး တစ်ယောက်၏အိမ်သို့ သွားရောက် လည်ပတ်စမြဲ ဖြစ်သည် ဆို၏။

တစ်နေ့သ၌ ထို သူငယ်ချင်းကလေး အိမ်တွင် ရောက်ရှိနေခိုက် အိမ်ရှေ့၌ လှည်းတစ်စီး ဆိုက်ရောက်လာပြီး 'ဆရာဝန်ကြီး... ဆရာဝန်ကြီး' ဟု လှည်းမောင်းသူ ယောကျာ်းကြီး တစ်ဦးက တကြော်ကြော် ဟစ်အော်၍ ခေါ်လိုက်သောကြောင့် သူနှင့် သူ့မိတ်ဆွေ ကုလားကလေးတို့ ဆင်းတွေ့ကြလေသည်။

လှည်းပေါ်တွင် တအီးအီးနှင့် အော်ညည်း ငိုယိုလျက် ရှိသော မိန်းမကြီး တစ်ယောက် ပါရှိလေသည်။ ထို မိန်းမကြီး၏ သားမြတ် တစ်ဖက်မှာ အက်ကွဲ ပေါက်ထွက်တော့မတတ် ရောင်ဖူးလျက်ရှိပြီး၊ ဆေးနီတွေ သုတ်လိမ်းထားသည့်ပမာ တွတ်တွတ်နီရဲကာ ရင်ဖုံးအင်္ကျီကိုပင် ဖုံးမထားဘဲ လှပ်ထားရ၏။ အကျိုးအကြောင်း မေးမြန်းကြည့်သော အခါ၌ နို့နာပေါက်ရာက ဤကဲ့သို့ မနေနိုင် မထိုင်နိုင်အောင် အော်နေရသည့်အထိ ကြောက်ဖွယ်လိလိ ရောင်ကားလာသဖြင့် ဆရာဝန်ကြီးထံ အမြန်ဆုံး ပြေးလာကြရခြင်း ဖြစ်ကြောင်းနှင့် သိရှိရတော့၏။

လှည်းပေါ်မှ လူနာ မိန်းမကြီးက ငိုယိုအော်ညည်းလေ၊ သူ့မှာ ရင်ထဲက မချိလေ ဖြစ်မိကာ သူငယ်ချင်း ကုလားလေးအား အဖေ ဖြစ်သူ ဆရာဝန်ကို တက်ခေါ်ရန် တိုက်တွန်းမိတော့သည် ဆို၏။ ကုလားလေးလည်း အိမ်ပေါ်မှ ကမန်းကတန်း ပြန်ဆင်းလာပြီးနောက်–

'ဒီမယ် လူကြီး၊ ပါပါက ဗိုက်ဆံ ဘယ်လောက် ပါသလဲ မေးတယ်' ဟု မျက်နှာငယ်ကလေးဖြင့် ယောကျာ်းကြီးအား မေးလိုက်သည်။

'အဲဒီတုန်းက ကျွန်တော်က ငယ်ငယ်လေးပေမဲ့ ဒေါသဖြစ်လွန်းလို့ ဒီဆရာဝန်ဆိုတဲ့ ကုလားကြီးကို တက်ပြီး ရိုက်ချင်စိတ်တောင် ပေါက်မိတယ်ဗျ။ ကျွန်တော့် သူငယ်ချင်းက အဲသလို မေးလိုက်တော့ ယောကျာ်းကြီးက မျက်နှာကလေး ဆီးရွက်လောက်နဲ့ သူ့မှာ ငွေသုံးကျပ်သာ ပါတဲ့အကြောင်း၊ သူ့မိန်းမရဲ့ ဒုက္ခအခက်အခဲကို သနားသဖြင့် ကယ်တော်မူပါ၊ ဆရာဝန်ကြီးကို တောင်းပန်ပေးပါနဲ့ ကျွန်တော်တို့ ကလေး နှစ်ယောက်ကိုတောင် ငိုသံပါကြီးနဲ့ တောင်းပန်ရှာတယ်။ အမျိုးမျိုး အသနားခံရှာတယ်။ အဲဒီတုန်းက မိန်းမကြီးရဲ့ အဖြစ်ကို မျက်စိထဲ မြင်ယောင်မိပါသေးတယ်ဗျာ။ သူ့ နို့ကြီး

သူ ကိုင်ရ အခက်၊ မကိုင်ရ အခက်၊ နို့ကြီးကလည်း တကတဲ အက်နေအောင် ရောင်နေတာကလား။ သွေးတွေ စုနေသလို နီတွတ်နေပြီး ပေါက်ထွက်တော့ မလားလို့ အောက်မေ့ရတယ်။ အော်လိုက်တာလည်း မပြောပါနဲ့တော့ဗျာ။ အို... သိပ်သနားစရာ ကောင်းတာပဲ။ ကျွန်တော်လည်း သူတို့ လင်မယားရဲ့ အဖြစ်ကို ကြည့်ရင်း မျက်ရည်တွေတောင် ကျလာမိပြီး ကျွန်တော် ကိုယ်တိုင် ကုလားကြီးဆီ တက်ပြေးပြီး လူနာကို ဆင်းကြည့်ဖို့ အတင်းတိုက်တွန်းမိ တော့တာပေါ့' ဟု ဗိုလ်မှူးကျော်က မကြာသေးမီကမှ ကြုံတွေ့ခဲ့ရသော အဖြစ်တစ်ရပ်ပမာ စိတ်ပါလက်ပါ ပြောပြလေသည်။

ဤသို့ တိုက်တွန်းနေမိအချိန်၌ ကုလားဆရာမှာ ထမင်းစားပွဲတွင် ချပါတီနှင့် အာလူးဟင်းကို စိမ်ပြေနပြေ စားသောက်နေပြီး၊ မိမိက ပျာပျာသလဲ စိုးရိမ်တကြီးနှင့် ပြောပြနေသည်ကိုပင် ဂရုမစိုက်ဘဲ–

'ပိုက်ဆံ ဘယ်လောက် ပါသတဲ့လဲ' ဟု မေးလိုက်ပြန်သည် ဆို၏။

'သူတို့မှာ သုံးကျပ်ပဲ ပါတယ်တဲ့ အန်ကယ်၊ မိန်းမကြီးရဲ့ နို့နာကြီး ရောင်နေလိုက်တာ ကြောက်စရာကြီးပါ အန်ကယ်ရယ်။ သူ ငိုနေတာလေ သိပ်သနားစရာကောင်းတာပဲ။ ခဏလောက် ဆင်းကြည့်ပါဦး အန်ကယ်ရယ်'

သူကတော့ စိတ်ထဲက ခံစားချက်အတိုင်း ငိုသံပါကလေးနှင့် သနား စဖွယ် ပြောပြရှာလေ၏။ ကုလားဆရာကမူ–

'သူတို့ကို ပြောလိုက်၊ ဒီအနာကို ခွဲမှ ပျောက်မယ်။ အနာကို ဆေး လည်း ထည့်ရမယ်။ အားလုံး ဆယ့်သုံးကျပ် ကျမယ်လို့ ပြောပြလိုက်'ဟုသာ ခပ်အေးအေးပင် ပြန်ပြောရင်း၊ အာလူးဟင်း ပန်းကန်ထဲသို့ ချပါတီကို တို့ကာ နှစ်ကာ ပလုတ်ပလောင်းနှင့် စားနေတော့သည် ဆို၏။

'ကျွန်တော်က သူတို့မှာ ငွေသုံးကျပ်တည်း ပါတဲ့အကြောင်း ထပ်ပြော ပါသေးတယ်။ ဒါပေမဲ့ သူက သူတောင်းတဲ့ ဆယ့်သုံးကျပ်ကိုသာ ရအောင် သွားအရှာခိုင်းချေလို့ ပြောတယ်။ ကျွန်တော်ဖြင့်လေ ကုလားကြီးက ဒီလိုလည်း ပြောလိုက်ရော သူ့ကို အားရပါးရ ဆဲချင်လိုက်တာ၊ ရန်တွေ့ချင်လိုက်တာ၊ မပြောပါနဲ့တော့။ ဒါပေမဲ့ ကျွန်တော့်ထက် အသက်ကြီးသူလည်း ဖြစ်နေ၊ တစ်သက်လုံး ရှိသေ ကိုင်းရှိုင်းလာခဲ့တဲ့ သူငယ်ချင်းရဲ့ အဖေလည်း ဖြစ်နေ လို့ စိတ်ထဲက မခံချိ မခံသာနဲ့ပဲ သူတို့အိမ်ပေါ်က အတင်း ပြေးဆင်းခဲ့မိ တယ်။ ကျွန်တော်ဖြင့် အိမ်အောက်က စောင့်နေရှာတဲ့ လင်မယား နှစ်ယောက်

ကိုတောင် အကျိုးအကြောင်း ပြန်ပြောဖို့ သတိမရတော့ဘူး။ အိမ်ထိအောင် မောကြီးပန်းကြီးနဲ့ ပြေးခဲ့မိတာပဲ။ တစ်လမ်းလုံးလည်း အသံထွက်အောင်တောင် ငိုမိတယ်။ အဲဒီလို ပြေးရင်းလွှားရင်းမှာပဲ ကျွန်တော် ကြီးလာတဲ့ တစ်နေ့မှာ ဆရာဝန် တစ်ယောက် မဖြစ် ဖြစ်အောင် ကြိုးစားမယ်လို့ စိတ်ပိုင်းဖြတ်ခဲ့မိရာက အခုလို ဆရာဝန် တစ်ယောက် ဖြစ်လာရတာပဲဗျို့'ဟု ဗိုလ်မှူးကျော်က သူ ဘာကြောင့် ဆရာဝန်တစ်ဦး ဖြစ်လာရပုံကို စိတ်ဝင်စားဖွယ်ရာ နိဂုံးချုပ်လိုက်သော အခါ၌ သူ့ကိုယ်တွေ့ အဖြစ်အပျက်ကလေးကို ဝတ္ထုတိုစာစ်ပုဒ် အဖြစ် ရေးသားခွင့်ပြုရန်ပင် ကျွန်တော်က ခွင့်တောင်းခဲ့မိပါသေး၏။

ကျွန်တော်တို့ အခန်းမှ ဗိုလ်မှူးကျော် ထ ပြန်သွားသော အချိန်၌ သူ ပြောပြသွားသော အဖြစ်အပျက်ကလေးမှ ကုလားဆရာ၏ အကြောင်းကို စားမြုံ့ပြန် တွေးနေမိရင်းက လွန်ခဲ့သော ရှစ်နှစ်ကျော် ကိုးနှစ်နီးပါးခန့်က ကျွန်တော် ကိုယ်တိုင် ကြုံခဲ့ရဖူးသည့် အောက်ပါ အတွေ့အကြုံကလေးကို တရေးရေးနှင့် ပြန်လည် သတိရလာမိပါတော့သည်။

*

တစ်ညနေစောင်း သူငယ်ချင်း မိုးဝေထံသို့ သွားလည်မည်ဟု သုခလမ်းအတိုင်း လျှောက်လာခဲ့မိစဉ် အိမ်တစ်အိမ်ရှေ့ ဓာတ်မီးတိုင်အောက်၌ လူတွေ ဝိုင်းအုံနေသည်ကို တွေ့မိပါသည်။ ကျွန်တော်လည်း ခြေလှမ်း ပို၍ သွက်လာပြီး လူစုလူဝေးနားသို့ ချဉ်းကပ်သွားမိရာက လူတစ်ယောက် ဓာတ်လိုက်နေကြောင်းကို သိရတော့၏။

မည်သို့မည်ပုံ ဓာတ်လိုက်ရကြောင်း အသေးစိတ်ကိုမူ ယခုအခါ၌ မမှတ်မိတော့ပါ။ လမ်းဓာတ်မီးကြိုးမှ မီးသွယ်ထွန်းရင်း ဓာတ်လိုက်ရသည် ဟုသာ ဝိုးတိုးဝါးတား သတိရမိပါသည်။ ဓာတ်လိုက်သူအား သူ၏ အိမ်သားများက နေအိမ်အတွင်းသို့ သယ်ယူသွားကြစဉ် လူစုလူဝေးကလည်း ရောနှော လိုက်ပါသွားကြသည်။ လူစုနောက်၌ ကျွန်တော်လည်း ချန်မနေခဲ့မိချေ။

အိမ်မှာ ပျဉ်ထောင်တိုက်ခံ နှစ်ထပ်အိမ် ဖြစ်၍ ဓာတ်လိုက်သူမှာ အောက်ထပ်၌ ငှားရမ်းနေခြင်း ဖြစ်၏။ အိမ်သားများအနက် ယောကျ်ားကြီး တစ်ယောက်က–

'လူနာ အသက်ရှူရ ခက်ပါလိမ့်မယ်။ သိပ်အနားမကပ်ကြပါနဲ့ ခင်ဗျာ၊ အိမ်ပြင်ဘက်က ကြည့်ချင် ကြည့်ကြပါ'ဟု လူစုလူဝေးအား တောင်းပန်နေရှာ

၏။ လူစုလူဝေးက နားမထောင်ကြပေ။ လူနာအား မိမိတို့ ဆွေရင်းမျိုးချာ တစ်ဦးပမာ သံယောဇဉ် သနားစိတ်နှင့်ပင် ကြည့်ကြလေသလား မပြောတတ်။ သူ့ထက်ငါ တိုးဝေ့လို့သာ ဝိုင်းအုံကြည့်ကြသည်။

အသက် သုံးဆယ်ရှယ်ခန့်ရှိ လူနာ၏မျက်နှာမှာ အိမ်ရှေ့ခန်း ကွပ်ပျစ် ကလေး တစ်ခုပေါ်တွင် စန့်စန့်ကြီး ပက်လက်လန်လျက် ရှိ၏။ မျက်လုံးများ စုံမှိတ်ကာ အသက်ကို မနားတမ်း ရှုရှိုက်နေ၏။ သူ့အသားများမှာ ပြာညိုညို အရောင်သမ်းလျက် ရှိသည်။

လူနာ၏ ဇနီးနှင့် တူသူမှာ လူနာ၏ ရင်ဘတ်၊ နဖူး စသည်များကို စမ်းကြည့်လိုက်၊ မျက်နှာချင်းအပ်လိုက်နှင့် မျက်ရည်များ ပါးပြင်တွင် ရွှဲစိုကာ အတွင်းကျိတ် ငိုကြွေးနေပုံ ရ၏။ သူ့မျာ လင်သည်အား ယုယပိုက်ထွေးရုံမှ အပ ဘာတစ်ခုမှ မလုပ်တတ်၊ မကိုင်တတ် ဖြစ်နေပုံ ရသည်။

လူကြီးတစ်ဦးသည်လည်း လူနာအား ယပ်ခတ်ပေးခြင်း၊ နဖူးပေါ်သို့ အဝတ်ရေဆွတ်တင်ပေးခြင်း စသည်ဖြင့် တတ်သမျှ မှတ်သမျှကလေးနှင့်ပင် ပြုစု ယုယနေကြသည်။ အခြား လူကြီး သုံးယောက်ကတော့ တကျိတ်ကျိတ် နှင့် ဘာတွေ တိုင်ပင်နေကြလေသည် မသိ။

လူနာ၏ သားသမီးများနှင့် တူသော ကလေး တစ်သိုက်မှာလည်း မျက်လုံးကလေးတွေ ကလယ် ကလယ်နှင့် ခပ်လှမ်းလှမ်းမှ ကြည့်နေကြရှာ သည်။

အတန်ငယ်ကြာသော အခါ၌ လူနာ၏ အသက်ရှူသံ ရုတ်တရက် ရပ်သွား၏။ မကြာသေးမီက ပြင်းထန်လှစွာ အသက်ရှူရာ၌ နိမ့်ချည်မြင့်ချည် လှိုင်းထ လှုပ်ရှားနေသော သူ၏ ရင်နှင့် ဝမ်းဗိုက်တို့မှာ ငြိမ်သက်သွား တော့၏။

နံဘေးနားမှ ဇနီးသည်မှာ မျက်နှာငယ်ကလေးဖြင့် ဘေးပရိသတ်ကို အားကိုးအားထား မော်ကြည့်ရင်းက မငိုရဲ ငိုရဲ ရှိုက်ငိုစ ပြုတော့၏။ လူကြီး တစ်ယောက်က မျက်နှာရိပ် မျက်နှာကဲဖြင့် လူနာ့ အခြေအနေကို ပြလိုက် ရာ လူကြီး အားလုံးပင် ပျာယီးပျာယာ ဖြစ်သွားကြ၏။ တီးတိုး တိုင်ပင်နေ သည့် လူကြီး သုံးလေးယောက်လည်း လူနာအနီးသို့ ဝိုင်းပြုလာကြပြီး လူနာ ၏ လက်ကို စမ်းကြည့်ကြ၊ နှာခေါင်းနား လက်တော့ကြည့်ကြနှင့် အလုပ်ရှုပ် သွားကြလေသည်။

ကျွန်တော်လည်း စိတ်မရှည်လှစွာဖြင့် သူတို့အကြား တိုးဝင်သွားမိပြီးလျှင်–

'ဒီအတိုင်း လုပ်နေလို့တော့ မဖြစ်ဘူးထင်တယ် ဦး၊ ဆေးရုံဖြစ်ဖြစ် ပို့ရင် ပို့၊ ဆရာဝန် ခေါ်ရင်လည်း ခေါ်ကြရင် ကောင်းမယ်ထင်တယ်' ဟု အကြံပေးလိုက်မိပါသည်။

ယခင် လူကြီးသုံးလေးယောက်လည်း ဘာတွေ ထပ်၍ တိုင်ပင်ပြန်သလဲ မသိ။ ခေါင်းချင်းဆိုင်ကာ တတွတ်တွတ်နှင့် ပြောဆိုနေပြန်တော့သည်။ နောက်မှ တစ်ယောက်သော သူက–

'ကဲဗျာ မထူးပါဘူး၊ တက်သာ ခေါ်ပါတော့၊ ဆေးရုံ ပို့ရအောင် ကားလည်း မရှိဘူး။ တခြား ဆရာဝန် သွားခေါ်နေရင်လည်း အချိန်ကုန်မှာပဲ။ တက်သာ ခေါ်ကြည့်ပါတော့လေ' ဟု ပြောလိုက်၏။

ထို လူကြီး၏ စကားကို ကြားမိသော ကျွန်တော့်မှာ ငြိမ်မနေနိုင်တော့ပေ။

'ဘာလဲ ဦး၊ အပေါ်မှာ ဆရာဝန် ရှိလို့လား၊ ဟုတ်လား။ ဦး တက်ခေါ်နိုင်းတာ ဘယ်သူလဲ'

'ဟုတ်တယ်၊ ဒီအပေါ်ထပ်မှာ ဆရာဝန် နေပါတယ်။ ကဲ... ကဲ ကိုဘမြိုင် သွားဗျာ၊ မြန်မြန် တက်ခေါ်ချည်ပါဗျာ'

'အောင်မယ်လေး ဦးတို့ရယ်၊ အပေါ်ထပ်မှာ ဆရာဝန် တစ်ယောက်လုံး ရှိလျက်သားနဲ့များ စောစောက မခေါ်ကြတာ အံ့ပါရဲ့။ ဆရာဝန် ခေါ်ရမှာကို ဘာကြောင့်များ ဒီလောက် ကြောက်နေကြရတာလဲဗျာ'

ကျွန်တော်၏ မေးခွန်းကို စကန့်၊ မိနစ် အပိုင်းအခြား အတွင်းမှာပင် ကျွန်တော့်စိတ်များက ဖြေဆိုပြီး ဖြစ်လေသည်။ အပေါ်ထပ်က ဆရာဝန်သည် ငွေအဆမတန် တောင်းလို့လား၊ အောက်ထပ်က အိမ်သားတွေက ဒီဆရာဝန်နဲ့ အိမ်အပေါ်ထပ် အောက်ထပ် ငှားနေဘက်ချင်း မသင့်မြတ်ကြလို့လား။

ကျွန်တော့် မေးခွန်းကို ကျွန်တော့် ရင်ထဲကသာ ဖြေဆိုနေသော်လည်း အခြား မည်သူကမှ ပြန်ဖြေဖော် မရကြပါ။ ကျွန်တော်လည်း ဆရာဝန် ဆင်းအလာကိုသာ မျှော်လင့် စောင့်စားနေလိုက်မိ၏။

မကြာမီအတွင်း ဘောင်းဘီဝတ် ကုလားကပြားတစ်ဦး လူစုလူဝေးကို ဖယ်ရှား၍ လူနာ အနားသို့ ရောက်ရှိလာသည်။ အပေါ်ထပ်မှ အောက်ထပ်သို့

ဆင်းလာသည် ဆိုရပြားသော်လည်း သူ့ကို ကြည့်ရသည်မှာ ခပ်ဝေးဝေး တစ်နေရာမှ ပြေးလာဘိသကဲ့သို့ မောဟန်ပေါက်နေ၏။ အလောတကြီး ပြေးဆင်းလာဟန် တူသည်။ သူသည် ဝိုင်းအုံနေသည့် လူစုအား ဂရုစိုက်ပုံ မရ။ လူနာ၏ ဓနီးအား ဖယ်ရှားစေပြီးနောက် လူနာကို စစ်ဆေး ကြည့်ရှုနေတော့သည်။ ထို့နောက် လူနာအား အင်္ကျီချွတ်စေပြီး–

'ကြာပြီလား' ဟု တိုတိုတုတ်တုတ် မေးလိုက်၏။

နံဘေးမှ လူကြီးတစ်ဦးက 'နည်းနည်းကြာသွားပြီ ဒေါက်တာ' ဟု ဖြေရာ၊ သူက–

'ချက်ချင်း ဘာလို့ လာမခေါ်သလဲ' ဟု အပြစ်တင်သံနှင့် ပြောပြော ဆိုဆို လူနာ၏ ကိုယ်ပေါ် ခွစီးကာ ငြိမ်သက်နေသော ဗိုက်ကို လက်နှစ်ဖက် ဖြင့် တအားတွန်းချည် လွှတ်ချည် လုပ်လေတော့သည်။ တရုတ် လက်ဖက်ရည် ဆိုင်တွင် နံပြား ပြုလုပ်ရန် ဂျုံတွေကို လက်ဖြင့် နယ်သကဲ့သို့ပင် ပယ်ပယ် နယ်နယ် ရှိတော့သည်။

အသက်မရှူနိုင်သူအား အသက်ပြန်၍ ရှူစေအောင် အဆုပ်ကို လှုပ်ရှား စေခြင်းဖြင့် ပြုလုပ်နိုင်ကြောင်း ထိုစဉ်က ကြားဖူးနားဝ ရှိသဖြင့်သာ အမိပ္ပာယ် ပေါက်မိပါသည်။ ဝိုင်းအုံကြည့်နေကြသော လူစုလူဝေးထဲက 'ဘာတွေလုပ်နေ မှန်းလည်း မသိဘူး။ သေရမယ့်လူတောင် မသက်သာလိုက်တာ' စသည်ဖြင့် တီးတိုး ဝေဖန်သံ သဲ့သဲ့ကိုပင် ကြားလိုက်ရ၏။

အားလုံးပင် တအံ့တသြ စူးစိုက် အကဲခတ်နေကြသည်။

အတော်ကလေး ကြာသွားသောအခါ ဆရာဝန်၏ မျက်နှာတွင် ချွေး သီး ချွေးပေါက်များ ယိုစီးထွက်လာသည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးများ ဖြင့် စိုရွှဲနေလေပြီ။ အတော်လည်း မောဟိုက်သွားပုံ ရ၏။

'အားရှိတဲ့ လူတစ်ယောက်ကို ဒီလို လုပ်ခိုင်းပေးပါ' ဟု သူက အနီးရှိ လူကြီးတစ်ယောက်အား မော၍ အမိန့်ပေးလိုက်ရာ၊ ကျွန်တော်ကပင် လူနာဆီသို့ မဆိုင်းမတွ ချဉ်းကပ်သွားပြီးနောက် ဆရာဝန် ပြုလုပ်ခဲ့သည့် နည်းအတိုင်း လူနာပေါ်သို့ ကားရားခွစီးပြီး လူနာ၏ ဝမ်းဗိုက်ကို မှန်မှန်နှင့် တအားစိုက်၍ တွန်းပါတော့သည်။

လူနာမှာ ခပ်နွေးနွေးပင် ရှိသေးသည်။ သို့သော် သူ၏ အသားရောင် မှာ ယခင်ကထက် ပို၍ မည်းနက်လာသည်ဟု ကျွန်တော် ထင်မိ၏။ အချက်

မှန်မှန်နှင့် လူနာ၏ ဗိုက်ကို တွန်းနေစဉ်အတွင်း ကျွန်တော်၏ စိတ်ထဲ၌ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးတို့အား အာရုံပြု၍ လူနာ၏ အသက်ဘေး ချမ်းသာရာ ရရှိရေးအတွက် ဆုတောင်းမိရုံသာမက မိမိ ပြုလုပ်ခဲ့ဖူးသည့် ကုသိုလ်–ဒါန ကောင်းမှု ဟူသမျှတို့ကို ၎င်းအတွက် ရည်စူးကာ " ဒီကုသိုလ် ကောင်းမှုတွေရဲ့ အကျိုးကျေးဇူးမှန်သရွေ့ကို ဒီလူ ရနိုင်ပါစေ" စသည်ဖြင့် အမျှ ခွဲဝေ ပေးနေမိပါတော့သည်။

ကျွန်တော့် ဘဝ တစ်သက်တာဝယ် မိမိ အသက်မှလွဲ၍ အခြားသူတစ်ပါး၏ အသက် တစ်ချောင်းအတွက် အရေးတကြီး စိုးရိမ်ပူပန်မိသည်မှာ ဤတစ်ကြိမ်သည် ပထမဆုံး ဖြစ်ပါလိမ့်မည်။

ထိုမျှလောက် စေတနာ မေတ္တာ ထက်သန်လှစွာ ဇွဲရှိရှိဖြင့် လုပ်ဆောင်ပေးနေသည့်ကြားကပင် ကျွန်တော်လည်း အသက်ရှူ ကျပ်လာသည့်အထိ မောဟိုက်လာသည်နှင့်–

'ကဲ... နောက်တစ်ယောက် ပြောင်းဦးမှပဲ' ဟု မောသံကြီးဖြင့် အကူအညီ ထပ်ဆင့် တောင်းလိုက်မိသောအခါ ဆရာဝန် ကိုယ်တိုင်ပင် ဆက်လုပ်ပြန်တော့၏။

ဤအကြိမ်၌ကား ဆရာဝန်သည် ယခင် တစ်ကြိမ်ကလောက် ကြာမြင့်စွာ မလုပ်ရတော့ပေ။ သူသည် ရုတ်တရက် ရပ်နားလိုက်ရာက လူနာ၏ လက်ကောက်ဝတ်ကို စမ်းသပ်ခြင်း၊ မျက်စိကို ဖြဲကြည့်ခြင်း စသည်များကို ပြုလုပ်ပြီးသည့်နောက် ခေါင်းကို သုံးလေးကြိမ် ယမ်းခါရင်း–

'နိုး... ဟုပ်(ပ) (မျှော်လင့်ချက် မရှိတော့ဘူး)' ဟု အင်္ဂလိပ်လို နှစ်ခွန်းမျှသာ ပြောပြီးလျှင်–

'ကျွန်တော့်ကိစ္စ ရှိသေးတယ်၊ သွားဦးမယ်' ဟု နှုတ်ဆက်ကာ လူစုလူဝေးထဲမှ ဖြတ်ထွက်သွားလေ၏။

မကြာမီပင် ဆရာဝန်၏ ခြေသံကို လှေကားမှ တဖြုန်းဖြုန်းနှင့် ကြားလိုက်ရတော့၏။ သူသည် ဆင်းလာစဉ်က အလောသုံးဆယ် ပြေးဆင်းလာသကဲ့သို့ပင် အပေါ်ထပ်သို့ ပြန်တက်ရာ၌လည်း ဒရောသောပါး ပြေးတက်သွားပုံ ရလေသည်။

ကျွန်တော့် စိတ်ထဲ၌ ဆရာဝန်၏ အပြုအမူများမှာ ခပ်ဆန်းဆန်းပင် ဖြစ်နေတော့၏။ ထိုအချိန်၌ လူနာမှာ မျှော်လင့်ချက် လုံးဝ မရှိတော့သည်မှာ

မှန်သော်လည်း အနည်းဆုံး လူနာ၏ ဇနီး၊ သားသမီးနှင့် ဆွေမျိုးအပေါင်းတို့အား ငဲ့ညှာသောအားဖြင့် ဟန်ဆောင်ပန်ဆောင်ပင် ဖြစ်စေ ခဏတာမျှတော့ နေသင့်ပါသေး၏။ ယခုတော့ မှန်ရာကို ဖွင့်ထုတ်ပြောကာ ချက်ချင်းပင် တက်ပြေးသည်ကို မကျေမနပ် ဖြစ်နေမိပါတော့သည်။

စောစောပိုင်းက ဤဆရာဝန်ကို ခေါ်ရမည့်အရေးအတွက် ခေါင်းချင်းဆိုင် ဆွေးနွေးကြရသည်အထိ အရေးတကြီး ဖြစ်ခဲ့သော လူကြီးတစ်စုတို့၏ အပြုအမူဖြင့် ပြန်လည် ဆက်စပ် စဉ်းစားကြည့်မိသော အခါ၌ ဘယ်လို ဆရာဝန်မျိုးပါလိမ့်ဟု ထပ်မံ တွေးတောနေမိပြန်တော့သည်။

ဆရာဝန်သည် လူနာအား ကုသနေစဉ် အချိန်တုန်းကတော့လည်း တကယ့် ကရုဏာ၊ စေတနာ၊ မေတ္တာတွေ ရှေ့ထားပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားလှပေ၏။ ၎င်း၏ အပြုအမူများကို မြင်ရခြင်းအားဖြင့်လည်း ဤဆရာဝန်၌ ထားရှိအပ်သော စေတနာစိတ်ထားသည် လူနာ၏ ဆွေမျိုးအပေါင်းသော် လည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်သော် လည်းကောင်း ထားရှိသည့် စိတ်ထားထက် သာကောင်းလျှင်သာ သာပေလိမ့်မည်။ လျော့လိမ့်မည်တော့ မထင်မိချေ။

သို့နှင့်လည်း ဘာကြောင့်မှန်း မသိ၊ ဤဆရာဝန်အပေါ်၌ တစ်စုံတစ်ရာ မကျေနပ်သလိုလို ဖြစ်နေမိတော့၏။

ထိုအချိန်၌ လူနာ၏ ဇနီးသည်မှာ လူနာ၏ ကိုယ်လုံးပေါ်သို့ ပစ်လှဲချရင်း ပဋ္ဌာမြေလူး ပူဆွေးရှာတော့သည်။ ဆွေမျိုးသားချင်း တစ်စုလည်း မျှော်လင့်ချက် လုံးဝ လျှော့လိုက်ကြကာ အသံထွက်၍ ငိုကြွေးကြကုန်ပြီ။

အဓိပ္ပာယ်အမျိုးမျိုးတို့ဖြင့် ဝိုင်းအုံ ကြည့်ရှုခဲ့ကြသော လူစုလူဝေးသည်လည်း အသက်တစ်ချောင်း၏ ရပ်စဲမှုပွဲကလေး တစ်ခုကို ကြည့်ရှု ပြီးစီး နှစ်သိမ့်သွားကြဘိသည့်အလား တစ်စ တစ်စနှင့် လူစုခွဲကာ ကိုယ့်လမ်းခရီးကို ဆက်လျှောက်ကြလေတော့သည်။

မကြာသေးမီကလေးက လူနာတစ်ဦးအား ပိုက်ထွေး ယုယ အစွမ်းကုန် ပြုစု ကုသခဲ့ကြသော အိမ်သားတစ်စုမှာလည်း တစ်ခဏတာမျှသော အချိန်ကာလအတွင်း မသာရှင်များအဖြစ် ပြောင်းလဲခဲ့သည်နှင့်အမျှ၊ တစ်ချိန်တုန်းက မြူးထူး ပျော်ရွှင်ခဲ့မည် ဖြစ်သော အိမ်တစ်ဆောင်သည်လည်း မသာအိမ်အဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေပြီ။

ကျွန်တော့်မှာ ဆရာဝန်အကြောင်းမှ တစ်ဖန် အနိစ္စတရားသို့ စိတ်ကူး ပြောင်းသွားမိပြန်၏။ စိတ်ကူးတွေ ဟိုရောက်လိုက်၊ သည်ရောက်လိုက် ဖြစ် နေ၍လည်း ကျွန်တော်သည် အစုကွဲသွားကြပြီ ဖြစ်သော လူစုလူဝေးနောက်သို့ ရောမလိုက်ဘဲ ကျန်နေခဲ့မိတော့သည်။

ထိုအခိုက်အတန့်ဝယ် အပေါ်ထပ်မှ 'အူဝဲ... အူဝဲ... အူဝဲ' ဟူ၍ ဆက်ကာ ဆက်ကာ ပေါ်ထွက်လာသော ကလေးအသံကလေး တစ်ခုကို ကြားလိုက်မိတော့သည်။

ကြားလျှင် ကြားချင်းပင် ယခုမှပင် အမိဝမ်းတွင်းမှ မွေးဖွား ကျွတ် လွတ်ခဲ့ပြီးလျှင် လောကဓာတ်အတွင်းသို့ ရောက်လျှင် ရောက်ချင်း ပထမဆုံး အကြိမ် အော်ဟစ်လိုက်ရှာသည့် မွေးစ ကလေးငယ်၏ အသံကလေး ဖြစ် ကြောင်း သိလိုက်မိတော့၏။ ကျွန်တော့်နည်းတူပင် မသာအိမ်မှ ဆွေမျိုးတစ်စု လည်း အပေါ်ထပ်သို့ မော်ကြည့်လိုက်ကြကာ လူကြီးတစ်ယောက်က–

'ဟော... ဒေါက်တာ့ကလေးလည်း မွေးပြီကွယ့်' ဟု ဝိုသံပါကြီးနှင့်ပင် ပြောလိုက်တော့၏။ ဝိုသံပါလျက်ကြားက သူတစ်ပါး၏ သာရေးကိစ္စအတွက် အားရဝမ်းသာ ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

'သူ့ခမျာတော့ သူ့မိန်းမ သူကိုယ်တိုင် မွေးမယ်... မွေးမယ်နဲ့ အမြဲ ပြောခဲ့တာ။ သူတော်ကောင်းကြီး ဆုတောင်းလည်း ပြည့်သွားပါရဲ့။ ကိုယ့် မိန်းမကိုယ် ပစ်ခဲ့ပြီး ကျုပ်သားကို လာကယ်ဖြစ်အောင် ကယ်လိုက်သေးတယ်။ သူတော်ကောင်းကြီး၊ တကယ့် သူတော်ကောင်းကြီးပါတော်' ဟု ပြောပြော ဆိုဆို မိန်းမကြီး တစ်ယောက်မှာလည်း ရှုံ့မဲ့ချ၍ ငိုလိုက်တော့သည်။

သွားလေသူ၏ ဇနီးသည်လည်း ခင်ပွန်းသည်၏ တစ်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင် ဖက်ရင်း အသံကုန် အော်ဟစ် ငိုယိုရှာ၏။ သားငယ် သမီးငယ်တို့မှာလည်း ငိုတတ်သူက ငို၍ မငိုတတ်သေးသူတို့မှာ ကြောင်အမ်း အမ်း ကလေးတွေ ဖြစ်နေကြ၏။

သည်တော့မှပင် မရှင်းလင်းခဲ့သော ကျွန်တော့်စိတ်တို့သည် ဟင်းလင်း ပွင့်ကုန်သည်။

သည်တော့မှပင် လူကြီးတစ်စု၏ အပြုအမူ ထူးခြားပုံနှင့် ဆရာဝန်၏ အမူအရာ ဆန်းကြယ်သလို ရှိခဲ့ပုံများကိုလည်း နားလည် သဘောပေါက်သွား မိတော့သည်။

ကျွန်တော့်စိတ်တွင် ရပ်စဲသွားလေသော အသက်တစ်ချောင်း၏ အဆုံးသတ်ကို မြင်တွေ့ပြီး တစ်ခဏ တစ်မုဟုတ်ချင်း၌ လှုပ်ရှား လူးလွန့်စပြုသော နောက် အသက်တစ်ချောင်း၏ အစကို အိမ်တစ်ဆောင်၏ အပေါ်ထပ်နှင့် အောက်ထပ် အတွင်းမှာပင် တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရသည့် အဖြစ်ဆန်းကလေးကြောင့် လည်းကောင်း၊ လောကကြီးအတွင်းဝယ် ဤဆရာဝန်ကဲ့သို့သော အသက်တစ်ချောင်းကို တန်ဖိုးထားတတ်သူ၊ အသက် တစ်ချောင်းအတွက် မေတ္တာစေတနာ ရှေ့ထားကာ ဆောင်ရွက် ကူညီတတ်သူတွေလည်း ရှိပါသေးကလား ဟူသော အတွေးဖြင့် လည်းကောင်း မဖော်ပြတတ်သော ပီတိတစ်မျိုး ဖြာဝေမိတော့၏။

သည်တော့မှပင် ကျွန်တော်လည်း မိမိ လမ်းသို့ မိမိ အသီးသီး ခွဲသွားကြပြီဖြစ်သော လူစုလူဝေးနည်းတူ ထို အိမ်ကြီးမှ ထွက်ခွာလာမိပါတော့သည်။ ။

[ ရှုမဝ၊ ဇွန် ၁၉၅၈ ]

## ရှာရပတ်ရည် တစ်ပုံးနှင့် မြရဲ

ရုပ်ရှင်အားလပ်ချိန် ပေးလိုက်သည့် အခါများတွင် ဆေးလိပ်သောက်တတ်သူများက ဆေးလိပ်ထွက်၍ မသောက်ဘဲ မနေနိုင်သကဲ့သို့ပင် ဆေးလိပ်မသောက်တတ်သော ကျွန်တော့်အဖို့လည်း ရှာရပတ်ရည်ကလေး တစ်ခွက်လောက် ဖြစ်စေ၊ ဆိတ်သားကင်ကလေး တစ်ကင်လောက် ဖြစ်စေ ထွက်၍ စားသောက်လိုစိတ် အမြဲတမ်း ပေါ်ပေါက်လာမိစမြဲသာ ဖြစ်ပါသည်။

ယခင်ကဆိုလျှင် ရုပ်ရှင်ရုံတွေ ရှေ့၌ လက်တွန်းလှည်းကြီးတွေနှင့် ကော်ပြန့်စိမ်းဆိုင်၊ ခေါက်ဆွဲဖက်ထုပ်ဆိုင်များ၊ အာလူးပူဒီဆိုင်၊ ကျောက်ကျောဖျော်ရည်ဆိုင်များကအစ ဆမူဆာ ဗယာကြော်သုပ် ရောင်းသူ၊ ဆိတ်သားကင် ရှာရပတ်ရည် ရောင်းသူ ကုလားများ၊ ရေခဲချောင်း၊ အာလူးကြော်၊ မြေပဲလှော်၊ ကွာစေ့ရောင်းသူ ကလေးများ၊ ပဲလှော်ကြော် ချဉ်သီးရောင်းသူ မိန်းမကြီးများ၊ မုန့်ဟင်းခါး၊ ကြာဆံကြီး၊ အမဲအူပြုတ်ရောင်းသူ ယောကျ်ားကြီးများ စသည်ဖြင့် မုန့်ပဲ သရေစာသည်တွေ မျိုးစုံလှဘိ၏။

ရုပ်ရှင် အားလပ်ချိန် ပေးလိုက်ပြီဆိုလျှင် အဆိုပါ မုန့်ပဲသရေစာသည်တို့၏ တကြော်ကြော် အော်ဟစ် ဈေးခေါ်ကြသည့် ဆူဆူညံညံ အသံဗလံများနှင့် ရှာရပတ်ရည်ရေပုံး ခေါက်သံများကို ကြားရစမြဲ ဖြစ်ပြီး၊ ရုပ်ရှင်ကြည့်ပရိသတ်တွေအကြား အလုအယက် တိုးကာ ခွေ့ကာ ရောင်းချလျက်ရှိသောသူတို့တစ်တွေကိုလည်း ရှုပ်ယှက်ခတ်မျှ မြင်တွေ့ကြရစမြဲ ပင်တည်း။

ကျွန်တော်တို့ ရပ်ရှင်ကြည့် ပရိသတ်များအဖို့ ရုပ်ရှင်အားလပ်ချိန် ပေးလိုက်သည်နှင့် တစ်ပြိုက်နက် သူတို့တစ်တွေထံမှ မုန့်ပဲသရေစာများကို အလုအယက် ကမန်းကတန်း ဝယ်ယူ စားသောက်ခဲ့ကြရ၏။

ထိုသို့ အားပါးတရ စားသောက်နေကြဆဲ ရုပ်ရှင်ပြရန် ခေါင်းလောင်း တီးပြန်သောကြောင့် ပါးစပ်ထဲ အစာတွေ ပလုတ်ပလောင်းနှင့် ရုံထဲ ပြန်ဝင် ပြေးခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ ပြင်ဘက်၌ စားရသည်နှင့် အားမရသဖြင့် ရုံထဲအထိ တစ်ဆုပ်တစ်ခဲ ဝယ်ယူ ပြေးခဲ့ရသည်မှာလည်း အခါခါပင်။

တလောကမှ ရုပ်ရှင်ရုံတွေ ရှေ့၌ ဈေးမရောင်းရ ဟု ဆိုင်ရာမှ ပိတ်ပင် တားမြစ်လိုက်သောကြောင့် မည်သည့် ဈေးသည်မှ မထွက်ခဲ့ကြသဖြင့် ကျွန်တော်တို့တစ်တွေမှာ အာခြောက်လျှာခြောက်နှင့် ဒုက္ခတွေ့ခဲ့ကြရပါသည်။ ရေဆာလွန်းသဖြင့်၊ ဝမ်းဟာလွန်းသဖြင့်လည်း ရုပ်ရှင်ရုံအတွင်း အဆမတန် ဈေးတင် ရောင်းချသော ဘီလပ်ရည်၊ ရေခဲမုန့် စသည်တို့ကို ဈေးကြီးပေး၍ ဝယ်ယူ စားသောက်ခဲ့ကြရ၏။ ပိုက်ဆံကလေး အကုန်အကျ သက်သာလို သက်သာငြား၊ ရုပ်ရှင်ရုံတွေနှင့် တစ်မှော်တစ်ခေါ် ဝေးသော ဆိုင်ကြီး ကနားကြီး များ အထိ အချိန် မမီမကမ်းနှင့် အပြေးအလွှား သွားခဲ့ကြရသေး၏။

ဆိုင်ရာတို့က စည်းကမ်းဥပဒေ ထိန်းသိမ်းသောအားဖြင့် စီမံလိုက်ခြင်း ဖြစ်စေကာမူ ကျွန်တော်တို့အဖို့မှာကား စားချင်၍လည်း မစားရ၊ သောက်ချင် ၍လည်း မသောက်ရ၊ စားရ သောက်ရပြန်တော့လည်း ငွေကုန် လူပန်း ဖြစ်ကြ ရသောကြောင့် စိတ်ပျက်ခဲ့ရပါသည်။

အထူးသဖြင့် အခါတိုင်း ရုပ်ရှင်အားလပ်ချိန်များ၌ ကြားရစမြဲ ဖြစ် သော ဆူဆူညံညံ အသံဗလံများကို မကြားရခြင်းနှင့် ရုံရှေ့တွင် မြင်နေကျ၊ တွေ့နေကျ ဈေးသည်များကို မမြင်တွေ့နိုင်ခြင်းသည်ပင် တစ်စုံတစ်ရာ လစ်ဟင်း နေဘိသကဲ့သို့ ခြောက်ကပ်ကပ်ကြီး ဖြစ်နေလေတော့၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ရုပ်ရှင်ရုံတွေ ရှေ့၌ စည်စည် ကားကား ဆူဆူညံညံ ရှိနေသည်ကိုပင် မြင်လို ကြားလိုကြ၏။ ရုပ်ရှင်ရုံနှင့် နီးနီးမှာပင် ဈေးနှုန်း သက်သက်သာသာနှင့် အလွယ်တကူသာ ဝယ်ယူ စားသုံး လိုကြ၏။

ဆိုင်ရာမှ စည်းကမ်းဥပဒေ ထိန်းသိမ်းပေးသည့် ရည်ရွယ်ချက်ကို မနှစ်မြို့စရာ မရှိသော်လည်း ဤကဲ့သို့ လုံးဝ ဈေးမရောင်းရဟု ပိတ်ပင်ထားမည့်

အစား ဤလမ်းဘေး ဈပ်ထိုး ခေါင်းရှုက်သည်ကလေးများအတွက် စည်းစနစ်ကျကျ ရောင်းချနိုင်မည့် နေရာတစ်ခုခု ချထားပေးမည်ဆိုလျှင် ဆင်းရဲသားဈေးသည်ကလေးများအတွက် လည်းကောင်း၊ ဈေးကြီးပေး၍ ဝယ်မစားနိုင်သော ကျွန်တော်တို့လို လူတွေအတွက် လည်းကောင်း နှစ်ဦးနှစ်ဝ အကျိုးရှိလိမ့်မည် ဟူ၍လည်း စဉ်းစားမိပါသည်။

တစ်နေ့လုပ်မှ တစ်နေ့ စားကြရသော ဈေးသည်ကလေးတို့မှာလည်း ကြာရှည်ကြာမျော ဈေးမထွက်ဘဲ ရပ်တည်နေနိုင်ရှာကြဟန် မတူချေ။ ဆိုင်ရာမှ ကျပ်တည်းစွာ ပိတ်ပင် တားမြစ်ထားသည့်ကြားကပင် တစ်စ တစ်စ လစ်လျှင်လစ်သလို ထွက်၍ ရောင်းစပြုခဲ့ကြရာ ကျွန်တော်တို့ကလည်း ထုံးစံအတိုင်းပင် ဝယ်ယူ အားပေးမိကြပြန်တော့သည်။

သို့သော် အခါတိုင်းကလို စိမ်ပြေနပြေ စားသောက်နိုင်ခြင်းတော့ မဟုတ်ပါ။ ဈေးသည်ကလေးတွေက ဥပဒေ စည်းကမ်း ချိုးဖောက်၍ ရောင်းကြသလိုပင် ဆိုင်ရာ မြူနီစီပယ် ရဲသားများကလည်း ဥပဒေ ချိုးဖောက်သူများအား တွေ့လျှင် မဆိုင်း အရေးယူ ဖမ်းဆီးခဲ့ကြလေသည်။ ယခုအခါတွင် ဈေးသည်တွေအဖို့ မြူရဲလက်သို့ အမိမခံလေနှင့်။ အမိခံရပြီဆိုလျှင် သူတို့၌ ပါပါသမျှ ဖမ်းယူသိမ်းဆည်းခြင်း ခံရကာ ရှိစုမဲ့စုကလေး ဆုံးရှုံးကြရသောကြောင့် ယခင်ကလို မြူရဲကို လာဘ်ထိုးရုံ၊ အနည်းငယ် တိမ်းရှောင်ပေးရုံမျှနှင့် မလွတ်နိုင်တော့ကြောင်း နားလည်လာကြ၏။

ထို့ကြောင့်လည်း ဈေးသည်တို့မှာ ခပ်လှမ်းလှမ်းမှ ကာကီရောင်ရိပ်ရိပ် မမြင်လိုက်လေနှင့်၊ မြင်လိုက်လျှင် တစ်ယောက်တစ်ဆင့် အော်ဟစ် သတိပေးကြရင်း အူယားဖားယား ထွက်ပြေးကြစမြဲသာတည်း။

တစ်ခါတစ်ခါ ရုပ်ရှင်ရုံ တစ်ဝိုက်ရှိ လမ်းကြိုလမ်းကြားတို့၌ ဈေးသည်တွေက ကြောက်အားလန့်အား ရှေ့က ပြေး၊ နောက်က မြူရဲတွေက သဲကြီးမဲကြီး လိုက်နှင့် တရုန်းရုန်း ဖြစ်သွားတတ်သည့် မြင်ကွင်းမှာ အမိကရုဏ်းလေးတစ်ခုသဖွယ် ရှိတော့သည်။

ကျွန်တော်တို့မှာကား တစ်ခါတစ်ရံ စားနေရင်း၊ သောက်နေရင်းက ဈေးသည်တွေ ရုတ်တရက် ထပြေးကြသဖြင့် အူကြောင်ကြောင်ဖြစ်၍ ကျန်ရစ်ခဲ့တတ်၏။ တစ်ခါတစ်ရံ စားတော့မည်၊ သောက်တော့မည် ဟန်ရွယ်တုန်း ထွက်ပြေးကြသဖြင့်လည်း ပါးစပ် ဆန့်တငင်ငင်နှင့် ကျန်ရစ်ခဲ့ရသည်လည်း

ရှိ၏။ တစ်ကြိမ်တလေ စားပြီး၊ သောက်ပြီးခါမှ ထပြေးကြသဖြင့်လည်း ပိုက်ဆံကိုပင် မပေးလိုက်ရဘဲ စားခဲ့ရဖူး၏။

မည်သို့ပင် ဖြစ်စေ သည်လို ကြုံရဖန် များလာသော အခါ၌ကား ကျွန်တော်တို့အဖို့ ဤကဲ့သို့ မြူရဲတွေအကြား ဒရောသောပါး စားသောက်ရခြင်းကိုပင် အထူးအဆန်း မထင်မှတ်ကြတော့ပေ။

စားနေရင်း၊ သောက်နေရင်းက ရုန်းရင်းဆန်ခတ် ကသိကအောက် အနှောင့်အယှက် ဖြစ်ရခြင်းကိုလည်း သတိမထားနိုင်ကြတော့ဘဲ ကြောက်အားလန့်အား ထပြေးကြရရှာသော ဈေးသည်မျောများ၏ ဖြစ်ပျက်ပုံကိုသာ ကရုဏာသက်စွာ ဝိုင်းအုံ ကြည့်ရှုမိတတ်ပါသည်။

ကျွန်တော့်အဖို့မှ သူတို့တစ်တွေ၏ အဖြစ်သနစ်ကို ငေးမော ကြည့်ရှုရင်းက အခါခါပင် ကိုယ်ချင်းစာနာ သနားမိခဲ့ဖူး၏။ သူတို့တစ်တွေအတွက် စိတ်လှုပ်ရှားမှု အမျိုးမျိုးနှင့်လည်း ကြုံတွေ့ခဲ့ရဖူး၏။ သူတို့ဘက်မှ နေ၍ မခံချိ မခံသာ ဖြစ်ခဲ့ရပေါင်းလည်း မရေတွက်နိုင်။

ဆိတ်သားကင်တွေ တစ်ပွေ့တစ်ပိုက်ကြီးကို သိမ်းဆည်းခြင်းခံရသဖြင့် မြူရဲများ နောက်မှ တကောက်ကောက် လိုက်ရင်း ငိုယို တောင်းပန်ရှာသော ကုလားကြီးမျိုးကို လည်းကောင်း၊ ပဲလှော်ကြော် လင်ပန်းကြီး ခေါင်းတွင် ရွက်ကာ လေးလံလှသော ကိုယ်ခန္ဓာကြီးကို မောကြီးပန်းကြီး အိပဲ့ အိပဲ့နှင့် သယ်ဆောင် ပြေးနေရှာသူ ဈေးသည်မ ဝဝကြီးမျိုးကို လည်းကောင်း နံဘေးမှ ရတက်မအေး ကြည့်မိရင်းက လိုက်လံ ဖမ်းဆီးသည့် မြူနီစီပယ် ရဲသားများကိုပင် ဒေါ်အပွကြီး ပွ ခဲ့မိဖူးလေ၏။

အလားတူ ဖြစ်ရပ်ကလေးများအနက် တလောက ကျွန်တော် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကလေးကိုမူကား ချစ်ဆွေ စာဖတ်သူတို့အား ဖောက်သည်မချဘဲ မနေနိုင်အောင် စွဲလမ်းလျက် ရှိပါသေးသည်။

ထို အဖြစ်အပျက်ကလေးမှာလည်း ယခင် ယခင် ကြုံတွေ့နေကျ ဖြစ်ရပ်တို့နှင့် ဘာမျှ မခြားနားလှပေ။ ပလေဒီယံ၊ ဂလုပ် စသည့် ရုပ်ရှင်ရုံတွေ ရှေ့၌ စည်းကမ်းဖောက်၍ ရောင်းချလျက်ရှိသော မုန့်ပဲသရေစာသည် တစ်ဦးအား မြူနီစီပယ် ရဲများက ရုတ်တရက် အလစ်ဝင်ရောက် ဖမ်းဆီးခြင်းပင် ဖြစ်ပေသည်။

ဂလုပ်ရုံတွင် ဝင်ကြည့်နေမိသော ကျွန်တော်သည် အားလပ်ချိန်၌

ရုံပြင်သို့ ခေတ္တထွက်ကာ ကုလားတစ်ယောက်ထံမှ ဆိတ်သားကင် တစ်ကင်ကို ဝယ်ယူ စားနေမိ၏။ ထိုအခိုက်မှာပင် ' မြူနီစီပယ်... မြူနီစီပယ် လာပြီ' ဟူသော အသံများနှင့်အတူ ကျွန်တော့် နံဘေး ပတ်ဝန်းကျင်ရှိ ဈေးသည်အားလုံး မြုန်းခနဲ ကျိုးပြိုသကဲ့သို့ တရုန်းရုန်း ထွက်ပြေးကြခြင်း ဖြစ်လေသည်။

ကျွန်တော်လည်း ရှပ်ယှက်ခတ် ပြေးလွှားလျက်ရှိသော ဈေးသည်များအနက် မည်သူ့ကို ရွေး၍ စိတ်ဝင်စားရမှန်း မသိ။ အရပ် ရှစ်မျက်နှာသို့ ကျိုးကန်းတောင်းမှောက် မျက်စိများ ရောက်ရှိသွားပါသည်။

အသက် ဆယ်နှစ်၊ ဆယ့်တစ်နှစ်ရွယ်ခန့်ရှိ ကလေးတစ်ယောက်သည် လက်တွင်း ကြွေရည်သုတ် ပုံးကလေးတစ်ပုံးကို ကိုင်ဆွဲလျက် ပြေးမိပြေးရာ ဆူးလေဘုရား လမ်းမကြီးဘက် စွတ်၍ ပြေးနေ၏။ ဤကလေးကို မြင်လျှင်မြင်ချင်းပင် ရှာရပတ်ရည်သည်ကလေးဟု ခန့်မှန်းမိပါသည်။

သူ့နောက်တွင်ကား ကာကီအကျီ၊ ကာကီ ဘောင်းဘီနှင့် မြူနီစီပယ်ရဲသားတစ်ဦး ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

ထိုတဒင်္ဂမှာပင် ကားတစ်စီး ဘရိတ်ကို တအားဖမ်းအုပ်လိုက်သည့် အသံကြီးနှင့်အတူ ကျွန်တော့်ရင်ထဲ ဒိန်းခနဲ တုန်လှုပ်သွားမိပြီး 'ဟာ...'ခနဲ ပါးစပ်မှ ယောင်၍ အော်လိုက်မိပါသည်။ ကျွန်တော်သာလျှင်မက လူအတော်ခပ်များများပင် ဝိုင်းဝန်း အော်လိုက်ကြလေ၏။ ကျွန်တော် လမ်းမကြီးဘက် ပြေးထွက်၍ ကြည့်လိုက်မိသည့်အခါတွင် ကလေးငယ်မှာ မှန်ကားကြီးတစ်စီး၏ ရှေ့တည့်တည့်တွင် ခွေခွေကလေး ပုံလဲနေသည်ကို မြင်လိုက်ရပါသည်။

ကလေး၏ နံဘေးနားတွင်ကား သူ ဆွဲကိုင်ပြေးသော ကြွေရည်သုတ်ပုံးကလေးနှင့် ဖန်ခွက်ကလေးများ လွင့်ကျလျက်၊ ပုံးထဲမှ ရှာရပတ်ရည်ရေများ ကတ္တရာစေး လမ်းပေါ်သို့ ဖိတ်စဉ် စီးကျနေလေသည်။

ရှာရပတ်ရည်သည် ကလေးငယ်မှာ မြူရဲများလက်တွင် အဖမ်းခံရပြီး သူ့ ရှာရပတ်ရည်ပုံးကလေး ဆုံးရှုံးသွားမည့်အရေး စိုးရိမ်ကြီးလှစွာဖြင့် ဥဒဟိုမောင်းနှင်လျက်ရှိသော မော်တော်ကားကြီးတွေကိုပင် မကြောက်နိုင်တော့ဘဲ ဆူးလေလမ်းမကြီးကို အတင်း ဖြတ်ကူးမိခြင်း ဖြစ်ပေမည်။

ကျွန်တော့် စိတ်ထဲ၌ကား ကလေး လူမမည်ကလေးကိုမှ သနားညှာတာရမှန်း မသိ။ အတင်း မမိ မိအောင် လိုက်ဖမ်းသူ မြူရဲသားအား အမုန်းကြီး မုန်းသွားမိတော့၏။ အကယ်၍ ဤကလေးသာ ကားတိုက်ပြီး သေလျှင် ဤမြူရဲကြောင့် ဟူ၍ပင် စွပ်စွဲ ပြစ်တင်နေမိပါတော့သည်။

ထို့နောက် ကျွန်တော်သည် မြူနီစီပယ် ရဲသားက အခြား သွားလာ မောင်းနှင်လျက်ရှိသော မော်တော်ယာဉ်တွေအကြား ရှောင်ရှားပြေးလွှားရင်း၊ ခွေခွေကလေး လဲနေသည့် ကလေးအား ထူမ ပွေ့ယူလိုက်သည်ကို စိတ်ဝင်စားစွာ ကြည့်နေမိလေ၏။

ကလေးငယ်မှာ မြူရဲ၏ ရင်ခွင်ထဲမှ ကြောက်အား လန့်အား ရုန်းထွက်ရန် ကြိုးပမ်းဆဲပင် ရှိသေးသည်။

မြူရဲကလည်း တတွတ်တွတ်နှင့် ဘာတွေ ပြောနေသည် မသိ။

ကလေးက သူ့ ရှာရပတ်ရည်ပုံးကလေးနှင့် ဖန်ခွက် အကွဲအစများကို လက်ညှိုးထိုး၍ တရှုပ်ရှုပ် ငိုကြွေးပြန်လေ၏။

မြူရဲသည် ရှာရပတ်ရည်ပုံးကို သွားကောက်ယူခဲ့ပြီးနောက်၊ ကလေးငယ်ကို ပွေ့ချီလျက် ကျွန်တော်တို့ဘက်သို့ ပြန်၍ လျှောက်လာသည်။

ထိုအချိန်တွင် စောစောပိုင်းက ဝိုင်းအုံ ကြည့်ရှုခဲ့ကြသော လူအုပ်ကြီးမှာလည်း တစ်စ တစ်စနှင့် လူစုကွဲ၍ ရှဲသွားကြလေပြီ။ လမ်းသွားလမ်းလာတွေက ကိုယ့်လမ်းခရီး ကိုယ် ဆက်ကြ၍၊ ရုပ်ရှင်ကြည့်သူတို့ကလည်း ရုံပေါ်သို့ ပြန်တက်သွားကြပြီ။

ကျွန်တော်ကတော့ ရုပ်ရှင်ကိုပင် သတိမရနိုင်တော့ဘဲ ထို မြူရဲနှင့် ရှာရပတ်ရည်သည် ကလေးငယ်တို့ကိုသာ စောင့်မျှော် ကြည့်ရှုနေမိပါတော့သည်။

အနားသို့ ရောက်လာ၍ ထို မြူရဲ၏ မျက်နှာကို အကဲခတ် ကြည့်လိုက်မိရာတွင် သူ့မျက်နှာမှာ စိုးရိမ် ထိတ်လန့်မှု အရိပ်အယောင်များ ယှက်သန်းလျက် ရှိကြောင်း တွေ့ရ၏။

ကလေးငယ်မှာ တရှုပ်ရှုပ်နှင့် ငိုကြွေးဆဲပင် ဖြစ်သည်။

'မငိုပါနဲ့တော့ကွာ၊ ဦးကြီး မင်းကို မဖမ်းပါဘူးနော် ကလေး၊ မငိုနဲ့တော့ကွာ' ဟု မြူရဲက အသံတုန်ကြီးနှင့် ချော့မော့နေလေသည်။ သူသည် ကလေးငယ်အား အုတ်ခုံကြီးပေါ် ချလိုက်ပြီ ဖြစ်သော်လည်း၊ ကလေး၏ ကိုယ်ပေါ်၌ ယှက်သိုင်းထားသော သူ့လက်များကိုမူ မလွှတ်သေးချေ။

'ကျွန်တော့်အမေ ရိုက်တော့မယ်ဗျ၊ ကျွန်တော့် ရှာရပတ်ရည်တွေ ခင်ဗျားကြီး လိုက်ဖမ်းလို့ ဖိတ်ကုန်ပြီ။ ဖန်ခွက်တွေလည်း ကွဲကုန်ပြီ။ ကျွန်တော့် အမေ ရိုက်တော့မှာပဲဗျ'

ကလေးက အငို မရပ်သေးဘဲ ရှိုက်ကြီးငင်ကြီး ပြောလိုက်ရာ မြူရဲမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရင်းက သူ့အင်္ကျီအိတ်ထဲမှ ငွေစက္ကူကလေး တစ်ချပ်ကို ကမန်းကတန်း ထုတ်ယူပြီးလျှင်–

'ကဲ... ကဲ ဦးကြီးမှာ ငွေတစ်ကျပ် ပါပါတယ်ကွာ၊ ရော့... ရော့ ဒီ ငွေတစ်ကျပ်ကို မင်းအမေ ပြန်ပေးနော်။ မင်းအမေကို ပြောပြပေါ့ကွာ၊ မင်းကို ငါတို့ တကယ်ဖမ်းရင် ဒီငွေ တစ်ကျပ် မရတဲ့ပြင် မင်း ပုံးကလေးတောင် ဆုံးဦးမယ်။ ဟော... အခု မင်းကို ငါ မဖမ်းဘူးနော်၊ ကဲ... ကဲ... သွား... သွား၊ မင်းကို ငါ လွှတ်လိုက်ပြီ'

မြူရဲသည် ကလေးကို ငွေတစ်ကျပ် ပေး၍ လွှတ်တော့မည် လုပ်ပြီး ခါမှ–

'ဟော့... မှန်းစမ်း၊ ဘယ်နေရာကများ နာသေးသလဲဟင်။ ကလေး မနာဘူးနော်၊ ဘယ်ကမှ မနာတော့ဘူးနော်' ဟု ပြောပြောဆိုဆိုပင် ကလေး၏ ဒူးတွေ၊ ပေါင်တွေ၊ ကိုယ်တွေ၊ လက်တွေ၊ ခန္ဓာကိုယ် တစ်ခုလုံးအနှံ့ ယုယု ယယ ဂရုတစိုက် စမ်းသပ်ရင်းက တတွတ်တွတ်နှင့် မေးနေပြန်လေသည်။

ကလေးလည်း ခေါင်းကလေး အသာအယာ ခါပြလျက် နှပ်တရှုံ့ရှုံ့ ညစ်ကာ သူ့ ကြွေရည်သုတ် ပုံးကလေးကို ဆွဲ၍ ထွက်သွားတော့၏။

ထိုအခါကျမှပင် မြူရဲများလည်း ကလေးငယ်အား ကြင်နာသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီးနောက်၊ အခြားမြူရဲများ စုဝေးရာ နေရာ ဆီသို့ လေးလေးကန်ကန် လျှောက်သွားလေသည်။

'ဟော့ကောင် မင်းမလည်း ဈေးသည် ဖမ်းမမိဘဲ ငွေတစ်ကျပ်လည်း ဆုံး၊ ကလေးအဖေလည်း အချောင် ဖြစ်နေပြီ' ဟု မြူရဲ တစ်ဦးက ဆီး၍ ခနဲ့လိုက်ရာတွင် သူသည် ကျေနပ်လှပုံ မရဘဲ စိတ်တိုသော မျက်လုံးကြီးများ နှင့် ပြန်ကြည့်လိုက်၏။

'နောက်မနေစမ်းပါနဲ့ကွာ၊ ဒီမယ် ခေါင်းရှုပ်ရတဲ့အထဲ'

သူ့အသံကြီးမှာ သိသိသာသာ တုန်ယင်လျက် စိတ်ထိခိုက် လှုပ်ရှား နေကြောင်း ထင်ရှားလှပေသည်။

အခြား မြူနီစီပယ် ရဲသားများလည်း ဆက်၍ မနောက်ကြတော့ဘဲ တိတ်ဆိတ်သွားလေ၏။

ထိုအခါကျမှ သူသည် သူ၏ ခံစားချက်ကို မျိုသိပ်မထားနိုင်တော့ဟန် ဖြင့် တတွတ်တွတ် ဖွင့်ချ အန်ထုတ်လိုက်ရှာသည်။

'ငါလည်း ရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့ ပြေးတဲ့ အုပ်ထဲ စွတ်လိုက်တာကွ၊ ဘယ်သူ့လိုက်လို့ လိုက်မိမှန်း ဘယ်သိပါ့မလဲကွာ၊ ကလေးကလေးမှန်း သိရင် ငါ ဘယ်လိုက်ဖမ်းပါ့မလဲ။ ကလေးမှန်းလည်း သိရော ပေတစ်ရာလမ်းပေါ် စွတ်ပြေးရင် ကားတိုက်ခံရတော့မှာပဲ ဆိုပြီး ငါက မပြေးနဲ့... မပြေးနဲ့လို့ လှမ်းအော်တာပါ။ ငါက စိုးရိမ်လို့ အော်လေ ကောင်ကလေးက ငါ့ကို ကြောက်ကြောက်နဲ့ ကားတွေကြား အတင်းစွတ်ပြေးလေပါပဲကွာ။ အမယ်လေး အသည်းယားစရာ ကောင်းလိုက်တာ။ မတော်တဆများ ကားဘရိတ် မမိလိုက်ရင် ငါ့ကြောင့် သေရတယ်လို့ မဖြစ်ပါလားကွာ။ ငါ့မှာလည်း ဒီအရွယ် သားကလေးနဲ့ပါကွာ။ တို့ သားကလေးကိုလည်း သရေစာ ရောင်းခိုင်း နေရတာပါပဲ။ တစ်ခုခုများ ဖြစ်သွားရင် ဘယ့်နှယ့် စိတ်ကောင်းနိုင်ပါ့မလဲကွာ။ အင်း... ကံကောင်းလို့... ကံကောင်းလို့၊ ဘုရား သိကြား မ ပေလို့'

[ ရှုမဝ၊ စက်တင်ဘာ ၁၉၆၀ ]

## ဈေးတန်းကလေး

မြို့နီစီပယ် အက်ဥပဒေအရ ယခုကဲ့သို့ လမ်းဘေး ဈေးဆိုင်များနှင့် ဈေးသည်များကို မရှင်းလင်းသေးမီ ယခင် နှစ်လကျော်ခန့်ကဆိုလျှင် ဆေးရုံကြီးရင်ခွဲရုံ၏ နံဘေး၊ သိမ်ကြီးဈေး ဘုရားလမ်း ဘတ်စ်ကားဆိပ် အုတ်စကြံပေါ်တွင် လမ်းဘေး ဈေးတန်းကလေးတစ်ခု ရှိခဲ့ပေသည်။

အဆိုပါ ဈေးတန်းကလေးမှ ဈေးသည်များမှာ အများအားဖြင့် ဇျပ်ထိုးခေါင်းရွက်သည်များသာ ဖြစ်ကြပြီး သူတို့ ရောင်းချသော ကုန်များမှာလည်း တိုလီမိုလီ ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်၊ မုန့်ပဲသရေစာနှင့် သားတွဲ ငါးတွဲများ ဖြစ်ကြ၏။ အထူးသဖြင့် ထို ဈေးတန်းကလေးတွင် ဝက်သား လတ်လတ်ဆတ်ဆတ်ကို ဈေးပေါပေါနှင့် ရတတ်၏။

ဈေးသည်တို့မှာ လမ်းသွားလမ်းလာများကို အသံတစာစာနှင့် အော်ဟစ်ဈေးခေါ်လေ့ ရှိကြသဖြင့်လည်း ထိုဈေးတန်းကလေးမှာ နံနက်မှ နေကုန်အမြဲတမ်း ဆူဆူညံညံ ရှိနေတတ်ပေသည်။

ကျွန်တော် ကမာရွတ်မှ ရန်ကုန်သို့ အသွားအပြန် သိမ်ကြီးဈေးဘတ်စ်ဆိပ်သို့ ရောက်သည့်အခါတိုင်းပင် အဆိုပါ လမ်းဘေး ဈေးတန်းကလေးကို ဖြတ်သန်း၍ လျှောက်ရစမြဲ ဖြစ်၏။ အင်းစိန် ဘတ်စ်ကားပေါ်မှ ဆင်းပြီးသိမ်ကြီးဈေး အိမ်သာကို ပတ်လျှောက်လိုက်လျှင် ထို ဈေးတန်းကလေးတည်ရှိရာ အုတ်စကြံပေါ်သို့ ရောက်သွားတော့၏။ သိမ်ကြီးဈေး အိမ်သာမှဆိုးဝါးသော အနံ့အသက်များကို ရှုရှိုက်ရင်း ဈေးသည်တို့၏ ဝယ်ပါ ယူပါ

သံစာစာကို နှာခံရင်းကပင် ၎င်းတို့၏ ဈေးတန်းများကို ရှောင်ရှား ဖြတ်လျှောက်ကာ ထိုဈေးတန်းကလေးကို ကျော်လွန်ခဲ့ရစမြဲသာ ဖြစ်ခဲ့သည်။

ဤကဲ့သို့ ရန်ကုန် အသွားအပြန် ကြုံကြိုက်ရစမြဲ ဖြစ်သော်လည်း ထို ဈေးတန်းကလေးကို ယခင်က အမှတ်တမဲ့ပင် ရှိခဲ့ပါသည်။ မိမိ အလိုရှိရာကို တစ်ခါတစ်ရံ ဝယ်ယူမိခဲ့သည့် အခါများမှ တစ်ပါး ထို ဈေးတန်းကလေးမှာ ကျွန်တော့်အဖို့ စိတ်ဝင်စားစရာ မဟုတ်ခဲ့ပါ။

တလောကတော့ ညနေပိုင်း ရန်ကုန်မှ အိမ်သို့အပြန် ထို ဈေးတန်းကလေးကို ဖြတ်လျှောက်လာခဲ့စဉ် ဈေးတန်းထဲ၌ လူအချို့ စုရုံး စုရုံးနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို သတိပြုလိုက်မိပါသည်။

'အဘွားရဲ့ ပိုက်ဆံကို ပြန်ပေးပါတော်။ ရှင် ယူထားတာ ကျုပ် မျက်စိနဲ့ မြင်ပါတယ်။ ကျုပ် အစတုန်းက ရှင့် ပိုက်ဆံ ရှင် ကောက်နေတာ အောက်မေ့လို့ ဘာမှ မပြောတာ။ အဘွားက သူ့ငွေကိုးကျပ် မရှိတော့ဘူး ဆိုတော့မှ ရှင် ကောက်ထားတာကို ကျုပ် သတိရတယ်။ ပေးပါတော်၊ ကျုပ် အဘွား ပိုက်ဆံကလေး ပြန်ပေးပါ' ဟု မိန်းမတစ်ယောက်၏ လက်ကိုဆွဲကာ အတင်း စွပ်စွဲ တောင်းခံနေသည့် အသက် (၁၃) နှစ်ခန့်ရှိ မိန်းကလေး တစ်ယောက်နှင့် ၎င်းအား ပြန်လည် တွန်းဖယ်ရင်း–

'အောင်မာ့လေး အခြောက်တိုက် သူခိုး စွပ်စွဲခံနေရပါပြီ။ ဘယ်ကလာ ပိုက်ဆံ ကောက်ရလို့လဲဟယ်၊ နင်တို့ဟာ နင်တို့ ပျောက်ပြီး လူကို အလကား မစွပ်စွဲပါနဲ့။ သွားပါ... ဖယ်ပါ၊ ငါ့ကို ဆွဲမနေစမ်းပါနဲ့' စသည်ဖြင့် မျက်နှာထားရှုံ့ရှုံ့မဲ့မဲ့ ပြန်လှန် ရန်တွေ့နေသော မိန်းမတစ်ဦးတို့အား မြင်ရ၏။

စွပ်စွဲနေသည့် မိန်းကလေးမှာ အရွယ်အားဖြင့် (၁၃) နှစ်မျှ ရှိပြီဟု ခန့်မှန်းရသော်လည်း အပေါ်အင်္ကျီ ဝတ်ဆင်မထားဘဲ အတွင်းခံ ရင်မီးအင်္ကျီကလေးနှင့်သာ ဖြစ်၍ အပျိုဘော်ဝင်စ လက္ခဏာများကိုပင် မြင်နေရ၏။ သူကလေး၏ ရင်မီးအင်္ကျီနှင့် ထဘီကလေးတို့မှာလည်း ညစ်ထည်းဟောင်းနွမ်းလှပေပြီ။ ရန်ကုန်မြို့လယ်တွင် ဤအရွယ် မိန်းကလေး တစ်ယောက် ဤကဲ့သို့ ဝတ်စား ဆင်ယင်ထားသည်ကို မြင်ရသောအခါ ဤမိန်းကလေးသည် မည်သည့်နည်းနှင့်မျှ ရန်ကုန်မြို့မှ မဟုတ်နိုင်ကြောင်း အတပ် စဉ်းစားမိပါ၏။

အစွပ်စွဲခံရသော မိန်းမမှာကား ပြောပုံဆိုပုံ ဟန်အမူအရာက အစ ဝတ်စား ဆင်ယင်ထားပုံများအရ ရန်ကုန်သူ စျေးသည် လည်လည်ဝယ်ဝယ်

တစ်ဦးဖြစ်ကြောင်း သိသာပေသည်။ ထို မိန်းမသည် သူ့အား ပိုက်ဆံကောက်ယူထားသည်ဟု စွပ်စွဲခြင်းကို အလျှင်း မကျေနပ်။ သူ့စကားတို့၌ ဒေါသသံများပင် ယှက်သန်းလျက် မျက်နှာကြီးမှာလည်း နီမြန်းလာတော့၏။ သူသည် စွပ်စွဲသည့် မိန်းကလေးအား ဒေါနှင့် မောနှင့် ရန်တွေ့ရုံသာမက အနီးအနားတစ်ဝိုက်မှ ဈေးသည်များကိုလည်း သူ့ကို သက်သက်မဲ့ မတရား စွပ်စွဲကြခြင်းဖြစ်ကြောင်း၊ သူ့အနေနှင့် ပိုက်ဆံ မပြောထားနှင့်၊ အမှိုက်ကလေး တစ်စကိုပင် မကောက်မိကြောင်း၊ ဒီကနေ့ ဈေးဦးမပေါက်ရတဲ့အထဲ သူ့ခိုး အစွပ်စွဲပင် ခံနေရပြီ ဖြစ်ကြောင်း တိုင်တည်ပြောပြလျက် ရှိတော့၏။

ပြောရင်း ပြောရင်းက သူ့အသံမှာ ငိုသံလိုလို ပါလာလေသည်။

'အဘွားတို့မှာလည်း "ယင်း" ကလေး တစ်ချပ်ပဲ ဈေးဦးပေါက် ပါသေးတယ် မိန်းကလေးရယ်။ ငွေကလေး တစ်ဆယ်ကို ခရီးစရိတ်နဲ့ လိုရမည်ရဆိုပြီး နေ့ပြန်တိုး ချေးလာရတာပါကွယ်။ အတိုး တစ်ကျပ် ကြိုပေးခဲ့ရလို့ အဘွားဆီမှာ ဒီ ကျပ်တန်အသစ်စက်စက် ကိုးကျပ်ပဲ ပါလာတာပါ။ အခုည ရွာပြန်ရောက်ရင် ဒီ နေ့ပြန်တိုး ငွေတစ်ဆယ်ကို ပြန်ဆပ်ရမှာ။ တို့မှာ ဒီငွေကလေးမှ ပြန်မရရင် ဒုက္ခပါပဲ အေရယ်။ အဘွားတို့ မြေးအဘွားကို သနားရင် ကောက်ထားတဲ့ အဘွားငွေကလေး ပြန်ပေးပါကွယ်။ အဘွားတို့မှာ ပြန်စရိတ်ကလေးတောင် မရှိတော့လို့ပါ မိန်းကလေးရယ်'

တုန်ယင်စွာ ထွက်ပေါ်လာသည့် ထိုအသံကို ကြားလိုက်မှပင် (၁၃) နှစ်ရွယ် မိန်းကလေး၏ နောက်နားတွင် အသက် (၆၀) ကျော် အဘွားကြီး တစ်ဦးအား ဂရုပြုလိုက်မိပါတော့သည်။

အဘွားကြီးမှာလည်း သူ့မြေးဆိုသူ (၁၃) နှစ်ရွယ် မိန်းကလေးနှင့် မခြား အရောင်အဆင်း ပျောက်ပြယ်ကာ အဖာအထေးတွေ ဗရပွနှင့် အဝတ်အစားကို ခန္ဓာကိုယ် လုံရုံမျှ ဝတ်စားထားသူ ဖြစ်ပေသည်။ ခေါင်းတွင် ဗိုသီဖတ်သီ ပေါင်းထားသည့် တဘက်အကြားမှ ဖြူဆွတ်သော ဆံပင်များ ထွက်ပြူလျက်ရှိ၏။ ထိုတဘက်အောက်မှ မျက်နှာသည်ကား ဆင်းရဲ နွံချာလှသော ဘဝဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသည့် အသွင်ကို ဆောင်နေပေသည်။

အဘွားကြီးသည် မြေးကလေး၏ ပခုံးကို မှီတွယ် ကိုင်ထားလိုက်ရင်းက လေသံပျော့ပျော့ကလေးဖြင့် သူ့ပိုက်ဆံ ကျပ်တန်အသစ်စက်စက် ကိုးကျပ်

ကို ကောက်ရထားလျှင် ပြန်ပေးဖို့ကိုသာ အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်မေတ္တာရပ်ခံလျက် ရှိသည်။ ဟင်းရွက်သည် မိန်းမကလည်း သူ မယူရကြောင်းကိုသာ အတွင်းသား ငြင်းဆိုလျက် ရှိတော့၏။

အနီးအနားတစ်ဝိုက်ရှိ ဈေးသည်အချို့နှင့် လမ်းသွားလမ်းလာ ဈေးဝယ်သူ အချို့တို့ကား ဤစွပ်စွဲသူ မြေးအဘွားနှင့် စွပ်စွဲခံရသူ ဈေးသည်မတို့၏ အဖြစ်အပျက်ကို အကဲခတ် ကြည့်ရှုနေကြ၏။ ကျွန်တော်ကိုယ်တိုင်လည်း သူတို့တစ်တွေ၏ ဖြစ်ပျက်ပုံကို သိလိုစိတ်ဖြင့် မိုးတိုးမတ်တတ်ရပ်ကြည့်နေမိတော့သည်။

အဘွားကြီးတို့ မြေးအဘွား၏ ရှေ့နား အုတ်သမံတလင်းပေါ်တွင် ဝါးခြမ်းစိတ်ကလေးများဖြင့် ပြုလုပ်ထားသော နေရောင်ကာ "ယင်း" လိပ်ကလေးများကို တွေ့ရပါသည်။ အစွပ်စွဲခံရသူ မိန်းမ၏ ခြေရင်း၌ကား ဟင်းသီးဟင်းရွက် ဗန်းကို မြင်ရ၏။ ဤ "ယင်း" ရောင်းချသူ မြေးအဘွားနှင့် ဟင်းရွက်သည်မတို့သည် တစ်နေ့ရှာ တစ်နေ့စားရသည့် ဘဝတူ ဈေးသည်များ ဖြစ်ကြပါလျက်၊ မည်သို့ကြောင့် တစ်ဦးနှင့်တစ်ဦး စွပ်စွဲ ငြင်းဆိုရသော အဖြစ်မျိုးသို့ ရောက်ကြရလေသနည်းဟု မချင့်မရဲ တွေးလိုက်မိရင်း–

'ဘယ်လို ဖြစ်ကြတာလဲဗျ' ဟု အနားမှ ရေခဲခြစ်ရောင်းသူ ယောက်ျားတစ်ယောက်ထံ မေးမြန်း စုံစမ်းကြည့်မိပါတော့သည်။

'အဘွားကြီး ပိုက်ဆံကိုးကျပ်ကို သူ ကောက်ထားတယ် ဆိုတာပဲ ဆရာ၊ သူတို့ ဘေးချင်းယှဉ်ပြီး ရောင်းနေကြတာပဲ။ အဘွားကြီး ငွေပျောက်တာတော့ အမှန် ဖြစ်ပါလိမ့်မယ် ဆရာ။ အဘွားကြီးက မော်ဘီဘက်ကလာရောင်းရတာတဲ့။ အဘွားကြီး ပြောတဲ့အတိုင်း နေ့ပြန်တိုးသာ ဈေးလာရတာ ဆိုရင် ဒီမြေးအဘွားတော့ ဒုက္ခပါပဲဗျာ။ သနားစရာပဲ'

ရေခဲခြစ်သည်က ကရုဏာသံဖြင့် ပြောပြနေ၏။ သူ၏ ဆက်လက်ပြောပြချက်များအရ အဆိုပါ "ယင်း" သည် မြေးအဘွားမှာ ဤဈေးတန်းကလေးသို့ ယခင်က မလာဖူးကြဟု ဆိုသည်။ ထိုနေ့ကမှ ဟင်းရွက်သည်မိန်းမ နံဘေးတွင် ထိုင်ရောင်းနေကြခြင်း ဖြစ်၏။ တစ်နေ့လုံး ရောင်းခဲ့သည်မှာ ထိုအချိန်အထိ "ယင်း" တစ်ချပ်သာ ဈေးဦးပေါက်သေးသည် ဆို၏။

ဤကဲ့သို့ ဈေးဦးကလေးပေါက်ဖို့အရေး ဝယ်သူကို တမျှော်မျှော်နှင့်စောင့်နေစဉ် အဘွားကြီးသည် သူ့ အင်္ကျီအိတ်ကပ်ထဲမှ ငွေပျောက်ဆုံးနေ

ကြောင်း မြေးကလေးအား မျက်လုံးပြူး မျက်ဆန်ပြူး ပြောပြလိုက်လေသည်။ ဤတွင် စောစောကတည်းက သူတို့ နံဘေးမှ ဟင်းရွက်သည် မိန်းမ ငွေစက္ကူ အလိပ်ကလေးတစ်ခု ကောက်ယူလိုက်သည်ကို အမှတ်မထင် မြင်ခဲ့မိသော မြေးမကလေးက ထိုမိန်းမအား စွပ်စွဲတော့ခြင်း ဖြစ်၏။

'ခက်သားပဲ ဆရာရယ်၊ ဟိုက မယူဘူးလို့ ငြင်းနေတော့လည်း ဘယ်နှယ့်လုပ်မလဲ။ ကလေးမလေးကတော့ ဒီမိန်းမ ကောက်ယူလိုက်တာ သူကိုယ်တိုင် မြင်လိုက်တယ်လို့ ပြောနေတာပဲ။ ခက်ပါတယ် ဆရာ၊ ဆင်းရဲသား အချင်းချင်းလည်း တရား မရှိကြတော့ပါဘူး' ဟု ရေခဲခြစ်သည်က စိတ်ပျက် ဝမ်းနည်းစွာဖြင့် မှတ်ချက်ချလိုက်ပါသည်။

ထိုအခိုက် ရှိုက်ငိုသံ တစ်ခုကို ကြားလိုက်မိသဖြင့် လှမ်းကြည့်မိရာ၊ (၁၃) နှစ်ရွယ် မိန်းကလေးမှာ တရှုပ်ရှုပ် ငိုကြွေးနေကြောင်း တွေ့ရှိရ၏။

'ကျုပ် မျက်စိနဲ့ မမြင်ဘဲ အရမ်းမစွပ်စွဲပါဘူးတော်။ ကျုပ်တို့ မြေး အဘွား အဖေးကြီးက လာပြီး ရောင်းရတာပါတော်။ ကျုပ်တို့အပေါ် ဒီလောက် တောင် ရက်စက်တာများ အံ့ပါရဲ့တော်။ အံ့ပါရဲ့' ဟု ပြောရင်း ဆိုရင်းကပင် ဝမ်းနည်းပန်းနည်း တဟီးဟီး ငိုချလိုက်ရှာသည်။

'ယူချင်းယူရင် ချမ်းသာတဲ့ လူဆီက ယူပါတော်၊ ဆင်းရဲသား အချင်း ချင်းဆီက သူမို့လို့ ယူရက်တယ်။ သူမို့လို့ သူများငွေ ယူထားလျက်နဲ့ ပြန် မပေးဘဲ နေရက်တယ်တော်'

ကလေးမလေးသည် ငိုရင်း ပြောရင်းပင် ဘေးနားက လူတွေကိုလည်း ငဲ့ကာ ငဲ့ကာ တိုင်တန်းရှာလေသည်။

'ဟုတ်ပါတယ်ကွယ်၊ ယူထားရင်လည်း ပြန်ပေးပါ မိန်းကလေးရယ်။ ဒီကနေ့ တစ်နေ့လုံး ရောင်းတာ "ယင်း" တစ်ချပ်ပဲ ရောင်းရပါတယ်။ တို့မှာ လာရတဲ့ စရိတ်တောင်မှ မကာမိပါဘူးကွယ်။ ရွာပြန်ရောက်လို့ ငွေတစ်ဆယ် ပြန်မဆပ်နိုင်ရင်လည်း နောင် ဘယ်တော့မှ ချေးလို့ ရတော့မှာ မဟုတ်ဘူး။ အဘွားတို့ကို သနားပါ မိန်းကလေးရယ်'

အဘွားကြီးကလည်း ရှိုက်ငိုး ဦးတင်မတတ် အသနားခံလေတော့၏။

အနီးအနားမှ လူများပင်လျှင် သူတို့ မြေးအဘွားအား သနား ကြင်နာ ဟန်ဖြင့် မျက်နှာများ မသာမယာ ဖြစ်သွားကြလေသည်။ ကျွန်တော့် နောက် နား ကွမ်းယာဆိုင်ပေါ်မှ ကုလားကပင် မပီကလာ ပီကလာနှင့်–

'တူ ယူထားတယ်နော်၊ ကျန်ပေးတယ် ကောင်းတယ်' ဟု သူ့ဆန္ဒ သဘောကို ထုတ်ပြောလိုက်၏။

အခြားသော ဈေးသည်တို့မှာလည်း ထို မြေးအဘွားဘက်မှ ထောက်ခံလိုသည့် အသွင်မှုယာ ပေါ်ပေါက်လျက် ရှိလေပြီ။

'ဟော့... ညည်း ယူထားရင်တော့ ပြန်ပေးလိုက်ပါအေ၊ သူတို့ခမျာ အဝေးကြီးက တကူးတက လာရောင်းကြရတာပါ' ဟု မုန့်စိမ်းပေါင်းသည် မိန်းမတစ်ယောက်က အော်၍ ပြောလိုက်ရာ မန်ကျည်းဖျော်ရည်သည် ယောကျ်ားကြီး တစ်ဦးကလည်း–

'ဟုတ်ပါတယ်ဗျာ၊ သူတို့ကလည်း သူတို့ ငွေကို ခိုးတယ်၊ ယူတယ်လို့ စွပ်စွဲကြတာ မဟုတ်ပါဘူး။ ယူထားမိရင် ပြန်ပေးဖို့ တောင်းပန်နေကြတာပါ။ ဒီလိုပေါ့ဗျာ၊ မသိလို့ ယူထားမိရင်လည်း ပြန်ပေးလိုက်ပါဗျာ' ဟု ဝင်ပြောလိုက်သည်။

ထို ဖျော်ရည်သည်ကြီးမှာ လူ့သဘောကို အတော်အတန် နားလည်ပုံရပေသည်။ ဟင်းရွက်သည် မိန်းမအနေနှင့်လည်း နားခံသာအောင်၊ အဘွားကြီးတို့ ဘက်မှလည်း ထောက်ခံပြောဆိုရာ ရောက်အောင် လေအေးကလေးနှင့် တောင်းပန်လိုက်ခြင်း ဖြစ်၏။

ထိုအခိုက် မိန်းမသံ တစ်ခုကိုလည်း ကြားလိုက်ရပါသည်။

'ဈေးသည်ချင်း ကိုယ်ချင်းစာပါတော်၊ အဘွားကြီးလည်း ရှင်တို့ ကျွန်မတို့လို ဆင်းရဲသားပါ'

အသံမှာ လှိုက်လှဲသော သနားစာနာမှုနှင့် ပြည့်လျှမ်းလျက် ရှိ၏။ ထို မိန်းမသံကြောင့် ကျွန်တော်သည် အသံရှင်အား လှမ်းမကြည့်ဘဲ မနေနိုင်အောင် ဖြစ်သွားမိပါသည်။

မြင်လိုက်ရသည့် အသံရှင်မှာ သူ၏ အသံကဲ့သို့ပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေသည်။ ၎င်းမှာ အသက် (၃၀) ရှယ်ခန့်ရှိ မိန်းမတစ်ဦး ဖြစ်၍ သားနားမှု အလျှင်းမရှိ။ စုတ်ပြတ် နံ့ချာလှသည့်အပြင် ကြုံလှီ ခန်းခြောက်သောသဏ္ဌာန်ကို ဆောင်လျက် ရှိ၏။ သူ့ မျက်လုံးကြီးများမှာ ကျီးကန်းတောင်းမှောက် စိတ်မနှံ့သူ၏ မျက်လုံးများပမာ ချာချာလည်၍ နေသည်။ ထိပ်ဖျားဦ စက္ကူ အရုပ်ကလေးများ ထိုးစိုက်ထားသည့် ဝါးတိုင် တစ်ချောင်းကို သူ့လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ စက္ကူ အရုပ်ကလေးတို့မှာလည်း

မည်သို့မျှ ဝယ်ချင်ဖွယ်ရာ မရှိ။ သူမ၏ ရုပ်သဏ္ဌာန်နှင့် မခြား။ မသေမသပ် ဖြစ်ကတတ်ဆန်း နိုင်လှ၏။ ထိုအရုပ်များမှာ သူကိုယ်တိုင် ပြုလုပ်ခဲ့သော လက်ဖြစ် အရုပ်ကလေးများသာ ဖြစ်ရပေမည်။

သူသည် ထို အရုပ်ကလေးများကို ရောင်း၍ စွံဟန်ပင် မတူချေ။ ထို့ကြောင့်လည်း သူသည် "ယင်း" သည် မြေးအဘွားအား ကိုယ်ချင်းစာနာမိခြင်း ဖြစ်ဟန်တူ၏။

ဟင်းရွက်သည် မိန်းမလည်း ထိုအခါကျမှပင် မျက်နှာ သိသိသာသာ ကြီး ညိုးကျသွားတော့၏။ ယခင် အခိုက်အတန့်များက အခက်ထန်ဆုံး မျက်နှာထားတွင် တင်းမာမှု အရိပ်အယောင်များ လျော့ပါးသွားတော့သည်။

'သူတို့က လူကို သူခိုးလို့ အကင်းစွပ်စွဲနေကြတာကိုးရှင့်။ အစကတည်းက အေးအေးလူလူ ပြောရင် ကျုပ်က ဒီလောက် မရိုင်းပါဘူး။ ခုတော့ အမြင်ကတ်ပြီး တမင်တကာ စွတ်ကန် ငြင်းလိုက်တာပေါ့။ ကျုပ်က တကယ့်ကို ဘယ်သူ့ဟာမှန်း မသိလို့ ကောက်သိမ်းထားတာပါ။ ကျုပ် စိတ်ထဲ ဈေးသည် တစ်ယောက်ယောက် မတော်တဆ ကျကျန်ရစ်တာပဲ၊ ပြန်လာတောင်းရင် ပေးမဟဲ့ဆိုပြီး တမင်သိမ်းထားတာပါ။ ကျုပ် ဘယ်သူ့ပစ္စည်းမှ မခိုးပါဘူး တော်။ ခုမှပဲ လူကို သူခိုး အစွပ်စွဲခံရတယ်။ ကျုပ် မခိုးမှန်း ဘုရားပဲ သိလိမ့်မယ်'

ဟင်းရွက်သည်မ၏ လေသံမှာ အတော်ပင် ပျော့ပျောင်းလာ၏။

ထိုအချိန်၌ သူသည် သူ့ဘက်တွင် ထောက်ခံမည့်သူ မရှိ။ အားလုံးလိုလိုက သူ့ကို ပြစ်တင်ရှုတ်ချသော မျက်နှာထားတို့ဖြင့် စိုက်ကြည့်နေကြပြီကို သတိပြုလိုက်မိရုံသာမက အဘွားကြီး၏ မြေးမကလေး အနေနှင့်လည်း မိမိ ငွေ ကောက်ယူထားကြောင်း နောက်မဆုတ်တမ်း စွပ်စွဲတော့မည်ကို နားလည်ထားလိုက်မိပုံ ရသဖြင့် ဤကဲ့သို့ လေသံပြောင်းလိုက်ခြင်း ဖြစ်ဟန်တူလေ၏။

မည်သို့ပင်ဖြစ်စေ "ယင်း" သည် မြေးအဘွားခများမှာကား မျက်နှာများ ဝင်းထိန်သွားလျက် ဝမ်းသာ ရွှင်လန်း၍မဆုံး ဖြစ်သွားကြရသည်။ မိမိတို့ ငွေ မိမိ ပြန်ရတော့မည့် အရေးကိုပင် ရွှေထုပ်ကြီးတစ်ထုပ် ကောက်ရသဘိသကဲ့သို့ ဝမ်းသာကြကုန်သည်။

'အဘွားတို့က မင်းကို ခိုးပါတယ်ရယ်လို့ စွပ်စွဲတာ မဟုတ်ပါဘူး

မိန်းကလေးရယ်။ ဘုရား ပေးပေး ကျမ်းပေးပေး ဒီလို မစွပ်စွဲရစိတ် မရှိပါဘူး။ အဘွားတို့မှာ ဒီ ချေးလာတဲ့ ငွေကလေးကို နေ့တွင်းချင်း ပြန်ဆပ်ရမှာမို့ ကောက်ထားမိရင် ပြန်ပေးဖို့ တောင်းပန်ရတာပါ မိန်းကလေးရယ်။ အဘွားတို့ကို စိတ်မဆိုးပါနဲ့။ အဘွားရဲ့ မြေးကလေး ပြောမှားဆိုမှား ရှိရင်လည်း သည်းခံပါကွယ်။ ခုလို အဘွားတို့အပေါ် စိတ်ကောင်းထားတဲ့အတွက် ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပါစေ ငါ့မြေးရယ်'

အဘွားကြီး၏ မေတ္တာပို့သံမှ မစဲသေးမီ ဟင်းရွက်သည် မိန်းမက သူ့ချေးခံ အိတ်ကပ်ထဲမှ ငွေစက္ကူလိပ်ကလေးကို မိန်းကလေး၏ လက်ထဲသို့–

'ကဲ... ရော... နင်တို့ ငွေ' ဟု ထည့်ပေးလိုက်သည်တွင် မိန်းကလေးက တအံ့တဩနှင့်–

'ဟင်... ခုနစ်ကျပ်ထဲ' ဟု ယောင်ယမ်း အော်လိုက်သည်။

'ဟဲ့... ကိုးကျပ်ပါ ငါ့မြေးရဲ့' ဟုလည်း အဘွားကြီးက ဝင်ထောက်၍ ပြောလိုက်၏။

'အောင်မယ်... ကျုပ် ကောက်ရတာ ဒါပါပဲတော်။ ဘယ့်နှယ့် ကိုးကျပ် ရမှာလဲ။ တကတဲ ကျုပ် ဒီငွေကို မတရား ခိုးယူတာလည်း မဟုတ်ဘူး။ ကျုပ်နဲ့ ထိုက်လို့ ကျုပ် အနားလာပြီး ကျနေတဲ့ ငွေ။ ကျုပ် တစ်ပြားမှ ပြန်မပေးတော့ကော အဘွားကြီးတို့ ဘာတတ်နိုင်မတုံး။ ကျုပ်လည်း အဘွားကြီးတို့လိုပဲ ဒီကနေ့ ဘာမှ ရောင်းရသေးတာ မဟုတ်ဘူး။ ခရီးစရိတ်လေးတောင် မရသေးဘူး။ တကတဲ အဘွားကြီးကို သနားလို့သာ ပြန်ပေးတာ။ ကိုယ့်ငွေကိုယ် ပြန်ရရင် ကျေနပ်ဖို့ ကောင်းတယ်'

ဟင်းရွက်သည်မက ကက်ကက်လန်အောင် ရန်တွေ့ရင်း ကောက်ရသည့် ငွေမှာ ကိုးကျပ်မဟုတ်ကြောင်း ငြင်းဆန်လိုက်သော အခါတွင်ကား အဘွားကြီးရော မိန်းကလေးတို့ပါ ပါးစပ်အဟောင်းသားနှင့် အတန်ကြာ ငိုင်တွေ၍ သွားကြ၏။ အပြစ်မကင်းသော မျက်နှာထားဖြင့် ဇွတ်ကန် ငြင်းလျက် ရှိသည့် ဟင်းရွက်သည် မိန်းမအား "ယင်း" သည် မြေးအဘွားကလည်း ယုံကြည်ကြဟန် မတူပေ။

ကျွန်တော်လည်း အနီးအနားရှိ ဈေးသည်အချို့က 'ရေအဆုံး ကုန်းတစ်ဝက်၊ ပြန်ရသမျှ အမြတ်လို့ပဲ သဘောထားလိုက်ပါ' ဟု အဘွားကြီးအား ဝိုင်းဝန်း ဖျောင်းဖျလျက် ရှိကြသည်ကို မကြည့်ရက် ကြည့်ရက် လှမ်းကြည့်

လိုက်မိပြီးနောက် ထို လမ်းဘေး ဈေးတန်းကလေးဆီမှ သုဟ်ခြေတင်ခဲ့မိတော့သတည်း။

*

ဈေးတန်းကလေးကား ယခုအခါ၌ မရှိတော့ပြီ။

ထုံးစံအတိုင်း အင်းစိန် ဘတ်စ်ကားမှ ဆင်းပြီး သိမ်ကြီးဈေး အိမ်သာကို ပတ်လျှောက်ကာ ယခင် ဈေးတန်းကလေး တည်ရှိရာ အုတ်စင်္ကြံပေါ်သို့ ရောက်ခဲ့သည့်တိုင်အောင် ယခင်ကလို ဈေးသည်တို့၏ ဈေးတန်းများအကြားမှ ရှောင်ရှား၍ ဖြတ်စရာ မလိုတော့ပြီ။

ယခင်တုန်းက ကြားနေကျ ဈေးသည်တို့၏ 'ဝယ်ပါ၊ ယူပါ' တစာစာ အော်ဟစ် ဈေးခေါ်သံများကိုသည်း မကြားနိုင်တော့ပြီ။ ယခုအခါ၌ ရင်ခွဲရုံနံဘေး အုတ်စင်္ကြံမှာ ပကတိ ရှင်းလင်းလျက် ရှိပေ၏။

ထို ရှင်းလင်းလျက်ရှိသော နေရာဟောင်းကို ဖြတ်လျှောက်မိသောအခါ၌ကား ကျွန်တော့်အဖို့ ယခင် နှစ်လကျော်ခန့်က အမှတ်မထင် ကြုံကြိုက်ခဲ့ရဖူးသော "ယင်း" သည် မြေအဘွားနှင့် ဟင်းရွက်သည် မိန်းမတို့၏ အဖြစ်အပျက်ကလေးကို ပြန်လည် အောက်မေ့မိရင်းက၊ ခုနေအခါတွင် သူတို့တစ်တွေ ဘယ်လို အခြေ၊ ဘယ်လို ဘဝမျိုးသို့ ရောက်ရှိနေကြလိမ့်မည်ကို သိလိုစိတ် ပြင်းပြလာမိပါတော့သည်။

"ယင်း" သည် မြေအဘွားတို့သည် သူတို့ နေ့ပြန်တိုး ဈေးလာရသော ငွေတစ်ဆယ်ကို ပေးဆပ်နိုင်ရန်နှင့် နေ့စဉ် ဝမ်းတစ်ခါးကို ဖြည့်တင်းသွားနိုင်ရန်အတွက် မည်သည့် ဈေးခင်းတစ်ခုခုထဲ၌ ရောက်နေကြလေမည်နည်း။

မိမိ ဈေးရောင်းမကောင်းသောကြောင့် ဘဝတူ ဈေးသည် အချင်းချင်းထံမှ ငွေကို ခိုးကြောင်ခိုးဝှက် ယူဖို့ ကြိုးစားခဲ့သူ ဟင်းရွက်သည် မိန်းမသည်လည်း မည်သည့် ဈေးခင်း တစ်ခုတွင် ဟင်းရွက်များ ရောင်းချနေလိမ့်မည်နည်း။

ကျွန်တော်သည် သူတို့အားလုံးအတွက် တွေးတော ပူပင်လိုက်မိရင်းကပင် သူတို့တစ်တွေ စုဝေး တည်ရှိခဲ့ဖူးသော ဈေးတန်းကလေးကို ပြန်လည်မြင်ယောင်လာမိပါတော့သည်။ ဈေးတန်းကလေးမှ သူတို့တစ်တွေ၏ အသံဗလံ များကိုလည်း ကြားယောင်လာမိပါတော့သည်။

ဈေးတန်းကလေးကား ဤနေရာဝယ် မရှိတော့ပြီ ဖြစ်သော်လည်း ကေန်မုရျ တစ်နေရာရာတွင် အစုအဝေးလိုက်သော် လည်းကောင်း၊ တကွဲတပြားစီသော် လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း ရောက်ရှိနေပေလိမ့်မည်။

မည်သို့သော အရပ်သို့ ရောက်နေစေကာမူ ဤလောကကြီး၌ လူလူချင်း ခေါင်းပုံဖြတ်မှုများ တည်ရှိနေသရွေ့ ကာလပတ်လုံး သူတို့တစ်တွေ အစားဆင်းရဲခြင်း ဒုက္ခ၊ အဝတ်ဆင်းရဲခြင်း ဒုက္ခ၊ အနေဆင်းရဲခြင်း ဒုက္ခ၊ အူမ မတောင့်သဖြင့် သီလ မစောင့်နိုင်သော ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်သေးသရွေ့ ကာလပတ်လုံး ဤဈေးတန်းကလေးသည်လည်း ကြုံတွေ့နေကျ ဤသို့သော ဖြစ်ရပ်မျိုးတို့ကို ရင်ဆိုင် ဖြေရှင်း နေကြရလိမ့်မည်သာ တကား။ ။

[ ရှုမဝ၊ ဖေဖော်ဝါရီ ၁၉၅၉ ]

# အလုပ်ဝင်ရက်

(၁)

'သူ့ကိုမှ ရွေးပြီး ခိုင်းတတ်ပလေ ကိုသန်းတင်ရာ၊ ဒီလောက် ချည့်ချည့်နဲ့နဲ့ လက်ကလေးတွေနဲ့ ဒီ ထင်းတွေ ဒီကနေ့ ခွဲပြီးပါ့မလား'

တစ်နေ့သ၌ ကျွန်တော်သည် သူငယ်ချင်း ကိုသန်းတင်တို့ အိမ်သို့ အလည်အပတ် ရောက်ရှိစဉ်၊ သူ့ အိမ်ရှေ့တွင် ကနစိုခြမ်း လေးငါးရာထက် မနည်း ရှိမည့် ထင်းပုံကြီး အလယ်၌ ဓားမ တစ်လက်နှင့် ထင်းများ ခွဲစိတ်နေသည့် အသက် (၅၀) ခန့်ရှိ ကုလားအဘိုးကြီးကို ကြည့်ရင်းက မေးလိုက်မိခြင်း ဖြစ်ပါသည်။

အမှန်တကယ်လည်း ကျွန်တော်က မေးယူရလောက်အောင်ပင် ကုလားကြီးမှာ အရိုးပြိုင်းပြိုင်း ခန္ဓာကိုယ်၊ ကြံလိုချည့်နဲ့လှသော လက်ကလေးများဖြင့် သူ့လက်ထဲက ဓားမကိုပင် မြှောက်မှ မြှောက်နိုင်ပါ့မလားဟု သံသယ ဖြစ်ဖွယ်ရာ ရှိပေသည်။

သို့ရာတွင် ကိုသန်းတင်က သဘောကျစွာ ရယ်သွမ်းသွေးလိုက်ရင်းက–

'ခင်ဗျားက ဒီကုလားကြီးကို လူနဲ့ ဝန် မတန်တဆ ခိုင်းရပါ့မလားလို့ ကျွန်တော့်ကို အပြစ်တင်ချင်သပေါ့လေ။ အင်း… သူ့ကို စပြီး ခိုင်းမယ် လုပ်တုန်းကလည်း ကျွန်တော် ကိုယ်တိုင် ငါ့နှယ် ဒီကုလားကြီးကို ခိုင်းရင် နှိပ်စက်သလိုများ ဖြစ်နေမလားလို့တောင် အောက်မေ့ခဲ့တာပေါ့။ သူက ဒီ တစ်လမ်းလုံး သူပဲ ထင်းခွဲပေးနေတာပါ။ သူ့ကို အလုပ်ပေးပါလို့ အတင်း

အလုပ်တောင်းလို့သာ ခိုင်းလိုက်ရတယ်။ အခု ခင်ဗျားလိုပဲ အလုပ်ကို ပြီးအောင် လုပ်နိုင်လိမ့်မယ်လို့ နည်းနည်းမှ မထင်ခဲ့မိဘူး။ ဒါပေမဲ့ သူ့ခမျာ ဒီအလုပ်ကလေး လုပ်ရမှ ထမင်းစားရမှာဆိုတော့ သူ လုပ်နိုင်သလောက်ပဲ လုပ်ပေစေ၊ ငွေကလေး နည်းနည်းပါးပါး ပေးလွှတ်လိုက်မယ်လေ ဆိုပြီး ခိုင်းရတော့တာပေါ့။ ခက်တာက သူ့ကို သနားပြီး မခိုင်းပြန်ရင်လည်း သူ့ကို မကူညီသလိုပဲ နေမယ် မဟုတ်လား။ ငွေသက်သက် ပေးလွှတ်ရအောင်ကလည်း သူ့ကို စော်ကားရာ ရောက်ချင် ရောက်လိမ့်မယ်။ သူ့ကြည့်တော့သာ ပိန်ပိန် ချည့်ချည့်နဲ့ အားမရှိဘူးလို့ အောက်မေ့ရတာနော်။ သူ ပြောပုံ ဆိုပုံက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်နဲ့ပဲ။ ဒီတစ်လမ်းလုံး အိမ်တွေက ထင်းတွေ သူပဲ ခွဲပေးတဲ့အကြောင်း ဖောဖော ပြောတယ်။ သူ့ကို မယုံမကြည်ဖြစ်တာကိုတောင် သူ ကြိုက်ပုံ မရဘူး။ ဒါနဲ့ ကျွန်တော်လည်း အလုပ် မပြီးတာပြီးတာ အပထား၊ သူ ကျေနပ်အောင် လုပ်နိုင်းပြီး အတော်ကလေးကြာမှ ငွေပေးလွှတ်လိုက်မယ်ဆိုပြီး ခိုင်းလိုက်တာပဲ။ ကျွန်တော် ထင်သလို ဘယ်ဟုတ်မလဲ။ ဆယ့်လေးငါးမိနစ်လောက် ကြာလို့ ထွက်လည်း ကြည့်ပါရော၊ လား... လား နည်းတဲ့ ထင်းတွေ မဟုတ်ဘူး။ သူ ခွဲပြီးနေတာ။ တကယ် အလုပ် လုပ်ကြဟဲ့ဆိုတော့ ကျွန်တော်တို့ထက်တောင် အားရှိသေးရဲ့။ ဖွဲ့နပဲလည်း အင်မတန်ကြီးပုံ ရတယ်။ ဒီလိုပဲ ဖြည်းဖြည်းဖြည်းဖြည်းနဲ့ ထင်း လေးငါးရာကို ညနေမစောင်းခင် အကုန်ပြီးအောင် ခွဲသွားတယ်ဗျ။ ကျွန်တော်လည်း အဲဒီကတည်းက သူ့ကို ယုံကြည်သွားမိပြီး ထင်းခွဲစရာရှိတဲ့ အခါတိုင်း သူ့ကိုပဲ ခေါ်ခေါ်ခိုင်းခဲ့တယ်။ တကယ်ဆိုတော့ သူ့ခမျာ ထင်းတစ်ရာခွဲမှ ပြား ၄၀ လောက် ရရှာတာ။ ဒါပေမဲ့ ဘယ်လောက်ပဲရရ သူ့အလုပ်ကလေးသူ ကျေကျေနပ်နပ် ရောင့်ရောင့်ရဲရဲနဲ့ အမြဲတမ်း လုပ်ရှာတယ်။ သူက ဘာပြောဖူးသလဲ သိလား၊ သူ့မှာ အားကိုးအားထားရယ်လို့ ဘယ်သူမှ မရှိပါဘူးတဲ့။ သူ့အဖို့ အလုပ် လုပ်နိုင်မှ ထမင်းစားရမှာပဲတဲ့။ သူ အလုပ်မလုပ်နိုင်တဲ့ တစ်နေ့ သူလည်းပဲ သေမှာပဲတဲ့။ ဒီလိုလူမျိုးက ဘယ်သူ့ကိုမှ မမှီခိုဘဲ ကိုယ့်လုပ်အားနဲ့ ကိုယ် ရှာစားနိုင်မှ မျိုးကျမယ့် လူမျိုးဗျ။ သူ့အတွက် အလုပ် လုပ်နေရတာကိုက ဂုဏ်တစ်ခုပါပဲ'

သန်းတင်က ထင်းခွဲကုလားကြီး၏ အကြောင်းကို ရှင်းလင်း ပြောပြနေလေ၏။

ကုလားကြီးကား ကျွန်တော်တို့ နှစ်ယောက်အား မော်၍ဖျပင် မကြည့်ဘဲ သူ့ပတ်ပတ်လည်ရှိ ကနစို ထင်းခြမ်းများကိုသာ တစ်ခုပြီး တစ်ခု အဖြာဖြာ ခွဲစိတ်လျက်ရှိ၏။ သူ့အနားကပ်သွား၍ အကဲခတ် ကြည့်မိသည်တွင် သူ၏ ကြုံလှီသေးမြှောင်းလှသော လက်မောင်းအိုးတို့တွင် ကြွက်သား အစိုင်အခဲကလေးများ လှိုင်းထ၍ ထ၍ သွားသည်ကို ဂရုပြုလိုက်မိပါသည်။

ကိုသာန်းတင် ပြောပြသကဲ့သို့ပင် ဤကုလားကြီးသည်ကား အမြင်အားဖြင့် အားအင် ကင်းမဲ့သည့် အသွင်ကို ဆောင်နေသလောက် သူ့အလုပ်သူ လုပ်ရိုးလုပ်စဉ် ဝတ္တရား တစ်ရပ်အနေဖြင့် စိတ်ရောကိုယ်ပါ ဆောင်ရွက်နေခြင်းသာ ဖြစ်လေ၏။

အသက်အရွယ်နှင့် မလိုက်အောင် သူမို့ပင် မမောမပန်း မညောင်းမညာ လုပ်နိုင်ပါပေသည်။ ဖွံ့နပဲ ကြီးမားလှပေသည်။

ဤကဲ့သို့ ကုလားကြီးအား ရင်ထဲက ကျိတ်၍ ချီးကျူးလေးစားနေမိရင်းကပင် ကျွန်တော့် စိတ်ထဲ၌ တစ်ခါက ကိုသန်းတင်တို့ အိမ်ရှေ့မှာပင် မြင်လိုက်ရဖူးသော ပိတ်ဖြူစင်ကြယ်နှင့် အလှူခံ တစ်ယောက်အား ရုတ်တရက် သတိရလာမိသဖြင့်–

' ဒီ ကုလားကြီးကို တွေ့ရတော့ ဟိုတစ်ခါ ခင်ဗျားတို့အိမ် ဝင်ပြီး ပိုက်ဆံတောင်းတဲ့ ဖိုးသူတော်လိုလို လူဝတုတ်တုတ်ကြီးကို သတိရမိတယ်ဗျာ'

'ဪ... ဒီလောက် ခွန်အားဗလကြီးနဲ့ အလုပ်မလုပ်တဲ့ တောင်းစားရကောင်းလားလို့ ခင်ဗျား ဒေါ်ပွတဲ့ လူလား'

'အေးဗျာ ကြည့်စမ်းပါဦး၊ နည်းတဲ့ ဗလကြီးမှ မဟုတ်တာ။ ရင်အုပ်ကြီးတွေ၊ လက်မောင်းကြီးတွေ၊ ဒီကုလားအဘိုးကြီးထက် သုံးလေးဆလောက်ကြီးတော့မပေါ့။ ဆန်အိတ် ထမ်းမလား၊ ရေဆွဲစားမလား၊ ကူလီလုပ်စားမလား၊ သူ့ ခွန်အားဗလကြီးနဲ့ ကောင်းကောင်းကြီး လုပ်စားနိုင်တာပဲ' ဟု ထိုလူ့ပေါ်သောကြီးအား ကျွန်တော်တို့ရှေ့မှ ကုလားကြီးနှင့် နှိုင်းယှဉ် ဝေဖန်လိုက်မိပါသည်။

'ဟုတ်တယ်၊ အဲသလို အလုပ်တစ်ခု လုပ်ပြီး ကိုယ့်ဝမ်းကိုယ် မကျောင်းချင်တဲ့ လူမျိုးတွေလည်း ဒုနဲ့ ဒေးပေါ့ဗျာ။ သူတို့ကျပြန်တော့လည်း ကိုယ်သက်သာခိုချင်စိတ်ပဲ ရှိကြတာကလား။ ဆန်အိတ်ပဲ ထမ်းထမ်း၊ ရေပဲ ဆွဲဆွဲ၊

ဆိုက်ကားပဲ နင်းနင်း၊ ကူလီပဲ လုပ်လုပ်၊ အများအပေါ် မမှီခိုဘဲ ကိုယ့်ဝမ်း ကိုယ်ကျောင်းနိုင်ရင် ဂုဏ်အရှိဆုံးပဲ ဆိုတဲ့ အချက်ကို သူတို့ သဘောမပေါက် ကြဘူးဗျ။ တကယ်ဆိုတော့ ဆင်းရဲတာ၊ ချမ်းသာတာလည်း အဓိက မဟုတ် ပါဘူး။ ဘယ်သူမဆို၊ ဘယ်အလုပ်မျိုးကိုမဆို ရည်မှန်းချက် တစ်ခုနဲ့ လုပ်နေဖို့ အရေးကြီးဆုံးပါပဲ'

'အမှန်ပဲ၊ ခင်ဗျားပြောလို့ ကျွန်တော်တို့ သူငယ်ချင်း သူဌေးသား တစ်ယောက် အကြောင်းကို စဉ်းစားမိတယ်။ အဲဒီလူ ကျပြန်တော့လည်း မော်တော်ကားပေါ်က ခြေမချ။ ငွေဆိုရင်လည်း သူ့အကျိုးအိတ်ထဲ အနည်းဆုံး ရာတန်တစ်ချပ် အမြဲတမ်း ထည့်လာနိုင်တဲ့ လူတစ်ယောက်ပဲ။ အဘက်ဘက် က လိုလေသေးမရှိ ပြည့်စုံတယ်လို့ ဆိုနိုင်တာပေါ့။ ဒါပေမဲ့ သူ့ရင်ထဲမှာတော့ သူ့ဘဝသူ နည်းနည်းမှ မကျေနပ်ဘူး။ မရောင့်ရဲ မတင်းတိမ်ဘူး။ သူ့ ပင်ကို စိတ်ရင်း အင်မတန် ကောင်းသလောက် သူဟာ ဘယ်သူ့အပေါ်မှာ မဆို အနိုင်ယူချင်တဲ့စိတ်၊ ဗိုလ်ကျချင်တဲ့ စိတ်က များနေတယ်ဗျာ။ ဘာမဆို သူသာသိ၊ သူသာတတ်၊ သူသာ နားလည်၊ သူများ ပြောတာဆိုတာ၊ သူများရဲ့ အယူအဆကို ဘာမှ လက်ခံလိုစိတ် မရှိဘူး။ ငါ့စကား နွားရ အင်မတန် ပြော တတ်တယ်။ စကားဝိုင်းတွေမှာ သူကချည်း စကားများများ ပြောချင်တယ်။ သူများ ပြောတာ သူ နားမလည်ရင်၊ စိတ်မဝင်စားရင် တစ်ခါတည်း ပြော ခွင့်ကို မပေးတော့ပါဘူး။ ကဏ္ဍကောစ လျှောက်ပြောတော့တာပဲ။ ကြာတော့ သူ့အပေါင်းအသင်းတွေက သူ့ကို ရှောင်မှန်းမသိ ရှောင်လာကြတယ်ဗျာ။ အစက ကျွန်တော်တောင် သူ့ကို သည်းမခံနိုင်ခဲ့ဘူး။ အတော်ကြီး စိတ်ပျက် ခဲ့မိတယ်။ နောက်မှ စဉ်းစားကြည့်တော့ ကျွန်တော်တို့တစ်တွေထက် သူဟာ မညံ့ဘူး ဆိုတာကို ပြချင်နေတာပဲ ဆိုတာကို သဘောပေါက်လာမိတယ်။ သူ့မှာ အဘက်ဘက်က ပြည့်စုံတယ်ဆိုပေမဲ့ သူကိုယ်တိုင်က ဘာအလုပ်မှ မည်မည်ရရ လုပ်တာ မဟုတ်ဘူး။ သူ့မှာ ပြည့်စုံပါတယ် ဆိုသရွေ့ဟာ သူ့ မိဘတွေဆီက လက်ဖြန့်ခံရတာတွေချည်းပဲကိုး။ ဒီတော့ သူ့ဘဝ သူ ကျိတ်ပြီး မကျေမနပ် ဖြစ်နေတော့တာပေါ့။ နောက်ပြီး အဲသလို မကျေမနပ်ဖြစ်နေတဲ့ သူ့ဘဝကို တခြားလူတွေ သိသွားမှာကိုလည်း သူ ကြောက်တယ်။ သူ့အပေါ် မှာ သူများက တင်စီးသွားမှာ၊ အနိုင်ယူသွားမှာကိုလည်း သူ ကြောက်တယ်။ ဒီတော့ သူများတွေအပေါ်မှာ သူက ဦးအောင် ဗိုလ်ကျတာချည်းပဲ။ အနိုင်ယူ တာ ချည်းပဲ'

'အဲဒါကြောင့် ကျွန်တော် ပြောတာပေါ့။ ဆင်းရဲတာ၊ ချမ်းသာတာလည်း အဓိက မဟုတ်ဘူး။ အဲဒီ ခင်ဗျား သူဌေးချင်းဆိုရင် ငွေဂုဏ် ကြေးဂုဏ်၊ ပကာသနဂုဏ် အကုန်လုံး ပြည့်စုံတာပဲ။ ဒါပေမဲ့ သူ့မှာ အလုပ်ဂုဏ်တစ်ခု လိုနေတော့ သူ့ ဘဝဟာ မပြည့်စုံနိုင်တော့ဘူးပေါ့။ ဟောဒီ ကုလားကြီးကို ကြည့်ပါလား၊ သူ့ ကြည့်တော့ ပင်ပန်း ဆင်းရဲပုံရပေမဲ့ တကယ်ကြတော့ သူ့မှာ ပူပင်ကြောင့်ကြမှု ဘာမှမရှိဘူးဗျ။ သူ့ဘဝနဲ့သူ တင်းတိမ် ရောင့်ရဲနေတာပဲ။ ကျွန်တော်တော့ ဒီကုလားကြီးရဲ့ ဘဝကို အားကျမိတယ်၊ ဂုဏ်လည်းယူမိတယ်။ ကျွန်တော် ကြီးလာရင်လည်း ဘယ်သားသမီးကိုမှ အားမကိုးဘဲ သူ့လိုပဲ ကိုယ့်ဘဝကိုယ် လွတ်လွတ်လပ်လပ် ရုန်းချင်တယ်ဗျာ'

ကျွန်တော်တို့ နှစ်ယောက်သား အိမ်ထဲသို့ အဝင်တွင် ကိုသန်းတင်က ထင်းခွဲလျက်ရှိသော ကုလားအဘိုးကြီးအား ဂုဏ်ယူ အားကျစွာဖြင့် ပြောလိုက်လေသည်။

'အလုပ် လုပ်တာဟာ လွတ်လပ်ခြင်း တစ်ရပ်ပဲ ဆိုတဲ့ ပြင်သစ်စကားပုံ တစ်ခုလိုပေါ့။ အမှန်ပါပဲ၊ ဘယ်သူ့ကိုမှ အားမကိုးဘဲ၊ မမှီခိုဘဲ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်နေရတဲ့ ဘဝဟာ အလွတ်လပ်ဆုံး နေမှာပဲ။ ဂုဏ်အရှိဆုံး နေမှာပဲ'

ကျွန်တော်သည် ဤသို့ ကိုသန်းတင်၏ စကားများကို ထောက်ခံပြောဆိုလိုက်မိစဉ်မှာပင် သူနှင့် ကျွန်တော် စကားစပ်မိစပ်ရာ ဆွေးနွေးခဲ့မိသော အချက်အလက်များမှ တစ်ဆင့် ကျွန်တော်၏ စိတ်ကူးတို့သည်လည်း လွန်ခဲ့သည့် ဆယ်နှစ်ကျော်က အဖြစ်အပျက် တစ်ရပ်ဆီသို့ ပြန်ပြောင်းရောက်ရှိသွားပါတော့သည်။

(၂)

၁၉၄၉ ခုနှစ် နိုဝင်ဘာလ အတွင်းက ဖြစ်ပါသည်။

တစ်မနက်ခင်း ကမာရွတ်မှ ရန်ကုန် အသွားတွင် ကျွန်တော်သည် ဘတ်စ်ကားပေါ်၌ အသက် (၆၀) ရှယ်ခန့်ရှိ အဘိုးအို ဟစ်ယောက်နှင့် ခုံတစ်ခုံတည်း ထိုင်မိလျက်သား သွား၍ ဆုံမိခဲ့ကြ၏။

ထို အဘိုးအိုကား တွေ့နေကျ၊ မြင်နေကျ သာမန် အဘိုးအို တစ်ယောက်မျှသာ ဖြစ်ပါသည်။ သူ့မျက်နှာတွင် ပါးရေနားရေများမှာ ညောင်မြစ် ညောင်

နှယ်များပမာ တွန့်လိမ်တွဲယှက်လျက် သူ့ဆံပင်မှာလည်း ဆွတ်ဆွတ်ဖြူနေလေပြီ။

သူ့ခါးမှာ အတော်ကြီး ကိုင်းကာ သူ့လက်တို့မှာလည်း အရိုးငေါငေါ ထွက်နေလေပြီ။

ဤသို့ အပြင်ပန်းအားဖြင့် တွေ့ရှိးတွေ့စဉ် အဘိုးအို တစ်ယောက်မျှသာ ဖြစ်သော်ငြားလည်း သူ့ လက်ထဲ၌ ဖျစ်ညှစ် ဆုပ်ကိုင်ထားသည့် အရာဝတ္ထု တစ်ခုက သူ့အား စိတ်ဝင်စားသွားစေပါသည်။ ထိုအရာဝတ္ထု ကြောင့်ပင် ကျွန်တော်သည် သူ့အား ဂရုမစိုက်ဘဲ မနေနိုင်တော့ရုံသာမက တစ်စုံတစ်ရာ သိရှိလိုစိတ်များကိုလည်း ချုပ်တည်းမရနိုင်တော့သဖြင့်–

'ဘကြီး၊ ဒီ ခုံဖိနပ်တွေ ဘာလုပ်မလို့လဲ' ဟု ဖွင့်ဟ မေးမြန်းလိုက်မိ၏။

'ဘကြီး လည်ရောင်းနေတာပါကွယ်၊ အခု ရန်ကုန်ထဲ သွားရောင်းမလို့ပါ' ဟု အဘိုးအိုက အဖြေပေးလေသည်။

ကျွန်တော့်မှာ အဘိုးအို၏ လက်ထဲမှ တုတ်တစ်ချောင်းတွင် တိုးလိုးတွဲလောင်း ချိတ်ဆွဲထားသည့် ခုံဖိနပ်များကို စူးစူးစိုက်စိုက် ကြည့်နေမိရင်းက ကြားလိုက်ရသော စကားများကို မယုံကြည်နိုင်အောင်ပင် ဖြစ်သွားမိတော့၏။

'ဘကြီး ဒါတွေ လျှောက်ရောင်းမလို့ ဟုတ်လား' ဟူ၍လည်း တအံ့တဩ ဆက်လက် မေးမြန်းလိုက်မိပါသည်။

'အေးကွယ့်၊ ဘကြီး နေ့တိုင်း ခုံဖိနပ် လည်ရောင်းနေတာပဲ၊ ငါ့မြေးက ဝယ်ချင်လို့လားကွယ်'

'မဟုတ်ပါဘူး ဘကြီး၊ ဘကြီး အသက်အရွယ်နဲ့ ဒီ ခုံဖိနပ်တွေ လျှောက်လည်ရောင်းတယ်ဆိုလို့ ကျွန်တော် အံ့ဩသွားမိလို့ပါ။ ဘကြီးရဲ့ အသက် ဘယ်လောက်ရှိပြီလဲ ခင်ဗျာ'

'၆၁ နှစ် ရှိပါပြီကွယ်၊ ငါ့မြေး မအံ့ဩနဲ့တော့၊ ဘကြီး ဒီအသက်အရွယ် ထိ ဖျားတဲ့နာတဲ့ အခါကလွဲလို့ အလုပ်နဲ့ လက်နဲ့ တစ်ခါမှ မပြတ်ခဲ့သေးဘူးကွယ့်။ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြာဆံကြီး၊ မုန့်လက်ဆောင်း ဘကြီး အကုန်ရောင်းခဲ့ဖူးတယ်။ အခုမှသာ အသက်ကလေး ထောက်လာတော့ လေးလေးပင်ပင် သိပ်မထမ်းနိုင်လို့ ဒီ ခုံဖိနပ်ကလေးတွေပဲ ရောင်းနေရတာကွယ့်'

'ဘကြီးမှာ သားသမီး ကျောထောက်နောက်ခံ မရှိလို့လား ခင်ဗျာ'

‘ရှိတော့ ရှိကြတာပေါ့ကွယ်။ ဒါပေမဲ့ သူတို့မလဲ သူတို့ အလုပ်နဲ့ သူတို့မှ အနိုင်နိုင် ရှာစားကြရတာ။ ဘကြီးကို ဘယ်ကျွေးနိုင်ပါ့မလဲ။ ဘကြီးကလည်း ဘယ်သူ့ကိုမှ ဒုက္ခပေးချင်တဲ့လူမျိုး မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း အားမကိုးချင်ဘူး။ တစ်သက်လုံးလည်း ဒီအလုပ်တွေ လုပ်ခဲ့ရတော့ အလုပ်မလုပ်ဘဲလည်း မနေတတ်ပါဘူးကွယ်။ ခုဆိုရင် အတူနေတဲ့ သမီးနဲ့ သမက်ကိုတောင် ဘကြီးက ထောက်နေရသေးသကွယ့်။ သမက်က ဆိုက်ကားသမား၊ တလောကတင် ကားတိုက်မိလို့ ခုထက်ထိ အလုပ်ပြန်မလုပ်နိုင်သေးပါဘူးကွယ်’

ကျွန်တော်ကား အဘိုးအို၏ စကားတွေကို နားစွင့်ထောင်နေမိရာက ခုံဖိနပ်တစ်ရန်လောက် ဝယ်ယူအားပေးချင်စိတ်များပင် တဖွားဖွား ပေါ်ပေါက်လာမိ၏။ သို့ရာတွင် ခုံဖိနပ်တစ်ရန်ကို အနည်းဆုံး ငါးမူးတော့ ပေးရပေလိမ့်မည်။ ခက်သည်မှာ ကျွန်တော့်လက်ထဲ၌ မေမေ့ထံမှ တောင်းလာခဲ့သော ခရီးစရိတ်ကလေး ငွေတစ်ကျပ်မျှသာ ပါလာခြင်းပင် ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် မိမိ စေတနာကို ရင်ထဲ၌ပင် သိုဝှက်ထားလိုက်ရပြီးနောက် ခရီးတစ်လျှောက်လုံးလိုလိုပင် ထို ခုံဖိနပ်သည် အဘိုးအိုအပေါ်ဝယ် ကြည်ညို လေးစားစိတ်များ ဆတက်ထမ်းပိုး ပွားများလာမိပါတော့သည်။

ဤအဘိုးအိုသည်ကား ဇရာထောင်းခဲ့ပြီ ဖြစ်သည့်တိုင်အောင် အလုပ်တစ်ခုကို ဝတ္တရားမပျက် ဆောင်ရွက်လျက်ပင် ရှိချေသေး၏။ သူ၏ ပြောပြချက်အရ ဖျားသည့်နာသည့် အချိန်များမှအပ တစ်ခါဖူးမျှ အလုပ်နှင့် လက်နှင့် မပြတ်ခဲ့ဟု ဆို၏။ အလုပ်မလုပ်ဘဲနှင့်လည်း မနေတတ်ဟု ဆို၏။ သူသည် မည်သူ့ကိုမှလည်း ဒုက္ခမပေးချင်၊ အားမကိုးချင်ဟု ဆိုသည်။ ချီးကျူးဖွယ်ကောင်းလှစွ တကား။ ကြည်ညို အားကျဖွယ်ကောင်းစွ တကား။

ကျွန်တော်သည် အဘိုးအို အပေါ်ဝယ် ကြည်ညို အားကျ ဖြစ်မိသည်နှင့် အမျှ ထိုအခါက ကျွန်တော်၏ ဘဝအခြေအနေကို ပြန်လည်စစ်ကြောစဉ်းစားလာမိတော့သည်။ ထိုအခါက ကျွန်တော့် ဘဝမှာ ခုံဖိနပ်သည် အဘိုးကြီးထံမှ ခုံဖိနပ်တစ်ရန်လောက် ဝယ်ယူ အားပေးချင်ပါလျက်နှင့် မဝယ်နိုင်သော မိဘထံမှ လက်ဖြန့်ခံ ဘဝမျှသာ ဖြစ်လေ၏။ ထိုအခါက ကျွန်တော်၏ ဘဝကို ကျွန်တော့် မိဘများက “တစ်ရွာကိုး ယောင်ခြောက်ဆယ်” ဟူ၍လည်းကောင်း၊ “ထီးလမ်း လမ်းလျှောက်ကြီး” ဟူ၍ လည်းကောင်း၊ “ခြေသလုံး အိမ်တိုင်” ဟူ၍ လည်းကောင်း ဘွဲ့မည်အမျိုးမျိုး နှင်းအပ်ခဲ့ကြပါသည်။

အဘယ်ကြောင့်ဆိုသော် အသက်အရွယ်အားဖြင့် အစိတ်အတွင်း ရှိနေပြီ ဖြစ်သော ကျွန်တော်သည် ကျောင်းလည်း ဆက်မနေ၊ အလုပ်အကိုင်လည်း ဘာမျှမလုပ်ဘဲ လွယ်အိတ်တစ်လုံး လွယ်ကာ ထီးထမ်း လမ်းလျှောက်ဘဝမျိုးတွင် ကျင်လည် နေခဲ့ရသောကြောင့်တည်း။

အမှန်အားဖြင့် ကျွန်တော်သည် မဂ္ဂဇင်းတိုက်တကာသို့ သွားကာ စာရေးဆရာများ အကြောင်း၊ စာပေလောက အကြောင်းများကို ဗဟုသုတရှာမှီးရင်းက စာရေးဆရာ တစ်ဦးဖြစ်ဖို့ ရည်မှန်းကြိုးစားနေခဲ့ခြင်း ဖြစ်လေ၏။ သို့သော်လည်း ကျွန်တော့်မိဘများ စိတ်ထဲ၌ကား ကျွန်တော် နေပုံထိုင်ပုံကို အလျှင်း မကျေနပ်ခဲ့ကြဘဲ နေ့စဉ်နှင့်အမျှ ငြူစူ ကြိမ်းမောင်းခဲ့ကြပါသည်။

သူတို့ကား ကျွန်တော့်အား ကျောင်းဆက်၍ တက်လိုက တက်၊ သို့တည်းမဟုတ် တည်တည်တံ့တံ့ အလုပ်တစ်ခုကို ရှာဖွေလုပ်ကိုင်စေချင်ကြသည်။ ကျွန်တော့် ဖေဖေကမူ ကျွန်တော့်အား ဘီအေ အောင်စေပြီး သူကဲ့သို့ မီးရထားဌာနတွင် အရာရှိ၊ အရာခံ ဖြစ်စေလိုသည့်ဆန္ဒ ပြင်းပြခဲ့၏။ ကျွန်တော်က မီးရထားအရာရှိထက် စာရေးဆရာ ပို၍ ဖြစ်ချင်ပါသည်၊ စာရေးဆရာအလုပ်ကို ပို၍ ဂုဏ်ယူပါသည် စသည်ဖြင့် ပြန်ပြောမိသည့် အခါများတွင် ဖေဖေက–

'မင်း စာရေးဆရာ အလုပ်က တစ်လ ပိုက်ဆံ ဘယ်လောက်ရလို့လဲ၊ ဝတ္ထုတစ်ပုဒ်ကို ဘယ်လောက်များ ရသလဲ။ အခုဖြင့် မင်း စာရေးဆရာအလုပ်က တို့ဆီက နေ့တိုင်း ခရီးစရိတ် တောင်းပြီး လွယ်အိတ်တစ်လုံးနဲ့ လျှောက်လည်နေတဲ့ အလုပ်ပဲ' ဟု ငေါ့သလို၊ လှောင်သလိုနှင့် အထင်သေးစကားပြောတတ်ပါသည်။

ကျွန်တော်ကား ဘာတစ်ခွန်းမှ ပြန်ပြောခွင့် မရခဲ့ပါ။

မည်သို့ကော ပြန်ပြောနိုင်ဦးမည်နည်း။ ထိုအခါက ကျွန်တော်တို့လို နာမည်မရသေးသည့် စာရေးသူ ပေါက်စကလေးများအနေနှင့် ဝတ္ထုတစ်ပုဒ်ကိုမှ အစိတ်၊ သုံးဆယ် အများဆုံး ရနိုင်ခဲ့၏။ ပြီးတော့လည်း မဂ္ဂဇင်းတိုက်တွေက ကျွန်တော်တို့ ရေးပေးသမျှကို မှန်မှန်ထည့်မပေးခဲ့ကြပေ။ ဝတ္ထုကို မဂ္ဂဇင်းတွင် ထည့်သွင်းဖြစ်ပြန်တော့လည်း ဝတ္ထုရေးခကို ရဖို့ သိပ်မလွယ်ကူပြန်ချေ။ အစိတ်၊ သုံးဆယ်မျှသော ဥဏ်ပူဇော်ခကလေးကိုပင် အကြိမ်ကြိမ်အလီလီ ခွဲ၍ ပေးတတ်ကြသေး၏။ ဝတ္ထုကို ထည့်သွင်းဖော်ပြပြီး ရေးခမပေးသည့် တိုက်များနှင့်လည်း ကြုံခဲ့ရဖူးပါသည်။

ကျွန်တော်သည် စာရေးဆရာတစ်ယောက် ဖြစ်ချင်ဇောနှင့် ကြိုးပမ်းနေသူကား အမှန်ပင် ဖြစ်၏။ သို့ရာတွင် နာမည်မရသေးသော စာရေးသူပေါက်စ တစ်ယောက်အနေနှင့် ကျွန်တော့်အဖို့ တစ်လလျှင် ငွေတစ်ရာမျှပင် မှန်မှန်မရနိုင်ရုံသာမက ဝင်ငွေ တစ်ပြားတစ်ချပ်မျှမှ မရှိခဲ့သော လတွေလည်း ရှိချေသေး၏။

သို့ဖြစ်လေရာ မီးရထား အရာရှိ၊ အရာခံထက် စာရေးဆရာ ပို၍ ဖြစ်ချင်ပါသည် ဆိုသော ကျွန်တော့်အဖို့ မိဘထံမှ ခရီးစရိတ်၊ မုန့်ဖိုးပဲဖိုး လက်ဖြန့်မခံဘဲ မနေနိုင်ခဲ့တော့ပေ။

ထိုနေ့ မနက်ခင်းကပင် ကျွန်တော်သည် တာရာ မဂ္ဂဇင်းတိုက်သို့ သွားဖို့ ခရီးစရိတ် တစ်ပြားမှ မရှိသောကြောင့် မေမေ့ထံမှ ငွေတစ်ကျပ် တောင်း၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဘတ်စ်ကားပေါ်တွင် အသက် (၆၀) ကျော် ခုံဖိနပ်သည် အဘိုးကြီးနှင့် တွေ့လိုက်ရသော တဒင်္ဂတွင်ကား ကျွန်တော့် အဖို့ မိမိ ဘဝမှန်ကို မစဉ်းစားဘဲ မနေနိုင်တော့အောင် ဖြစ်လာမိ၏။ အထူးသဖြင့် မိမိတွင် မိခင်ထံမှ တောင်းခံခဲ့သော ခရီးစရိတ်မှ လွဲ၍ ငွေပိုမပါသောကြောင့် ခုံဖိနပ်သည် အဘိုးကြီးထံမှ ခုံဖိနပ်တစ်ရန် ချီးမြှင့်လိုပါလျက်နှင့် မချီးမြှင့်လိုက်နိုင်ခြင်းအတွက် ဝမ်းနည်းသလိုလို ဖြစ်သွားမိပါသည်။

ဤသို့ မိမိအဖြစ်ကို မိမိ ဝမ်းနည်းမိသည်နှင့်အမျှ ကျွန်တော်၏ ဦးနှောက်ထဲတွင် အသိတရားတစ်ခု ဝင်ရောက် ကိန်းအောင်းလာတော့၏။

ဤအဘိုးအိုသည်ကား အသက် (၆၀) ကျော် အိုမင်းမစွမ်း အချိန်မျိုး၌ပင် သူ့သားသမီးများ၏ လုပ်စာနှင့် မလုံလောက်နိုင်ကြောင်းကို သိနားလည်စွာဖြင့် နေပူကျဲကျဲတွင် ခုံဖိနပ်တွေ လျှောက်လည်ရောင်းနေချေသေးသည်။ ငါမှာကား သန်သန်မာမာ ခွန်အားဗလကြီးနှင့် ဘယ်အလုပ်မျိုးကိုမဆို လုပ်နိုင်ပါလျက်နှင့် မိဘများထံမှ အစစ လက်ဖြန့်ခံရင်း ကိုယ် သက်သာခိုလျက် ရှိသေး၏။ အကယ်၍သာ ငါသည် အလုပ်တစ်ခုခုကို ဝင်ရောက် လုပ်ကိုင်ရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနိုင်မည် ဆိုပါက မိဘများကလည်း ငါ၏ ရည်မှန်းချက်ကို အထင်အမြင် သေးကြတော့မည် မဟုတ်ချေ။ ငါသည်လည်း မည်သူကိုမျှ မမှီခိုဘဲနှင့် ရည်မှန်းထားသော စာရေးဆရာဘဝသို့ လွတ်လပ်စွာ လှမ်းနိုင်တော့ပေမည် တကား။

ထို့ကြောင့်ပင် ကျွန်တော်သည် ဘယ်နည်းနှင့်မဆို အလုပ် တစ်ခုခုကို

အမြန်ဆုံး ရှာတော့မည် ဟူသော ဆုံးဖြတ်ချက်နှင့် ထိုနေ့မှစ၍ အလုပ်တစ်ခု ကို အပူတပြင်း ရှာဖွေခဲ့တော့၏။

သို့ရာတွင် အလုပ်ဆိုသည်မှာ တကယ်တမ်း ရှာပြန်တော့လည်း မလွယ်ကူလှချေ။ ဂျပန်ခေတ်တွင် ဗမာ့တပ်မတော်၌ (၇) ကျပ်စား စစ်သား ဘ၀ ထမ်းရွက်ခဲ့သည်မှ လွဲ၍ အလုပ်တစ်ခုကို တစ်ကြိမ်တစ်ခါမျှ မလုပ်ကိုင် ခဲ့ဖူးသော ကျွန်တော့်အဖို့ အထူးအဆန်းသဖွယ်လည်း ဖြစ်နေတော့၏။

ထို့ပြင် မိမိနှင့် မသင့်သည့် အလုပ်၊ မိမိနှင့် အဆင့်အတန်း နိမ့်လွန်း သော အလုပ်၊ လခ နည်းလွန်းသော အလုပ် စသည်ဖြင့် စိတ်တိုင်းမကျဖြစ်မှု များနှင့်လည်း ကြုံခဲ့ရသည်။

မိမိသည် စာပေသမားတစ်ဦး ဖြစ်၏။ စာပေသမားတစ်ဦးနှင့် အသင့် လျော်ဆုံး အယ်ဒီတာ အလုပ်ကို လျှောက်မည်ဟု လျှောက်ခဲ့ရာတွင် အယ်ဒီတာ တစ်ယောက် ဖြစ်ဖို့အတွက် သတင်းထောက်၊ စာပြင် ဆရာ စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ရင်း လုပ်သက်နှင့် အရည်အချင်း ပြည့်ဝစွာ ရှိဖို့ လိုအပ်ကြောင်း သိခဲ့ရပါသည်။ လစာငွေ ၅၀ ကျပ်နှင့် စာပြင်ဆရာ အလုပ် တစ်ခုကိုတော့ ထောက်ထားညှာတာစွာ ပေးခဲ့ကြ၏။ ကျွန်တော်က ငြင်းပယ် ခဲ့ပါသည်။

တပ်မတော်တွင် ၇ ကျပ်စား ဘ၀နှင့် ထမ်းရွက်ခဲ့စေကာမူ ပြင်ပ အလုပ်တစ်ခုကို လခ တစ်ရာထက် နည်း၍ မလုပ်လိုစိတ်မျိုးကား ကျွန်တော့် စိတ်ထဲ၌ ကိန်းအောင်းလျက် ရှိခဲ့၏။ အလုပ်အကိုင် တစ်ခုကို မည်မည်ရရ သာ မလုပ်ကိုင်ခဲ့ဖူးသော်လည်း မိမိကိုယ်မိမိ အထင်ကြီးမှုကိုမူ မဖျောက်နိုင် ခဲ့ကြောင်း ဝန်ခံရပါမည်။

သို့သော်လည်း မည်သည့်နည်းနှင့်မဆို အလုပ်တစ်ခုကိုတော့ ရအောင် ရှာမည် ဟူသော ဆုံးဖြတ်ချက်ဖြင့် ဆက်လက် ရှာဖွေမြဲ ရှာဖွေခဲ့ပါသည်။ သို့နှင့်ပင် တစ်နေ့သ၌ သတင်းစာထဲတွင် ယူဘီအေ လေကြောင်းဌာနမှ အမှုထမ်းများ အလိုရှိကြောင်း ကြော်ငြာတစ်ခုကို ဖတ်ရှုလိုက်ရ၏။

အနည်းဆုံး အင်္ဂလိပ်–မြန်မာ (၁၀) တန်း အောင်မြင်ရမည် ဆို၏။ ကျွန်တော်ကား ဥပစာ အထက်တန်းသို့ပင် ရောက်ခဲ့ပြီ။

လစာငွေ ၁၅၀ ကျပ်ဟု ဆို၏။ နည်းနည်းတော့ နည်းသည်။ သိပ်တော့ မဆိုးလှ၊ ယူဘီအေ လေကြောင်းဌာန အလုပ်နှင့် စာပေသမား ဘ၀မျှ မဆက်စပ်၊

မပတ်သက်တာ တစ်ခုပဲ ဆိုးနေသည်။ သို့သော် မိမိနှင့် သင့်လျော်သည့် အလုပ် ဘာတစ်ခုကိုမျှ ရှာမရနိုင်သည့်စပ်ကြား ဤအလုပ်ကိုပင် ယာယီ သဘော ဝင်လုပ်ကြည့်ဦးမည်ဟု စိတ်ပိုင်းဖြတ်လိုက်မိပါသည်။

ထိုနေ့မှာပင် အလုပ်လျှောက်လွှာ တစ်စောင် သက်ဆိုင်ရာသို့ ရေးတင်လိုက်ပါသည်။ ဖေဖေ၊ မေမေတို့ကိုတော့ လုံးဝ အသိမပေးခဲ့သေးပါ။ အလုပ်ရတော့မှပင် သိစေမည်ဟု စိတ်ကူးထားပါသည်။

နောက် တစ်ပတ်ကျော်မျှအတွင်း ကျွန်တော့်အား ယူဘီအေ ဌာနသို့ လာရောက် တွေ့ဆုံရန် ခေါ်သော စာတစ်စောင် ရောက်ရှိလာသည့် အချိန်တွင်ကား ဤကိစ္စကို ဖုံးဖိမထားနိုင်တော့ပါ။ ဖေဖေ၊ မေမေတို့အား ဝမ်းသာအားရ ထုတ်ပြလိုက်ရာ သူတို့ကလည်း ကျွန်တော်၏ စိတ်ပြောင်းလဲမှုကို အံ့အားသင့်ကြရုံသာမက အထူးလည်း ဝမ်းမြောက်ကျေနပ်သွားကြပေသည်။

'ငါ့တုန်းကလည်း တစ်ရာစား ရုံပိုင်ဘဝကနေပြီး အခုလို အရေးပိုင်အထိ တက်ခဲ့ရတာပဲ။ ဘာအလုပ်မဆို ကြိုးစားရင် တိုးတက်နိုင်တာပဲ'ဟု ဖေဖေက ကျွန်တော့်ပခုံးကို အားရစွာ ပုတ်၍ ပြောလိုက်ပါသေးသည်။

စာရေးဆရာအဖြစ် မရပ်တည်နိုင်မီစပ်ကြား မိဘများအပေါ်တွင် မှီခိုနေရသော ဘဝမှ လွတ်ကင်းရန် ကျွန်တော်၏ အကြံအစည်ကို သူ ရိပ်မိနားလည်ဟန် မတူချေ။ မည်သို့ပင်ဖြစ်စေ မိဘများအား စိတ်ချမ်းသာမှု ပေးလိုက်နိုင်ခြင်းအတွက် ကျေနပ် ဝမ်းမြောက်မိပါသည်။

ယူဘီအေဌာနမှ ချိန်းဆိုသော နေ့တွင်ကား အသည်းတထိတ်ထိတ် ရင်တလှပ်လှပ်နှင့် သွားရောက်ခဲ့လေ၏။ ကျွန်တော် ရောက်သွားသည့် အချိန်၌ ခန်းမကြီးထဲတွင် လူတွေ အုပ်လိုက်စုလိုက် ဘိုင်စကုတ်ရုံ လက်မှတ်တိုးသကဲ့သို့ စုရုံး စုရုံး လုပ်နေကြသည်ကို တွေ့ရပါသည်။ လူအုပ် တစ်အုပ်ကြားတွင် ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်းဟောင်း ကိုမြညဏ်ဆိုသူအား ရုတ်တရက် မြင်လိုက်ရတော့မှ–

'ဟေး ကိုမြညဏ်ကြီး၊ ဒီမှာ ဘာလာလုပ်သလဲ' ဟု ဝမ်းသာအားရ မေးလိုက်မိ၏။

'အလုပ်လျှောက်ထားတာ အင်တာဗျူး ခေါ်လို့ လာတယ်လေ။ မင်းကော...'

'ကျွန်တော်လည်း ဒီ့အတွက်လာတာပဲ။ နေစမ်းပါဦး၊ ဒီလူတွေကကော ဒီ့အတွက် လာကြတာချည်းပဲလား'

အယောက် လေးငါးဆယ်ထက် မနည်းသော လူအုပ်ကြီးကို ညွှန်ပြရင်းက မေးလိုက်မိပါသည်။ ကိုမြညွှာက ခေါင်းညိတ်ပြလိုက်ရင်း–

'ငါ့လခွေး ရွေးမှာက ၃ ယောက်လားပဲ။ ကြည့်စမ်းပါဦး၊ နည်းတဲ့လူတွေလားကွာ။ နောက်ပြီး ဘီ–အေတွေကလည်း တစ်ပုံကြီးကွ။ ငါတော့ အင်တာဗျူးတောင် ဝင်မတွေ့ချင်တော့ဘူးကွာ။ ပြန်လစ်ချင်ပြီ' ဟု စိတ်ပျက်သံကြီးနှင့် ပြောလိုက်၏။

ကျွန်တော်ကိုယ်တိုင်လည်း စိတ်ပျက် အားငယ်စွာဖြင့် ငိုင်ကျသွားမိတော့သည်။ သို့သော် ရုတ်တရက် အလျှော့မပေးချင်သေးဘဲ ကိုယ့်အလှည့်ကျလျှင် ဝင်တွေ့ကြရန် ကိုမြညွှာကြီးကိုပါ အဖော်ညှိလိုက်မိ၏။ လာရောက်တွေ့ဆုံသူများအနက်မှ ထက်ဝက်ခန့် ပြီးသွားသည့်အချိန်၌ ကျွန်တော်တို့ကိုလည်း သက်ဆိုင်ရာ အကြီးအကဲက ခေါ်ယူပြီး အမျိုးမျိုး မေးမြန်း စစ်ဆေးပါတော့သည်။

'ဖြေရတာသာ အမော အဖတ်တင်တယ်ကွာ။ ရမှာလည်း မဟုတ်ပါဘူး' ဟု ယူဘီအေ ရုံးကြီးထဲမှ နှစ်ယောက်သား ပြန်ထွက်အလာတွင် ကိုမြညွှာက မဲ့ဦးမချွတ် နိမိတ်ဖတ်လိုက်ပါသည်။

'အို ဘယ့်နှယ့် ပြောနိုင်ပါ့မလဲဗျာ။ သူတို့ မေးသမျှကို ကျွန်တော်တို့ ကောင်းကောင်း ဖြေနိုင်သားပဲ။ ရချင် ရမှာပေါ့' ဟူ၍သာ အားပေးစကားပြောလိုက်ရပေမယ့် ကျွန်တော်ကိုယ်တိုင်လည်း ထိုအလုပ်ကို ရလိမ့်မည်ဟု မျှော်လင့်အားထားချက် မရှိတော့ပါ။

မျှော်လင့်မထားသည့်အတိုင်းပင် အလုပ်များ ခန့်အပ်လိုက်သည့် အချိန်၌လည်း ကျွန်တော်တို့ နံပါတ် မချိတ်ခဲ့ပါ။ ဤကဲ့သို့ အလုပ်မရခဲ့သော်လည်း ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာ တစ်ခုကိုတော့ ရရှိခဲ့ပါသည်။ ဘတ်စ်ကားပေါ်တွင် ကြုံကြိုက်ခဲ့ရဖူးသည့် ခုံဖိနပ်သည် အဘိုးအိုကြောင့် လောက၌ လူတိုင်း လူတိုင်း သူတစ်ပါးထံ အမှီခို ကင်းမဲ့စွာဖြင့် အလုပ်တစ်ခုကို လုပ်ကိုင်သင့်ကြောင်း သဘောပေါက်ခဲ့မိသလိုပင် ထို ယူဘီအေ အလုပ်ကို မရခဲ့သော အချိန်၌လည်း အလုပ်တစ်ခုကို ရဖို့ရာမှာလည်း မလွယ်ကူလှကြောင်း ကောင်းစွာ နားလည်ခဲ့ရလေ၏။

ထိုအခါမှစ၍ ကျွန်တော်သည် သူတစ်ပါးအပေါ်ဝယ် အမှီခိုကင်းမဲ့လိုစိတ်၊ မိမိကိုယ်မိမိ အားကိုးလိုစိတ်များ ဆတက်ထမ်းပိုး တိုးပွားလာပြီးလျှင်

အလုပ်တစ်ခုကို မရမချင်း ရှာဖွေခဲ့ရာ "တိုးတက်ရေး" သတင်းစာတိုက်တွင် တစ်လ ငွေတစ်ရာနှင့် လက်ထောက်အယ်ဒီတာ အလုပ်ကို ရရှိခဲ့ပါတော့သည်။

ထိုအခါမှစ၍ပင် ကျွန်တော်သည် မိဘများထံမှ လက်ဖြန့်မခံရတော့သည်နှင့်အမျှ ကိုယ် နှစ်သက်ရာ အလုပ်များကို တစ်ခုပြီးတစ်ခု လုပ်ကိုင်ဆောင်ရွက်လာခဲ့ရင်းကပင် ရည်မှန်းထားသော စာရေးဆရာဘဝသို့ တစ်စထက် တစ်စ ရောက်မှန်းမသိ ရောက်ခဲ့ရတော့၏။

(၃)

'စကားလေး ဘာလေးလည်း ပြောဦးလေ။ သိပ်လည်း စဉ်းစားမနေပါနဲ့ဦး' ဟု ကိုသန်းတင်က ပြောလိုက်တော့မှပင် ကျွန်တော်၏ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည် စဉ်းစားနေမိကြောင်း ရှင်းပြရာက ထိုအဖြစ်အပျက်ကိုပင် သူ့အား ပြောပြနေမိပါသည်။

ကျွန်တော်တို့ နှစ်ယောက် စကားတပြောပြောနှင့် ရှိကြသောအချိန်၌ ထင်းခွဲကုလား အဘိုးကြီးသည် သူ ခွဲစိတ်ထားသည့် ထင်းစိတ်ခြမ်းများကို တစ်ပွေ့တစ်ပိုက်ကြီး သယ်ကာ သယ်ကာ ယိုင်နဲ့သော ခြေလှမ်းများဖြင့် ကျွန်တော်တို့ နံဘေးနားမှ ဖြတ်၍ ဖြတ်၍ လျှောက်သွားနေသည်ကို သတိပြုမိ၏။

'အဲဒါ ကြည့်လေ၊ သူ ခွဲပြီးသား ထင်းတွေကို နောက်ဖေး မီးဖိုချောင်ထဲ သွားစီနေတာ။ တော်တော်ကြာရင် ဒီထင်း လေးငါးရာဟာ သူ့နေရာနဲ့သူ အကုန် စီပြီး ပုံပြီး ဖြစ်နေတော့မှာပဲ'

ကိုသန်းတင်က ထင်းများ ပိုက်လျက် ဖြတ်သန်းသွားသော ကုလားအဘိုးကြီးအား လှမ်းကြည့်ရင်း ပြောလိုက်၏။ ကျွန်တော်လည်း အခေါက်ပေါင်း မရေတွက်နိုင်တော့သည်အထိ အခါခါ ဖြတ်လျှောက်လျက်ရှိသော ထိုကုလားကြီးအား ကြည့်နေမိရင်းက ရင်ထဲတွင် တစ်မျိုး ကြည်နူးလာမိပါတော့သည်။ ဝမ်းထဲက ထိုကုလားကြီး၏ အလုပ်ဂုဏ်ကို ကျိတ်၍ ချီးကျူးလေးစားနေမိသည်နှင့်အမျှ ထိုအလုပ်ဂုဏ်ကို ချီးမြှင့်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာလေ၏။

အတန်ငယ်ကြာလျှင် ကိုသန်းတင်က ထိုင်ရာမှ ထ လိုက်ပြီး–

'လာ... ကိုမင်းရှင်၊ ပြင်ဘက် ကွပ်ပျစ်ပေါ် ထွက်ထိုင်ကြရအောင်' ဟု ကျွန်တော့်အား ဆွဲခေါ်သဖြင့် လိုက်ပါသွားရသည်။

ပြင်ဘက်၌ကား အမှောင်လုစ ပြုနေပြီ။

လမ်းနံဘေး သစ်ပင်များပေါ်ဝယ် ကျီးကန်းများလည်း အိပ်တန်းတက်ရန် တအာအာ အော်မြည်လျက် ရှိကြလေပြီ။ အနောက်ဘက် အဝေးတစ်ခွင်လုံးကို နီဝါရည်တွေ ပက်ဖျန်းထားဘိသည်။

ထို နီဝါရည်တို့သည် ထင်းခွဲကုလားကြီး၏ ချွေးစီးများ ပြန်နေသော ကျောပြင်ကြီးကိုလည်း သုတ်လူးပေးလိုက်ပြန်ရာ မည်းပြောင်သော အသားအရောင်သည်ပင် ဖိတ်ဖိတ်လက်နေတော့၏။ ကုလားကြီးကား မျက်နှာမှ ချွေးသီး ချွေးပေါက်များကို လက်ချောင်းကလေးတွေနှင့် သပ်ချလျက် သူ့ပတ်ဝန်းကျင် တစ်ဝိုက်လုံးကို ကျေနပ် အားရစွာ ကြည့်ရင်း တစ်ကိုယ်လုံး အညောင်းအညာ ဆန့်လိုက်သည်။ သူ၏ ချွေးပြန်လျက်ရှိသော မျက်နှာကြီးမှာလည်း ပြီးမြောက် သွားသော သူ့လုပ်ငန်းအတွက် ဂုဏ်ယူနေဟန် ရှိပေသည်။

ကျွန်တော်၏ မျက်လုံးများကား ကုလားကြီး အနီးတစ်ဝိုက်တွင် ပျောက်ခြင်းမလှ ပျောက်သွားသည့် ထင်းပုံကြီးကို အမှတ်မထင် ရှာနေမိသေးသည်။ နောက် ချက်ချင်းလိုလိုပင် ကုလားကြီး မီးဖိုချောင်ထဲသို့ အခေါက်ခေါက် သယ်ယူပြီး ဖြစ်၍ ထင်းပုံကြီး မရှိတော့ကြောင်းကို သတိရလိုက်မိ၏။

အမှန်ပင် စောစောက ထင်းပုံကြီးရှိခဲ့သော နေရာတစ်ဝိုက်မှာ အံ့ဖွယ်ကောင်းလောက်အောင် ပြောင်တလင်းခါလျက် ရှိပေပြီ။ ထင်းစ ထင်းနအတိုအစ အသေးအမွှားကလေးကိုမျှပင် မမြင်ရတော့ပါချေ။

ဤမျှ အားအင် ချည့်နဲ့ပုံရပြီး၊ ဤမျှ အသက်အရွယ် ကြီးရင့်သူတစ်ဦး အနေနှင့် ထင်းလေးငါးရာကို တစ်ခုမကျန် ခွဲစိတ်ပြီးရုံသာမက အိမ်ထဲအရောက် သယ်ယူပြီးသည့်အပြင် ထင်းခွဲသည့် နေရာတစ်ခုလုံး ပြောင်စင် သန့်ရှင်းနေအောင် ပြုလုပ်သွားခြင်းမှာ အံ့ဩ ချီးကျူးဖွယ်ပင် တကား။

ထိုအခိုက် ကုလားကြီးသည် ကျွန်တော်တို့ နှစ်ယောက်အနားသို့ ဖြည်းလေးစွာ လျှောက်လာပြီးလျှင် သူ့ ညာဘက်လက်ကို ရှေ့သို့ ထုတ်ကာ ချွေးစီးပြန်နေသော လက်ဝါးကို ဖြန့်ခံလျက်–

'ပီးတွားဘီ ဆပ်' ဟု ပြောလိုက်လေ၏။

ကျွန်တော်ကား ကုလားကြီး၏ ဖြန့်ထားသော လက်ဝါးမည်းမည်းကြီး ကို စူးစူးစိုက်စိုက် ကြည့်လိုက်မိရင်းက ဤချွေးစီးပြန်နေသည့် လက်ဝါးကြီး သည်ကား ပိတ်ဖြူစင်ကြယ်ဝတ်လျက် ကိုသန်းတင်တို့ အိမ်ရှေ့တွင် ငွေ အလျှုခံသွားသည့် လူဝဝတုတ်တုတ်ကြီး၏ လက်ဝါးများနှင့်သော် လည်း ကောင်း၊ ကျွန်တော်တို့ သူငယ်ချင်း သူဌေးသား၏ နူးညံ့သော လက်ဝါးများ နှင့်သော် လည်းကောင်း၊ လွန်ခဲ့သော ဆယ်နှစ်ကျော်က မိဘများထံ ခရီးစရိတ် မုန့်ဖိုး ပဲဖိုး ဖြန့်ခဲ့ဖူးသည့် ကျွန်တော်၏ လက်ဝါးများနှင့်သော် လည်းကောင်း မတူချေတကား၊ မနိုင်းယှဉ်အပ်ပါ တကားဟု ပီတိသောမနဿ ဖြစ်နေမိ ပါတော့သည်။

ယခု မြင်နေရသော ကုလားအဘိုးကြီး၏ လက်ဝါးကြီးသည်ကား ဆောင်ရွက်ပြီးစီးသွားသော သူ၏ ကြိုးပမ်းဆောင်ရွက်မှုအတွက် ရသင့်ရထိုက် သည့် အခွင့်အရေးကို ဂုဏ်ယူ ဝင့်ကြွားစွာ တောင်းခံနေခြင်းသာလျှင် ဖြစ် ပေသည်။

ကိုသန်းတင်က ထို လက်ဝါးကြီးထဲသို့ ငွေ ၂ ကျပ်ကို ထည့်လိုက်ရာ တွင် ကုလားအဘိုးကြီးသည် ဖြန့်ထားသော လက်ဝါးကို ပြန်ဆုပ်လိုက်၍၊ ငွေ ၂ ကျပ်ကို သူ့ ဒိုတီ ခါးတောင်းကျိုက်ကြားထဲသို့ တယုတယ သိမ်းဆည်း လိုက်လေ၏။

ထိုအချိန်တွင် ကျွန်တော်ကိုယ်တိုင်မှာလည်း အင်္ကျီအိတ်ထဲမှ ငွေ တစ်ကျပ်ကို ကပျာကယာ ထုတ်လိုက်မိပြီးလျှင် 'ရော့... ရော့ အဘိုးကြီး၊ ဘောက်ဆူး' ဟု ကုလားကြီးအား လှမ်းပေးမိလျက်သား ဖြစ်နေပါတော့သည်။

အဘိုးကြီးသည် ကျွန်တော် ပေးသည်ကို ချက်ချင်း လှမ်းမယူသေးဘဲ ငေးကြည့်နေရာက 'ကျတော် ရပြီ ဆပ်၊ မယူတူး ဆပ်' ဟု ငြင်းလိုက်လေ၏။

ရုတ်တရက်သော် ကျွန်တော်ပင်လျှင် ရှေ့သို့ ထုတ်ထားသော လက် ကို ပြန်မရုပ်မိသေးဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်နေမိသေး၏။ နောက်တော့ မှ ကုလားအဘိုးကြီး ငြင်းဆန်သည့် အဓိပ္ပာယ်ကို သဘောပေါက် နားလည် သွားမိသောကြောင့် ပို၍ပင် ပီတိဖြာဝေ သွားမိပါတော့သတည်း။ ။

[ ရှမဝ၊ ဇွန် ၁၉၆၀ ]

## တောင်းပန်ပါသည်

ညက တစ်ညလုံး “ မိုးနဲ့ မြေ” အခန်းဆက် ဝတ္ထုရှည် စာစုပိုင်းကို ရှမဝ မဂ္ဂဇင်း ဖောင်ပိတ်အမီ ရေးပေးရန် စာရေးစားပွဲ၌ ကြိုးစားပမ်းစား ခြင်ကိုက်ခံ၍ ထိုင်မိသော်လည်း စာမျက်နှာ တစ်မျက်နှာပြည့်အောင် မရေးနိုင်ဘဲ နံနက် ၃ ချက်တီးခဲ့ရသောကြောင့် တရေးတမော အိပ်လိုက်ဦးမည်ဟု အိပ်ရာထက်သို့ ပြန်တက်မိပါသည်။

သို့သော် ,အိပ်၍ မရနိုင်တော့ဘဲ မျက်စိများ ကြောင်ကာ ဝတ္ထု အကြောင်းကိုသာ စဉ်းစားချင်ရာ စဉ်းစားနေမိ၏။ ထိုအခါ ကျွန်တော့်မှာ ပို၍ အိပ်မရနိုင်တော့ဘဲ မျက်လုံးကြောင်တောင်နှင့်ပင် မိုးစင်စင် လင်းခဲ့ရပြီး လျှင် စာမရေးနိုင်သည့် ကိုယ့်အဖြစ်ကိုယ် တစ်ယောက်တည်း မကျေမချမ်း ပြန်လည် စဉ်းစားနေမိပါတော့သည်။

သည်လိုပဲ တစ်ခါတစ်ရံ စာရေး၍ မရနိုင်သောအခါများတွင် ဘာရယ်လို့ မဟုတ်၊ စာတစ်မျက်နှာ ရေးဖို့ မဆိုထားဘိ၊ စာတစ်ကြောင်း ပြီးစီးဖြစ်မြောက် အောင် ရေးဖို့ အလွန်တရာ ခက်ခဲနေတတ်၏။ ဦးနှောက်ထဲ၌ ဇာတ်ကွက် ဇာတ်လမ်း စီကာစဉ်ကာ ရှိထားပြီး ဖြစ်ပေမယ့်လည်း ထို အစီအစဉ်ကို စာဖွဲ့ဖို့ရာ အကျပ်အတည်း အမျိုးမျိုးနှင့် ကြုံကြိုက်ရတတ်၏။

ထိုရောအခါများဝယ် စာရေးခြင်း အတတ်သည်ကား မလွယ်ကူပါ ကလားဟု အားငယ် စိတ်ပျက်မိရင်းက စာရေးဆရာ ဘဝနှင့် အသက်မွေး ဝမ်းကျောင်း ပြုနေရသည်ကိုပင် ကြောက်ရွံ့လာမိသည်။

**ရာပြည့်စာအုပ်တိုက်**

ထိုအခါမျိုးတွင် ကျွန်တော်သည် မိမိနှင့် အနီးကပ်ဆုံး နေထိုင်လျက်ရှိသည့် သူငယ်ချင်း စာရေးဆရာ မိုးဝေထံမှ စိတ်ဓာတ်အကူအညီ ယူတတ်စမြဲ ဖြစ်သည့်အတိုင်း၊ ထိုနေ့ မနက်ကလည်း ရှမဝတိုက်သို့ သွားရန် ရေမိုးချိုး၊ အဝတ်အစားများ ဝတ်စားပြီးနောက် ဝတ္ထုအကြောင်း တိုင်ပင်နှီးနှောမည်ဟု ရည်ရွယ်ကာ သူတို့အိမ်ဘက်သို့ လျှောက်ခဲ့မိလေ၏။

ပဏ္ဍိတလမ်းအတိုင်း တဖြည်းဖြည်း လျှောက်လာခဲ့၍ ဦးချိုလမ်းနှင့် ဒယ်အိုးစက်လမ်း နှစ်ခုဆုံရာ လမ်းကြားကလေးသို့ ရောက်ခါနီးတွင်–

'ထင်းဗျို့၊ ထင်း ထင်း' ဟူသော တကြော်ကြော် အော်သံနှင့်အတူ ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းမှ ထင်းတွေ အပြည့်နှင့် သုံးဘီးတပ် လက်တွန်းလှည်းကလေးတစ်ခုကို တွန်းသွားကြသည့် ထင်းသည် သားအမိအား တွေ့လိုက်ရသည်။

ထို ထင်းသည် မိသားစုကား ဆင်းရဲ နွမ်းပါးလှစွာ ဝတ်စားထားသည့် အသက် (၄၀) ကျော် ယောက်ျားကြီး တစ်ဦး၊ ၃၀–၃၅ နှစ်ရွယ်ရှိ မိန်းမတစ်ယောက်နှင့် လက်တွန်းလှည်းပေါ်ရှိ ထင်းပုံကြီးထိပ်က နပ်တွဲလောင်းဖြင့် ထိုင်၍ လိုက်ပါလာသော အခါလည်သားအရွယ် ကလေးငယ်တို့ ဖြစ်ကြ၏။

သူတို့ မိသားစုသည် ဘယ်အချိန်ကစ၍ ထင်းရောင်းထွက်လာခဲ့ကြသည် မသိ။ ယောက်ျားကြီးရော မိန်းမတို့ပါ ဆံပင်ခေါင်းစုတ်ဖွားနှင့် ရှိကြပြီး ယောက်ျားလုပ်သူမှာ အင်္ကျီစွပ်ကျယ် မပါ။ ကိုယ်ခန္ဓာအောက်ပိုင်း လုံရုံမျှ မွဲတေညစ်ထည်းလှသော လုံချည်ကိုသာ တိုတိုပါအောင် ဝတ်ထားလေ၏။ ထိုနည်းတူစွာပင် မိန်းမ လုပ်သူမှာလည်း ထဘီကို ရင်ရှားထားပြီးမှ အပေါ်က ဗရပွ စုတ်ပြတ်နေသော ချေးအထပ်ထပ်နှင့် အင်္ကျီကလေးကို ဝတ်ထားခြင်း ဖြစ်၏။

အခါလည်အရွယ် ကလေးငယ်မှာလည်း အအေးဓာတ် တွေးပတ်ဆဲဥ္စလို နံနက်ခင်း အချိန်မျိုး၌ အင်္ကျီမပါ ကိုယ်လုံးတီးကလေးနှင့် ဖြစ်ချေသည်။

သူတို့ လက်တွန်းလှည်းကလေးမှာ ထင်းတွေ အပြည့်အလျှံရှိနေတုန်းပင် ဖြစ်သည်နှင့်အညီ–

'ထင်း... ထင်း... ထင်းဗျို့' ဟူသော ထင်းသည် ယောက်ျားကြီး၏ အသံမှာလည်း ပို၍ ကျယ်လောင်သည်ဟု ထင်ရသည်။

ကျွန်တော်လည်း သူတို့တစ်တွေ နောက်နားကပင် ကပ်၍ လိုက်ပါလာခဲ့မိရင်း ဦးချိုလမ်းနှင့် ဒယ်အိုးစက်လမ်းနားသို့ မရောက်မီ မြောင်းကူးတံတားကလေး တစ်ခု အလွန်တွင် ထင်းသည် လင်မယားမှာ သူတို့ ထင်းလှည်းကလေးကို ဆက်မတွန်းနိုင်သည့် အခြေသို့ ဆိုက်ရောက်နေကြောင်း တွေ့လိုက်ရတော့၏။

ထို လင်မယားသည် ထင်းလှည်းကလေးကို တံတားပေါ် ကျော်ဖြတ်တွန်းသွားပြီးသည့်နောက် ရှေ့တည့်တည့်တွင် ရင်ဆိုင် ကာဆီးနေသည့် မတ်စောက်လှသော ကုန်းမြင့်ထက်သို့ ဆက်မတွန်းနိုင်တော့ဘဲ ရပ်တန့်သွားခြင်း ဖြစ်၏။

ထိုနေရာတွင် လမ်းကလေးသည် သိသိသာသာကြီး မြင့်တက်သွားလေရာ၊ လက်တွန်း သုံးဘီးလှည်းကလေးမှာ အမောက်အလျှံ တင်ဆောင်လာသော ထင်းများ၏ အလေးချိန်ကြောင့် လည်းကောင်း၊ လှည်းဘီးများမှာလည်း လွယ်လင့်တကူ မလိမ့်နိုင်သည့် သံထည်ဘီးများ ဖြစ်နေ၍ လည်းကောင်း ထို ကုန်းမြင့်ကို ရှောရှောရှူရှူ မတက်နိုင်ဘဲ ရှိလေသည်။

ထင်းသည် ယောကျ်ားကြီးသည် ရိုးရိုးတန်းတန်း တွန်းရုံဖြင့် မရနိုင်တော့ကြောင်း သိလိုက်ရသည်နှင့် တစ်ပြိုင်နက် 'ဟော့... နေဦး' ဟု ပြောပြောဆိုဆို လက်တွန်းလှည်း လက်ကိုင်တန်းအောက်သို့ ခေါင်းကြီး ငုံ့သွင်းလိုက်ပြီးနောက် နွားတစ်ကောင် လှည်းထမ်းပိုးကို ဘိုဖြင့် တွန်းရုန်းဘိသကဲ့သို့ သူ့ကျောကုန်းကြီးဖြင့် တွန်းရန် ကြိုးစားနေတော့၏။

လင် ဖြစ်သူက နွားလို ရုန်းသည်နှင့် တစ်ချိန်တည်းမှာပင် မယားလုပ်သူကလည်း ဝိုင်း၍ တွန်းရှာလေ၏။

ထင်းလှည်းကလေးသည် ကုန်းမြင့် တစ်ဝက်နားအထိ ရောက်ရှိသွားပြီးခါမှ တွန်းသူ လင်မယားနှင့် တစ်ပါတည်း ပြန်၍ လျှောဆင်းလာသည်။

ယောကျ်ားကြီးသည် စိတ်အား အနည်းငယ်မျှ မလျော့ဟန်ဖြင့် နောက်တစ်ချီ နွားကဲ့သို့ပင် လှည်းလက်ကိုင်တန်းကို ကျောကုန်းနှင့် တအား တွန်း၍ ရုန်းပြန်ပါသည်။ မယားလုပ်သူကလည်း အင်အားကုန် ညှစ်ထုတ်ကာ ဝိုင်း၍ တွန်းပေးရှာသည်။

ထင်းလှည်းကလေးသည် ခုနကအတိုင်းပင် အနည်းငယ်မျှ ရှေ့လျားသွားပြီးနောက် လှည်းရော လူတွေပါ ပြန်လည် လျှောဆင်းလာပြန်၏။

လှည်းပေါ်မှ ကလေးငယ်ကား မိဘနှစ်ပါး ချွေးတဒီးဒီးနှင့် တွန်းနေကြသည့် အဖြစ်ကိုပင် သဘောကျစွာ စိုက်ကြည့်နေလေ၏။ ကျွန်တော်လည်း နောက်ထပ် ဆက်၍ ကြည့်မနေရက်တော့ပါ။

စောစောကတော့ သူတို့ လင်မယား၏ ကြိုးပမ်းချက်ကို ကြည့်နေရခြင်းသည်ပင် စိတ်ဝင်စားဖွယ် ကောင်းလှဘိ၏။

ယခုတော့ ချွေးသီးချွေးပေါက်များကို လက်ညှိုးဖြင့် သပ်ချလိုက်ရင်း ဟောဟဲ... ဟောဟဲနှင့် မောနေရှာသူ ထင်းသည် မိန်းမကြီးအား လှည်းကောင်း၊ လက်တွန်းလှည်း လက်ကိုင်တန်းအောက်မှ ခေါင်းကြီးကို ပြန်ထုတ်၍ လုံချည်ခါးပုံစဖြင့် မျက်နှာမှ ချွေးများကို သုတ်လိုက်ရာက–

'ထင်းတစ်ချောင်းမှလည်း ဈေးဦးမပေါက်သေးပါဘူးကွာ၊ ဒီထင်းတွေနဲ့တော့ ဒီကုန်းပေါ် တို့ တွန်းနိုင်မှာ မဟုတ်ပါဘူး။ တခြားလမ်းကပဲ လှည့်သွားကြရအောင်ကွာ' ဟု လက်လျှော့ ညည်းတွားလိုက်သော ထင်းသည် ယောကျာ်းကြီးအား ၎င်းနောက်နားမှ ကြည့်နေမိရင်းကပင် **"ငါနှယ် သူများ ဒုက္ခကို စောစောကတည်းက ဝင်မကူညီဘဲ ကြည့်နေရက်မိလေခြင်း"** ဟု ကျွန်တော့်ကိုယ် ကျွန်တော်ပင် ပြစ်တင် နောင်တ ရနေမိပါတော့သည်။ သို့နှင့် ကျွန်တော်လည်း သူတို့လင်မယား အနီးသို့ လျှောက်သွားပြီးလျှင်–

'ကဲ... နောက်တစ်ချီ တွန်းကြစမ်းပါဦးဗျာ၊ ကျွန်တော်ပါ ဝိုင်းပြီး တွန်းပေးပါ့မယ်' ဟု ပြောပြောဆိုဆို သူတို့နှင့်အတူ ထင်းလှည်းကလေးကို ဝင်ရောက်ကူညီ တွန်းပေးလိုက်ပါသည်။

ဤတစ်ချီ၌ကား ထင်းသည် ယောကျာ်းကြီးက စောစောတုန်းက အတိုင်း လှည်းလက်တန်းအောက် ခေါင်းကြီး လျှို၍ နွားကဲ့သို့ ရုန်းသလိုပင် သူ့ဇနီးသည်နှင့် ကျွန်တော်တို့ကလည်း ဝိုင်းဝန်း တွန်းပေးလိုက်ကြသော ကြောင့် ထင်းလှည်းကလေးမှာ တဖြည်းဖြည်းနှင့် ကုန်းမြင့်ထက်သို့ ရောက်ရှိသွားတော့၏။

ကျွန်တော့်မှာ လူနှစ်ယောက် အင်အားကို အနည်းငယ် ဖြည့်တင်းပေးလိုက်ရရုံမျှနှင့်ပင် မောချင်သလို ဖြစ်သွားမိပါသည်။ နဖူး၌ အနည်းငယ် စို့လာသည့် ချွေးကို သုတ်ရန် အပေါ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်လိုက်မိစဉ် အချိန်တွင်ကား ကျွန်တော့်အဖို့ အံ့အားမသင့်ဘဲ မနေနိုင်သည့် ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်လိုက်ရတော့၏။

ထို ဖြစ်ရပ်သည်ကား အခြားမဟုတ်။ ထင်းလှည်းကလေး ကုန်းမြင့် ထက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ထင်းသည် လင်မယားသည် သူတို့ ဒုက္ခအခက်အခဲကို ကူညီ ဖြေရှင်းပေးသော ကျွန်တော့် တစ်ယောက်လုံး ကိုပင် လုံးဝ ဂရုစိုက်ဖော် မရတော့ဘဲ လမ်းနှစ်ခွရှိသည့်အနက်မှ လက်ယာ ဘက်လမ်း ဖြစ်သော ဒယ်အိုးစက် လမ်းကြားအတိုင်း သူတို့ ထင်းလှည်း ကလေးကို ဆက်တွန်းသွားကြခြင်းပင် ဖြစ်ပါသည်။

ထိုအခါကျမှပင် ကျွန်တော့်မှာ ဒေါသ ထောင်းခနဲ ထွက်သွားရာက မိုးဝေတို့ အိမ်ဘက်သွားရာ လက်ဝဲဘက်လမ်းကို ဆက်မလျှောက်နိုင်သေးဘဲ မကျေချမ်းသော မျက်လုံးများဖြင့် ထင်းသည် လင်မယားအား စိုက်ကြည့်လိုက် မိ၏။

တကယ်ဆိုတော့ သူတို့သည် ကျွန်တော့်အား ကျေးဇူးတင်စကားလေး တစ်ခွန်းလောက်ကိုတော့ ပြောသွားသင့်ပါသည်။ အပေါ်အင်္ကျီ၊ ဘန်ကောက် လုံချည်တို့ဖြင့် သားသားနားနား ဝတ်ဆင်လာပါလျက်နှင့် ဤကဲ့သို့ အလိုက် သိတတ်စွာ ကူညီပေးခြင်းအတွက် ကျေးဇူးသိတတ်ဖို့ ကောင်းပါသည်။ ကျွန်တော်သည် ဤမျှ ကျေးဇူးမသိတတ်သူတွေကိုမှ အပင်ပန်းခံ၍ ကူညီ မိလေခြင်းဟု ရင်ထဲ၌လည်း မကျေနိုင် မချမ်းနိုင် ဖြစ်သွားမိလေ၏။

ထိုအခိုက် ထင်းသည် လင်မယားသည် ကျွန်တော်နှင့် ခပ်လှမ်းလှမ်း သို့ အရောက်တွင် ကျွန်တော့်ထံသို့ လည်ပြန်ကြီးတွေ လှည့်ကြည့်နေကြသည် ကို မြင်လိုက်ရ၏။

ကျွန်တော့်မှာလည်း သူတို့အား စိတ်ပျက် ဒေါသထွက်ကာ ကိုယ့်လမ်း ခရီးကိုယ် ဆက်လျှောက်သွားတော့မည် လုပ်ပြီးခါမှ ဤကဲ့သို့ လှည့်ကို ရပ်၍ နှစ်ယောက်သား ကျွန်တော့်အား လှမ်းကြည့်လိုက်ကြသည်ကို ဂရုမပြု ဘဲ မနေနိုင်အောင် ဖြစ်သွားမိပါတော့သည်။

သူတို့ လင်မယား နှစ်ယောက်စလုံး၏ အကြည့်သည်ကား သာမန် အကြည့်မျိုးနှင့် လုံးဝ မတူ။ သူတို့အပေါ်တွင် ခံပြင်းစိတ်ဖြင့် စူးစူးဝါးဝါး လှမ်းကြည့်ခဲ့မိသည့် ကျွန်တော်၏ မျက်လုံးများနှင့်လည်း အလျှင်းမဆိုင်။

သူတို့အကြည့်တွင် သန့်စင် နူးညံ့သော သဘောထားများသာ ဖုံးလွှမ်း ပေါ်လွင်လျက် ရှိပေ၏။

ထိုအကြည့်များကို မြင်လိုက်ရသော အခါတွင်မှ စောစောပိုင်းက

ကျွန်တော့် ရင်ထဲ၌ ဗလောင်ဆူလျက် ရှိခဲ့သည့် ခံစားမှုမှန်သမျှလည်း လွင့်စဉ် ကွယ်ပျောက်သွားကုန်၏။ ထိုအခါကျမှပင် သူတို့တစ်တွေ၏ စိတ်ရင်း သဘော ထားကို နားလည်သလိုလို ရှိလာမိသည်နှင့်အမျှ မိမိကိုယ်မိမိလည်း အတော် ကြီး ရှက်သွားမိပါသည်။

ဤထင်းသည် လင်မယားကဲ့သို့သော လူတန်းစားမျိုးအဖို့ စောစော က ကျွန်တော် အငမ်းမရ ကြားချင်နေသည့် **"ကျေးဇူးတင်ပါသည်"** စကား မျိုးကို တုံ့ပြန်ဖို့ရာ မဆိုထားဘိ၊ ပြောသင့် ပြောအပ်သည်ကိုပင် နားလည် ချင်မှ နားလည်ကြပေမည်။

သူတို့ဘဝ အခြေအနေမျိုးတွင် ကျွန်တော်တို့ တစ်တွေကဲ့သို့ ဟန် ဆောင်သော အပြုံးတို့ဖြင့် **"ကျေးဇူးတင်ပါသည်၊ ကျန်းမာ ချမ်းသာပါရဲ့လား၊ တွေ့ရတာ အလွန်တရာမှ ဝမ်းသာလှပါသည်"** စသည်ဖြင့် ပြောစကောင်း သည် ဟူ၍လည်း လေ့ကျင့် နားလည်ထားခြင်း မရှိ။

လူတစ်ယောက်က တစ်ယောက်ကို ကူညီ စောင်မခြင်းသည် ကျေးဇူး အတုံ့အပြန်ကို ရယူလို၍ ပြုလုပ်ခြင်း မဟုတ်ကြောင်းကို သူတို့ကမှ ကျွန်တော့် ထက် ပို၍ သဘောပေါက်ကြဟန် တူသေး၏။

**"ကျေးဇူးတင်ပါသည်"** ဟူသော စကားမျိုး သူတို့ နှုတ်ဖျားမှ ထွက် မလာငြားသော်လည်း သူတို့ မျက်လုံးကြီးများကပင် ပြောကြားလျက်ရှိခြင်း ဖြစ်ပေလိမ့်မည်။ ခုနက သူတို့၏ အကြည့်သည်ကား ကျွန်တော့်အပေါ်ဝယ် ကြည်ညို လေးစားမှု၊ ကျေးဇူးတရား သိတတ်မှုတို့ကို နှုတ်အားဖြင့် ထုတ်ဖော် ပြောပြမည့်အစား မျက်နှာခရိပ် မျက်နှာကဲဖြင့်သာ ဖော်ပြကြသည့် အကြည့်မျိုး ဖြစ်ချေလိမ့်မည်။

သူတို့ လင်မယားသည် ဤထင်းတွေကို တစ်နေကုန် တစ်နေခန်း ရောင်းချပြီးနောက် မောကြီးပန်းကြီးနှင့် အိမ်ပြန်ရောက်ကြသော အခါတွင်မှ နှစ်ယောက်သား စကားစပ်မိကြရင်း ကျွန်တော့်အပေါ်ဝယ် ထားရှိအပ်သည့် ကျေးဇူးတရားများကို သူတို့ နားလည်သော စကားတို့ဖြင့် တတွတ်တွတ် ပြောချင်လည်း ပြောနေကြလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်မှာကား ကိုယ်တွေ့ ဖြစ်ရပ်ကလေး တစ်ခုပေါ်မှ နေ၍ အသိဉာဏ်အချို့ကို ရရှိလိုက်ခြင်းကြောင့် လည်းကောင်း၊

ညလုံးပေါက် ထိုင်၍ စာတစ်မျက်နှာ ရေးမရဘဲ အားငယ်လျက်ရှိစဉ် ထို ဖြစ်ရပ်ကလေးကို ယခုလို တစ်ထိုင်တည်းနှင့် ရေးဖြစ်သွားခြင်းအတွက် လည်းကောင်း သူတို့တစ်တွေအား–

'ကျေးဇူးတင်ပါသည်'

[ မြဝတီ၊ ဇွန် ၁၉၆၁ ]

## မိုးသောက် ဝန်းချို

ကြည်နူးစရာ အဖြစ်အပျက်ကလေး တစ်ခု။

ဘာကြောင့်မှန်းမသိ၊ ယနေ့ထက်တိုင် သူ့စိတ်ထဲ၌ တိတိကျကျ တစ်ခုမကျန် မှတ်မိနေသေးသည်။ အကြိမ်အခါ မရေတွက်နိုင်တော့အောင် သည်အဖြစ်အပျက်ကလေးကို ပြန်ပြောင်း အောက်မေ့မိသည်။ ထိုအခါတိုင်း၊ ထိုအခါတိုင်း တိမ်မြေ့ ပျောက်ကွယ်လုနီးနီး အကြောင်းအရာကလေးတို့သည် အသေးစိတ်၍ စိတ်၍ ပေါ်ပေါက်လာတတ်လေသည်။

ဝေလီဝေလင်း နံနက်ခင်း တစ်ခုတွင် ဖြစ်လေသည်။ အရှေ့ဘက်ရှိ တောင်တန်းရှည်ကြီးတို့မှာ ပြာမည်းလျက်ရှိပြီးလျှင် ၎င်းတို့၏နောက်ကျောဘက်တွင် အလင်းရောင်သည် ထွက်ပြူစ ဖြစ်လေရာ၊ တောင်စွန်း တောင်စွယ်တို့မှာ အနီရောင် ဖျော့ဖျော့ဖြင့် အနားကွပ်ထားသကဲ့သို့ ရှိလေသည်။ အရှေ့ဘက် တောင်ထိပ်များမှာ အလင်းရောင်သည် မိုးကောင်းကင်သို့ မြင့်လေ မြင့်လေ၊ ဖျော့လေ ဖျော့လေ ဖြစ်သွားပြီးလျှင် တစ်စတစ်စ ညှိ၍ ညှိ၍ မည်း၍ မည်း၍ လာခဲ့ရာမှ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ ရောက်သောအခါတွင်မူကား ပကတိ ညဉ့်၏ အမှောင်ထုဖြင့် လွှမ်းမိုးလျက် သွားတော့သည်။

သိပ်အလွန်အကျွံ မဟုတ်သော်လည်း အတော်ကလေး ချမ်းလေရာ သူသည် လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်များအတွင်း ထည့်သွင်းလိုက်၍ ခါးကိုလည်း ခပ်ကိုင်းကိုင်းထားကာ လျှောက်လာမိလေသည်။ သူ လျှောက်လျက်ရှိသော လယ်ကွက်ကြီးအတွင်းမှ မြေကြီးတို့သည် နံနက် ဝေလီဝေလင်း၏ အညိုရောင်သမ်းလျက် ရှိပေသည်။

သို့ လျှောက်ခဲ့စဉ်မှာပင် သူ့ရှေ့တည့်တည့်၌ နွားတင်းကုပ်သာသာ တဲပုတ်ကလေး တစ်ခုအား တွေ့ရလေသည်။

တဲကလေး၏ နံဘေးဝယ် လိမ္မော်ရောင် မီးတောက်ကလေးသည် မီးလင်းဖိုမှ ထိုး၍ ထောင်၍ တက်လျက်ရှိကာ၊ ထို မီးတောက်ကလေးမှ တစ်ဖန် အညိုရောင် မီးခိုးအူအူကလေးတို့သည် တလူလူ လိပ်၍ လိပ်၍ တက်သွားပြန်ပြီးလျှင်၊ မိုးကောင်ကင်၏ အတော်မြင့်မြင့် နေရာသို့ ရောက်သောအခါ မြူခိုးကလေးများအထဲ၌ ရောပြန်၍ ပျောက်ကွယ်သွားကြလေတော့သည်။

မီးလင်းဖို၏ နံဘေးတွင် ဆောင့်ကြောင့်ကလေး ထိုင်လျက်ရှိသော မိန်းမတစ်ယောက်ကို သူ တွေ့ရသည်။ ထို မိန်းမမှာ အမှန်မတော့ ကလေးမကလေး တစ်ဦးသာဖြစ်လျက် ညှိုးမှိုး ချမ်းစီးသော နံနက်စောစောအချိန်တွင် သူမသည် ထဘီကိုသာ ရင်ရှားထားလေသည်။

သူသည် တစ်စတစ်စ ရှေ့သို့ တိုး၍ လျှောက်ခဲ့သောအခါတွင် မိန်းမရွယ်၏ ရင်ခွင်အတွင်း၌ အအေးဒဏ်မှ သက်သာရာ ရစေရန် ကိုယ်ကလေးကို ကွေး၍ နို့စို့လျက်ရှိသော ကလေးငယ်ကိုပါ တွေ့ရလေသည်။ မိခင် မိန်းမရွယ်မှာကား မီးအရှိန်မလျော့စေရန် သစ်ကိုင်းခြောက်ကလေးများကို အဆက်မပြတ် မီးတောက်အထဲသို့ ထိုးသွင်းလျက်ရှိရာမှ မီးဖိုပေါ်မှ မြေအိုးကလေးကို စူးစိုက် ကြည့်ရှုနေလေသည်။ ကလေးငယ်မှာလည်း နို့ကိုသာ အစဉ်မပြတ် စို့လျက် ရှိလေ၏။ သို့ရာတွင် သူသည် မိခင်၏ အလုပ်၌မူကား အနည်းငယ်မျှ အနှောင့်အယှက်ပေးခြင်း မရှိဘဲ ငြိမ်သက်စွာပင် ကွေးလျက် ရှိလေသည်။

မိခင် မိန်းမရွယ်၏ ပြုမူ လှုပ်ရှားမှုများမှာ ပေါ့ပါး ဖျတ်လတ်ပြီးလျှင် ကျင့်သားရပြီး ဖြစ်နေကြောင်းကို ဖော်ပြလေသည်။ မီးလင်းဖို အတွင်းမှ လိမ္မော်ရောင် မီးတောက် မီးလျှံကလေးတို့မှာကား နံဘေးနားရှိ တဲပုတ်ကလေး အပေါ်တွင် ဟပ်ကာ တယိမ်းယိမ်း တနွဲ့နွဲ့ က လျက် ရှိလေသည်။

သူသည် နီးသထက် နီးလာပြီးလျှင် အရသာ အင်မတန် ရှိမည်ဟု အောက်မေ့လောက်သော ပူနွေးနွေး ထမင်းနံ့ကို ရှူရှိုက်မိလေသည်။ ထိုအချိန်တွင် အရှေ့ဘက်တွင်ကား အလင်းရောင်သည် လျင်မြန်သော အဟုန်ဖြင့် ထွန်းလင်းစ ပြုလာလေပြီ။ သူသည် မိန်းမရွယ် အနီးသို့ ရောက်သွား၍ မီးဖို အနီး၌ ရပ်လိုက်မိလေသည်။

ထိုအခိုက်မှာပင် တဲပုတ်ငယ်ကလေး အတွင်းမှ လူရွယ် တစ်ယောက် ထွက်လာပြီးလျှင် သူ့နောက်မှ ရှေ့ဆင့် နောက်ဆင့် လူကြီးတစ်ယောက် ပါလာပြန်လေသည်။ သူတို့နှစ်ယောက်စလုံး အင်္ကျီမပါ၊ လုံချည်ကိုသာ ခပ်တိုတို ဝတ်ထားကြလေသည်။ သူတို့နှစ်ယောက်၏ မျက်နှာများကား ခပ်ဆင်ဆင် တူကြလေသည်။ သူတို့ နှစ်ယောက်စလုံးပင် တဲပေါက်ဝမှ နေ၍ အရှေ့ဘက် လင်းရောင်ခြည် ဖိုးဝါးဝါးကို ငြိမ်သက်စွာ ရပ်ကြည့်နေကြရာမှ "ဝါး" ခနဲ သမ်းဝေလိုက်ကြလေ၏။ ထို့နောက်မှ သူတို့သည် မီးဖိုဆီသို့ လှည့်ကြည့်ရင်း ဧည့်သည်လူရွယ်အား သတိပြုလိုက်ကြလေသည်။

'စောစောစီးစီး ဆရာလေး ဘယ်က လာသလဲ' ဟု လူကြီးက မေးလိုက်လေသည်။ သူ့အသံမှာ ဖော်ရွေလှပုံလည်း မပြ။ ရိုင်းပျဟန်လည်း မရ။

'ရွာက လာတာပဲ၊ ဒီဘက် မရောက်ဖူးလို့ သက်သက် လျှောက်လာတာပါ' ဟု ကုတ်အင်္ကျီ၊ သိုးမွေးဦးထုပ်၊ မာဖလာ စသည်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားသော ဧည့်သည်လူရွယ်က ယဉ်ကျေးစွာ ဖြေလိုက်လေ၏။

လူကြီးနှင့် သူ့ထက်ငယ် လူရွယ်တို့သည် မီးဖိုအနားသို့ လျှောက်လာကြ၍ မီးလှုံကြလေသည်။ မိန်းမရွယ်မှာကား သူ့အလုပ်ကိုသာ လုပ်မြဲ လုပ်လျက် မီးဖိုပေါ်မှ မြေအိုးတွင်သာ စိတ်ဝင်စားလျက် ရှိလေသည်။ သူမ၏ ဖွာတာတာဆံစမှာ မျက်နှာပေါ်၌ အနှောင့်အယှက် ကင်းလွတ်စေရန် ကြိုးစ တစ်ခုဖြင့် စုပြုချည်နှောင်ထားလေရာ၊ အလုပ်လုပ်နေစဉ် အခါများ၌ လည်ကုပ်ပေါ်တွင် ဖွာရရာ ဝဲလျက် ရှိလေသည်။ အတန်ကြာသောအခါ သူမသည် မီးဖိုပေါ်မှ မြေအိုးကို လက်နှီးစုတ်ဖြင့် ချလျက် ဒန်ဇလုံတစ်ခုတွင်းသို့ ထမင်းရည်ကို ငှဲ့နေသည်။ ထို့နောက် ထမင်းအိုးကို မီးကျီးပေါ်တွင် ပြန်နှပ်ထားလိုက်ရာမှ ထမင်းရည်ဇလုံထဲသို့ ဆားအနည်းငယ် ထည့်လိုက်ပြီးလျှင် မွှေနေလေသည်။ ဇလုံတွင်းမှ ထမင်းရည်သည် မွှေးကြိုင်စွာ ပျံ့နှံ့သွားသောအခါတွင် ယောကျ်ား နှစ်ယောက်စလုံး အားရပါးရ ရှူရှိုက်လိုက်ကြပြီးလျှင် 'ဆာလိုက်တာ' ဟု အိမ်ရှင်လူရွယ်က ဆာလောင်မွတ်သိပ်သော အသံကြီးနှင့် ဆိုလိုက်လေသည်။ လူကြီးဖြစ်သူကမူ–

'ဆရာလေးတို့ကတော့ မနက်စောစော ကော်ဖီသောက်ကြမှာပေါ့နော်' ဟု ပြောလိုက်လေသည်။

'ဟုတ်ကဲ့၊ ဒါပေမဲ့ ဦးကြီးရာ ဒီရွာ ရောက်တော့ မသောက်ပါဘူး'

'ဒါဖြင့်ရင် ကျုပ်တို့နဲ့ ထမင်းရည်ကလေး အဆာပြေ သောက်သွားပါလားဗျာ'

လူကြီးက "ငါ ပြောတာ ကြိုက်မှ ကြိုက်ပါ့မလား" ဟူသော ဟန်မျိုးဖြင့် လောကွတ်ပြုလိုက်သောကြောင့် ဧည့်သည်လူရွယ်လည်း ဝမ်းမြောက်စွာပင် 'ဟာ... သောက်တာပေါ့ ဦးကြီးရာ၊ ကောင်းမှာပဲ'

'ဟေ့ မယ်မှုံ၊ တစ်ခွက် ပိုငှဲ့လိုက်ပါကွယ်' ဟု အိမ်သည် လူရွယ်က မိန်းမရွယ်အား အမိန့်ပေးလိုက်လေသည်။ ထိုနောက် သူတို့ လေးယောက်သား မီးဖိုတစ်ဝိုက်၌ပင် ဝိုင်းဖွဲ့၍ ဆောင့်ကြောင့်ထိုင်လိုက်ကြရာက မိန်းမရွယ် ငှဲ့ပေးသော ထမင်းရည် ပူပူနွေးနွေးကို စတင် မြည်းမိကြလေ၏။

'ဦးကြီးတို့ လယ်လုပ်ကြတာပေါ့နော်' ဟု ဧည့်သည်လူရွယ်က မေးလိုက်သည်။

'ဟုတ်ကဲ့၊ လယ်သမား လယ်ပဲ လုပ်တတ်တာပေါ့'

'ကျုပ်တို့ ကနေ့ပဲ လယ် စ ထွန်ကြမလို့' ဟု အိမ်ရှင်လူရွယ်က ဝင်ထောက်လိုက်သည်။

ထိုအခါ စကားတစ်ခွန်းမျှ မပြောဘဲ နေခဲ့သော မိန်းမရွယ်က—

'ဒါကြောင့် အဘနဲ့ ကိုညိုတို့ တမင်တကာ စောစောကြီး ထကြာတာပေါ့' ဟု ပြုံးပြုံးကလေး ဝင်ပြောလိုက်လေ၏။ ထိုအခါ လူကြီးနှင့် လူရွယ်တို့သည် သူတို့လက်ထဲမှ ထမင်းရည် ပန်းကန်များကို အမှတ်မထင် ငုံ့ကြည့်လိုက်မိကြလေသည်။

'ဒါမှပဲ ကျုပ်တို့ မိသားတစ်စုတွေ ဝဝလင်လင်ကလေး စားနိုင်ကြတော့မပေါ့ဗျာ' ဟု လူကြီးဖြစ်သူက တိုးတိုးကလေး ပြောလိုက်လေ၏။

မိန်းမရွယ်သည် ကလေးကို လက်တစ်ဖက်က ပွေ့ပိုက်လျက်ပင် သူ့အဘ ဆိုသူနှင့် ကိုညို ဆိုသူတို့အား ထမင်းရည် တပ်ငှဲ့ပေးရာက 'ထပ်ထည့်ပါဦးတော်' ဟု စေတနာရှိစွာ ပြောလိုက်ရာ၊ ဧည့်သည် လူရွယ်ကလည်း မငြင်းဆန်ဘဲ ခွက်ထိုးခံလိုက်လေသည်။

မိန်းမရွယ်၏ ရင်ခွင်တွင်းမှ ကလေးငယ်မှာကား ငြိမ်သက်စွာပင် နို့ချိုစို့လျက် ရှိလေသည်။ သူကလေးမှာ ခေါင်းကလေးကို မိခင်၏ နို့အုံနှင့် လက်မောင်းအကြားတွင် အတင်းတိုးခွေ့လျက် အချမ်းဒဏ်မှ အကာအကွယ် ယူနေရှာလေသည်။ သူကလေး၏ နို့စို့သံမှာ ပြွတ်ခနဲ ပြွတ်ခနဲပင် ပေါ်ထွက်လာတတ်လေသည်။

လူကြီးမှာကား ထမင်းရည်ကို မြိန်ရှက်စွာ သောက်နေလေသည်။ သောက်ရာက–

'အင်း... ထမင်းရည်တောင် တယ်အရသာရှိပါကလား ဆရာလေးရယ်' ဟု ကျူးရင့်လိုက်လေသည်။ ထိုအခါ လူရွယ်က 'ဆရာလေး၊ တစ်လောက ကျုပ်တို့ဟာ ဒီထမင်းရည်ကလေးတောင် မသောက်နိုင်ကြဘူးဗျာ' ဟု တိုင်တန်းသလိုလိုနှင့် ပြောလိုက်လေ၏။

သူတို့သည် စကားပြောရင်း၊ သောက်ရင်းနှင့်ပင် သူတို့၏ အေးစက်သော ကိုယ်လုံးများမှာ နွေးသလိုလို ရှိလာကြပြီးလျှင် မျက်နှာများတွင်လည်း အားအင် ပြည့်ဖြိုးလာသော အရိပ်အယောင်များ ယှက်သန်း၍ လာလေတော့သည်။

ဒီအချိန်တွင် လင်းရောင်ခြည်ဝယ် ရောင်စုံများ မြူးကွန့်လာလေပြီ။ နီကြင့်ကြင့် အရောင်သည် လောကဓာတ်ကို ပိုမို၍ အေးလာစေသယောင်ယောင် ထင်ရလေသည်။ အိမ်ရှင် ယောကျ်ားနှစ်ယောက်တို့ကား အရှေ့ဘက်သို့ မျက်နှာများ မူလိုက်ကြလေရာ၊ သူတို့ မျက်နှာများမှာ နံနက်ခင်း လင်းရောင်ခြည်ဖြင့် တောက်ပ၍ သွားလေသည်။ ဧည့်သည်လူရွယ်လည်း သူတို့မျက်နှာမူရာဘက်သို့ ကြည့်လိုက်ရာ ရောင်ခြည်တွင် လှပစွာ ရပ်တည်လျက် ရှိသော တောင်တန်းကြီးကို မြင်ရ၍ အိမ်ရှင်လူကြီး၏ မျက်နှာကို ကြည့်လိုက်မိပြန်သော အခါတွင်မူကား ကြည်လင်ဝိုင်းစက်သော မျက်လုံးများတွင် နေရောင်ခြည်ဟပ်လျက် ရှိကြောင်းကို တွေ့ရလေသည်။

ထိုအခိုက်တွင် အိမ်ရှင် ယောကျ်ားနှစ်ယောက်တို့သည် လက်များကို အညောင်းဆန့်တန်းဟန် ပြုလိုက်ကြရာမှ 'ကဲ... ငါတို့လည်း အလုပ်သွားကြဖို့ တော်ပြီ' ဟု ပြောလိုက်ကြလေသည်။ လူရွယ်သည် ဧည့်သည်ဘက်သို့ လှည့်လိုက်၍–

'ဆရာလေးကော ကျုပ်တို့ လယ်ထွန်တာ လိုက်ကြည့်ဦးမလား'ဟု မေးလိုက်လေသည်။

'ဟင့်အင်း၊ ကျွန်တော် ရွာကို ပြန်လိုက်ပါဦးမယ်။ ခင်ဗျားတို့နဲ့ ပျော်ပျော်ပါးပါး စားရ သောက်ရတာ သိပ်ဝမ်းသာတာပဲဗျာ၊ ကျေးဇူးတင်လိုက်တာ။ နောက်များမှ လာခဲ့ဦးမယ်'

အိမ်ရှင်လူကြီးသည် "ကျေးဇူးတင်စရာ မလိုပါဘူး" ဟူသော အဓိပ္ပာယ်မျိုးဖြင့် လက်ကြီးကို ယမ်းခါပြလိုက်ပြီးလျှင်–

'ဘယ်တော့မဆို လာသာ လာခဲ့ပါဗျာ၊ ကျုပ်တို့ စားသလို ဆရာလေးတို့ စားရ သောက်ရမှာပဲ' ဟု ပြောလိုက်လေသည်။

ထိုနောက် သားအဖနှင့် တူပုံရသော သူတို့ နှစ်ယောက်သည် လယ်ကွင်းကြီးဆီသို့ သွားကြ၍ နွားများ၊ ထွန်များကို ပြင်ဆင်နေကြလေတော့သည်။ အရှေ့ဘက် ကောင်းကင် လဟာပြင်တွင်မူကား အလင်းရောင်သည် အတန်အတန် အကန့်အကန့် ဖြာဆင်းလျက်ရှိကာ၊ အဆုံးအစ မမြော်မှန်းနိုင်သော လယ်ကွင်းပြင်ကြီးတို့အား တလက်လက် တောက်ပစေလေတော့သည်။

ဧည့်သည် လူရွယ်သည် လယ်သမား အိမ်ထောင်သည် တစ်စုနှင့်တကွ တဲပုတ်ကလေးအား တစ်ချက်မျှ လှည့်ကြည့်လျက် ရွာဆီသို့ လျှောက်ခဲ့လေတော့ သတည်း။

*

ဒါပဲ ဖြစ်ပေသည်။ ဘာကြောင့် ဒီလောက် ကြည်နူးစရာကောင်းသည် ဟူသော အချက်ကိုမူ သူသည် နားလည်တော့ နားလည်သည်။ သို့ဖြစ်၍ ယနေ့ထက်တိုင် သူ့စိတ်ထဲ၌ တိတိကျကျ တစ်ခုမကျန် မှတ်မိနေသေးသည်။ အကြိမ်အခါ မရေတွက်နိုင်တော့အောင် သည်အဖြစ်အပျက်ကလေးကို ပြန်ပြောင်းအောက်မေ့မိသည်။ ထိုအခါတိုင်း၊ ထိုအခါတိုင်း တိမ်မြုပ် မေ့ပျောက် ကွယ်လုနီးနီး အကြောင်းအရာကလေးတို့သည် အသေးစိတ်၍ စိတ်၍ ပေါ်ပေါက်လာတတ်ပေသည်။

ကြည်နူးစရာ အဖြစ်အပျက်ကလေး တစ်ခု။

[ ရှုမဝ၊ ဇူလိုင် ၁၉၄၈ ]

## ဘတ်စ်ကား ဒရိုင်ဘာ

မဂိုလမ်းနှင့် ဖရေဇာ လမ်းဆုံ၊ မီးနီ၊ မီးဝါ၊ မီးစိမ်း ပြထားသည့် နေရာသို့ ရောက်ခဲ့သော အချိန်၌ကား ကျွန်တော် စီးလာသည့် ဆိုက်ကားမောင်းသမားကို သည်းမခံနိုင်တော့အောင် စိတ်တို ဒေါသထွက်သွားပါသည်။

'ဟေ့လူ၊ ဒီလောက်တောင် အ ရင် ဆိုက်ကားပဲ နင်းမစားနဲ့တော့ဗျာ' ဟု အော်ငေါက်လိုက်မိတော့၏။

ကျွန်တော့် ဤမျှ အော်ငေါက်မိသည်မှာ နည်းသေးသည်။ မဂိုလမ်း အောဆိုင်မှ ထွက်ခဲ့၍ ဤဆိုက်ကားကို စီးခဲ့မိသည့် အချိန်မှစ၍ လမ်းတစ်လျှောက်လုံး တစ်ချက်ကလေးမှ အဆင်မပြေသေးပေ။ မိမိထက် အင်အား အဆပေါင်းများစွာ ကြီးမားသည့် မော်တော်ကားများကိုပင် ကျော်တက်လို ကျော်တက်၊ ဤမျှ ယာဉ်အသွားအလာ ရှုပ်ထွေးလှသော လမ်းမကြီးတွင် လမ်းခလယ်မှ နင်းလို နင်းနှင့်၊ ယခု နောက်ဆုံး မီးပြလမ်းဆုံသို့ ရောက်ခဲ့၍ မီးနီပြထားလျက်နှင့် လက်ယာဘက်သို့ စွတ်၍ ဖြတ်အကွေ့ ဖရေဇာလမ်းအတိုင်း မောင်းနှင်လာသော ဘတ်စ်ကားကြီး တစ်စီးက ဝင်ဆောင့်တော့မတတ် ဖြစ်သွားသည့် အချိန်၌ကား ကျွန်တော့်မှာ ဆက်လက်၍ သည်းမခံနိုင်တော့သည့်အဆုံး ဒေါသထွက်ထွက်ဖြင့် အော်ငေါက်လိုက်မိခြင်း ဖြစ်ပါ၏။

ဤဆိုက်ကားသမားကား ထုံပေပေ နိုင်လွန်းလှသည်။ တစ်လမ်းလုံး သူ့ကို တဖွဖွနှင့် သတိပေး ပြောဆိုခဲ့စဉ်ကလည်း စကားတစ်ခွန်း ပြန်မဟဘဲ သူ့လမ်းသူသာ စိုက်လိုက်မတ်တတ် နင်းခဲ့သည်။ ယခု ကျွန်တော်က ဒေါသ

တကြီး အော်ဝေါက်သည်ကို လည်းကောင်း၊ ဘတ်စ်ကား ဒရိုင်ဘာက လှမ်း၍ အယုတ္တ အနတ္တ ဆဲရေး တိုင်းထွာသွားသည်ကို လည်းကောင်း ကြားပုံပင် မရဘဲ ဖရေဇာလမ်းဘက် ဖွတ်ဖြတ်မောင်းကာ သိမ်ကြီးဈေး ကားဆိပ်သို့ ဆက်နှင်းခဲ့ပါသည်။ ထိုအချိန်က လမ်းပြရဲသား အနီးအနား၌ မရှိသည်ကိုပင် ကျေးဇူးတင်ရပေမည်။

ဤမျှ ထုံပေပေ အ တတ နိုင်လွန်းလှသည့် ဆိုက်ကားသမားကို ဆက်၍လည်း မပြောလိုတော့သည်နှင့် ကမာရွတ်–အင်းစိန် ကားဆိပ်သို့ အမြန်ဆုံး ရောက်ပါစေဟုသာ မျှော်လင့်ရင်း ငြိမ်ငြိမ်သက်သက်ပင် လိုက်ပါလာခဲ့သည်။ သိမ်ကြီးဈေးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆိုက်ကားခ ပြားငါးဆယ်ကို ကမန်းကတန်း ပေးပြီးနောက် အရန်သင့် ဆိုက်ကပ်လာသော အင်းစိန်ကားတစ်စီးပေါ်သို့ ခရီးသည်များ စောင့်ရာ နေရာသို့ မရောက်မီ အရှိန်နှင့် မောင်းနေတုန်း ကြိုး၍ ခုန်တက်ခဲ့မိ၏။

ကားပေါ် ထိုင်လိုက်မိတော့မှပင် ချုပ်တည်းထားခဲ့ရသော မိမိ ဒေါသ မိမိ သက်ပြင်းကြီးတစ်ချက် "ဟင်း" ခနဲ ချ၍ မှုတ်ထုတ်လိုက်မိသည်။ အမှန်စင်စစ် ကျွန်တော် စိတ်တို ဒေါသထွက်ရသည်မှာ ဆိုက်ကားသမားကြောင့်ချည်း မဟုတ်။ မဂိုလမ်း ဆေးဆိုင် လေးငါးဆိုင်သို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရှိစဉ်ကတည်းကပင် အတော်ကလေး စိတ်တိုခဲ့မိခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အိမ်က မိန်းမအတွက် ဆရာဝန် ရေးပေးထားသော ဆေးသုံးမျိုးကို ဝယ်ရန် မဂိုလမ်းသို့ ထွက်လာခဲ့ခြင်း ဖြစ်သော်လည်း ဆေးတစ်မျိုးသာလျှင် ရရှိပြီး၊ ကျန်နှစ်မျိုးကို ဘယ်ဆိုင်တွင်မှ ရှာမရသောအခါ နေကလည်း ပူပူ၊ စိတ်ကလည်း ခပ်တိုတိုနှင့် ဆိုင်တွင် မရှိ၍ မရောင်းနိုင်သည့် ဆိုင်ရှင်များကိုပင် မကျေမချမ်း ဒေါပွလာခဲ့မိခြင်း ဖြစ်၏။ ယခု ကားပေါ်တွင် အေးအေးဆေးဆေး ထိုင်လိုက်မိပြီး မိမိ စိတ်တို ဒေါသထွက်ခဲ့ရခြင်း၏ အကြောင်းရင်းကို ဆင်ခြင်တွေးတောမိသော အခါတွင်မှ အိမ်ကစနီးအတွက် အလိုရှိသည့် ဆေးအချို့ကို ဝယ်မရနိုင်ခဲ့ခြင်းသည်သာလျှင် အခြေခံ အကြောင်းရင်းဖြစ်ကြောင်း နားလည်မိတော့၏။ ပထမ သားဦးတုန်းက သားပျက်ကျကာ အဖတ်မတင်ခဲ့သော ဇနီးသည်မှာ ယခုတစ်ဖန် ကိုယ်ဝန်ရှိလာသည့် အခါ၌ကား ကျွန်တော်တို့ လင်မယား နှစ်ယောက်စလုံးပင် ရင်သွေးကလေးကို အရူးအမူး လိုချင်လှ၍ ပိုက်ဆံကုန်ချင်သမျှ ကုန်ပေစေ၊ ယခင်တစ်ကြိမ်ကဲ့သို့ မဖြစ်စေရန် ဆရာဝန်

အကောင်းဆုံးထိ ပြုကြမည်၊ ဆရာဝန် အဝယ်နိုင်းသော ဆေး ဟူသမျှကို မှိဝဲကာ သားပျက်ခြင်းမှ အစွမ်းကုန် ကာကွယ်ကြမည်ဟု ဆုံးဖြတ်ထားကြခြင်း ဖြစ်ပါသည်။

ကားဆိပ်သို့ ကားဝင်ဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ညနေစောင်း ရုံးဆင်းလာကြသူများနှင့် အခြား ခရီးသည် မြောက်မြားစွာတို့သည် ပုရွက်ဆိတ် များပမာ အတင်းတိုးဝှေ့ တက်လာကြသည်မှာ မိနစ်အပိုင်းအခြားအတွင်း ကားတစ်စီးလုံး ပြည့်လျှံသွားပါတော့သည်။ ကျွန်တော့်အဖို့ စောစောကတည်း က ကြိုတင် ခုန်တက်ခဲ့၍ ဒရိုင်ဘာ၏ လက်ဝဲဘက် ကားရှေ့မှန် အနီးရှိ ထိပ်ဆုံး ထိုင်ခုံတွင် ဣန္ဒြေရရ ထိုင်နိုင်သော်လည်း အချို့ ခရီးသည် ယောက်ျား၊ မိန်းမ အချို့တို့မှာ မတ်တတ်ရပ်လိုက်ရသည့် အခြေသို့ပင် ဆိုက်ရောက်သွား တော့သည်။ ကျွန်တော့်ရှေ့ ထိုင်ခုံများတွင် နို့ကုလားကြီး နှစ်ဦး၊ အဘိုးကြီး တစ်ဦးနှင့် အခြား ရုံးစာရေးနှင့် တူသူ လူရွယ်သုံးယောက် ထိုင်လျက် ရှိကြ၏။ နောက်ဘက် ထိုင်ခုံများ၌လည်း ရုံးစာရေးမနှင့် တူသူ သုံးလေးဦး၊ ဈေးသည် နှင့် တူသူ မိန်းမကြီး တစ်ယောက်နှင့်၊ ထိုနောက်... ထို့နောက် ထိုင်ခုံများတွင်မူ ခရီးသည်များ ပြည့်ကျပ်လျက် ရှိသောကြောင့် ကျွန်တော့်နေရာမှ ကွဲကွဲပြားပြား မမြင်ရတော့ပေ။

ကားဂိတ်မှ ခရာမှုတ်လိုက်သံနှင့် တစ်ပြိုင်နက်တည်းပင် ကျွန်တော်တို့ ကားသည် ဂိတ်လွှတ်လိုက်သည့် မြင်းပမာ ပထမ ဂီယာဖြင့် ဆောင့်၍ ထွက် လိုက်ရာ၊ မတ်တတ်ရပ်နေသူအချို့ ထိုင်နေသူများအပေါ်သို့ ယိုင်ကျသွားလေ သည်။ အထွက်ကြမ်းမယ့်သာ ကြမ်းသည်။ ကား၏ အခြေအနေမှာ ဆိုးဝါးလှ ချေ၏။ ဆောင့်၍ ထွက်လိုက်ချိန်၌ ကား၏ ကိုယ်ထည် တစ်ခုလုံးသည် ဘီးလေးဘီးနှင့် ကွာထွက်သွားမတတ် ဘယ်တိမ်း ညာယိမ်းနှင့် သိမ့်သိမ့်ခါ အောင် လှုပ်ရှားသွား၏။ ကားမောင်းသူသည် ပထမ ဂီယာမှ ဒုတိယ ဂီယာသို့ လည်းကောင်း၊ ဒုတိယ ဂီယာမှ တတိယ ဂီယာသို့ လည်းကောင်း တစ်ဆင့် စီ သွင်းပြီးနောက် နောက်ဆုံး စတုတ္ထ ဂီယာ သွင်းအပြီးတွင် ဂီယာတံကို တုတ်တံခွဖြင့် ထောက်ထားလိုက်သည်။ ထိုအခါကျမှပင် စက်လေ့တ်အားဖြင့် ထိန်းသိမ်းမှုရှိပုံ မရသည့် ဂီယာတံကို သတိပြုလိုက်မိပါသည်။ ထိုမှတစ်ဖန် ကားတစ်စီးလုံး၏ အခြေအနေကိုလည်း စိတ်ဝင်စားသွားမိပြန်သည်။

၁၉၄၆–၄၇ ခုနှစ်လောက်ကတည်းက ဗြိတိသျှ စစ်တပ်များက "သုံး

မရ" အခြေအနေအဖြစ် ပယ်ကာ လေလံပစ်ရာတွင် ရရှိခဲ့သော စစ်သုံးလော်ရီ အမျိုးအစား ကားများတွင် အညံ့ဆုံး ကားတစ်စီးဟု ဆိုရပေမည်။ လွန်ခဲ့သော (၁၀) နှစ်ကျော်က ဗြိတိသျှ စစ်တပ်ကသာ သုံးမရဟု ပယ်ခဲ့သည် မှန်သော်လည်း ထို သုံးမရ စစ်လော်ရီ ကားများကိုပင် ကျွန်တော်တို့ မြန်မာ ဘတ်စ်ကား လောကတွင် (၁၀) နှစ်လုံးလုံး အသုံးပြုခဲ့ကြခြင်း ဖြစ်၏။ ဤမျှ ဟောင်းနွမ်း အခြေဆိုးလျက်ရှိသော ကားများကို လမ်းပေါ်တွင် ယခုထက်တိုင် ပြေးလွှားစေနိုင်သည့် မြန်မာကားသမားတို့၏ စွမ်းရည်ကို အမှန်ပင် ချီးကျူး ထိုက်ပေသည်။ ယခုအခါတွင် ရန်ကုန်–အင်းစိန် ဘတ်စ်ကား သမဂ္ဂအနေနှင့် နိုင်ငံခြားမှ "ဒီဇယ်" ကားကြီး အမြောက်အမြားကိုပင် ဝယ်ယူ အသုံးပြုနိုင်ပြီ ဖြစ်သော်လည်း ဤကဲ့သို့ စစ်လော်ရီကားဟောင်း အားလုံးကိုမူ အစားထိုးနိုင် သေးဟန် မတူချေ။ များသောအားဖြင့် ဤစစ်ကားဟောင်းများကိုပင် စက် အကြိမ်ကြိမ်ချ၍ ပြင်ခြင်း၊ ကိုယ်ထည်အသစ် လဲလှယ် တပ်ဆင်ခြင်း စသည် ဖြင့် ဖြစ်သလို နည်းစနစ်မျိုးစုံဖြင့် (၁၀) နှစ်လုံးလုံး ပြုပြုပြင်ပြင် အသုံးပြုခဲ့ ကြခြင်း ဖြစ်၏။

ယခု ကျွန်တော် စီးမိသော ကားမှာမူ အခြားသော ဘတ်စ်ကားများ ကဲ့သို့ "ရသာရုံမှ ကိုယ်ထည် ပြုလုပ်သည်" စသော စာတန်းမျိုးကိုလည်း မတွေ့ရသည့်ပြင် ဘီးလေးဘီးပေါ်တွင် ကိုယ်ထည် တစ်ခုလုံး ပရမ်းပတာ ယိမ်းခါလျက်ရှိခြင်းကို ထောက်ရှုခြင်းအားဖြင့် ကိုယ်ထည် စတင် ဆောက်လုပ် သည့် အချိန်မှစ၍ နောက်ထပ် တစ်ကြိမ်တစ်ခါမျှ ပြုပြင်မွမ်းမံခြင်း အလျှင်း မရှိကြောင်း ထင်ရှားလှ၏။ စတင် ဆောက်လုပ်ခဲ့သူ လက်သမားမှာလည်း လက်ရာ အတော်ညံ့ပုံ ရ၏။ ထို့ပြင် အခြားသော ကားများ၌ ကားမောင်းသူ ၏ ကျောဘက်တွင် ကြက်တူရွေးတန်း သံတိုင်ကလေးများဖြင့် အကာအရံ ပြုလုပ်ထားတတ်စမြဲ ဖြစ်သော်လည်း ဤ ကားမောင်းသူမှာကား အကာအရံ ဗလာနတ္ထိ။ ရှေ့ဆုံး ခုံတန်းမှ ခရီးသည်၏ ဒူးနှင့် ၎င်း၏ ကျောနှင့်ပင် ထိ တွေ့လုခမန်း ဖြစ်ပေသည်။

"ချက်ပလက်" အမျိုးအစား ကားဖြစ်၍ ကားနံပါတ်မှာလည်း ဂဏန်း (၃) လုံးမျှသာရှိပြီး ရှေ့တွင် (က)၊ (ခ)၊ (ဂ) စသော အက္ခရာစာလုံးပင် မပါရှိသည်ကို မြင်ရခြင်းအားဖြင့် မည်မျှ အိုမင်းလှပြီ ဖြစ်ကြောင်း သိသာနိုင် ၏။ ကားတစ်ခုလုံးတွင် ကားကို ကြိုးကိုင် လှုပ်ရှားစေသော စက်ကိရိယာ

ဆို၍ ဘယ်ညာကွေ့ရန် စတီယာရင်ဘီး တစ်ခု၊ ဂီယာတံ တစ်ချောင်း၊ စက်နှိုးရန် ခလုတ်၊ ခြေနင်းကလပ်(ချ်)၊ ဘရိတ်နှင့် ပက်ထရိုလီဗာ စသော မရှိမဖြစ်သည့် အရာများကိုသာ တွေ့နိုင်တော့၏။ အခြား ကိရိယာများဖြစ်သော ဓာတ်ဆီဂါလံပြ ကိရိယာ၊ စက်ဆီပြ ကိရိယာ၊ မိုင်းနှုန်းပြ ကိရိယာ၊ အပူရှိန်ပြ ကိရိယာ စသော ကိရိယာများမှာကား ဘာတစ်ခုမှ မရှိတော့ဘဲ ထို ကိရိယာများ တပ်ဆင်ရာ ကားမောင်းသူရှေ့မှ သံပြားတွင် အပေါက်ကြီး၊ အပေါက်ငယ်များကိုသာ တွေ့နိုင်တော့၏။ ဤသို့သော ကိရိယာများ မရှိတော့သော်လည်း သံပြားပေါ်တွင် ဆေးဖြူနှင့် ရေးထားသော "အင်ဂျင်ပိုင်နဲ့ ရေ သတိပြု" ဟူသော စာလုံးအချို့ဖြင့် ဤမော်တော်ကားကို ရွေ့လျားစေနိုင်ခြင်း ဖြစ်ပေလိမ့်မည်။ ကားမောင်းသူ၏ ခေါင်းထက်ရှိ ခေါင်မိုးတွင်လည်း "ယနေ့ စီးလာ မိတ်သဟာ ချမ်းသာကိုယ်စိတ် မြဲပါစေ" ဟူသော စာတန်းကို တွေ့ရသည်။

'ကားလေး ဆရာ' ဟူသော အသံကြားလိုက်တော့မှပင် လမ်းမတော်ကို ဖြတ်ကျော်လာခဲ့ကြောင်း သတိပြုလိုက်မိပါသည်။ ပြားအစိတ် ထုတ်ယူ၍ ကမာရွတ်အထိ လက်မှတ်တစ်စောင် ယူနေမိစဉ်တွင် ကျွန်တော်တို့ ကားသည် ဒေါကြီးမောကြီးနှင့် ဘရိတ်ဆောင့်အုပ်၍ ရပ်သွားလေသည်။ မမျှော်လင့်ဘဲ ရုတ်တရက် ရပ်လိုက်ခြင်းကြောင့် အလိုလိုကမှ တယိမ်းယိမ်း တယိုင်ယိုင် မခိုင်လှသည့် ဂုိယ်ထည်တစ်ခုလုံး သိမ့်ခနဲ ယမ်းခါသွားသည်နှင့်အမျှ ကားထဲမှ မတ်တတ်ရပ် လိုက်ပါလာသူ လူအများမှာလည်း မဟန်နိုင် မထိန်းနိုင် ပြိုလဲ ကုန်တော့ပြီး တစ်ဦးနှင့်တစ်ဦး ဟို တောင်းပန်ရ၊ ဒီတောင်းပန်ရ ဖြစ်ကုန်ပါတော့သည်။

'မတော်လို့ပါနော် အစ်မကြီး၊ ခွင့်လွှတ်ပါနော်။ ဗျို့... ကားဆရာ၊ ခင်ဗျား သိပ်ရမ်းတာကိုးဗျ။ ဒီမယ် အမျိုးသမီးတွေအပေါ် လဲကျကုန်ပြီ'ဟု လူရွယ် တစ်ယောက်က ထိုင်နေသူ အမျိုးသမီးကိုလည်း တောင်းပန်ရင်း၊ ကားဒရိုင်ဘာကိုလည်း လှမ်း၍ ရန်တွေ့လိုက်၏။

'အမယ်လေး... ကန်တော့ရှင်၊ ကန်တော့' ဟု ယောကျ်ားတစ်ယောက် ခါးကို ကြောက်အား လန့်အား လှမ်းဖက်လိုက်မိသော မတ်တတ်ရပ် မိန်းမပျို တစ်ဦးက တောင်းပန်လိုက်သည်။

ငါးသေတ္တာတမျှ ပြွတ်သိပ် ကျပ်တည်းစွာ ပါလာသည့် ကားထဲမှ ခရီးသည်များမှာ ယိမ်းယိုင် လဲပြိုသွားသည်မှအပ ကားပြင်ဘက်မှ အဖြစ်သနစ်

ကို မသိလိုက်ကြ၍ တော်သေး၏။ ကားထိပ်မှ ထိုင်လိုက်လာသော ကျွန်တော် ကား ရင်ထဲ၌ ဒိတ်ခနဲပင် ခုန်သွားမိပါသည်။ မော်တော်ကားသည် ဗိုလ်ချုပ် လမ်းနှင့် ဂေါ်ဒဝင် လမ်းဆုံအရောက် "ရဲ" လက်ပြတိုင်တွင် ရဲသားတစ်ဦးမှ မရှိခိုက် မိမိ ဝဲ–ယာမှ ကားများကို လုံးဝ ဂရုမမူဘဲ အတင်းဖွတ်ဖြတ်အမောင်း၊ ဗိုလ်ချုပ်လမ်းဘက်မှ အရှိန်နှင့် လာသော ကားငယ်ကလေး တစ်စီးနှင့် ဦးချင်း ဆိုင် တိုးမိခိုက် ဘရိတ်ကို တအားကုန် ဆောင့်နင်းလိုက်ခြင်း ဖြစ်၏။ ကံကောင်း ထောက်မ၍ သီသီကလေးမှ သီသီကလေးသာ လိုတော့သည်။ ဘုရား... ဘုရား၊ ဒီကနေ့မှ ဘယ့်နှယ့်... ဘယ့်နှယ် ဆိုက်ကားသမားရမ်း၊ ကားသမားရမ်းတွေ နဲ့ လာတွေ့နေရပါလိမ့်ဟု တွေးလိုက်မိသေး၏။

ထိုအချိန်ကျမှပင် ကားမောင်းသူဒရိုင်ဘာအား ဂရုတစိုက် ကြည့်လိုက် မိတော့၏။ ဆံပင် လက်လေးသစ်ခန့် ကုပ်ဆက်ပေါ် ဝဲကျလျက် ချေးအထပ် ထပ်၊ စက်ဆီ အလူးလူးနှင့် စွပ်ကျယ်အင်္ကျီ ဝတ်ထားသည်။ ခေါင်းကြီးကြီး၊ ကိုယ်လုံး တုတ်တုတ်ခိုင်ခိုင်၊ အသက်သုံးဆယ်ရွယ်ခန့်ရှိ လူရွယ်တစ်ဦးပင် ဖြစ်သည်။ ကားတစ်စီးလုံးက ပြစ်တင် ရန်တွေ့နေသည်ကိုပင် သူသည် ဂရုစိုက်ပုံ မရ။ ခေါင်းတစ်ချက် လှည့်မကြည့်။ ရှေ့တည့်တည့်သို့ စူးစိုက်ရင်း ကားကိုသာ အရှိန်ခပ်ပြင်းပြင်းနှင့်ပင် ဆက်လက် မောင်းနှင်လျက် ရှိ၏။ ကျွန်တော့် စိတ်ထဲ၌ပင် ၎င်းအား ကြိမ်းမောင်း အော်ငေါက်ရန် ကြံစည်မိပြီးမှ သူ့မျက်နှာကဲကို ကြည့်ရင်း "မတော်တဆ ဖြစ်သွားတာ ထင်ပါရဲ့" ဟု ပြန်လည် ခွင့်လွှတ်လိုက်မိပါသည်။

ဆေးကောလိပ်ကျောင်းနားသို့ ရောက်လျှင် ကားသည် ရပ်လိုက်၏။ ဆေးကျောင်းဝတွင် ကျောင်းသူနှစ်ဦး ရပ်စောင့်နေရာ၊ စပယ်ယာ လုပ်သူက အတင်း မရမက ခေါ်ယူနေလေသည်။ ဤမျှ ကျပ်တည်းလှသည့်ကြားက နောက်ထပ် ခရီးသည် မတင်သင့်သည် မှန်သော်လည်း၊ ခေါ်သူကလည်း မရမက ခေါ်၍၊ လိုက်သူကလည်း အလွယ်တကူပင် လိုက်ခဲ့လေတော့၏။ ဆေးကျောင်းသူ နှစ်ဦးမှာ ကားပေါ်ရောက်၍ ကားထွက်တော့မှပင် တအံ့ တသြ မျက်နှာကလေးများဖြင့်–

'အို... ထိုင်စရာလည်း မရှိဘူး။ ဆင်းမယ်၊ ပြန်ဆင်းမယ်' ဟု ပူဆာ လေတော့၏။

ကားကတော့ ရပ်မပေးချေ။ စပယ်ယာကလည်း နေရာရှာပေးဖော်

မရ။ ဆေးကျောင်းသူများမှာ နှုတ်ခမ်းနီကလေးများ နှင်းဆီငုံပမာ ဖူးစူ၍ လာကြ၏။ ထိုအခိုက် အလိုက်သိတတ်သော လူရွယ်တစ်ယောက်က–

'ကျွန်တော့်နေရာ ဝင်ထိုင်ကြပါ ခင်ဗျာ၊ နည်းနည်းတော့ ကျပ်မယ်' ဟု ရပ်ပေးလိုက်သဖြင့် တော်ပေသေး၏။ သို့ရာတွင် နှစ်ယောက်ထိုင်ဖြစ်သော ခုံမှ ယောကျ်ား တစ်ယောက်ကသာ အလိုက်သိသိ ရပ်ပေးပြီး၊ ကျန် ယောကျ်ား ကြီး တစ်ဦးမှာ မသိဟန်ဆောင်၍ ထိုင်နေသောကြောင့် ပထမတွင် ဆေးကျောင်းသူ များမှာ ဝင်အထိုင်ရ ကျပ်နေပြီးမှ တစ်ယောက်သော သူက–

'လာပါကွာ၊ ထိုင်စမ်းပါ။ တစ်လမ်းလုံး ရပ်မလိုက်နိုင်ပါဘူး' ဟု ဆောင့်ခနဲ ထိုင်လိုက်တော့မှ ကျန်ကျောင်းသူကလည်း ထိုင်ချလိုက်တော့သည်။ နှစ်ယောက်စာ ထိုင်ခုံကလေးတစ်ခုတွင် လူသုံးယောက် ထိုင်လိုက်ရာဝယ်၊ အစွန်ဆုံးမှ ဆေးကျောင်းသူ၏ ဆူဆူဖြိုးဖြိုး တင်ပါးဆုံ တစ်ခြမ်းမှာ ကားအိ ထွက်ကျနေတော့၏။ ဤသည်ကို သတိပြုမိသူ အဖော်မက သူ့ညာဘက် နံဘေးက ယောကျ်ားကြီးကို မပြောမဆို ကိုယ်လုံးနှင့် ဆောင့်တွန်းကာ နေရာယူလိုက်ပြီး 'ဟော့ လီလီ၊ ဒီဘက် တိုးဦးကွ' ဟု ပြောလိုက်၏။

'ဒီကားသမားတွေကလည်း လူပြည့်နေလျက်နဲ့လည်း အရမ်းတင်တာ ပဲ။ စီးတဲ့ လူတွေကလည်း ကျပ်မှန်းသိလျက်သားနဲ့ တက်စီးကြတော့လည်း အခက်သားလားဗျ' ဟု ယောကျ်ားကြီးက သူ့အဖြစ် သူ အိုးမလုံ အုံမွှင့်လိုက် တော့သည်။ ဆေးကျောင်းသူ နှစ်ဦးမှာလည်း နှုတ်ခမ်းနီကလေးများ ပို၍ပင် ဖူးမွှင့်သွားတော့၏။ တစ်ယောက်သော ဆေးကျောင်းသူက–

'အရေးထဲ အိမ်က ဒရိုင်ဘာကလည်း ဒီကနေ့မှပဲ သူ့အမေ သေရ သတဲ့' ဟု သူ့အဖော် သူ ပြောသလိုလိုနှင့်၊ အမေ ဆုံးရရှာသည့် အိမ်က ဒရိုင်ဘာကို အခြောက်တိုက် ကြိမ်းမောင် လိုက်၏။ ယောကျ်ားကြီးလည်း ပါးစပ် ပြန် မဟ တော့ပေ။

ကျွန်တော်တို့ ဘတ်(စ်)ကားသည် ထောင်ကြီးကွေ့ကို ကျော်ဖြတ် လိုက်မိသည်နှင့် တစ်ပြိုင်နက် စုတ်ချာလှသော အခြေအနေနှင့် မမျှအောင် စက်ကုန်ဖွင့်တော့ရာ၊ စက်သံရော ကိုယ်ထည်၏ လှုပ်ရှားသံများနှင့် နံဘေးမှ လေသံများပါ ဆူညံ ဝီခေါ်၍ သွားတော့သည်။ ရှေ့ဆုံး ထိုင်ခုံမှ အဘိုးကြီးမှာ ပါးစပ်မှ ဂါထာတွေ တတွတ်တွတ် ရေရွတ်နေရင်းက–

'ဖြည်းဖြည်းမောင်းကြပါ မောင်တို့ရယ်၊ ဖြည်းဖြည်း မောင်းကြပါ' ဟု တုန်ယင်စွာ တောင်းပန်ရှာတော့၏။ ဒရိုင်ဘာကား ကြားလိုက်ပုံပင် မရ။ အသံကြီးမှာ ဂါထာတွေကိုသာ ဆက်၍ ရွတ်ဖတ်နေရှာသည်။ ကားအတွင်း ဟိုနေရာမှ၊ သည်နေရာမှ ဝေဖန်သံ၊ ပြစ်တင်သံအချို့ တီးတိုး တီးတိုးနှင့် မသိမသာ ထွက်ပေါ်လာလေ၏။

မော်တော်ကားသည် တဝီဝီနှင့်ပင် အရှိန်ပြင်းစွာ မောင်းနှင်ရင်း ပဲခူး ကလပ်၊ ဟယ်(လ်)ပင်လမ်း၊ ချိ(ပ်)လမ်း စသည်တို့ကို ဖြတ်ကျော်လာခဲ့သည်။ အလုံလမ်း မရောက်မီကလေးတွင် အခြား ဆလွန်းကား တစ်စီးကို ကျော်တက် လိုက်သည်မှာ အသည်းယားစရာပင် ကောင်းတော့၏။ ကားအယိမ်းလိုက်တွင် နို့ကုလားများ၏ နို့ဒန်အိုး နှစ်လုံးသည် ကျွန်တော့် ခြေထောက်နားသို့ ရွေ့ရှား ရောက်ရှိလာသဖြင့် ပြန်တွန်းပို့လိုက်ရ၏။ စောစော တစ်ကြိမ်က ဒရိုင်ဘာ အပေါ်တွင် ခွင့်လွှတ်ထားခဲ့မိသော ကျွန်တော်သည် ဤတစ်ကြိမ်၌ ခွင့်လွှတ် ရန် အကြောင်း ရှာမရတော့ပေ။ လွှတ်ခနဲ မဆဲမိရန် သတိထားလိုက်ရ၏။ ကားစီး ခရီးသည် အားလုံး၏ စိတ်ကို မချမ်းမြေ့ဖွယ် ဖန်တီးရုံသာမက ကြောက်စေဖြင့် မောရန် ခြိမ်းခြောက်နေသည့် ဤဒရိုင်ဘာအား တစ်ဆုံး တစ်ချက် လုပ်ရန်အထိပင် စိတ်ပေါက်လာမိ၏။

သူ့ခေါင်းထက်မှ "ယနေ့ စီးလာ မိတ်သဟာ ချမ်းသာကိုယ်စိတ် မြဲပါစေ" ဟူသော စာတန်းကိုမှ အားမနာ။ မျက်နှာထားက မှုန်တေတေ၊ ကားတစ်စီးလုံး မည်သူ့ကိုမှ မမှုသည့်ဟန်နှင့် မိမိ ထင်သလို စိုင်းချင်ရာ စိုင်းလျက်ရှိသော ဤ ကားဒရိုင်ဘာကို နံဘေးမှ စိုက်ကြည့်ရင်း ကျွန်တော့် ရင်ထဲ၌ ဒေါသစိတ်များ ယားကျိကျိ ဖြစ်လာမိတော့သည်။ သူ့ကိုယ်သူ ကားမောင်း ကျင်လည်လှကြောင်းကိုပင် ထုတ်ဖော် ကြွားဝါလို၍လား၊ သူ့ အသက် သူ တန်ဖိုးမထားလှသည့် သတ္တိကိုပင် ပြချင်၍လား၊ စောစောက ပြောဆို ရေရွတ်ခဲ့ကြသော ကားစီး ပရိသတ်ကိုပင် တမင် အရွဲ့တိုက် မောင်း နေခြင်းလား မသိ။

'မော်တော်ဗီကယ် ပါတယ် ဆရာ' ဟု စပယ်ယာလုပ်သူက အစော ကြီး တင်ကြို သတိပေးခဲ့လျက်နှင့်လည်း မော်တော်ယာဉ်ရုံးရှေ့၌ ရပ်မပေး ဘဲ ကျော်ခဲ့မြန်သဖြင့် ၎င်းနေရာတွင် ဆင်းလိုကြသည့် ခရီးသည် အချို့မှာ မကျေမနပ် ဆူကြ ပူကြ ဖြစ်ကုန်ကြတော့၏။

'ဟေး... ရပ်ကွ၊ ရပ်၊ တို့ ဆင်းမယ့်နေရာ အစောကြီးကတည်းက ပြောထားတာ၊ မင်းတို့ ဘာလုပါးဝတာလဲကွ။ မင်း ဘာစပယ်ယာလဲကွ။ မင်းတို့ကား စီးရတာ သေပြေး ရှင်ပြေး၊ တကတဲ သေမင်းပြည် သွားနေရ သလိုပဲ။ မင်းတို့ ခရီးသည်တွေကိုလည်း နည်းနည်းလေးမှ သောက်ဂရုမစိုက် ကြဘူး။ မင်းတို့... မင်းတို့... သိမယ်... သိမယ်' ဟု အရပ်ထောင်ထောင် မောင်းမောင်း "ရဲသား" အသွင်ဆောင်သော လူတစ်ယောက်က ဒေါသတကြီး ကြိမ်းမောင်း အော်ငေါက်လိုက်သည်။

'ကျွန်တော်လည်း အာပေါက်တော့မယ် ဆရာ၊ အစောကြီးကတည်းက အော်နေတာပဲ။ ဒရိုင်ဘာက ကြားမှ မကြားတာပဲ။ ဟော့လူ ကိုဘိုနီ၊ ရပ်ဗျ၊ ရပ်' ဟု စပယ်ယာကလည်း ဒရိုင်ဘာကို အသံကုန် အော်လေတော့သည်။ ကားလည်း မိုလ်ရှခံ အဆောက်အအုံရှေ့တွင် ထိုးရပ်လိုက်၏။

'ဒရိုင်ဘာက နားကန်းနေသလားကွ၊ လရှိုး သောက်ရမ်းလည်း မောင်း သေး၊ လူတွေလည်း ခွေးလို လုပ်တယ်။ မင်းတို့တော့ သိကြရောပေါ့ကွာ၊ ဟင်း...' ဟု ပြောပြောဆိုဆို "ရဲသား" နှင့် တူသူသည် သူ့အဖော် နှစ်ယောက် အား ခေါ်ပြီး ဒေါကြီးမောကြီး ဆင်းသွားကြလေ၏။ ကားပြန်ထွက်တော့မည် အပြုတွင် ဆေးကျောင်းသူ နှစ်ဦးတို့သည် ထ မလို ထိုင်မလို ဖြစ်ရာက-

'နေဦး... နေဦး... ဆင်းမယ်... ဆင်းမယ်' ဟု ပြိုင်တူ ဟစ်အော်ရင်း ကပျာကသီ ဆင်းသွားကြ၏။ စောစောက အင်းစိန်အထိ လက်မှတ်ယူခဲ့သည် ကို မြင်တွေ့ပြီး ဖြစ်သော ကျွန်တော့်အဖို့ ကားအမောင်း ကြမ်းလွန်းသဖြင့် သွေငယ်မ နှစ်ယောက် ကြောက်အားပိုကာ နောက်ကား ပြောင်းစီးရန် ဆင်းကြ ခြင်း ဖြစ်မည်ဟု ရိပ်မိ နားလည်လိုက်ပါသည်။

ဆေးကျောင်းသူများသာမက အသက် (၅၀) ရွယ်ခန့်ရှိ မိန်းမဝဝကြီး တစ်ဦးနှင့် လူကြီးတစ်ယောက်တို့ပါ မပြောမဆို ရောနှော ဆင်းသွားကြလေ ၏။ ထိုမိန်းမကြီးနှင့် လူကြီးတို့သည်လည်း မိမိတို့ လက်မှတ်ခံထားသည့် နေရာသို့ မရောက်မီ နောက်ကားတစ်စီး ပြောင်းစီးရန် အကြံအစည်နှင့်ပင် ဆင်းသွားကြခြင်း ဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးထင်မိပါသည်။

ရှေ့ဆုံး ထိုင်ခုံမှ အဘိုးကြီး၏ မျက်နှာတွင်မူ ထိုသူများနှင့်အတူ ဆင်းလိုက်သွားလိုသည့် အရိပ်အယောင်များ ယှက်သန်းလျက် ရှိသော်လည်း၊ ကားတစ်စီး ပြောင်းစီးရန်ပင် မိမိ အခြေအနေက မပေး၍ အားမတန် မာန်

လျှော့ထားလိုက်ရပုံ ရှိနေ၏။ သူ့တွင် နောက်ထပ် ပြားနှစ်ဆယ်ခန့် ဖြန်းတီးနိုင်သော အင်အားကလေးသာ ရှိမည်ဆိုပါက ကေန်အမုန် ဆင်းနေခဲ့လိမ့်မည်ဟု ကျွန်တော် အကဲခတ်လိုက်မိ၏။ ခုတော့ အဘိုးကြီးမျော ဂါထာတွေကို မနားတမ်း ရွတ်ခြင်းအားဖြင့်သာ ကြောက်ရွံ့မှု ထောင်ချောက်တွင်းမှ ကြိုးစား ထွက်ပြေးလျက် ရှိလေသည်။

အဘိုးကြီး နံဘေးမှ နို့ကုလားကြီး နှစ်ဦးတို့မှာကား နေ့စဉ်နှင့်အမျှ ဤကဲ့သို့ ကားမျိုးတွေကို စီးနေရ၍လားတော့ မသိ။ မော်တော်ကား တစ်စီးလုံး မြေပြင်မှ ကြွတက်ကာ မိုးပျံနေဦးတော့၊ ဂရုစိုက်ကြမည့်ဟန် မပေါ်။ နှုတ်ခမ်းမွေးကြီးများကို ပွတ်သပ်လိုက်၊ အဆီရွှဲနေသည့် ဝမ်းဗိုက်အိအိကြီးများကို ပွတ်သပ်လိုက်၊ ပါးစောင်များမှ ကွမ်းများကို တမြုံ့မြုံ့ ဝါးလိုက်နှင့် သူတို့ဘာသာဘာဝ စကားလက်ဆုံ ကျနေသည်မှာ ကုလားတိုက် ကျားဝင်ကိုက်သည်ထက်ပင် ဆိုးဝါးသေးတော့၏။

ဗိုလ်ရွာခံရှေ့မှ ကားထွက်လာခဲ့သည့် အချိန်၌ စပယ်ယာလုပ်သူမှာ သူ့ဒရိုင်ဘာ သူ ဒေါပွကာ မျက်နှာကြီး ပုပ်သိုးလျက် ရှိချေပြီ။ ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်နေရာက–

'ဒီမယ် ကိုဘိုနီ၊ ဘယ့်နှယ့်လုပ်တာလဲဗျ။

'ဟိုမယ်... ဟိုမယ် စီးမယ့် လူတွေကိုလည်း ရပ်မပေးဘူး' ဟု လှမ်းအော်ပြန်သည်။ စပယ်ယာ လက်ညှိုးညွှန်ပြရာ မြေနီကုန်း ကင်းဂါတ်ရှေ့တွင် မိန်းမနှစ်ယောက်နှင့် ကလေးတစ်သိုက် လက်တားရင်း ကျန်ရစ်ခဲ့ကြသည်ကို မြင်လိုက်ရပါသည်။ စပယ်ယာ ပြောလည်း ပြောစရာပေ။ ခရီးသည်များကို မြင်လျက်နှင့် မတင်ခဲ့သော ဒရိုင်ဘာမှာ အမြင်ကတ်လောက်စရာပင် ဖြစ်လာသည်။ တစ်ဖက်ကလည်း သူ့ကို စိတ်ဆိုးရမည်ထက် ဤမျှ ကိုးလိုးကန့်လန့် ဖွတ်တရွတ်နိုင်လှသည့် ဒရိုင်ဘာအား ဘယ်ရွှေ့ဘယ်မျှအထိ ခွကန့်လန့်တွေ လျှောက်လုပ်ဦးမည်လဲ၊ ဘယ်အထိ ရမ်းကားမောင်းဦးမည်လဲ ဟု စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်မိ၏။

ကားစီး ပရိသတ်မှာကား ကျယ်လောင် ကျယ်လောင် ဖြစ်လာကြပြန်လေပြီ။

'တကတဲ မသာကား ကျနေတာပဲ' ဟု တချို့က ပြောသည်။

'ဒီလိုကားမျိုး ကြာရှည်စီးရရင် မြန်မြန်သေမှာပဲ' ဟု အချို့က ဝေဖန်သည်။

'ဒီကောင်မျိုး ကားမောင်းနိုင်းရင် သမဂ္ဂ နာမည်ပျက်လိမ့်မယ်' ဟု တစ်ယောက်က မချိတင်ကဲ အပြစ်တင်၏။ ထိုအခိုက် ကားသည် မြေနီကုန်း ကားဆိပ်သို့ မရောက်မီကလေး စက်ထိုး၍ ရပ်သွား၏။

'ဘာဖြစ်ရတာလဲဗျ' ဟု စပယ်ယာက လှမ်းမေးလိုက်၏။

'ဂေါက်ဆင်းလှည့်စမ်းကွာ' ဟူ၍သာ တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောခဲ့သည့် ဒရိုင်ဘာက တုံးတိတိ အမိန့်ပေးလိုက်လေသည်။ စပယ်ယာ လည်း ဆောင့်ကြီးအောင့်ကြီးနှင့် ကားလှည့် ဂေါက်တံကို ဆွဲ၍ ဆင်းသွား၏။ စပယ်ယာ ဂေါက်လှည့်နေစဉ် မြေနီကုန်း ဆင်းမည့် ခရီးသည် အမြောက်အမြား ပင် ကားပေါ်မှ ဆင်းသွားကြလေသည်။ သူတို့ ပါးစပ်မှလည်း တဖွဖွ ရေရွတ် သွားကြလေ၏။

'မင်းတို့ ကားမျိုးတော့ ဒီတစ်သက် ဒီတစ်ခါပါပဲကွာ' ဟု လူ တစ်ယောက်က လှမ်းအော်သွားသေးသည်။ စပယ်ယာကား ဂေါက်တံကို အကြိမ်ကြိမ်အခါခါ လှည့်နေ၏။ နဖူးမှ ချွေးများကို လက်ညှိုးကွေးကွေးဖြင့် သပ်ချလိုက်ရင်း-

'လီဗာနင်းပါဗျ၊ ဒီမှာ လှည့်ရတဲ့လူ သေတော့မယ်' ဟု မောဟိုက်လှစွာ ဟစ်အော်ပြန်သည်။ နောက် ဆယ်ပတ်မျှ လှည့်လိုက်တော့မှ ကားစက်သည် တဖွတ်ဖွတ် နိုးစ ပြုလာ၏။

မြေနီကုန်း ကားဆိပ်သို့ ကားထိုးဆိုက်လိုက်သည့် အချိန်၌ ကားပေါ် မှ ဆင်းသူ လေးငါးယောက်မျှသာ ရှိပြီး၊ နောက်ထပ် ခရီးသည်သုံးယောက် တက်လာကြပြန်၏။ ကားစပယ်ယာသည် စမ်းချောင်းလမ်းထဲမှ လာနေသူ အချို့အား 'ကမာရွတ် အင်းစိန် လိုက်မလား၊ အင်းစိန် လိုက်မလား' စသည် ဖြင့် လှမ်းခေါ်နေ၏။ စပယ်ယာ ဆီးကြိုခေါ်နေသည့် နေရာမှာ ကျွန်တော်တို့ ကားမှ အတော်ကလေး လှမ်းပေရာ၊ ထိုအခိုက် ကားသည် ဆိုင်းမဆင့် ဘုံ မဆင့် ရုတ်တရက် မောင်းထွက်သွားသည့် အခါ၌-

'ကိုဘိုနီ၊ ဒီမယ် လူခေါ်နေတုန်းဗျ၊ ကျွန်တော် ကျန်ခဲ့ပြီဗျ။ ဟေ့လူ ကိုဘိုနီ ကိုဘိုနီ' ဟု စပယ်ယာသည် တလိမ့်လိမ့် ထွက်စပြုနေသော ကားဆီ သို့ အူယားဖားယား ပြေးလိုက်ရင်း သံကုန်ဟစ်ရှာလေတော့သည်။

ကျွန်တော့်မှာ "ငိုအားထက် ရယ်အားသန်" ဆိုသလို ဒေါသစိတ်တွေ ကြားက ဤကားဒရိုင်ဘာနှင့် စပယ်ယာတို့၏ အဖြစ်ကို ကျိတ်၍ ရယ်မိပါ

တော့သည်။ ကိုဘိုနီသည် စပယ်ယာ့ အသံကို ကြားလိုက်ဟန်ဖြင့် ကားကို အရှိန်ပြန်လျှော့ပေးလိုက်သည်။ စပယ်ယာလည်း ကားပေါ် ခုန်တက်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဒေါသူပုန် ထ လေတော့၏။

'ကိုဘိုနီ ခင်ဗျား တမင်လုပ်တာလားဗျ။ ကားလည်း လူမပြည့်သေးဘူး။ စီးမယ့် လူတွေလည်း အများကြီး ရှိသေးတယ်။ နောက်ကားတွေလည်း အဝေးကြီး။ ခင်ဗျားကြီး ကျုပ်ကို တမင်သက်သက် လုပ်တာပဲ။ ကျုပ် ဆင်းနေခဲ့ရမလား၊ ခင်ဗျားကြီး... ခင်ဗျားကြီး'

'ဟေ့ကောင် တော်ကွာ၊ ငါ မသိလို့ပါ။ တကယ်ပဲ ငါ မသိလို့ပါ'

ဒရိုင်ဘာ ကိုဘိုနီသည် ဒုတိယမ္ပိ စကားလေးငါးဆယ်ခွန်းကို ပြတ်ပြတ် တောင်းတောင်း ပြောလိုက်ပြန်သည်။ စပယ်ယာသည် ကိုဘိုနီကို ကြောက်၍ရဟန် ရှိ၏။ နောက်ထပ် ဆက်၍ ရန်မတွေ့တော့ချေ။ မျက်နှာ ပုပ်သိုးသိုးကြီးနှင့် ခရီးသည်များထံမှ ကားခ ငွေများ လိုက်တောင်းနေ၏။

ဒီနေ့ ဒီရက်တွင်မှ ဒီလိုလူတွေနဲ့ ဒီလို ကားတစ်စီးကို ဘယ်အကြောင်းကံမျိုးဖြင့် စီးလာမိပါလိမ့်ဟု စဉ်းစားမိပါသည်။ အကယ်၍သာ အိမ်မှ ထွက်လာခဲ့စဉ် မိမိ ရှေ့တွင် မြွေတစ်ကောင်ကောင် ဖြတ်သန်းသွားခဲ့ပါက ဒီမြွေဖြတ်လို့ ဒီလို ခရီးမျိုးနဲ့ ကြုံရတာပဲ ဟု အတပ်စွဲကောင်း စွဲမိပေမည်။ ယခုတော့ ဘာမြွေမှလည်း မဖြတ်ခဲ့ပေ။

ကားသည် ဆန်းသီရိ ရုပ်ရှင်ရုံနားတွင် ရပ်လိုက်ပြန်သည်။ သည်တော့မှပင် ကျွန်တော့်ရှေ့မှ အဘိုးကြီးသည် ဂါထာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ရပ်လျက် တုန်တုန်ယင်ယင်ဖြင့် ဆင်းသွား၏။ ကျွန်တော့်ရှေ့ တံခါးပေါက်မှ ဖြတ်ဆင်းသွားစဉ် အဘိုးကြီး၏ သက်ပြင်းမှုတ်ထုတ်သံကို ကြားလိုက်မိသည်။ ပါးစပ်မှလည်း 'ကျန်းမာကြပါစေ... ချမ်းသာကြပါစေ... ဘေးကင်းကြပါစေ' ဟု တတွတ်တွတ် ရေရွတ် ဆုတောင်းသွားသေးသည်။ ကားပေါ်တွင် ကျန်ရစ်သူများအတွက် ဆုတောင်းသွားဟန် တူလေ၏။

အဘိုးကြီးနှင့်တကွ အခြား ခရီးသည်အချို့ ဆင်းပြီးလျှင် ဆင်းပြီးချင်း အောက်က တက်မည့် ခရီးသည်များကိုပင် တက်ခွင့်မပေးတော့ဘဲ ကားသည် ဝူးခနဲ ဆက်ထွက်လိုက်ပြန်သည်။ ယောကျ်ားတစ်ယောက်သာ ဖျတ်လတ်လျင်မြန်စွာ ခုန်တက်ပါလာခဲ့၏။ ကျွန်တော်လည်း ခရီးသည်ကို တင်ချင်မှ တင်၊ ချချင်မှ ချ၊ ထင်ရာ စွတ်လုပ်နေသည့် ဒရိုင်ဘာသည် ဘယ်အထိ မိုက်ကန်းနိုင်ဦးမည်လဲ ဟုသာ ဆက်၍ အကဲခတ်လာမိပါသည်။

မကြာမတင်မှာပင် 'ရှမ်းကုန်းလမ်း ပါတယ် ဆရာ' ဟု စပယ်ယာက အော်ပြောနေသည့်ကြားက ထိုလမ်းကို ကျော်မောင်းခဲ့ပြီး၊ ခရီးသည်က ဒေါသတကြီး ၃၊ ၄ ကြိမ် အော်တော့မှ မဟာမြိုင်လမ်းနားတွင် ရပ်ပေးလိုက်သည်။ ထို့နောက် မကြီးကြီး လမ်းထိပ်တွင် ကားစောင့်နေသည့် ခရီးသည်အချို့ကိုလည်း မတင်ခဲ့ဘဲ ကားသည် ယခင်ကအတိုင်း လီဗာအဆုံး မောင်းနှင်ပြန်ပါတော့သည်။

ထိုအချိန်တွင် ကျွန်တော်တို့ရှေ့မှ စက်ရုံလော်ရီကားကြီးတစ်စီး မောင်းလျက် ရှိ၏။ ကားကြီးပေါ်တွင် ရုံးဆင်းလာဟန်တူသည့် လုပ်သားများမတ်တတ်ရပ်လျက် ပါလာကြသည်။ ထိုင်ခုံ မပါသည့် လော်ရီကားမျိုးဖြစ်၍ လုပ်သားအားလုံးတို့သည် ကားခေါင်မိုးတန်းများကို ကိုင်လျက် ရှိကြသည်။ စက်ရုံကားသည် ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနေရင်းက စာပေဗိမာန် အဆောက်အအုံ ရှေ့နားတွင် သူ့ရှေ့မှ ကားတစ်စီးကို ကျော်၍ တက်ရန် အရှိန်ပိုမောင်းလိုက်၏။ ပြီးနောက် ရှေ့မှ ကားကို ကျော်တက်ရန် ကြိုးစားတော့သည်။

ထို အခိုက်အတန့်ဝယ် ကျွန်တော်တို့ ကားဒရိုင်ဘာသည် လုံးဝမျှော်လင့်ဖွယ်ရာ မရှိသော အပြုအမူကို ကျူးလွန်လိုက်တော့သည်။ ရှေ့မှစက်ရုံကားကြီးက သူ့ရှေ့မှကားကို ကျော်မတက်နိုင်သေးမီ ကျွန်တော်တို့ကားကစက်ကုန်ဖွင့်လျက် စက်ရုံကားကြီးကိုရော သူ့ရှေ့မှ ကားတွေကိုပါ တစ်စီးပြီးတစ်စီး ကျော်တက် မောင်းနှင်သွားပါသည်။ စက်ရုံကားနှင့်တကွ အခြား ကားနှစ်စီးတို့အား ကျော်တက်ခဲ့နိုင်သော်လည်း အရှိန်မသတ်နိုင်သေးမီ ဟံသာဝတီအဝိုင်းကြီးနှင့် ရင်ဆိုင်လိုက်ရသောကြောင့် ကားတစ်စီးလုံး ငယ်သံပါအောင်အလန့်တကြား အော်လိုက်မိကြပါသည်။ ထိုတဒင်္ဂဝယ် ကားမှောက်ပြီဟု အောက်မေ့လိုက်ကြ၏။

အမှန်အားဖြင့် ဤနေရာ၊ ဤအခိုက်အတန့်မျိုး၌ မိမိရှေ့မှ ကားများကို ဖြတ်ကျော်ရန် ကြိုးစားသူသည် အရူးသော် လည်းကောင်း၊ ကားမမောင်းတတ်သူသော် လည်းကောင်း ဖြစ်ရပေမည်။ မိမိရှေ့မှ ကားများကို ကျော်မောင်းနိုင်စေကာမူ ရှေ့တွင် လမ်းဖြောင့်ဖြူးခြင်း မရှိ။ ဟံသာဝတီအဝိုင်းကြီးက အတားအဆီး ဖြစ်နေရာ ကားကို မနည်းကြီး ထိန်းသိမ်း၍ မောင်းတော့မှ အဝိုင်းကြီးကို ပတ်မိတော့၏။ ကျွန်တော့်စိတ်၌ အဝိုင်းပေါ်သို့ တက်သွားတော့မည်ဟုပင် အောက်မေ့လိုက်မိ၏။ ကံကောင်းလှချေသည်။ ခရီးသည်အားလုံး

မှာလည်း ရင်တမမ ဖြစ်သွားကြပုံ ရသည်။ နို့ကုလားကြီးများပင် မျက်လုံးပြူး သွားကြ၍ စကားစ ပြတ်သွားကြလေသည်။

'ဟေ့လူ ရမ်းလှချည်လား၊ ခင်ဗျား တစ်ယောက်တည်း သေမှာ မဟုတ်ဘူး။ တစ်စီးလုံး သေမှာ။ ခင်ဗျား သေချင်ရင် ကျုပ်တို့အားလုံး ဆင်း ပေးမယ်' ဟု ယောကျ်ားတစ်ယောက်က ဒေါသစိတ်နှင့် ကြောက်ရွံ့စိတ်များ အကြားက တုန်ယင်စွာ အော်ပြောလိုက်၏။

ထိုအချိန်၌ ကျွန်တော်တို့ ကျော်တက်လာခဲ့သည့် စက်ရုံကားကြီးနှင့် အခြားကားနှစ်စီးတို့အား လှမ်းကြည့်လိုက်မိရာ စက်ရုံကားရော၊ အခြားကား များပါ ပရမ်းပတာဖြစ်၍ ကျွန်ရစ်ကြောင်း တွေ့လိုက်ရပါသည်။ စက်ရုံကား သည် မကျော့တစ်ဝက် ကျော်တစ်ဝက်ဖြင့် လမ်းခလယ်တွင် အူကြောင်ကြောင် ဖြစ်သွားပုံရ၏။ အသံလွှင့်ရုံသစ်ကြီးနား ရောက်သောအခါကျမှ ကျွန်တော် တို့ ကားသည် အရှိန်ကို သိသိသာသာ လျှော့လိုက်တော့သည်။ ဒရိုင်ဘာ ကိုဘိုနီလည်း နဖူးမှ ချွေးသီးချွေးပေါက်များပင် စို့ထွက်လာလျက် ထို ချွေး များကို မသုတ်စဖူး သုတ်လိုက်လေသည်။

ဟံသာဝတီအပိုင်းတွင် ဆင်းလိုလျက်နှင့် မဆင်းခဲ့နိုင်သော ခရီးသည် များက ကြိမ်းမောင်း ဆူပူကြသဖြင့် အသံလွှင့်ရုံသစ်ကြီးရှေ့တွင် ရပ်ပေးလိုက် ရ၏။ ခရီးသည် အများအပြားပင် ဒရိုင်ဘာအား ပြောင်ဆဲရေးတိုင်းထွာလာ ကြတော့သည်။ အချို့က ရန်စလိုဟန်ပင် ရှိလာကြသည်။ ပက်ပက်စက်စက် ဆဲဆို ကြိမ်းမောင်းကြတော့သည်။ တစ်ယောက်သော သူကတော့–

'ဟေ့ကောင် ပိုက်ဆံပြန်ပေးကွာ၊ တခြားကား ပြောင်းစီးမယ်၊ မင်း မသာကားကို မစီးချင်ဘူး' ဟု ကားခကိုပင် ပြန်တောင်းနေတော့၏။

ဒရိုင်ဘာသည် မိမိ အပြစ် မိမိ နောင်တရဟန်သည့်အလား လူတွေ ဆဲရေး ပြောဆိုသမျှ အားလုံးကို ခေါင်းကြီးငုံ့ခံ၍ ဆက်မောင်းခဲ့သည်။ တစ်ခု ထူးခြားသည်မှာ ဤဒရိုင်ဘာသည် မည်သူက မည်မျှပင် ဆဲဆဲဆူဆူ၊ မည်သည့် ဆင်ခြေမျိုးမှ မပေး၊ မည်သို့မှလည်း ပြန်မပြောချေ။ ဤတစ်ခါတွင် ကား၏ အရှိန်မှာလည်း မှန်တမ်း ဖြစ်သွား၏။ မိမိရှေ့မှ အရှိန်နှေးကွေးစွာ မောင်းနှင် လျက် ရှိသော ကားငယ်ကလေး တစ်စီးကိုပင် ကျော်မတက်တော့။ ဆင်းမည့် ခရီးသည်တွေကို ချပေး၍၊ တက်မည့် ခရီးသည်များကိုလည်း ဂရုတစိုက် တင်ခဲ့တော့၏။ ဒီတစ်ခါတော့ ချွေးမသား အတော်ကလေး နောင်တရသွား ပြီ ဟု ကျွန်တော့်စိတ်၌ပင် မှတ်ချက်ချလိုက်မိတော့၏။

ခရီးသည်များလည်း ဒေါသပြေစပြုပြီး ပြန်လည် ဆိတ်ငြိမ်သွားပြန်သည်။ သို့ရာတွင် ထို ဆိတ်ငြိမ်မှုကား မကြာရှည်လိုက်ပေ။ ဆူပူမှု တစ်ခု အတွက် ခေတ္တ ဆိတ်ငြိမ်ပေးခြင်းမျှသာ ဖြစ်တော့၏။ မကြာမီအတွင်း ကျွန်တော်တို့ ဖြတ်ကျော်ခဲ့သော စက်ရုံကားကြီးသည် တစ်ဟုန်ထိုး ကျော်မောင်းသွားရာက အချက်တစ်စုံတစ်ရာ မပေးဘဲ ကျွန်တော်တို့ ကားရှေ့တွင် ကန့်လန့်ဖြတ် ထိုးရပ်လိုက်ပါသည်။

ကားပေါ်မှ 'ဟာ' ခနဲ အသံများနှင့်အတူ ကျွန်တော်တို့ ကားလည်း ဘရိတ် တအားကုန်အုပ်၍ ရပ်လိုက်၏။

အဖြစ်အပျက်ကလေးမှာ လျင်မြန်လှဘိသည်။ အချိန်ကို ရေတွက်ကြည့်မည်ဆိုပါက ငါးမိနစ်မျှပင် ကြာလိမ့်မည် မဟုတ်ပေ။ စက်ရုံကားပေါ်မှ လုပ်သားနှစ်ယောက် ခုန်ဆင်းလာကြသည်။ ဖုန်းထိုင်း ဖုန်းထိုင်းနှင့် အသံများ ကြားလိုက် ရသည်။ ထို့နောက် စက်ရုံကားကြီး "ဝူး" ခနဲ မောင်းထွက်သွားသည်။ အဖြစ်အပျက်မှာ ရုပ်ရှင်ဖလင် အပြတ်ကလေး တစ်ခုကို ပြလိုက်သည့်ပမာ ဖျတ်ခနဲ ပြီးဆုံးသွား၏။

သို့သော် အဖြစ်အပျက် ပြီးဆုံးခဲ့သည့် နောက်ပိုင်း၌ကား စိတ်ဝင်စားဖွယ်ရာများ တစ်ခုပြီးတစ်ခု တွေ့ရတော့သည်။

ဒရိုင်ဘာ ကိုဘိုနီသည် မိမိ ကားပေါင်ကို ကျောမှီကာ အားအင်ပျော့နေ၏။ မျက်နှာတစ်ခုလုံး သွေးများ ခြင်းခြင်းနီလျက် ရှိ၏။ မျက်ခုံးတစ်ဖက်နှင့် ပါးစောင်တစ်ဖက် ဖူးရောင်လာ၏။ ကျွန်တော့်အဖို့ သူ့ကို ငုံ့ကြည့်ရင်း သနားသလိုလိုပင် ဖြစ်မိသဖြင့် မိမိကိုယ်မိမိပင် အံ့သြသွားမိ၏။ ကားစပယ်ယာမှာကား မျက်လုံးမျက်ဆန်ပြူးလျက် ရှိသည်။ မကြာသေးမီ အခိုက်အတန့်ကလေးက သူသည် ပျောက်ချက်သား ကောင်းခဲ့သည်။

ထိုအချိန်၌ ကားပေါ်မှ လူအများအပြား ဆင်းသွားပြီးလေပြီ။ ကားပေါ်မှ ဆင်းမသွားကြမီ ခရီးသည် အားလုံးကပင် ဒရိုင်ဘာ၏ သနားစရာအဖြစ်ကို ကောင်းချီးသြဘာ ပြုသွားကြသည်။ လက်ခုပ်မတီးကြရုံတမည် ဖြစ်၏။

'ကောင်းတယ်၊ ဒီလိုကောင်မျိုး ဒီလို ဆုံးမပေးမယ့်သူတွေနဲ့ တွေ့မှ နောင်တရမယ်' ဟုလည်း ပြောသွားကြ၏။ ကားပေါ်တွင် ကျန်ရစ်သူများ ကလည်း သူ့အား သနားစရာ သတ္တဝါတစ်ယောက် အနေနှင့်ပင် မကြည့်ကြတော့။ ခွေးရူးတစ်ကောင်ကို လူတွေ ဝိုင်းရိုက်ကြသည့် အချိန်၌ ကြည့်သော အကြည့်မျိုးဖြင့်သာ ရှုံ့ရှုံ့မဲ့မဲ့ ကြည့်ကြသည်။

'ဟို လုပ်သားတွေ ပြောသွားတာ မှန်တယ်။ သူတို့ လုပ်သားတွေ အားလုံးရဲ့ အသက်နဲ့ ဒီက လူတွေ အားလုံးရဲ့ အသက်ကို စော်ကားတဲ့ ကောင်မို့ ဆုံးမတာပဲတဲ့။ မှန်တယ် မှန်တယ်၊ တကယ်လို့များ ခုနတုန်းကသာ ကားနှစ်စီး တိုက်လိုက်မိရင် နှစ်ဖက်စလုံး လူတွေ ဘယ်လောက် သေကြမလဲ' ဟု မှတ်ချက်ချသူက ချ၏။

သို့ရာတွင် တချို့ကတော့ စောစောက အရှုံကြီး ရှုံ၊ အမုန်းကြီး မုန်းခဲ့လေသမျှ မိမိတို့ ရှေ့မှောက်တွင် ခံစားနေရရှာသည့် အဖြစ်ကို မြင်ကြရသော အခါ၌ မျက်နှာတွေပျက်ကာ စုတ်သပ်သူက သပ်ကြ၏။

'သူကလည်း သူပဲကိုး၊ ဒီလို ခံရတော့မှာပေါ့' ဟု မိန်းမကြီး တစ်ယောက်က သနားစိတ်က တစ်ဝက်၊ အပြစ်တင်သံက တစ်ပိုင်းနှင့် ကရုဏာ ဒေါသော ပြောလိုက်သည်။

ကျွန်တော်ပင် စောစောက ရွံရှာ မုန်းတီးခဲ့လေသမျှ ယခုတွင်မူ ဒရိုင်ဘာအား ကိုယ်ချင်းစာနာ သနားသွားမိပါသည်။ ရှေ့ဆုံးက မျက်မြင် ကိုယ်တွေ့မို့ ပိုဆိုးသည် ထင်၏။ လုပ်သားများက ကားပေါ်မှ ဆွဲချစဉ်က လည်းကောင်း၊ ဝိုင်း၍ ရိုက်နှက် ထိုးကြိတ်ကြစဉ်က လည်းကောင်း ကိုဘိုနီမှာ ခွေးတစ်ကောင်နှင့်ပင် တူခဲ့လေသည်။ ခွေးတစ်ကောင်ပင်လျှင် မိမိအား တစ်စုံတစ်ယောက်သော သူက ရိုက်နှက်လျှင် ရိုက်သူကို ဖြစ်စေ၊ ရိုက်သော တုတ်ကို ဖြစ်စေ မာန်ဖီ ဟိန်းဟောက် ခြိမ်းခြောက်တတ်ဦးမည်။ အနည်းဆုံး တုတ်ကိုဖြစ်စေ နှုတ်သီးဖြင့် ဖမ်းကိုက်ဆွဲဦးမည်။

ကိုဘိုနီကား ဤသို့ မဟုတ်ပါပေ။ မိမိအား ဝိုင်းဝန်း ထိုးကြိတ်ကြစဉ် လက်နှစ်ဖက်ကိုပင် ခါးအထက်သို့ မမြှောက်ဘဲ ခေါင်းကြီးငုံ့၍ သစ်တုံး ပမာ ခံလေသည်။ ပါးစပ်ကလည်း-

'ကြောက်ပါပြီ ခင်ဗျာ၊ လုပ်သားတွေမှန်း မသိလို့ပါ၊ တော်ပါတော့ ခင်ဗျာ' စသည်ဖြင့် ကလေးပမာ တောင်းပန်တိုးလျှိုး အမျိုးမျိုး အသနား ခံလေသည်။ ထိုအခါ လုပ်သားများက 'အောင်မာ၊ မင်းက တို့မှန်း မသိလို့ပေါ့ ဟုတ်လား၊ ရိုးရိုး အရပ်ကားဆိုရင် ဒို့ထက် ပိုဆိုးမယ်ပေါ့လေ' ဟု ပို၍ ဒေါသထွက်ကာ ပို၍ ရိုက်နှက်ကြတော့၏။

ထိုသို့ ရိုက်နေစဉ် အချိန်တုန်းက ကားပေါ်မှ ခရီးသည် အားလုံးလိုလို ၏ မျက်နှာများတွင် အရိုက်ခံရသူ အပေါ်တွင် သနားစိတ် အလျှင်းမရှိ။

ဒရိုင်ဘာ ခံစားနေရသည်ကိုပင် ကျေနပ်သော အသွင်များ ပေါ်ပေါက်နေခဲ့၏။ သို့သော် ကြောက်ရွံ့သောသူ အချို့ကတော့ အချင်းဖြစ်ပွားရာ နေရာမှ ဆင်းပြေးကြလေသည်။ ဒရိုင်ဘာ၏ အဖြစ်ကို ဝမ်းသာအားရ ကြည့်နိုင်သူများလည်း အတန်ငယ် ကြာသောအခါ၌ မျက်နှာလွှဲလိုက်မိကြတော့သည်။ ဒရိုင်ဘာပေါ်တွင် မှန်းပြီး ရှိရှာသည့် အရိပ်အယောင်များလည်း ၎င်းတို့၏ မျက်နှာတို့မှ တစ်စတစ်စ ပျောက်ပျယ်သွားတော့ကာ မကြည့်ရက်သော အသွင်သို့ ကူးပြောင်းသွားခဲ့ကြလေသည်။

နောက်ဆုံး ပါးစပ်မှ သွေးများ ယိုစီးကျလာသောအခါ၌ ကိုဘိုနီက 'နောက်တစ်ခါ ဒီလို မလုပ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဒီကနေ့ ထမင်းဆာလွန်းလို့ မြန်မြန်မောင်းမိတာပါ' ဟု တုန်ယင်စွာဖြင့် တောင်းပန်သော အခါတွင်မူ သူ၏ ဆင်ခြေပေးခြင်းမှာ ယုတ္တိယုတ္တာ မရှိလှသော်လည်း သူ့ခများကို မြင်ရသည်မှာ အမှန်ပင် သနားစရာ ကောင်းနေတော့သည်။ စက်ရုံကား ထွက်သွားပြီးသည့် အချိန်အထိ မိမိမျက်နှာမှ သွေးများကို မသုတ်နိုင်သေးဘဲ မောပန်း နွမ်းဟိုက် မရိုလှစွာဖြင့် ကားပေါင်ကို မှီရပ်နေရ၏။ အတန်ငယ် ကြာမှ သူသည် ဒရိုင်ဘာ ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်လေသည်။

ကျွန်တော်သည် သူ့အား သူ့နံဘေး ထိုင်ခုံမှ နေ၍ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ သွေးအလိမ်းလိမ်း မျက်နှာပေါ်တွင် ဝမ်းနည်း ကြေကွဲမှု အရိပ်အယောင်ကလေးများတော့ ယှက်သန်းနေသည်။ ဖူးရောင်နေသော မျက်ခုံး အောက်မှ မျက်လုံးတို့တွင် မျက်ရည်စများ ရစ်ဝဲနေ၏။ လက်တွေ့ ခံစားရတော့မှ နောင်တ ရတတ်သည့် လူစားမျိုးပဲဟု ရုတ်တရက် တွေးလိုက်မိ၏။ သို့သော် ထို့ထက်နက်နဲစွာ စဉ်းစားလိုက်မိသော အခါ၌ကား လူတစ်ယောက် အနေနှင့် မည်မျှ ကြီးမားသော အပြစ်မျိုးကို ကျူးလွန်မိစေကာမူ အပြစ်ဒဏ် ခံရသော အချိန်၌ ဝမ်းနည်း ယူကျုံးမရ ဖြစ်မိမည်မှာ ဓမ္မတာပင် ဖြစ်ကြောင်း တွေးမိပြန်ပါသည်။

ကျွန်တော်သည် ဤမျှ ခွင့်မလွှတ်ထိုက်သူတစ်ဦးကိုပင် " ဒီလူ့ခများ ထမင်းဆာလို့ မောင်းတယ် ဆိုတာဟာ အမှန်ဆိုရင် အခုလို ပါးစပ်တွေ ပေါက်ပြ၊ သွေးတွေက ထွက်နဲ့ အိမ်ရောက်လို့ အိမ်သူ ဇနီးက ထမင်းပွဲ အရန်သင့်နဲ့ စောင့်နေတောင်မှ စားချင်စိတ် ရှိပါတော့မလား။ အိမ်သူဇနီးကို မိမိ ဘာကြောင့် ဤသို့ ဒဏ်ရာတွေ ရလာရသည်ကို ပြောပြရဲပါ့မလား။

ယောက်ျားရင့်မကြီး တစ်ယောက် ဖြစ်လျက်နှင့် ကလေးငယ်ပမာ အရိုက်ခံခဲ့ရသည့် အဖြစ်ဆိုးကို မည်မျှ ရှက်ရှာမည်နည်း" စသော အတွေး စိတ်ကူးများဖြင့် ကိုယ်ချင်းစာနာ သနားနေမိပြန်တော့သည်။ နောက်မှ "ဟာ... ဒီလူ ထမင်းဆာလို့ ဆိုတာကိုက ဟုတ်နိုင်စရာ မရှိပါဘူး။ ကြောက်အားလန့်အားနဲ့ ကမူးရှူးထိုး ပြောချင်ရာ ပြောတာပါ" ဟု စိတ်ကူးယဉ် သနားကြည့်မိသမျှကို ဖျောက်ပစ်လိုက်မိ၏။

မည်သို့ပင် ဖြစ်စေကာမူ ကျွန်တော်က–

'ဒီမယ် ခင်ဗျား မမောင်းနိုင်ရင် စပယ်ယာလေးကို မောင်းခိုင်းပါလား' ဟု အကြံဉာဏ် ပေးလိုက်မိပါသည်။

'သူ မမောင်းတတ်ဘူး ခင်ဗျာ၊ ကျွန်တော် မောင်းလို့တော့ ရပါလိမ့်မယ်'

ကားစတီယာရင်ဘီးကို လက်နှစ်ဖက်ဖြင့် ဆုပ်လိုက်ရင်းက ပြန်ပြော၏။

'ဒါဖြင့်လည်း ကျုပ် မောင်းပေးပါရစေလေ။ ကျုပ်ဆီမှာ လိုင်စင်ပါလာပါတယ်' ဟု ကျွန်တော်က မောင်းခွင့်တောင်းပါသည်။ သူ့အခြေအနေနှင့် မောင်းရန် မလျော်ဟု ယူဆသောကြောင့် ခွင့်တောင်းရခြင်း ဖြစ်သည်။

သူကတော့ ခေါင်းကြီးကိုသာ တွင်တွင်ခါလိုက်သည်။ ကျွန်တော်လည်း ဤမျှ ခေါင်းမာသူကို ဇွတ်ထပ်၍ မတိုက်တွန်းလိုတော့ပါ။ သူ့အရှိန်နှင့် သူ လွှတ်ပေးရုံသာ ရှိတော့သော်လည်း–

'ကဲ... ခင်ဗျား မောင်းမယ်ဆိုရင်လည်း မျက်နှာက သွေးတွေကိုတော့ သုတ်ပစ်လိုက်ဦးဗျာ။ မျက်စိထဲ သွေးတွေ ဝင်သွားရင် ခင်ဗျား ရှေ့ ဘာမှမြင်ရမှာ မဟုတ်ဘူး' ဟု သတိပေးလိုက်မိသေး၏။

ဒါကိုတော့ သူက နားထောင်ပါသည်။ သူ့ထိုင်ခုံ နံဘေးကြားထဲက ဆီချေးအလူးလူး ညစ်ထည်းပေကျံနေသည့် အဝတ်စတစ်ခုဖြင့် မျက်နှာကို သုတ်လိုက်လေသည်။ ပြီးနောက် မော်တော်ကား စက်ကို နှိုးလိုက်၏။

ကားထွက်ခဲ့သော အချိန်၌ ကားပေါ်တွင် လူများများစားစား မရှိတော့ပေ။ အင်းစိန် (သို့မဟုတ်) သမိုင်းသို့ သွားမည် ထင်ရသည့် နို့ကုလားကြီး နှစ်ဦး၊ အခြား ယောက်ျား မိန်းမ ခရီးသည် (၆) ဦးတို့နှင့် ကျွန်တော်သာလျှင် ကျန်တော့သည်။ ဤခရီးသည်များမှာ ကားပြောင်းစီးရန် ပိုက်ဆံ ထပ်ထုတ်

ရန် စသော ကရိကထများကို မခံလိုသည့်သူမျိုးတွေသာ ဖြစ်မည်ဟု ထင်မိ၏။ ကျွန်တော်ကိုယ်တိုင်ပင် ဒရိုင်ဘာအပေါ်တွင် စိတ်ဝင်စားမှု တစ်ခုတည်း ဖြင့်သာ ထိုကားကို ဆက်လက် စီးနင်း လိုက်ပါလာခဲ့မိခြင်း ဖြစ်ပေမည်။

ကားလည်း ဂီယာကို တစ်၊ နှစ်၊ သုံး၊ လေး စနစ်တကျပင် အဆင့်အဆင့် ကူးပြောင်းထိုးခဲ့ပြီးနောက် အရှိန်မှန်မှန်နှင့် ထွက်လာခဲ့ပြန်သည်။ အချိန်မှာ ညနေစောင်း ငါးနာရီနီးပါးခန့် ရှိသွားပြီ ဖြစ်၍ ကားခေါင်မိုးမှ အပူရှိန် လျော့သွားသော်လည်း၊ မော်တော်ကားစက်မှ အပူရှိန်ကား ခြေထောက်များသို့ ဟပ်လျက်ပင် ရှိသေး၏။ ရန်ကုန်မှ စ၍ ယခုအချိန်ထိ နေရာပြောင်းရွှေ့ မထိုင်ခဲ့မိသည်ကို ယခုမှပင် သတိထားလိုက်မိတော့သည်။

ကားပေါ်တွင် ကျန်ခဲ့သူများအနက်မှ ကျောင်းသားနှင့် တူသူ နှစ်ယောက်သည် လှည်းတန်းကွေ့၌ ဆင်းသွားကြသည်။ ထိုနေရာမှပင် မိန်းမ နှစ်ယောက်နှင့် ယောကျ်ား တစ်ဦးတို့ တက်လာပြန်၏။ ကားပေါ်တွင် နှစ်ယောက် လျော့သွားသည်နှင့်အမျှ သုံးယောက် တိုးလာပြန်လေပြီ။ ရွာသစ်ရှေ့နားတွင် ခရီးသည်အချို့ ရပ်စောင့်နေသည်ကို အဝေးမှ မြင်လျက်နှင့် ဒရိုင်ဘာသည် ဆက်၍သာမောင်းခဲ့သည်။ စပယ်ယာကလည်း ဘာမျှ မပြောတော့ပေ။ ဒရိုင်ဘာ၏ အခြေအနေကို ခွင့်လွှတ်လိုက်ဟန် တူ၏။ ထို့နောက် ဆင်ရေတွင်း၌ တစ်ဦး၊ ဘူတာရုံလမ်းတွင် နှစ်ဦး အသီးသီး ဆင်းသွားကြ ပြန်သည်။ ဘူတာရုံလမ်းမှ ကုလားတစ်ယောက် တက်လာ၏။

သုဓမ္မလမ်းနှင့် ကုလားဗလီ စသည်တို့တွင် ဆင်းမည့်သူ မရှိ၍ ဆက်၍သာ မောင်းနှင်လာခဲ့ရာ၊ ကျွန်တော် ဆင်းရမည့် ရော်ဘာစက် ပဏ္ဍိတလမ်းသို့ ရောက်လုနီးလာ၏။ ပထမတွင် "ရော်ဘာစက် ပါတယ်" ဟု အော်မည် စိတ်ကူး မိပြီးမှ တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်မိရာက–

'ဒီမယ် ကိုဘိုနီ၊ ကျုပ် ရော်ဘာစက်မှာ ဆင်းဖို့ပဲ။ ဒါပေမဲ့ ခင်ဗျား အတွက် လိုရမည်ရ ကျုပ် အင်းစိန် အသွားအပြန် လိုက်ခဲ့ဦးမယ်။ အပြန်မှပဲ ချပေးပေါ့။ သိလား' ဟု အမိန့်သံမျိုးဖြင့် ပြောလိုက်ပါသည်။ သူသည် ကျွန်တော် က "ကိုဘိုနီ" ဟု ရင်းရင်းနှီးနှီး ခေါ်လိုက်ခြင်းကို ရုတ်တရက် အံ့အားသင့် သွားပုံ ရ၏။ ကျွန်တော့်ကို လေးစားအားကိုးဟန်ဖြင့်လည်း မော်ကြည့်လိုက် သည်။ နောက် ခေါင်းတစ်ချက် ညိတ်ကာ–

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော်လည်း ဒီတစ်ခေါက် ပြီးရင်

ကားသိမ်းပါတော့မယ်။ ဆရာ့ကို အိမ်အရောက် လိုက်ပို့ပါ့မယ်' ဟု တကယ် ပင် ကျေးဇူးတင်လှသော အသံဖြင့် လှိုက်လှဲစွာ ပြန်ပြောရှာ၏။

'အိမ်အရောက် ပို့ဖို့လည်း မလိုပါဘူး။ ကဲ... ကဲ ခင်ဗျား မောင်းနိုင် သေးရဲ့လား' ဟု ကျွန်တော်က ထပ်မေးလိုက်ပါသည်။

တကယ့်ကိုပင် ခေါင်းမာသူ ဖြစ်သည်။ ခေါင်းညိတ်ပြလိုက်ရင်းက ကားကို ဆက်မောင်းလာခဲ့၏။

ကမာရွတ် သံလမ်းတွင် ခရီးသည် တစ်ယောက်၊ သမိုင်း (အိုင်ဒီစီ) ဝင်းရှေ့၌ တစ်ယောက်နှင့် သမိုင်းလမ်းဆုံတွင် ခရီးသည် နှစ်ဦးတို့ အသီးသီး ဆင်းခဲ့ကြပြန်သည်။ သမိုင်းမှ ဆက်၍ မောင်းခဲ့သောအချိန်၌ ကားတစ်စီးလုံး တွင် ကျွန်တော်အပါအဝင် ခရီးသည် လေးယောက်သာလျှင် ကျန်ရှိတော့၏။ ထို လေးယောက်မှာ နို့ကုလားကြီး နှစ်ဦး၊ ဈေးသည် မိန်းမကြီး တစ်ယောက် နှင့် ကျွန်တော် ဖြစ်ပါသည်။ ကျွန်တော်မှလွဲ၍ သူတို့အားလုံး အင်းစိန်အထိ သွားကြမည့်သူများ ဖြစ်လေသည်။

စေဘင်ဆင် မြံကြီးကို ဖြတ်ကျော် မောင်းနှင်ခဲ့ပြီးနောက် အင်းစိန် ဘက်သို့ ရှေးရှုခဲ့စဉ် အချိန်တွင် ဒရိုင်ဘာ ကိုဘိုနီက 'ဆရာ' ဟု မတိုးမကျယ် စတင် ခေါ်လိုက်ပါသည်။ သူသည် ရှေ့တည့်တည့်မှ မော်တော်ကား ဦးအောက် ထဲသို့ လျှောခနဲ လျှောခနဲ ဝင်သွားသည့် ကတ္တရာစေး လမ်းမကြီးကို လှမ်းမျှော်ကြည့်ရင်းက ကျွန်တော့်ဘက်သို့ ခေါင်းမလှည့်ဘဲ ခေါ်လိုက်ခြင်း ဖြစ်၏။ သူ့အသံမှာ နူးညံ့ ပျော့ပျောင်းလှ၏။ ကြိတ်မှိတ် မျိုသိပ်မထားနိုင် တော့သည့်အဆုံး ဖွင့်ဟ အန်ထုတ်လိုက်သည့် အသံမျိုး ဖြစ်လေသည်။

'ဆရာလည်း တခြား လူတွေလိုပဲ ကျွန်တော့်ကို အမြင်ကတ်နေမှာ ပါပဲ' ဟု သူကပင် ဆက်ပြောလိုက်သည်။ သူ့စကားကို ကျွန်တော်က ပြန် မငြင်းနိုင်ပါ။ သူ တွေးထင်သည့်အတိုင်းပင် သူ့တကာ့နည်းတူ ကျွန်တော် လည်း သူ့အပေါ်၌ စက်ဆုပ် ရွံရှာခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ဘာမှ ပြန်မပြောလိုက်မိပါ။

မော်တော်ကားသည် အင်းစိန် တိရစ္ဆာန်ကု ဆေးရုံဝင်းဘေးသို့ ဖြတ် မောင်းလာခဲ့လေသည်။

'ဆရာတို့ ကနေ့ မြင်ရသလို ဒီလို တစ်ခါမှ ကားမမောင်းဖူးတာ အမှန်ပါ ဆရာ။ ကျွန်တော့်ကား စုတ်သလောက် ကျွန်တော်လည်း အမြဲတမ်း

ဂရုတစိုက် မောင်းပါတယ်။ ဒီကနေ့လည်း တစ်နေ့လုံး ထုံးစံအတိုင်း ကောင်း ကောင်း မွန်မွန် မောင်းလာခဲ့တာပါပဲ။ အခု... အခု... ဒီအခေါက် ကျမှ'

ကိုဘိုနီ၏ အသံမှာ နစ်၍ ဝင်သွားသည်။ ရှိုက်သံလိုလို နှောသွားသည်။ သူသည် ပါးစပ်မှ စီးကျနေသော သွေးစ အနည်းငယ်ကို ဘယ်လက်ဖြင့် သပ်ချရင်း ပြောလိုက်ခြင်း ဖြစ်၏။

'ကျွန်တော့်ကိုယ်ကျွန်တော် ရူးများ သွားသလားလို့တောင် ထင်မိပါ တယ် ဆရာ။ လုပ်သားတွေ ကျွန်တော့်ကို ရိုက်ပြီးတော့မှပဲ ကျွန်တော့်ကိုယ် ကျွန်တော် သတိရမိပါတယ်။ ကျွန်တော့် အမှားတွေ အားလုံး သိပါတယ်။ ပက်စင်ဂျာတွေ အားလုံးက ကျွန်တော့်ကို စိတ်ဆိုးနေကြတာ၊ ရွံနေကြတာ လည်း သိလာပါတယ်။ လုပ်သားတွေသာ မရိုက်သေးရင် ကျွန်တော့် အမှား တွေ ကျွန်တော် သိဦးမှာ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် ဘာတွေ ဆက် လုပ်လို့ လုပ်မှန်းလည်း သတိရမှာ မဟုတ်ဘူး။ အဲဒီအချိန်က ကျွန်တော် အရူးတစ်ပိုင်း ဖြစ်နေတာပါ ဆရာ၊ အရူးတစ်ပိုင်း ဖြစ်နေတာ'

ကိုဘိုနီ၏ စကားများကို အတော်ပင် စိတ်ဝင်စားသွားမိ၏။ ကားဘီး သံ တဝီဝီကြားမှ နားစွင့်၍ ထောင်လိုက်မိပါသည်။ သူသည် ကားကို မှန်မှန် မောင်းလျက်ကပင် ဆက်၍ ပြောပြန်ပါသည်။

'မနေ့ညကတည်းက ကျွန်တော့်မိန်းမ ဗိုက်နာနေတာ ဆရာ၊ ပထမ သားဦးကလေးမို့ ကျွန်တော်ရော၊ သူရော၊ သူ့အမေရော စိုးလည်း စိုးရိမ်၊ ကလေးလေးလည်း သိပ်လိုချင်နေကြတာ။ ကျွန်တော်တို့တော့ ဆေးရုံလည်း မပို့နိုင်၊ ဆရာဝန်လည်း မခေါ်နိုင်၊ ရွာထဲက ဝမ်းဆွဲပဲ ခေါ်ကြရတာပဲ ဆရာ။ မနေ့ညက တစ်ညလုံး ခဏ ခဏသာ ဗိုက်နာနေပြီး မီးမဖွားခဲ့ဘူး။ ဒီကနေ့ တော့ သောကြာနေ့မို့ သူ့အမေကရော ဝမ်းဆွဲကရော ဒီကနေ့ မွေးစေချင်ကြ တယ် ဆရာ။ သူတို့က စနေ သားဦး မီးလိုမွေတတ်တယ်ဆိုကြတော့ ကျွန်တော် လည်း ဒီကနေ့ မွေးဖို့ပဲ စိတ်စောနေတယ် ဆရာ။ အဲဒါ တစ်နေ့လုံး စိတ် က အိမ်ရောက်နေလျက်နဲ့ပဲ ဝတ္တရားရှိလို့သာ ဇွတ်မောင်းနေရတာပဲ ဆရာ၊ ဒါပေမဲ့ တစ်နေ့လုံးပဲ ကောင်းကောင်း မောင်းခဲ့ပါတယ်'

သူသည် သူ့အဖြစ်သူ ပြောပြနေသည့်ကြားက မော်တော်ကားကို ကောင်းစွာ မောင်းခဲ့ကြောင်းကိုလည်း သိစေလိုဟန်ဖြင့် ထပ်ကာ ထပ်ကာ ပြောရှာလေ၏။

'ကျွန်တော်ဖြင့် မနက်လင်းအားကြီး အလုပ်မဆင်းခင် ထမင်းကြမ်းခဲထ စားနေကျ မစားခဲ့ရတာတောင် သတိမရမိပါဘူး။ နေ့လယ်ပိုင်းကျမှ ဗိုက်ထဲက တဂျုတ်ဂျုတ်မြည်လာလို့ နည်းနည်းဆာလာတာ။ တစ်ခုခု ဝယ်စားရအောင်ကလည်း လကုန်ရက်၊ ကျွန်တော့်ဆီမှာ ငွေဆိုလို့ ခြူးပြားတောင် ကပ်တာ မဟုတ်တော့ ထမင်းကလည်း ဆာဆာ၊ နေကလည်း ချစ်ချစ်တောက်ပူ၊ ကားအင်ဂျင်စက်ကလည်း တစ်နေကုန် မောင်းရတော့ မီးခဲနှင်းနေရသလိုပဲ၊ တယ်မသက်သာလှဘူး။ စိတ်က အိမ်က မိန်းမဆီ ရောက်နေလို့သာ ဒါတွေကို သတိမထားမိတာပေါ့ ဆရာ။ အဲဒါ အခု အခေါက်ရဲ့ အရင်တစ်ခေါက်မှာ လက်ဖက်ရည်ဆိုင်က ကောင်ကလေးကို ကပျာကယာ အိမ်လွှတ် အမေးခိုင်းကြည့်တာ၊ အဲဒီအချိန်အထိ မမွေးနိုင်သေးဘူးတဲ့ ဆရာ။ ကလေးက ဗိုက်ထဲ မယ် ကန့်လန့်ဖြစ်နေလို့ ဝမ်းဆွဲက လမ်းမှန်အောင် ပြင်ပေးနေရသတဲ့။ ဘယ့်နှယ့် စိတ်ချနိုင်ပါတော့မလဲ ဆရာရယ်။ အရေးထဲ ပက်စင်ဂျာတွေက ကားအကြာကြီး ရပ်ပြီး စောင့်နေရမလားဆိုပြီး ကျွန်တော့်ကို စိတ်ဆိုးကြ၊ ဆဲကြသေးတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်လည်း ဘာတွေ လျှောက်လုပ်မိမှန်း မသိတော့ပါဘူး ဆရာ။ ဆရာတို့ မြင်တဲ့အတိုင်းပဲ၊ အဲဒီတော့မှပဲ အိမ်က မိန်းမအတွက် စိုးရိမ်တာရော၊ ထမင်းဆာတာရော၊ နေပူတာရော၊ အင်ဂျင်က ပူတာရော၊ ပက်စင်ဂျာတွေ အကျိုးအကြောင်း မသိဘဲနဲ့ အရမ်းကာရော စိတ်ဆိုးကြတာရော၊ အို... အားလုံးစုပြီး ကျွန်တော်လည်း အရူးတစ်ပိုင်း ဖြစ်သွားတာ ထင်ပါရဲ့ ဆရာ'

သူ့စကား အဆုံးသတ်လိုက်သော အချိန်၌ မော်တော်ကားသည် အင်းစိန်မြို့ထဲသို့ ဝင်ရောက်ခဲ့လေသည်။ ကျွန်တော်ကား "ကလေး ဗိုက်ထဲမှာ ကန့်လန့်ဖြစ်နေလို့" ဟူသော စကားများကိုသာ နားထဲမှ မထွက်နိုင်အောင် ကြားယောင်နေမိပြီး၊ သူ့ကိုယ်စား ရင်ထဲ၌ တထိတ်ထိတ် တုန်လှုပ် ပူပင်သွားမိပါတော့သည်။

ကိုဘိုနီသည် စိတ်ကူးယဉ် လုပ်ကြံ၍ ပြောပြနေခြင်း မဟုတ်။ သူ့အဖြစ်မှန် သူ ရိုးသားလှစွာ တင်ပြနေရှာခြင်းမျှသာ ဖြစ်တော့၏။ သူ့အဖြစ်များကို နားထောင်နေမိရင်းက မကြာသေးမီ နာရီပိုင်းအတွင်းက ကားအရမ်းမောင်းနှင်မှုကြောင့် စိတ်ဆိုး၊ ဒေါသခိုးတွေ မွှန်ခဲ့မိသမျှကို ခွင့်လွှတ်မိသော်လည်း ကလေး မီးဖွားရေးအတွက် စနေ–ပြဿဒါးရက် ရှေးရန်လောက်သာ

အယူသီးတတ်ပြီး၊ ကလေး ဗိုက်ထဲ၌ ကန့်လန့်ဖြစ်နေသည်ကို ဆေးရုံပို့ရန် စိတ်မကူးသည့် အချက်ကိုမူ ခွင့်မလွှတ်နိုင်အောင် ရှိတော့၏။

'ကလေး ကန့်လန့်ဖြစ်တယ်ဆိုတာ မကောင်းဘူးဗျ။ ရွာထဲက ဝမ်းဆွဲလောက်နဲ့ လွှတ်ထားဖို့ မသင့်ဘူး။ ဆေးရုံတို့ ဘာတို့ ပို့ရမယ်။ ခင်ဗျားနယ်ဗျာ၊ ဒီနေ့ ဒီရက်မျိုးမှာ အလုပ်က ခွင့်ကလေး ဘာလေး ယူပြီး အိမ်မှာ နေမှပေါ့' ဟု ကျွန်တော်က မကျေမနပ်သံဖြင့် ပြောလိုက်မိ၏။

'ကျွန်တော်က အုံနာပိုင်ကား မောင်းနေတာ ဆရာ။ ခွင့်ယူဖို့ ဆိုတာ သိပ်မလွယ်ဘူး။ နောက်ပြီး ကျွန်တော့် ကားရှင်ကလည်း ခုတလော ငွေကြေးအကြီးအကျယ် ကျပ်တည်းနေတာ။ ရုံးမှာလည်း အမှုဆိုင်နေရတယ်။ ဒီလိုအခါမျိုး ကျွန်တော်က မောင်းမပေးရင် သူတို့ခမျာ ဒုက္ခပေါ့ ဆရာ။ ခွင့်ယူတုန်း ကျွန်တော့်နေရာ မောင်းဖို့ လူစားလည်း ရှာပေးနိုင်တာ မဟုတ်ဘူး။ ကျွန်တော့်ကားရှင်က ကျွန်တော်တို့အပေါ် အမြဲကောင်းခဲ့တာ ဆရာ'

ကိုဘိုနီ၏ အကြောင်းပြချက်ကို ကြားလိုက်မိသော အခါ၌ကား ကျွန်တော် ဘာမှ စောဒက မတက်နိုင်တော့ပါ။ တစ်ဦးကို တစ်ဦး ကိုယ်ချင်းစာနာတတ်ခြင်း၊ မေတ္တာတရား ရှေ့ထားတတ်ခြင်း ရှိသော ကျွန်တော်တို့ ဗမာ့စိတ်ဓာတ်ကိုသာ ကျိတ်၍ ကြည်နူးလိုက်မိ၏။

ကားသည် အင်းစိန် ကားဆိပ်သို့ ထိုးဆိုက်လိုက်လေပြီ။ နို့ကုလားကြီးများနှင့် ဈေးသည် မိန်းမကြီးတို့သည် မိမိတို့ ပစ္စည်းများကို အသီးသီး သယ်ဆောင်ကာ ဆင်းသွားကြလေ၏။ ကိုဘိုနီက ကားကို ဖင်ထိုး၍ လာလမ်းဘက်သို့ ပြန်လှည့်လိုက်သည်။ ထိုခဏတွင် ခရီးသည် ယောက်ျားနှစ်ယောက် ကားအနီးသို့ ကပ်လာသဖြင့်–

'နောက်ကားမှပဲ စီးပါတော့ ဆရာ၊ ကားသိမ်းတော့မလို့' ဟု ကိုဘိုနီက ပင် လှမ်းပြောလိုက်ရင်း ကားကို မောင်းထွက်ခဲ့ပါသည်။ ခရီးသည် နှစ်ဦးမှာ ကားအစောကြီး သိမ်းမည်ဆိုသော အချက်ကို နားမလည်နိုင်ဟန်ဖြင့် ကျန်ရစ်ခဲ့ကြသည်။

အပြန်တွင် လာစဉ်က တစ်လမ်းလုံး နောက်ပိုင်းတွင် ငြိမ်သက်လိုက်ပါလာသူ စပယ်ယာလေးသည် ကျွန်တော်တို့အနားသို့ လာထိုင်၏။ ယခုထက်တိုင် သူ့မျက်နှာမှာလည်း ညှိုးငယ်နေသေး၏။ သူ့ဒရိုင်ဘာအတွက် စိတ်ကောင်းဟန် မတူ။ ဒီကနေ့ အဖြစ်အပျက်များ အတွက်လည်း ရင်ခုန်နေသေးပုံ ရလေသည်။

အပြန်ခရီးတစ်လျှောက် ကိုဘိုနီသည် ဘာတွေ စဉ်းစားလာသလဲ မသိ၊ တစ်လမ်းလုံး ငြိမ်သက်စွာ မောင်းနှင်လာ၏။ ကားပြင်ဘက် လောကဓာတ် တစ်ခွင်လုံးလည်း မှောင်စပျိုးခဲ့ပြီ။ အချို့ကားများ မီးသေးကလေးများပင် ထွန်းစပြုလေပြီ။ ကျွန်တော်တို့ ကားမှာကား မီးမထွန်းသေးဘဲနှင့်ပင် မောင်းခဲ့လေ၏။ ကိုဘိုနီသည် ကားအတွင်း မီးကိုလည်း မဖွင့်ပေ။ သူ့မျက်နှာကို မြင်မည် စိုးဟန်တူ၏။

'ကိုဘိုနီ၊ ဘာပဲဖြစ်ဖြစ် ဒီကနေ့ ဖြစ်ခဲ့ရတာကတော့ ခင်ဗျားအပြစ်လည်း မကင်းဘူးနော်။ အကောင်းဆုံးကတော့ ဒီကနေ့ ဖြစ်ခဲ့သမျှတွေကို ခင်ဗျား စိတ်ထဲက လုံးဝ မေ့ဖျောက်ပစ်လိုက်ဖို့ပဲ'

သမိုင်းအလွန်ခန့်တွင် ကျွန်တော်က စကား စ လိုက်ရာ စပယ်ယာကလည်း–

'ဟုတ်တယ် ကိုဘိုနီ၊ ခင်ဗျား ဒီနေ့ မောင်းတာကလည်း လွန်လွန်းတယ်' ဟု အမှတ်တမဲ့ ဝင်ထောက်လိုက်သည်။

'အေးပါကွာ၊ ငါလည်း သိပါတယ်' ဟု စပယ်ယာကို ပြန်ပြောလိုက်ပြီးနောက် ကိုဘိုနီက 'ကျွန်တော့်အပြစ် ကျွန်တော် သိပါတယ်လို့ ပြောပြီးပါပကော ဆရာ။ ကျွန်တော် အခံရတောင် နည်းပါသေးတယ်' ဟု ကျွန်တော့်ထံ လှည့်၍ ပြောလိုက်၏။

'ခင်ဗျားမှာ အပြစ်ရှိတာကို ဆိုလိုတာ မဟုတ်ပါဘူး။ ဒီကနေ့ ဖြစ်ခဲ့သမျှကို စိတ်ထဲမှာ ဝမ်းနည်း ယူကျုံးမရ ဖြစ်မနေစေချင်လို့ ပြောတာပါ။ အထူးသဖြင့် ဒီကနေ့ ဖြစ်ခဲ့တာကို ခင်ဗျာ့မိန်းမ လုံးဝ မသိစေရဘူး။ မျက်နှာက ဒဏ်ရာတွေ မြင်လို့ မေးရင်တောင် ကားဆောင့်မိတယ်လို့ပဲ ပြော။ အခု အိမ်ရောက်လို့ ခင်ဗျားမိန်းမ မွေးပြီးရင်ပဲ ဖြစ်စေ၊ မမွေးရသေးရင်ပဲ ဖြစ်စေ၊ သူ့ကို စိတ်အနှောင့်အယှက် လုံးဝ မပေးရဘူး။ အရေးအကြီးဆုံးက ခင်ဗျားမိန်းမ အခက်အခဲ မရှိဘဲ မွေးနိုင်ဖို့ပဲ။ အိမ်ရောက်ရောက်ချင်း ဝမ်းဆွဲနဲ့ ဟန်မပုံမရရင် ဆေးရုံကို အမြန်ဆုံးပို့ဖို့ စီစဉ်ရမယ်'

သူတို့အနေနှင့် ဖြစ်နိုင်၊ မဖြစ်နိုင်ကို သိပ်မစဉ်းစားမိ။ ကျွန်တော်ကတော့ လုပ်သင့် လုပ်ထိုက်ရာတွေကိုသာ ပြောနေမိတော့သည်။ သူကလည်း နောင်တွင် လုပ်မည်၊ မလုပ်မည်ကို အပထား။ ကျွန်တော်က ပြောသမျှကိုတော့ နားစိုက်၍ ထောင်ရှာသည်။

ပဏ္ဍိတလမ်းသို့ မော်တော်ကား ရောက်ရှိလာသော အခါ၌ ကျွန်တော်က 'လာ... လာ... ကိုဘိုနီ၊ ခင်ဗျား မျက်နှာသစ်လိုက်ဦး။ ဒီအတိုင်း သွားရင် အိမ်က ရိပ်မိကုန်လိမ့်မယ်' ဟု သူ့ကို လမ်းထိပ်ရှိ တရုတ် လက်ဖက်ရည်ဆိုင်သို့ ဆွဲခေါ်ခဲ့ပြီး မျက်နှာမှ သွေးစ သွေးနများကို ရေဖြင့် ဆေးကြောသုတ်သင်စေပါသည်။

'သွားမကျိုးဘူး မဟုတ်လား'

'နဲ့ရုံ နဲ့သွားတယ် ခင်ဗျ၊ သွားဖုံးတွေ နှုတ်ခမ်းတွေတော့ ပေါက်သွားတယ်။ ရေနဲ့ထိတော့ စပ်လိုက်တာ ဆရာ' ဟု ပြောပြောဆိုဆိုပင် သူသည် တရုတ်ဆိုင် ရေစည်မှ ရေဖြင့် ဂရုတစိုက် မျက်နှာသစ်နေ၏။ ပြီးနောက် သူ့ကားပေါ်သို့ ပြန်အတက်တွင်–

'ကိုဘိုနီ၊ ကျွန်တော် မှာတာတွေ ဂရုစိုက်ပါနော်။ ခင်ဗျားတို့ ဒီကနေ့ သားဦးကလေး ရကြပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်ဗျာ' ဟု ကျွန်တော်က လှိုက်လှိုက်လှဲလှဲ မေတ္တာ ပို့သ လိုက်ပါ၏။

ကားပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သော ကိုဘိုနီ၏ မျက်နှာကြီးမှာ ယခင် ရှိထားသော ဒဏ်ရာ ဒဏ်ချက်များပင် ပျောက်ကွယ်သွားသည့်အလား ကြည်လင် ရွှင်ပျလျက် ရှိလေသည်။ အားငယ် စိတ်ပျက်မှု၊ ဝမ်းနည်း ယူကျုံးမရမှု စသော အရိပ်အယောင်များ အနည်းငယ်မျှပင် မရှိပေ။

ကားမောင်း၍ ထွက်သွားပြီး အတော်ဝေးလှမ်းလှမ်းသို့ ရောက်သည့်အချိန်အထိ သူသည် မှောင်ထဲမှ ကျွန်တော့်အား လည်ပြန် မျှော်ကြည့်သွားသေး၏။

ပေတစ်ရာ လမ်းမကြီး နံဘေးတွင် ကျန်ရစ်ခဲ့သူ ကျွန်တော်ကား ကြုံတွေ့ခဲ့ရသော ကိုဘိုနီ၏ အဖြစ်အပျက်ကို စားမြုံ့ပြန်တွေးမိရင်း မိဘတို့၏ မေတ္တာ ကြီးမားလှပုံကို ရှင်းလင်း ပြတ်သားလှစွာ နားလည်လိုက်ပါသည်။ မိခင် ဝမ်း၌ သန္ဓေတည် ကိန်းအောင်းစ ရင်သွေးလေးအတွက် ဆေးဝယ်မရရုံမျှနှင့်ပင် ကျွန်တော့်အနေနှင့် ဆိုက်ကားသမားက အစ၊ ကားဒရိုင်ဘာအထိ စိတ်တို ဒေါသထွက်ခဲ့မိသေးလျှင် အလုပ်ကလည်း ပင်ပန်း၊ ထမင်းကလည်း ဆာ၊ အိမ်က ဇနီးသည်နှင့် သားဦးလေးအတွက်လည်း ရတက်မအေးရှာသည့် ကိုဘိုနီအဖို့ ဤမျှ မိုက်မဲခဲ့မိခြင်းသည် မဆန်းလှချေ၏တကားဟု အကြွင်းမဲ့ ခွင့်လွှတ်ရင်း၊ ထူးခြား နက်နဲလှသည့် မိဘမေတ္တာအတွက် ပီတိတွေ တဖွားဖွား ဖြစ်မိပါတော့သည်။

တစ်ဖန် "ကလေး ကန့်လန့်ဖြစ်နေလို့" ဟူသော စကားများကို ပြန်လည်ကြားယောင်မိပြန်သော အခါ၌ကား ထိုပီတိစိတ်တွေ ဖွာခနဲ ဖွာခနဲ လွင့်စဉ်ပျောက်ကွယ်သွားတော့ရာက စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်များသာလျှင် လွှမ်းမိုးသွားတော့ကာ ကျွန်တော့် ရင်တွေ တဒိတ်ဒိတ် ခုန်လာပါတော့သည်။ မသင့်လျော်သော အတွေးမျိုးကို မတွေးမိစေရန်လည်း စိတ်ကို မနည်းကြီးချုပ်တည်းထားရလေသည်။

ဤသို့ ရင်တွေ ခုန်နေသည့်ကြားကပင် "ဘုရားသိကြားမလို့ ကိုဘိုနီအပြန်မှာ သားဦးကလေး ချောချောမောမော မွေးနှင့်နေပါစေ၊ ကိုဘိုနီတို့မိသားစုအားလုံး ကျန်းမာ ချမ်းသာကြပါစေ" ဟူ၍ တစ်ယောက်တည်း ပါးစပ်မှ အသံထွက်အောင်ပင် ရေရွတ် ဆုတောင်းလိုက်မိတော့၏။

ပဏ္ဍိတ လမ်းထဲသို့ လျှောက်ဝင်လာခဲ့သော ကျွန်တော်၏ ခြေလှမ်းများသည် သွက်လက် ပေါ့ပါး၍ပင် နေလေသလား၊ သို့တည်းမဟုတ် လေးကန်ဖင့်နွဲ့လျက်ပင် ရှိလေသလား ဝေခွဲမရနိုင်တော့ပါ။

[ ရှုမဝ၊ မေ ၁၉၅၈ ]

# မျိုး ဆိုက်ကားဆရာ

မွန်းလွဲ နေပူရှိန်သည် မီး အဟပ်ခံရဘိ သကဲ့သို့ ပူပြင်းလှပြီးလျှင် ကတ္တရာစေး လမ်းမကြီးပင်လျှင် အရည်ပျော်ကျတော့မယောင် ထင်မှတ်ရ၏။

ဗာဒံပင်ရိပ်အောက်တွင် ထိုးထားသည့် ဆိုက်ကားပေါ်၌ ထိုင်နေသော ဆိုက်ကားဆရာ ကိုစိန်လင်းသည် သူ့အနားရှိ ပလက်ဖောင်း သတင်းစာသည် တစ်ဦးထံမှ သတင်းစာ တစ်စောင်ကို ငှား၍ စိတ်ဝင်စားစွာ ကြည့်ရှုနေမိ၏။ ထိုစဉ် ခေါင်းပေါ်မှ ငှက်တစ်ကောင် အတောင်ပံခတ်သံနှင့် အတူ ငှက်ချေး များသည် ပြောင်လက်နေအောင် ပွတ်တိုက်ထားသည့် ဆိုက်ကား လက်ကိုင် တန်းပေါ်သို့ ဖတ်ခနဲ ကျလာ၏။ သူ၏ အသက်မွေးဝမ်းကျောင်း ပစ္စည်း တစ်ခု အဖြစ်နှင့် တယုတယထားသော ဆိုက်ကားကို ညစ်ပေအောင် လုပ် လိုက်သည့် ငှက်ကို ကိုစိန်လင်းက ရုတ်တရက် စိတ်ဆိုးသွားမိသည်။

သူသည် ဒေါသတကြီး တောက်တစ်ချက် ခေါက်လိုက်ကာ လမ်း နံဘေးမှ ကျောက်ခဲတစ်လုံးကို ကောက်၍ ခေါင်းပေါ်မှ ငှက်ယုတ်မာကို ပေါက်ရန် ရွယ်လိုက်၏။

'ကား... ကား... ကား'

ခေါင်းထက်ရှိ ဗာဒံကိုင်း တစ်ခုပေါ်တွင် နှုတ်သီးကလေး ဖြင့်၍ တစာစာ အော်နေသော ကျီးကန်း အာနီကလေး တစ်ကောင်ကို တွေ့လိုက်ရသောအခါ၌ကား ကိုစိန်လင်းအဖို့ ဒေါသများ တစ်မုဟုတ်ချင်း ပြေသွားကာ လက်ထဲမှ ကျောက်ခဲကို ပြန်လွှတ်ချလိုက်မိ၏။

'ဩော်… ကျိုးကန်းပေါက်စကလေးကို' ဟု စာနာ သနားသော အသံဖြင့် ပြောလိုက်ရင်း၊ ကိုစိန်လင်းသည် ဆိုက်ကားပေါ်တွင် ပြန်ထိုင်လိုက်ပြီး သတင်းစာကို ဆက်ကြည့်နေမိပြန်သည်။ သူ စိတ်ဝင်စားနေသည်ကား သတင်းဓာတ်ပုံ တစ်ပုံ ဖြစ်၏။ ကျောင်းသူ၊ ကျောင်းသားကလေး တစ်သိုက် စာမေးပွဲ ဖြေနေကြသည့် ဓာတ်ပုံပင်တည်း။

နေ့ချင်း ညချင်း မွေးလာတော့မည့် သူ့ရင်သွေးကလေးသည်လည်း တစ်နေ့သောအခါတွင် ဤဓာတ်ပုံထဲက ကလေးများလိုပင် ခေတ်ပညာကို သင်ကြားကာ စာမေးပွဲများကို ဖြေရပေလိမ့်မည်။ ကိုစိန်လင်း၏ အတွေး စိတ်ကူးတို့သည် အိမ်၌ မွေးဖွားလုဆဲဆဲ မယားဖြစ်သူထံသို့ ဖြုန်းခနဲ ရောက်ရှိသွားတော့၏။ သူ့မယား မငွေရင်သည် ကိုယ်ဝန် နေ့စေ့ လစေ့ကြီးနှင့် ဖြစ်ရာ အချိန်မရွေး နေ့ချင်းညချင်း မွေးတော့မည် ဖြစ်သည်။ မူလက ဆေးရုံသို့ တက်၍ မီးဖွားစေမည်ဟု ရည်မှန်းထားခဲ့သော်လည်း ယခုတော့ အရပ်ထဲက ဝမ်းဆွဲသည်မကြီး ဒေါ်ခနှင့်ပင် မွေးရပေတော့မည်။

သားဦးလေးမို့ ဆေးရုံတွင် မွေးဖွားက ပို၍ စိတ်ချရမှန်း နားလည်ထားသည့်ကြားက အခြေအနေ အရပ်ရပ်ကြောင့် ဆေးရုံသို့ မတက်ဖြစ်တော့ပေ။ သာကေတမှ နေပြီး ဒပ်ဖရင် ဆေးရုံကြီးသို့ သွားရေး လာရေးမှာလည်း အစစအရာရာ မလွယ်ကူလှ။ ပြီးတော့ မငွေရင် ကိုယ်တိုင်ကလည်း ဆေးရုံတက် မွေးရမှာကို အသေအလဲ ကြောက်နေသည်။ နောက်ဆုံးမတော့ ဆင်းရဲသားတို့ လက်စွဲ ဝါရင့် ဝမ်းဆွဲသည်မကြီး တစ်ယောက်ပင်ဖြစ်သော ဒေါ်ခကြီး ထံသို့ပင် အပ်နှင်းခဲ့ရလေ၏။

ကိုစိန်လင်း ဆိုက်ကား ထိုးသော နေရာနှင့် မနီးမဝေးတွင် ဆေးကောလိပ်ကျောင်းသားများ၏ ဘော်ဒါဆောင်ရှိနေရာ ထို ဘော်ဒါဆောင်မှ ဆေးကျောင်းသားကို သူသည် ယခုတလော အထူးပင် စိတ်ဝင်စားခဲ့မိသည်။ မငွေရင်၏ကိုယ်ဝန် ရင့်လာသည့် အချိန်က စ၍ပင် ဆိုကြပါစို့။

ကိုစိန်လင်းအဖို့ မိမိတို့ ပထမဆုံး ကလေးမှာ သားဦးကလေးပင် ဖြစ်ရမည်ဟု တထစ်ချ ယုံကြည်ထားမိသည်။ ထို ယုံကြည်ချက်ကို နှလုံးပိုက်ထားရာက သူသည် မမွေးသေးသော သားကလေး၏ ရှေ့ရေးကို တွေး၍ စိတ်ကူးယဉ်ကြည့်မိစမြဲ ဖြစ်သည်။ သည်လို စိတ်ကူးယဉ်မိရင်းကလည်း သူ့အနေနှင့် သန္နိဋ္ဌာန်တစ်ခု ချမှတ်ထားခဲ့၏။ ထို သန္နိဋ္ဌာန်ကား အခြားမဟုတ်၊

ယခု မွေးလာမည့် သားဦးကလေးသည် သူ့လို ပညာမဲ့ ဖိုးသုည နလပိန်းတုံး ကြီးမျိုး မဖြစ်စေရ။ ခေတ်ပညာကို သူများနည်းတူ တတ်မြောက်စေရမည် ဟူ၍ ဖြစ်၏။ ထို့ကြောင့်လည်း လည်ပင်းတွင် နက်တိုင် လည်စည်းရှည်ရှည် ကလေးတွေ ဆွဲလျက်၊ ဘောင်းဘီရှည်ကို စမတ်ကျကျ ဝတ်ကာ၊ လက်ထဲတွင် စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် သူ့ရှေ့မှ ဖြတ်သန်းသွားလာတတ်ကြ သော ဆေးကောလိပ် ကျောင်းသားတွေကို သူသည် အထူးပင် စိတ်ဝင်စားခဲ့ မိခြင်း ဖြစ်သည်။ သူ့ သားဦးကြီးသည်လည်း အရွယ်ရောက် ကြီးပြင်းလာ သည့် တစ်နေ့တွင် ဆေးကောလိပ် ကျောင်းသားတစ်ဦး ဖြစ်မလာဟု မည်သူ ပြောနိုင်ပါမည်နည်း။

'ဗျို့... ဆိုက်ကားဆရာ၊ ဆိုက်ကား အားတယ်နော်'

သူ့ဘေးနားမှ ကပ်၍ မေးလိုက်သော အသံတစ်ခုက ကိုစိန်လင်း၏ စိတ်ကူးယဉ်မှုကို ဖြတ်တောက်ပစ်လိုက်၏။

'ဟာ... အားပါတယ် ဆရာလေး၊ အားပါတယ်။ ဘယ်သွားမလဲ ဆရာလေး' ဟု ကပျာကယာ ပြန်ဖြေရင်း ဆိုက်ကားစီးမည့်သူကို အကဲခတ် ကြည့်လိုက်မိသည်။ နက်တိုင် လည်စည်း၊ တက်ထရွန်ရှပ်နှင့် ဘောင်းဘီရှည် တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရ သောကြောင့် ကိုစိန်လင်း၏ စိတ်ထဲတွင် အားရ ကျေနပ်သွားမိ၏။ အင်း... အခုလေးတင်ပဲ ဆေးကျောင်းသားတွေအကြောင်း စဉ်းစားနေမိတုန်းရှိသေး။ ဆေးကျောင်းသား တစ်ယောက်က ဆိုက်ကား လာငှားနေပါပကော။ အေး... မင်းဆီက ရတဲ့ ပိုက်ဆံဟာ ငါ့သားကလေး ကြီးလာရင် မင်းတို့လို ဖြစ်အောင် အထောက်အပံ့ပဲပေါ့ကွာ ဟု တွေးလိုက်မိလေသည်။

'ချစ်တီး ထမင်းဆိုင် တစ်ဆိုင်ကို ခပ်မြန်မြန် နင်းစမ်းဗျာ၊ တကကတဲ ဆာလိုက်တာ လွန်ရော'

ဆေးကျောင်းသား လူရွယ်က ဆိုက်ကားရှေ့ ထိုင်ခုံတွင် အခံ့သား တက်ထိုင်ရင်း ညည်းညည်းညူညူ ပြောလိုက်သောကြောင့် ကိုစိန်လင်း၏ ရင်ထဲ၌ ဩော်... သူ့ခမျာ စာသင်ရလွန်းလို့ မနက်စာ စားဖို့တောင် မေ့နေတယ် ထင်ပါရဲ့ဟု အသနား ပိုသွားမိသေး၏။ ထို့ကြောင့်လည်း ကိုစိန်လင်းသည် ဆိုက်ကားကို အားစိုက်၍ နင်းခဲ့မိလေသည်။ ပေတစ်ရာ လမ်းမကြီး တစ်လျှောက် သုံးဘီးကား၊ ဘတ်စ်ကား၊ ဟီးနိုးကား၊ ကိုယ်ပိုင်ကားတွေ အကြားမှ ကျင်လည်စွာ ရှောင်ရင်း တိမ်းရင်း နင်းခဲ့ရာက—

'ဆရာလေးတို့ ဆရာဝန်ကြီး ဖြစ်အောင် ဘယ်လောက်ကြာကြာ သင်ရမလဲ။ အဲဒီ ဆရာဝန်ကြီး ဖြစ်တဲ့အထိ ဘယ်လောက် ကုန်သလဲဗျ' ဟု သိချင်စောဖြင့် မေးလိုက်မိ၏။

'ခုနစ်နှစ် သင်ရတယ်၊ ငွေတစ်သောင်းကျော် ကုန်မယ်'

'အမလေး အကြာကြီးပါပဲလား။ ငွေကလည်း မနည်းပါလား' ဟုသာ တအံ့တသြ ပြောလိုက်မိရင်း ကိုစိန်လင်းသည် ဆိုက်ကားကိုသာ အားသွန်၍ နင်းခဲ့လေသည်။ သူ့စိတ်ထဲ၌ ဒီဆေးကျောင်းသားလေးတော့ ဆာရှေမယ် ဟု စေတနာပိုလျက် ရှိ၏။

သူသည် ဆိုက်ကား မသွားရသော လမ်းများကို ရှောင်၍ လမ်းကြို လမ်းကြားတို့မှ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ဖြတ်သန်းကာ ချစ်တီး ထမင်းဆိုင်များရှိရာ လမ်းမကြီးသို့ နင်းခဲ့လေသည်။ ချစ်တီး ထမင်းဆိုင် တစ်ဆိုင်ရှေ့ ဆိုက်ကား ထိုးရပ်လိုက်သည့် အချိန်တွင် ကိုစိန်လင်းမှာ ချွေး ပြိုက်ပြိုက်ကျလျက် ရှိပေပြီ။

'ကဲ... ဆိုက်ကားဆရာ၊ ကျွန်တော် ထမင်းဝင်စားနေတုန်း စောင့် နော်' ဟု ဆေးကျောင်းသားက အမိန့်ပေးလိုက်သောကြောင့် 'ကောင်းပါပြီ ဆရာ' ဟု ပြောရင်း၊ နဖူးမှ ချွေးသီးချွေးပေါက်များကို မျက်နှာသုတ်ပဝါ ညစ်ညစ်နှင့် သုတ်လိုက်မိ၏။ စိတ်ထဲ၌လည်း ငါ့သားလေးကို ဆရာဝန် ဖြစ်အောင် သင်မယ်ဆိုရင် ငွေတစ်သောင်းကျော် ကုန်ပြီး (၇) နှစ်ကြာမှာပါ ကလားဟု စဉ်းစားနေမိရာက (၇) နှစ်ကို ငွေတစ်သောင်း ဆိုလျှင် တစ်နှစ် ကို ထောင့်လေးရာကျော် ကုန်မည်။ တစ်လလျှင် ငွေတစ်ရာကျော် ကုန်မည်။ တစ်လကို ငွေတစ်ရာ ငါ ဘယ်လိုများ ရှာရပါလိမ့် စသည်ဖြင့် နောင်ရေးကို တွေးတော ပူပန်နေမိရှာတော့သည်။

ကိုစိန်လင်းသည် မည်မျှကြာအောင် အစဉ်းစားလွန်နေမိသည် မသိ။ အတော်ကြီး ကြာသွားတော့မှ ဆေးကျောင်းသားကလေး ထမင်းဝင်စားသည် မှာ ကြာလှချည်ကလားဟု ဆတ်ခနဲ သတိရတော့၏။ ကြာဆို နေတောင် တော်တော်စောင်းသွားခဲ့လေပြီ။ ထမင်းစားတာ ဒီလောက်တော့ မကြာသင့်ပေ။ မိတ်ဆွေ သူငယ်ချင်းများနှင့် တွေ့၍ ဝိုင်းဖွဲ့ စကားပြောနေဟန် တူသည်။ မိမိမှာလည်း မယားဖြစ်သူ မွေးခါနီး ဖွားခါနီး အချိန်တွင် အခါတိုင်း နေ့ တွေထက် ငွေပိုရဖို့ လိုပေသည်။ ဒီကျောင်းသားကလေးကို ထိုင်စောင့်ရင်း

အချိန်ဖြုန်းတီးနေ၍ မဖြစ်။ သူ ဆက်သွားလျှင်လည်း သွား၊ မသွားလျှင်လည်း သည်နေရာထိ ဆိုက်ကားခကို တောင်းရပေလိမ့်မည်။

ကိုစိန်လင်းသည် ဆိုက်ကားကို ထားခဲ့ပြီး ချစ်တီး ထမင်းဆိုင်ထဲသို့ အရဲစွန့်၍ ဝင်ကြည့်လိုက်၏။ ဆိုင်တစ်ဆိုင်လုံး နှံ့အောင် ရှာဖွေသော်လည်း သူ့ဆိုက်ကား စီးလာသည့် ဆေးကျောင်းသား လူရွယ်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။ ထမင်းဆိုင်က ကုလားတွေကို မေးကြည့်မိရာတွင် နက်တိုင် လည်စည်း၊ ဘောင်းဘီရှည်နှင့် လူရွယ်တစ်ယောက် ခပ်စောစောကပင် ဆိုင် ဘေးပေါက်မှ ထွက်သွားပြီ ဖြစ်ကြောင်း သိရလေတော့၏။

ကိုစိန်လင်းမှာ ထိုဆေးကောလိပ်ကျောင်းသား အပေါ်တွင် စောစော က အထင်ကြီး လေးစားခဲ့မိလေသမျှ ဒေါသခြောင်းခြောင်း ထွက်မိလေသည်။ ကြည့်စမ်းပါဦး၊ ငွေတစ်သောင်းကျော် အကုန်ခံပြီး (၇) နှစ်ကြာအောင် သင်မယ့်လူက ငွေကလေး တစ်ကျပ်၊ ငါးမူးအတွက် လိမ်သွားရတယ်လို့။ ကိုယ့်ကိုယ်ကို ငါးမူး မတန်အောင်လုပ်တဲ့ ခွေးသားကလေးဟု စဉ်းစား မိရင်းကလည်း ထိုဆေးကျောင်းသားအတွက် အလကားနေရင်း ဝမ်းနည်း သလိုလို ဖြစ်လာမိ၏။

"တော်ပြီ တော်ပြီ၊ ငါ တစ်လ တစ်ရာကျော် ရှာနိုင်တောင်မှ ငါ့ သားလေးကို ဆေးကျောင်းသား မလုပ်ခိုင်းတော့ဘူး။ ဒီလို ကောင်မျိုးတွေနဲ့ ပေါင်းမိရင် ငါ့သားတောင် ပျက်စီးလိမ့်ဦးမယ်။ ငါ့သား မကြီးကျယ်ချင်ရင် နေပါစေ၊ အပျက်စီးတော့ မခံဘူး" ဟု ပါးစပ်ကပင် ထုတ်ဖော် ရေရွတ်လိုက် ပြီးနောက် ဆိုက်ကားကို ဒေါနှင့် ဆောင့်နင်း၍ ထွက်ခဲ့မိလေသည်။

ဆိုက်ကား စတင်းသို့ ပြန်ရောက်ခဲ့သည့် အချိန်တိုင်အောင် ဒေါသ စိတ် မပြေသေးသော်လည်း သူ အလှည့်အပတ် ခံခဲ့ရကြောင်းကိုတော့ အခြား ဆိုက်ကားသမား အပေါင်းများကို ပြန်မပြောဝံ့ရှာဘဲ တစ်ယောက်တည်း ကျိတ်၍ သာ ခံစားနေမိ၏။ ဒီကနေ့ ငွေဝင်နည်းရသည့်အထဲ ဒီငနဲကလေးက အချိန် တွေ ကုန်အောင် လိမ်သွားရသေးသည်။ မသကာ အလကား လိုက်ပို့ပါဆိုလျှင် ပို့ရမပေါ့။ ခုတော့ မနက် မိုးမလင်းမီကတည်းက ထွက်လာပါလျက်နှင့် ယခု ညနေစောင်းတော့မည့် အချိန်အထိ ငွေ ၂ ကျပ်နှင့် အကြွေ အနည်းငယ်မျှသာ ရသေးသည်။ မငွေရင် မွေးဖွားပြီးလျှင် ဝမ်းဆွဲသည်မကြီး ဒေါ်အေး အနည်း ဆုံး ၁၅ ကျပ်၊ ၂၀ ကျပ်လောက်တော့ ကန်တော့မှ တောင်းပေမည်။ သို့သော်

ငွေ ၂၀ ကျပ်လောက် ရှာဖို့ဆိုသည်မှာ ယခုခေတ် ဆိုက်ကားနင်းစားနေရသူ အတွက် လွယ်ကူလှသော အလုပ် မဟုတ်ပေ။ ယခင်က တစ်နေကုန် ဆိုက်ကား နင်းလျှင် ငွေ တစ်ဆယ်၊ ဆယ့်ငါးကျပ်အထိပင် ရနိုင်ခဲ့သော်လည်း ယခုလို သုံးဘီးကားတွေ မှိုလိုပေါက်နေသည့်အခါမျိုးတွင်ကား မိုးမလင်းမီက သန်းခေါင် ကျော်အထိ နင်းလျှင်ပင် ငွေရှစ်ကျပ်၊ ကိုးကျပ် ရဖို့ မနည်းကြီး ခဲယဉ်းလှ၏။ ယနေ့လို ကံဆိုးသော နေ့မျိုးတွင်ကား ငွေ သုံးလေးငါးကျပ်လောက် ရဖို့ကိုပင် အနိုင်နိုင် ကြိုးစားရပေတော့မည်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ ခါတိုင်းနေ့တွေထက် ဆိုက်ကားနင်းခ ရအောင် ကြိုးစားရပေလိမ့်မည်။

ကိုစိန်လင်းသည် ဤသို့ ကြုံးဝါးထားသည့်ကြားထဲပင် နောက်ထပ် ငါးမူးလမ်း တစ်ယောက်နှင့်၊ တစ်မတ်လမ်း တစ်ယောက် ပတ်စင်ဂျာ နှစ် ယောက်ကိုသာ လိုက်ပို့ရပြီးနောက် သူ့ဆိုက်ကားနှင့်သူ ဆိုက်ကားစတင်း၌ ငုတ်တုတ်ကြီးသာ ထိုင်နေရတော့သည်။ နေဝင်ရီတရော အချိန်အထိ သူ့ လက်ထဲတွင် ငွေသုံးကျပ်မျှသာ ရသေး၏။

'ဗျို့ ဆိုက်ကားဆရာ၊ လိုက်ပို့နိုင်မလား' ဟူသော အသံကို ကြားလိုက် ရသဖြင့် ဝမ်းသာအားရ မော့ကြည့်လိုက်မိရာ အပေါ်အင်္ကျီ၊ ဘန်ကောက်လုံချည် နှင့် အသက် (၄၀) ကျော်ရွယ်ရှိ မွန်မွန်ရည်ရည် လူကြီးတစ်ယောက်ကို တွေ့ ရ၏။ ထိုလူကြီး၏ မျက်နှာမှာ ပြုံးစနဲ့နဲ့ အမူအရာ ရှိလေသည်။

'လိုက်ပို့ပါမယ် ဦးလေး၊ ဘယ်ကို လိုက်ပို့ရမှာလဲ ခင်ဗျာ' ဟု ကိုစိန်လင်းက ပျာပျာသလဲ မေးလိုက်၏။

'ဟဲ... ဟဲ ဘယ်ကို ပို့ရမလဲဆို မင်းတို့က အသိဆုံးနေမှာပဲ။ ကောင်း ကောင်း သန့်သန့်ကလေး ကလေးတွေရှိတဲ့ နေရာပေါ့ကွာ။ ကောင်းတဲ့နေရာ ကိုသာ ပို့ပေးစမ်းပါ။ မင်းကို ဦးလေး ငွေ ၅ ကျပ် သတ်သတ်ပေးမယ်။ ဟဲ... ဟဲ... ဘယ့်နှယ့်လဲ၊ ရမယ် မဟုတ်လား'

ဆိုက်ကား လာငှားသည့် လူကြီးက ပြုံးဖြီးဖြီးကြီးနှင့် အငမ်းမရ မေးနေလေ၏။ လူကြီးသည် ထိုမျှ ပြောရုံနှင့်ပင် အားမရသေးဘဲ ကိုစိန်လင်း ၏ နားနားသို့ ကပ်၍ မကြားဝံ့ မနာသာ စကားတွေကို ပြောနေပြန်၏။ ထို လူကြီး၏ ပါးစပ်မှ အရက်နံ့နှင့် ပါးစပ်မှ စကားတွေကြောင့် ကိုစိန်လင်းမှာ ဆိုက်ကားပေါ်မှ ဆင်း၍ နောက်သို့ ဆုတ်ပေးမိလေ၏။

'အဲဒါမျိုးလေးဆိုသာ ပို့ပေးစမ်းကွာ။ ငါးကျပ် မဟုတ်ဘူး၊ ဦးလေးက တစ်ဆယ်ပေးမယ်၊ တစ်ဆယ်ပေးမယ်'

လူကြီးက ကတိတွေ ပေးနေပြန်သည်။

ကိုစိန်လင်းအဖို့ ဤစကားမျိုးတွေ ကြားခဲ့ရပေါင်း များလေပြီ။ ဤလူမျိုးတွေကိုလည်း ဤနေရာမျိုးတွေသို့ အခါပေါင်းများစွာ လိုက်ပို့ခဲ့ရဖူးပါပြီ။ ဤအလုပ်မျိုး လုပ်ပေးရသည်မှာ ဆိုက်ကားသမားတို့၏ တာဝန်တစ်ရပ်ဟု နားလည်ထားရုံမျှသာမက ဤသို့ လုပ်ပေးခြင်း အားဖြင့်လည်း ဝင်ငွေ မြက်မြက် ရနိုင်ကြောင်းကိုလည်း သိပြီး ဖြစ်ပါသည်။

သို့သော် ယနေ့တော့ ကိုစိန်လင်းအဖို့ ဤလူကြီးကို ပြန်ဖြေရန် အင်မတန် နှုတ်လေးနေ၏။ ယနေ့တော့ဖြင့် ငွေ ဘယ်လောက်ပဲ ပုံရရ သည်အလုပ်မျိုးကို သူ မလုပ်ချင်ပေ။ ယနေ့ သူ့မယား မငွေရင် မီးဖွားလိမ့်မည်ဟု သူ့ယောက္ခမကြီးနှင့် ဝမ်းဆွဲသည်မ ဒေါ်ခကြီးတို့က မှာလိုက်သည်ကို သတိရနေမိတော့သည်။ သားဦးကလေး မွေးဖွားမည့် သည်လိုနေ့မျိုး၌ သည်လို ညစ်ညမ်းသော ငွေမျိုးကို အလိုမရှိပေ။

' ဒီကနေ့ ဒီကနေ့၊ ဟာ ဒီနေရာမျိုးတွေ ကျွန်တော် မသိပါဘူးဗျာ' ဟု မျက်နှာကို ခပ်တင်းတင်းထား၍ ခပ်ပြတ်ပြတ် ငြင်းလွှတ်လိုက်မိ၏။ ပြုံးဖြီးဖြီးနှင့် လူကြီးမှာ ရှက်ကိုးရှက်ကန်းဖြစ်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

ကိုစိန်လင်းလည်း ဆိုက်ကားပေါ် ပြန်တက်ကာ သူ့အိမ်ရှိရာ သာကေတ မြို့သစ်ဘက်သို့ ဆိုက်ကားကို သွက်သွက်နင်း၍ ပြန်ခဲ့မိလေသည်။ စောစောက လူကြီးကို သူ သွားလိုရာ လိုက်ပို့လျှင် ငွေတစ်ဆယ် ရမည်။ နောက်ပြီး ပြည့်တန်ဆာအိမ်မှ ရမည့် ပွဲခ နှစ်ကျပ်နှင့် ယနေ့ သူ ရှာဖွေရရှိသော ဆိုက်ကား နင်းခ ငွေသုံးကျပ်နှင့်ဆိုလျှင် စုစုပေါင်း ငွေ ၁၅ ကျပ် အိမ်သို့ ပါလာနိုင်မည် ဖြစ်သည်။ ယခုတော့ ငွေသုံးကျပ်မျှသာ ပါလာနိုင်၏။ သို့သော်လည်း ကိုစိန်လင်းအဖို့ သူ့ဆုံးဖြတ်ချက်နှင့်သူ ကျေနပ် ဂုဏ်ယူလျက် ရှိပေသည်။ သားဦးကလေး မွေးဖွားမည့် မင်္ဂလာနေ့မျိုးတွင် အစစအရာရာ သန့်စင် မင်္ဂလာ ရှိရပေမည်။

သာကေတရှိ သူ၏ တဲကုပ်ကလေးရှေ့ ဆိုက်ကား ဝင်ထိုးလိုက်ပြီး တဲပေါ်သို့ ကမန်းကတန်း လှမ်းအတက်လိုက်တွင် ယောက္ခမကြီးက ဆီး၍—

'ဟဲ့ မောင်စိန်လင်း၊ နင် ပြန်လာတာ အတော်ပဲဟေ့၊ နင့်မိန်းမ ဗိုက်နာနေပြီ' ဟု သတင်းကောင်း ပါးလိုက်၏။

'အို ဟုတ်လား၊ နို့ ဒေါ်ခကြီးကော'

'ရောက်နေပြီလေ၊ သူ့အတွက် ငွေလိုတယ်ဟဲ့။ နင် ကနေ့ ဘယ်လောက် ရှာရခဲ့သလဲ၊ ပေးလေ'

'ကနေ့ သုံးကျပ်ပဲ ရခဲ့တယ် အမေ၊ ဒါတောင် ကျွန်တော် လက်ဖက်ရည် တစ်ခွက် မသောက်ခဲ့ပါဘူး'

'ပေး... ပေး၊ ဘယ်လောက်ပဲရရ ဒေါ်ခကို နည်းနည်းပါးပါးလေးတော့ ပေးမှပေါ့ကွယ်။ အမေ့မှာလဲ လိုရမည်ရ ဖွက်ထားတဲ့ ငွေသုံးကျပ် ရှိပါတယ်။ ဒေါ်ခကို ငွေငါးကျပ်လောက်တော့ တောင်းပန်ပြီး ပေးလိုက်ရမှာပဲ'

ကိုစိန်လင်းလည်း ယောက္ခမကြီးအား သူ ရှာဖွေရရှိခဲ့သည့် ဆိုက်ကားနင်းခကလေး သုံးကျပ်ကို အပ်လိုက်၏။ ထို့နောက် ယောက္ခမကြီး သွားရာနောက်သို့ လိုက်မည် အလုပ်တွင်–

'နင် အပြင်ကပဲ စောင့်နေပါဟယ်' ဟု ယောက္ခမကြီးက တားမြစ်ပြီး ဝင်သွားလေသည်။

ကိုစိန်လင်းမှာ နားတစွင့်စွင့်နှင့်ပင် သူ့ ဆိုက်ကားကလေးပေါ်တွင် ထိုင်စောင့်နေမိ၏။ သူ့မယား မငွေရင်၏ အနည်းငယ် ထွက်ပေါ်လာသော အော်ညည်းသံကြောင့် သူသည် စိတ်မရှည်နိုင်တော့ဘဲ ဆိုက်ကား ဖင်ထိုင်ခုံအောက်မှ အဝတ်စုတ် တစ်စုတ်ကို ထုတ်၍ ဆိုက်ကား တစ်ခုလုံးကို အမြီးပြန်ခေါင်းပြန် သုတ်နေမိတော့သည်။

သူ့မယား မငွေရင်၏ အော်ညည်းသံသည်လည်း တစ်စ တစ်စ ကျယ်လောင်လာလေ၏။ ညဥ့်သည်လည်း အမှောင်ထု ကော်ဇောကို ဖြန့်ခင်းလိုက်၏။ ညဥ့်ကော်ဇော်ပေါ်ဝယ် ကြယ်ပွင့်ကလေးများ ဟိုနေရာ သည်နေရာမှ ပြူထွက်လာကြသည်။ ကိုစိန်လင်းကား ညဥ့်မှောင်မိုက်ထဲမှာပင် သူ့ဆိုက်ကား သူ ပွတ်တိုက်နေ၏။

ဤသို့ ပွတ်တိုက်ရင်းက သူ့မျက်လုံးများသည် မှောင်ထဲမှာပင် တောက်ပလာလေသည်။ တကယ်တော့လည်း ဤဆိုက်ကားကလေးနှင့်ပင် သူသည် သူ၏ အိမ်ထောင်စုကို နှစ်ပေါင်းများစွာ ရှာကျွေးခဲ့သည်။ သူ့အလုပ်သည် နိမ့်ကျသလိုလို ထင်ရသော်လည်း တကယ်တမ်း တွေးကြည့်တော့ ဂုဏ်ယူဖွယ်

ရာပင် ကောင်းသေးသည်။ သူ့အလုပ်သည် ဘယ်သူ့ကိုမှ ဒုက္ခမပေး၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြု။ အများအကျိုးကို ကိုယ့်လုပ်အားနှင့် ပို့ဆောင်ပေးရသည့် ရိုးဖြောင့် စင်ကြယ်သော အလုပ်တစ်ခုပင် ဖြစ်သည်။ သူသည် ဤအလုပ်နှင့်ပင် သူ့သားကြီးကို လူလားမြောက်၍ ကြီးပွားလာအောင် ပို့ဆောင်ပေးမည်။

ကိုစိန်လင်းသည် သူ့ဘဝကို သူ ကျေနပ် ရောင့်ရဲစွာ စဉ်းစားရင်း၊ သူ့အလုပ်တွင် အားကိုးရာဖြစ်သော ဆိုက်ကားကလေးကို ယုယ မြတ်နိုးစွာ တို့က်ချွတ်နေမိတော့သည်။ ထိုအခိုက်အတန့်တွင် 'အူဝဲ... အူဝဲ... အူဝဲ' ဟူသော ကလေးငိုသံကလေး တဲထဲမှ ထွက်ပေါ်လာလေ၏။

'ယောကျ်ားလေး ဟေ့... ယောကျ်ားကလေး'

ယောက္ခမကြီးကလည်း ဝမ်းသာအားရ လှမ်း၍ အော်လိုက်သည်။

ကိုစိန်လင်းသည် လက်ခမောင်း ထ၍ ခတ်မိတော့မတတ် ဝမ်းသာလုံး ဆို့သွား၏။ သူသည် ဖိတ်ဖိတ်တောက်အောင် ပွတ်တိုက်ထားသဖြင့် ကြယ်ရောင်မှာပင် ပြောင်လက်လျက်ရှိသော ဆိုက်ကားကလေးကို တအား ဆုပ်ကိုင်ထားရင်းက "ငါ့သားကလေး ငါ့သားကလေး" ဟု အူလှိုက် အသည်းလှိုက် ရွတ်လိုက်မိသည်။

တစ်ချိန်တည်းမှာပင် သူ့သားကလေးအတွက် ဝမ်းထဲမှ ကျိတ်၍ ဆုတောင်းလိုက်မိ၏။ သူ့သား မမွေးဖွားသေးမီက ကြီးလျှင် ဘာဖြစ်စေရမည်၊ ဘာလုပ်စေရမည် စသည်ဖြင့် နေ့စဉ်နှင့်အမျှ စိတ်ကူးယဉ် မှန်းဆမိခဲ့သော်လည်း ယခုတော့ သူ့သားကို တစ်ခုပဲ ဖြစ်စေချင်ပါသည်။

သူ့သားသည် ဘယ်လိုအခြေ၊ ဘယ်လို အဆင့်အတန်းမျိုးသို့ပဲ ရောက်ရောက်၊ နောက်ဆုံး သူ့ကဲ့သို့ပင် ဆိုက်ကားသမားဖြစ်ချင် ဖြစ်ပါစေ သူ့လိုပင် ကိုယ့်လုပ်အား ကိုယ်အားကိုးလျက် ဘယ်သူ့ကိုမှ ဒုက္ခမပေး၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြုသော ရိုးသားဖြောင့်မတ်သည့် အလုပ်သမားကောင်း တစ်ယောက် ဖြစ်ပါစေသတည်း။

[ မြဝတီ၊ ဖေဖော်ဝါရီ ၁၉၆၃ ]

## ကလေးကို ကားတိုက်ခြင်း

နေ့ သာလှသော မနက်ခင်း ဖြစ်သည်။

တနင်္ဂနွေနေ့ ပြည်သူများ၏ အားလပ်ရက် ဖြစ်၍လည်း လမ်းမကြီးပေါ်တွင် ယာဉ်အသွားအလာ အနည်းငယ်ရှင်းလျက် ရှိ၏။

ဤသို့ သာယာလှသော မနက်ခင်းမျိုးတွင် ပြည်သူများသည် ကန်တော်ကြီး၊ အင်းလျား၊ တိရစ္ဆာန်ရုံ၊ ဗိုလ်ချုပ်ပန်းခြံ စသော နေရာများသို့ ပျော်ပွဲစား ထွက်သူက ထွက်ကြပေလိမ့်မည်။ ဘုရားကျောင်းကန် သွားသူက သွားပေမည်။ ပွဲလမ်းသဘင် သွားသူက သွားမည်။ သို့တည်းမဟုတ် ကိုယ့်အိမ်၌ ကိုယ် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်စားသူက စားကြပေလိမ့်မည်။

သို့သော် ဤ သာယာလှသော မနက်ခင်းသည်ကား မကောင်းဆိုးရွားအ မင်္ဂလာ နေ့တစ်နေ့၏ ပဏာမ အစမျှသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေ့ မွန်းလွဲပိုင်း အချိန်လောက်၌ လက်ထပ်ပြီးခါစ ဧနီးမောင်နှံ စီးနင်းလာသော ဖီးယက်ကားတစ်စီးက ကမာရွတ်–အင်းစိန် လမ်းမကြီးပေါ်တွင် ကလေးငယ် တစ်ယောက်အား သေအောင် တိုက်သတ်လိုက်သောကြောင့်တည်း။

ဤ သာယာလှသော မနက်ခင်းတွင်မှ ကားတိုက်ခံရသည့် ကလေးငယ်မှာ သူ့တဲကုပ်ကလေး နံဘေးတွင် အခြားကလေး တစ်ဦးနှင့် ဆော့ကစားကောင်းတုန်း ဖြစ်၏။ ကလေး၏ဖခင် စက်ရုံ အလုပ်သမားကြီးမှာ ရက်သတ္တတစ်ပတ်လုံး တကုန်းကုန်း ကျိုး၍ အလုပ်လုပ်ခဲ့ရသမျှ အပတိုးချ၍ အိပ်လျက်ရှိသေး၏။ ကလေး၏ မိခင်မှာလည်း သားအထွေးကလေးကို နို့တိုက်နေသည်။

တစ်ချိန်တည်းမှာပင် ကလေးကို တိုက်သတ်မည့် ဖီးယက်ကားသည် ဗိုလ်ချုပ်ပန်းခြံ နံဘေးတွင် ဆိုက်ကပ်ထားပြီး ကားမောင်းသူ ယောက်ျားနှင့် သူ့ဇနီး အသစ်စက်စက်ကလေးတို့မှာ ဗိုလ်ချုပ်ကြေးရုပ်ကြီး ရှေ့တွင် ရပ်လျက် ရှိကြ၏။

'ဒီနားမှာ ဓာတ်ပုံတစ်ပုံ ရိုက်ရအောင်' ဟု ပြောပြောဆိုဆို ယောက်ျားဖြစ်သူက ကင်မရာဖြင့် ချိန်လိုက်သောအခါ၊ ဇနီးဖြစ်သူကလေးမှာ မျက်နှာထားပြုံးပြုံး၊ ကိုယ်ဟန်နွဲ့နွဲ့ကလေးနှင့် ဓာတ်ပုံအရိုက်ခံလေသည်။

ဓာတ်ပုံရိုက်ပြီးသွားသောအခါ သူတို့ နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက် ဆုပ်တွဲလျက် ဖီးယက် ကားကလေးဆီသို့ လျှောက်ခဲ့ကြ၏။

လွန်ခဲ့သည့် သုံးရက်ကမှ လက်ထပ်သည့် သူတို့ ဇနီးမောင်နှံမှာ ပျော်တပြုံးပြုံး မော်မဆုံးနိုင်အောင် ရှိကြသည်။

'ကဲ... နွဲ့ရေ၊ ဘယ်သွားကြဦးမလဲ' ဟု ခင်ပွန်းသည်က ဂရုတစိုက် မေးလိုက်ရာ၊ ဇနီးသည်ကလေးက ခင်ပွန်းသည်၏ လက်ကို ယုယစွာ ဖျစ်ညှစ်ရင်း–

'မောင်ခေါ်ရာ ဘယ်မဆို လိုက်မှာပဲ၊ ဟိုသီချင်းထဲကလိုပေါ့၊ *နှစ်ယောက်ထဲဆိုရင် မောင်ရယ် ဧဝရက်တောင်ထိပ် နေချင်ရင် ခုသွား၊ ရေရှားတဲ့ သဲကန္တာရ ဆဟာရ မရှောင်တယ်၊ နေမမြင် ရေပြင်ခံ မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်ခေါ် ပျော်ပါမယ်၊ သဲသဲမဲမဲ ဖွဲ့နဲ့ နှစ်ယောက်ထဲ နေချင်တယ်*' ဟု အသံ နေ အသံထားနှင့်ပင် သီချင်းကို ဆိုပြလိုက်သေး၏။

ပြီးတော့ နှစ်ယောက်သား အားရပါးရ ရယ်လိုက်ကြရင်း ကားပေါ်သို့ တက်ကြသည်။

'ဒါဖြင့် မင်္ဂလာဒုံဘက် လျှောက်မောင်းကြရအောင်'

'မောင်းလေ၊ နွဲ့ကတော့ *မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်ခေါ် ပျော်ပါမယ်၊ သဲသဲမဲမဲ ဖွဲ့နဲ့ နှစ်ယောက်ထဲ နေချင်တယ်*'

ခင်ပွန်းသည်က ကားစက်နှိုးလိုက်သည့် အချိန်တွင် ဇနီးသည် ကလေးက "နှစ်ယောက်ထဲ" သီချင်းကို ရွတ်ဆိုနေပြန်၏။ ကားထွက်လာသည့် အချိန်တွင်လည်း ခင်ပွန်းသည်ကို ပွတ်သီးပွတ်သပ် မှီရင်း ထို သီချင်းကိုပင် ထပ်ပြန်တလဲ ရွတ်ဆိုလာလေသည်။

ဖီးယက်ကားကလေး ဗိုလ်ချုပ်ပန်းခြံမှ စ ထွက်လာချိန်မှာပင် ကားတိုက်ခံရမည့် ကလေးငယ်၏ မိခင်သည် မနက်စာ ထမင်းချက်ရန် ဆန်ကုန်နေကြောင်း သိလိုက်ရ၏။

ထိုအချိန်၌ သား ဆုံးရတော့မည့် ဖခင်ကလည်း အိပ်ရာက နိုးကာ 'ထမင်းစောစော စားကြရအောင်ကွာ၊ ငါနဲ့ ငါ့သားနဲ့ အင်းလျားကန် ငါး သွားမျှားကြမယ်' ဟု မယားဖြစ်သူအား သတိပေးရင်း၊ အိမ်ပြင်၌ ကစားနေသည့် သားငယ်ကိုလည်း 'ဟေ့ သားရေ၊ ဒီကနေ့ ငါးသွားမျှားကြမယ်ဟေ့' ဟု လှမ်းအော်ပြောလိုက်၏။

'ဟာ... ငါးမျှားသွားမယ်... ငါးမျှားသွားမယ်၊ သိပ်ဟန်ကျတာပဲ'ဟု ဝမ်းသာအားရ အော်ဟစ် ပြေးဝင်လာသော ကလေးငယ်အား အမေ လုပ်သူက ဆီး၍-

'အေး... အေး ထမင်းစားပြီးမှ သွားရမှာ၊ ခု ထမင်းချက်ဖို့ ဆန်မရှိဘူး၊ ကာကာဆိုင်ကို သွားပြီး ဆန် အကြွေးသွားယူပေးစမ်းပါဦး'

'အေး... အတော်ပဲဟေ့၊ ကာကာဆိုင်က ငါးစာလုပ်ဖို့ ဂျုံလည်း နည်းနည်းတောင်းခဲ့နော်'

'ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော်လည်း ငါးမျှားရမယ်နော်'

'အေး... အေး၊ မျှားရမယ် မျှားရမယ်'

ကလေးငယ်သည် ပေတစ်ရာ လမ်းမကြီးဘက် ပြေးထွက်သွားစဉ် သူ့အဖေနှင့်အတူ ငါးမျှားသွားဖို့ကိုသာ တစ်လမ်းလုံး စဉ်းစားသွား၏။ သူ့ မျက်စိထဲတွင် အင်းလျားကန် ရေပြင်ကြီးနှင့် ငါးမျှားချိတ်တွင် မိပါလာမည့် ငါးကြင်းကြီးတွေကိုသာ မြင်ယောင်နေမိ၏။

သို့သော် သူ့ခမျာ နောက် ငါးမိနစ်အထိသာ သက်ဆိုးရှည်တော့မည် ဖြစ်၍ ထို ငါးမိနစ်ကျော်လျှင် အင်းလျားကန် ရေပြင်ကြီးနှင့် ငါးကြင်းကြီး တွေကိုသာမက ဘယ်အရာဝတ္ထုကိုမှ မြင်နိုင်တော့မည် မဟုတ်ကြောင်းကိုမူ လုံးဝ မသိရှာချေတကား။

ကာကာဆိုင်မှာ ပေတစ်ရာလမ်းမကြီး တစ်ဖက်၌ ရှိ၏။ ကလေးငယ် က ပေတစ်ရာလမ်းကို ဖြတ်ကူးပြေးစဉ်တွင် ဖီးယက်ကားကလေးမှာလည်း ကမာရွတ် အဝိုင်းကြီးနားသို့ ရောက်လာပေပြီ။

'အင်းစိန်လမ်းဘက်က သွားရအောင်၊ ဒီဘက်က ကြည့်စရာတွေလည်း

များတယ်၊ လမ်းလည်း ရှင်းတယ်။ အောင်ဆန်းမြို့ ကျော်ရင် ကားမောင်းလို့ သိပ်ကောင်းတာပဲ။ အဲဒီကျရင် နွဲ့က မောင်း၊ မောင်က ဘေးက ထိုင်လိုက်မယ်နော်' ဟု ပြောရင်း ဆိုရင်းကပင် ကားမောင်းသူ ယောက်ျားရွယ်သည် အင်းစိန်လမ်းမကြီးအတိုင်း ဆက်မောင်းလာ၏။

သူ့နံဘေးမှ ဇနီးသည်ကလေးမှာလည်း သူ့ပခုံးပေါ် ခေါင်းကလေးတင်ကာ မျက်လုံးကလေးတွေကို မှေးထားရင်းက–

'မောင့်သဘော… မောင့်သဘော… မောင့်သဘော' ဟု တိုးတိုးကလေး ရေရွတ်နေလေသည်။

ယောက်ျားရွယ်သည် ကားကို လမ်းကျယ်ကြီး၏ လက်ဝဲဘက် ဒုတိယ လမ်းကြောင်းအတိုင်း တစ်နာရီလျှင် မိုင်သုံးဆယ်နှုန်းမျှ ခပ်မှန်မှန်ပင် မောင်းနှင်လာခြင်း ဖြစ်၏။

သူသည် ကားစတီယာရင်ဘီးကို လက်တစ်ဖက်ဖြင့်သာ ကိုင်မောင်းရင်း၊ ကျန်လက်တစ်ဖက်က ဇနီးချောကလေး၏ အိစက် ပြည့်ဖြိုးသော ပခုံးသား ကလေးကို ဆုပ်နယ် ယုယလျက် ရှိလေသည်။ သူ့စိတ်ထဲ၌လည်း ဤဇနီးချော ကလေးနှင့်အတူ ဤလို ပျော်ရွှင်ကြည်နူးစွာ နေရသော ဘဝကို ပီတိ သောမနဿ ဖြစ်နေမိတော့၏။

သူ့အဖို့ မကြာမီအချိန်အတွင်း ကလေးငယ် တစ်ယောက်ကို ကားဖြင့် တိုက်ရန် စိတ်ကူးဖို့ ဝေးစွ။ ယခုလို ဇနီးမောင်နှံ ချစ်ကြည်နူးစွာ နေနေရသည့် အချိန်မျိုးတွင် မှက်၊ ခြင်၊ ယင်၊ သန်း စသော ပိုးကောင် မွှားကောင်ကလေးမျိုး ကိုပင် သတ်ဖြတ်ချင်စိတ် မရှိ။ ကြည်နူးနှစ်သိမ့်မှုကသာ သူ့နှလုံးသားကို ရစ်ပတ် လွှမ်းခြုံနေဘိသည်။

မိန်းမရွယ်မှာလည်း သူ့ခင်ပွန်းသည်နည်းတူပင် ပျော်ရွှင်မြူးထူးမဆုံး ရှိတော့၏။ သူကလေးသည် မျက်လုံးနှစ်ဖက်ကို စုံမှိတ်ကာ မကြာသေးမီက သူ သီဆိုပြခဲ့သော သီချင်းထဲကအတိုင်း ချစ်သူခင်ပွန်းသည်နှင့်အတူ ဇဝရက် တောင်ထိပ်ပေါ်သို့ လည်းကောင်း၊ မြောက်ဝင်ရိုးစွန်းသို့ လည်းကောင်း သွား နေကြရသည်ဟု စိတ်ကူးယဉ်လျက် ရှိပေသည်။

သို့ရာတွင် ဇနီးမောင်နှံ နှစ်ယောက်စလုံးပင် နောက်စက္ကန့်ပိုင်းအတွင်း ရက်စက်ကြမ်းကြုတ်လှစွာ ဖန်တီးလာမည့် ကံကြမ္မာဆိုးကို လုံးဝ မစဉ်းစားမိ။

သူတို့ နှစ်ဦးစလုံးပင် ကလေးငယ်ကို ကားဖြင့် မတိုက်မိခင် စက္ကန့်

ပိုင်း အတွင်း၌ ပျော်ရွှင်မြူးထူး၍မဆုံး ရှိလိုက်ကြသေး၏။ ကားမောင်းသူ ယောကျ်ားရွယ်သည် ကလေးငယ်ကို ဝင်မတိုက်မိခင် စက္ကန့်ပိုင်းအထိ ချစ်ဇနီး ကလေး၏ အငွေ့အသက် အတွေ့အထိများဝယ် မိန်းမော ယစ်မူးနေမိသည်နှင့် အမျှ၊ ဇနီးသည်ကလေးမှာလည်း ကြောက်အားလန့်အား မအော်လိုက်မိခင် စက္ကန့်ပိုင်းအထိ မျက်လုံးကလေးများကို စုံမှိတ်ကာ စိတ်ကူးယဉ်မဆုံး ရှိနေ သေးတော့၏။

တစ်ချိန်တည်းမှာပင် ကားတိုက်ခံရမည့် ကလေးငယ်၏ မိဘနှစ်ပါးတို့ ကလည်း ဆန်ထုပ်ကလေးကို ပိုက်ပြန်လာမည့် သားငယ်ကို စောင့်စားရင်းက အရွယ်နှင့် မလိုက်အောင် သွက်လက်လိမ္မာသော၊ ခိုင်း၍ကောင်းသော သူတို့ သားကလေး အကြောင်းကို စကားလက်ဆုံ ကျလျက် ရှိကြ၏။

ထိုစက္ကန့်ပိုင်း၌ ကလေးငယ်ကလည်း အလကား တောင်းယူခဲ့သော ဂျုံမှုန့်ထုပ်ကလေးကို လုံချည်ခါးပုံစတွင် ထည့်၍ လည်းကောင်း၊ အကြွေးယူ လာသော ဆန်ထုပ်ကို ရင်ဝယ်ပိုက်၍ လည်းကောင်း ကာကာဆိုင်ထဲမှ ထွက် ခဲ့တော့၏။

သူကလေးသည်လည်း ဤနောက်ဆုံး စက္ကန့်များအတွင်း အခြား ဘာကို မျှ သတိမရဘဲ အင်းလျားကန်ရေပြင်ကြီးနှင့် ငါးမျှားချိတ်တွင် မိပါလာ မည့် ငါးကြင်းကြီးများကိုသာ ဖွေးဖွေးလက်လက် မြင်ယောင်နေမိရှာလေ၏။

ထို့နောက်တွင်တော့ သာယာကြည်နူးမှုတွေ အားလုံးနှင့် စိတ်ကူးယဉ် မှုတွေ အားလုံး တစ်မုဟုတ်ချင်း လွင့်စဉ် ကွယ်ပျောက်သွားရကုန်သည်။

ဖီးယက်ကားကလေးသည် ဘရိတ်ကို တအားဆောင့်အုပ်ကာ ကျယ် လောင် ကြောက်မက်ဖွယ်ကောင်းသော အသံကြီးပြုလျက် အင်းစိန်လမ်းမကြီး အလယ်တွင် ဗြုန်းခနဲ ရပ်တန့်သွား၏။ မျက်စိများကို စုံမှိတ်ထားခဲ့သော မိန်းမရွယ်သည် မျက်လုံးကြီးများ အပြူးသားနှင့် ကြောက်အားလန့်အား တအားကုန် အော်လိုက်ရှာ၏။

ယောကျ်ားရွယ်သည်လည်း ကားတံခါးကို တုန်ယင်သော လက်များ ဖြင့် ကမန်းကတန်း ဖွင့်၍ဆင်းကာ၊ တုန်လှုပ် ချောက်ချားသော မျက်လုံးကြီး များဖြင့် ကားအောက်ထဲသို့ ငုံ့ကြည့်လိုက်မိ၏။

ကတ္တရာစေး လမ်းပေါ်တွင် ဆန်စေ့များသည် လွင့်စဉ် ပြန့်ကျဲလျက် ရှိသည်။ ကလေးငယ်မှာ ဆန်ထုပ်သည့် သတင်းစာစက္ကူကို ဆုပ်လျက်သားပင်

ကားအောက်၌ မှောက်လျက်သားကလေး ငြိမ်သက်နေရှာ၏။ ကလေး၏ ခေါင်းကလေးမှာ ပြားချပ်ကြေမွလျက် ရှိပြီးလျှင် ဦးနှောက်များလည်း ထွက်လျက် ရှိပေသည်။ ကလေးငယ်၏ သွေးစိမ်းရှင်ရှင်တို့သည် ကတ္တရာစေး လမ်းပေါ်တွင် ဖြာစီးလျက် ဆန်စေ့ဖွေးဖွေးများကိုပင် နီမြန်းသွားစေသည်။

မကြာမီအတွင်း ကလေးငယ်၏ မိဘ ၂ ပါးတို့သည် အူယားဖားယား အော်ဟစ် ပြေးထွက်လာကြပြီးလျှင်၊ သူတို့ တစ်သက်တွင် မေ့ပျောက်ရနိုင်တော့မည် မဟုတ်သော အနိဋ္ဌာရုံကြီးကို မြင်တွေ့လိုက်ကြရ၏။ ဖခင်ရော မိခင်ပါ သားဖြစ်သူ၏ အလောင်းကို တစ်လှည့်စီ ပွေ့ဖက်ရင်းက ကလေးကို ဆန်ဝယ်လွှတ်မိသည့် သူတို့အပြစ် သူတို့ တတွတ်တွတ် မြည်တမ်း ငိုကြွေးကြတော့သည်။

ထိုနေ့အဖို့ သားဖြစ်သူအတွက် ပရိဒေဝ သောကမီးကြောင့် ထမင်းချက်စားဖို့ပင် သတိမရကြသော မိဘ ၂ ပါးနည်းတူပင်၊ တစ်မနက်လုံး ပျော်ရွှင်မြူးထူး ချစ်ကြည်နူးခဲ့ကြသည့် ညားခါစ ဇနီးမောင်နှံမျှာမှာလည်း ဘယ်ကိုမှ ဆက်သွားချင်စိတ် မရှိကြတော့ဘဲ မိမိတို့ အိမ်ဆီသို့သာ တိတ်ဆိတ် ငြိမ်သက်စွာ ပြန်လာခဲ့ကြသည်။

ကားကို ဖြည်းညင်းစွာ မောင်းနှင်းလာသော လမ်းတစ်လျှောက်လုံးတွင် တွေ့တွေ့ရသမျှ လူသူ၊ အရာဝတ္ထု အားလုံးတို့တွင် သာယာရွှင်လန်းမှု အလျှင်းကင်းမဲ့နေသည်ဟု ထင်မိကြ၏။

သူတို့ ၂ ယောက်စလုံး၏ စိတ်များတွင် ထိုနေ့ မနက် ကားဖြင့် ထွက်ခဲ့မိကြသည်ကို လည်းကောင်း၊ မင်္ဂလာဒုံဘက် ကားလျှောက်မောင်းရန် စိတ်ကူးခဲ့မိသည်ကို လည်းကောင်း၊ မင်္ဂလာဒုံသို့ ပြည်လမ်းမကြီးအတိုင်း မသွားဘဲ အင်းစိန်လမ်းမကြီးဘက်မှ သွားရန် စိတ်ကူးခဲ့မိသည်ကို လည်းကောင်း နောင်တရ၍ မဆုံးနိုင်အောင် ရှိကြတော့၏။ သူတို့ ၂ ယောက်စလုံးပင် ထိုနေ့ တစ်မနက်လုံး ခံစားခဲ့ရသည့် ပျော်ရွှင်ကြည်နူးမှု အားလုံးကို မေ့ပျောက်သွားမိကြကာ စိတ်မချမ်းမြေ့မှုနှင့် တုန်လှုပ် ချောက်ချားမှုကသာ သူတို့ နှလုံးသားတို့ကို မွှေ့ယမ်း လှုပ်ခါပစ်လိုက်တော့သည်။

တစ်လမ်းလုံးပင် ၂ ယောက်သား စကားတစ်ခွန်းမျှ မပြောမိကြဘဲ ကိုယ့် ယူကျုံးမရမှုနှင့် ကိုယ် တိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာမိကြ၏။ ယောကျ်ားရွယ်အဖို့မူ ထို တိတ်ဆိတ်ငြိမ်သက်ခြင်းမှာ ရန်သူကြီးနှင့်မခြား

သူ့အား အပြင်းအထန် ခြိမ်းခြောက် နှောင့်ယှက်နေတော့သည်။ ယောကျ်ားရှယ်သည် ထိုခြိမ်းခြောက် နှောင့်ယှက်မှုဒဏ် မခံမရပ်နိုင်သည့် အဆုံးတွင်–

'ဒီလမ်းဘက်က လှည့်မောင်းမိတဲ့၊ ဒီမနက်ကျမှပဲ ဒီကလေးကို ဒီလမ်းဖြတ်ပြီး ဆန့်ဝယ်လွှတ်ရသတဲ့လား။ ဒီလောက် လမ်းတွေပေါ် ကားတွေများပြီး ဒီလောက်ကျယ်တဲ့ ရန်ကုန်မြို့ကြီးမှာ ဒီကားနဲ့ ဒီကလေး၊ ဒီအချိန် ဒီနေရာမှာပဲ ကြုံကြုံဖန်ဖန် လာတိုးရသတဲ့လား။ ဒါ မောင့်အပြစ်လည်း မဟုတ်ဘူး၊ ကလေးအပြစ်လည်း မဟုတ်ဘူး' ဟု အော်ဟစ်တိုင်တည်ရင်း တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းပစ်လိုက်မိတော့၏။ သူ့ဇနီးသည်ကလေးကလည်း–

"ရဲတွေကလည်း မောင့်မှာ အပြစ်မရှိနိုင်ဘူးလို့ ပြောသားပဲ၊ ကလေးကို ဆန့်ဝယ်လွှတ်တဲ့ မိဘတွေရဲ့ အပြစ်ပါ မောင်ရယ်" ဟု ဖျောင်းဖျ ပြောရှာပါလေ၏။

မည်သို့ပင် ဖြစ်စေကာမူ ကလေးငယ်ကို ဆန့်ဝယ်လွှတ်မိသည့် မိဘ ၂ ပါးတို့သည် လည်းကောင်း၊ ကလေးကို ကားဖြင့် တိုက်သတ်မိခဲ့သော ယောကျ်ားရှယ်သည် လည်းကောင်း ထိုနေ့၊ ထိုရက်၊ ထိုအချိန်ပိုင်းကလေးတွင် ကြုံတွေ့ခဲ့ရသည့် ဤ အဖြစ်ဆိုးကြီးကို ဘယ်သောအခါတွင်မှ မေ့ဖျောက်ပစ်နိုင်ကြမည် မဟုတ်တော့ပေ။

ထိုနေ့၊ ထိုရက်၊ ထိုအချိန်ပိုင်းကလေးကို သူတို့ ဘဝသက်တမ်းမှ ဖယ်ရှားဖျောက်ပစ်ရန်မှာလည်း မဖြစ်နိုင်တော့သည့်အတိုင်း ဤ အဖြစ်ဆိုးကြီးကသာ သူတို့တစ်တွေအား အမြဲမပြတ် ခြိမ်းခြောက် လွှမ်းမိုးနေပေတော့မည်။

အထူးသဖြင့် ယောကျ်ားရှယ်အဖို့ သူ့အနာဂတ် ဘဝသက်တမ်း တစ်လျှောက်လုံးတွင် ဤကလေးငယ်ကို ကားဖြင့် တိုက်သတ်မိခြင်းမှာ သူ့အပြစ်လုံးဝ မဟုတ်ဘဲ ကံကြမ္မာ၏ ဖန်တီးပေးမှု သက်သက်မျှသာ ဖြစ်ကြောင်း သူ့ကိုယ်သူ အမြဲတမ်း တိုင်တည် သတိပေးနေရုံမှ တစ်ပါး အခြား စိတ်သက်သာဖွယ်ရာ နည်းလမ်း မရှိတော့ချေ တကား။ ။

[ မြဝတီ၊ မေ ၁၉၆၃ ]

## ခေတ်သစ် မိဘမေတ္တာ

တစ်မနက်ခင်း (၁၀) နာရီအချိန်ခန့်သာသာတွင် အိမ်နီးချင်း စာရေးကြီး ကိုလှကြည် ကျွန်တော့်ထံ ပေါက်လာပြီး 'ခင်ဗျားတော့ ဒုက္ခရှာရဦးမှာပဲဗျာ။ ကျွန်တော့်မိန်းမ ဆေးရုံက ပြန်ခေါ်ချင်လို့ တစ်ဆိတ် ကားကလေး မောင်းပေး နိုင်ရင် လိုက်မောင်းပေးစမ်းပါဗျာ' ဟု အလောတကြီး လာပြောပါသည်။ သူ့မိန်းမ ဘယ်တုန်းက ဆေးရုံ တက်ရပြီး၊ ဘာ့ကြောင့် တက်ရကြောင်း စသည်တို့ကို ဘာတစ်ခုမှ အကြောင်းစုံ မသိရသေးသည့် ကျွန်တော့်မှာ ပေ်ကြောင်ကြောင်ပင် ဖြစ်နေမိ၏။

'နေပါဦး ကိုလှကြည်ရ၊ အလန့်တကြား... ခင်ဗျားမိန်းမ ဘာဖြစ်လို့ ဆေးရုံတက်ရတာလဲ'

'အို ကိုယ်ဝန်ပျက်ကျလို့ သားဖွားခန်း သွားတင်ရတာပါဗျာ၊ အခု ကိစ္စပြီးစီးသွားလို့ အိမ်ပြန်ခေါ်ချင်လို့ပါ။ ကားကတော့ ဟိုဘက်အိမ်က ကား ပြောပြီးပါပြီ။ တက်စီ ငှားရရင် တော်တော်ကျမှာမို့ အိမ်နီးချင်းတွေ ဒုက္ခရှာရတော့တာပါပဲဗျာ။ အခုပဲ သားဖွားခန်း သုံးလေးရက် တင်ထားတာ ငွေ တော်တော်ထွက်သွားပြီ'

ထိုအခါကျမှပင် အကျိုးအကြောင်းစုံ သိရသလောက် ရှိသွားပါသည်။ ကိုလှကြည်မှာ မြန်မာပြည် မီးရထားရုံးမှ စာရေးကြီးတစ်ဦး ဖြစ်၍ လခ နှစ်ရာခန့်ရသူ ဖြစ်၏။ သူ့တွင် အခါလည်ကျော်နီးပါးခန့် သားယောကျ်ား ကလေး တစ်ယောက် ရှိ၍ ယခု ပျက်ကျရသည့် ကိုယ်ဝန်မှာ ဒုတိယမြောက်

ကလေးပင် ဖြစ်ပေလိမ့်မည်။ မော်တော်ကား ငှားရမ်းသည့် သူမှာလည်း ကျွန်တော်တို့နှင့် အိမ်နီးချင်းများပင် ဖြစ်၍ ယောကျ်ားရော မိန်းမပါ အစိုးရ အမှုထမ်းများဖြစ်ကာ အိမ်ပိုင်၊ ကားပိုင် စသည်တို့နှင့် တင့်တင့်တယ်တယ် နေနိုင်သူများ ဖြစ်လေသည်။ ခင်ပွန်းသည် ကိုခင်အုန်းမှာ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ဘုတ်အဖွဲ့မှ အမှုဆောင် အရာရှိကလေး ဖြစ်၍၊ ဇနီးသည် မတင်လှလှမှာ အတွင်းဝန်များရုံးမှ ရုံးဝန်ထောက် ဖြစ်၏။

မကြာမီပင် ကျွန်တော်သည် အဝတ်အစား ကောက်ကာငင်ကာ လဲပြီး၍ ကားငှားမည့် အိမ်ဘက် နှစ်ယောက်သား ထွက်ခဲ့ကြပါသည်။ ထို နေ့က အိမ်ရှင်မ မတင်လှလှမှာ ရုံးသွားဟန် မတူပါ။ ခြောက်လသားရွယ် နို့စို့ကလေးငယ်ကို ပွေ့ချီရင်း–

'ကဲ... ကဲ ကားမှာ သော့တပ်လျက်ပဲ။ ယူသာ ယူသွားကြပါ။ ဒီကနေ့ ဒရိုင်ဘာက ရုတ်တရက် နေမကောင်းလို့ မောင့်ကို ရုံးလိုက်ပို့ပြီး ခွင့်ယူပြန်သွားတယ်။ နို့မို့ရင် ဒီက ကိုမင်းရှင်ကို ဒုက္ခရှာဖို့ လိုမှာ မဟုတ်ဘူး။ ဒီလိုပေါ့ရှင်၊ အိမ်နီးနားချင်းတွေ ဆိုတာ တစ်ဦးကိုတစ်ဦး ကိုယ် တတ်နိုင်တဲ့ ဘက်က ကူညီစောင်မကြရစမြဲပေါ့' ဟု ထွက်၍ ပြောပါသည်။ ကိုလှကြည် ကလည်း ကျေးဇူးတင်စကားများ ပြောကြားပြီးနောက် ကျွန်တော်တို့ နှစ် ယောက် ကိုခင်အုန်း၏ လင်းရိုမှာ ကားအဖြူကလေးဖြင့် သားဖွားခန်းရှိရာ သို့ မောင်းနှင်ထွက်ခဲ့ကြပါသည်။ စ ထွက်စ အချိန်၌ ကိုလှကြည်မှာ စကား တစ်ခွန်းမှ မပြောဘဲ တစ်စုံတစ်ခုကို တွေးတောနေပုံ ရပါသည်။ ကျွန်တော် က စ၍–

'ကလေးက ဘယ်နှလနဲ့ ပျက်ကျရတာလဲ ကိုလှကြည်ရဲ' ဟု တိတ်ဆိတ်မှုကို ဖြိုခွင်း မေးလိုက်ပါသည်။ ကိုလှကြည်က ချက်ချင်း ပြန် မဖြေပါ။ သူ့စိတ်၌ တစ်စုံတစ်ခုကို ထုတ်ပြောသင့်၊ မပြောသင့် စဉ်းစားနေဟန် တူ၏။ နောက်မှ–

'ကိုမင်းရှင်ကိုတော့ ဖုံးကွယ်ထားရမယ့် လူလည်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်လည်း ကိုယ့်အဖြစ် ကိုယ် ညာမနေချင်တော့ပါဘူး။ အမှန်က မကျောင်ရီ ကလေးပျက်ကျရတာ မဟုတ်ပါဘူး။ တမင်တကာကို ဖျက်ချပစ် လိုက်တာပါ။ ကိုယ်ဝန်က နှစ်လနီးပါးတောင် ရှိပြီ' ဟု စကားနှင့် သက်ပြင်း ရောထွေး၍ ပြောချလိုက်သည်။

ကျွန်တော့်မှာ ရုတ်တရက် ယောင်ရမ်းပြီး စုတ်သပ်လိုက်မိပြီးမှ အားတုံ့အားနာ ဖြစ်သွားမိ၏။ ဤခေတ် ဤအခါကြီးတွင် လူတကာ ကလေး တားဆီးနည်း၊ ကလေးဖျက်ချနည်း မျိုးစုံတို့ဖြင့် ကလေး မရရန် ကြိုးပမ်းနေချိန်မျိုး၌ ကိုလှကြည်တို့ အဖြစ်အပျက်မှာ မဆန်းလှသည် မှန်သော်လည်း၊ ကျွန်တော်၏ စိတ်ရင်း၌ ဤကိစ္စမျိုးကို စက်ဆုပ်ရွံရှာဖွယ်ရာ အကောင်းဆုံးဟု နှလုံးပိုက်ထားမိသည်ဖြစ်သောကြောင့် ဟန်မဆောင်နိုင်တော့ဘဲ စုတ်သပ်လိုက်မိခြင်း ဖြစ်ပါသည်။ ဤအဖြစ်အပျက်မျိုးတို့ကား ယခုတလော ရိုးမတတ်ပင် ရှိခဲ့ပါပြီ။ ဘယ်အိမ်ထောင်စုနှင့် တွေ့လိုက် တွေ့လိုက် ကိုယ်ဝန်ဆောင်ပြီးသားကလေးကို ဖျောက်ဖျက်လိုသူများအတွက် နိုင်ငံခြား ဆေးဝါးမျိုးစုံတို့ဖြင့် ဖျက်ချနည်း၊ ဆရာဝန်ထံ သွားရောက် ဖျက်ချစေနည်းတို့ကို လည်းကောင်း၊ ကလေးဆို၍ လေသံမျှပင် မကြားလိုသူများအတွက်လည်း ယောကျ်ားများအနေနှင့် အကြောဖြတ်၍ တားဆီးနည်း၊ မိန်းမများ သားအိမ်ထုံး၍ တားဆီးနည်း၊ မွေ့တာ ရာသီလာချိန်ကို ဂဏန်းသင်္ချာအားဖြင့် တွက်ချက်၍ တားဆီးနည်း စသည့် ကိုယ်ဝန် တားဆီးနည်း ပေါင်းစုံကို လည်းကောင်း ကြားရ၊ သိရပါသည်။

တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင် ဆုံတွေ့ကြလျှင်လည်း ကလေးပေါများသူချင်း ဖြစ်ပါက 'ဘယ့်နှယ်၊ ဆေးရုံကြီး သွားလုပ်လိုက်ရင် တစ်ညပဲ ငြိမ်ငြိမ်နေရသတဲ့။ သိပ်လွယ်ကူတာပဲ' စသည်ဖြင့် အကြံပေး ဉာဏ်ပေးသလိုလို၊ အဖော် ညှိသလိုလိုနှင့် ပြောဆိုတတ်ကြသေးသည်။

ထိုတလောတွင် ကျွန်တော်တို့ စာရေးဆရာတစ်စု တွေ့ဆုံမိကြလျှင်ပင် ဤကဲ့သို့ ကိုယ်ဝန် တားဆီးနည်းများနှင့် ပတ်သက်၍ ဇာတ်လမ်းဖန်တီးရေးသားကြရန် တိုင်ပင် နှီးနှောမိကြသေး၏။ ထိုကဲ့သို့ စကားစပ်မိကြရင်းက ကျွန်တော့်တွင် ဇာတ်လမ်းကလေးတစ်ခုပင် ရမိသေး၏။ လင်ယောကျ်ားတစ်ယောက်၊ ကလေး မလိုချင်လွန်း၍ အကြောဖြတ် တားဆီးမှု ပြုလုပ်ပြီးနောက်မှ မိမိ ဇနီးသည်တွင် မမျှော်လင့်ဘဲ ကိုယ်ဝန် ဖြစ်ပေါ်လာရာ ထိုလင်ယောကျ်ားမှာ ဇနီးဖြစ်သူ မိမိအပြင် နောက်မီးပွင့် မျောက်မ ထားသည် အထင်နှင့် လင်မယား ကွဲကြရပုံ။ အမှန်အားဖြင့် ဆရာဝန်တို့နှင့် တိုင်ပင်နှီးနှောကြည့်သော အခါတွင်မှ ဤကဲ့သို့ အကြောဖြတ် တားဆီးနည်းမျိုးမှာ လုံးဝ စိတ်ချနိုင်သည် မဟုတ်ကြောင်း၊ တစ်ခါတစ်ရံ မမျှော်လင့်ဘဲ ကိုယ်ဝန်

ဖြစ်ပေါ်လာတတ်ကြောင်းနှင့် သိရတော့မှ မိမိ အမှား မိမိ နောင်တ ရရှိပြီး စနီးသည်အား တောင်းပန် ဝန်ချပုံ၊ သို့ရာတွင် သစ္စာကြီးမားခဲ့သော ဇနီးသည်မှာ မိမိအပေါ် အထင်လွဲရကောင်းလား ဟူ၍ လင်ယောကျ်ားအား လက်မခံတော့ဘဲ ငြင်းဆိုလိုက်ပုံ... စသည်ဖြင့် ဝတ္ထုဇာတ်လမ်းဆင်၍ ရေးသားရန် ကြံမိပြီးမှ ယခုအထိ မရေးဖြစ်ဘဲ ရှိခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်လေရာ ဤခေတ် ဤသမယတွင်၊ ဤမြေ၊ ဤမျှ ခေတ်စား လျက်ရှိသော အဖြစ်သနစ်မျိုးတို့တွင် ကိုလှကြည်တို့ လင်မယား ရောပါသွားရခြင်းမှာ အကယ်စင်စစ် အပြစ်တင် စုတ်သပ်ဖွယ် မရှိပါတကားဟု တွေးမိရာက၊ ကိုလှကြည် အပေါ်တွင် အားတုံ့အားနာ ဖြစ်သွားမိခြင်း ဖြစ်ပါသည်။

'အပြစ်တင်မယ်ဆိုလည်း တင်သင့်ပါတယ် ကိုမင်းရှင်ရာ၊ ဒီကလေးကို ဖျက်ချမိတာ ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ အခုခေတ်ကြီးကိုက ဘာတွေဖြစ်နေသလဲ မသိပါဘူး။ ကျွန်တော်တို့တစ်တွေဟာ ကိုယ် ဆုံးဖြတ်ပြုမူမိတဲ့ အလုပ်ကို ဘာ့ကြောင့်၊ ဘာရည်ရွယ်ချက်နဲ့ ပြုလုပ်မိတယ်ဆိုတာကို ပြတ်ပြတ်သားသား နားမလည်နိုင်ကြဘူး။ အခု ကြည့်ပါလား၊ ဒီကလေး ဖျက်ချဖို့ စိတ်ကူးကြတုန်းက ကျွန်တော်ရော၊ မကျင်ရီပါ နှစ်ဦးသဘောတူပဲ။ ဒါပေမဲ့ အခုတော့ ကျွန်တော့် စိတ်ထဲမှာ အမှားကြီး မှားပြီလို့ နားလည်လာမိတယ်' ဟု ကားဘီးသံ တစီစီကြားမှ ကိုလှကြည်က ပြောလိုက်ပြန်၏။

ကျွန်တော်လည်း ရင်ထဲက ယားကျိကျိ ဖြစ်လွန်းလာမိရာက လူတစ်ဖက်သားအပေါ် အားနာမှု၊ ငဲ့ညှာမှုမျိုး လုံးဝ မရှိတော့ပါ။ ဤပြဿနာသည် ကိုလှကြည် လင်မယားအတွက်သာ မဟုတ်။ မြန်မာ တစ်နိုင်ငံလုံးရှိ လင်မယားတွေနှင့် ပတ်သက်နေရာ၊ ကျွန်တော့် ရင်ထဲမှာ မေးချင် မြန်းချင်စိတ်တွေကို တားဆီးထားခြင်းငှာ မသင့်ဟု ဆုံးဖြတ်ချက် ချလိုက်မိပါသည်။

'နေပါဦး ကိုလှကြည်၊ အခုလို မှားမှန်းသိရင် အစကတော့ ဒီကလေးကို ဖျက်ချဖို့ ဘာ့ကြောင့် ဆုံးဖြတ်ခဲ့မိတာတုံး' ဟု မေးလိုက်မိ၏။

ကိုလှကြည်မှာ အဖြေရခက်နေပုံ ရသည်။ သူ့ဟာသူလည်း အစက ဘာ့ကြောင့် ဆုံးဖြတ်ချက် ချခဲ့မိသည်ကို သဘောပေါက်ပုံ မရ။ အတော်ကလေး ကြာမှ အကြောင်းရင်းကို သူ သတိရမိဟန်ဖြင့်–

'အကြောင်းရယ်လို့ မည်မည်ရရ မရှိပါဘူးဗျာ။ အပေါင်းအသင်းမှားလို့ ဖြစ်ရတာပါ။ ကိုယ့်အပြစ်ကို သူများ လွှဲချတာတော့ မဟုတ်ပါဘူး။

ကျွန်တော်တို့ အပြစ်လည်း မကင်းတာ အမှန်ပါပဲ။ ဒါပေမဲ့ တကယ်လို့ အစကတည်းက မကျင်ရီသာ နားမယောင်ခဲ့ရင် ဒီအဖြစ်မျိုးနဲ့ကြုံရမှာ မဟုတ်ဘူး။ ဒီလို ကိုမင်းရှင်ရ၊ မကျင်ရီက အစစအရာရာ အိမ်နီးချင်း မတင်လှလှတို့ အိမ်ထောင်ကို အတုခိုးချင်တယ်။ သူ့အပြစ်လည်း မဟုတ်ပါဘူး။ ကိုမင်းရှင်သိတဲ့အတိုင်း ဟိုလင်မယားကလည်း တစ်ယောက်က အီးအို၊ တစ်လ ရှစ်ရာစား။ တစ်ယောက်ကလည်း ဆူပရီတင်းဒင့်၊ တစ်လ လေးရာစား။ အိမ်ပိုင်ကားပိုင်တွေနဲ့ဆိုတော့ အားကျချင်စရာ၊ အထင်ကြီးစရာ၊ အတုခိုးချင်စရာပေါ့ဗျာ။ ကျွန်တော်တို့ဆိုတာက တစ်လမှ လခလေး ၂ ရာနီးပါးနဲ့။ ကြွေးတင်၊ ပစ္စည်းပေါင်ရ၊ တစ်လနဲ့ တစ်လ အလျဉ်မီတယ်မှ မရှိဘဲ။ ကိုယ့်ထက် ဖြ ဆလောက်သာတဲ့ အိမ်ထောင်ကို အားကျမိတော့တာပေါ့။ ဟို… မင်းကတော်ကလည်း အမျိုးမျိုး သင်ပေးတယ်။ တစ်ဖက်က ခုလို အခြေအနေနဲ့ ယှဉ်ပြီး သုံးနည်း ဖြုန်းနည်း အမျိုးစုံ သင်ပေးသလို တစ်ဖက်ကလည်း ကျွန်တော်တို့ ရတဲ့ ငွေ ၂ ရာလောက်နဲ့ လူ့လောကမှာ နေလို့မှ မဖြစ်တော့အောင် သူတို့ လခတွေနဲ့ နှိုင်းပြီး ခြောက်လှန့်တော့တာပဲ။ မကျင်ရီကလည်း ဒါတွေ နားထောင်၊ နားယောင်လာပြီး အမြဲတမ်း စိုးရိမ် ထိတ်လန့်နေတော့တာပဲ။ တစ်နေ့တခြား ငွေကို မက်မောလာတယ်။ ငွေမရှိမှာကိုပဲ ကြောက်နေတော့တယ်။ သူ့ခေါင်းထဲ ငွေကိစ္စတစ်ခုပဲ တွေးနေတော့တာပါပဲ။ နောက်ဆုံးတော့ မတင်လှလှက ကလေးအကြီး ၂ နှစ်မှ မပြည့်သေးခင် နောက်ထပ် တစ်ယောက် မယူချင်ဖို့၊ ဒီလခ ဒီအခြေနဲ့ ကလေးနှစ်ယောက်ဆိုရင် ဒီ့ထက်ပိုပြီး စိတ်ဒုက္ခရောက်စရာပဲ ရှိတဲ့အကြောင်း၊ သူတို့ နှစ်ယောက်ပေါင်း တစ်ထောင်ကျော် ရတာတောင်မှ ကလေးနှစ်ယောက် မယူချင်လို့ အခု ဒုတိယ ကလေးတုန်းက အမျိုးမျိုး ဖျက်ချဖို့ ကြိုးစားခဲ့ကြောင်း၊ ဘယ်လိုဖျက်လို့မှ မရတော့လို့သာ အခု မွေးလာရတဲ့ အကြောင်းတွေနဲ့ နှိုင်းနှိုင်းပြောတော့တာကိုး။ ကျွန်တော့်မိန်းမ ဦးနှောက်ကလေး၊ ဉာဏ်ကလေးနဲ့ ဘယ်ခံနိုင်ပါတော့မလဲ ကိုမင်းရှင်ရာ။ ဟိုက ဘီအေ၊ ပညာတတ်၊ လခစား။ ဒီက ၅ တန်း ၆ တန်း၊ အလုပ်အကိုင် မရှိ၊ အိမ်ထဲ နေရတဲ့သူ၊ ဟိုက ပြောလေသမျှ အဟုတ်ကြီး ထင်တော့တာပေါ့' စသည်ဖြင့် မရှိတင်ကဲ ဝမ်းနည်းစွာဖြင့် ပြောနေလေတော့၏။

'ခင်ဗျားမိန်းမက ပညာမဲ့လို့ နားယောင်မိဦး။ ဟို လင်မယားဟာ ငွေမရှိလို့၊ မချမ်းသာလို့မှ မဟုတ်ဘဲ။ သက်သက်မဲ့ သူတို့ နေထိုင် စားသောက်

နေရတဲ့ လက်ရှိ စည်းစိမ်တွေ ယုတ်လျော့သွားမှာ စိုးလို့၊ ကလေးတစ်ယောက် တာဝန်ကို မလိုချင်ဘူးဆိုတာ သူတို့ အမှားကို ခင်ဗျားတို့ပါ လိုက်မှားအောင် အဖော်ညှိတယ်ဆိုတာ ခင်ဗျားက နားလည်သင့်ပါတယ်ဗျာ။ ခင်ဗျားမိန်းမ နားယောင်တိုင်း ခင်ဗျားလိုလူက ဘာကြောင့်များ...'

ကျွန်တော့်မှာ စကားကို ဆုံးအောင်ပင် မပြောနိုင်ပါ။ ကိုလှကြည်၏ အကြောင်းပြချက်များကို လက်မခံနိုင်ဘဲ အပြစ်တင်လိုစောဖြင့်သာ မောနေမိတော့၏။

'မေးသင့်ပါတယ်၊ မေးသင့်ပါတယ်။ မကျောင်ရီ ဘယ်လိုပဲ မိုက်မိုက်၊ ကျွန်တော်က မမိုက်သင့်ပါဘူး။ အမှန်ကို ဝန်ခံရဲပါတယ်ဗျာ။ တကယ် ကတော့ ကျွန်တော်ကိုယ်တိုင်လည်း နားယောင်သွားမိတယ်။ ကျွန်တော့် မျက်စိထဲ မကျောင်ရီ အခါလည်ကျော်ကျော် ကလေးတစ်ဖက်၊ ဗိုက်ကြီးတစ်လုံး နဲ့ ဖတ်သီ ဖတ်သီ ဈေးသွားရမှာတွေ၊ ကိုယ်ဝန်ဆောင်ရတာက ဒုက္ခတစ်ဖက် နဲ့ အကြီးကောင်ကို နို့ဖျော်တိုက်ရ၊ ချေးတယ်ရ။ ညကြီးမင်းကြီး ထအနီးလဲရ၊ တစ်ခါ မနက်အစောကြီး ထပြီး လင်ကို ပြုစုရ၊ ထမင်းချက်ရ ပြုတ်ရနဲ့ ပင်ပန်းမှာတွေ၊ လခလေး ၂ ရာကို အလျဉ်မီအောင်မှ မသုံးနိုင်တဲ့ ဘဝမှာ နောက်ထပ် ကလေးတစ်ယောက် မွေးဖွားစရိတ်၊ နို့မှုန့်ဖိုး၊ အို... ဒါတွေကို တွေးလိုက်မိပါတယ် ကိုမင်းရှင်ရာ။ ကျွန်တော်ကိုယ်တိုင်က မကျောင်ရီဆီက တစ်ဆင့် မတင်လှလှရဲ့ ဆုံးမ ဩဝါဒတွေကို နားယောင်မိပြီး အလိုတူ အလိုပါ ဖြစ်မိသွားတာပါပဲဗျာ' ဟု ကိုလှကြည်က ခေါင်းကြီးငုံ့၍ သူ့အပြစ် သူ ဝန်ခံလိုက်သော အခါတွင်မူကား သနားကရုဏာ သက်သွားမိတော့၏။ သူ့စကားများကို နားထောင်မိရင်းကလည်း မကြာသေးမီက ကိုလှကြည် ပြောခဲ့သလိုပင် "ကိုယ့် ဆုံးဖြတ်ပြုမူမိတဲ့ အလုပ်ကို ဘာကြောင့်၊ ဘာရည်ရွယ် ချက်နဲ့ ပြုလုပ်မိတယ် ဆိုတာကိုပင် ပြတ်ပြတ်သားသား နားမလည်နိုင်တဲ့ ခေတ်ကြီးပါတကား" ဟု ခေတ်ကိုပင် အပြစ်ပုံချလိုက်မိပါသည်။

သို့ရာတွင် ဤခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာပင် မျှော်ကိုးချက် အလင်းရောင်ကလေးများကို တွေ့နိုင်သေးကြောင်းကိုလည်း အမှတ်ရလိုက် မိသည်။ တလောကပင် ယခု ကျွန်တော် မောင်းနှင်လျက်ရှိသော ကိုခင်အုန်း ၏ လင်းရိဘာ ကားကို မောင်းသူ ဒရိုင်ဘာ ကိုသော် ဆိုသူနှင့် စကားစပ်မိ ကြရင်းက ကြားသိခဲ့ရသော စကားများကို ပြန်လည် ကြားယောင်မိတော့၏။

တစ်နေ့သ၌ ဒရိုင်ဘာ ကိုသော်မှာ မိမိ ကားကို ရေဆေးတိုက်ချွတ်နေစဉ်၊ ကျွန်တော်လည်း ပျင်းပျင်းရှိသည်နှင့် သူ့အနီးအနား သွား၍ အာလာပ သလ္လာပ စကားပြောမိကြရင်းက ကျွန်တော်က–

'ကိုသော်တို့ အခုရတဲ့ လခ တစ်ရာနဲ့ စားလောက် သောက်လောက် ရှိရဲ့လား' ဟု စပ်စု မေးမြန်းမိပါသည်။

'ဘယ် လောက်ပါ့မလဲ ဆရာရယ်၊ ကျွန်တော်က လင်ကိုယ်မယား နှစ်ယောက်ထဲမှ မဟုတ်ဘဲ။ သားသမီးပေါင်း (၇) ယောက် ရှိတယ်။ အခု ဗိုက်ထဲကပါနဲ့ ဆိုရင် (၇) ယောက်ခွဲပေါ့'

'ဟင် ကလေး (၇) ယောက်၊ များလှချည်လား ကိုသော်ရယ်။ ဒီကလေးတွေရဲ့ တာဝန်ကို ကျေပွန်နိုင်ရဲ့လား၊ ကျောင်းကော ထားရဲ့လား'

'ဒါတော့ စိတ်ချ ဆရာ၊ ကျွန်တော်သာ ဒရိုင်ဘာ လုပ်မယ်။ ကိုယ့်သားသမီးတွေတော့ စာရေးလောက်တော့ ဖြစ်စေရမယ်လို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော်တို့ လင်မယားက ငတ်နေရရင် နေရပစေ၊ သားသမီးတွေကိုတော့ ပညာတတ်အောင် သင်ပေးမှာပဲ။ ရတဲ့ လခကလေးနဲ့ကတော့ ဘယ်လွယ်ပါ့မလဲ ဆရာရယ်။ ကျွန်တော့် မိန်းမလည်း စက်ချုပ်ရ၊ ဈေးရောင်းရ လုပ်ရသေးတာပေါ့။ ကျွန်တော်လည်း ဒရိုင်ဘာ အလုပ်ပြီးလို့ အိမ်ပြန်ရောက်ရင် အဖေ သင်ပေးထားတဲ့ လက်သမား အတတ်ကလေးနဲ့ ရွာထဲလိုက်ပြီး အလုပ်ကလေးတွေ လုပ်ပေးရင်း ရနိုင်သမျှကလေး ရှာရတာပဲ။ ဒီလို ဒီလိုနဲ့ပဲ တစ်လ တစ်လ ဖြစ် ဖြစ် သွားတာပဲ ဆရာရေ့'

ထိုအချိန်၌ ကလေးဖျက်ချခြင်း၊ ကိုယ်ဝန် တားဆီးခြင်း စသည်တို့ကို အမုန်းကြီးမုန်း၊ အစက်ဆုပ်ကြီး စက်ဆုပ်ပါသည်ဆိုသော ကျွန်တော်က–

'ကိုသော်၊ အခု ခေတ်စားနေတဲ့ ကလေး မရအောင် လုပ်တဲ့နည်းတွေ ကြားဖူးရဲ့လား' ဟု မေးလိုက်မိပါသည်။

' ကြားဖူးပါသော်ကော ဆရာရယ်၊ ဟိုဟာ ဖြတ်တာတို့၊ ဟိုဟာ ထုံးတာတို့ မဟုတ်လား။ အဲဒါ ဘာဖြစ်လို့လဲ ဆရာ'

'ခင်ဗျားမှာ ကလေး (၇) ယောက်ဆိုတော့ အဲသလို လုပ်ချင်စိတ်များ မပေါက်ဖူးလားလို့ပါ'

'ဟာ... တစ်ခါတလေတော့ ပေါက်မိသား ဆရာ။ ကျွန်တော် နားလည်တဲ့ လူတွေ မေးတောင် ကြည့်မိသေးတယ်။ တလောက ကျွန်တော်တို့

ဆရာ့ရုံးက စာရေးကြီး တစ်ယောက်က အဖော်ညှိလို့တောင် လိုက်လုပ်မလို့ စိတ်ကူးလိုက်မိသေးတယ်။ ဒါပေမဲ့ ကျွန်တော့်မိန်းမ တိုင်ပင်ကြည့်တော့ သူက အတင်းတားပါရော ဆရာ။ ဒီလို ပါနာတိပါတာ အကုသိုလ်တရားတွေ မလုပ်ချင်ဖို့၊ ကလေးတစ်ယောက် သတ်ပစ်မယ့်အစား ကလေးတစ်ယောက် မလိုချင်မယ့်အစား နှစ်ယောက်အတူတူ မအိပ်ကြတာကမှ ကောင်းသေးတယ်လို့ သူက ပြောတော့ ကျွန်တော်တောင် ရှက်သွားမိတယ်ဆရာ။ သူ ပြောတာ မှန်တာပဲ။ ကလေးမွေးအောင် ဖန်တီးတဲ့ အလုပ်ကျတော့ မရှောင်နိုင်ကြဘဲ သဘာဝအလျောက် ပေါက်ဖွားလာမယ့် ကလေးကိုတော့ တားဆီးဖို့၊ သတ်ပစ်ဖို့ ကြံစည်ကြတယ်ဆိုတာ တော်တော်ဆိုးတဲ့ အလုပ်ပဲ ဆရာ။ ကျွန်တော်တို့ အဖို့တော့ မထူးပါဘူး။ ကုသိုလ်ကံကြောင့် ရလေသမျှ ကလေးတွေကိုတော့ ဘယ်လောက်အထိ ရရ၊ ကိုယ် ဝတ်မသေမချင်း တာဝန်ရှိသလောက် ပြုစုစောင့်ရှောက်သွားမှာပဲ။ ဒီ ဒရိုင်ဘာအလုပ်နဲ့ မလုံလောက်ရင် ဘာလုပ်ရလုပ်ရ၊ အဆုံးစွန် သူမိုးလုပ်ရ လုပ်ရပေါ့ ဆရာ။ ဒီတော့လည်း ဘာတတ်နိုင်ပါ့မလဲ' ဟု ကိုသော်က ကရားရေလွှတ် ပြန်ပြောလိုက်သည့် အခါတွင်မူကား ဤခေတ် ဤသမယကြီးကို မျှော်လင့်ချက် ကုန်ဆုံးပြီဟု စိတ်ပျက်လက်လျှော့ထားမိသော ကျွန်တော့် စိတ်မိုက်၊ စိတ်မှားတွေကို ပြန်လည် ဖျောက်ဖျက်ပစ်နိုင်ပြီး မှောင်မိုက်သော ကမ္ဘာလောကကြီး တစ်ဖက်ဆီမှ အားကိုးအားထားအလင်းရောင်ကလေးများသည် ကွန့်မြူးလျက်ပင် ရှိပါသေးတကားဟု စိတ်အား တက်ကြွသွားခဲ့မိပါသည်။

'ကိုမင်းရှင် ဘာတွေများ တွေးနေသလဲ။ ကျွန်တော်တို့ကို အပြစ်တင်လို့ မဆုံး ဖြစ်နေတယ်ထင်တယ်။ အပြစ်တင်ထိုက်ပါတယ်ဗျာ' ဟု ကိုလှကြည်က ပြောလိုက်တော့မှ ဒရိုင်ဘာ ကိုသော့်အကြောင်း တွေးနေမိခြင်းကို ဖြတ်ပစ်လိုက်ပြီး–

'ဪ... ဪ အပြစ်မတင်တော့ပါဘူး ကိုလှကြည်ရာ၊ ဒီလိုပဲပေါ့။ ခေတ်ကြီးကိုက ဆင်းရဲ ကျပ်တည်း အခက်အခဲတွေ ဒီလောက်များနေတော့ လူတွေလည်း မှားယွင်းကြရတာပေါ့။ ဒါပေမဲ့ နောက်တစ်ခါ မမှားဖို့သာ ဆင်ခြင်ကြဖို့ လိုတာပဲ။ သားသမီး များတိုင်းလည်း လူ့လောကမှာ နေလို့ မဖြစ်တာ မဟုတ်ကြောင်း နားလည်ထားဖို့နဲ့ ကိုယ့်လောက်မှ မချမ်းသာကြဘဲ သားသမီးတွေ တစ်ပုံကြီးနဲ့ တစ်ဝမ်းတစ်ခါး ကျောင်းကြရတဲ့ မရှိဆင်းရဲ

တွေကို ပြန်ကြည့်ပြီး သင်ခန်းစာ ယူရမှာပေါ့’ ဟု ခပ်တိုတိုမျှသာ အကြံဉာဏ် ပေးလိုက်မိတော့၏။ ကိုသော်တို့ အကြောင်းကိုကား အကိုးအကား မပြုလိုတော့ပါ။ ကိုလှကြည်အဖို့ မိမိတို့အမှား မိမိ ထပ်ပြန်တလဲ ပြန်တွေးရင်း ယူကျုံးမရ ဖြစ်သထက်ဖြစ်ခါ မိမိတို့ကိုယ်မိမိ ခွင့်မလွှတ်နိုင်သည်အထိ စိတ်ထိခိုက်သွားမည်ကိုလည်း စိုးရိမ်မိပါသေးသည်။

သို့နှင့်ပင် ကျွန်တော်တို့ မော်တော်ကားသည် မကျင်ရီ တက်ရောက်နေသော သားဖွားခန်းသို့ ဆိုက်ရောက်လာ၏။ သားဖွားခန်းရှေ့ ကားဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက်ပင် ကျွန်တော်က–

‘ကဲ… ကိုလှကြည်ရေ၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မှားတာ မှန်တာ ဘာတစ်ခုမှ ထပ်မပြောကြတာ အကောင်းဆုံးပဲဗျာ၊ မကျင်ရီကို စိတ်မထိခိုက်စေပါနဲ့တော့။ မသိလိုက် မသိဘာသာ နေသွားပါတော့ဗျာ၊ ဟုတ်လား’ဟု သတိပေးလိုက်ရာ ကိုလှကြည်က ပြုံးမဲ့မဲ့နှင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။ နောက် ၁၅ မိနစ်ခန့် အကြာတွင် ကျွန်တော်၊ ကိုလှကြည်နှင့် မကျင်ရီတို့ သုံးယောက်သား အိမ်ဘက်သို့ ပြန်မောင်းခဲ့ကြပါသည်။ မကျင်ရီကား တစ်စုံတစ်ရာ ဘာမျှ စိတ်မကောင်းဟန်၊ ယူကျုံးမရဖြစ်ဟန် မရှိပါ။ ပြုံးပြုံးရယ်ရယ်နှင့်ပင် သူ့ခင်ပွန်း သူ့ အိမ်ကြောင်း ရာကြောင်း၊ သားကြီးကလေးအကြောင်းတွေ တစ်လမ်းလုံး ပြောလာလေသည်။ ကိုလှကြည်ကလည်း ဟန်လုပ်ကောင်းပေသည်။ သူ့ဇနီး သူ့ ပြုံးရွှင်စွာပင် ပြန်လှန်ပြောဆိုလာ၏။

မကြာမီ မော်တော်ကားသည် ကျွန်တော်တို့ လမ်းထဲ မောင်းဝင်ခဲ့ပြီး၊ ကိုလှကြည်တို့ အိမ်ရှေ့ ဆိုက်လိုက်ကာ မကျင်ရီကို အိမ်ပေါ် တွဲမ၍ တင်လိုက်ကြပါသည်။ ထို့နောက် ကျွန်တော်နှင့် ကိုလှကြည်တို့သည် မတင်လှလှတို့ အိမ်ဘက် ကားပြန်အပ်ရန် ဆက်ထွက်ခဲ့ရာ အိမ်ဝရန်တာပေါ်မှ မတင်လှလှက–

‘ဘယ့်နှယ့် ကိုလှကြည်၊ မကျင်ရီ တစ်ယောက် ကောင်းကောင်းမွန်မွန်ပဲနော်။ ကိစ္စရော ချောချောမွေ့မွေ့ပဲ မဟုတ်လား’ ဟု ဆီးကြို မေးမြန်းလိုက်သဖြင့် ကိုလှကြည်က–

‘ဟုတ်ကဲ့၊ အားလုံး ချောချောမောမောပါပဲ ခင်ဗျာ၊ ကားကလေး ရတာလည်း အင်မတန် အဆင်သင့်သွားပါတယ်။ သိပ် ကျေးဇူးတင်တာပဲ ခင်ဗျာ’ ဟု ကျေးဇူးတင်လိုက်ပါသည်။

မတင်လှလှကမူ ကျေးဇူးတင်စကားကို အာရုံစိုက်မိဟန် **မတူပါ။** တစ်စုံတစ်ရာကို မျက်မှောင်ကလေးကုတ်၍ စဉ်းစားနေရာက–

'ဒီဆရာဝန်တွေများ တော်တော် ထူးဆန်းတာပဲရှင်၊ မကျောင်ရီကျတော့လည်း လွယ်လွယ်ကူကူ လုပ်ပေးလိုက်ကြတာပဲ။ ကျွန်မ ဟောဒီ ကလေးတုန်းကများ ခါးခါးသီးသီး ငြင်းလိုက်တာ၊ ဒီအလုပ်မျိုး မလုပ်သင့်ဘူးလေး၊ ဆရာဝန် ထုံးစံမှာ မရှိဘူးလေး၊ မကောင်းဘူးလေးနဲ့။ ငွေ ဘယ်လောက်ဖြစ်ဖြစ် ပေးပါ့မယ် ဆိုတာတောင် မရခဲ့ဘူး။ အခု သူတို့ လုပ်ပေးချင်တဲ့ လူကျတော့လည်း လွယ်လိုက်တာ။ ကျွန်မ အ ကုသိုလ်ပဲ ထင်ပါရဲ့လေ။ ဒီဆရာဝန် မကျောင်ရီကို မျက်နှာလိုက်တယ်လို့များ ထင်ရမလား မသိဘူး'

ကျွန်တော့်မှာ ခေါင်းနားပန်း ကြီး၍ နားတွေ၊ မျက်စိတွေ ပူထူသွားမိတော့၏။ မတင်လှလှ ဘာတွေ ဆက်ပြောနေသည်ကိုပင် မကြားမိတော့။ ကျွန်တော့် ပတ်ဝန်းကျင် တစ်ခုလုံး ချားရဟတ်ကဲ့သို့ လည်ပတ်သွားကာ မိုက်ခနဲပင် ဖြစ်သွားမိတော့သည်။

အဆိုးဝါးဆုံး အချက်ကား ပြာဝေနေသော ကျွန်တော့် မျက်လုံးများရှေ့တွင် မတင်လှလှ ပါးစပ်တွေ တလှုပ်လှုပ် တရှုရှုနှင့် ပြောဆိုနေသည်ကိုလည်းကောင်း၊ သူမ၏ ရင်ခွင်ထဲတွင် ရှင့်မီးအင်္ကျီ လှန်တင်ထားသော နို့တစ်ဖက်ကို တပြွတ်ပြွတ် စုပ်စို့နေရှာသည့် ၆ လသားအရွယ် ကလေးငယ်ကလေးကို လည်းကောင်း မျက်ဝါးထင်ထင် မြင်လိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

မှောင်မိုက်သော ကမ္ဘာလောကကြီး တစ်ဖက်ဆီမှ အားကိုးအားထားပေါ်ရန် ကြိုးစားရှာမည့် အလင်းရောင်ကလေးများသည် ကျွန်တော့်စိတ်ထဲ၌ ပြန်လည်ကွယ်ပျောက်ကာ မှောင်အတိ လွှမ်းသွားတော့သတည်း။ ။

[ ရှုမဝ၊ ဩဂုတ် ၁၉၅၇ ]